
www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အတွဲ(၈)၊ အမှတ်(၅)

မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com



အောင်စေပိုင် စိစဉ်ဖန်တီးသည်

မဂ္ဂဇင်း

SEP 2013

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
အတွဲ(၈)၊ အမှတ်(၅)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏ ။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဓေတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

ိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
ိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်


ိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
က်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
ွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
ိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

မျိုးသားလုံး၏ စိတ်ဓာတ်နှင့်၏အကျင့်စာရိတ္တမြင့်မားရေး
ဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
သားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com






# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- မြစ်ခြေမြို့မှ ဦးမြို့ဘုရား. . . . . ... ကျော်လင်း(မြစ်ခြေ) ၇
- ရွှေစည်းခုံစေတီတော်ကြီး၏ အံ့ဖွယ်(၉)ပါးနှင့်. . . . . ... မင်းသုခ ၁၂
- ဂမ္ဘီရဆန်သော နတ်ကျုံးတောရ ... မြမဥ္ဇူဝေ(ကျုံမငေး) ၂၆
- ကမ္ဘောဇဗောဓိမဏ္ဍိုင် ရွှေပြည်ဝင်ဘုရားစေတီတော် ... ဗေဒသုတေသီဆရာမျိုး ၆၃
- သင်္ဂဇာဆုတောင်းပြည့်စေတီတော်နှင့်စိန်တုံးမိဖုရားကြီး ... ခင်ခင်ဝင်း(မောရဝတီ) ၇၄
- အောင်သိဒ္ဓိသာသနာပြု အဖွဲ့၏. . . . . ... ပန်းတနော်နောင်လတ် ၁၃၂


## ဘာသာရေးသုတ/ရသဆောင်းပါး


- ဖားအောက်တောရ သစ်သီးစားဆရာတော် ... သာစည်အောင်တင် ၁၇
- အသေမြတ်ချင်သေနည်းသင် ... မေတ္တာရှင်(ရွှေပြည်သာ) ၁၉
- ကမ္မဋ္ဌာန်းရှူးမ မိနှင်းမြ ... ဓမ္မာစရိယဦးဌေးလှိုင် ၃၃
- သိမ်တောင်ကြီးတောရ ဆရာတော်၏. . . . . ... ကျော်ဇောဟိန်း(နံ့သာ) ၅၁
- ပျံလွန်တော်မူပြီး (၈)လကြာထိ မပုပ်မသိုးရှိနေသော. . . . . လူမျိုးအောင် ၅၇
- အလှူခံပုဂ္ဂိုလ်ချင်း မတူ. . . . . ... အရှင်နိမ္မလ ၅၈
- ကောင်းကျိုးဝေဖြာ သံဃရတနာ ... မောင်ထည်ဝါ(ပျော်ဘွယ်) ၁၆၂
- တမလွန်ဘဝရောက်သူကို သက်ညှာသနားပါ ... ထွန်းလွင်(ကြည့်မြင်တိုင်)၁၇၄


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ရန်ပုံခွင်း ဝရဇိန်ဂါထာတော် ... မောင်လွမ်းနွယ်(အောင်လံ)၄၅
- သေက္ခတောင်ဆရာတော်၏. . . . . ... ချစ်မုန်းခင်(ကြို့ပင်ကောက်)၅၅
- ပြည့်စုံချမ်းသာ အောင်မြင်စေဖို့. . . . . ... ကိုရွှေမြသန်း(သမိုင်း) ၈၁
- စိတ်အလိုဆန္ဒရှိသမျှ ပြည့်ဝစေနိုင်သော. . . . . ... အေးရွှေ(ဇီးကုန်း) ၈၅
- အဆိပ်ပြယ်အန္တရာယ်ကင်းဂါထာတော် ... မင်းမောင်ကျော် ၁၂
- ရေမန်း ဆီမန်း ဤဆေးစွမ်း ... လူစွမ်းမြင့်(နတ်မောက်) ၁၆
- ဆန္ဒပြည့်ငွေဝင်ဂုဏ်တော်(၁၃)ပါးဂါထာ ... ရဲရဲထွန်း(ဟသ်ာတ) ၂


## တိုင်းရင်းဆေး


- အပူလောင်နာ အမာရွတ်ပျောက်တဲ့နည်း ... သျှင်ထွေး(သန်လျင်) ၁
- ဗောက်သန်းကင်းအောင် ဤနည်းဆောင် ... နတ်မောက်မှတ်ကျောက် ၁
- ပရန္နဝါခင်ဆေးဖက်ဝင် ... ကျော်တင့်ဆွေ
- ရောဂါနဲ့ဆေး တဲ့လို့ပေးမယ် ... ဝေယံဦး ၂
- ကြက်သွန်နီဥနှင့်. . . . . ... ကျော်စွာဟိန်း(ရွှေပေါ်ကား) ၂
- ဒူလာသွေးဝမ်းဖြစ်သော် ... အောင်ကျော်မိုး ၂
- ကွမ်းရွက်ကုထုံးများ ... ဆရာဦးထွန်းမြင့် ၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗုဒ္ဓဝင်ရသ


- ပုညရွှေအိုး ... ယောဂီစောလွင် ၄၇
- မင်းနှင့်ပြည်သူအားလုံး ဗုဒ္ဓဘာသာဝင်. . . . . ... ပန်းတနော်နောင်လတ် ၉၂
- လောကမာလရာပြတ် ... ကျော်သန်းစံ ၁၂၆
- အနတ္တသည် အစဉ်ထာဝရ ... မောင်သာမန်(ဇီးကုန်း) ၁၃၇
- အင်္ဂါရှစ်တန် ဂုဏ်ရည်မှန် ... ဇွဲလုလင်(မအူပင်) ၁၄၉
- ပွဲကြီးပွဲကောင်းမြွေပွေး ... ရွာမြေကျော်ဝေ ၂၆၆


## အထွေထွေသုတ၊ ရသဆောင်းပါး


- အားကိုးရာအစစ် ... မသုကေသီ ၃၀
- ရိုစကိုတာစတုန်း မြစေတီကျောက်စာနဲ့. . . . . ... ကိုအေးမြင့်(ရှေး/သု) ၃၇
- ထူးဆန်းတဲ့ရေကန်နဲ့ ရေခဲမယ်မိန်းကလေး ... မောင်ဝေအေး ၈၆
- ဆိုနီယာမဟုတ်သည့်. . . . . ... ဦးဇေယျာကို(နက္ခတ်သိပ္ပံ) ၁၀၆
- မိခင်အာဆိပ် ... မကွေးညိုစိမ့် ၁၁၂
- ဆင်ပေါ်ကလူ ... သက်နှင်းဆွေ(ပုပ္ပါး) ၁၂၂
- စာအုပ်စင် ... သုတအံ့ ၁၆၇
- နှစ်ပေါင်း(၁၂၀)သီရိမင်္ဂလာ သော်ကမြောင်. . . . . . . ... ဦးခန့်(အင်းစိန်) ၁၈၄
- မေတ္တာအကျိုး ... မြတ်လင်းသူ(ပခုက္ကူ) ၂၀၂
- ထူးဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၂၀၅
- ကမ္ဘာ့ထင်ရှား ခေါင်းလောင်းများ ... သတိုးဖြူ ၂၄၇
- ကိုယ်ခန္ဓာ အသားလှုပ်နိမိတ် ... အောင်ဘုန်းမြင့်(ကချင်မြေ) ၂၈၃


## ဂန္တီရဆန်းကြယ်ဝတ္ထုများ


- သူစိမ်း ... စန်းလွင်ဦး(ခရာမြိုင်) ၈၈
- ချစ်မိပြီဆိုမှဖြင့်. . . . . ... သုခ ၉၈
- နွားဝင်စားတဲ့သားကလေး ... ဝေစည်(ရွှေဘို) ၁၄၆
- မောင်တင်သောင်းလူကောင်းပြန်ဖြစ်ပြီ ... လှကျော်ညွန့်(ရေကင်း) ၁၅၆
- ဒုက္ခိတအဖြစ် မမြင်ခဲ့ပါ ... မြယာငြေ ၁၇၀
- အုံးလေးပင်ရာဇဝင် ... မင်းဟိန်းထိုက် ၁၈၀
- ဖားတစ္ဆေ ... မောင်ထွန်းမြင့်အေး(ပန်းတနော်) ၁၉၁
- ရွှေမိကျောင်း ရုပ်တုရှင် ... ရီရီငွေး ၁၉၄
- မာယာရင်ခွင် ... ဇလွန်ကျော်ဦး ၂၀၉
- အဲဝါရောင်ဝမ်းဆက်နှင့် မဖဲဝါတဲ့လား ... မောင်စိုးထိုက်(သုံးဆယ်) ၂၁၅
- အငြိုးကြီးသူနှင့် အသက်တစ်ချောင်း ... မောင်မောင်ကြီး(လှိုင်နယ်မြေ) ၂၁၉
- လွမ်းတသသ ... မြမြလှိုင် ၂၃၃
- လပြည့်ညတစ်ညမှာ. . . . . ... ညီလေးငယ်(လယ်တော်) ၂၄၃
- ဥစ္စာစောင့်ပုံပြင် ... ဂါဦးစွန်းကို ၂၅၃
- ဘဝခြားသော်လည်း အကြွင်နာတရားတွေဖြင့် ... မင်းရဲကျော် ၂၆၈
- တစ္ဆေကျွန်းမှ အပယ်ခံလူသား ... ဘနှင်း(မြန်မာပြန်) ၂၇၃
- ယမ်းတိုက်ကုန်းကဝိဇ္ဇာဉ် ... သန်လျှင်ချမ်းမြေ့အောင် ၂၈၈
- ခရေပင်အောက်မှာစောင့်နေသူ ... မောင်မောင်မိုးအောင် ၃၀၁








www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]

ဟိန်းမင်းဇော်

**အနုပညာဘာသာ**

စန်းစန်းထွေး၊ A7 Group

**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး

**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု

**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်

**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး

**အတွင်းသရုပ်ဖော်ပန်းချီ**

ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ **သန့်စင်၊ ရဲရင့်နိုင်၊** အောင်နိုင်လတ်၊ ကျော်ဦး၊ **စက္ကူ၊** ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ **ပညတ်၊**

**တန်ဖိုး** - (၂၂၀၀)ကျပ်

**အုပ်ရေ** - (၅၀၀)

[illegible]

ဒုန်း - ၇၃၀၅၁၀၄၇၁

**အတွင်းဖလင်** - တိုးမိုးညွန့် (A7 Group)

**စာအုပ်ချုပ်** - ဦးတင်လှ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**


ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီးလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ



- မီးကွင်းသုံးခိုးရှောင်. . . . . ... မိုးဟိန်းကျော်(လပွတ္တာ) ၉၅
- တိမ်မြုပ်နေသော အန္တရာယ်ကင်း. . . . . . ... တင်ယုမွန်(ဆင်ဖြူကျွန်း) ၁၁၉
- ကရင်ရိုးရာ ပေဒင်ဟောကိန်း ... ညွန့်လွင်(စက်မှုတက္ကသိုလ်) ၁၅၃
- အသိုက်မှား၍ အခိုက်များရသည်. . . . . ... မျိုးမောင်မောင်(ကပစ) ၁၇၇
- အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော် ၂၁၁
- သစ်ပင်အောက်မှာ အစာစား ... ဂမ္ဘီရဆရာလှမျိုး(B.Sc) ၂၆၃
- ဓာတ်ဖွင့် လာဘ်ဖွင့် အောင်ဓာတ်. . . . . ... သစ္စာဝါဒီမြတ်စောလင်း ၂၇၃
- ခရီးသွား အမှုကိစ္စ ... အောင်ကောင်းမြ(သာကေတ) ၂၉၂
- စုတ်မဝင်ခဲ့သော်. . . . . ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၉၆
- ဘုမ္မိအရပ် သတိချပ်ဖို့ ... မောင်တင်ကြွယ်(ပြည်) ၂၉၈


## အသုံးချပညာရပ်များ


- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၁၁၆
- ၂၀၁၃၊ နိုဝင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွဋ်ခေါင် ၁၄၂
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အတိတ်အောင်နိမိတ်ဆရာ ၂၂၈
- ၂၀၁၃၊ နိုဝင်ဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု ၁၂ ရာသီ လင်္ဂပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဒေယျာကို ၂၆၁
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၈၁
- ၂၀၁၃၊ နိုဝင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၁၁


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

ရွှေစည်းခုံဘုရား
ပုဂံရှေးဟောင်းနယ်မြေ။

www.burmeseclassic.com

www.burmeseclassic.com




စစ်ကဲတော်ကြီးဘုရားလိုဏ်အတွင်းရှိ ရုပ်ပွားတော်
မြစ်ငြေမြို့

www.burmeseclassic.com


www.burmeseclassic.com


# မြစ်ခြေမြို့မှ ဦးမြို့ဘုရားဟု အမည်တွင်နေသည့်
# စစ်ကဲတော်ကြီးဘုရား

■ ကျော်လင်း (မြစ်ခြေ) ■

စာရေးသူတို့မြို့တွင် ပွဲတော်ရဘုရားဖြစ်သည့် မဟာအဌဒီသာ ရှစ်မျက်နှာဘုရားကြီး ရှိပါသည်။ ထိုဘုရားကြီး၏ ပရိဝုဏ်အတွင်း ပင်မ ဝင်ပေါက်ကြီးအနီး မြောက်ဘက်အုတ်တံတိုင်းနှင့် ကပ်လျက်တွင် ဉာဏ်တော် ပေ ၅၀ခန့်ရှိ ဘုရားတစ်ဆူရှိပါသည်။ နောက်ဆုံး ပြုပြင်ခဲ့သည့် ဘုရားဒကာ၏ အမည်ကို အစွဲပြုလျက်၊ လက်ရှိတွင် ရပ်ရွာ၌ "ဦးမြို့ဘုရား" ဟု အမည်တွင်နေပါသည်။ မူလဘွဲ့တော်မှာလည်း မူလ ဒါယိကာ စစ်ကဲတော်ကြီး၏ အမည်အတိုင်း စစ်ကဲတော်ကြီးဘုရားဟု ဘွဲ့မည်တော်ရှိခဲ့ပါသည်။


စစ်ကဲတော်ကြီး ဆိုသူမှာ သက္ကရာဇ် ၅၉၇ (အေဒီ ၁၂၃၅)ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်တော်မူခဲ့သည့် ဓမ္မရာဇာဘွဲ့တော်ခံ ပြဿဒါးဘုရားနှင့် စကုမြို့ခဲတော်ကြီးဘုရား





တို့၏ ဘုရားဒါယကာ ကျစွာမင်းတရား၏ မြောက်နန်းမိဖုရားမှ ဖွားမြင်သည့် သားတော်ဖြစ်သည်။ ကျစွာမင်းကြီး၏ မြောက်နန်းမိဖုရားတွင် သမီးတော် မမင်းလု(သံပျင်မင်းသမီး)၊ မကြီးတန်၊ မမာလာ၊ မအောင်ဖြူ ဟူ၍ သမီးတော်လေးပါးနှင့် အမည်မသိ သားတော်နှစ်ပါးရှိခဲ့သည်ဟု ဆိုပါသည်။ သံပျင်မင်းသမီးသည် ဖခမည်းတော်[illegible] ကျမ်းတတ်စာတတ် ပုဂ္ဂိုလ်ကျော်ဖြစ်၍ သံဃာ[illegible] ပင် [illegible]နိုင်သူဖြစ်သည်။ မြစ်ခြေ-[illegible]

www.burmeseclassic.com



မဟာရွှေကူကြီးဘုရား၏ ဒါယိကာမလည်း ဖြစ်သည်။


ကျစွာမင်း၏ မြောက်နန်းမိဖုရားမှ ဖွားမြင်သည့် အမည်မသိ သားတော်နှစ်ပါးမှာ အစ်မတော် လေးယောက်အောက် မောင်အငယ်များဖြစ်ကြ၍၊ ပုဂံတစ်ဖက်ကမ်းဖြစ်သည့် မြစ်ခြေဘက်ကမ်းတွင် အခြေချ နေထိုင်ကြသည့် စစ်ကဲတော်များဖြစ်ကြသည်ဟု ဆိုပါသည်။


ညီနောင်နှစ်ပါးလုံးပင် အစ်မငယ် မအောင်ဖြူ ပြန်လည် တည်ဆောက်ခဲ့သည့် ရှစ်မျက်နှာဘုရားဝင်းအတွင်းတွင် စေတီတော်တစ်ဆူစီ တည်ခဲ့ကြရာ၊ နောင်တော် စစ်ကဲကြီး တည်သည့်ဘုရားကို "စစ်ကဲတော်ကြီးဘုရား" ဟု လည်းကောင်း၊ ညီတော် စစ်ကဲလေး တည်သည့်ဘုရားကို "စစ်ကဲလေးဘုရား"ဟူ၍ လည်းကောင်း ဘွဲ့မည်တော်များ ရှိနေကြပါသည်။ နောင်တော်တည်သည့် စစ်ကဲတော်ကြီးဘုရားမှာ ညီတော်၏ စစ်ကဲတော်လေး ဘုရားထက် ဉာဏ်တော်နှင့် ပမာဏတို့ ပိုမိုကြီးမားပါသည်။ စစ်ကဲလေးဘုရားမှာ အစ်မတော် မအောင်ဖြူ၏ မဟာအဌဒီသာ ရှစ်မျက်နှာဘုရားနှင့် နောင်တော် စစ်ကဲတော်ကြီး၏ ဘုရားနှစ်ဆူတို့အကြား၌ တည်ရှိပါသည်။

၁၉၇၅ ခုနှစ်၊ ဇွန်လ ၈ရက်နေ့က ရစ်ချတာစကေး (၆.၈)ထိ ပြင်းထန်သော ငလျင်တစ်ခု မကွေးတိုင်းအတွင်း လှုပ်ခတ်ခဲ့သည့်အတွက် ပုဂံမှ ဘုရားအဆူဆူတို့ ပြိုကျပျက်စီးခဲ့ပါသည်။ ထိုနည်းတူ ပုဂံတစ်ဖက်ကမ်း မြစ်ခြေတွင်လည်း ဘုရားစေတီအချို့ ပြိုပျက်ခဲ့ပါသည်။ ပြိုကျခဲ့သည့် ဒေသ၏ ထင်ရှားသည့် ဘုရားစေတီတို့မှာ သိမ်တော်ရွာရှိ သံပျင်မင်းသမီး၏ ကောင်းမှုတော် ရှင်ပင် မဟာရွှေကူကြီးဘုရားနှင့် လေးမျက်နှာဘုရားခေါ် ကင်းဘုရားကြီး၊ မြစ်ခြေမြို့မှ စောလူးမင်း တည်ထားခဲ့သည့် ရွှေစောလူဘုရား၊ စစ်ကဲတော်ကြီးဘုရားနှင့် အခြား ဘုရားအချို့တို့ ဖြစ်ကြသည်။


ထိုဘုရားများအနက် သိမ်တော်ရွာမှ လေးမျက်နှာဘုရားခေါ် ကင်းဘုရားကြီးမှာ လုံးဝဥဿုံ မြေခ ပြိုကျပျက်စီးခဲ့ပါသည်။ ထိုသို့ မြေသို့တိုင်အောင် အုတ်ပုံအဆင့်ထိ ပြိုကျခဲ့သည့် အုတ်ခဲများတို့ကို ထိုစဉ်က သိမ်တော်ရွာ မူလတန်းကျောင်းတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် စာရေးသူ၏ညီ ဆရာ ဦးထွန်းမြင့်သိန်းနှင့် ကျောင်းသူကျောင်းသား၊ ရပ်သူရွာသားများ စုပေါင်း၍ ရှင်းလင်းခဲ့ကြရာ၊ ထိုအုတ်ပုံများအကြားမှ ဌာပနာများ၊ ရုပ်ပွားတော်များ စသည်တို့ ထွက်ပေါ်လာခဲ့ပါသည်။ ယင်းတို့အနက် ဉာဏ်တော် ၄လက်မခွဲခန့် ရွှေသား ဆင်းတုရုပ်ပွားတော်လေးတစ်ဆူတို့လည်း ရှိခဲ့ပါသည်။ ရုပ်ပွားတော်လေးမှာ လည်ပင်းကျိုးပြတ်နေပါသည်။

ထိုလည်ပင်းကျိုးပြတ်နေသည့် ရုပ်ပွားတော်ကို စာရေး





www.burmeseclassic.com




သူတို့ ငယ်စဉ်က ဆရာဖြစ်ခဲ့ပြီး၊ ထိုအချိန်က ဗဟို သမဝါယမအသင်းတွင် အမှုဆောင်ဖြစ်သည့် ဆရာ ဦးဘကျော် ရန်ကုန်မှ မြစ်ခြေသို့ ခေတ္တအပြန် ဝင်ရောက်ဖူးမြော်စဉ် တွေ့သိသွားသည့်အတွက်၊ ၎င်း၏ အင်္ကျီတွင် တပ်ဆင်ထားသည့် ကြယ်သီးလေးလုံးပါ ရွှေရင်ထောင် ကြယ်သီးကို ရုပ်ပွားတော်အား ပူဇော်ရန် လှူဒါန်းသွားခဲ့ပါသည်။ တတ်ကျွမ်းသူများနှင့် ရုပ်ပွားတော်မြတ်အား ပြန်လည်ပူဇော်နိုင်ခဲ့ပါသည်။ ထိုရွှေဆင်းတုလေး၏ စမခံ၌ "သကရက် (၆၀၆) စစ်ကဲနောင်သာဘုရှဒဂါ"ဟူ၍ ပါလာပါသည်။ အဓိပ္ပာယ်အားဖြင့် သက္ကရာဇ် ၆၀၆ ခုနှစ်၊ ဘုရားဒါယကာ စစ်ကဲနောင်သာ (စစ်ကဲညီနောင်)ဟူ၍ ဖြစ်သည်။






အလားတူပင်၊ သပိတ်မှောက်အထက်မှ ပြိုကျသွားခဲ့သည့် စစ်ကဲတော်ကြီးဘုရား၏ ဖောင်းရစ်၊ ဖောင်းလုံးများမှလည်း အုတ်ခွက်ဘုရားနှစ်ဆူကို ရရှိခဲ့ပါသည်။ အုတ်ခွက်ဘုရားတစ်ဆူမှာ ဖြက် (၃·၁)လက်မ၊ အမြင့် (၄·၁)လက်မ၊ ထု (၀·၄)လက်မရှိပြီး ပုံတော်မှာ မြတ်စွာဘုရားသခင် ဈာန်မုဒြာဝင်စားနေစဉ် လက်ယာရံ ရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့် လက်ဝဲရံ ရှင်မဟာမောဂ္ဂလန်တို့က ခစား ဖူးမြော်နေသည့်ပုံဖြစ်သည်။ ကျောဘက်တွင် "မှတ်သော ပုရှာသိုင် သံဃာဒဂါစစ်ကဲတော်ကွီကောင်းမှု"ဟူသော စာပါသည်။ အဓိပ္ပာယ်မှာ "မြတ်သောဘုရားသခင်၊ သံဃာ ဒါယိကာ စစ်ကဲတော်ကြီး ကောင်းမှု"ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

ကျန်အုတ်ခွက်ဘုရားတစ်ဆူမှာ စေတီ ၁၅ဆူ၏ ပုံတော်များ ပါသည်။ အောက်ခြေတွင် ၅ဆူ၊ ဒုတိယအဆင့်၌ ၄ဆူ၊ တတိယအဆင့်၌ ၃ဆူ စသဖြင့် ထိပ်ဆုံးတွင် တစ်ဆူ အဆင့်ဆင့်ပုံတော်တို့ ဖြစ်ကြသည်။ အရွယ်အစားမှာ ဖြက် (၃.၈)လက်မ၊ အလျား (၄.၆)လက်မ၊ ထု (၀.၄)လက်မ ရှိပါသည်။ နောက်ကျောဘက်တွင် "မွေသူခင်မင်ကွ္လီကွ္လစ္စတာ မိသာကုသိုဝ်"ဟု ပါရှိပါသည်။ သို့ပါ၍ ထိုဘုရား ၁၅ဆူတို့မှာ ကျစွာမင်းကြီး၏ တစ်မိသားစုများက တည်ထားခဲ့သည့် ကုသိုလ် (သို့မဟုတ်) ကျစွာမင်း၏ မိသားစု၊ သားသမီးများ ဤမှာဘက်ကမ်းတွင် ဘုရား ၁၅ဆူ တည်ထားကြောင်း ဖြစ်သည်။ စာရေးသူအနေဖြင့် "ကျစွာမင်း သမီးတော်များ၏ ကောင်းမှုတော်များ" ဆိုသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါး တစ်ပုဒ်ကို ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွင် ရေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးတွင် သိမ်တော်ရွာနှင့် ညောင်လုရွာတစ်ဝိုက်၌ ရှင်ပင် မဟာရွှေကူကြီးဘုရား၊ ညီအစ်မလေးဖော် ဘုရားလေးဆူ၊ မြသိန်းတန်ဘွဲ့တော်ဖြင့် သိမ်တော်ရွာနှင့် ညောင်လုရွာတို့၌ တစ်ဆူစီ၊ ဆွေဘုရား မျိုးဘုရား နှစ်ဆူ၊ ပေါင်း ၉ဆူအကြောင်းကို ဖော်ပြခဲ့ပါသည်။



ပြိုကျသွားသည့် ယခင်အခေါ် ကင်းဘုရား၊ ယခုအခေါ် သမ္ဗသုခဘုရားနှင့် ကျောင်းဦးဘုရားတို့အပါအဝင် သိမ်တော်ရွာနှင့် ညောင်လုရွာတို့တွင် ၁၁ဆူ ရှိပါသည်။ မြစ်ခြေပေါ်ရှိ စစ်ကဲကြီး၊ စစ်ကဲလေး၊ ညီအစ်မလေးဖော်အနက် အငယ်ဆုံးဖြစ်သူ မအောင်ဖြူ တည်သည့် ဆုတောင်းပြည့်ဘုရားနှင့် ရှစ်မျက်နှာဘုရားတို့ ပေါင်းစပ်ပါလျှင် အားလုံးပေါင်း ၁၅ဆူ ရှိပါသည်။ ဤသို့ဆိုလျှင် ဘုရား ၁၅ဆူပုံတော်ပါ အုတ်ခွက် ဘုရားများကို တွေ့ရှိခဲ့ရသည့် စစ်ကဲတော်ကြီးဘုရားမှာ ဘုရားအားလုံးအနက် နောက်ဆုံးမှ တည်သည့်ဘုရားသာလျှင် ဖြစ်ရပါမည်။


ပုဂံ လျှော်လှူပ်ခတ်စဉ်အခါက ပြိုပျက်သွားခဲ့သည့် ထိုစစ်ကဲတော်ကြီးဘုရားကဲ့သို့ မြစ်ခြေနှင့် ဖမိုင်အကွာ မြစ်ခြေမှ ကမ္မသို့ သွားသည့် ကားလမ်းမဘေး ကျပ်ထိုးရွာရှိ စစ်ကဲကြီးအမည်ရှိ ဘုရားတစ်ဆူလည်း ပြိုပျက်သွားခဲ့ပါသည်။ ထိုဘုရားအကြောင်းကို လ, မမှတ်မိတော့သည့် တရားရိပ်မြိုင် မဂ္ဂဇင်းစာအုပ်တွင် စာရေးသူ ရေးခဲ့သည့် "ကျပ်ထိုးရွာ ရွှေမြင်းတင်ဘုရား" ဆောင်းပါးတွင် ဖော်ပြခဲ့ဖူးပါသည်။ မြစ်ခြေရှိ စစ်ကဲတော်ကြီးဘုရားနှင့် ကျပ်ထိုးရွာရှိ စစ်ကဲကြီးဘုရားတို့မှာ ဒါယကာတစ်ဦးတည်းလည်း ဖြစ်နိုင်ပါသည်။

မြစ်ခြေ မဟာအဌဒိသာ ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ပြိုပျက်သွားခဲ့သည့် စစ်ကဲတော်ကြီးဘုရားကို မြစ်ခြေမြို့ ဆွဲကြီးရပ်မှ ဦးမြို့ ဒေါ်စိုးတင့်တို့ မိသားစုက လက်ရှိအခြေအနေရောက်အောင် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ရွှေထီးတော်အသစ်ကိုပါ တင်လှူပေ...်မှုခဲ့ရုံး ...၊ အရှေ့ဘက် မျက်နှာစာမှ အာရုံခံ တိုက်ဖရပ်ကိုလည်း အသစ်တစ်ဖန် မွမ်းမံ




www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ခဲ့သည့်အတွက် မူလ စစ်ကဲတော်ကြီးဘုရားမှ ယခုအခါ နောက်ဆုံးပြုပြင်သည့် ဒါယကာ ဦးမြို့၏ အမည်ကို ဘွဲ့တော်အဖြစ် အမည်တွင်လျက် ရှိပါသည်။


စစ်ကဲတော်ကြီးဘုရားမှာ မုခ်ပေါက် သုံးခုပါသည့် ကုလားကျောင်းခံ စေတီတစ်ဆူဖြစ်ပါသည်။ လိုဏ်အတွင်းဝယ် အရှေ့ဘက်သို့ မျက်နှာတော်မူလျက်ရှိသည့် ဥဏ်တော် (၈)ပေခန့်မျှရှိသည့် ဘူမိဖဿမုဒြာဖြင့် ရုပ်ပွားတော်မြတ်တစ်ဆူက တင့်တယ်သပ္ပာယ်စွာ သီတင်းသုံးလျက်



ရှိပါသည်။

ကုလားကျောင်း၏ အထက်တွင် ပစ္စယာအဆင့်သုံးဆင့်ရှိပြီး အချို့စေတီများကဲ့သို့ ပစ္စယာထောင့်များတွင် စေတီရံသော် လည်းကောင်း၊ ပန်းစိုက်အိုးများသော် လည်းကောင်း၊ မပါရှိသော်လည်း မျက်နှာစာ လေးဘက်လေးတန်အားလုံး ပစ္စယာအဆင့်တိုင်း၌ စမုခ်(တံကဲသဏ္ဍာန်)များဖြင့် တန်ဆာဆင်ထားခြင်းကြောင့် စေတီ၏ ပုံသဏ္ဍာန်တော်မှာ ခြပြေပြစ်ပြစ် ရှိနေစေပါသည်။ အထက် ခေါင်းလောင်းမှောက်ကို ဘီလူးပန်းဆွဲရုပ်များဖြင့် မွမ်းမံထားပြီး ရင်ဖွဲ့အထက် သပိတ်မှောက်၌လည်း စိန်တောင်ပန်းဆွဲများဖြင့် တန်ဆာဆင်ထားပါသည်။ အောက်ခြေမှ သပိတ်မှောက်အထိမှာ မူလအတိုင်းသာဖြစ်သည်။ သပိတ်မှောက်အထက်တွင် ဖောင်းလုံး ၂၀တို့ကြောင့် စေတီမှာ သွယ်နွဲ့သွားသယောင်တော့ ရှိပါသည်။ ပြိုကျသွားခဲ့သည့် ဖောင်းလုံးများကို ပြန်လည်တည်ဆောက်စဉ်က မူလတွေ့ရှိခဲ့သည့် ဒုတ်ခွက်ဘုရား နှစ်ဆူကို ပြန်လည် ဌာပနာလိုက်သည်ဟု သိရပါသည်။ ဖောင်းလုံးများအထက်တွင် အစဉ်အလာအတိုင်း ကြာနှုတ်၊ ကြာလံ၊ ရွှေ ကြာမှောက်၊ ငှက်ပျောဖူး စသည်တို့ဖြင့် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်မြတ်အထိ တင့်တယ်သပ္ပာယ်အောင် ပြုပြင်မွမ်းမံထားပါသည်။

စစ်ကဲတော်ကြီးဘုရား၏ လိုဏ်အကျယ်အဝန်းမှာ



(၁၂×၈)ပေခန့်မျှ ရှိပါသည်။ မူလက ဆေးရေးပန်းချီများ ရှိခဲ့သည်ဟု သိရပါသည်။ ယခုအခါ ထုံးသင်္ကန်းများ ကပ်လှူကြသူများကြောင့် ဆေးရေးပန်းချီများ မရှိတော့ပါ။ မြစ်ခြေ စစ်ကဲတော်ကြီးဘုရား၌ ဆေးရေးပန်းချီများ မရှိတော့သော်လည်း ကျပ်ထိုးရွာရှိ ပြိုပျက်နေသည့် စစ်ကဲကြီးဘုရား၏ ကျန်ရှိနေသည့် လိုဏ်အတွင်းဝယ် ဆေးရေးပန်းချီများ ရှိနေဆဲဖြစ်ပါသည်။

စာရေးသူအနေဖြင့် ၁၉၉၈ ခု၊ ဇူလိုင်လထုတ် ယဉ်ကျေးမှုမဂ္ဂဇင်းတွင် မြစ်ခြေအနီးတစ်ဝိုက် ဆေးရေးပန်းချီရှိသော ဘုရားစေတီများဆိုသည့် ဆောင်းပါးကို ရေးသားခဲ့ဖူးပါသည်။ သို့ပါ၍ ဆေးရေးပန်းချီရှိသော ဘုရားများအကြောင်းကို လေ့လာသုတေသနပြုလိုပါက ပုဂံတစ်ဖက်ကမ်းရှိ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြစ်ခြေမြို့သို့ လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

* * *

ကျော်လင်း(မြစ်ခြေ)

ကျမ်းကိုး

- မောင်ငြိမ်းအေး(မြစ်ခြေ)၏ မဟာအဌဒိသာ မြတ်စွာဘုရားသမိုင်း။




www.burmeseclassic.com

www.burmeseclassic.com

# ရွှေစည်းခုံစေတီတော်ကြီး၏ အံ့ဖွယ်ကိုးပါးနှင့် ဆုတောင်းပြည့်ဝသည့် ရွှေချရန် တစ်ဆယ့်နှစ်ဌာန

မင်းသုခ



"မြန်မာမှန်လျှင် ပုဂံသို့ ရောက်ဖူးရမည်" ဟူသော စကားကို စိတ်ဝင်စားခဲ့သည်။ စာရေးသူသည် ခရစ်သက္ကရာဇ် (၂၀၀၅)ခုနှစ်က ထေရဝါဒ ဗုဒ္ဓသာသနာတော် နေလို၊ လလို ထွန်းတောက်ခဲ့သည့် ပုဂံညောင်ဦး ယဉ်ကျေးမှုနယ်မြေ အတွင်းသို့ စတင်ဝင်ရောက်မိသည်နှင့် ရင်ထဲမှ သောက အပူအပင်ဟူသမျှတို့မှာ ယူငင်ကာ ပြာချလိုက်သလို ရုတ်ခြည်း လွင့်စဉ်သွားပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြည်သာ ပီတိဖြာခဲ့ရသည်။


ထိုသို့ သောကကင်းစင် ကြည်လင်သော စိတ်အစဉ်ဖြင့် အံ့ချီးဖွယ်စုံ သမိုင်းဝင် "ရွှေစည်းခုံစေတီတော်ကြီး" ကုန်းတော်မြတ်ဆီသို့ ရောက်ရှိသွားပြီး ဘုရားကြီးကို လက်ယာရစ်တစ်ပတ် ပူဇော်ကာ တနင်္ဂနွေထောင့်တွင် ရှိခိုးဖူးမြော် ပူဇော်လျက် အဓိဋ္ဌာန်ပုတီးကို အေးချမ်းစွာ စိပ်ခဲ့သည်။

ထို့နောက် အလှူခံဌာနသို့ သွားရောက်ကာ ရွှေသင်္ကန်း အလှူတော်ငွေကို တတ်စွမ်းသလောက် ထည့်ဝင်လှူဒါန်းပြီး မိမိသိလိုသည့် ဘုရားကြီး၏ သမိုင်းအကျဉ်းနှင့် ပတ်သက်၍ ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးကံထွေး၏ ရှင်းလင်းပြောပြချက်အရ ဤရွှေစည်းခုံဘုရားကြီးကို သာသနာ့ အာဇာနည်ရှင်အရဟံ မဟာထေရ်မြတ်နှင့် အနော်ရထာမင်းတရားကြီးတို့က စတင်တည်ထား ကိုးကွယ်ခဲ့ကြကြောင်း၊ မြတ်ဗုဒ္ဓ၏ သာသနာတော်အနှစ် ၅၀၀၀ ကြာအောင် တည်တံ့စေသကဲ့



www.burmeseclassic.com

www.burmeseclassic.com




သို့ မိမိတို့ တည်ထားကိုးကွယ်သော ဘုရားကြီးသည်လည်း အနှစ် ၅၀၀၀ တိုင်တိုင် မြဲခိုင်ပါစေသတည်းဟူ၍ ကြီးမား မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် သစ္စာအဓိဋ္ဌာန်ပြုကာ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရှိမှတ်သားရသည်။






အနော်ရထာမင်းကြီး စတင်တည်ထားခဲ့သည့် ကောဇာသက္ကရာဇ် ၄၂၁ခုနှစ်မှ ယနေ့အထိဆိုလျှင် ဘုရားကြီး၏ သက်တော်မှာ နှစ်ပေါင်း ၉၅၀ ကျော်ခဲ့ပြီးဖြစ်သော်လည်း၊ ယခုအထိ ကြီးကြီးကျယ်ကျယ် ပြင်ဆင်ခဲ့ရခြင်း




www.burmeseclassic.com

www.burmeseclassic.com





မရှိသေးကြောင်း၊ (၈-၇-၇၅)ရက်နေ့ မြေငလျင်အကြီးအကျယ်လှုပ်ခဲ့စဉ်ကလည်း ဘုရားကြီး၏ ရွှေထီးတော်စောင်း၍ အောက်ခြေ ကြာမှောက်မှာ အနည်းငယ်သာ ချွတ်ယွင်းမှုရှိခဲ့ကြောင်း ဘုရားကြီး၏ ကြံ့ခိုင်မှုစွမ်းရည်ကို သိရှိရသည်။

ထို့နောက် ဘုရားကြီး၏ အစွမ်းရှည် ခိုင်ခံ့မှုနှင့် ပတ်သက်၍ ဤရွှေစည်းခုံစေတီတော်ကြီးမှာ မြေစိုက်စေတီဖြစ်ပြီး အခြားစေတီများကဲ့သို့ မြေအုတ်များဖြင့် တည်ထားခြင်းမဟုတ်ဘဲ၊ တူရွင်းတောင်တော်မှ ကျောက်တုံး ကျောက်ပြားကြီးများကို ဆစ်ပြီး ရရှိသော ကျောက်အုတ်များဖြင့် လက်ဆင့်ကမ်း သယ်ယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ပုဂံခေတ် ပန်းရံပညာ၏ အဆင့်မြင့်မားခြင်း အစရှိသည့် အထက်ပါ အကြောင်းများကြောင့် သဘာဝ ရာသီဥတုဒဏ်အမျိုးမျိုးကို ခံနိုင်ရည်ရှိ၍၊ ယခုလို နှစ်ပေါင်း ၉၅၀ကျော်တိုင်တိုင် အစွမ်းရှည်ကြာစွာ မြဲခိုင်တည်တံ့လျက်ရှိကြောင်း လေ့လာမှတ်သားရသည်။ ပုဂံညောင်ဦးတွင် ကျောက်အုတ်၊ သဲအုတ်ဖြင့် တည်ထားသော ဘုရားများမှာ ဤရွှေစည်းခုံစေတီတော်ကြီးအပါအဝင် ၄ဆူသာ ရှိကြောင်း သိရသည်။

ခေတ်အဆက်ဆက်က ကုသိုလ်ရှင်များက စေတီအထွတ်မှ ဖိနပ်တော်အထိ ရွှေသင်္ကန်းများ ဝင်းလက်တောက်ပြောင်စွာ အစဉ်မပြတ် ဆက်ကပ်လှူဒါန်း ပူဇော်ထားကြ၍ နေရောင်အောက်တွင် ရွှေတောင်ပေါက်သည့်ပမာ ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည်။ ထို့ကြောင့် ဖူးမြော် ပူဇော်ကြရသူအဖို့ ကြည်နူးသဒ္ဓါ ရွှင်မြူးစွာဖြင့် အံ့မကုန် ဖူးမဝ ထူးလှသည့် စေတီတော်မြတ်တစ်ဆူ ဖြစ်တော်မူပေသည်။ ဘုရားကြီး၏ ဝတ္တကမြေအကျယ်မှာ အရှေ့အနောက် တောင်မြောက် အတောင် ၂၈၀၀စီ ကျယ်ပြီး၊ မဟာရံ တံတိုင်းကြီးမှာ အရှေ့အနောက် တံတိုင်းနှစ်ခု ၇၆၈ ပေခန့်စီနှင့် တောင်နှင့် မြောက် တံတိုင်းနှစ်ခု ၇၅၉ ပေခန့်စီ ရှည်လျား ကျယ်ဝန်းသည်။ စေတီတော်ကြီး၏ ဥဏှိသ်တော်အမြင့်မှာ ၁၆၀ ပေရှိပြီး ဖိနပ်တော်အလျားမှာလည်း ၁၆၀ ပေရှိကြောင်း သိရသည်။

အနော်ရထာမင်း ကောင်းမှုပြုခဲ့သည့် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်တော်မူရာ သမိုင်းဝင် စေတီတော်ကြီးလေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓမြတ်စွာ၏ နဖူးသင်းကျစ်ဓာတ်တော်လည်း ဤစေတီတော်အတွင်း ဌာပနာ ပူဇော်ခဲ့၍ တုနှိုင်းမမြင် အနန္တတန်ခိုးတော်ရှင် ဗုဒ္ဓမွေသရီတစ်ဆူဖြစ်တော်မူပေသည်။ ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁ဝရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ဝရက်နေ့အထိ





www.burmeseclassic.com

www.burmeseclassic.com


ငြိမ့်ငြိမ့်သဲသဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပူဇော်မြဲဖြစ်ကြောင်း သိရှိရသည်။


ယခုအခါ ရွှေစည်းခုံစေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်း ပြန်လည်ဖြည့်စွက် ကပ်လှူပူဇော်ရန်နှင့် ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများ ကောက်ခံလျက်ရှိရာ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ ရုံးတည်ရာ ညောင်ဦးမြို့ ဖုန်း ၀၆၁-၆၀၈၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။



**ထူးခြားဆန်းကြယ် အံ့ဖွယ်ကိုးပါး**

(၁) ထီးတော်တွင် သံမဆိုင်း၊ ကြိုးမဆိုင်းဘဲ မြဲမြံခြင်း၊
(၂) ရွှေလောင်းစက္ကူကို အပေါ်မှ လွှင့်ချလိုက်ပါက အပြင်သို့ လွင့်မသွားခြင်း၊
(၃) စေတီကြီး၏ အရိပ်မှာ မည်သည့်အခါမျှ တံတိုင်း အပြင်သို့ မထွက်ခြင်း၊
(၄) ဘုရားဖူး ရာထောင်သောင်း ဝင်သည့်တိုင် ရင်ပြင်တော်၌ ပြည့်ကျပ်မနေခြင်း၊
(၅) ပထမ သပိတ်တော်၌ အမြဲဆွမ်းဦး ကပ်လှူသူ ရှိခြင်း၊
(၆) စေတီတော်ကြီးတစ်ဖက်မှ စည်တီးသံပင် အခြားတစ်ဖက်သို့ အသံမကူးခြင်း၊
(၇) ကုန်းမြင့်၌ တည်ထားသည်ဟု ထင်ရခြင်း၊
(၈) မိုးမည်မျှရွာသည် ဖြစ်စေ ရင်ပြင်တော်တွင် ရေတင်မကျန်ရစ်ခြင်း၊
(၉) တစ်နှစ်ပတ်လုံးပွင့်သော ချရားပင်(ခရေပင်) များ ရှိခြင်း အစရှိသည့် စေတီတော်ကြီး၏ အံ့ဖွယ်ကိုးပါးထူးခြားပုံကို လေ့လာမှတ်သားခဲ့ရသည်။






**ဆယ့်နှစ်ပြားရွှေ (သို့မဟုတ်) ဆုတောင်းပြည့်ဝသည့် ရွှေချရန် တစ်ဆယ့်နှစ်ဌာန**

(၁) **အပြင်စေတီတော်ကြီး** - ရွှေစည်းခုံဘုရား။ မိမိ၏ မွေးနံထောင့်တွင် ရွှေပြားတစ်ပြားချပြီး နိဗ္ဗာန်မဂ်ဖိုလ် ရောက်ရပါလို၏ဟု ဆုတောင်းရန်။
(၂) **အတွင်းစေတီ** - ဘုရားကြီးအတွင်းတွင် ဌာပနာထားသည်။ အထက်ပါအတိုင်း ရွှေချပြီး ဆုတောင်းရန်။
(၃) **ပထမ သပိတ်ကြီး** - အင်္ဂါထောင့်အနီး၊ အုတ်ဇရပ်ငယ်အတွင်း၌ ရှိသည်။ ရွှေပြားတစ်ပြားချပြီး စည်းစိမ်အမျိုးမျိုးခံစားရပါလို၏ ဆုတောင်းရန်။
(၄) **ရွှေသက်စိုးနတ်** - အင်္ဂါထောင့်၊ ခြင်္သေ့ကြီး၏ မြောက်ဘက် အထက်နားတွင် ရှိသည်။ ရွှေပြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြားချပြီး အသက်ရာကျော် ရှည်စေသော်ဟု ဆုတောင်းရန်။

(၅) **ရွှေခြသေ့်ကြီး** - အင်္ဂါထောင့်တွင် ရှိသည်။ ရွှေပြား တစ်ပြားချပြီး ဘေးမျိုး၊ ရန်မျိုး အောင်စေသော်ဟု ဆုတောင်းရန်။

(၆) **ပြည်သီဂီနတ်သမီး (ဝါ) မယ်ဒေဝီ** - စနေထောင့် ဂူငယ်အတွင်းတွင် ရှိသည်။ ရွှေပြားတစ်ပြားချပြီး လာဘ်အမျိုးမျိုးကို နှောင့်ယှက်ခြင်းမှ ကင်းစေသော်ဟု ဆု တောင်းရန်။

(၇) **အဖေ ရွှေညိုသင်းနတ်ကြီး** - စနေထောင့်တွင် ရှိသည်။ ရွှေပြားတစ်ပြားချပြီး လူက၊ ရှင်က မြင်မြင်သမျှ ချစ်ခင်နှစ်သက်ပါစေသော်ဟု ဆုတောင်းရန်။

(၈) **သားတော် ရွှေစကားနတ်ကြီး** - စနေထောင့်တွင် ရှိသည်။ ရွှေပြားတစ်ပြားချပြီး ရောဂါဘယဝေးကွာ ကင်းစေသော်ဟု ဆုတောင်းရန်။

(၉) **ပွဲမင်းကြီး ဦးနေဒွန်းနတ်ကြီး** - စနေထောင့် ရွှေစကားနတ်နန်းအနောက်နားတွင် ရှိသည်။ ရွှေပြား တစ်ပြားချပြီး ကုန်ရောင်းကုန်ဝယ်၊ ကုန်သွယ်တိုင်းသာ မြတ်ပါစေသော်ဟု ဆုတောင်းရန်။

(၁၀) **ရွှေငါးကြင်း** - တနင်္လာထောင့်၊ အရှေ့ဘက် ကြေးဂူ တိုက်အနီး၊ ဂူငယ်အတွင်းတွင် ရှိသည်။ ရွှေပြားတစ်ပြား ချပြီး အေးမြကြည်သာ များစွာကုသိုလ်ဖြစ်ရလိုပါ၏ဟု ဆုတောင်းရန်။

(၁၁) **ဘိုးတော်သိကြားမင်း** - အင်္ဂါထောင့် အုတ်ဇရပ်တွင် ရှိသည်။ ရွှေပြားတစ်ပြားချပြီး ဘေးပေါင်းကင်းလို ရန် ပျက်ပြို၍ ကုသိုလ်ကိုသာ များစွာနှစ်သက်ရပါလို၏ဟု ဆုတောင်းရန်။

(၁၂) **ဆုတောင်းပြည့်ဘုရား** - အင်္ဂါထောင့်၊ ဂေါပကအဖွဲ့ ရုံးအနီးတွင် ရှိသည်။ ရွှေပြားတစ်ပြားချပြီး နိဗ္ဗာန် မရောက်မီအကြား တောင်းဆိုသမျှ ဆုအပေါင်းနှင့် ပြည့်စုံလိုပါ၏ဟု ဆုတောင်းရန် စသည်တို့ဖြစ်သည်။

ဤ ဆယ့်နှစ်ပြားရွှေ (သို့မဟုတ်) ဆုတောင်းပြည့်ဝသည့် ရွှေချရန် တစ်ဆယ့်နှစ်ဌာနအား ပူဇော်ခြင်း၊ ရွှေချခြင်း စသည်များ ပြုလုပ်ပါက အသက်ရှည်ခြင်း၊ ဘေးအန္တရာယ် ကင်းခြင်း၊ အလုပ်အကိုင် အကြံအစည် အောင်မြင်ခြင်း စသည့် အကျိုးထူးများ ရရှိခံစားနိုင်ကြောင်း ယုံကြည်ကြသူ များက နှစ်စဉ်၊ ဒါမှမဟုတ် အခါအားလျော်စွာ အထူးအာရုံပြု ပူဇော်လေ့ရှိကြသည်။

သို့ဖြစ်၍ တန်ခိုးရောင်ရှိန်၊ ထိန်ဝါပြောင်ညီး၊ အံ့ချီး ဖွယ်စုံ "သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး"သို့ ဘုရားဖူး တစ်ခေါက် ရောက်ရှိကြပါက ဘုရားကြီး၏ အံ့ဖွယ် ၉ဌာန နှင့် ဆုတောင်းပြည့်ဝသည့် ရွှေချရန် တစ်ဆယ့်နှစ်ဌာနသို့ သွားရောက် ကုသိုလ်ဒါနပြုရင်း သန္တိသုခ အေးမြလှသည့် ရွှေစည်းခုံဘုရားကြီး၏ ခြေတော်ရင်းတွင် ပုတီးစိပ် အဓိဋ္ဌာန် ပြုကာ ဘာဝနာ ကမ္မဋ္ဌာန်းကို အခါခါစီးဖျန်း အားထုတ်နိုင် ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော် ရေးသားဖော်ပြလိုက်ရပါသည်။

နိဗ္ဗာနဿ ပစ္စယော ဟောတု

* * *

မင်းသုခ



www.burmeseclassic.com

www.burmeseclassic.com

# ဖားအောက်တောရ သစ်သီးစား ဆရာတော်

■ သာစည်-အောင်တင် ■



ကျေးဇူးတော်ရှင်
ဖားအောက်တောရသစ်သီးစားဆရာတော်ဘုရားကြီး

"ခန္ဓာရှိနေလျှင် ဝေဒနာရှိနေမှာ မဆန်း"
"ခန္ဓာရှိနေသရွေ့ ဒုက္ခက မလွတ်သေးဘူး"
(ဖားအောက်တောရ သစ်သီးဆရာတော်)

ဖားအောက်တောရ သစ်သီးဆရာတော်လောင်းလျာကို ၁၂၆၃ ခုနှစ်၊ ကဆုန်လဆန်း ၅ရက်၊ တနင်္လာနေ့၊ နံနက် အရုဏ်တက်ချိန်မှာ မော်လမြိုင်မြို့နယ်၊ ဖားအောက်ရွာနေ ဦးရာ၊ ဒေါ်ငြိမ်းဒူတို့က ဖွားမြင်ခဲ့တာပါ။ ငယ်နာမည်ကတော့ "မောင်ကံထူး"ဖြစ်ပါတယ်။ မွေးချင်းမောင်နှမ နှစ်ဦးရှိပါလေတယ်။

www.burmeseclassic.com

မောင်ကံထူးဟာ ဖားအောက်ရွာ တိုက်ကျောင်းဘုန်းကြီး ဦးသီလ(ငယ်နာမည် ဦးဖြိုး)ဆီမယ် ပညာသင်ကြားရာမှာ သင်ပုန်းကြီး မင်္ဂလသုတ်က စလို့ ရှေးသင်ရိုး အတိုင်း ဇာတ်တော်ကြီးတွေကို သင်ကြားခဲ့ပါလေတယ်။

အသက် ၁၄နှစ်သားအရွယ်မယ်တော့ အဘိုး အဘွား နဲ့ မိဘနှစ်ပါးတို့က ဘုန်းတော်ကြီး ဦးဖြန်ဆီမှာပဲ ရှင်သာမဏေပြုပေးပါတယ်။ ဘွဲ့တော်ကတော့ "ရှင်ခေမာဝန္တ" ဖြစ်ပါတယ်။

ကတိုးကော့နပ်ရွာ၊ တိုက်ကျောင်းဆရာတော်ကြီးက ရှင်ခေမာဝန္တကို သူ့ဆီမှာ ပညာသင်ကြားဖို့ရာ ခေါ်ဆောင်သွားပါတယ်။ ရှင်ခေမာဝန္တဟာ ၁၄နှစ်သားမှ ၁၉နှစ်သားအရွယ်ထိ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ ဥဒါက စလို့ အခြေခံ စာပေတွေကို သင်ကြားတတ်မြောက်ရုံသာ မကသေးဘဲ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာနဲ့ ဝိနည်း ပါဠိတော်ကြီးတွေကိုပါ ရဟန်းတော်တွေနဲ့ တွဲလို့ တက်ရောက်သင်ကြားနိုင်ခဲ့ပါလေတယ်။

ဒီကျောင်းမယ် သာမဏေဘဝနဲ့ ၅ဝါဆိုပြီးတဲ့နောက် ငယ်ဆရာ ဦးဖြန်ဆီကို ပြန်လာခဲ့ပါတယ်။ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်နေ့မယ် အဘိုးအဘွားများနဲ့ မိဘနှစ်ပါးတို့က ပစ္စယာနုဂ္ဂဟကို ခံယူလို့ ဦးသီလကို ဥပဇ္ဈာယ်ပြုပြီး မြင့်မြတ်တဲ့ ရဟန်းအဖြစ်ကို ရောက်ခဲ့ပါလေတယ်။

စစ်ကိုင်းတောင် မဟာဂန္ဓာရုံချောင်မှာ ရဟန်း ၂ဝါအရ ၁၂၈၄ ခုနှစ်မယ် ပညာသင်ကြားဖို့ရာအတွက် ကြွရောက်သီတင်းသုံးလို့ စာပေပရိယတ္တိတွေကို သင်ယူပါလေတယ်။ အဲဒီအချိန်မယ် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး မရှိတော့လေတဲ့အတွက် ဆရာတော်ဘုရားကြီးရဲ့ လက်ရင်းတပည့်ကြီးဖြစ်တဲ့ မဟာသုခချမ်းအေး ဆရာတော်ဘုရားကြီးဆီမှာ ပရိယတ်၊ ပဋိပတ်ကို လက်ရင်းကျကျ တပည့်အဖြစ် ချီးမြှောက်ခံရပါတယ်။

ဒါ့အပြင် စံကင်းဆရာတော်ဘုရားကြီးနဲ့ မြောင်းမြဆရာတော်ဘုရားကြီးတို့ဆီမှာလည်း ပရိယတ်၊ ပဋိပတ်တွေကို သင်ယူခဲ့ပါတယ်။

အရှင်ခေမိဝန္တဟာ မဟာဂန္ဓာရုံချောင်ကို ရောက်ပြီး ပထမတစ်နှစ်မယ် ပရိယတ်ကို သင်ယူတော်မူပါလေတယ်။ သို့သော်လည်းပဲ လေရောဂါစွဲကပ်လာတာကြောင့် ပဋိပတ္တိလုပ်ငန်းခွင်ကို ကူးပြောင်းခဲ့ပါလေတော့တယ်။ အဲဒီအချိန်က စလို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ ဩဝါဒအတိုင်း အသားဟင်းကို လုံးဝ ရှောင်ကြဉ်လိုက်ပါတယ်။

သဗ္ဗမံသံ ပရိဝဇ္ဇေထိ အမိဋ္ဌာန်ကို သန်သန်ကြီးဆောက်တည်လေရာ၊ နောင်အခါမှာတော့ သစ်သီးဆွမ်းကိုသာ ဘုဉ်းပေးတော့တဲ့အထိ တိုးတက်အားထုတ်ခဲ့ပါလေတယ်။

ဖားအောက်ရွာသို့ ၁၂၈၇ ခုနှစ်မယ် ပြန်လည်ကြွရောက်လာခဲ့ပါတယ်။ ဖားအောက်ရွာနဲ့ အလှမ်းမဝေးတဲ့ တောင်ခြေမယ် ကေစာရီ တစ်ပါးတည်း တောရဆောက်တည်နေပါလေတော့တယ်။ အဲသလို တောရဆောက်တည်တဲ့အချိန်ကစလို့ ဓုတင် ၁၃ပါးကို ရနိုင်သမျှ စွဲစွဲမြဲမြဲ အားထုတ်တော်မူပါလေတယ်။

ဆရာတော်ဟာ လှူဒါန်းပေးကမ်းမှုမှာ ရောင့်ရဲ တင်းတိမ်နိုင်တယ်ရယ်လို့ မရှိပါလေဘူး။ မိမိရလေသမျှ အကောင်းအမွန်မှန်သမျှ သုံးဆောင်တော်မူလေ့ မရှိပါဘူး။ လှူဒါန်းလို့သာပဲ နေပါတယ်။ သင်္ကန်းဆိုရင်လည်းပဲ သုံးဆောင်တော်မူမြဲဖြစ်တဲ့ ကိုယ်မှတစ်ပါး အပိုရယ်လို့ ထားတော်မမူပါဘူး။ ကျောင်းကန်နဲ့ ပတ်သက်လို့လည်း အလိုနည်းတော်မူပါလေတယ်။ သည်းခံတဲ့ နေရာမှာလည်းပဲ သူမတူအောင် သည်းခံတော်မူပါတယ်။ ကတိအလွန်တည်လို့၊ အချိန်ကိုလည်း အင်မတန်မှ လေးစားတော်မူပါတယ်။

ဆရာတော်ဟာ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်မယ် ကမ္မဋ္ဌာန်းတရားကို ကျင့်သုံး အားထုတ်တော်မူတဲ့ ရဟန်း ၄ဝါ၊ သက်တော် ၂၄နှစ်က စလို့ သက်သတ်လွတ်ဆားဟင်းမှ အစပြု၍ သစ်သီးသစ်ဥ၊ သစ်ဖုသစ်ရွက် စိမ်း/ကျက်မရွေး အသက်မွေးလွယ်ကူလို့ ၄၈နှစ်တိုင်တိုင် ဘုဉ်းပေးတော်မူခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ၁၃၃၄ ခုနှစ်၊ တပေါင်းလဆန်း ၉ရက်၊ ညနေ ၃နာရီအချိန်မယ် ဆရာတော်ဘုရားကြီး ဦးခေမာဝန္တဟာ ဘဝနတ်ထံ ပျံလွန်တော်မူပါတယ်။

* * *

သာစည်–အောင်ဇာင်

စာကိုး

- ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းများပေါင်းချုပ် (ပထမတွဲ) (ဦးကျော်နန္ဒအောင်)။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှင်(ရွှေပြည်သာ)

ဗိဗိစိတ်ဟာ ဘာဝနာနဲ့ မနေသမျှ
မောဟအကုသိုလ်နဲ့
နေတဲ့ အချိန်လို့ပဲ မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှ အဆက်•••**

## သူ့လျှိုနဲ့ တူတဲ့ အကုသိုလ်

ဥပမာ - တပ်မက်တဲ့ လောဘ၊ စိတ်ဆိုးတဲ့ ဒေါသ ဖြစ်လာပြီဆိုရင် ကိုယ်က သတိနဲ့ မထိန်းလိုက်နိုင်လို့ လွန်ကျူးမိတဲ့အခါ မိမိက ရှုံးသွားတာပေါ့။ သတိနဲ့ ထိန်းလိုက်လို့ လောဘနဲ့ ဒေါသ နောက်ဆုတ်သွားတဲ့အခါ မိမိက နိုင်တာပေါ့၊ မောဟကျတော့ တစ်ဖက်နိုင်ငံက ကိုယ့်နိုင်ငံထဲ လွှတ်ထားတဲ့ သူလျှိုနဲ့ တူတယ်။ သူလျှိုဆိုတာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။

ဒါပေမယ့် သူလူ ကိုယ့်ဘက်သားလုပ်ထားတာတော့ သူ့ကို တွေ့မြင်ရပေမယ့် ရန်သူမှန်း မသိရဘူး။ ဒါကြောင့် မိမိကို သူလျှိုဟာ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ပြီး ဒုက္ခပေးချင်တိုင်း ပေးတယ်။ မောဟကိုလည်း ထိုနည်းတူပဲ။ တိရစ္ဆာန်ဘုံ ပို့ပေးတဲ့ အကုသိုလ်ရယ်လို့ သိသူ အင်မတန်နည်းတယ်။ ဒါကြောင့်လည်း လူရော၊ ရဟန်းရော မောဟ အကုသိုလ်က ပေးတဲ့ ဆိုးကျိုးတွေ တနင့်တပိုးခံနေရတာပေါ့။

မိမိစိတ်ဟာ ဘာဝနာနဲ့ မနေသမျှ မောဟအကုသိုလ်နဲ့ နေတဲ့ အချိန်လို့ပဲ မှတ်ပါ။ လူသားတွေသန္တာန်မှာ ထုနဲ့ထည်နဲ့ ဖြစ်နေတဲ့ မောဟ တရားတွေက ကမ္ဘာလောကကြီးကို ရောဂါမျိုးစုံဖြစ်စေပြီး ဒုက္ခပေးတော့တာပေါ့။ ဒါကြောင့်•••

(၁) မိမိအပါအဝင် ကမ္ဘာလောကကြီးကို ရောဂါတွေနဲ့ မနှိပ်စက်စေချင်ရင်၊

(၂) တိရစ္ဆာန်ဘဝ ဘယ်တော့မှ မရောက်ချင်ရင်၊

(၃) လောဘ၊ ဒေါသ၊ မောဟ သုံးမျိုးလုံး မိမိသန္တာန်မှာ မဖြစ်စေချင်ရင်၊

(၄) ဒါနကုသိုလ်၊ သီလကုသိုလ်ထက်သာတဲ့ စက္ကန့်မလပ် အမြဲတမ်းယူလို့ရတဲ့ ကုသိုလ်ထူးကို ဆည်းပူးချင်ရင်•••

ဘာဝနာတရားတစ်ခုကို လက်ကိုင်ထားပြီး ပွားများပါလို့ တိုက်တွန်းချင်တယ်။ ဘာဝနာပွားဆိုတဲ့ နေရာမှာလည်း အလုပ်ပျက်၊ အကိုက်ပျက် ပွားများရမယ်လို့ မဆိုလိုပါဘူး။ ဥပမာ - ရွှေပြည်သာကနေ မြို့ထဲသွားရင် အနည်းဆုံး အသွားအပြန် နှစ်နာရီခွဲလောက် အချိန်ကုန်တယ်။ ဘာဝနာမပွားဘူးဆိုရင် အဲဒီ နှစ်နာရီခွဲဟာ အကုသိုလ်ဖြစ်ပြီး ကုန်ရမယ့်အချိန်ပေါ့။

ဒီလို အလကား အကုသိုလ်ဖြစ်သွားမယ့် အချိန်မျိုးမှာ ဘာဝနာတစ်ခုခုပွားလိုက်မယ်ဆိုရင် ကုသိုလ်ဖြစ်သွားတာပေါ့။ ခန္ဓာကိုယ်ကို စောင့်ရှောက်တဲ့အနေနဲ့ ပွားများဖို့ ဘာဝနာကမ္မဋ္ဌာန်း လေးခုရှိတယ်။ အဲဒါတွေက ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိ ဆိုတဲ့ ပါဠိအတိုင်းပဲပေါ့။ ဒီနေရာမှာ ဗုဒ္ဓါနုဿတိဂုဏ်တော်ပွားနည်း အကျဉ်းချုပ်သင်ပေးပါ့မယ်။

ဘုရားဂုဏ်တော်တွေကို အဖန်ဖန် အမှတ်ရပြီး ပွားများနေတာကို ဂုဏ်တော်ပွားတယ်လို့ ခေါ်တာပါပဲ။ ဘုရားဂုဏ်တော်ကိုးပါးထဲက ကိုယ်ကြိုက်ရာ ဂုဏ်တော်တစ်ပါးပါးကို ပုတီးပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ ပွားများလို့ရပါတယ်။ ဘာဝနာ ဆိုတာ စိတ်အလုပ်ဆိုတော့ ကိုယ်၊ နှုတ်အကူအညီမယူဘဲ ပွားများနိုင်ရင် ပိုထိရောက်တာပေါ့။ ဂုဏ်တော်မပွားမီမှာ ဂုဏ်တော်ပွားကျိုးလေးတွေကို ဦးစွာ ပြောပြချင်ပါတယ်။

စေတီအတူ၊ စိတ်မှုတည်ကြည်၊
ရောက်မီနတ်ရွာ၊ တွေ့ခါသိလွယ်၊
မြင့်နွယ်အမျိုး၊ ရိုကျိုးခံရ၊
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊
ကြီးထူးပညာ၊ နက်စွာထက်ရှင်၊
လျင်မြန်ဆန်းကြယ်၊ ကောင်းကွယ်စကား၊
ဆိုနိုင်ခြားလည်း၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။ ။

အပါဒါန်ပါဠိတော်က ပြထားတဲ့ ဂုဏ်တော်ပွားကျိုးလက်ာလေးပါ။ ဘုရားဂုဏ်တော်ပွားများတဲ့သူဟာ ဖြစ်ရာဘဝမှာ•••

(၁) သူ့ခန္ဓာကိုယ်ဟာ စေတီထိုက်တယ်၊ အများရဲ့ ရှိခိုးခံနိုင်တယ်။

(၂) စိတ်ဓာတ်တည်ကြည် ခန့်ညားတယ်။

(၃) နတ်ရွာသုဂတိရောက်ရတယ်။

(၄) ဘုရားနဲ့ တွေ့ရင် သစ္စာလေးပါးကို ခဏနဲ့ သိတယ်။

(၅) မြင့်မြတ်တဲ့ အမျိုးအနွယ်မှာချည်းပဲ ဖြစ်ရတယ်။

(၆) ပတ်ဝန်းကျင်ရဲ့ ရိုသေလေးစားမှုကို ခံရတယ်။

(၇) အင်္ဂါခြေလျက် ပြည့်စုံတဲ့ ဘဝကိုပဲ ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

(၈) အဆင်းလှပသူသာ ဖြစ်ရတယ်။
(၉) ကိုယ်နဲ့ ခံတွင်းနံ့ဟာ ကြိုင်သင်းမွှေးကြူနေတယ်။
(၁၀) ကြီးမားတဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၁) နက်နဲတဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၂) ထက်မြက်တဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၃) ရွှင်တဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၄) လျင်မြန်တဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၅) ဆန်းကြယ်တဲ့ ပညာနဲ့ ပြည့်စုံတယ်။
(၁၆) ကောင်းမြတ်တဲ့ စကားကို ပြောကြားနိုင်တယ်။

ဒါက သာမန် ပွားများရုံနဲ့ ရရှိနိုင်တဲ့ ကောင်းကျိုးတွေပါ။ အကယ်၍ မိမိက သဒ္ဓါထက်သန်စွာ ပွားများမယ်ဆိုရင် စေတနာသဒ္ဓါထက်ရင် ထက်သလောက် ကောင်းကျိုးတွေက ပိုရလာနိုင်ပါတယ်။ အဲဒီ အပါဒါန်ပါဠိတော်မှာပဲ ဂုဏ်တော်ပွားတဲ့ ဘာဝနာကို အကြောင်းပြုပြီး ချမ်းသာသော အကျင့်၊ လွယ်ကူသော အသိဉာဏ်နဲ့ ရဟန္တာဖြစ်ခဲ့ရတဲ့ "သုဘူတိ"အမည်ရှိတဲ့ မထေရ်တစ်ပါးအကြောင်း ပါပါတယ်။

## နတ်ဘဝအကြိမ်သုံးသောင်း

ဗုဒ္ဓဂုဏ်တော်ပွားများလို့ သီးသန့် ထပ်ရတဲ့ ကောင်းကျိုးတွေကို မထေရ်ကိုယ်တိုင် ပြန်ပြီးဟောထားတာကို ကောက်သီထားတာက···

ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့်၊
နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည့်၊
သိကြားမှာ ရှစ်ဆယ်၊ စကြာဝဠ် တစ်ထောင်၊
အခေါင်ပဒေသရာဇ်၊ အကြိမ်ကြိမ်ဖြစ်၏။
မကျအပါယ်၊ စည်းစိမ်ဝယ်လည်း၊
လျော့မရှိဥစ္စာ၊ ဘိဉာဈာန်မှူး၊
ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန်ဝင်သည်၊
ဂုဏ်တော်ပွားသူ အကျိုးတည်း။ ။

*(တပ်ကုန်းဆရာတော်)*

သုဘူတိ မထေရ်လောင်းဟာ ဟိုးလွန်ခဲ့တဲ့ ဘဝအခါက ဗုဒ္ဓဂုဏ်တော်ပွားများရတဲ့ ကောင်းကျိုးတွေကို ကြားရလို့ ဂုဏ်တော်ပွားသူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ ဂုဏ်တော်တွေ ပွားများတဲ့ ဘဝကနေ သေတဲ့အခါ နတ်ပြည်မှာ နတ်သားအဖြစ် အကြိမ်သုံးသောင်း စည်းစိမ်ခံစားရပါတယ်။ နတ်တွေ အုပ်ချုပ်ရတဲ့ သိကြားမင်းအဖြစ် အကြိမ်ရှစ်ဆယ်ဖြစ်ခဲ့ရပါတယ်။

စကြာဝဠာတစ်ခုလုံးကို ဗိုးမိုးအုပ်ချုပ်တဲ့ စကြာဝတေးမင်းအဖြစ်က အကြိမ်ပေါင်း တစ်ထောင်၊ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့ မင်းအဖြစ်ကတော့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဆိုလိုတာကတော့ လူဖြစ်တိုင်း ရှင်ဘုရင်ချည်းဖြစ်ရတဲ့ သဘောပါ။ လောကမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရဲ့ ဂုဏ်ကို ပွားများလို့ အမြတ်ဆုံးဘဝကို ရောက်ရတာပါ။

အဲဒီ ဂုဏ်တော်ပွားတဲ့ ဘဝက စပြီး အပါယ်လေးပါးကို လုံးဝမကျတော့ပါဘူး။ ရရှိထားတဲ့ စည်းစိမ်ဥစ္စာတွေဟာ လျော့သွားတယ်လို့ မရှိပါဘူး။ တိုးလို့သာ လာပါတယ်။ ယခု နောက်ဆုံးဘဝမှာလည်း လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိဉာဏ်နဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရပြီး အဘိညာဉ်ဝင်စားတဲ့ နေရာမှာ အတော်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကြီး ရခဲ့တာဟာ ဂုဏ်တော်ပွားတဲ့ ကုသိုလ်ကြောင့်ပါတဲ့။

ဘာဝနာကုသိုလ်ဟာ ဒါနကုသိုလ်၊ သီလကုသိုလ်ထက် ဘယ်လောက်သာတယ်ဆိုတာ ဒီဖြစ်ရပ်က သက်သေပြနေပါတယ်။ ကိုင်း···လက်တွေ့ ပွားကြည့်ရအောင်။ လိုက်ဆိုပါ။

| | |
|---|---|
| အရဟံ | - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏။ |
| သမ္မာသမ္ဗုဒ္ဓေါ | - အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူပါ၏။ |
| ဝိဇ္ဇာစရဏသမ္ပန္နော | - အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူပါပေ၏။ |
| သုဂတော | - ကောင်းသော စကားကို ဆိုတော်မူပါပေ၏။ |
| လောကဝိဒူ | - သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ဆိုအပ်သော လောကသုံးပါးကို သိမြင်တော်မူပါ၏။ |
| အနုတ္တရောပုရိသ ဒမ္မသာရထိ | - ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။ |


www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗဒေဝ မနုဿာနံ - လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ဆရာဖြစ်တော်မူပါပေ၏။

ဂုဒ္ဓေါ - သစ္စာလေးပါး တရားကို သိမြင်တော်မူပါပေ၏။

ဘဂဝါ - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏။

ခက်ဆစ်လေး နည်းခုလောက် ရှင်းပေးရမှာက လောကဝိဒူဂုဏ်တော်မှာ သတ္တလောက ဆိုတာ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ သက်ရှိ သတ္တဝါ မှန်သမျှကို ပြောတာပါ။ ဩကာသလောက ဆိုတာကတော့ အဲဒီ သတ္တဝါတွေ နေတဲ့ ဥဒ္ဒုံဌာနတွေကို ပြောတာပါ။ သင်္ခါရလောက ဆိုတာကတော့ သတ္တဝါတွေ သန္တာန်မှာ အမြဲမပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ပြောတာပါ။

ဘဂဝါဂုဏ်တော်ထဲက ဣဿရိယ ဆိုတာ တစ်လောကလုံးကို အစိုးရတာကို ပြောတာပါ။ ဓမ္မဆိုတာကတော့ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ် ဆိုတဲ့ တရားဆယ်မျိုးပေါ့။ ယသကတော့ အခြံအရံကြီးမားတာကို ပြောတာ။ သိရီဆိုတာကတော့ ကျက်သရေရှိတာကို ပြောတာ။ ကာမဆိုတာက အလိုရှိတိုင်း ပြည့်စုံရတာ။ ပယတ္တဆိုတာက ဘာမဆို စွမ်းနိုင်တာပေါ့။

## ဂုဏ်တော်တစ်ပါးစီ၏ ပွားရကျိုးများ

ဂုဏ်တော်ကိုးပါးလုံး ပွားများမှ မဟုတ်ပါဘူး။ ကိုယ်အားသန်ရာ တစ်ပါးကို ပွားများရင် လုံလောက်ပါတယ်။ ငယ်ရွယ်သူများ ပွားများစေချင်တဲ့ သဒ္ဓါစိတ်လေး ပိုဖြစ်သွားအောင် ဂုဏ်တော်တစ်ပါးစီရဲ့ ပွားရကျိုးများကိုလည်း ကြားဖူးနားဝရှိတဲ့အတိုင်း ဖော်ပြပါဦးမယ်။ အရဟံဂုဏ်တော် ပွားများရင် ဘေးရန်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘ ပေါ်များခြင်း အကျိုးရှိပါတယ်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွားများရင် စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ပွင့်ခြင်း၊ စာမေးပွဲအောင်မြင်ခြင်းအကျိုးများ ရရှိပါတယ်။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို ပွားများရင် အသက်မွေး အတတ်ပညာရပ်များကို ပြိုင်ဘက်မရှိ တတ်မြောက်ခြင်း အကျိုးများ ရရှိပါတယ်။ သုဂတဂုဏ်တော်ပွားရင် စကားစစ်ထိုးခြင်း၊ အမှုအခင်း၊ အရောင်းအဝယ်၊ အရေးတကြီးကိစ္စ ပြောဆိုခြင်း စသည်တို့မှာ အောင်မြင်မှု ရတတ်ပါတယ်။

လောကဝိဒူဂုဏ်တော်ပွားများရင် လောကရေး၊ လူမှုရေးရာအဖြာဖြာနဲ့ လူကင်းလူကဲများကို ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ပါတယ်။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ပွားများရင် နတ်လူတို့အလယ် ကျော်စော သတင်းပျံ့နှံ့ခြင်း၊ ရှိခိုး ပူဇော်ရခြင်းအကျိုးများ ရရှိပါတယ်။ သတ္ထာဒေဝမနုဿာနဂုဏ်တော်ပွားများရင် နှုတ်စ၊ လျှာစ ထက်မြက်ပြင်းထန်၍ ဆိုတိုင်း ရ၊ ကြံတိုင်း အောင်မြင်တဲ့ အကျိုးများကို ခံစားရပါတယ်။

စိတ္တဇ ဝေဒနာရှင်များကို သတ္ထာဒေဝ မနုဿန ဂုဏ်တော် ရေမန်းတိုက်ပေးတာနဲ့ ရောဂါပျောက်ကင်းသွားတာ တွေ့ရဖူးပါတယ်။ ဗုဒ္ဓါဂုဏ်တော်ပွားများရင် ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုးအမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာခြင်းနဲ့ ပြည့်စုံတဲ့ အကျိုးရရှိပါတယ်။ ဘဂဝါဂုဏ်တော်ပွားများရင် ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးခြင်းအကျိုးများကို ရရှိပါတယ်။

သေနည်းသင်တန်းရဲ့ တတိယမြောက်နဲ့ နောက်ဆုံးကျင့်စဉ်ကတော့ သရဏဂုံသုံးပါးကို သတိတရ ရွတ်ဆိုပွားများနေဖို့ပါပဲ။ သရဏတ္တတော တာဝသရဏာဂတာနံ ဘယံ သန္တာသံ ဒုက္ခံဒုဂ္ဂတိ ရိကိလေသံ ဟီံသတိဝိနာသေတီတိတ္တေ ရတနတ္တယဿေဝေတံ အဓိဝစနံ ဆိုတဲ့ မူလပဏ္ဏာသအဋ္ဌကထာအဖွင့်အရ သရဏဂုံစွဲမြဲတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးငါးမျိုး ခံစားရပါတယ်။

အဲဒါတွေကတော့ သရဏဂုံတည်နေသူဟာ ဘေးအမျိုးမျိုးက ကင်းလွတ်တယ်။ ကြောက်ရွံ့ ထိတ်လန့်ခြင်း ကင်းပျောက်တယ်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ကင်းတယ်။ အပါယ်လေးပါး မကျအောင် စောင့်ရှောက်တယ်။ စိတ်ရဲ့ ညစ်နွမ်းခြင်းကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်။ အဲဒီအကျိုးငါးမျိုးထဲက သရဏဂုံတည်မြဲမှုကြောင့် အပါယ်ဘေးက လွတ်ပြီး နတ်ရွာသုဂတိရောက်ခဲ့တဲ့ သာဓကလေးတစ်ခုကို နားထောင်ကြည့်ကြရအောင်။

## စစ်မှုထမ်းဟောင်း နတ်သားကြီး

တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ချင်းပြည်နယ်၊ ခန္တီးတောင်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။ ၁၃၄၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်နေ့မှာ ဆရာတော်ကြီးထံကို အသက် ၄၀ ကျော်ခန့်ရှိ ပင်စင်စား တပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ယောက် ရောက်လာခဲ့ပါတယ်။ သူဟာ ပခုက္ကူမြို့ ကမ်းနားတန်းသား လေ့သူကြီးမျိုးရိုးဖြစ်ပါတယ်။

အမည်ကတော့ ကိုလုရွှေတဲ့။ ရောက်လာခြင်း အကြောင်းကိုတော့ သူ မလာခင် ဆယ့်လေးငါးရက်ခန့်က ရောက်လာတဲ့ တပ်ကြပ်ကြီး လုရွှေ ရေးလိုက်တဲ့ စာထဲက အတိုင်း ပြောရရင်…

"ဆရာတော်ကြီးဘုရား … တပည့်တော်ရဲ့ အမည်က တပ်ကြပ်ကြီး လုရွှေလို့ ခေါ်ပါတယ်။ တပည့်တော်ဟာ ဆယ်နှစ်သားအရွယ်ကတည်းက တပ်ထဲ ရောက်ခဲ့ရပါတယ် ဘုရား။ ဒါကြောင့်လည်း ဘာသာရေးအကြောင်း နကန်း တစ်လုံးတောင် မသိဘဲ သောက်လိုက်စားလိုက်၊ သတ်လိုက် ဖြတ်လိုက်နဲ့ အချိန်ကုန်ခဲ့တာ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ ပါတယ် ဘုရား။ အခု တပည့်တော် ဆေးပင်စင်နဲ့ တပ်က ထွက်ခဲ့ပါပြီ ဘုရား။ ဒီပုံစံအတိုင်းသာ သေသွားရင် အပါယ် ခဲ့ရောက်မယ်ဆိုတာ တပည့်တော်ကိုယ်တိုင် သိနေပါတယ် ဘုရား။

အသက် ၄၀ ကျော်မှ ဘာသာရေးအသိကို စရမယ့် တပည့်တော်အတွက် အပါယ်လေးပါးမှ လွတ်စေတဲ့ အလွယ်ကူဆုံး ကမ္မဋ္ဌာန်းတစ်ခုကို ပေးသနားပြီး ဆရာတော် ကြီးအနားမှာ သုံးလေးနှစ်ခန့် နေခွင့်ပြုပါ ဘုရား"

လို့ ခွင့်တောင်းခဲ့ပြီး ဆရာတော်ကြီး ခွင့်ပြုချက်နဲ့ ရောက်လာသူဖြစ်ပါတယ်။ ဒီတော့ ဆရာတော်ကြီးကလည်း သရဏဂုံဆောက်တည်ပွားများပုံကိုသာ အဓိက ထားပြီး သင်ကြားပေးပါတယ်။

ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။ ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။ သံဃံ - သံဃာတော်အရှင်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာ ဟူ၍ ဂစ္ဆာမိ - ဆည်းကပ်ပါ၏…ဆိုတာက စပြီး အသေး စိတ် သင်ပေးတော်မူပါတယ်။ သရဏဂုံသုံးပါး အဓိပ္ပာယ် အကျိုးသွားတွေကို ဗုဒ္ဓဘာသာတိုင်း ကျကျနန သိသင့်ပါ တယ်။

ဥပမာ - ဘာသာခြားများက မေးလာပါပြီတဲ့။ ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာတော့ ဘာသာဝင်ဖို့ အခမ်းအနားရှိပါတယ်။ ရေဖျန်းခြင်း၊ ရေနှစ်ခြင်း လုပ်ပြီးတာ နဲ့ ခရစ်ယာန်ဘာသာဝင်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အစ္စလာမ်ဘာသာမှာတော့ နမတ်ဖတ်ပြီးတာနဲ့ အစ္စလာမ် ဘာသာဝင်ဖြစ်သွားတာပဲ။ ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေရော ဘာသာဝင်တဲ့ အခမ်းအနားရှိပါသလား။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘယ်အချိန်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သလဲလို့ မေးခဲ့ရင် ဗုဒ္ဓဘာသာအများစုမှာ ကျကျနနဖြေနိုင်မယ့်သူ အင်မတန်မှ နည်းမှာပါ။ ဖြေရမှာက ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ သိတတ်တဲ့ အရွယ် ပထမဆုံး သရဏဂုံဆောက်တည်ပြီးစအချိန်မှာပဲ ဗုဒ္ဓဘာသာ ဖြစ်ခဲ့တယ်လို့ ဖြေရမှာပါ။

သရဏဂုံ ဆောက်တည်ပြီးစနေ့ဟာ ဗုဒ္ဓဘာသာဝင် ဖြစ်တဲ့ နေ့ဖြစ်သလို၊ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြား အရာတွေကို ရတနာသုံးပါးထက် မြတ်တယ်လို့ ယူဆပြီး ကိုးကွယ်တဲ့နေ့ဟာ ဗုဒ္ဓဘာသာဝင်အဖြစ်က ရပ်စဲတဲ့နေ့ပဲ ဖြစ်ပါတယ်။

"ဆရာတော်ကြီးရဲ့ သွန်သင်ညွှန်ပြမှုကြောင့် သရဏဂုံ သုံးပါးကို အိပ်မက်ထဲ ထည့်မက်တဲ့အထိ စွဲမြဲခဲ့သလို၊ အာနာပါနနဲ့ မေတ္တာကမ္မဋ္ဌာန်းတို့ကိုလည်း ပိုင်ပိုင်နိုင်နိုင်ကြီး ပွားများလာနိုင်ပါတယ်။ ၁၃၅၄ ခုနှစ်လောက် ရောက်လာ တော့ ကလေးမြို့မှာ စီးပွားရှာဦးမယ်ဆိုပြီး ပြန်သွားပါတယ်။ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ရှိတဲ့ အကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းလျှောက်သွားပါတယ်။

အရွယ်ကောင်းစဉ်က အိမ်ထောင်တစ်ကြိမ်ကျဖူးပါ တယ်။ ဒါပေမယ့် သားလေးရော၊ မယားပါ သူပုန်တွေရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ရပါတယ်။ အဲဒီကတည်းက နောက် အိမ်ထောင်မပြုခဲ့တာ အခုအချိန်ထိပေါ့။ ဒါပေမယ့် အမြဲ တမ်းရှိနေတဲ့ သေခြင်းတရားက ဦးလုရွှေကို စီးပွားရှာခွင့် မပေးသလို အိမ်ထောင်ပြုခွင့်လည်း မပေးတော့ပါဘူး။

၁၃၅၄ ခုနှစ်၊ တော်သလင်းလဆုတ် ၃ရက်၊ စနေနေ့ ညနေ ၃နာရီမှာ ရိုးရိုးအဖျားကြီးတဲ့ ရောဂါရော၊ ငှက်ဖျား ရောဂါကပါ နှိပ်စက်လို့ ဘဝတစ်ပါးပြောင်းသွားရပါတယ်။ ဆရာတော်ကြီးကလည်း တပည့်ဖြစ်သူ သူ့စကားအတိုင်း သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားရဲ့လား၊ ကောင်းရာ သုဂတိရော ရောက်ရဲ့လားဆိုတာ သိပ်သိချင်နေတယ်။

ဒါပေမယ့် ဆရာတော်ကြီးအနေနဲ့ တပ်ကြပ်ကြီး လုရွှေ သေပြီး ဖလလောက်အကြာ ၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့် ကျော် ၁ရက်၊ စနေနေ့ကျမှ ကလေးမြို့ကို ရောက်အောင် သွားနိုင်ပါတော့တယ်။ ဦးလုရွှေ နေထိုင်မကောင်းစဉ်က အစအဆုံး ပြုစုလိုက်ရတဲ့ ဦးသန်းထွန်းတို့ မိသားစုအိမ် ရောက်သွားမှ ဆရာတော်ကြီးလည်း တပည့်ဖြစ်သူအတွက် ရတက်အေးရပါတော့တယ်။ ပိုပြီး အနီးကပ် ပြုစုရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းထွန်းရဲ့ သားကြီးက…

"အသေအချာပါ ဘုရား။ သူဟာ တပည့်တော်လက်ပေါ်မှာ အသက်ပျောက်သွားတာပါ။ ကလေးမြို့ ဆေးရုံမှာ ဂုရက်ကြာပါတယ် ဘုရား။ နောက်ဆုံး သေရမယ့်ရက်ကတော့ ရောဂါက အပြင်းထန်ဆုံးပေါ့ ဘုရား။ ရောဂါက တက်လာလိုက်၊ ဦးလုရွှေလည်း မျက်ဖြူကြီး လန်ပြီး သတိလစ်သွားလိုက်၊ တစ်ခါ ရောဂါကျလာလို့ သတိရတာနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုတာပဲ ဘုရား။

တစ်ခါ ရောဂါတက်လို့ သတိလစ်သွားလိုက်၊ ရောဂါပြန်ကျလို့ သရဏဂုံ ရွတ်လိုက်နဲ့ပဲ နောက်ဆုံး အသက်ထွက်သွားတာပါ ဘုရား။ တပည့်တော် လျှောက်ချင်တာကတော့ ဆရာတော်ကြီးတပည့်ဟာ သေရတဲ့ အချိန်ထိ သရဏဂုံသုံးပါးမြဲသွားတယ် ဆိုတာပါပဲ ဘုရား"

အဲသလောက် သိရတယ်ဆိုရင်ပဲ ဆရာတော်ကြီးက တပည့်အတွက် တော်တော်ကျေနပ်ပါပြီ။ ပိုပြီး စိတ်ချစရာကောင်းတာက ဦးသန်းထွန်းရဲ့ သားအငယ် မောင်နေလင်းရဲ့ လျှောက်ထားချက်ပါပဲ။ မောင်နေလင်းက…

"ဦးလုရွှေသေပြီး နောက်ရက်မှာပဲ တပည့်တော် အိပ်မက်မက်တယ် ဘုရား။ အိပ်မက်ထဲမှာ ဦးလုရွှေက ပြုံးပြုံးပြက်ပြက် နတ်ဝတ်တန်ဆာတွေ ဝတ်ထားပြီး တအားလုနေတယ် ဘုရား။ လူ့ဘဝတုန်းကနဲ့ ဘာမှမဆိုင်ဘူးတဲ့"

ဒီလောက်ဆို ပရိသတ်များလည်း တပ်ကြပ်ကြီး လုရွှေတစ်ယောက် သရဏဂုံအစွမ်းကြောင့် နတ်ပြည်ရောက်သွားပြီဆိုတာ သဘောပေါက်လောက်ပါပြီ။ တရားအဆုံးမှာ ဟောလာခဲ့သမျှကို အကျဉ်းချုပ် ခေါင်းစဉ်တပ်လိုက်ရင် သုံးမျိုးပဲ ရပါတယ်။ အသေမြတ်ချင်တဲ့သူဟာ…

(၁) မရဏာနုဿတိ ဘာဝနာကို ပွားများထားရမယ်။

(၂) လောဘ၊ ဒေါသ၊ မောဟ တရားဆိုးသုံးပါးနည်းအောင်၊ မရှိအောင် ကြိုးစားကြရပါမယ်။

(၃) သရဏဂုံသုံးပါးကို စွဲမြဲရပါမယ်။

ဒီသုံးချက် ပိုင်နိုင်ထားရင် သေခြင်းတရား ဘယ်အချိန်လာလာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲပါပြီ။

အဲဒီအချက်တွေကို ကြိုတင်လေ့လာထားတဲ့ အသက် ၈၀ အရွယ် ဦးကျော်ဇေ အမည်ရှိတဲ့ ဒကာကြီးဟာ သူ့အနိစ္စရောက်ခဲ့ရင် လိုက်ပို့တဲ့ ပရိသတ်တွေကို ဝေရအောင်ဆိုပြီး ကြိုရေးသားထားတဲ့ မရဏာနုဿတိ ကမ္ဗည်းလက်ာလေး ရွတ်ပြီး တရားနိဂုံးချုပ်ကြရအောင်။ လက်ာအဆုံးမှာ သာဓုခေါ်ကြရအောင်။

ကလ,လ ရေကြည်၊ တည်သည်က ၈၊
သေနေ့ကျအောင်၊ သွားရဝေနေ၊
ပေါင်းတစ်တွေတို့၊ နားနေရအံ့၊
တစ်စက္ကန့်မျှ၊ ခွင့်မရဘူး၊
သူက ငါ့ကို၊ မှီချင်လို၍၊
အားပိုစိုက်ခါ၊ လိုက်လေပါလည်း၊
ဘယ်သောခါမှ၊ မမီကြဘူး၊
နာမရူပါ၊ ခန္ဓငါးရပ်၊
ဓမ္မဓာတ်တို့၊ ဥပါဒ်ဋ္ဌီဘင်၊
စီအစဉ်ဖြင့်၊ ဖြစ်လျှင်ဆောစွာ၊
ပျက်ခါသာလျှင်၊ မရဏာမင်း၊
သူ့လက်တွင်းသို့၊ ချဉ်းနင်းဝင်ရ၊
နှစ်ကာလလား၊ မည်မျှရှိ၏။
တွက်ဆဘိလော၊ သေသည့်ချိန်ရောက်၊
သေသည့်နောက်၌၊ တစ်ခေါက်တစ်ဖန်၊
လူ့ရပ်ဗွာန်သို့၊ ဖြစ်ပြန်ပါလည်း၊
သေရာဦးမည်၊ မလွဲသည်တည်း၊
နတ်ပြည်နတ်မင်း၊ ဖြစ်ပြန်လျှင်းက၊
မယွင်းသေရွာ၊ ရောက်ရမှာတည်း၊
ဗြဟ္မာမင်းတွေ၊ အကုဋေတို့၊
သချေသချာ၊ သက်ရှည်ပါလည်း၊
သေမှာမယွင်း၊ သို့ဖြစ်ခြင်းကြောင့်၊
သေခြင်းခလေ့၊ အမြဲတွေ့လျက်၊
သေ၍မဆုံး၊ သေကြဦးမည်၊
သေတုန်းသေဆဲ၊ သေမစဲဘဲ၊
သေပွဲဝင်ရန်၊ သေမှာမုန်၏။
လူ့ထံ နတ်ရွာ၊ ထိုဗြဟ္မာတို့၊
ဖြစ်လာသမျှ၊ မရဏာဘေး၊
ထိုအရေးမှ၊ ကင်းအေးကြရန်၊
ပြည်နိဗ္ဗာန်သို့၊ စိတ်သန်ကြိုးကုတ်၊
နောက်မဆုတ်ဘဲ၊ အားထုတ်၍သာ၊
ကြိုးစားရာသည်…
သေရွာထိုမှ လွတ်မည်တည်း။ ။

*(ဦးကျော်ဇေ)*

သာဓု…သာဓု…သာဓု

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

ပုခက်နှင့် ဝေးသမျှ
မဝေးလှ သုသာန်၊
ပြေးမရ ဆုတ်ခံ,ခံတယ်၊
လုပ်ကြံလို့လွတ်ဘဲ
ပဋိစ္စသမုပ္ပါန်ကို
သမ္မုဒ္ဒဟောမြွက်ကပဲ
ဇာတိဟု ရှိပါလျှင်
စုတိမှာမလွဲ
ပု,ဒိ,အာ,တုမရဲ့သော်မှ အမှုတွဲပါဝင်
မယ်မာယာ တစ်သာကီတွင်မှ
သူ့ဇာတိ စခဲ့သည်ပင်
အသီတိရှစ်ဆယ်ဝင်သော်
ခေတ်နယ်တွင် ဇာတ်သိမ်းလို့
ချုပ်ငြိမ်းတဲ့ ပြည်မလွှာ၊ စုတိနှင့်သာ၊
တို့များဖြင့် မသေပါပြီ
ကေကထာရှိဘူးဗျလေး။

*(မူလဒွါရ မဟာနိကာယ ပဋ္ဌမ သာသနာပိုင် အင်္ဂပူဆရာ တော်ဘုရားကြီး)*

*၁၂၆၀ ခုနှစ်တွင် ရေးစပ်တော်မူသည်။*

တရားနာ ပရိသတ်ထဲတွင် ဇရပ်ကွက်၊ သစ္စာပန်းခြံမှ ဦးလှဝင်းနှင့် ဒေါ်စန်းစန်းဝင်းတို့ ဇနီးမောင်နှံလည်း ပါလာခဲ့သည်။ တရားပွဲပြီး၍ အိမ်အပြန်တွင် ဦးလှဝင်းက ဒေါ်စန်းစန်းဝင်းအား…

"စန်းစန်းဝင်းရာ… တရားက သိပ်ကောင်းတာပဲ။ ဆရာတော်လေးက ဒကာ၊ ဒကာမတွေအတွက် တကယ့် အပ်ချက်ကို ရွေးဟောပေးသွားတာပဲ။ အင်မတန် ကျေးဇူး တင်ဖို့ ကောင်းတယ်။ ဒေါ်အေးကိုလည်း ချီးကျူးရမယ်ကွ။ လင်သားရဲ့ ကျေးဇူးကို သိတတ်တဲ့ မိန်းမထူး၊ မိန်းမမြတ် တစ်ယောက်ပဲ။ လင်သားအတွက် တရားပွဲလုပ်ပြီး အမျှပေး တယ်ဆိုတာ ငါတော့ ခုတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဆရာ တော် ဟောသွားသလိုပဲ၊ သေခြင်းတရားဆိုတာ ရင်ဘတ်နဲ့ ကျောလို ကပ်နေတာကွ။ ပေါ့ပေါ့နေလို့ မဖြစ်ဘူး။ ဆရာ တော် သင်ပေးတဲ့အတိုင်း တို့လည်း နေ့စဉ်လေ့ကျင့်ထားရ မယ်။ အေး၊ တစ်ခုတော့ ကြိုမှာထားမယ်ကွာ။ ငါက မင်း နောက်လည်း အသက်ကြီးတော့ အရင်သေရဖို့ များတယ်ကွ။ ဒါမှ မင်းထက် အရင်သေခဲ့ရင် ငါ့ရက်လည်မှာ ဒီမန္တလေး ဆရာတော်ကိုပဲ ပင့်ပြီး တရားပွဲလုပ်ပေးပါကွာ"

ဟု မဦးမချွတ်ပြောလိုက်ပါတော့သည်။ ထိုအခါ ဒေါ်စန်းစန်းဝင်းက…

"ရှင်ကလည်း နိမိတ်မရှိတာတွေ လျှောက်ပြောနေ တယ်"

ဟု ဟန့်လိုက်ရာ ဦးလှဝင်းက…

"ကိုယ့်သေခြင်းတရားကို အမှတ်ရနေတာ မရဏာ နုဿတိ ဘာဝနာပွားများနေတာနဲ့ အတူတူပဲ။ ကုသိုလ် တောင် ရတယ်လို့ ဆရာတော် ဟောထားတယ်လေကွာ"

ဟု ချေပသဖြင့် ဒေါ်စန်းစန်းဝင်းမှာ နှုတ်ဆိတ်သွားခဲ့ ရသည်။

ကျွန်ုပ်၏ တရားပွဲသည် ဦးလှဝင်းအတွက် သီးသန့် လာဟောပေးသကဲ့သို့ပင် ဖြစ်သွားခဲ့ရသည်။ အဘယ်ကြောင့် ဆိုသော် နောက်တစ်လခန့်အကြာမှာပင် ဦးလှဝင်းသည် ဘာရောဂါမှမရှိဘဲနှင့် အိပ်ရာထဲမှာပင် ရုတ်တရက် သေဆုံး သွားခဲ့ရရှာသည်။ တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ် အနည်းအများ တစ်ခုတည်းနှင့် နှိုင်းယှဉ်၍ မရပါ။ ဟော လိုက်သော တရားကို ပရိသတ်က ဘယ်ရွေ့ဘယ်မျှ လိုက် နာ ကျင့်ကြံသနည်းဟူသော ပေတံနှင့်သာ တိုင်းတာရပေ မည်။

ဦးလှဝင်းကား ကျွန်ုပ်ဟောသော တရားကို မည်မျှ လိုက်နာကျင့်သုံးကြောင်း သူ၏ ကြိုတင် အမှာစကားက သက်သေခံနေပေသည်။ ဤအကြောင်းများကိုလည်း ဒေါ်စန်းစန်းဝင်းကိုယ်တိုင် လျှောက်ထားသောကြောင့် ကျွန်ုပ် အပြည့်အစုံသိရခြင်းဖြစ်ပေသည်။

ဦးစွန်စိန်၏ ရက်လည်တရားပွဲကို ၁၃၆၀ ခုနှစ်၊ ပြာသို လဆန်း ၇ရက်၊ ၈ရက် (၂၃-၁၂-၉၈ မှ ၂၄-၁၂-၉၈)ထိ နှစ်ညဟောပေးခဲ့ရသလို၊ ဦးလှဝင်း၏ ရက်လည်တရားပွဲကို လည်း (၂၃-၁-၉၉ မှ ၂၅-၁-၉၉)ထိ သုံးညဟောပေးခဲ့ရပါ သည်။

အရိယာ မဖြစ်သေးသော၊ ဝိပဿနာ မရှုပွားတတ် သေးသော ယောဂီမှန်သမျှ အသေမြတ်ဖို့ ဟောကြားထား သော ကျင့်စဉ်များကို လိုက်နာကျင့်ကြံနိုင်ကြပါစေသော်။

* * *

ဓမ္မာစရိယ ရှင်ရွှေပြည်သာ

( ပြီးပါပြီ )



www.burmeseclassic.com

www.burmeseclassic.com

## မောရှမ်းမြေမှ စောမွန်လှတို့ မောင်နှမတစ်စုနှင့်

# ဂမ္ဘီရဆန်သော နတ်ကျုံးတောရ

■ မြမဥ္ဇူဝေ (ကျုံမငေး) ■




ဘုရားဖူးခရီးသွား စာရေးများဟု အမည်ပေးရမတတ် ခရီးများစွာသွားဖြစ်နေသော ကျွန်မတို့ ယခုတစ်ခါလည်း ခရီးထွက်ခဲ့ကြပြန်ပါပြီ။ ခရီးစဉ်က မန္တလေး-ပြင်ဦးလွင် ခရီးစဉ်ဖြစ်ပါသည်။


ခရီးစဉ် ဦးဆောင်သူ ဆရာ အုန်းချစ်မြိုင်နှင့် ဆရာမ ဝင်းမာအေးတို့၏ ဦးဆောင်မှုဖြင့် အဘ အောင်မင်းခေါင်၏ နှစ် ၆၀ပြည့် ပြည်တော်ပြန် အောင်ပွဲနှင့် နန်းဆောင်တော် အသစ်အပ်ပွဲသို့ ဖြစ်ပါသည်။ မန္တလေးဟု ဆိုထားသော်လည်း ဦးတည်သွားမှာသည် မေမြို့ (ခေါ်) ပြင်ဦးလွင်မြို့မှတစ်ဆင့် ဇမိုင်အကွာရှိ "ထုံးဘိုရွာ"သို့ သွားကြရမှာဟု သိလိုက်ရပါသည်။


၂၉-၉-၂၀၁၂ နေ့ ညနေမှာ ကျွန်မတို့၏ ခရီးစဉ်ကို





www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com



စတင်ခဲ့ကြပြီး၊ နောက်တစ်နေ့ နံနက်ဦးစချိန်မှာ မန္တလေးမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်စအချိန် ဦးတိုက်ရောက်ရှိသွားသောကြောင့် တစ်ခါမျှ မကြုံမဆုံဘူးသော မျက်နှာသစ်တော် ပြုပွဲနှင့် ကြုံကြရပါသည်။ အချိန်အခါမဟုတ် ရွာသွန်းနေသော စက်တင်ဘာ မိုးသဲသဲ နံနက်ခင်းမှာ ကျွန်မတို့တစ်တွေ မိုးရေတွေ ရွှဲနေကြပါသည်။


ခရီးဆက်ခဲ့ကြသောအခါ နံနက် ၉နာရီခန့်တွင် ထုံးဘိုရွာ "ဓမ္မဝိသုခ"ကျောင်းသို့ ရောက်ခဲ့ကြပြီး ဦးစီးနာယက ဆရာတော်ထံ နှုတ်ဆက် ဖူးမြော်ကြပြီး နှစ်ညတာ



နားခိုမည့်ကျောင်းသို့ ရွှေ့ပြောင်းခဲ့ရပါသည်။ အေးချမ်းတိတ်ဆိတ်လှသော ထုံးဘိုရွာသို့ ခရီးရောက်သည်နှင့် လှည့်ပတ်မိသောအခါ သတင်းတစ်ခု သိခဲ့ရ၍ ဆရာတော်ထံ မေးမြန်းလျှောက်ထား စုံစမ်းကြသောအခါ ရှေးဟောင်းနယ်မြေ "နတ်ကျုံးတောရ"သို့ သွားကြရန် ဆရာတော်မှ မိန့်ဆိုပါသည်။

ဓမ္မဝိသုခ သာသနိက နယ်မြေနှင့် ၃မိုင်ခန့်ဝေးသော နတ်ကျုံးတောရသို့ ဆရာတော်ကိုယ်တိုင် လိုက်ပို့ပါသည်။ ဆင့်ပွားသွားခဲ့သော ခရီးစဉ်ကို ဓမ္မဝိသုခ ဆရာတော် ဦးဩဘာသမှ ဦးဆောင်၍ ခြေလျင်ခရီးဖြင့် ထွက်ခဲ့ပါသည်။

"နတ်ကျုံး"ဆိုသော စကားမှာ ဆန်းကြယ်နေသောကြောင့် ဆရာတော်အား မေးမြန်းလျှောက်ထားလိုက်သောအခါ ကျုံးဆိုသည်မှာ မြို့ရိုး စည်းရိုးသဘောဖြစ်ပြီး အကာအရံလည်း ဖြစ်၏။ ထိုကဲ့သို့ အကာအရံများသည် ကျောက်သား ကျောက်စိုင်များနှင့် လူတို့ ပြုလုပ်ထားသည့်ပမာ နတ်တို့မှ ဖန်ဆင်းထားသည့်ပမာ ဖြစ်ပေါ်နေသောကြောင့် နတ်ကျုံးဟု ရှေးလူကြီးသူမများက ခေါ်ခဲ့ကြောင်း ဆိုပါသည်။





မြေသားလမ်းဆုံး၍ သစ်ပင်ချုံနွယ်များ၊ လျှိုများကို ဖြတ်ပြီးသောအခါ လူတစ်ရပ်ခန့် အမြင့်ရှိသော ကျောက်နံရံအထူအထပ်များကို ရေညှိ၊ ရေမှော်များ ကပ်နေသော မြင်ကွင်းဖြင့် တွေ့ကြရပါပြီ။ အမြင့် ၆ပေခန့်၊ အထူ ၁ပေခန့်ရှိသော စည်းရိုးကြီးများအတွင်း၌ အတော်မြင့်သော တောင်ငယ်ကလေးပေါ်သို့ တက်ရန် အုတ်လှေကားဟောင်းကလေးကို တွေ့ပြီး အပေါ်သို့ ရောက်ရန် ခြေတစ်လှမ်းခန့် အကွာနှင့် လှေကားထစ်ပေါင်း ၄၀ခန့်ကို တက်ခဲ့ပြီး ကုန်းကျဉ်းကျဉ်းတွင် ကျောက်နံရံတစ်ဖက်၊ ကျောက်ချပ်များ ထပ်ထားသော ကျောက်သေတ္တာပုံ ကျောက်ထပ်တစ်ခုနှင့် စေတီကလေးကို ဖူးတွေ့ရပါသည်။

ဤစေတီတွင် "စောမွန်လှ"ဆိုသော ရှမ်းမင်းသမီးလေး၏ လက်ဝတ်ရတနာများ ဌာပနာထားသည်ဟု သိရကြောင်း၊



www.burmeseclassic.com





စေတီလေး၏ ဒါယကာမှာ စောမွန်လုမင်းသမီးဖြစ်ပြီး ကျောက်ထပ်အတွင်း ကံတော်ကုန်ခဲ့သော စောမွန်လု၏ အစ်ကို စောစွန်နောင်အား ထည့်သွင်းမြှုပ်နှံထားသည်ဟု မှတ်သားရကြောင်း မိန့်ဆိုပါသည်။

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မိုင်းမောဒေသသူကလေး စောမွန်လုသည် ဆယ်လန့်ဒေသတွင် ကြီးပြင်းခဲ့ရပြီး အရွယ်ရောက်သော် ပုဂံပြည့်ရှင် အနော်ရထာဘုရင်နှင့် ပေါင်းဖက်ခဲ့ရ၏။ ဘဝအဆက်ဆက် ကုသိုလ်ထူးခဲ့သော မင်းသမီးတွင် မွေးတော်စာတ်မြတ်ကိန်းနေသော နားဖျောင်းတစ်ရံရှိပြီး သပြည့် လကွယ်အခါများတွင် အရောင်အဝါထိန်လင်းတတ်သည်ကို အခြားသော မိဖုရားများက မြင်ကြရာ စနက်ဝေအဖြစ် ဘုရင်ကြီးအား ကုန်းတိုက်စကားဆိုကြသောကြောင့် မင်းကြီးက ကိုယ်တိုင် သတိထား ကြည့်ရှုသောအခါ အမှန်ဖြစ်နေ၍ နန်းတော်မှ နှင်ထုတ်ခဲ့၏။

အနှင်ခံဘဝရောက်ခဲ့ရသော စောမွန်လုသည် နောက်ပါ ကျေးကျွန်များနှင့်အတူ အကြိုလာမည့် မောင်နှစ်ဦးအား စောင့်နေစဉ်၊ ထပ်မံ၍ ကံဆိုးရသည်က တုပြိုင်တိုက်ခိုက်ရန် လူသူအင်အားစုနေသည်ဟူသော သတင်းဆိုးကြောင့် မင်းကြီး၏ စစ်သည်များ လာရောက်တိုက်ခိုက်ရာ အပြေးရှောင်ရင်း ပြင်ဦးလွင်၊ ထုံးဘိုရွာသို့အရောက် မောင်နှစ်ဦးနှင့်လည်း တွေ့ပြီး ရန်သူနှင့် ဝေးရန် တောထဲသို့ ပြေးကာ ပုန်းအောင်းနေစဉ် တိုက်ပွဲ၏ ဒဏ်ဖြင့် အစ်ကို စောခွန်နောင် ကျဆုံးခဲ့၏။ မင်းသမီးလည်း သစ္စာတိုင်စေတီကို တည်ခဲ့ရာ နတ်တို့က ကူညီခဲ့သဖြင့် အချိန်တိုအတွင်း ပြီးခဲ့ရ၏။

တောကြီးထဲ၌ ကျူးမြို့ရိုးသဖွယ် အကာအရံဖြစ်နေသော ဤနေရာ၌ အစ်ကို စောခွန်နောင်နှင့် မောင် စောထူးတို့၏ မြင်းချည်သော ကျောက်တိုင်များသည် ယခုအခါ မြုပ်နေပြီဖြစ်ပါသည်။ နယ်မြေအတွင်း၌ သာသနာနှင့် ဆိုင်သော စေတီဘုရားများ၊ ရုပ်ပွားဆင်းတုနှင့် ကျောင်းငယ်နှစ်ကျောင်းရှိပါသည်။ ဤနယ်မြေတွင် တစ်ချိန်သောအခါက တောင်ငူ မြတ်စောညီနောင် ဆရာတော်မှ ဘာဝနာပွားတရားအားထုတ်ရင်း နှစ်ကာလ ကြာရှည်စွာ သီတင်းသုံးခဲ့ပြီး ဆရာတော် ပျံလွန်တော်မူသောအခါ ဆရာတော် ဦးသီလဝင်သအရှင်မြတ်မှ ဆက်လက်သီတင်းသုံး နေထိုင်ရင်း ပြုပြင်နိုင်သောအရာကို ပြုပြင်ခဲ့ပါသည်။

ဆရာတော် ပျံလွန်တော်မူသောအခါ မြေးတော်စပ်သူ ဆရာတော် ဦးကာလုမှ လည်းကောင်း၊ အတူ သီတင်းသုံးဖော် ဆရာတော် ဦးစန္ဒောမှ လည်းကောင်း ဆက်လက်နေထိုင် သီတင်းသုံးခဲ့၏။ ထိုနယ်မြေတွင် ဓမ္မဗိသုခကျောင်းဆရာတော် ဦးဩဘာသကလည်း အချိန်အားဖြင့် ၅နှစ်ခန့် သီတင်းသုံး နေထိုင်ခဲ့ပါသည်။

အချိန်တိုအတွင်း လေ့လာခဲ့မှုသည် ပြည့်စုံမှု မရှိသော်လည်း ဂန္ဓီရဆန်သော ထူးခြားသည့် မြင်ကွင်းများကို မြင်တွေ့ခဲ့ရပါသည်။ ဒေသခံများကလည်း သိသမျှ ပြောပြကြပါသည်။ သို့သော် ထပ်မံ၍ သွားရောက်ကာ လေ့လာဖို့လည်း လိုပါသေးသည်။

* * *

မြမဥ္ဇူဧ(ကျူမဒေး)

(နတ်ကျူးတောရနယ်မြေသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ရင်း သိလိုသမျှ ပြောဆိုရှင်းပြခဲ့သော ဓမ္မဗိသုခကျောင်းတိုက်၏ နာယကဆရာတော် ဦးဩဘာသအရှင်မြတ်အား လည်းကောင်း၊ သိသမျှ ရှင်းပြသော ထုံးဘိုရွာသူ သမီးငယ် မဇာဇာအောင်အား လည်းကောင်း၊ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးစကား တုံ့ပြန်အပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

## အားကိုးရာအစစ်

# မသုကောသီ




လာမည့် နှစ်ရက်ရောက်လျှင် တရားစခန်းပွဲ ကျင်းပတော့မည်ဖြစ်သောကြောင့် ပုငယ်နှင့် မမြင့်စန်းတို့ ရိပ်သာသို့သွား၍ သန့်ရှင်းရေးလုပ်ရပေမည်။ ရိပ်သာသည် ဇောင်လံမြို့ ရွာထောင်ရပ်ကွက်တွင် ရှိပါသည်။ ဟိုယခင်တုန်းက

www.burmeseclassic.com

www.burmeseclassic.com

ရွာကြီးတစ်ရွာပါ။ ယခုတော့ ရပ်ကွက်ကြီးတစ်ခုအဖြစ် သတ်မှတ်ပါသည်။ ထိုထဲမှ ရပ်ကွက်ငယ်များ (၉)ရပ်ကွက်ခန့် ရှိပါသည်။

ရိပ်သာသည် စ,တည်ထောင်ကာစ,က ရှေးဟောင်းအိမ်ကြီးတစ်ဆောင်ပင်။ ထိုအဆောက်အအုံကြီးသည် ဂျပန်ခေတ်ကာလ မတိုင်ခင်ကတည်းက ဆောက်လုပ်ထားသော တိုက်ခံ ပျဉ်ထောင်အိမ်တစ်လုံးဖြစ်ပါသည်။ ဂျပန်ခေတ်နောက်ပိုင်း အဘယ်သူ တစ်ယောက်မှ မနေချေ။ သရဲခြောက်သည်ဟုလည်း နာမည်ကြီးပါသည်။

လူ မနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်သောကြောင့် သတ္တဝါတွေ ရှိနေသည်က အမှန်ပါ။ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်နှင့် ပြန့်ပွားရေးအသင်းအဖွဲ့ (၂၂၃)၊ အဖွဲ့စိပ် (၇)မှ ရိပ်သာတည်ထောင်ချင်သည် ဆိုသောအခါ တိုက်၊ မြေပိုင်ရှင်တို့က လိုလိုလားလား ဝမ်းပန်းတသာ ဈေးနှုန်းချိုသာစွာနှင့် ရောင်းချခဲ့သည်။

ထိုမှစ၍ ရိပ်သာသည် တိုးတက် အောင်မြင်လာခဲ့သည်။

စာရေးသူ ရေးချင်သည်က ဤအကြောင်းအရာ မဟုတ်သေးပါ။ စောစောက ဇာတ်ပြခဲ့သည့် မပုငယ်နှင့် မမြင့်စန်းတို့ ရိပ်သာသွားကြသည်ကို ပြန်စရပါမည်။

◈◈◈

မပုငယ်သည် ငယ်ရွယ်စဉ်ကပင် သရဏဂုံ သုံးပါး၊ ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါး၊ သီရသမ်ဂါထာ၊ သမ္ဗုဒ္ဓေဂါထာတော်တို့ကို အမြဲရွတ်ဖတ်သည့်အပြင်၊ ဂနစ်သမီးအရွယ်သောက်မှစ၍ ကြီးကြီးဖြစ်သူနှင့် ရွှေတောင်မြို့ တောင်ဘက် ၅မိုင်ကျော်ဝေးသော "မဟာသိုက်ကုန်း"တောရသို့ တရားထိုင် လိုက်ခဲ့ပါသည်။

ထို့နောက်များတွင် မိဘတို့က ပဲကြီးလှော်ဖိုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသောကြောင့် ပဲကြီးလှော်နှင့် အခြား ကုန်ခြောက်များကို စစ်တပ်ဈေးတွင် ရောင်းခဲ့သည်။ ရွာထောင်ရပ်ကွက်တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်ခဲ့သည်။ မိုးကုတ်ရိပ်သာတွင်လည်း ဝေယျာဝစ္စကုသိုလ်အလုပ်များ လုပ်ခဲ့သည်။

တစ်နေ့တွင် မပုငယ်နှင့် မမြင့်စန်းတို့ ရိပ်သာသို့ ထွက်လာခဲ့ကြရာ အိမ်မှ တစ်ခေါ်လောက်ပင် ဝေးဦးမည်၊ မပုငယ်၏ နားထဲ၌ မြင်းခွာသံများ တခွပ်ခွပ်နှင့် လာနေသံကို ကြားနေရသည်။ အစတော့ မပုငယ်လည်း အမှုမဲ့ အမှတ်မဲ့ သွားနေသည်။ လမ်းဘေးတွင် ကြီးမားသော ကုက္ကိုပင်ခြောက်ကြီးတစ်ပင်ရှိရာ ကုက္ကိုပင်၏ ဟိုဘက် ဝါးတစ်ရိုက်ကျော် ရောက်သွားသောအခါ နောက်မှ မြင်းတစ်အုပ် အရှိန်ပြင်းစွာ ပြေးလာသံများ ကြားလိုက်ရသဖြင့် မပုငယ်ရင်ထဲ စိုးရိမ်ထိတ်လန့်သွားသည်။

"ဟယ်··· ငါ အမြန်ဆုံး ဘေးကို ရှောင်မှပဲ"

ဟု အထိတ်တလန့် ရှိသွားစဉ်···

"ဝုန်း···"

လမ်းဘေးမှ ကုက္ကိုပင်ခြောက်ကြီးသည် အမြစ်မှ ကျွတ်၍ လဲကျသွားပါတော့သည်။ မပုငယ်ရော မမြင့်စန်းပါ အလွန်လန့်ဖျပ် အံ့သြသွားကြသည်။ ပတ်ဝန်းကျင်မှ လူများအားလုံး ကုက္ကိုပင် လဲကျရာသို့ အမြန်ဆုံး ရောက်ရှိလာကြသည်။ လေးပင်အိမ်ကြီးတစ်လုံး၏ တံစက်မြိတ်ကို ထိခိုက်သွားသည်။ လူတစ်ဦးတစ်ယောက်မှ မထိခိုက်ချေ။

မြင်းခွာသံများကို မပုငယ်က ကြားလိုက်ရသော်လည်း မမြင့်စန်းမှာ မကြားချေ။ သစ်ပင်ခြောက်ကြီးမှ တချွတ်ချွတ်မြည်သံသည် မပုငယ် နားထဲ "ခွပ်···ခွပ်···ခွပ်"ဟု မြင်းလေးငါးကောင် ဒုန်းစိုင်းပြေးသံမျိုး ကြားလိုက်ရခြင်းသည် နတ်ကောင်း နတ်မြတ်များ၏ သတိပေးသံ ဖြစ်ရမည်ဟု မပုငယ် ရင်ထဲ၊ အသည်းထဲမှာ စွဲမှတ်လိုက်ပါသည်။

◈◈◈

ဒုတိယ ထူးခြားမှုတစ်ခုကိုလည်း တင်ပြပါဦးမည်။

စာရေးသူ အထက်က ရေးပြခဲ့သည့် မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်နှင့် ပြန့်ပွားရေးအဖွဲ့ (၂၂၃)၊ အဖွဲ့စိပ် (၇)၏ ပထမ တည်ထောင်ရာ နေရာသည် ရွာထောင် မြသိန်းတန်ရပ်၊ မြသိန်းတန်ဘုရားပရိဝုဏ်အတွင်း ဓမ္မာရုံကြီးဆောက်၍ စတင်တည်ထောင်ခဲ့ခြင်းဖြစ်၏။

တရားစခန်းပွဲ မရှိသည့်အချိန်များတွင် ညစဉ် ၇နာရီအချိန်၌ အာစိဏ္ဏကံ တရားထိုင်ဖြစ်ကြပါသည်။ ညစဉ်ညတိုင်း တရားထိုင်ကြရာ လူပေါင်း ၃၀ ကျော်တွင် စာရေးသူက နောက်ဆုံးအတန်းမှာ အမြဲနေရာယူပါသည်။ တစ်နေ့ထုံးစံအတိုင်း စာရေးသူတို့ တရားထိုင်ကြရာ နာရီဝက်ခန့် ရှိသွားသော်လည်း မှတ်စိတ်က ခန္ဓာတွင် မရှိ။ ပျံ့လွင့်နေစဉ်၊ လွင့်မျောနေစဉ်မှာပင်···

"ဖြန်း···"

ဟူသော အသံမြည်ကာ ကျောပြင်ကို တစ်ခုခုနှင့် လာရိုက်သလို ခံလိုက်ရသည်။ စာရေးသူ အတော်လန့်သွားသည်။ ဖြန်းဟူသော အသံကိုလည်း နားနှင့် ဆတ်ဆတ်ကြား

www.burmeseclassic.com

လိုက်ရသည်။ ရှည်လျားသော ကြာပွတ်ကြီး ကြမ်းပြင်နှင့် ထိတွေ့လိုက်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

မျက်လုံးများ လန့်ဖျပ် ပွင့်သွားပြီး ရှေ့နောက်-ဝဲယာတို့ကို ကြည့်မိလိုက်သည်။ တခြားလူများ တရားအာ့ထိုင်မပျက်။ နောက်တွင်လည်း တစ်စုံတစ်ယောက်မျှ မရှိ။ စာရေးသူ သဘောပေါက်လိုက်ပါသည်။

ဘုရားကန်တော့၊ သီလတွေ ခံ၊ ကမ္မဋ္ဌာန်းတရားတွေ တောင်းပြီး ပေါ့ဆစွာ နေသောကြောင့် သတိပေးခြင်း ဖြစ်ရမည်။ ပထမ တွေ့ရသော ဖြစ်ရပ်သည် အသက်အန္တရာယ်မှ ကင်းပါစေကြောင်းနှင့် ဒုတိယမှာ ဓမ္မအန္တရာယ်မှ ကင်းပါစေကြောင်း နတ်မြတ် နတ်ကောင်းများက ကြာပွတ်ဖြင့်တို့ထိ သတိပေးခြင်း ဖြစ်ရသည်။

◈◈◈

တတိယတစ်ခုကို တင်ပြချင်ပါသေးသည်။

တတိယကတော့ ဂမ္ဘီရနှင့် ပတ်သက်သလားတော့ မသိပါ။ အဲဒီတုန်းက စာရေးသူအသက်က ၃၅နှစ်လောက် ရှိပါပြီ။ စာရေးသူတို့အိမ်က အရှေ့ဘက်သို့ မျက်နှာလှည့်ထားပြီး ပြည်-မန္တလေး ကားလမ်းဘေးတွင် တည်ရှိပါသည်။ ကားလမ်းဘေးတစ်လျှောက် ကုက္ကိုပင်များစွာ ရှိပါသည်။ တချို့ အပင်များကို ခုတ်ပစ်ပြီး၊ တချို့အပင်များကတော့ ခုထိ ရှိပါသေးသည်။

စာရေးသူသည် တစ်နေ့သော နံနက်စောစော၌ မျက်နှာသစ်ရန် ခေါင်းရင်းဘက်ရှိ ရေကန်တွင် သွားတိုက်နေသည်။ ဤသို့ သွားတိုက်နေရင်းမှ တောင်ဘက် သုံးအိမ်မြောက်ရှေ့၌ ရှိသော ကုက္ကိုပင်ကို မျက်စိရောက်သွားသည်။ သုံးအိမ်မြောက် အိမ်မှာ ဆရာပိုင်(ကားဝပ်ရှော့)အိမ်ဖြစ်ပါသည်။ စာရေးသူ မျက်နှာမူနေရာမှ လှမ်းမြင်နေရသော ကုက္ကိုပင်အကိုင်းအခက်များသည် ထူးဆန်းစွာ မြတ်စွာဘုရားပုံတော်ပေါ်နေခြင်းပင်၊ နံနက်စောစော အလင်းရောင်ကလည်း အားမကြီးသေး။ သေသေချာချာပင် မြတ်စွာဘုရားပုံတော်ကို ဖူးရသည်။ အလင်းရောင် အားကြီးလာတော့ မြတ်စွာဘုရားပုံတော် မပေါ်တော့ပါ။

စာရေးသူသည် မြတ်စွာဘုရားပုံတော်ကို လအတော်ကြာအောင် ဖူးနေရသည်။ မည်သူ့ကိုမှလည်း ပြောမပြဖြစ်ခဲ့ပါ။ အိမ်က မိသားစုထဲတွင် စာရေးသူတစ်ယောက်သာ စောစောအိပ်ရာထလေ့ရှိသည်။ မနိုးသေးလျှင်လည်း ဖခင်ဖြစ်သူက နှိုးနေကျဖြစ်သည်။

◈◈◈

စာရေးသူ အခုနောက်ပိုင်းမှ စဉ်းစားကြည့်မိသည်။ ပထမဦးဆုံး သစ်ပင်မှ တချွတ်ချွတ်မြည်သံအစား မြင်းခွာသံများ ကြားရတဲ့ အစီရင်ခံချက်ထဲမှ မပုဂ္ဂယ်သည် ယခုစာရေးသူကိုယ်တိုင်ဖြစ်ပါသည်။ စာရေးသူသည် ယခုအခါ သာသနာ့အနွယ်ဝင် သီလရှင်တစ်ပါးဖြစ်နေပါသည်။

မြတ်စွာဘုရားပုံတော်ပေါ်သော ကုက္ကိုပင်နှင့် တည့်တည့်အိမ်မှ ကားဝပ်ရှော့ဆရာသည်လည်း မိုးကုတ်ဝိပဿနာတရားရိပ်သာတွင် အရေးပါ အရာရောက်သော လူတစ်ဦးဖြစ်လာသည်။ ဓမ္မကထိက ဆရာတော်ကြွလာလျှင် အကြိုအပို့တာဝန်ကို ဆရာက တာဝန်ယူရသည်။

ဤစာမူကို အားလုံးခြုံငုံကြည့်လိုက်လျှင် ရိုးရိုးလေးနှင့် အံ့ဩစရာကောင်းလှသည်။ စာရေးသူ သီလရှင်ဝတ်တော့မည်ဆိုသောအခါ ရွာထောင်ရပ်ကွက် မိုးကုတ်ရိပ်သာတွင် ဦးလေးတော်စပ်သူ နာယကကြီး ဦးထွန်းအောင်(ရတနာထွန်း ပွဲရုံ ဆိုင်စက်)နှင့်တကွ အမှုဆောင်အားလုံး၊ ဝေယျာဝစ္စပြုလုပ်သူအားလုံးတို့က စာရေးသူ သီလရှင်ဖြစ်မြောက်ရေးအတွက် ဝမ်းသာစွာဖြင့် ဝတ္ထုငွေများ၊ သီလရှင် ဝတ်စုံများ ဝိုင်းဝန်းလှူဒါန်းကြပါသည်။

ယခုအချိန်ထိ အစစအရာရာ အဆင်ပြေခဲ့ပါသည်။ အောင်သီရိကွမ်းလောင်း ဓမ္မရိပ်သာ ကမ္မဌာနာစရိယ ဘဒ္ဒန္တ ဇာဂရထံတွင် ဥပဇ္ဈာယ်ပြု၍ သီလရှင်ဘဝကို ရောက်ခဲ့ရသည်။

ကျောင်းတိုက်အတွင်း အောင်လံဇရပ်မှ အမေ ဒေါ်ကြည်လှက အပြီးအပိုင်မွေးစားခဲ့ပါသည်။

စာရေးသူအနေနှင့် နဂုံးချုပ်ကို ရေးရသော် ဘုရား၊ တရား၊ သံဃာကို ယုံကြည်လေးစား ကိုးကွယ်မှု၊ သီလလုံခြုံအောင် စောင့်ထိန်းမှု၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာတို့၏ ဂုဏ်တို့ကို ဦးထိပ်ထား၍ သရဏဂုံ၊ ပရိတ်တော်များ၊ ပဋ္ဌာန်းတော်များကို အစဉ်ရွတ်ဖတ် ပူဇော်မှုများကြောင့် စောင့်ရှောက်ကူညီသူများ ရရှိပါကြောင်းနှင့် ရှိသေထိုက်သူအားလုံးနှင့် တကွ မိဘများတို့အား ရှိသေ ဦးထိပ်တင်လျက်ရှိပါကြောင်း ဤဆောင်းပါး စာမူလေးဖြင့် ကန်တော့ပါသည်။


* * *

မသုဓကေသီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



■

"နှင်းမြ···ကမ္ဘတ္တာန်းရှုးမ"

ရပ်ထဲရွာထဲက သူ့ကို ဤသို့ပင် ခေါ်နေကြ၏။

"နှင်းမြတစ်ယောက် အိမ်မှုကိစ္စဆိုလည်း ဘာမှမလုပ်၊ သားသမီးတွေကိုလည်း သားမှတ်မှတ်၊ သမီးမှတ်မှတ် မရှိတော့ဘူး"

"အရင်တုန်းကများ စီးပွားရှာတဲ့ နေရာမှာ "နှင်းမြနားပါဦးဟဲ့"ဆိုလို့ မရဘူး။ အင်မတန် လောဘကြီးတဲ့ကောင်မ"

"ဟုတ်ပါရဲ့တော်။ ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိပါဘူး။ ကလေးတွေလည်း သနားစရာ"

"ကမ္ဘတ္တာန်းဆိုလားတော်···၊ အဲဒါ လုပ်ရင်းနဲ့ စိတ်ဖောက်ပြန်သွားရှာတာ။ ဆရာလေး ဘာလေးနဲ့ ခေါ်ပြီးလည်း မကုကြတော့ဘူးလား မသိ။ သူ့ခမျာ သနားစရာ။ စိတ်ကောင်း နှလုံးကောင်းက ရှိပါဘိသနဲ့"

မော်လမြိုင် ညောင်ပင်ဆိပ်ရွာပတ်ဝန်းကျင်၌ အမျိုးသမီးများ စုမိတိုင်း ပြောဆိုနေကျ၊ ကြားနေရသော အသံများဖြစ်၏။

၁၃၀၅ ခုနှစ်တစ်ခိုသည် ကမ္ဘတ္တာန်းတရားများ ထင်ရှားပြန့်ပွားလှသေးသည် မဟုတ်။ ထိုအချိန်မျိုးမှာမှ စိတ်ထက်လှသော ဒေါ်နှင်းမြတစ်ယောက် ဦးတေဇာလင်္ကာရခေါ် ကမ္ဘတ္တာန်းဘုန်းကြီးတစ်ပါးထံမှ ဆရာ သက်ကြီး၏ ကမ္ဘတ္တာန်းနည်းကို ကြားနာရကတည်းက စမ်း၍ အားထုတ်ကြည့်သည်။

အရာရာတွင် ပြတ်သားသူ ဒေါ်နှင်းမြ အာနာပါနကမ္ဘတ္တာန်းကို တစ်ပတ်လောက် အားထုတ်မိလျှင်ပင် ဘဝအသိတွေ ပြောင်းလဲစ ပြုလာ၏။ ရောင်းမှုဝယ်မှု ဂရုမမူ။ ထမင်းမေ့ ဟင်းမေ့၊ အိမ်မှာပင် ဘုရားစင်ရှေ့၌ နေ့ရှိသရွေ့ ရှုမှတ်ပွားများလေတော့သည်။

ဒါနကို သဘောပေါက်သည်အထိ လုပ်ဖူးက မလှူဘဲ မနေနိုင်။ သီလကို ကိုယ်ပိုင်ခံစားမှုရှိအောင် ကျင့်သုံးဖူးက မစောင့်ဘဲ မနေချင်။ ဘာဝနာကို ကိုယ်တွေ့အသိအမြင် ဆိုက်အောင် ရှုမှတ်ဖူးက မရှုမှတ်ဘဲ မနေနိုင်။ ထို မနေနိုင်သောအဆင့်သို့ မရောက်သေးသမျှ မည်သည့် ဒါန၊ သီလ၊ ဘာဝနာမျှ အကျိုးမပေး၊ အလုပ်မခံ။

ထိုအချိန်မှစ၍ ညောင်ပင်ဆိတ် တောင်ရွာပတ်ဝန်းကျင်၌ လူချစ်လူခင်များ၍ သဘောထားကောင်းသော ဒေါ်နှင်းမြအား "ကမ္ဘတ္တာန်းရူးမ"ဟူသော ဘွဲ့တစ်ခုတိုးလာခဲ့သည်။

မှန်ပေ၏။ ကမ္ဘတ္တာန်းတရား အားထုတ်လျှင် ရူးတတ်သည်ဟု လူအများ ပြောဆိုတတ်ကြသည် မဟုတ်ပါလော။

အရပ်ထဲက လူများသည် သူ့ထက်ငါ အပြိုင်အဆိုင် အပူဇောကပ်ပြီး မရပ်မနား ပြေးလွှားရှာဖွေ ရောင်းဝယ်ကြ၏။ ဒေါ်နှင်းမြကား တဝမ်းတခါးစားရုံ ရလျှင် တော်ပြီ။

ရောင်းဝယ်လုပ်ကိုင်၍ စီးပွားဥစ္စာ အတော်အတန်စုမိဆောင်းမိသူများက တစ်မျိုးပြီးတစ်မျိုး ဆင်ယင်ဝတ်စားသွားလာတုပြိုင်ကြ၏။ ဒေါ်နှင်းမြကား ရွက်ကြမ်းရေကျိုဗိုလ်နေမြဲ ကျားနေမြဲ။ အစုတ်အပြဲသန့်သန့်ကလေးနှင့်လည်း နေလို့ ရလာ၏။

ဒေါ်နှင်းမြ၏ အဖော်များကား ဘုရားပွဲ၊ ကျောင်းပွဲ၊ မင်္ဂလာဆောင်၊ ရှင်ပြု တုပြိုင်ဝတ်စား။ ဇာတ်ပွဲ, ရုပ်ရှင် သွားလိုသွားကြ၊ ရသမျှ ဖြုန်း၊ တရုံးရုံးပျော်ကြပါးကြ။ ပြန်လာလျှင် မိမိတို့ ကြည့်ခဲ့သော ဇာတ်ပွဲ၊ သဘင်ပွဲ၊ ရုပ်ရှင် အကြောင်း ပြန်ပြောင်းပြောဆို၊ စမြုံ့ပြန်လို့ မပြီး။ ရယ်ကြမောကြ၊ ငြင်းခုန်ကြ၊ ရန်ဖြစ်ကြ၏။

ထိုအချိန်မျိုးတွင် ဒေါ်နှင်းမြကား ဘုရားစင်ရှေ့မှာ ရှိလျှင် ရှိ၊ မရှိလျှင် ဘုရားအိုကျောင်းပျက်၊ လူသွားလူလာကင်းရှင်းရာ တစ်နေရာရာ၌ ရောက်နေတတ်၏။ ဒေါ်နှင်းမြကား ပတ်ဝန်းကျင်နှင့် ကင်းကွာမှန်းမသိ၊ ကင်းကွာလာ၏။ ပြောဖော်ဆိုဘက် ဆွေးဖော်ကြောဘက် မရှိ။

မည်သို့ဖြစ်စေ၊ ဒေါ်နှင်းမြဘက်က ထောက်ခံမည့်သူ တစ်ဦးတော့ ညောင်ပင်ဆိပ်ရွာထဲမှာ ရှိနေသေး၏။ သူကား တရားအတူ ရှုမှတ်ခဲ့ဖူးသူ ဒေါ်အင်ဖြူ ဖြစ်သည်။ နှင်းမြမရူးဟု ဒေါ်အင်ဖြူ သိသော်လည်း၊ ထိုအသိကို လူအများလက်ခံနိုင်အောင် ပြောဆိုနိုင်စွမ်း မရှိ။ ကျန်းမာရေးလည်း မကောင်း။ အသက်လည်း ကြီးသူဖြစ်၍ သူကိုယ်တိုင်ပင် အရှုးမဟုတ်၊ အကောင်းမဟုတ်။ လူကောင်းဟု ထင်သူများကြားတွင် ခေါင်းငုံ့၍ နေရရှာသူဖြစ်သည်။

အများနှင့် မတူသော ဒေါ်နှင်းမြအား "ရူးသွားပြီကမ္ဘတ္တာန်းရူးမ"ဟု ကင်ပွန်းတပ်ကြသည်မှာ မဆန်းချေ။ ပတ်ဝန်းကျင်နှင့် မလွတ်တလွတ်၊ တရားကလည်း မဆို့မပို့ အချိန်မှာ ဒေါ်နှင်းမြတစ်ယောက် လူများစုကြားတွင် ခိုးလိုခုလုဖြစ်ခဲ့သော်လည်း၊ ယခုမူ ပတ်ဝန်းကျင်က အရူးဘွဲ့ပေးကာ ဘေးမဲ့လွှတ်ခြင်း ခံရသဖြင့် ရန်းကန် လှုပ်ရှားမှု မရှိတော့ဘဲ ကိုယ့်စိတ်နှင့်ကိုယ် ချောင်ချောင်ချိချိ နေသာ

www.burmeseclassic.com

ထိုင်သာ ရှိလာ၏။

ဒေါ်နှင်းမြအား အာနာပါနကို ရှုမှတ်ပွားများရာ ခန္ဓာကိုယ်တစ်ခုလုံး ရုပ်နာမ်အဖြစ်အပျက်များ အိုးထိန်းစက်ပမာ သွက်သွက်ခါ လှုပ်ရှားပြောင်းလဲ၊ ဖြစ်ပျက်မြဲ သဘောမှန်တို့ကို တစ်နေ့တခြား တိုး၍တိုး၍သာ အမြင်သန်လာလေရာ အိမ်မှာပင် နေလိုစိတ် မရှိတော့ချေ။ ထိုအခါ အကြံတစ်ခုရလာသဖြင့် အဖော် ဒေါ်အင်ဖြူကို တိုးတိုးတိတ်တိတ် ခေါ်ယူတိုင်ပင်ရ၏။

"အဒေါ်··· ကျွန်မ ကျောင်းက ဇရပ်ကို သွားပြီး ၁၅ရက်လောက် နေရ ကောင်းမလားလို့။ ကျွန်မ မရှိတုန်း ကျွန်မတို့အိမ်ကို အဒေါ် တစ်ဆိတ်လောက် ကြည့်လိုက်စမ်းပါ"

"ဒီအတွက်··ကောင်မ သွားသာ သွား။ ကလေးတွေ ငယ်တော့တာမှ မဟုတ်ဘဲ။ ငါလည်း ကြည့်ရှုပြီး ပြောမှာပေါ့"

ဤလိုနှင့် ဒေါ်နှင်းမြတစ်ယောက် ဘုန်းကြီးကျောင်းထဲက ဇရပ်တစ်ခုသို့ လာရောက်နေထိုင်၏။ ကံဆိုးချင်တော့ မကြာမီ ဆရာဘုန်းကြီးမှာ နယ်လှည့် တရားဟောခရီးထွက်သွားရသည်။ သို့ရာတွင် ရှုမှတ်ပွားများပုံ နည်းလမ်းများကို အပြည့်အစုံညွှန်ကြား အားပေးသွားသည်။ ဆရာပင် မရှိသော်လည်း ဒေါ်နှင်းမြမှာ တစ်နေ့ထက်တစ်နေ့ ရှုလို့ မှတ်လို့ အထူးကောင်းနေ၏။ လွတ်လွတ်လပ်လပ် အေးချမ်းဆိတ်ငြိမ်စွာ ရှုမှတ်ရသဖြင့် ကျောင်းအရောက် နောက်ကျလေခြင်းဟုပင် နောင်တဖြစ်နေ၏။

၁၀ရက်လောက် ရလျှင် ဒေါ်နှင်းမြမှာ ရှေးက ဖြစ်ဖူးသော သွေးဝမ်း ဝမ်းကိုက်ရောဂါ ပြင်းထန်စွာ ဖြစ်ပေါ်လာသဖြင့် ထိုဝေဒနာကိုသာ ရှုမှတ်နေရရှာတော့သည်။ ဝမ်းထဲအူထဲက တရစ်ရစ် တဖျစ်ဖျစ် တစစ်စစ် ကိုက်ခဲလှသော ဝေဒနာမျိုးကို တစ်တစ်ခွခွ မိမိရရသိအောင် သတိဝီရိယကို ကြိုးစားမဲတင်း၍ ထူထောင်နေရရှာ၏။ သို့သော် ဝေဒနာမှာ တစ်နေ့တခြား တိုး၍တိုး၍သာ လာလေ၏။ စားနေကျ ဆေးဝါးဓာတ်စာများကလည်း မစွမ်းတော့ပြီ။ အိပ်ရာထဲတွင် ယောကလေးလုံကာ မှေးကာ တရားကိုသာ မဲတင်း ရှုမှတ်နေရရှာ၏။

မိမိနေသော ဇရပ်ပေါ်၌ ခြေသံကြား၍ မျက်စိဖွင့်ကြည့်ရာ လာနေကျ ကလေးမတစ်ဦးဖြစ်ကြောင်း တွေ့မြင်ရသဖြင့်···

"သမီး···ဒီနား ခဏလာဦး။ ရွာထဲ သွားပြောချေစမ်း



ကွယ်။ အဒေါ်ကြီး ဒေါ်အင်ဖြူ ဇရပ်ကို ခဏလာပါဦးလို့ သွားပြောပေးစမ်းပါ"

ဟု ပြောဆိုလွှတ်လိုက်ရာ မကြာမီ ကလေးမလေး ပြန်လာ၏။ ဒေါ်အင်ဖြူလည်း အိပ်ရာထဲမှာ အသည်းအသန် ဖြစ်နေ၍ ဒီကနေ့ မလာနိုင်ကြောင်း ကြားသိရသည်။ သို့နှင့် တရားကိုသာ ဆက်လက်ရှုမှတ်မြဲ ရှုမှတ်နေရ၏။

ဇရပ်ထဲ၌ ယောဂီ ဒေါ်နှင်းမြ၏ ထွက်လေ ဝင်လေ ရှူရှိုက်သံမှာ တစ်ချီတစ်ချီ ရှည်ရှည်ပြင်းပြင်း။ တစ်ခါတစ်ခါ ညှင်းညှင်းမွှေ့မွှေ့။ လောကကြီးတစ်ခုလုံးက သူ့အတွက် အိပ်မောကျနေကြ၏။ ဇရပ်ကလေး ပတ်ဝန်းကျင်၌လည်း တိတ်ဆိတ်ငြိမ်သက်လှသည်။ ညနေ နေဝင်ရီတရောတွင် တစ်ချီတစ်ချီ လေပြည် လေရူးကလေး ရုပ်ပြေးဆော့ကစားသည်မှအပ တစ်ကျောင်းလုံး ငြိမ်သက်နေကြ၏။ ကမ္မဋ္ဌာန်းကျောင်းအသီးသီး၌ ယောဂီများ ကိုယ့်တရားကိုယ် ရှုမှတ်ကာ လောကကြီးနှင့် အဆက်ပြတ်နေကြလေ၏။ တစ်နေ့တာ တရားဖြတ်ရန် နေပင် ဝင်လုပေပြီ။

ညောင်ပင်ဆိပ်တောင်ရွာမှ ဒေါ်အင်ဖြူလည်း နေမကောင်းသည့်ကြားကပင် ကျောင်းဘက်သို့ မသွားနိုင်သည့်တိုင်အောင် တစ်လမ်းကျော်ရှိ ဒေါ်နှင်းမြအိမ်ဘက်သို့ကားတောင်ဝှေးကို အဖော်ပြုကာ တစ်ခေါက်သွားကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သေး၏။

ပြန်အလာ မောမောနှင့် အိမ်ထဲသို့ ဝင်ထိုင်ခိုက် "အဒေါ်ရေ"ဟု ခေါ်သံကြားသဖြင့် အိမ်ပြင်ဘက်သို့ ထွက်လာ၏။ "ဟေ. . ."ဟုလည်း ထူးလိုက်သည်။ ဒေါ်နှင်းမြအသံဟုလည်း အောက်မေ့လိုက်၏။ အပြစ်ထွက်လာကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့ရ။

"အဒေါ်. . .အဒေါ် မအင်ဖြူ၊ ကျွန်မ ဒီကလေ. . ."

အသံကြားရာသို့ မော့ကြည့်လိုက်ရာ ဒေါ်အင်ဖြူမှာ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင် ရှိရလေ၏။ အလွန်အံ့အားသင့်ကာ ကြောင်ကြောင်ကြီးဖြစ်နေ၍ မည်သို့ ပြန်ပြောရမည် မသိ ဖြစ်နေသည်။ မျက်စိကို ပွတ်သပ်၍ သေသေချာချာ ကြည့်လိုက်၏။ ဒေါ်နှင်းမြသည် သူနှင့် ပေ ၂၀ အကွာ ကောင်းကင်၌ ပန်းရထားကြီးနှင့်၊ အရောင်အဝါတွေကလည်း ဝင်းလို့၊ လက်လို့။ နှင်းမြကလေး လှလိုက်ပုံကလည်း ဘယ်လိုလှမှန်း မသိ။

"အဒေါ်. . . ကျွန်မ အပြစ်ကြီးငယ်ရှိလည်း ခွင့်လွှတ်ပါ။ ကျွန်မ အခု တာသိတာကို သွားရပါတော့မယ်။ ဘုန်းကြီးဘုရားကိုလည်း ပြန်လာရင် လျှောက်လိုက်ပါ။ အဒေါ်လည်း တရားကို ကြိုးစားရှုမှတ်ပြီး လိုက်ခဲ့ပါ"

"ဩော်. . .ဟဲ့ - မိနှင်းမြ၊ နင်တို့အိမ်က ငါ အခုပဲ ပြန်လာတယ်။ နင်လေ ဇရပ်မှာ မရှိတော့ဘူးလားဟင်။ အေးပါဟယ်. . .နှင်းမြရယ်၊ နင်တော့ ဟန်ကျသွားပြီပေါ့။ ငါ့မှာ ဘယ်လိုနေရဦးမယ်တောင် မသိသေးပါဘူး"

"ဘယ်သူတွေ ဘာပြောပြော တရားကိုသာ ကြိုးစားအားထုတ်ရစ်ပါ အဒေါ်ရယ်။ ကဲ - သွားတော့မယ်"

"သွားပေတော့ သူတော်ကောင်းမကြီးရေ။ သွားပေတော့၊ သွားပေတော့။ သာဓုတော်. . .သာဓု. . .သာဓု။ နှင်းမြ. . . နင့်မတော့ ဟန်ကျလိုက်လေခြင်း"

ဒေါ်အင်ဖြူတစ်ယောက် မျက်စိတစ်ဆုံး ကောင်းကင်သို့ မော့ကြည့်ကာ ဝမ်းနည်းဝမ်းသာ ကြောင်ကြောင်ကြီးရပ်လျက် ငေးမောကျန်ရစ်လေ၏။

"အဒေါ်ကြီး. . .အဒေါ် မအင်ဖြူ၊ နေကောင်းသွားပလား။ စကားတွေ တဖောင်ဖောင်နဲ့"

အိမ်နီးချင်းများက လှမ်းပြီး လူမမာ မေးခြင်းဖြစ်၏။ အိမ်နီးချင်း အမျိုးသမီးသုံးလေးဦးက လူသံသူသံကြား၍ ဒေါ်အင်ဖြူအိမ်ဘက်သို့ပင် လူမမာမေးရန် ရောက်လာကြသည်။

"အဒေါ်. . နေကောင်းသွားပလား။ နေမကောင်းဘူးသာ ဆိုတယ်၊ စကားတွေလည်း ဖောင်လို့၊ ခုနက ဘယ်က ဧည့်သည်လာတာလဲ"

ဒေါ်အင်ဖြူမှာ နေမကောင်းသည်ကို မေ့ပျောက်ကာ အမောတကော ပြောချင်ဇောနှင့်. . .

"ဟဲ့ - ခုနက နှင်းမြလာတာ၊ နင်တို့ မမြင်လိုက်ဘူးလား။ လှလိုက်တာဟယ်၊ လှလိုက်တာ။ နှင်းမြတစ်ယောက် ဘယ်လိုလှမှန်း မသိဘူး"

ဟု ပြောဆိုနေသော်လည်း သူ့စကားကို အိမ်နီးချင်းများမှာ နားမလည်နိုင်အောင် ရှိကြလေ၏။ အကြောင်းစုံ မေးမြန်းပြောပြကာမှ အားလုံး အံ့အားသင့်ကုန်ကြတော့သည်။

"ဩော်. . .ဒီလိုကိုး။ ထူးတော့ ထူးပါတယ်ဆိုပြီး အဒေါ့်အိမ်ဘက် ထွက်လာခဲ့တာ။ အဒေါ်ပြောနေတဲ့ စကားကိုတော့ ကြားနေရသားပဲ။ ဘာလဲတာ အသေအချာ မသဲကွဲတာ။ မနှင်းမြအသံကိုတော့ ကျွန်မတို့ မကြားမိဘူး"

ညောင်ပင်ဆိပ်ရွာကလေးသည် မှောင်စပျိုးလာ၍ ရွာရိုးတစ်လျှောက် ဟိုမှသည်မှ စားသောက်ပြီးသူများ လမ်းသလားနေကြ၏။ နေဝင်သွားပြီဖြစ်သဖြင့် ကျောင်းဘက်ဆီမှ အုံးမောင်းထိုးသံပင် ထွက်ပေါ်လာလေ၏။ ဒေါ်နှင်းမြ၏ ဆွေမျိုးများ ကျောင်းဘက်သို့ အပြေးသွားကြရာ ဒေါ်နှင်းမြ နေသော ဇရပ်ကလေးတွင်ကား လူစလူနပင် မတွေ့ရ။ ကျောင်းဘုန်းကြီးများ၊ ယောဂီများပင် ဒေါ်နှင်းမြအကြောင်း သိရှိကြပုံ မရသေး။ ဇရပ်ပေါ်သို့ သွား၍ ကြည့်သောအခါ ဖျာကလေးတစ်ချပ်ပေါ်တွင် လက်အုပ်ချီမပျက် စောင်းလျက် လဲလျောင်းနေသော ဒေါ်နှင်းမြအလောင်းကို တွေ့မြင်ကြရလေ၏။ (သာသနာ့ဝင် ကျောက်တိုင်ကြီးစာအုပ်မှ)■

* * *

ဓမ္မာစရိယဦးဒွေးလှိုင်



www.burmeseclassic.com

www.burmeseclassic.com


# ရှိစက်တာစတုန်း၊ မြစေတီကျောက်စာနဲ့ ကျေးဇူးသိတတ်သော သား

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



ဒုတိယတန်း၊ မြန်မာဖတ်စာ၊ အခန်း (၁၄)မှာ “ရာဇ သားလိမ္မာ”ဆိုတဲ့ မြန်မာ့သမိုင်းဆိုင်ရာ ဖတ်စာ ပါတယ်။ အဲဒီမှာ ကလေးတွေ ဖတ်လို့လွယ်အောင် ရှင်းရှင်းရေးထားတာက (အနော်ရထာ အမျက် ၍ ပုဂံသူရဲကောင်း ကျန်စစ်သားသည် ကြောင်ဖြူ တွင် ပုန်းရှောင်နေစဉ် မထီးတုမ သမ္ဘူလနှင့် တွေ့ဆုံ ခဲ့၊ အနော်ရထာ၏ သားတော် စောလူးမင်း တွင် ပုဂံပြန်လာခဲ့၊ သမ္ဘူလအား သားမွေးဖွားသော ရန် မှာခဲ့။ ထိုသား ၇နှစ်ရွယ်တွင် ကျန်စစ်သား မင်းဖြစ်လာ၊ သမ္ဘူလလည်း သားငယ်ကို လက်ဆွဲလျက် နန်းတော်သို့ လိုက်ခဲ့။ ဦးခေါက်ပန်းဘွဲ့ဖြင့် မိဖုရားမြှောက်၊ လက်ဝတ်တန်ဆာ ရတနာနှင့် ကျွန်သုံးရွာ ပေးသနား။ ရာဇကုမာရ်ကိုကား ဇေယျခေတ္တရာဘွဲ့ပေး၍ ဓညဝတီနှင့် တောင်စဉ် ခုနစ်ခရိုင်ကို ပေးသနား။ မယ်တော် နတ်ရွာစံ သော် အမိပိုင်များကို အမွေရ။ ပုဂံနန်းတွင် (၂၈)နှစ် အုပ်စိုးပြီးသော ကျန်စစ်မင်းကြီး နာမကျန်းဖြစ်။ မိမိအား ပေးခဲ့သော ရတနာတို့ကို ထုခွဲကာ ရွှေဆင်းတုသွန်းလုပ်ပြီး ဆင်းတုနှင့် ကျွန်သုံးရွာကို ဖခင်အတွက် လှူဒါန်းပေးပေ

www.burmeseclassic.com




ခဲ့။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၊ မြင်းကပါအရပ်တွင် ဂူပြောက်ကြီးဘုရားတည်၍ ရွှေဆင်းတုကို ဗြာပနာကာ သားတော်က လှူဒါန်းလိုက်၊ ဖခင် မင်းကြီးလွန်သော်ထိုအကြောင်း ကျောက်စာရေးထိုးကာ မှတ်တမ်းတင်ပေးခဲ့ကြောင်းများပါ။) ရာဇကုမာရ်မင်းသားကို ကျေးဇူးသိသောသားလို့ ဖော်ကျူးချင်ပုံရပါတယ်။ မူလတန်း၊ ကျောင်းသုံးစာအုပ်မှာ ထည့်သွင်းထားရတာက ကလေးတွေကို မိဘကျေးဇူးသိတတ်ပြီး လိမ်မာစေချင်ပုံရပါရဲ့။

မြန်မာပြည်က ကလေးတွေကို ဒီလို အသိပညာပေးခဲ့ရတဲ့ ရာဇကုမာရမင်းသားအကြောင်းနဲ့ ဆက်စပ်ပြီး မြန်မာစာပေနယ်မှာ အထင်ကရရှိခဲ့တဲ့ ရာဇကုမာကျောက်စာကို သတိရမိပါတယ်။ အဲဒီ ကျောက်စာကမှဏာစ်ဆင့် ကမ္ဘာမှာ ကျော်ကြားတဲ့ အခြားကျောက်စာတစ်ခုကိုလည်း မြင်ယောင်မိရဲ့။ ကိုယ်တို့ မဟာဝိဇ္ဇာတန်းတက်တုန်းက ဆရာကြီးဒေါက်တာ ခင်မောင်ညွှန့် မကြာခဏ နှိုင်းယှဉ်ပြခဲ့လို့လည်း ပူးတွဲမြင်ယောင်နေခဲ့တာပါ။ ဆရာက အဲဒီ ရိုစက်တာစတုန်းကို တကယ်လည်း နိုင်ငံခြားက ပြတိုက်မှာ မြင်ခဲ့ဖူးတော့ "ဆရာတို့ ရာဇကုမာရ်ကျောက်စာကိုလည်း အဲဒီကျောက်စာလို ပြတိုက်ကောင်းကောင်းမှာ တခမ်းတနား ပြချင်လိုက်တာ"လို့ ပြောပါသေးတယ်။


## ရိုစက်တာစတုန်းကျောက်စာနဲ့ မြစေတီကျောက်စာ

ရိုစက်တာစတုန်းကျောက်စာ (Rosetta stone inscription) နဲ့ မြစေတီကျောက်စာ (Myazedi stone inscrip-tion)ဟာ ကမ္ဘာ့သမိုင်းထဲမှာတော့ ဖြစ်တည်ရာနိုင်ငံချင်းမတူသလို ရေးထိုးရာ အချိန်ကာလလည်း နှစ်ပေါင်းများစွာကွာခြားကြပြီး ယဉ်ကျေးမှုခြင်း၊ အနုပညာခြင်းလည်း အဟပ်ကွာလှပါရဲ့။ ဒါပေမယ့် သူတို့ချင်းရဲ့ သမိုင်းတန်ဖိုးချင်းကတော့ အလွန်ပဲ တူညီလှပါတယ်။ မြစေတီကျောက်စာကို အေဒီ ၁၁၁၃ ခုနှစ်၊ မြန်မာနှစ် ၄၇၇ ခုနှစ်မှာမှ ရေးထိုးခဲ့တာဖြစ်ပေမယ့် ရိုစက်တာစတုန်းကိုတော့ ခရစ်တော်မပေါ်မီ ဘီစီ ၁၉၆ခုနှစ်၊ အီဂျစ်ဘုရင် တော်လမီ(Egyptian King Ptolemy)နန်းစံတဲ့ လက်ထက်မှာ ရေးထိုးခဲ့တာပါ။ မြစေတီကျောက်စာကို ကျန်စစ်သားမင်းကြီး (အေဒီ ၁၀၈၄-၁၁၁၂)ရဲ့ သားတော် ရာဇကုမာရ်(Prince Rajakumar)က ရေးထိုးခဲ့တာဖြစ်ပြီး၊ ရာဇကုမာရမင်းသားရဲ့ ကျောက်စာဖြစ်မို့လို့ ကျောက်စာပါ အကြောင်းအရာကတော့ မင်းသားရဲ့ အလှူဒါနမှတ်တမ်းနဲ့ ဘာသာရေးဆိုင်ရာ ရည်ညွှန်းချက် (Religious Dedication) ဖြစ်ပါတယ်။ အဲဒီခေတ်က ရေးထိုးလေ့ရှိတဲ့ အလှူမှတ်တမ်းမျိုးမို့ ကျောက်စာတစ်ခုလုံး ဘာသာရေးကိစ္စ (religious matter)တွေပဲ ထုံမွမ်းနေပါတယ်။ ဒါပေမယ့် ရိုစက်တာစတုန်းမှာတော့ ဘာသာရေးယုံကြည်ချက်(religious beliefs)များအတွက် ဘုရင်က ထုတ်ပြန်တဲ့ အမိန့်စာတမ်း (a royal order)ကို ရေးထိုးထားတာပါ။

အဲဒီလို ကွဲပြားချက်တွေ ရှိပေမယ့် ကျောက်စာနှစ်ခုလုံးဟာတော့ ဘာသာရေးအကြောင်းအရာ(religious matter)တွေသာ ဖြစ်ကြရဲ့။ မြစေတီကျောက်စာဟာ ရှေးခေတ်ပဟောင်း ပုဂံပြည်ရဲ့ သမိုင်းကြောင်းအတွက် အလွန်



www.burmeseclassic.com



အသီးသီးက ကိုယ်တို့ သိချင်တဲ့ သုတေသနလုပ်ထိုက်တဲ့ အကြောင်းအရာတွေ လျှံမိုးနေလေရဲ့။ ထိုခေတ် ထိုအခါ ထိုအချိန်များဆီက သမိုင်း(history)၊ လူမှုဗေဒ(sociology)၊ ဓလေ့ထုံးစံများ(customs and traditions)၊ ယဉ်ကျေးမှု(culture)နဲ့ ဘာသာစကားဖြစ်ပေါ်မှုဆိုင်ရာ ဝေါဟာရဗေဒ(philo-logy)များကို လေ့လာ သုတေသနပြုသူတွေ အဖို့ လိုအပ်တဲ့ အချက်အလက်အတော်များများကို ပေး (data contributory) ပါတယ်။

**မြစေတီကျောက်စာ (Epigraph)**

မြစေတီကျောက်စာကို ပုဂံမြို့ဟောင်းရဲ့ တောင်ဘက်၊ မြင်းကပါ(Myinkaba)ရွာအနီးက မြစေတီဘုရားမှာ တွေ့ရှိခဲ့တာပါ။ အဲဒါကြောင့်လည်း ရှာဖွေတွေ့ရှိခဲ့ရာ ဘုရားရဲ့ အမည်ကို စွဲလို့ မြစေတီကျောက်စာလို့ အမည်တွင်ခဲ့ပါတယ်။ မြစေတီကျောက်စာမျိုး ဆင်တူနှစ်ခုရှိပြီး၊ တစ်ခုကို ပုဂံပြတိုက်မှာ ပြသထားပါတယ်။ အဲဒီ တစ်ခုကို ၁၈၈၆-၈၇ ခုနှစ်မှာ ဂျာမန်လူမျိုး၊ ပါဠိဘာသာပညာရှင်ဖြစ်တဲ့ ဒေါက်တာ ဖိုချမ်းမား(Dr.Forchammar)က ရှာဖွေတွေ့ရှိခဲ့တာပါ။ သူဟာ ကျောက်စာဌာန (The Epigraphic Office) ရဲ့ ကျောက်စာဝန်လည်း ဖြစ်ပါတယ်။ အဲဒီ ကျောက်စာဟာ သုံးပိုင်း ပိုင်းပြတ်နေပါတယ်။ မြစေတီဘုရားရင်ပြင်မှာ စိုက်ထူထားတဲ့ ကျောက်စာကိုတော့ ဂူပြောက်ကြီးဘုရားမှာ တွေ့ခဲ့တာပါ။ ကျောက်စာနှစ်ခုလုံးဟာ တူညီနေပြီး ပုဂံခေတ်တုန်းက ရာဇကုမာရ်မင်းသား (Prince Rajakumar) စိုက်ထူခဲ့တာချည်း ဖြစ်ပါတယ်။ အဲဒီလို တွေ့ရှိခဲ့ရမှုတွေကြောင့် မြန်မာသမိုင်းမှာတော့ ဒီကျောက်စာကို မြစေတီကျောက်စာလို့လည်း ခေါ်ရဲ့၊ ဂူပြောက်ကြီးကျောက်စာလို့လည်း ခေါ်တတ်ရဲ့၊ တချို့ကလည်း ရာဇကုမာရ် ကျောက်စာလို့ ခေါ်ကြသေးတယ်။ မြစေတီကျောက်စာဟာ မြန်မာပြည်မှာ ရှာဖွေတွေ့ရှိရတဲ့ အစောဆုံးသော ကျောက်စာတွေထဲက တစ်ခုပေါ့။

ပုဂံပြတိုက်မှာ ပြသထားတဲ့ မြစေတီကျောက်စာဟာ သဲကျောက်မှာ ရေးထိုးထားတဲ့ လေးထောင့်ပုံ ကျောက်စာတိုင်ဖြစ်ပါတယ်။ အမြင့် ၅ ပေ ၁၁ လက်မရှိပြီး အကျယ် ၁ပေ ၂လက်မပါ။ စာတန်းတွေ ရေးထွင်းထားတဲ့ ဧရိယာကတော့ ၃ပေခွဲအမြင့်အတွင်းမှာပါ။ မြစေတီဘုရားရင်ပြင်မှာ တွေ့ရတဲ့ ကျောက်စာရဲ့ မျက်နှာစာဟာ အခြားမျက်နှာစာနှစ်ဖက်ထက် ပိုကျယ်ဝန်းပါတယ်။

မြစေတီကျောက်စာတွေဟာ လေးထောင့်ပုံပြီး

...နေပါတဲ့ သက်သေဖြစ်သလို၊ ရှိစက်တာစတုန်းကလည်း ...ဟောင်း အီဂျစ်သမိုင်းကြောင်းအတွက် အလွန်အရေးကြီး ...ပါတယ်။ ဒီကျောက်စာနှစ်ခုလုံးမှာ သက်ဆိုင်ရာ နိုင်ငံ


www.burmeseclassic.com

မျက်နှာပြင်တိုင်းမှာ မတူညီတဲ့ ဘာသာစကား (Language) တွေနဲ့ စာတွေ ရေးထိုး(engraved)ထားပါတယ်။ ဘာသာစကားလေးမျိုး ပါဠိ (Pali)၊ မြန်မာ (Myanmar)၊ မွန် (Mon)နဲ့ ပျူ(Pyu)ဘာသာတွေပဲ ဖြစ်ကြတယ်။ ဒါ့ကြောင့်မို့လည်း မြစေတီကျောက်စာရဲ့ ကျေးဇူးကြောင့်ပဲ ပျူစာလုံးတွေကို အဓိပ္ပာယ်ဖော် (To Decipher Pyu letters)နိုင်ခဲ့ပါတယ်။

မြစေတီကျောက်စာက ဘာတွေ ပြောခဲ့သလဲဆိုရင် ရာဇကုမာရ်မင်းသားက "သူဟာ ကျန်စစ်သားမင်းနဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ သမ္ဗုလ(Consort Thanbula)ကနေ မွေးဖွားလာခဲ့သူဖြစ်တယ်။ ကျန်စစ်သား နန်းတက်ချိန်မှာမှ သမ္ဗုလနဲ့ သားတော်လေးဟာ ပုဂံနန်းတော်ကို ရောက်ရှိလာခဲ့တယ်။ ကျန်စစ်သားမင်းက သမ္ဗုလကို ဦးဆောက်ပန်း (Queen Uhsaukpan)ဆိုတဲ့ အမည်နဲ့ မိဖုရားအရာ မြှောက်စားကြည့်ရှုခဲ့တယ်။ သူ ပစ်ပယ်ထားသလို ဖြစ်ခဲ့တဲ့ သားတော်လေး(his estranged son) ရာဇကုမာရ်ကိုတော့ မင်းသား (Prince)ဘွဲ့ပေးပြီး၊ ဓညဝတီ တောင်စဉ်ခုနစ်သွယ် (Districts of Dannya-wadi hill region)ကို အပိုင်စားစေခဲ့တယ်။ အဲဒီအချိန်မှာ ကျန်စစ်မင်းကြီးဟာ သူ့ရဲ့ အခြားသော မိဖုရားတစ်ပါးကနေ မွေးတဲ့ မြေးတော် အလောင်းစည်သူကို သူ့အရိုက်အရာဆက်ခံဖို့ နန်းမွေပေးပြီးစဖြစ်လို့ သားတော်အရင်းကို နန်းလွှဲမပေးနိုင်တော့ပါဘူး။ ဒါ့ကြောင့်လည်း မြန်မာရာဇဝင်မှာ ကျန်စစ်မင်းကြီးကို ကတိသစ္စာတည်တဲ့မင်းလို့ မှတ်ကျောက်တင်ကြပြီး "သားကား အဖျား၊ မြေးကား အရင်း"ဆိုတဲ့ စကားလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒီလို နန်းမွေဆက်ခံခွင့် ဆုံးရှုံးခဲ့ရပေမယ့် ရာဇကုမာရ်ဟာ ခမည်းတော် ကျန်စစ်မင်းကြီးအပေါ်မှာ စိတ်ကွက်အငြိုးထားခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် သစ္စာရှိတဲ့ သားကောင်းရတနာတစ်ပါးဖြစ်ကြောင်း သားသမီးဝတ္တရားကျေပွန်စွာနဲ့ သက်သေပြဖို့ အခွင့်အလမ်းကို ရှာခဲ့ပါတယ်။ သူ့ဖခမည်းတော် သက်ရွယ်ကြီးရင့်ပြီး ကြွေလွင့်လုလုအချိန်၊ သေအံ့မူးမူး (deathbed)မှာ ရာဇကုမာမင်းသားဟာ ရွှေဆင်းတုတော်တစ်ခုသွန်းလုပ်ပြီး ဂူပြောက်ကြီးဘုရားမှာ ဌာပနာခဲ့ပါတယ်။ အဲဒီဘုရားပြီးတဲ့အခါမှာ သူ့ကို သူ့ခမည်းတော်ပေးခဲ့တဲ့ ရွာသုံးရွာကိုလည်း ဘုရားကို အလုပ်အကျွေးပြုဖို့ လှူလိုက်ပါသေးတယ်။ ဒီလိုလုပ်ခြင်းဖြင့် သူ့အဖေအပေါ်ထားတဲ့ သူ့မေတ္တာကို ပြရာရောက်သလို၊ သူဟာ သားသမီးဝတ္တရားကျေပွန်တဲ့ သား၊ ကျေးဇူးသိသောသားလို့ သက်သေပြလိုက်ခြင်းလည်း ဖြစ်ပါရဲ့။

သူ့ဖခမည်းတော် သက်တော်ထင်ရှားရှိစဉ် ဆရာတော်ထေရ်ကြီး ဝါကြီးများရှေ့မှောက်မှာ သူ့ကုသိုလ်တော်စေတီကြီးကို ဖခင်အတွက် ရည်ညွှန်းပြီး ရေစက်သွန်းချ(Libation) လှူဒါန်းတော်မူခဲ့ပါတယ်။ သူပြုသမျှ ကုသိုလ်ဒါနအဝဝကို အမျှဝေတဲ့အခါ အဖေကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ပြီး သာစုသုံးကြိမ်ခေါ်တော်မူလေရဲ့။ အဲဒီ အကြောင်းအရာဖြစ်စဉ်များကို ကျောက်စာရေးထိုးပြီးလည်း ဘုရားမှာ စိုက်ထူပေးခဲ့ပါတယ်။ ကျောက်စာမှာ သူတို့သားအဖရဲ့ အဖြစ်အပျက်တွေသာမက သူ့ရဲ့ဆုတောင်း (wish)နဲ့ ကျိန်စာ (curse)များကိုလည်း အဲဒီခေတ်က ဓလေ့အတိုင်း ထည့်သွင်းရေးထိုးခဲ့လေရဲ့။ ဆုတောင်းကတော့ သူ့ရဲ့ ဘာသာရေးအတွက် လှူဒါန်းပြုလုပ်တဲ့ ကုသိုလ်အဝဝကို ဖခမည်းတော်ရရှိခံစားပြီး ဘဝများစွာရဲ့ အဆုံးမှာ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိပြီး ဘုရားစင်စစ်ကေန်ဖြစ်ပါစေပေါ့။

သူ့ ကျိန်ဆိုတာကတော့ ပုဂံခေတ်ကဗုဒ္ဓဘာသာဝင်များ အင်မတန်ကြောက်တဲ့ ကျိန်စာနဲ့ပေါ့။ သူတည်ထားတဲ့ ဘုရားနဲ့ ဘုရားကို လှူထားတဲ့ ကျွန်သုံးရွာကို ဖျက်ဆီး၊ ထိခိုက်၊ စော်ကား၊ နှိပ်စက်ညှင်းပန်းရင်၊ နောက်ပွင့်မယ့် ဘုရား မေတ္တေယျ (Meteya)ကို မဖူးရပါစေနဲ့တဲ့။

မြစေတီကျောက်စာက အရေးအသားတွေဟာ မြန်မာ့ရေးအကျဆုံး စကားပြေ (The oldest Myanmar Prose) ဖြစ်ပါတယ်။ ဝါကျတွေဟာ တိုတောင်းပြီး၊ အဓိပ္ပာယ်ထိမိလှတယ်။ ဆိုလိုရင်းကိုလည်း တိုက်ရိုက်ရောက်တယ်။ အဲဒီကျောက်စာ လေးထောင့်တိုင်ပတ်လည်မှာ လေးမျက်နှာရေးထိုးတားတဲ့ ဘာသာစကားလေးမျိုး (မြန်မာ၊ ပါဠိ၊ မွန်၊ ပျူစာပေ)ကြောင့် ထိုခေတ်ထိုအခါ ပုဂံနေပြည်တော်မှာ စာပေလေးဘာသာ ထွန်းကားနေတယ်လို့လည်း ခိုင်မာစွာ ပြောနိုင်ပါရဲ့။ တကယ်တော့ အဲဒီအချိန်မှာ ပါဠိနဲ့ မွန်စာပေတွေရဲ့ အကျဖြစ်ပြီး၊ မြန်မာစာပေ အားယူနေချိန်ပါ။ ဒီကျောက်စာအရေးအသားကတော့ စံအမှတ်(benchmark) ဖြစ်နေလေရဲ့။ ကျောက်စာမှာ ဖော်ပြထားတဲ့ ကျန်စစ်သားမင်းကြီး နန်းတက်ချိန်၊ အုပ်စိုးချိန်နဲ့ နတ်ရွာစံချိန်တွေကို အခြေခံပြီးတော့လည်း အနော်ရထာ၊ စောလူး၊ အလောင်းစည်သူ စတဲ့ မြန်မာမင်းတွေရဲ့ နန်းစံချိန်များကို ခန့်မှန်းတွက်ဆနိုင်ခဲ့ပြန်ပါတယ်။ ဒါ့အပြင် ကျောက်စာပါ ကျေးဇူးသိတတ်တဲ့ သားရဲ့ ပြုမူချက်တွေဟာလည်း အဲဒီခေတ်အခါက ဖခင်နဲ့ သားသမီးများရဲ့ လူမှုဆက်ဆံရေး (the parents-children social relations)ကို ပြနေလေရဲ့။



## ရိုစက်တာစတုန်းကျောက်စာ

ရိုစက်တာစတုန်းကျောက်စာ (Rosetta Stone)ဟာ ရှေးဟောင်း အီဂျစ်ကျောက်တုံးပြားဖြစ်ပြီး၊ သူ့အပေါ်မှာ ဘာသာမျိုးစုံရဲ့ စာလုံးတွေကို ရေးသား သယ်ဆောင်ထားပါတယ်။ မြစေတီကျောက်စာက လေးမျက်နှာထိုးဖြစ်ပြီး၊ ရိုစက်တာစတုန်းကတော့ မျက်နှာပြင်တစ်ခုထဲမှာ စုပေါင်းရေးထိုးထားတာပါ။ တွေ့ရှိပြီးတဲ့နောက်မှာ ကြိုးစားပမ်းစား အဲဒီစာလုံးတွေရဲ့ အဓိပ္ပာယ်ကို ဝှက်စာဖော် (Decipherment)ကြည့်တဲ့အခါ ရှေးအီဂျစ်တွေရဲ့ အရုပ်စာရေးနည်း (Hieroglyphic writing)ကိုပါ နားလည်လာခဲ့ကြရတယ်။


ဒီကျောက်စာကိုတော့ အီဂျစ်နိုင်ငံ၊ နိုင်းမြစ်ဝှမ်းရဲ့

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်ဒေသ (The Nile Delta)က ရိုစက်တာ (Rosetta-Rashid)ဆိုတဲ့ ရှေးဟောင်းမြို့လေးအနားက တွေ့ခဲ့တာပါ။ အဲဒီမြို့လေးဟာ ရှေးခေတ် အီဂျစ်မြို့တော် အလက်ဇန္ဒြီးယား(Alexandria)မြို့ရဲ့ အရှေ့မြောက်အရပ် ၃၅မိုင် (၅၆ ကီလိုမီတာ)အကွာမှာ ရှိပါတယ်။ ဒါကြောင့် လည်း အဲဒီမြို့လေးကို အစွဲပြုပြီး "ရိုစက်တာစတုန်း"လို့ အမည်တွင်သွားခဲ့တယ်။

ရိုစက်တာစတုန်းကို စတင်တွေ့ရှိတဲ့ အချိန်ဟာ ၁၇၉၉ ခုနှစ်၊ ဩဂုတ်လအတွင်းပေါ့။ ပြင်သစ်ဘုရင် ပထမမြောက် နပိုလီယံ(Napoleon I)ဆင်နွှဲခဲ့တဲ့ နိုင်းမြစ်တိုက်ပွဲ (the Battle of Nile)ကာလအလွန်ဖြစ်ပါတယ်။ (Bouchard-Boussard)ဆိုတဲ့ ပြင်သစ် စစ်ဘက်အရာရှိတစ်ဦးက တွေ့ရှိခဲ့တာပါ။ ၁၈၀၁ ခုနှစ်မှာတော့ အင်္ဂလိပ်တွေက ပြင်သစ်တွေကို နိုင်လိုက်ပြန်ပြီး အလက်ဇန္ဒြီးယားမြို့ကို သိမ်းပိုက်လိုက်တယ်။ ဒီနောက်တော့ အင်္ဂလိပ်တွေလက်ထဲ ကျရောက်သွားတဲ့ အဲဒီမြို့ကနေ ရိုစက်တာစတုန်းကို အင်္ဂလန်ကို သယ်သွားကြပြန်လေရဲ့။ အဲဒီလိုနဲ့ ရိုစက်တာစတုန်းလည်း အင်္ဂလန်ကို ရောက်သွားခဲ့ပြီး လန်ဒန်မြို့တော်က ဗြိတိသျှပြတိုက်(The British Museum)မှာ ပြသထားလိုက်ကြပါရော။

ရိုစက်တာစတုန်းဟာ မီးတောင်ချော်ရည်က ဖြစ်တဲ့ (Lava type)ကျောက်အမျိုးအစား ဂရင်းနိုက် (granite) ကျောက်မျိုး၊ မီးတောင်ချော်ကျောက် ဘဆော့ကျောက်နက်(Basalt)ဖြစ်လို့ အနက်ရောင်ရှိတယ်။ ပုံပန်းတကျ



ညီညီညာညာမရှိလှတဲ့ အဲဒီအနက်ရောင် ကျောက်တုံးပြားကြီး(slab)ဟာ ၃ပေ ၉လက်မ (၁၁၄ စင်တီမီတာ) အမြင့်၊ ၂ပေ ၄လက်မခွဲ(၇၂စင်တီမီတာ)အရှည်၊ ၁၁လက်မ ထုနဲ့ ကျိုးပဲ့နေတဲ့ ရှေးဟောင်းပစ္စည်းကြီး ဖြစ်ပါတယ်။ ကျောက်စာရဲ့ အပေါ်ပိုင်းနဲ့ လက်ျာဘက်ထောင့်တွေ ကျိုးပဲ့နေတာတောင် အတော်ကြီးတဲ့ ကျောက်စာပါ။ ဒါပေမယ့် မြစေတီကျောက်စာက ပိုမြင့်ပြီး ရိုစက်တာစတုန်းက ဖြက်ပိုကျယ်ပါတယ်။


ကျောက်စာကို ကြည့်လိုက်တာနဲ့ (Memphis)က ဘာသာရေးခေါင်းဆောင်တစ်ဦးဦး ရေးဖွဲ့ထားတယ်ဆိုတာ ပေါ်လွင်သိသာနေပါရဲ့။ ရည်ညွှန်းထားတာကတော့ ပဉ္စမမြောက် တော်လမီဘုရင် (Ptolemy V Epiphan) (၂၀၅-၁၈၀ ဘီစီ)ကို ဖြစ်ပြီး မင်းကြီးရဲ့ နန်းစံ ကိုးနှစ်မြောက်မှာ နန်းတက် ဘိသိက်ပွဲအထိမ်းအမှတ်အနေနဲ့ (၁၉၆ ဘီစီ)မှာ ရေးထိုးခဲ့တာပါ။ ကျောက်စာရဲ့ မျက်နှာပြင်မှာ အီဂျစ် (Egyptian)၊ ဂရိ(Greek) ဘာသာစကား(Languages) နှစ်မျိုးနဲ့ ရေးသားခဲ့တာဖြစ်ပြီး အရေးအသားစနစ် (writing systems) သုံးမျိုးသုံးပြီး ရေးထိုးထားပါတယ်။ အဲဒါတွေကတော့ အီဂျစ်အရုပ်စာ(Egyptian Hieroglyphics)၊ ဒီမိုတစ်စာ (Domotic letters-Demotic characters-Demotic script)နဲ့ ဂရိစာ (Greek letters-Greek alphabet)တွေနဲ့ပေါ့။ ရိုစက်တာ ကျောက်စာတိုင်ရဲ့ အပေါ်ပိုင်းဟာ အီဂျစ်အရုပ်စာတွေဖြစ်ပြီး အလယ်မှာတော့ ဒီမိုနှစ်အရေးအသားတွေ ရှိကာ၊ ဂရိစာတွေကိုတော့ အောက်ဆုံးမှာ ရေးထားတာပါ။ အဲဒီ စာပေအရေးအသားတွေကြောင့်ပဲ မြစေတီကျောက်စာလို စာပေကျေးဇူးရှိတဲ့ ကျောက်စာဖြစ်နေပါတယ်။ ရေးသားရာမှာလည်း တွင်ကျယ်လှတဲ့ အရုပ်သုံး လက်ရေးဆက် (a cursive form)နဲ့ ရေးထားတာပါ။

မြစေတီကျောက်စာဟာ မြန်မာပြည်မှာ ရှာဖွေတွေ့ရှိခဲ့သမျှ ကျောက်စာတွေမှာ၊ အတော်လေးစောတဲ့ အစောဆုံး ကျောက်စာတွေထဲက တစ်ချပ်ပေါ့။ ရိုစက်တာစတုန်းကျောက်စာကိုတော့ ၁၈ ရာစုမှာ တွေ့ရှိခဲ့ရပေမယ့် ဘီစီခေတ်တွေထဲက ထွင်းထုခဲ့တာပါ။ ဒါကြောင့်မို့လည်း အီဂျစ်နိုင်ငံသမိုင်းအတွက် အလွန်အရေးကြီးလှတဲ့ ကျောက်စာဖြစ်နေရဲ့။

ရိုစက်တာစတုန်းကျောက်စာမှာ ရေးထိုးထားတဲ့ ရှေးခေတ် အီဂျစ်ပုံပြအရေးအသား (ancient pictorial


www.burmeseclassic.com


www.burmeseclassic.com




rittings of Egypt)တွေကြောင့်လည်း ဒီကျောက်စာကို
တ်နိုင်၊ အဓိပ္ပာယ်ဖွင့်ဆိုနိုင်(interpreted) ခဲ့ကြတာပါ။
အစပိုင်းတုန်းကတော့ အီဂျစ်အရုပ်စာတွေဟာ လေ့လာသူ
ညာရှင်တွေအတွက် ပဟေဠိ ပုစ္ဆာတွေပဲ ဖြစ်နေရဲ့။ ဒါပေ
ယ့် နောက်ဆုံးမှာတော့ အဖြေထုတ်နိုင်ခဲ့ကြတယ်။ ပိုပြီး
အဆင်ပြေသွားတာကတော့ အကြောင်းအရာတစ်ခုတည်း
ကိုပဲ ကျောက်စာတစ်ချပ်တည်းပေါ်မှာ မတူညီတဲ့ ဘာသာ
စကားသုံးမျိုးနဲ့ ရေးထိုးထားခဲ့လို့ပါ။ ပထမဆုံး ဂရိစာတွေကို
တ်နိုင်ခဲ့ပြီး၊ အဓိပ္ပာယ်ပေါ်လာတော့ ဒိမိုတစ်စာတွေကို
ည်း အနက်ဖော်နိုင်ခဲ့ပြန်ပါတယ်။ ဒုတိယအဆင့်မှာတော့
တစ်စာတွေကြောင့် အီဂျစ်အရုပ်စာတွေကို တဖြည်းဖြည်း
အဓိပ္ပာယ်ဖွင့်ဆို ဘာသာပြန်(translate)နိုင်ခဲ့တယ်။

ရိုစက်တာစတုန်းကို ပထမဆုံး အဓိပ္ပာယ်ဖော်နိုင်ခဲ့
သူကတော့ အင်္ဂလိပ်လူမျိုး၊ ဝေါဟာရဗေဒပညာရှင်
hilolo-gist)၊ သောမတ်ရန်း (Thomas Young)ပါ။
စက်တာစတုန်းပေါ်က အီဂျစ်အရုပ်စာတွေမှာ ဆင်တူတဲ့
ပုံ စာလုံးတွဲတွေ ဖြခုလောက် (identical cartouches-
al figures)ပါနေတယ်။ ရန်းဟာ အရုပ်စာထဲက အဲဒီ
စကားလုံးတွေကို ရွေးထုတ်ပြီး၊ ဒါမျိုးကို အခြားကျောက်စာ
တွေမှာလည်း တွေ့ရတာ သတိထားမိပြီး နန်းသုံး စကား
သုံးဖြစ်မယ်လို့ တွေးမိရာက တော်လမီ(Ptolemy)ဆိုတဲ့
အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်ခဲ့တာပါ။ ဒါပေမယ့် ရိုစက်တာ
စတုန်းပေါ်က အရုပ်စာအားလုံးကို အဓိပ္ပာယ်ဖော်နိုင်ခဲ့သူ
ကတော့ ပြင်သစ်ပညာရှင် ယွန်းဖရန်စစ်ချန်ပေါလီယန် (Jan
Francoius-J.F Cham-pollion)ပဲ ဖြစ်ပါတယ်။ သူဟာ
၁၈၂၁-၂၂ခုနှစ်မှာ သောမတ်ရန်း ချန်ထားရစ်တဲ့ နေရာက
စပြီး ဆက်လက်လေ့လာခဲ့တယ်။ အရုပ်စာတွေထဲက ငှက်
တွေရဲ့ လားရာ၊ အကောင်ပလောင်တွေရဲ့ မျက်နှာမူရာတွေ
ကို ဆန်းစစ်ပြီး အရုပ်စာသင်္ကေတ(Hieroglyphic signs)
တွေကို ဖတ်နိုင်ခဲ့တာပါ။


သူဟာ ရိုစက်တာစတုန်းကို အခြေတည် လေ့လာပြီး
တဲ့နောက် အရုပ်စာအရေးအသားနဲ့ အနက်အဓိပ္ပာယ်ဖော်
ယူပုံတွေကို စာတမ်းပြုစုပြီး ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။
နောက်ဆုံးမှာတော့ သင်္ကေတအားလုံးကို ညီမျှတဲ့ ဂရိစာ
တွေနဲ့ နှိုင်းယှဉ်ဖော်ပြနိုင်ပြီး ပြည့်စုံတဲ့ စာရင်းဇယားတစ်ခု
ကိုပါ ဖော်ပြနိုင်ခဲ့တယ်။ သူက အချို့သော သင်္ကေတ
လက္ခဏာ(signs)တွေဟာ အက္ခရာ(alphabetic)တွေဖြစ်
ပြီး၊ အချို့ကတော့ သင်္ကေတ(syllabic)တွေ ဖြစ်တယ်၊
အချို့ကတော့ ရေးက ဖြစ်ခဲ့တာတွေနဲ့ အားလုံးသော အဖြစ်
အပျက်တွေကို ခြုံငုံပြီး စဉ်းစားစရာတွေဆိုတာပါ သိလာ
လို့ ပထမဆုံး အီဂျစ်ကျွမ်းကျင်သူပညာရှင်(Egyptologist)





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါတော့တယ်။ အဲဒါတွေအပြင် ရှိစက်တာစတုန်းက အရုပ်စာတွေကို ဂရိကတစ်ဆင့် ဘာသာပြန်တာတင်မဟုတ်ဘဲ၊ အပြန်အလှန်အနေအထားနဲ့ အရုပ်စာတွေကို ဂရိလိုပါ ပြန်ဆို ထုတ်ဝေခဲ့ပါသေးရဲ့။ ထိုသူနှစ်ယောက်ကြောင့်ပဲ၊ သူတို့ကို အခြေခံလို့ နောက်တွေ့လာတဲ့ အီဂျစ်အရုပ်စာတွေကိုလည်း ဘာသာပြန်နိုင်ခဲ့ကြတယ်။

မြစေတီကျောက်စာကတစ်ဆင့် ပုဂံခေတ် ဓလေ့ထုံးတမ်းများအကြောင်း တစေ့တစောင်းသိခဲ့ရသလိုပဲ၊ ရိုစက်တာစတုန်းကျောက်စာကလည်း ရှေးဟောင်း အီဂျစ်တွေရဲ့ ဓလေ့ထုံးစံနဲ့ ယုံကြည်မှုတွေအကြောင်း အချက်အလက်တွေရခဲ့လို့ သုတေသီများအတွက် အကျိုးရှိလှပါတယ်။ ဒါ့ကြောင့်လည်း အဲဒီ ကျောက်စာနှစ်ခုလုံးဟာ ကမ္ဘာကျော်ခဲ့တာပေါ့။ စာပေဆိုတာမျိုးကလည်း ဘယ်ခေတ် ဘယ်အခါက ရေးခဲ့ရေးခဲ့ လူသားတွေကိုတော့ အချိန်တိုင်းမှာ အကျိုးရှိနေစေတာပါပဲလေ…။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး


- ဒေါက်တာ ခင်မောင်ညွန့်၏ ရှေးဟောင်းသုတေသနပညာ မဟာဝိဇ္ဇာတန်းပို့ချချက်များ။
- Myazedi inscription. Encyclopædia Britannica. 2012.
- Rosetta Stone. Encyclopædia Britannica, 2012.

www.burmeseclassic.com



# ရန်ပုံခွင်းဝရဇိန်ဂါထာတော်

မောင်လွမ်းနွယ် (အောင်လံ)



မဟိဒ္ဓိ မဟာဓမ္မ အင်းဝိဇ္ဇာ လောကဝိဇ္ဇာဓရ နာနာနယပါရဂူ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝေပုလ္လမထေရ်မြတ်

"ဘဒ္ဒန္တဝေပုလ္လ"ဆရာတော်မှာ ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်၊ ပဓာန နာယက လောကဝိဇ္ဇာစရ၊ နာနာနယ ပါရဂူ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဝေပုလ္လ ဆရာတော် ကြီး၏ ကမ္ပည်းနာမပင် ဖြစ်ပါသည်။

ဆရာတော်ကြီး ထားရစ်ခဲ့သမျှသော ဂါထာတော်များ အနက်မှ သိကြားမင်း၏ ရန်ပုံခွင်း ဝရဇိန်ဂါထာတော်နှင့် ဆက်နွယ်၍ ဖော်ပြလိုပါသည်။

ဖော်ပြပါ ဂါထာတော်၏ အပိုဒ် ဖိုဒ်စလုံး၏ စွမ်းအား သိန္နာ နတ်တို့ကို အစိုးရသော သိကြားမင်း၏ ဝရဇိန် လက်နက်နှင့် တူလုစွာသောကြောင့် လွန်စွာစွမ်းအား ထက်မြက်လှပါသည်။ အောက်တွင် ရေးသားဖော်ပြမည့် ဂါထာတော် ဖိုဒ်ကို ခေါက်ရေပေါင်း (၅၄)ခေါက်တိတိ မချွတ်မချော် မတိမ်းမစောင်းစေဘဲ ရွတ်ဆိုရပါမည်။

ဂါထာတော် ဖိုဒ်၏ စွမ်းအားကြောင့် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသည့် ရန်သူမျိုးငါးပါးကို နှိမ်နင်း အောင်မြင်နိုင်ပါမည်။ ရန်ဘေးရောဂါ၊ ဝေဒနာအမျိုးမျိုးနှင့် အဖမ်းအဆီး၊ အချုပ်အနှောင် အဖွဲ့အမျိုးမျိုးတို့မှ လျင်မြန် စွာ ပျောက်ကင်းချမ်းသာမှုကို ရရှိခံစားနိုင်ပါမည်။ ခရီးသွား သည့်အခါ မည်သည့်ဒေသကိုမဆို ဖြတ်ကျော်ရသည်ဖြစ်စေ၊ ကုန်းဘေး၊ ရေဘေး၊ လေမုန်တိုင်းဘေးတို့မှအစ ပ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရထား၊ ကား၊ မီးရထား၊ လေယာဉ်ပျံ၊ သင်္ဘော စသည့် ယာဉ်များ၏ အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားကင်းစင်မှု ရှိစေနိုင်မည် ဖြစ်သည်။

ဇွပ်ပါးနှင့်နွယ်သော ရောဂါကပ်ဘေးဟူသမျှတို့နှင့် ကင်းဝေးစေရုံမျှမက၊ လူကို အန္တရာယ်ပေးနိုင်သည့် တုတ်၊ ဓား၊ လက်နက်၊ မိုင်း၊ ဗုံး စသည့် အသွယ်သွယ်သော ဘေးဥပါဒ်တို့မှ ကင်းဝေးစေမည်ဖြစ်သည်။ စိတ်ချယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုသာ မိမိဘက်က ပြုမူဆောင်ရွက်ရမည်ဖြစ်သည်။

ရန်ပုံခွင်း ဝရဇိန် ဂါထာတော်ကို ဝေပုလ္လာရာမ ဆရာတော်ကြီးသည် (၂၂-၈-၂၀၀၄)ရက်နေ့ကတည်းက ရေးသားပြီးစီးခဲ့သည်။

၂၅-၇-၂၀၁၂ ရက်နေ့၊ ည ၁၁နာရီအချိန်တွင် ရတ်တရက် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ စာရေးသူသည် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွင် ၂၀၁၂ ဇီဇင်ဘာလထုတ် စာအုပ်၌ ဓာတ်ပုံ ဖဲပုံဖြင့် ဈာပနဆောင်းပါးကို ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခု အခွင့်အခါကြုံကြိုက်၍ ရန်ပုံခွင်း ဝရဇိန်ဂါထာတော်ကို ဖော်ပြပေးလိုက်ပါသည်။ ဂါထာတော်တော်မှာ ၆ပုဒ်ရှိပြီး တစ်ပုဒ်လျှင် ၉ခေါက်ကျစီ ရွတ်ဖတ်ခြင်းဖြင့် ၅၇ခေါက်တိတိ ရွတ်ပြီးဖြစ်ပါလိမ့်မည်။ ရန်ဘေးအသွယ်သွယ်၊ ရောဂါအမျိုးမျိုး၊ အဖမ်းအဆီး အချုပ်အနှောင်ကိစ္စရပ်များ ကင်းဝေးလွင့်စဉ် ပ,ပျောက်စေမည် ဖြစ်ပါသည်။

ယုံကြည်မှုအပြည့် ခိုင်မာသော စိတ်ဓာတ်၊ မလွှင့်ပျံ့သော အာရုံတို့ကို စုစည်းလျက် ရွတ်ဖတ်ရန်သာ လိုအပ်ပါသည်။

ရိုသေစွာ၊ ယုံကြည်အားကိုးစွာ ရွတ်ဖတ်သရဇ္ဈာယ်ကြပါလေ။

### သိကြားမင်း၏ ရန်ပုံခွင်း ဝရဇိန်ဂါထာတော်

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
သဗ္ဗအန္တရာ ယ သိဒ္ဓိ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
သဗ္ဗ ဘယာ သိဒ္ဓိ
နမောတဿ ဘဂဝဓော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
သဗ္ဗ ကာယ သိဒ္ဓိ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
သဗ္ဗ အာရောဂျ သိဒ္ဓိ



၂။ ဗုဒ္ဓေါမေ သရဏံ အည်ံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မောမေ သရဏံ အည်ံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သံဃောမေ သရဏံ အည်ံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိမေ ဟောတု ဇယ မင်္ဂလံ။
၃။ သံ-ဂုံ-မ-မယျ ပဥ္စ ဗုဒ္ဓါန ဘာဝေန
ရန်သူအကြား၊ ငါ့အကြား ဘုရားငါးဆူခြားဟာ၊ ဝေးဟာ။
သံ-ဂုံ-ပ-မ-ယျ ပဥ္စ ဗုဒ္ဓါန ဘာဝေန
ရောဂါဝေဒနာအကြား။ ငါ့အကြား ဘုရားငါးဆူခြားဟာ၊ ဝေးဟာ။
၄။ ဗုဒ္ဓ စက္ကံ ဓမ္မ စက္ကံ သံဃ စက္ကံ သုည် သတြု သွာဟ
ဗုဒ္ဓ စက္ကံ ဓမ္မ စက္ကံ သံဃ စက္ကံ သဗ္ဗ အန္တရာယာပိ
ဝိနဿန္တု အသေသတော။
၅။ ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿန ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ
၆။ ဝေဒါ သာကု ကုသာဒါဝေ ဒါယဿဒ ဒဿယဒါ
သာသာဓိကု ကုဓိသာသာ ကုဋ္ဌဘုကု ကုဘုဋ္ဌကု။ ။

ဘဒ္ဒန္တဝေပုလ္လ

* * *

မောင်လှမ်းနွယ်(အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

**ပညာရှိ ချီးမွမ်းသော ကောင်းမှု ပုည**

ဤလောက၌ မြို့ရွာ, တောတောင်, မြစ်ချောင်းတို့ လည်းကောင်း၊ စိုက်ပျိုးမှု, မွေးမြူမှု, ငါးဖမ်းမှု, ကန်းရက်လုပ်မှုတို့သည် လည်းကောင်း၊ လူတို့၏ မွေးမှုအတွက် အမိုပြုရာ၊ ထောက်တည်ရာ အမျိုးမျိုး

ယောဂီ

ပုညရွှေအိုး



ကြသည်။ ထိုထောက်တည်ရာ ဟူသမျှတွင် လူတို့ နှင့် အလားတူသော ထောက်တည်ရာ တစ်ခု လျှင် အချည်းနှီးဖြစ်၍ မြင်တွေ့ ရရှိနိုင်မည် ကောင်းမှု ပုညကို အားကိုးထိုက်ပါ၏။

မှန်လှပေ၏။ ကောင်းမှု ရရှိပြီးသော လူတို့ ထောက်တည်ရာ မပျက်သော အရပ်တို့၌လည်း

www.burmeseclassic.com

ရတနာတို့သည် ဖြစ်ပေါ်လာကြ၏ဟု ဥဒ္ဒကပါဠိ၊ နိမိကဏ္ဍ သုတ် ပါဠိတော်၌ ဖတ်ရှုရဖူးလေသည်။

ဤကောင်းမှုဟူသော ရွှေအိုးသည် လူနတ်သတ္တဝါတို့အား အလိုရှိရာ အလုံးစုံကို ပေးတတ်၏။ လူနတ်သတ္တဝါတို့သည် အကြင်ကောင်းကျိုးကို တောင့်တကြ၏။ ထိုကောင်းမှုရွှေအိုးကြောင့် အလုံးစုံ ကောင်းကျိုးကို ရ၏။

ကောင်းသော အဆင်း၊ အသံရှိခြင်းသည် လည်းကောင်း၊ အင်္ဂါကြီးငယ်တို့၏ ညီညွတ်ခြင်း၊ စေ့စပ်ပြေပြစ်ခြင်း၊ ကောင်းစွာ တည်ရှိခြင်းသည် လည်းကောင်း၊ မမြင့်လွန်း, မနိမ့်လွန်း၊ မဆူလွန်း, မကျုံ့လွန်း၊ မဖြူလွန်း, မမည်းလွန်း၊ အလုံးစုံ ကောင်းသောကိုယ် ရှိခြင်းသည် လည်းကောင်း၊ အကြီးအကဲဖြစ်ခြင်းသည် လည်းကောင်း၊ အခြံအရံရှိခြင်းသည် လည်းကောင်း၊ ထိုအလုံးစုံကို ထိုကောင်းမှုရွှေအိုးကြောင့် ရရှိခံစားအပ်လေ၏။

ချစ်ခင်အပ်သော ပဒေသရာဇ်မင်း ဖြစ်ခြင်းသည် လည်းကောင်း၊ တစ်ကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းဖြစ်ခြင်းသည် လည်းကောင်း၊ စကြဝတေးမင်း၏ ချမ်းသာခြင်းသည် လည်းကောင်း၊ နတ်ပြည်တို့ကို အစိုးရသော မန္ဓာတ်မင်း ဖြစ်ခြင်းသည် လည်းကောင်း၊ သိကြားမင်း, နတ်မင်း ဖြစ်ခြင်းသည် လည်းကောင်း၊ ထိုအလုံးစုံကို ထိုကောင်းမှုရွှေအိုးကြောင့် ရရှိခံစားအပ်ပေသည်။

ထို ပဋိသမ္ဘိဒါပညာသည် ရှိ၏။ ထိုလောကီ ဝိမောက္ခရှစ်ပါးသည် ရှိ၏။ ထိုသာဝကအဖြစ်၌ ပြည့်စုံခြင်းသည် ရှိ၏။ ထိုပစ္စေက ဗောဓိအဖြစ်သည် လည်းကောင်း၊ ထိုသမ္မာသမ္ဗုဒ္ဓဘုရားတို့၏ ဘုံသည် လည်းကောင်း ရှိ၏။ ထိုအလိုရှိရာ အလုံးစုံကို ထိုကောင်းမှုရွှေအိုးကြောင့် ရရှိအပ်ပေသည်။

အကြင်ကောင်းမှုအသီးသီး၏ ပြည့်စုံခြင်းသည် အမှန်ရှိ၏။ ဤကောင်းမှုတို့နှင့် ပြည့်စုံခြင်းသည် ဤကဲ့သို့ များမြတ်ကြီးကျယ်သော ကောင်းကျိုးတို့၏ ပြည့်စုံခြင်းကို ဖြစ်ပေါ်စေ၏။ ပြုလုပ်ပြီးစီးသော ကောင်းမှု(ကတပုညတာ) ရှိထားလူတို့၏ အဖြစ်ကို ပညာရှိကြသော ပဏ္ဍိတတို့သည် ထိုသို့သော ကောင်းမှုသဘောကို အခြေတည်၍ ချီးမွမ်းခြင်း ပြုကြပေ၏။

### ဒါနကောင်းမှု သာဓက ဝတ္ထု

လောက၌ ဗုဒ္ဓဘာသာဝင်တို့က ကောင်းမှုဒါနဟု သတ်မှတ်ပေးလှူနေကြစေကာမူ စင်စစ်အားဖြင့် အကုသိုလ် ‘မကောင်းမှုဖြစ်သော ဒါနမျိုး (၅)မျိုးရှိသည်။

(၁) ယစ်မူးတွေဝေစေရန် သေရည်သေရက်အလှူ (မဇ္ဇဒါန)။

(၂) မြူးတူးပျော်ရွှင်စေရန် ပွဲသဘင်အလှူ (သမဇ္ဇ ဒါန)။

(၃) ကာမဂုဏ်ခံစားစေရန် မိန်းမအလှူ (ဣတ္ထိဒါန)။

(၄) သားဖောက်စေရန် နွားလားအလှူ (ဥသဘဒါန)။

(၅) ရာဂ ပွားတိုးစေရန် ပန်းချီဓာတ်ပုံအလှူ (စိတ္တ ကမ္မဒါန)။

ဤဒါနမျိုး ငါးပါးကို ပေးလှူကြရာတွင် မကောင်းမှု အကုသိုလ်သာလျှင် ဖြစ်၏ဟု မြတ်ဗုဒ္ဓက ဟောပြခြင်းမှာ ပေးလှူမှု ပြုကြသောအခါ စိတ်စေတနာကောင်းကို ထား ဖြစ်ပေါ်နိုင်မည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။ မသောက် သုံးသင့်သော အရက်၊ မူးယစ်ဆေးသောက်သုံးစေလိုမှု မကြည့်ရှုအပ်သော ပွဲသဘင်နှင့် ပန်းချီဓာတ်ပုံ မြင်တွေ့စေ လိုမှု၊ မလွန်ကျူးသင့်သော မိန်းမ၌ ပျော်ပါးစေလိုမှုတို့သည် ကောင်းသော ကုသိုလ်စိတ်မဟုတ်။ မကောင်းသော အကု သိုလ်စိတ်မျိုးသာတည်း။

ရှေးဦး မူလကတည်းက ရာဂ၊ ဒေါသ၊ မောဟ နှောင်ကြိုးများဖြင့် အထပ်ထပ်ရစ်ပတ် ဖွဲ့ချည်ခြင်း ခံနေကြ ရသော လူတို့အား ဤကဲ့သို့ သောက်သုံး၊ မြင်တွေ့ ပျော်ပါး စေလိုမှုတို့သည် ထိုလူတို့၏ ကိလေသာအဆိပ်ပင်ကို ရေ လောင်း ဖွံ့ ဖြိုးစေခြင်းသာလျှင် မဟုတ်ပါလား။ ဒါနရှင် ဒါယကာတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင်ကြရာ၏

ဒါနကောင်းမှု ပြုကြရာတွင် ပွဲသဘင်ထည့်သွင်း ပေး လှူမှုနှင့် ဆက်စပ်သော လူမိုက်ကြီး ၅ဦး ရှိပုံကို သတိပြု သင့်ကြပါသည်။

(၁) တစ်ပါးသူ၏ ဒါနကောင်းမှု ပြုခြင်းတွင် ပွဲထည့် ရန် တိုက်တွန်းသူ လူမိုက်တစ်ဦး။

(၂) ထိုလူမိုက် တိုက်တွန်းမှုတွင် သဘောတူ ဆ ရှိ၍ ပွဲထည့် ဆိုင်းထည့်သော အလှူရှင် လူမိုက် တစ်ဦး။

(၃) ပွဲငှားခကို လက်ခံ၍ သီဆို ကပြ သရုပ်ဆော ကြသော သဘင်သည် လူမိုက်တစ်ဦး။

(၄) ပွဲသဘင်ရှိသဖြင့် ပွဲကြည့်ကြရန် အဖော်ညှိသူ လူမိုက်တစ်ဦး။

(၅) ပွဲသဘင်ကို စွဲမက်သဖြင့် အအိပ်ပျက်၊ အစ ပျက် ပွဲကြည့်သူ လူမိုက်တစ်ဦး။

ဤလူမိုက်ကြီး ငါးဦးအနက်မှ သဘင်သည် လူမိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကား မျက်မှောက်ဘဝ၌ အခကြေးငွေရရှိမှုကိုသာ စွဲ မက်၍ တမလွန်ဘဝ၌ "ပဟာသ ငရဲ"သို့ လားရမည်ကို မမြင်၊ သို့မဟုတ် မမြင်ဟန် ပြုသောကြောင့် တစ်ဖက်ကန်း (ဧကစက္ခုက)ပုထုဇဉ်မည်ပါသည်။

အကြွင်းလူမိုက်ကြီး ၄ဦးမှာမူ မျက်မှောက်နှင့် တမလွန် နှစ်တန်သော ဘဝတို့၌ ကောင်းကျိုးစီးပွား ဆုတ်ယုတ် ပျက်ပြားမည်ကို မမြင်၊ သို့မဟုတ် မမြင်ဟန် ပြုသောကြောင့် နှစ်ဖက်ကန်း(အန္ဓစက္ခုက) ပုထုဇဉ်မည်ပါသည်။ သဘင် သည် လူမိုက်ကြီးထက် မျက်စိအကန်းပိုတတ်သော ...ိုသတ်ပါတကား။

ဤသို့သော နှစ်ဖက်ကန်းနှင့် တစ်ဖက်ကန်းတို့အား နှစ်ဖက်မြင် ပုထုဇဉ်ဘဝ မျှော်မှန်းရယူနိုင်ကြစေရန် မန်လည် ဆရာတော်ဘုရားက စေတနာ မေတ္တာထား၍ လင်္ကာဖွဲ့သီ ...သားတော်မူခဲ့ဖူးပါ၏။

လူ့လောက၌၊ ဒိဋ္ဌတမလွန်၊ ကျိုးနှစ်တန်ကို၊ အမှန် ... မမြင်ကလျှင်၊ အန္ဓစက္ခု၊ လူဟုမည်ကာ၊ ပညာမျက်စိ၊ ...ဖြစ်ဆန်း၊ နှစ်ဖက်ကန်းတည့်၊ လူမှန်းသိယုံ၊ ကံမယုံဘဲ၊ ...မလင်၊ မျက်မှောက်တွင်သာ၊ အမြင်ဒိဋ္ဌိ၊ တစ်ဖက်လုကား၊ ...စက္ခု၊ နှစ်ခုအကျိုး၊ စုံပြည့်ဖြိုးအောင်၊ ထိုးထိုးထွင်းထွင်း၊ ...တတ်လျှင်မူ၊ ထိုသသူကို၊ လူတွင်ပဏ္ဍိ၊ မည်ရှိခေါ်ပြု၊ ...က္ခုတည်း။

"ဒွိစက္ခု"အမည်ရ၍ နှစ်ခုအကျိုး ပြည့်စုံဖြိုးအောင်၊ ... ပါဠိတော်၊ ပါဠိတော်၌ လာရှိသော "လာဇ နတ်သမီး" ...ကို ဥပမာပြုလျက် အတုယူ နည်းခံထိုက်ပါသည်။

♦♦♦

ရာဇဂြိုဟ်ပြည်၊ ပိပ္ပလိလိုဏ်ဂူ၌ အရှင်မဟာကဿပ ...သည် ခုနစ်ရက် နိရောဓ သမာပတ်ကို ဝင်စားရာမှ ထတော် ...၍ သလေးလယ်စောင့် မိန်းမတစ်ယောက်ရှိသော လယ် ...သို့ ဆွမ်းခံကြွတော်မူလာသည်။ သလေးနှံတို့ကို ပေါက် ...ပြီး၍ အသက်မွေးရသော ထိုမိန်းမသည် မထေရ်အား ...ညိုသောစိတ်ဖြစ်၍ မထေရ်၏ သပိတ်၌ ပေါက်ပေါက် ...ည် လောင်းလှူလိုက်၏။ ထိုမိန်းမသည် မိမိအလှူကို ...နေဆဲတွင် လယ်ကန်သင်းမှ ထွက်သော အဆိပ်ပြင်း ...ဖြင့် ထိုအရပ်၌ပင် လဲကျ သေဆုံးခဲ့၏။

...တဝတိံသာနတ်ပြည် နတ်သမီးတစ်ထောင် ခြံရံသော ...၌ အိပ်ပျော်ရာမှ နိုးထသူကဲ့သို့ သုံးဂါဝုတ်အတိုင်း ...ရှိသောကိုယ်ဖြင့် "လာဇနတ်သမီး"ဖြစ်လာ၏။ ဒိဗ္ဗ ... စုံစမ်းကြည့်ရှုရာတွင် ပေါက်ပေါက်လှူသောကြောင့် ဤစည်းစိမ်ရသည့်အဖြစ်ကို သိမြင်လေသည်။ ဤတွင် နတ်သမီးသည် အရှင်မဟာကဿပ မထေရ်၏ သင်္ခမ်း ပရိဝုဏ်ကို နေ့စဉ် တံမြက်လှည်းကာ သောက်သုံးရေတို့ကို အပြည့်တည်ထားလေ၏။

မထေရ်မြတ် သိလျှင်...

"နတ်သမီး...ဖယ်လော့၊ ဤအရပ်သို့ နောက်ထပ် မလာနှင့်"

ဟု နှင်တော်မူ၏။ နတ်သမီးလည်း...

"အရှင်ဘုရား... အကျွန်ုပ် ရအပ်သော စည်းစိမ်ကို မဖျက်ဆီးပါနှင့်"

ဟု တောင်းပန် ငိုယို၏။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ရှိ မြတ်ဗုဒ္ဓသည် ထိုလာဇနတ်သမီး၏ ငိုသံကို ကြားတော်မူ၍ ရောင်ခြည်တော်ကို လွှတ်တော်မူကာ နတ်သမီးရှေ့၌ တရားဟောပြတော်မူလျှင် နတ်သမီးသည် သောတာပန်တည်ခဲ့လေ၏။

## သီလကောင်းမှု သာဓက ဝတ္ထု

ဤလောက၌ လူအချို့သည် သဒ္ဒါမဲ့သော မိမိကိုယ်ကို သဒ္ဒါနှင့် ပြည့်စုံသောအဖြစ်၌ တည်စေတတ်ကြ၏။ ဝန်တိုတတ်သော မိမိကိုယ်ကို ပေးကမ်းစွန့်ကြဲခြင်းနှင့် ပြည့်စုံသောအဖြစ်၌ တည်စေနိုင်ကြ၏။ လူအနည်းငယ်သာလျှင် သီလမဲ့သော မိမိကိုယ်ကို သီလ၌ တည်စေရန် အားထုတ်လိုကြ၏။

ဤသို့ သဘောအစွမ်းရှိ၍ ကြိုးပမ်းအားထုတ်နေသူ ဒါယကာတို့ကို မိမိတို့ကိုယ်နှင့် စိတ်အား ကောင်းမြတ်စွာ ဆောင်ထားသူ(အတ္တသမ္မာ ပဏိဓိ)ဟူ၍ အမည်ပေးထိုက် ၏။ ဤတွင် သီလမဲ့သော မိမိကိုယ်ကို သီလ၌ တည်စေအပ်ပုံ သာဓကအဖြစ် ကပိလသုတ်၊ အဋ္ဌကထာ၌ ဖော်ပြထားသော "ခိုးသားငါးရာ"ဝတ္ထုသည် သတိပြုဖွယ် ထင်ရှားသော ဇာတ်ဖြစ်သည်။

♦♦♦

ကဿပမြတ်စွာဘုရားလက်ထက်တော်၌ ငါးရာမျှသော ခိုးသူတို့သည် ကျက်စားရာ နယ်မြေရှိ ရွာသူရွာသား တို့ကို လုယက်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း စသော အကြမ်းဖက်မှုများဖြင့် အသက်မွေးခဲ့ကြဖူးလေသည်။ အကြမ်းဖက်မှု မကြာခဏ ဆက်တိုက်ဖြစ်ပွားသော သတင်းသည် နန်းတော်သို့ ရောက်သွားခဲ့၏။

တစ်ရက်သောအခါတွင် နန်းတော်အာဏာပိုင်

www.burmeseclassic.com

စစည်းညီညွတ်သော ရဲမက်များနှင့် ရွာသားတို့၏ လိုက်လံဖမ်းဆီးမှုကြောင့် ဝေးရာတောတွင်းသို့ ထိုခိုးသူအားလုံး ကိုယ်လွတ်ရုန်းကာ ပြေးဝင်သွားကြလေသည်။ ထိုခိုးသူတို့သည် ထိုတောတွင်း၌ လှည့်လည် ပုန်းအောင်းကြရာမှ အရညာဝါသီ မှတက်ရေ ရဟန်းတော်တစ်ပါးထံ ချဉ်းကပ်ဖူးမြင်ပြီးနောက် သူတို့၏ ကိုးကွယ်ရာအဖြစ် လျှောက်ကြားဆည်းကပ်ကြလေသည်။

ထိုရဟန်းတော်က သီလနှင့် တူသော ကိုးကွယ်အားထားရာမည်သည် တခြားတစ်ပါးမရှိ။ သင်တို့အားလုံးပင် ပဥ္စသီလကို ဆောက်တည်ကြလော့ဟု မိန့်ဆို၏။ ကောင်းပါပြီဟု ဝန်ခံကြသော ထိုခိုးသူတို့ကို သီလပေးပြီးနောက် ရဟန်းတော်လည်း ဤကဲ့သို့ ဆုံးမတော်မူပါ၏။

"သင်တို့အားလုံးသည် ယခု ပဥ္စသီလ၌ တည်ကြပေပြီ၊ မိမိအသက်ဘေးဟူသော ငဲ့ကွက်စရာအကြောင်းကြောင့်လည်း သင်တို့သည် မိမိသီလကို မလွန်မကျူး၊ မချိုးမဖောက်ရာ။ ချိုးဖောက်အပ်၏ဟု စိတ်ဖြင့်ပင် ပြစ်မှားခြင်းကို မပြုသင့်ပေ"

ထိုခိုးသူတို့လည်း ကောင်းစွာ လိုက်နာ၍ သီလကို စောင့်ထိန်း နေထိုင်ကြ၏။

ရဲမက်များနှင့် ရွာသားတို့လည်း အစဉ်အတိုင်း လိုက်လံရှာဖွေလျက်ရှိရာ တစ်ရက်တွင် ထိုအရပ်သို့ ရောက်လာပြီး ထိုခိုးသူတို့အား ဖမ်းဆီးသတ်ဖြတ်ကြလေ၏။ သီလရှိကြသော ထိုခိုးသူတို့သည် မကျိုးမပေါက်သော သီလဖြင့် သေလွန်လျှင် နတ်ပြည်၌ နတ်သားများ ဖြစ်လာကြ၏။

ဘုရားနှစ်ဆူအကြား ကာလတစ်လျှောက်လုံး ထိုနတ်သားအားလုံးသည် နတ်ပြည်၌ပင် အစုန်အဆန် ကျင်လည်ကြလျက်ရှိလေ၏။ ဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မူသောအခါ ထိုနတ်သားအားလုံး စုတေကြ၍ သာဝတ္ထိပြည်၊ မြို့တံခါးအနီးရှိ အမျိုးငါးရာ နေထိုင်သော တံငါရွာကြီး၌ တံငါသားများ ဖြစ်လာကြ၏။ နတ်သားကြီးသည် "ယသောဇ"အမည်ရှိ တံငါကြီးအဖြစ် ကျန်သော တံငါငယ်များကို အုပ်ချုပ်လျက် အစိရဝတီမြစ်၌ ကွန်ပစ်ကြပါ၏။

တစ်ရက်... ကွန်ပစ်ရာတွင် ရွှေရောင်အဆင်းရှိသော ငါးကြီးတစ်ကောင်ကို ရမိသဖြင့် မိမိတို့နှင့် မတန်၊ ဘုရင့်ထံ ဆက်သရန် အကြံဖြစ်၍ နန်းတော်သို့ သယ်ယူသွားကြလေသည်။ လှေဝမ်း၌ ထည့်ယူကာ ဆက်သလာသော ထိုရွှေငါးကြီးကို မိမိနှင့် မတန်၊ ဘုရားရှင်ထံ ပေးလှူရန် အကြံဖြစ်၍ ကောသလမင်းလည်း ထိုတံငါတို့ကို လှေနှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်သွားလေသည်။

မြတ်ဗုဒ္ဓသည် ထိုရွှေငါးကြီးကို အကြောင်းပြု၍ "ကပိလသုတ်တော်"ကို လည်းကောင်း၊ ဓမ္မပဒ၊ တဏှာဝ[ဂ်]၌ ဖော်ပြထားသော "မနုဿေ မတ္တစာရိနော" အစချီ ဂါထာလေးပုဒ်ကို လည်းကောင်း ဟောကြားဆုံးမတော်မူပါသည်။ ဂါထာ၏ အဆုံးတွင် သံဝေဂ ရကြသော ထိုတံငါသားငါးရာတို့သည် မြတ်ဗုဒ္ဓထံ၌ ရဟန်းပြုကြလေသည်။

ဥဒါန်းပါဠိတော်၊ တတိယဝဂ်၊ ယသောဇသုတ်၌ ဟော[တော်]မူခြင်းကို ထောက်ဆ၍၊ ထိုတံငါသားတို့မှ ဖြစ်လာကြသော ရဟန်းတော် ငါးရာစလုံးပင် အရဟတ္တဖိုလ်၌ တည်[တော်]မူကြကြောင်း နားလည်မှတ်သားရပေသည်။ ခိုးသူဘဝ ရက်ပိုင်းမျှ ဆောက်တည်ခဲ့သော မကျိုးမပေါက် သီလတရား၏ ကျေးဇူးပြုမှု ကောင်းကျိုးအဆက်ကား အံ့ဖွယ်ရှိလျက် ဆန်းပြားကြီးကျယ်လွန်းပေစွ။

◆◆◆

ဤတွင် ဒွိစက္ခုပိုင်ရှင် ဒါယကာတို့အား "လာဇ နတ်သမီး" နာကြားရပြီးနောက် သောတာပန်တည်သွားစေ[သော] မြတ်ဗုဒ္ဓ၏ ဒေသနာ ဂါထာတော်ကို ဓမ္မလက်ဆောင် အဖြစ် ပေးအပ်လိုက်ပါရစေ။

**ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ၊**
**တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။**

ပုဂ္ဂိုလ်သည် ကောင်းမှုကို အကယ်၍ တစ်ကြိမ်ပြုမိ[သ]အံ့၊ ထိုတစ်ကြိမ်ပြုကာမျှဖြစ်သော ကောင်းမှုဖြင့် တန်ပြီ[တော်]ပြီဟူ၍ ကောင်းမှုပြုလုပ်ခြင်းမှ မရှောင်ကြဉ်ပါနှင့်၊ ထိုကောင်းမှုမျိုးကို ကြိမ်ဖန်များစွာ ပြုလုပ်အပ်ပေရာ၏။ အဘယ်ကြောင့် ကောင်းမှုကို အဖန်ဖန်အခါခါ ပြုလုပ်အပ်ပါသနည်းဆိုလျှင် ကောင်းမှုကို ဆည်းပူးခြင်းသည် ချမ်းသာကို ရွက်ဆောင်သောကြောင့်ဖြစ်ပေ၏။ ထို့ကြောင့် ကောင်းမှုကို အဖန်တလဲလဲ-စွဲမြဲစွာ ပြုလုပ်သင့်ကြပေ၏။

* * *

ယောဂီစောလွင်

ကျမ်းကိုး

- ဥဒ္ဒကပါဠိ၊ နိမိကဏ္ဍသုတ်။
- ဒါနဝတ္ထု (တေဒဂ်အရှင် ပညာဇောတ)။
- မဃဒေဝလင်္ကာ (မန်လည်ဆရာတော်ဘုရား)။
- ဓမ္မပဒပါဠိတော်၊ ပါပဝဂ်။
- ကပိလသုတ်၊ အဋ္ဌကထာ။
- ဥဒါန်းပါဠိတော်၊ တတိယဝဂ်၊ ယသောဇသုတ်။



www.burmeseclassic.com

www.burmeseclassic.com

## သိမ်တောင်ဆည်ကြီးတောရ ဆရာတော်၏

# အကျင့်မြတ်နှင့် အာနာပါနအလင်းဓာတ်

▌ကျော်ဇောဟိန်း (နံ့သာ)▌

သိမ်တောင် ဆည်ကြီးတောရဆရာတော်



သိမ်တောင်ဆည်ကြီး တောရဆရာတော်သည်ကား သိမ်တောင်ဂိုဏ်း ဒုတိယမြောက် ဆရာတော်ဖြစ်၏။ ဆရာတော်၏ လက်ဦး တပည့်ကြီးလည်း ဖြစ်၊ သာသနာပြုဘက် သက်ရှည်ကြီးတစ်ဆူလည်း ဖြစ်သည်။ ဆည်ကြီးတောရ ဆရာတော်မှာ အင်းမကြီး ဆရာတော်၏ နည်းနာလက်ကျကို အတွင်းကျကျ ရရှိထားသကဲ့သို့ လယ်တီ၊ သေကျွတောင် ဆရာတော်များနှင့် ဒလပျော်ဘွယ် ဆရာကြီး ဆရာသက်တို့ ထံမှာလည်း တရားအမွေရရှိခဲ့သော ဆရာတော်ဖြစ်သည်။ ထို့ကြောင့် ဆရာတော်သည် "အရိယာ ဝိဇ္ဇာမဂ္ဂအလင်းပြကျမ်း"ကို ၁၃၁၂ခုနှစ်၊ ပထမအကြိမ်၊ ၁၃၁၆ခုနှစ်၊ ဒုတိယ အကြိမ်တို့ကို ပုံနှိပ်တော်မူခါနီး၌ ရေးသားခဲ့ပြီး၊ ဗုဒ္ဓမမ္မလောက ဦးထွန်းလှအောင်မှ ဈာပနပွဲ၌ ရိုက်နှိပ်လှူဒါန်းသော "နိဗ္ဗာန်ပေါင်းချုပ် အဆီထုတ် ကျမ်းစာငယ်"များမှာ ပဋိပတ္တိသာသနာအတွက် အလွန်ကျေးဇူးများလှသည်။

### ကမ္ဘာကို လွှမ်းမိုးနိုင်သော အင်အား

ဆရာတော်သည် ရဟန်းဖြစ်ပြီးနောက် ပရိယတ်ရော၊ ပဋိပတ်ပါ တွဲ၍ အားထုတ်သည်။ လယ်တီဆရာတော် သေကျွတောင်၊ ဦးတိလောက ဆရာတော်များထံ၌လည်း နည်းခံ ကျင့်သုံး၏။ ထို့ကြောင့် လယ်တီဆရာတော် တရား



www.burmeseclassic.com

www.burmeseclassic.com

စစ်ပုံ၊ ပေးပုံများကို အရိယာဝိဇ္ဇာမဂ္ဂ ဒီပနီ၌ ရေးသား၍ မှတ်တမ်းတင်ထားသည်မှာ ကျေးဇူးများလှပါသည်။

လယ်တီဆရာတော်ဘုရားကြီးထံ စွန်းလွန်းမှ ဘုန်းကြီး ဒကာများ တရားအစစ်ခံလာစဉ် "ငါ သောတာပန်ဖြစ်ပြီ" စသဖြင့် မပြောသင့်။ ဆရာကလည်း အဆုံးအဖြတ်မပေးသင့်။ မဂ်ညွှန့်ချိုးရာ ရောက်ကြောင်း၊ အနုသယကိလေသာ သဘောကား သိမ်မွေ့၍၊ သမာဓိကြောင့် ငုပ်လျှိုးနေတတ်ရာ အရိယာဖြစ်ပြီ ထင်မှတ်ရသော်လည်း မဟုတ်ဘဲ ရှိတတ်ကြောင်း၊ ခုနစ်နှစ်ခန့် စောင့်ကြည့်သင့်ကြောင်း။

စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော် လာရောက်ဖူးမြော်အစစ်ခံစဉ် ဗုဒ္ဓသသတိ ကမ္မဋ္ဌာန်းပေးပုံ၊ ဗုဒ္ဓါနုဿတိမှ ဝိပဿနာကူးပုံအကြောင်းများကိုလည်း မှတ်တမ်းပြုထားသည်။

ဦးဇဝနသည် ရဟန်းဖြစ်ပြီး မကြာမီ ပျဉ်းမနား၊ အင်ကြင်းမြိုင်တောရ၌ လယ်တီဆရာတော်ထံ နည်းခံစဉ် ညနေပိုင်းသို့ ရောက်လျှင် ဆရာတော်ဘုရားကြီး တောကျောင်းအပြင်ဘက် တောထဲသို့ ကြွကြွသွားသဖြင့် လိုက်၍ ကြည့်ချင်စိတ် ပေါ်ပေါက်လာ၏။ နောက်တစ်ရက် ဆရာတော်ကပင် "မောင်ဇဝန၊ ငါနဲ့ လိုက်ခဲ့"ဟု ဆိုကာ တောထဲသို့ ခေါ်သွား၏။ သင့်တော်ရာ နေရာ၌ တရားရှုမှတ်ကြသည်။

အမောင်ပျိုးစ အလုပ်ခွင်မှ ထ၍···

"မောင်ဇဝနတို့များကွယ်၊ ဒီ အာနာပါနကို လမ်းကုန်အောင် ဖမ်းနေတာ နှာခေါင်းပေါက်နှစ်ဖက်က လွှတ်လိုက်တဲ့ အလင်းဓာတ်ဟာ ဒီကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးကို ဆုံးအောင် လွှမ်းလို့ ရတယ်ကွယ့်။ ဒါပေမယ့် ခက်တာက ဖြန့်ထားတဲ့ အလင်းကို ပြန်ပြီး ချုံ့လိုက်တော့ စည်းစည်းလုံးလုံးနဲ့ မလာဘူး။ အကွက်···အကွက်နဲ့ ဆန်ကွဲကြဲနေသေးတယ်ကွ။ ဒါကိုသာ နိုင်နင်းရင်ကွယ်၊ ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးကို နိုင်နင်းတော့မှာပါပဲ။ ကိုယ်လုပ်ချင်သလို လုပ်လို့ရသွားပြီ။ အေး၊ မင်းလည်း ဒီမှာနေရင် ငါလိုကြိုးစား"

ဟု မိန့်တော်မူသည်။

**ချင်းချောင်းနန်းသစ်ပွဲမှ မေတ္တာ**

၁၂၇၂ ခုနှစ်၊ သထုံမြို့ ဇင်းကျိုက်တောင်၏ မြောက်ဘက် ကတွန်မိုင်အတွင်း ချင်းချောင်းသူဌေးက ဆောက်လုပ်သော စံကျောင်း၌ လယ်တီဆရာတော်ဘုရားကြီးကို ဝါကပ်ရာ ဦးဇဝနလည်း လိုက်ပါသွားရ၏။ ထိုသို့ နေစဉ်

"မောင်ဇဝန···ပညတ်၊ ပရမတ် ခွဲပုံနှင့် အနုသယဓာတ်ကြီးအကြောင်း စာမသင်ဘူးတဲ့ လူတွေ သဘောပေါက်အောင် ဥပမာပြပြီး ကျကျနန ရေးစမ်း"

ဟု ဆရာတော်ကြီးက အမိန့်ရှိ၍ ရေးစပ်ထားရာ ထိုစာကို အတူနေ ဦးဥေယျကိုယ်တော်က ဆရာတော်ကြီးအား သွားရောက် ဖတ်ပြရာ···

"အေး၊ ကောင်းသကွယ့်၊ အကျယ်ရေးဦး"

ဟု မိန့်တော်မူသည်။

အကြောင်းအမျိုးမျိုးကြောင့် ၁၃၁၂ခုနှစ်၊ ကဆုန်လပြည့်နေ့ရောက်မှသာ ရေးပြီးတော့သည်။ ထိုကျမ်း၌ အရိယဝိဇ္ဇာနှင့် လောကီယဝိဇ္ဇာ ခြားနားပုံ၊ လောကီဝိဇ္ဇာမိုရ်ကြီးများ တန်ခိုးဖြင့် လိမ်လည်လှည့်စားကြပုံများကိုပါ အထူးရေးသားထားသည်မှာ မှတ်သားဖွယ် ကောင်းလှ၏။

လယ်တီဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၌ ချင်းချောင်းသူဌေး ဆောက်လုပ်ထားသော ချင်းချောင်းနန်းတော်(ယခု ကမ္ဘောဇရိပ်သာ)ကြီး ပြီးစီး၍ နန်းသစ်ဖွင့်ပွဲ စံကျောင်းအဖြစ် လှူရာ ဦးဇဝနလည်း လိုက်ပါလာရသည်။ ထိုကမ္ဘောဇ ဟော်နန်းဖွင့်ပွဲ၌ လယ်တီဆရာတော်ကြီးက ညစဉ် တရားဟောတော်မူရာ ပရိသတ်များ အလွန်စည်ကားလှသည်။ သို့ရာတွင် သာမန်လူတို့ နားမလည်နိုင်သော အနှောင့်အယှက် အခက်အခဲ တစ်စုံတစ်ရာရှိဟန် တူလေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ရက် နှစ်ရက်ဟောပြီးနောက် ဆရာတော်ကြီးက···

"မောင်ဇဝနရေ··တို့များ ရှေ့က တရားဟောနေရင် မင်းက နောက်က နေပြီး မုန်ကူကွက် လိုက်ပေးစမ်းပါကွယ်"

ဟု မိန့်တော်မူ၏။ (မုန်ကူကွက်ဆိုသည်မှာ မေတ္တာပွားပို့ခြင်းကို ဆိုလို၏။) ဦးဇဝနလည်း ဆရာတော်ကြီး၏ အမိန့်အရ ခါတိုင်းထက် အထူးကြိုးစား၍ မေတ္တာ ဘာဝနာပွားပို့ရလေ၏။ တစ်ရက် နှစ်ရက်အကြာတွင်···

"မောင်ဇဝန··· မင်း မုန်ကူကွက်က တယ်ထိရောက်ပါကလားဟေ့။ ဘယ်လိုပို့သလဲဆိုတာ တို့များကို အသေးစိတ် လျှောက်စမ်းပါဦး၊ လူရှင်းတုန်း"

ကမ္ဘောဇနန်းတော်အခန်းတစ်ခုထဲ၌ လူသူရှင်းခိုက် ဆရာ-တပည့် ဝမ်းသာအားရ တရင်းတနှီးပြောဆိုကြသည်။ ဦးဇဝနကလည်း အောက်ပါအတိုင်း မေတ္တာပွားပုံများကို လျှောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ဘုရား... တပည့်တော် မှားရင်လည်း ခွင့်လွှတ်ပေးပါ။ တပည့်တော် သည်အတိုင်းပဲ အမြဲပွားပို့ပါတယ်။ ဆရာတော် အမိန့်ရှိတော့ ခါတိုင်းထက် ပိုပြီးကြိုးစားပါတယ် ဘုရား။

ပထမဆုံး တရားဟောတော်မူနေတဲ့ ဆရာတော် ကျော်ဆာ ကိုယ်ဟန်က အစ သိမ်းခြုံပြီး ပို့ပါတယ်။ နောက် မြို့မှာ ပဓာနဖြစ်ကြတဲ့ ချင်းချောင်း ဒကာကြီး၊ ဒကာမကြီး များ ဝေယျာဝစ္စဆောင်ရွက်တဲ့ လူများအားလုံး၊ နာမည်သိ တဲ့ လူနာမည်ကိုပါ ပါးစပ်က ရွတ်ပြီး ပို့ပါတယ်။ နာမည် မသိတဲ့ ပရိသတ်ကိုလည်း ခွဲဝေ ခြုံပြီး ပို့ပါတယ်။ နောက် အစဉ်အတိုင်း ဒီအနီးအနားရှိတဲ့ နတ်တွေကအစ လောက ဓာတ်တစ်ခုလုံးအထိ ဖြန့်လိုက်၊ ချုံ့လိုက် ပွားပို့ပါတယ် ဘုရား"

"အေး၊ ဟုတ်ပြီ။ ဒါက ပရိကံ ဥဂ္ဂဟသဘောကိုး။ ပြီးတဲ့ စကားအမိပ္ပာယ်က..."

"မှန်ပါ အရှင်ဘုရား၊ လျှောက်ပါ့မယ်။ ပုဂ္ဂိုလ်တိုင်းကို ခြောက်ပေါက်ကနေ အတွင်း အာယတန-ပသာဒ ခြောက်ပါးကို စိတ်ထဲက မှန်း၍ စူးစိုက်ထားပြီး စက္ခုပသာဒ၊ စက္ခုဝိညာဏ်က စပို့ပါတယ် ဘုရား"

ဟု အောက်ပါ မေတ္တာပွားပုံကို လျှောက်ရာ လယ်တီ ဆရာတော်ကြီးက...

"အေး၊ ဒါကြောင့် ခရီးရောက်တာကိုးကွယ်။ နေရာ ကျလိုက်လေ၊ သာဓု...သာဓု...သာဓု...ဟု ကောင်းချီး ပေးတော်မူလေသည်။

### အကြည်ဓာတ်ခြောက်ပါး မေတ္တာပို့နည်း

(၁) စက္ခု - (မိမိ၏ မျက်စိအကြည်ဓာတ်၊ မျက်စိ ဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာသလို) မည်သူ မည်ဝါ မိမိပို့လိုသူ၏ နာမည်ပြော (သို့မဟုတ်) သတ္တဝါတို့ ၏ အရှေ့အနောက် မည်သည့်ပုဂ္ဂိုလ်၊ မိမိသတ်မှတ်ထား သည့်အတိုင်း ရည်ညွှန်း၍ မျက်စိအကြည်ဓာတ်၊ မျက်စိ ဝိညာဏ်၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

(၂) သောတ - နားအကြည်ဓာတ်၊ နားဝိညာဏ် (မိမိ ပို့လိုသူအမည်ထည့်ပြော၍) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

(၃) ဃာန - နှာခေါင်းအကြည်ဓာတ်၊ နှာခေါင်း ဝိညာဏ်(မိမိပို့လိုသူအမည်ထည့်ပြော၍) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

(၄) ဇိဝှာ - လျှာအကြည်ဓာတ်၊ လျှာဝိညာဏ် (မိမိပို့လိုသူ အမည်ထည့်ပြော၍) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာ ပါစေ။

(၅) ကာယ - ကိုယ်လုံးအကြည်ဓာတ်၊ ကိုယ်လုံးဝိညာဏ် (မိမိပို့လိုသူအမည်ထည့်ပြော၍) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

(၆) မနောဒွါရ - မနောအကြည်ဓာတ်၊ မနောဝိညာဏ် (မိမိပို့လိုသူအမည်ထည့်ပြော၍) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

ဤမေတ္တာပို့နည်းသည် ပို့ရင်းပို့ရင်း ပို့လိုရာ(မေတ္တာ ဓာတ်စေလွှတ်ရာ)သို့ ပို့လွှတ်နိုင်၏။ အပို့ခံရသူ၏ ပုံပန်း သဏ္ဌာန်ကို တမင်ကြိုးစား၍ ပုံဖော် စိတ်ညွှတ်ရန် မလို တော့ဘဲ ဒွါရခြောက်ပေါက်၊ အကြည်ဓာတ် ခြောက်ပါးက နေ၍ ကိုင်လိုက်သောအခါ ထိုသူ၏ ပုံပန်းသဏ္ဌာန် မပေါ်ဘဲ နေ၍ မရပြီ။ လွယ်လွယ်ပင် ပေါ်ထင်လာရ၏။

ယင်းသို့ ထင်ပေါ်လာရာ၌လည်း သတ္တဝါတစ်ဦး၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် အချက်အချာ ပဓာနကျသော သုခမ ရုပ်အကြည်ဓာတ်(ပို၍ အပေးအယူလုပ်နိုင်သဖြင့် စွမ်းအင် သတ္တိရှိသောရုပ်)များကိုချည်း ဆုပ်ကိုင်လိုက်သည်ဖြစ်၍ မေတ္တာအပို့ခံရသူ၌ ပို့သူ၏ မေတ္တာဓာတ်လှိုင်းများ အပြည့် အဝ ဝင်ရောက်ထိခိုက်သွားနိုင်လေသည်။ (ရုပ်ဟု ဆိုသော် လည်း ပညတ်ကိုသာ အာရုံပြု၏။)

ပရမတ်ဓာတ်ကြီး ၆ပါး၊ အကြည်ဓာတ် ၆ပါးကို ရှုပွား သော ဝိပဿနာလုပ်ငန်းစဉ်နှင့်လည်း အပေးအယူအဆက် အစပ်မိကာ အံဝင်ခွင်ကျဖြစ်သော မေတ္တာပွားနည်းဖြစ်၍ ကြိုးစားပွားပို့ကြရာ၏။ အင်းမကြီးဆရာတော်က မေတ္တာ ဘာဝနာကို အထူးဟောပြောပြသည် ဆိုခြင်းနှင့် ယင်းဆရာ တော်၏ အန္တရာယ်လွန်မြောက်ပုံ၊ လာဘ်လာဘ ပေါများပုံ တို့ကို ထောက်၍ အင်းမကြီး ဆရာတော် ညွှန်ပြသောနည်း ဟု ယူဆရလေသည်။

### ဆရာတော်၏ ဇာတိ

ဆရာတော်သည် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် (ထီး လှိုင်တိုက်) ရွှေတွင်းတူး ဆည်ကြီးရွာ၌ ၁၂၄၄ခုနှစ်၊ ဝါဆို လပြည့်ကျော် ၅ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ မိဘများ မှာ ကုန်သည်ကြီး ဦးကျော၊ ဒေါ်ကောင်း ဖြစ်လေသည်။ ထိုရွာအနီး၌ အနော်ရထာမင်း ဆည်ခဲ့သော ဆည်ရှိပြီး၊ ထိုရွာကို ကျန်စစ်မင်း တည်ခဲ့ကြောင်း၊ ဆည်ကြီးတော



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်ကိုလည်း ကျန်စစ်မင်း၏ မိဖုရား "ခင်သန့်"ဖွားရာ ဇာတိဖြစ်သော ထီးလှိုင်ရှာ(ယင်း မိဖုရားတည်သော) ရွှေဘုံသာစေတီအနောက်တောင်တာ ငါးရာကွာအရပ်၌ တည်ရှိကြောင်း၊ ဆရာတော်ကိုယ်တိုင် ကျမ်းနိဂုံး၌ ရေးသားထားသည်။ ထိုတောရ၌ သဲဖြူခင်းထားသော သုံးတောင်တစ်ရာရှည်သည့် စင်္ကြံကျောင်းလည်း ရှိသည်။ သက်ရွယ်တော်ကြီးသောအခါ ယင်းစင်္ကြံရှိ တိုင်ကြီးတစ်တိုင်ကို ရွှေပိန်းချထား၏။ ဆရာတော် "ပထမ ဇေတဝိဘာန"ဖြစ်သည်။

ဆရာတော်ကား လွယ်လွယ်ကူကူဖြင့် ရဟန်းပြုလာရသူ မဟုတ်။ သုံးလေးနှစ်လွန်မှ ရဟန်းဖြစ်ရသည်။ အသက် ၂၀ကျော်လာသည်အထိ မိဘများနှင့် အတူလုပ်ကိုင် စားသောက်၍နေရရာ၊ ရွာ၌ နေရသည်မှာ စိတ်မငြိမ်လှသဖြင့် မန္တလေးမြို့သို့ သွားရောက်လုပ်ကိုင်၏။ သျှောင်ကြီးဖွေ့နှင့် ပင် နေသည်။

ထို့နောက် ရိုးသားဖြောင့်မတ်သည်ကို သိရသဖြင့် မိုးကုတ်မှ သူဌေးတစ်ယောက်က မွေးစားရာ မိုးကုတ်သို့ လိုက်ပါနေထိုင်ရသည်။

"အဲဒါ မင်းပစ္စည်းတွေပဲ"ဟု ဆိုကာ များပြားလှသော ကျောက်သံ ပတ္တမြားတို့ကို ပြပြီး ပျော်ရာပျော်ကြောင်း ချော့မော့ထားသော်လည်း၊ ထိုရတနာများကို လိုချင်စိတ်မရှိ။ မိုးကုတ်၌လည်း မပျော်။ ထိုအခိုက် သတင်းအရ ဖခင်ကြီး ဦးကျော့ လိုက်လာခေါ်၍ အရပ်သို့ ပြန်သွားရရာ မိုးကုတ်သူဌေးမှာ စိတ်မကောင်းဖြစ်၍ ကျန်ရစ်ခဲ့ရသည်။

ရွာသို့ ရောက်သောအခါ၌လည်း စိတ်တွေ မငြိမ်ဘဲ ရှိနေရာ နောက်ဆုံး အင်းမကြီး တောကျောင်းကလေးသို့ ရောက်လာခဲ့၏။ အိမ်မပြန်တော့ပြီ၊ သူပျော်သော နေရာကား လေးတိုင်စင် ထန်းရွက်မိုး တောကျောင်းကလေးပင် ဖြစ်၍ မိဘများက ငွတ်ခေါ်သော်လည်း မလိုက်ဘဲ ငြင်းဆန်နေ၏။ သျှောင်ကြီးဖွေ့နှင့်ပင် အင်းမကြီး ဆရာတော်ထံ ကပ္ပိယ လုပ်နေတော့သည်။

အချိန်ကား ၁၂၈၆ ခုနှစ်၊ ဝါတွင်းဖြစ်၍ ဆရာတော်ရော၊ မိဘများကပါ မည်သို့မျှ တား၍မရသည့်အဆုံး သူ့အလိုကို လိုက်လျောရကာ၊ ထိုနှစ် ဝါတွင်းမှာပင် ကိုရင်ကြီး "ရှင်ဇဝန"အဖြစ်ဖြင့် လေးတိုင်စင် ကျောင်းကလေးမှာပင် နေရလေ၏။

၁၂၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်နေ့တွင် ရွှေတွင်း၊ တူးကျောင်းခဏ္ဍာအိမ်၌ ပထမ ကမ္မဝါဆရာ မုံတောဂိုဏ်းထောက် ဦးမာလာ၊ ထနောင်းကုန်း ဂိုဏ်းထောက် ဦးဝိသုဒ္ဓ၊ တမာကုန်း သရက်ခြံ ဂိုဏ်းထော
ဦးတေဇဝံသတို့ဖြင့် ဉပသမ္ပဒါယ်ပြု၍ ရဟန်းဘဝသို့ ရောက်
ခဲ့လေသည်။

## သီသီကလေးနှင့် လွဲမှားသော တရား

သမထ၊ ဝိပဿနာအလုပ်သည် သီသီကလေးနှင့်
များတတ်လေသည်။ ဆရာတော်ကြီးသည် ဆရာကောင်း
များကို အမှီရတော်မူသဖြင့် ပဋိပတ္တိလောက၌ အား
ထိုက်သော ဆရာမြတ်တစ်ဆူဖြစ်တော်မူပါပေ၏။ ထိုကဲ့
သော စွယ်စုံ အရှင်မြတ်ကြီးများပင်သော်မှ ရံခါ ရတ်တ
ဆုံးဖြတ်ရခက်သော လှည့်စားမှုကလေးတွေနှင့် ကြ
တတ်ပေသည်။ တရားထူးမရဘဲလျက် ရလေဟန် အထ
များ၊ အမြင်များ(အဓိမာနဖြစ်ခြင်း၊ အမွှေတော်ဓာတ်ဝင်ခြ
များ ဖြစ်တတ်ပုံကို "နိဗ္ဗာန်ပေါင်းချုပ်ကျမ်း"၌ ရေးသားထာ
လေသည်။

## ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူ

သိမ်တောင်တောရ ဂိုဏ်းကြီး၏ ဒုတိယ နာယ
ဩဝါဒ စရိယဖြစ်တော်မူသော ဆည်ကြီးတောရ ဆရာတော်
ကြီးသည် သက်တော် ၇၇နှစ်၊ ၁၃၁၂ ခုနှစ်၊ တန်ဆောင်
လဆန်း ၁၄ရက်၊ နံနက် ၇နာရီအချိန်တွင် စုတိကမ္မ
ချုပ်ငြိမ်းတော်မူလေတော့သည်။ ၎င်းနှစ် ပြာသိုလပြည့်
တွင် ပရိသတ်အပေါင်းကို စတုဒိသာကျွေးမွေး၍၊ ရဟ
တော်များကို သက်တော်စေ့ သင်္ကန်းဒွိစုံများကို လှူဒါန်းခြ
တရားပူဇော်ခြင်းဖြင့် အန္တိမ ဈာပနပွဲသဘင် ဆင်ယင်
လေသည်။

သတ္တဝါမှန်သမျှ ဘေးမဲ့၊ အေးမြရွှင်လန်း

* * *

ကျော်ဇောဟိန်း(နံ

**ကိုးကား**

**- ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ**

www.burmeseclassic.com

# သေကျှတောင် ဆရာတော်၏ ပဋ္ဌာန်း(၂၄)ပစ္စည်း ကွန်ချာပုတီးစိပ်

■ ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်တီ) ■

ဆရာတော် ဦးတိလောကသည် ဗန်းကျီတိုက်အဝင်၊ [illegible]ချင်ဝီရင်စု၊ ခေါ်သန္တိကျေးရွာ (ယခုအခေါ် ပုလဲမြို့နယ်၊ [illegible]ကျေးရွာ)တွင် မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်၊ [illegible]ဆောင်မုန်းလဆန်း ၉ရက်၊ ညနေ ၃နာရီတွင် အဖ [illegible] အမိ ဒေါ်သီတို့မှ မွေးဖွားသန့်စင်သည်။ ငယ်မည် [illegible] "[illegible]ောင်ထွန်း၀" ဖြစ်သည်။ မွေးချင်းများမှာ ကိုပေါလု၊ [illegible] မအေးခိုင်တို့ ဖြစ်သည်။

[illegible]ဘ်ပျောတောတောင်ကျောင်း ဆရာတော် ခင်ကြီး [illegible] ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပြီး ဘွဲ့တော်မှာ "အရှင် [illegible]" ဖြစ်ပြီး သက္ကရာဇ် ၁၂၅၃ ခုနှစ်တွင် ဝါဆိုလ [illegible] လယ်တီဆရာတော်ဘုရားကြီးထံတွင် တပည့် [illegible] [illegible]ကျမ်းဂန်များကို ဆည်းပူးလေ့လာ၍ ပညာရင်နို့ [illegible]ခဲ့သည်။

သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သေကျှတောင်သို့ ကြွတော်မူ၍ ကမ္မဋ္ဌာန်း ဘာဝနာအလုပ်ကို အားထုတ်တော်မူသည်။ မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ကျိုက်ထိုမြို့နယ်၊ သေကျှတောင်၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆရာတော် ဦးတိလောကသည် ခေါ်သန္တိရွာမှာ မိမိ၏ မွေးဖွားရာဇာတိဖြစ်ကြောင်းကို "ပဏ္ဍိတ ဝေဒနိယ ဒီပနီကျမ်း"တွင် နိဂုံး၌...

"ခေါ်သန္တိ နာမတော - နိဗ္ဗာန်သဖွယ်၊ အကယ်စင်စစ် ချမ်းသာသော ရွာဖြစ်ခြင်းကြောင့် ခေါ်သန္တိဟု အမည်ရှိသော ဂါမေရွာမြတ်၌၊ တေတ္တိံ ဒွေ က သာ သမိ သက္ကရာဇ် ၁၂၃၃၊ တန်ဆောင်မုန်းလဆန်း ၉ရက်၊ စနေနေ့ညနေ သုံးချက်တီးအချိန်၊ အဟံ - ငါသည်၊ သုနဗ္ဗယော- ကောင်းစွာ ဘေးကင်းလျက် အမိဝမ်းတွင်းမှ ဖွားမြင်၏"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဖော်ပြခဲ့ဖူးပါသည်။

သေက္ခတောင်ဆရာတော် ဦးတိလောကသည် ရဟန်းပြုပြီးနောက် စာပေ ပရိယတ္တိများကို သင်ယူရင်း ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းလျက် အနားယူသည့်အချိန်များတွင် နောင်လာ နောက်သားများအတွက် ကျမ်းဂန်များ ပြုစုခဲ့သည်မှာ ကျမ်းပေါင်း ၁၄ ကျမ်း ရှိသည်။

(၁) နိက္ခမ ဝိဒါန ဒီပနီကျမ်း (၁၂၈၅ ခုနှစ်)
(၂) အရိယာမဂ္ဂ ဒီပနီကျမ်း (၁၂၆၂ ခုနှစ်)
(၃) အနေကဇာတင်ပါဠိနိသျကျမ်း (၁၂၆၃ ခုနှစ်)
(၄) ဓမ္မရာသီကျမ်း (၁၂၆၆ ခုနှစ်)
(၅) ပဏ္ဍိတ ဝေဒနီယ ဒီပနီကျမ်း (၁၂၆၇ ခုနှစ်)
(၆) သုမေဓာ သုမိတ္တာ ဗျာဒိတ်ခန်း (၁၂၇၂ ခုနှစ်)
(၇) အန္တရာယ်ကင်း မဟာပရိတ်တော်ကြီး(၁၂၇၂ ခုနှစ်)
(၈) ပစ္စယတ္တ ပကာသနီကျမ်း (၁၂၇၅ ခုနှစ်)
(၉) ပစ္စယတ္တ ပကာသနီကျမ်း (၁၂၇၅ ခုနှစ်)
(၁၀) တိုင်းကြီးသောဋ္ဌသမြေပုံငယ်ကျမ်း (၁၂၈၀ ခုနှစ်)
(၁၁) သောဋ္ဌသရဋ္ဌ ဒီပနီကျမ်း (၁၂၈၀ ခုနှစ်)
(၁၂) လယ်တီထေရ် ဗျာပန ဝိနိစ္ဆယကျမ်း (၁၂၈၆ ခုနှစ်)
(၁၃) နိရုတ္တိပဒ ဗျဥ္စနပါဠိ (၁၂၈၆ ခုနှစ်)
(၁၄) စတုဗ္ဗိ ဗျာကရဏကျမ်း (၁၂၈၈ ခုနှစ်)တို့ဖြစ်သည်။

ဆရာတော် ဦးတိလောကသည် လောကီရေး၊ လောကုတ္တရာရေး နှစ်ဖြာလုံးတွင် ထူးခြားပြောင်မြောက်ခဲ့သော အာဇာနည် ပုဂ္ဂိုလ်ထူးဖြစ်သည်။

ဆရာတော်သည် ပဋ္ဌာန်း (၂၄)ပစ္စည်း ကွန်ချာပုတီး စိပ်နေစဉ်မှာပင် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ရှင်တော်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ် ကွန့်မြူးလာပြီး အနန္တ စကြဝဠာသို့ ပျံ့နှံ့ထွန်းလင်း လွှမ်းမိုးလာသည်။

ထိုအခါ မရေမတွက်နိုင်လောက်အောင် များပြားလှသော နတ်ဗြဟ္မာအပေါင်းတို့သည် လိုက်လိုက်လှဲလှဲ ကြည်ညိုသဒ္ဓါ လွန်ကျူးစွာနှင့် ဦးခိုက် ပူဇော်ကြသည်ကို ဖူးမြင်ရသည်ဟု ကြားသိရသည်။

(၁၀၈)လုံးပါသော ပုတီးဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်းအား တိကျမှန်ကန်အောင် ပြုလုပ်ထား၍ ကွန်ချာဟု ခေါ်ဆိုသည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းများမှာ (၁) ဟေတုပစ္စည်းက အစချီပြီး (၂၄) အဝိဂတ ပစ္စည်းအထိရှိပြီး (၁၀၈)လုံးပါသော ပုတီးကုံးဖြင့် ပစ္စည်းတစ်ခုကို ပုတီးတစ်လုံးချင်းချပြီး စိပ်ရမည်။

(၁) ဟေတုပစ္စယောမှစ၍ (၂၄)အဝိဂတ ပစ္စယောအထိ စိပ်ပါ။ ပြီးလျှင် ဟေတုပစ္စယောမှ (၈) နိဿယ ပစ္စယောအထိ စိပ်ပါ။ ပြီးလျှင် ဟေတုပစ္စယောမှ (၁၆)အာသေဝန ပစ္စယောအထိ စိပ်ပါ။ ပြီးလျှင် ပြန်စပါ။

(၁) ဟေတုပစ္စယောမှ (၁၆) ဣန္ဒြိယ ပစ္စယောအထိ စိပ်ပါ။ ပြီးလျှင် ပြန်စပါ။

(၁) ဟေတုပစ္စယောမှ (၂၀) ဝိပ္ပယုတ္တ ပစ္စယောအထိ စိပ်ပါ။ ပြီးလျှင် ပြန်စပါ။

(၁) ဟေတုပစ္စယောမှ (၂၄) အဝိဂတ ပစ္စယောအထိ စိပ်ပါ။ အားလုံးပေါင်းလိုက်လျှင် (၁၀၈)ရသည့်အတွက် (၁၀၈)လုံး ပုတီးမှာ ပဋ္ဌာန်း ၂၄ ပစ္စည်း အံဝင် ခွင်ကျနေလျက်ရှိသည်။

ပဋ္ဌာန်းဒေသနာတော်ကြီးအား ရွတ်ဖတ်လျှင် မျက်မှောက်ချင်ချင်း အခါမလင့် ရရှိနိုင်သော ကောင်းကျိုးများကား...

- ရင်ဆိုင်တွေ့ကြုံနေရသော ဘေးအန္တရာယ်အသွယ်သွယ်များတို့မှ လွတ်မြောက်စေနိုင်ခြင်း၊
- ကျရောက်လတ္တံ့သော ဘေးအန္တရာယ်များ ကင်းလွတ်စေနိုင်ခြင်း၊
- အပြစ်ကင်းစင်ပြီး ကောင်းကျိုး ဆောင်ရွက်ချက်ကိစ္စအဝဝတို့သည် ပြီးစီးအောင်မြင်နိုင်ခြင်း၊
- အပြစ်ရှိပြီး မကောင်းကျိုးကို ဖြစ်မည့် ကျူးလွန်ခြင်းမျိုးတို့မှ ရှောင်လွှဲနိုင်ခြင်း၊
- ဆောင်ရွက်သော ကောင်းမြတ်သည့် ကိစ္စမှန်သမျှ ပြီးစီးအောင်မြင်နိုင်ခြင်း၊
- အဆုံးစွန်သောဘဝမှာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း

ဟူ၍ သေက္ခတောင်ဆရာတော် ဦးတိလောကမှ ဟောကြားခဲ့သည်။

* * *

ချစ်မုန်းစင်(ကြို့ပင်ကောက်–လယ်ဘီ)




www.burmeseclassic.com

www.burmeseclassic.com

## ပျံလွန်တော်မူပြီး ရှစ်လကြာအထိ

# မပုပ်မသိုး ရှိနေသော ဆရာတော်ကြီး

လူမျိုးအောင်



ဆရာတော်ကြီးကို "ရွှေဘို မင်းတုန်းဆရာတော်ကြီး" လို့ လူသိများကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းတုန်းကျေးရွာ၊ သိရိမင်္ဂလာကျောင်းတိုက်မှာ သီတင်းသုံးခဲ့ပါတယ်။ ဘွဲ့အမည်ကတော့ "ဦးနန္ဒိယ" ဖြစ်ပါတယ်။

သက်တော် ၇၅နှစ်၊ ဝါတော် ၅၄ဝါ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၁၄ရက်မှာ ပျံလွန်တော်မူခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ဟာ ၂၀၁၃၊ ဩဂုတ်လ ၁၄ရက်အထိ မပုပ်မသိုးဘဲ ရှိနေပါတယ်။


ဆရာတော်ကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် အင်ကြင်းပင် ကျောင်းတိုက်မှာ သာသနာ့ဘောင်ကို စတင် ဝင်ရောက်ခဲ့တာဖြစ်ပြီး ဆရာအရင်းကတော့ ဝွေးပင်ကျောင်းတိုက် "ဦးဝိသုဒ္ဓ"ပဲ ဖြစ်ပါတယ်။ မင်းတုန်းကျောင်းကို ရောက်ပြီး သီတင်းသုံးတာ နှစ်ပေါင်း ၃၀ကျော်ရှိပြီး ဝိပဿနာကို မပြတ်ကျင့်ကြံ အားထုတ်တော်မူပါတယ်။

ပျံလွန်တော်မူပြီး ၇လလောက်မှာ ခြေသည်း လက်သည်းတွေ ရှည်လာတယ်။ ဆံပင်တွေလည်း ရှည်လာပါတယ်။ မုတ်ဆိတ်လည်း အနည်းငယ် ရှည်လာပါတယ်။ တပည့် ဦးဇင်းတွေက ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို သင်္ကန်းလဲပေးတဲ့အခါ ဆရာတော်ကြီးရဲ့ ကျင်ကြီးတွေကို နှစ်ကြိမ်တိုင် တွေ့ရတယ်လို့ ဆိုပါတယ်...။

* * *

လူမျိုးအောင်

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာပထတိုင်းကို အစိုးရသော မဟာသာဂရမင်းကြီးတွင် သားတော်တစ်ကျိပ်နှင့် သမီးတော်တစ်ပါး ဖွားမြင်၏။ အရွယ်ရောက်သောအခါ တစ်ကျိပ်သော မင်းသားများသည် ဇမ္ဗူဒိပ်ကျွန်း၌ ခြောက်သောင်းသုံးထောင်သော မြို့တို့ကို တိုက်ခိုက်သိမ်းယူခဲ့၏။ ထို့နောက် တိုက်ခိုက်သိမ်းယူပြီးသောမြို့တို့ကို ဆယ်ပုံ ပုံ၍ ခွဲဝေကြကုန်၏။ အငယ်ဆုံးဖြစ်သော အင်္ကုရမင်းသားသည် မိမိ၏ ဝေစုကို နှမအဥ္စနဒေဝီအား လွှဲပေးပြီး ကုန်သွယ်ခြင်းအလုပ်ဖြင့် အသက်မွေး၏။ အင်္ကုရမင်းသားသည် အခါခပ်သိမ်း အလှူကြီးကို ပေးတတ်သူဖြစ်၏။

မင်းသားရဲ့ ဘဏ္ဍာစိုးဖြစ်သူ၏ သားသည် ရောရုဝမြို့သို့သွား၍ အပ်ချုပ်အတတ်ဖြင့် အသက်မွေး၏။ ရောရုဝမြို့မှ "အသယှ"မည်သော သူဌေးကြီးသည် ရဟန်းပုဏ္ဏား၊ ခရီးသွားသူ၊ အထီးကျန်သူ၊ ဖုန်းတောင်းယာစကာတို့အား အလှူကြီးပေး၏။ ထိုအခါ အပ်ချုပ်သမားသည် အလှူကြီးပေးသည့် အသယှ သူဌေးအိမ်ကို မသိသူတို့အား လက်ယာလက်ဖြင့် ညွှန်ပေး၏။ ထိုအပ်ချုပ်သမား သေဆုံးသောအခါ သဲကန္တာရအရပ်ရှိ တစ်ခုသော ပညောင်ပင်၌ ဘုမ္မစိုးနတ်သားဖြစ်၏။ ထိုဘုမ္မစိုးနတ်သား၏ လက်ယာလက်သည် အလုံးစုံ အလိုရှိရာကို ပေးနိုင်၏။ မိမိကိုယ်တိုင် မလှူနိုင်သော်လည်း သူတစ်ပါးလှူသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လမ်းညွှန်ပြခဲ့သော အကျိုးပေတည်း။

အသယှ သူဌေးကြီး၏ အလှူတွင် ကြောင့်ကြစိုက်လုပ်ဆောင်သူ ယောကျ်ားတစ်ယောက်သည် သဒ္ဓါမရှိ၊ ခြူစူဖောက်ပြန်၏။ အယူမှားရှိ၏။ ကုသိုလ်မှု၌ မရှိမသေပြုလုပ်လေ့ရှိ၏။ ထိုလူသေသောအခါ ဘုမ္မစိုးနတ်သား၏ နေရာအရပ်နှင့် မနီးမဝေးအရပ်၌ ပြိတ္တာဖြစ်၏။ အသယှ သူဌေးကြီးကား ထိုဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ အပေါင်းအဖော်ဖြစ်လေ၏။ အကြောင်းမတူသူ သုံးဦး၏ အကျိုးပေးခြင်း ကွဲပြားခြားနားပုံကို သံဝေဂယူဖွယ်ဖြစ်၏။

အခါတစ်ပါး၌ အင်္ကုရမင်းသားသည် လှည်းငါးရာဖြင့် လည်းကောင်း၊ အခြားသော ပုဏ္ဏားတစ်ယောက်က လှည်းငါးရာဖြင့် လည်းကောင်း၊ ကုန်ပစ္စည်းများကို တင်၍ သဲကန္တာရခရီးကို သွားကြကုန်၏။ လမ်းမှားသဖြင့် ရေ၊ မြက်၊ အစားအစာတို့ ကုန်ခန်းလေ၏။

ထိုအခါ ဘုမ္မစိုးနတ်သားသည် အင်္ကုရမင်းသား၏ ကျေးဇူးသည် မိမိအပေါ်၌ ရှိဖူးသည်ကို ကြံစည်စဉ်းစား၍

"ယခုအခါ ငါသည် ဤအင်္ကုရ၏ မှီခိုအားထားရာ ဖြစ်သင့်၏"

ဟု ဆင်ခြင်၍ မိမိနေရာ ပညောင်ပင်ကို ညွှန်ပြ၏။ အင်္ကုရမင်းသားသည် ထိုပညောင်ပင်အောက်၌ သစ်ခက်တ... များ ဖွဲ့လေ၏။ ဘုမ္မစိုးနတ်သားသည် မိမိ၏ လက်ယာလက်ကို ဆန့်တန်း၍ သောက်ရေ၊ အစားအစာတို့ကို ပေး၏။

ဤသို့ဖြင့် ကုန်သည်အပေါင်းသည် ထမင်းအဖျော်များကို အလိုရှိတိုင်း သုံးဆောင်ကြရ၏။ ခရီးပင်ပန်းမှုမှ ပြေပျောက်သော် ပုဏ္ဏားကုန်သည်သည် မသင့်မတင့် နှလုံးသွင်းလျက် ဤသို့ပြော၏။

"မိတ်ဆွေတို့ . . . ဥစ္စာကို ရလိုသော ငါတို့သည် ဤနေရာမှ ကမ္ဘောဇတိုင်းသို့ သွား၍ အဘယ်အကျိုးရှိကုန်အံ့နည်း။ အလိုရှိရာကို ပေးစွမ်းနိုင်သော ဤဘုမ္မစိုးနတ်သားကို ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူပြီး လှည်းပေါ် တင်၍ ငါတို့၏ ဒွါရဝတီမြို့သို့ ပြန်ကြပါစို့"

ထိုအခါ အင်္ကုရမင်းသားက ဤသို့ ဆိုလေ၏။

"အို . . . ပုဏ္ဏား၊ အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မှုလည်း ထိုင်နေပါ၊ အိပ်မှုလည်း အိပ်နေပါ။ အကိုင်းအခက်ကို မဖျက်ဆီးသင့်ပါ။ မိတ်ဆွေကို ပစ်မှားသောသူသည် သူယုတ်မာသာတည်း"

အင်္ကုရမင်းသားက တားမြစ်သဖြင့် ပုဏ္ဏားသည် ဘာမှ မပြောဘဲ ဆိတ်ဆိတ်သာ နေတော့၏။ အင်္ကုရမင်းသားနှင့် ပုဏ္ဏားတို့ ပြောစကားကို ဘုမ္မစိုးနတ်သား ကြား၏။ အင်္ကုရမင်းသား၏ သူတော်ကောင်းတရားရှိပုံကို သိရသဖြင့် ရှေးကထက်ပို၍ ကြည်ညိုနှစ်သက်ခြင်းဖြစ်၏။ ပုဏ္ဏား၏ စကားကို မနှစ်သက်သော်လည်း နောက်မှ ဆုံးမမည်ဟု နှလုံးသွင်း၍ ဆိတ်ဆိတ်သာ နေ၏။

အချိန်တန်သော် အင်္ကုရမင်းသားနှင့် ပုဏ္ဏားကုန်သည်တို့သည် မိမိတို့မြို့သို့ ပြန်ရန် ပြင်ဆင်ကြ၏။ နတ်သားသည် ပုဏ္ဏား၏ ရောင်းချစရာ ဘဏ္ဍာတို့ကို ကုန်ခန်းစေ၍ ဘီလူးသဏ္ဌာန်ဖြင့် ခြောက်လှန့်၏။ အင်္ကုရမင်းသားက တောင်းပန်၍ ပုဏ္ဏားကို ကန်တော့ခိုင်းမှ ရောင်းချစရာ ဘဏ္ဍာများကို ပကတိအတိုင်း ပြန်ဖြစ်၏။

အင်္ကုရမင်းသားသည် သဲကန္တာရမှ မိမိမြို့သို့ ပြန်ရောက်သောအခါ ဒါနကုသိုလ်ကောင်းမှုကို နေ့တိုင်း ပြုလေ၏။ ထိုအခါ လူတို့သည် လယ်ယာထွန်ယက်ခြင်း စသော



www.burmeseclassic.com

www.burmeseclassic.com

အလုပ်များကို မလုပ်သဖြင့် မင်းတို့၌ ကျီကျာဘဏ္ဍာတို့ ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ထိုအခါ မင်းတို့သည် အကံ့ရ ထံသို့ တမန်စေလွှတ်ကြကုန်၏။ တမန်တို့က···

"အိုး···အရှင်၊ အရှင်၏ အလှူကို အမှီပြု၍ အခွန် အတုတ်ပျက်စီးခြင်းသည် ဖြစ်ပါ၏။ ကျီကျာဘဏ္ဍာတို့သည် ကုန်ခန်းခြင်းသို့ ရောက်ပါပြီ"

ဟု ပြောကြ၏။

ထိုအခါ အကံ့ရမင်းသားသည် ဒက္ခိဏာပထတိုင်းသို့ သွားကာ ဒမိဠလူမျိုးနေရာအရပ် သမုဒ္ဒရာနှင့် မနီးမဝေးနေရာ ၌ ကြီးကျယ်စွာသော အလှူမဏ္ဍပ်တို့ကို ဆောက်လုပ်၍ အလှူကြီး ပေးလေ၏။ နေ့စဉ် သလေးဆန် လှည်းစီးပေါင်း ခြောက်သောင်းကို ချက်ပြုတ်ပြီး ဖြူစင်သန့်ရှင်း ဘောဇဉ် အမင်းကို လှူ၏။ အလှူကို စီမံအုပ်ချုပ်ရသူပေါင်း သုံးထောင် ရှိ၏။ ချက်ပြုတ်ရန် ထင်းပေါက်ခွဲရသူ ယောက်ျား ခြောက် သောင်းရှိ၏။ ချက်ပြုတ်မှုကို ပြုရသော အမျိုးသမီးမှာ တစ်သောင်းခြောက်ထောင်ဖြစ်၏။

ဤသို့လျှင် အကံ့ရမင်းသားသည် ကြီးကျယ်သော အလှူဒါနကို ပြုလုပ်၍ အသက်တိုင်း နေခဲ့ပြီးနောက် စုတေ သောအခါ တာဝတိံသာနတ်ပြည်၌ အကံ့ရနတ်သားဟူ၍ ဖြစ်လေ၏။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါ၌ ဣန္ဒက မည်သော လုလင်သည် ဆွမ်းခံလှည့်လည်လာ သော အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ကြည်ညိုသော စိတ်ရှိ သည်ဖြစ်၍ တစ်ဇွန်းတစ်ယောက် မလောက်သော ဆွမ်းကို လှူလေ၏။ ဣန္ဒက လုလင်သည် အသက်တိုင်းနေ၍ စုတေ သောအခါ သာသနာတော်တွင်းဟူသောခေတ်ကို မီသော ကောင်းမှု၏ အာနုဘော်ကြောင့် တာဝတိံသာ နတ်ပြည်၌ ကြီးသော တန်ခိုးအာနုဘော်ရှိသော နတ်သားဖြစ်လေ၏။

ဘုရားမြတ်စွာသည် ခုနစ်နှစ်မြောက် ဝါဆိုလပြည့်နေ့ဝယ် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ် ကသစ် ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထိုင်တော်မူ၏။ မယ်တော် နတ်သားနှင့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာတော်ကို ဟောကြားရန် ဖြစ်၏။ မနီးမဝေး သော အရပ်၌ ထိုင်နေသော ဣန္ဒက နတ်သားနှင့် တစ်ဆယ့် ယူဇနာဝေးကွာသောအရပ်၌ ထိုင်နေသော အကံ့ရနတ် သားကို မြင်တော်မူ၏။ အလှူခံ ပုဂ္ဂိုလ်၏ ပြည့်စုံ လုံလောက် ခြင်းကို ထင်ရှားစွာ ပြတော်မူအံ့သောငှာ···

"အကံ့ရနတ်သား··· သင်သည် ရက်ရှည်လများ



နေ့ညမပြတ် အလှူကြီးကို ပေးလှူခဲ့၏။ အဘယ်ကြောင့် ငါဘုရားနှင့် ဝေးရာမှာ နေဘိသနည်း။ ငါဘုရားအနီးသို့ လာခဲ့ ပါ"

ဟု မိန့်တော်မူ၏။

ထိုအခါ အကံ့ရနတ်သားက အလှူနှစ်ခု၏ ခြားနားပုံ ကို ဤသို့ လျှောက်ထားလေ၏။

"ဘန္တေ - ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ယံ့ဒါနံ - အကြင်အလှူသည်၊ ဒက္ခိဏေယျေန အရိယာ- မြင့်မြတ်သော ပုဂ္ဂိုလ်မှ၊ သုညတံ - မရှိလုံးလုံး ဆိတ်သုဉ်း ၏။ တေနဒါနေန - ထိုအလှူဖြင့်၊ မယံ - အကံ့ရဟု နာမ တွင်ခေါ် တပည့်တော်အား၊ ကိံ - အဘယ်အကျိုးရှိပါအံ့ နည်း ဘုရား။

ဘန္တေ - အရှင်မြတ်ဘုရား၊ ဣန္ဒကော - ဣန္ဒက အမည်ရသော၊ အယံသောယက္ခော - တန်ခိုးအရှိန် ဖြိုးထိန် ကြီးမား ဤနတ်သားသည်၊ ပရိတ္တကံ - မပြောလောက်ဖွယ် အနည်းငယ်သော၊ ဒါနံ - တစ်ဇွန်းတစ်ယောက် မမျှသော ဆွမ်းဒါနကို၊ ဒတွာ - အရှင်အာနုရုဒ္ဓါထေရ်မဟာကို ကြည် သာဖြူစင် ပေးလှူရသောကြောင့်၊ တာရကဏေ - မိုးကောင်း ကင်မှာ လှည့်လည်သွားလာ ကြယ်တာရာပေါင်း၌၊ စန္ဒော- ရောင်ခြည်ဝင်းဖြာ လစန္ဒာသည်၊ အတိယောစတိယထာ - ဘော်ရောင်သဖွယ် လွှမ်းတင့်တယ်သကဲ့သို့၊ အမေဃ -

www.burmeseclassic.com

သာသနာပ ခေတ်ကာလ၌ ဒါနပြုလုပ် အကျွန်ုပ်ကဲ့သို့သော သူတို့ထက်၊ အတိရောစတိ - နတ်၏ စည်းစိမ် တန်ခိုးရှိန်ဖြင့် ဖြိုးထိန်စံပယ် လွှမ်းမိုးတင့်တယ်ပါပေ၏ ဘုရား။

ဥဇ္ဇင်္ဂလေ - ကုန်းခေါင်ခေါင်ဖြစ်သော၊ ခေတ္တ - လယ်ယာ၌၊ ဗဟုံ - များစွာ၊ ရောပိတမ္ပိ - ကြဲချပြီးလတ် စိုက်ပျိုးအပ်ပါသော်လည်း၊ ဗီဇံ - မျိုးစေ့သည်၊ ဝိပုလံဖလံ- ထွားကျိုင်းသန်မာ ပြန့်ပြောစွာသော အသီးအနှံသည်၊ နဟောတိယထာ - အမှန်စင်စစ် ကောန်မဖြစ်သကဲ့သို့ လည်းကောင်း၊ ကဿကမ္ပိ - လယ်ထွန်ယောက်ျား လယ်သမားကိုလည်း၊ နပိတောသေတိယထာ - အားရ မနှက်သက်စေနိုင်သကဲ့သို့ လည်းကောင်း၊ တထော - ထိုနည်းမခြား၊ အလားတူသာလျှင်၊ ဒုဿိလေသု - သီလကင်းသူ အလှူခံ ပုဂ္ဂိုလ်တို့၌၊ ပတိဋ္ဌိတံ - အစဉ်အားဖြင့် တည်ထားအပ်သော၊ ဒါနံ - လှူဖွယ်ဝတ္ထုအစုစုသည်၊ ဗဟုပ္ပိ - များပြားပါသော်လည်း၊ ဝိပုလံဖလံ - ကြီးကျယ်ဖွံ့ ဖြိုး မြတ်သောအကျိုးသည်၊ နဟောတိ - စင်စစ်ပိုင်ပိုင် မဖြစ်နိုင်သည်သာတည်း။ ဒါယကမ္ပိ - သဒ္ဓါဖွေးဖြူ ပေးလှူတတ်စွာ အလှူဒါယကာကိုလည်း၊ နပ်တောသေတိ - အားရဆက်ဆက် နှစ်လည်း မနှစ်သက်စေနိုင်။

ဘဒ္ဒကေ - ကောင်းမွန်လှစွာ မြေဩဇာရှိသော၊ ခေတ္တ- လယ်၌၊ ရောပိတံ - ကြဲချစိုက်ပျိုးအပ်သော၊ ဗီဇံ- မျိုးစေ့သည်၊ အပ္ပမ္ပိ - နည်းပါးသော်လည်း၊ မာရံ - မိုးရေ အလျှင်သည်၊ သမ္မာ - ကောင်းမွန်စွာ၊ ပဝေစ္ဆန္တေ - ရွာသွန်းဖြိုးလတ်သည်ရှိသော်၊ ဝိပုလံ - အဖျားကိုင်းအောင် ထွားကျိုင်းသန်မာ ပြန့်ပြောစွာသော၊ ဖလံ - အသီးအနှံကို၊ ပဝတ္တေတိယထာပိ - စင်စစ်မသွေ ဖြစ်စေသကဲ့သို့ လည်းကောင်း၊ တတေဝ - ထိုနည်းမခြား အလားတူသာလျှင်၊ ဂုဏဝန္တေသု ဗျာန် - စသော ဂုဏ်ပြည့်စုံစွာ ရှိကုန်သော၊ တာဒိသု - ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ပြည့်စုံကြသော၊ သီလန္တေထု - ဖြူစင်တောက်ပ သီလရှိကြသော၊ အလှူခံ ပုဂ္ဂိုလ်များတို့၌၊ ကတံ - လှူဒါန်းအားထုတ် ပြုလုပ်အပ်သော၊ ကာရံ - ကျေးဇူးပြုတတ်သော၊ ပုညံ - ကုသိုလ်အစုမြတ် ကောင်းမှုသည်၊ အပ္ပကမ္ပိ - နည်းပင် နည်းပါးသော်ငြားလည်း၊ မဟပ္ဖလဲ - ကြီးကျယ်ဖွံ့ဖြိုးများမြတ်သော အကျိုးရှိသည်၊ ဟောတိ - စင်စစ်မသွေ ဖြစ်ရလေ၏။

ယတ္တ - သီလဝန်ခေါ်ဆို အကြင်အလှူခံ ပုဂ္ဂိုလ်၌၊ ဒိန္နံ - ပေးလှူအပ်သော ဒါနသည်၊ မဟပ္ဖလံ - ကြီးကျယ်ဖွံ့ဖြိုးများသောအကျိုးရှိ၏။ တတ္တ - ထိုပုဂ္ဂိုလ်၌၊ ဝိဓေယျ- စိစစ်ရွေးချယ်၍၊ ဒါနံ - လှူဖွယ်ဝတ္ထုအစုစုကို၊ ဒါတဗ္ဗ - သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူအပ်၏။ ဝိဓေယျ - စိစစ်ရွေးချယ်၍၊ ဒါနံ - လှူဖွယ်ဝတ္ထုအစုစုကို၊ ဒတွာန - ပေးလှူရသောကြောင့်၊ ဒါယကာ - ပေးလှူတတ်စွာ အလှူဒါယကာတို့သည်၊ သဂ္ဂံ - စည်းစိမ်ဥစ္စာ လွန်စွာကဲတင့် ခြောက်ဆင့်ထပ်တည်၊ နတ်တို့ပြည်သို့၊ ဂစ္ဆန္တိ - မသွေမဖောက် သွားရောက်ကြရကုန်၏။

ဝိဓေယျ - စိစစ်ရွေးချယ်၍ ဒါနံကို၊ သုဂတပ္ပသဋ္ဌ- ဘုရားရှင်တို့သည် အစဉ်မပြတ် ချီးမွမ်းတော်မူအပ်၏။ ဣဓဇီဝလောကေ - ဇီဝိန်အသက် မပျက်ရှိကြ ဤသတ္တလောက၌၊ ယေသီလ - ရှိကြား၊ အကြင်ပုဂ္ဂိုလ်များတို့သည်၊ ဒက္ခိကောယျော - မြတ်သော အလှူကို ခံယူထိုက်ကုန်၏။ တေသု - မြတ်သော အလှူခံယူထိုက်ကြား၊ ပုဂ္ဂိုလ်များတို့၌၊ ဒိန္နာနိ - သဒ္ဓါဖွေးဖြူ ပေးလှူရသော ဒါနတို့သည်သာ၊ မဟပ္ဖလာနိ - ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိကုန်၏။ ကိမိဝ - ယှဉ်ပြစရာ ဥပမာပုံဆို၊ ဘယ်လိုနည်းဟူမူကား၊ သုခေတ္တေ - ကောင်းမွန်လှစွာ မြေဩဇာရှိသောလယ်၌၊ ဝုတ္တာနိ - ကြဲချပြီးလတ် စိုက်ပျိုးအပ်ကုန်သော၊ ဗီဇာနိ- မျိုးစေ့ဟူသမျှတို့သည်၊ မဟပ္ဖလာနိယထာ - များစွာ ခိုင်ဖြိုး အကျိုးကြီးစွာ ခံစားရသကဲ့သို့သာတည်း။

ဤ အင်္ကုရပေတ ဝတ္ထုကို ဘုရားရှင်သည် နတ်ပြဟ္မာ အပေါင်းတို့အား "ဒိက္ခဏေယျ သမ္ဗတ္တိတည်း" ဟူသော အလှူခံ ပုဂ္ဂိုလ်တို့၏ ပြည့်စုံခြင်း ဂုဏ်ကျေးဇူးကို ပေါ်လွင်ထင်ရှားစွာ ပြလိုတော်မူခြင်းဟု "မဟာဒါနံတယာဒိန္နံ" အစရှိသဖြင့် ဟောကြားတော်မူခဲ့၏။

အင်္ကုရနတ်သားသည် ညောင်ပင်ကြီးလောက် အလှူကြီးပေးခဲ့သော်လည်း ညောင်စေ့ကလေးလောက်သာ အကျိုးခံစားရသည်ကို သတိချပ်အပ်၏။

* * *

အရှင်နိမ္မလ





www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ဇ ဗောဓိမဏ္ဍိုင် ရွှေပြည့်ဝင်ဘုရားစေတီတော်
## (သို့မဟုတ်)
# မြန်မာ့လွှတ်လပ်ရေးခေတ်မီ ဆန်စေတီ

■ ဗေဒသုတေသီ ဆရာမျိုး ■





ကျွန်ုပ်သည် တစ်နေ့သ၌ ရမည်းသင်း၊ မြောက်ရွှေစည်း ...ားဂိတ်မှ မေတ္တာလမ်းအတိုင်း ပေ ၃၀၀ခန့် လျှောက် ...လေသောအခါ အထက်တန်းကျောင်း၏ မြောက်ဘက်၊ ...သိမ်၏ အနောက်ဘက်တွင် ကျွန်ုပ်သက်တမ်း ...တစ်လျှောက်၌ ဖူးမြော်ဖူးခြင်း မရှိသေးသော အလွန်ထူးခြား ...န်ကြယ်သည့် ဘုရားစေတီအုပ်စုအား တွေ့ရှိရပါလေ၏။


ဘုရားဝင်း မုခ်ဦး၌ ကမ္ဘာ့ဇ ဗောဓိမဏ္ဍိုင် ရွှေပြည့်ဝင် ...ား မြန်မာသက္ကရာဇ် ၁၃၇၂ ခု၊ ခရစ်သက္ကရာဇ် (၁၆-...-၂၀၁၁) ဦးနန်းဖေ + ဒေါ်မြင့်၊ ဦးအောင်ခင် + ဒေါ်ရီတို့ ...အား အမှူးထား၍ ဗိုလ်ကြီး ယဉ်ထွေး + ဒေါ်တင်စန်းမြေး မိသားစုကောင်းမှုဟူ၍ ပါရှိပါသည်။ ဘုရားဝင်းအတွင်းရှိ ဆန်စေတီကျောင်းတိုက်မှ ဆရာတော် ဦးပညာဓဇအား တွေ့ဆုံ ဖူးမြော်၍ စာရေးဆရာဖြစ်ကြောင်း လျှောက်ထား လေသောအခါ ဆရာတော်ကြီးမှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆိုညွှန်ခံတော်မူပါလေ၏။

ဆရာတော် ဦးပညာဓဇသည် ခမည်းတော် ဦးလုဖေ၊ မယ်တော် ဒေါ်ငွေရီတို့မှ ဖွားမြင်သော မွေးချင်း ၁၀ဦးတွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ရမည်းသင်းမြို့ ပန်းတိမ် ရပ်ဇာတိဖြစ်ပါသည်။ သက်တော် ၄၂နှစ်တွင် ရဟန်းခံခဲ့ရာ ယခုအခါ သက်တော် ၇၅နှစ်၊ ဝါတော် ၃၃ဝါ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇဝါမြောက်တွင် ဆန်စေတီကျောင်းတိုက်သို့ ရောက်ရှိ၍ ၁၂ ဝါရရှိသော ၁၃၅၃ ခု၊ ကဆုန်လဆန်း ၉ရက်(၂၁-၄-၉၁)၊ တနင်္ဂနွေနေ့တွင် မူလ ဆရာတော် ဦးစကြာဝံသမှ ဦးပညာဓဇသို့ ဆန်စေတီကျောင်း အပ်နှံပါသည်။ မူလ ဆရာတော် ဦးစကြာဝံသသည် မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်ဖြစ်ခဲ့ပြီးလျှင် သက်တော် ၉၄နှစ်၊ ဝါတော် ၇၄ ဝါတွင် ပျံလွန်တော်မူပါသည်။

"ဒီဘုရားကို ၁၉၄၅ ခုနှစ်၊ လွတ်လပ်ရေးမရမီအချိန်က နေသူရိန်ရသေ့မှ ဦးစီးပြီး UNP မှ ဗိုလ်ကြီး လှအောင်နှင့် အကျဉ်းဦးစီးဌာနတို့မှ စုပေါင်းတည်ထား ကိုးကွယ်ခဲ့ပါတယ်။ ဒီဘုရားဟာ ရန်ကုန်မှာ ဦးနှတည်တဲ့ ကမ္ဘာအေးဘုရားထက် စောပါတယ်။ မြန်မာပြည် လွတ်လပ်ရေးရအောင် ကြံဆောင်ခဲ့တဲ့ ဘုရားပေါ့။ ကမ္ဘာလုံးအောက်ခြေ ထောင့်လေးထောင့် ပစ္စယံမှာ ခိုခြောက်ကောင် ရုံထားတယ်။ အဓိပ္ပာယ်က မြတ်စွာဘုရားဟာ ခိုဘဝ ၆ကြိမ်ဖြစ်ခဲ့ပြီး ၆ကြိမ်လုံး ဘေးဥပဒ် အန္တရာယ်ကင်းစင်ပြီး လွတ်လပ်စွာ နေထိုင်ခဲ့ရတာကို ရည်စူးပြီး မြန်မာပြည်ကြီး လွတ်လပ်ပြီး အန္တရာယ်ကင်းစေဖို့ ရည်ရွယ်တယ်။ ကမ္ဘာလုံးအထက်စေတီ အရှေ့အရပ်မှာ ဒေါင်းတစ်ကောင်(ဥဒေတယံ)နဲ့ အနောက်အရပ်မှာ ဒေါင်းတစ်ကောင်(အပေတယံ) ပါရှိတယ်။ အဲဒါကတော့ နေထွက်၊ နေဝင်ကို ရည်ညွှန်းတယ်။ ကျုပ်တို့တိုင်းပြည်မှာ နေထွက်ချိန်မှာလည်း ဘေးမရှိရဘူး။ နေဝင်ချိန်မှာလည်း ဘေးမရှိရပေဘူး။ လာ - ဒကာကြီး၊ ကျုပ်တို့ဘုရားဖူးရင်း အသေးစိတ်လေ့လာကြရအောင်"

ထို့နောက် ဆရာတော်ကြီးမှ တနင်္ဂနွေထောင့်မှ စတင်၍ စေတီတစ်ဆူချင်း အသေးစိတ် ရှင်းလင်း မိန့်ကြားပါသည်။


◈◈◈

**တနင်္ဂနွေထောင့်**

ဒီဘုရားက အောက်မှာ ဆန်ဇလားခံပြီးတော့ ဆန်ဌာပနာပြီး တည်ထားတဲ့အတွက် ဆန်စေတီဘုရားခေါ်ပါတယ်။ ဒီဘုရားကို အမှီပြုပြီး ဆန်စေတီကျောင်းတိုက်၊ ဆန်စေတီရပ်ကွက်ရယ်လို့ ပေါ်ပေါက်လာခဲ့တာပေါ့။ အဓိပ္ပာယ်ကတော့ ကျုပ်တို့ နိုင်ငံတော်ကြီးမှာ ဆန်ရေစပါးပေါများကြွယ်ဝရမယ်ဆိုတဲ့ ဓာတ်ကို ဖော်ဆောင်ပါတယ်။

**တနင်္လာထောင့်**


ဒါက ငရုံမင်းစေတီပေါ့။ မိုးလေဝသမှန်ကန်စေဖို့ ရည်စူးတယ်။ ဒီဘက်က ဂဠုန်မင်းစေတီ၊ အရှေ့မှာ ဦးယက္ခ





www.burmeseclassic.com

www.burmeseclassic.com




ဦးထွန်းဘ + ဒေါ်သိန်းမြတို့ ဖြစ်တယ်။

**ဗုဒ္ဓဟူးထောင့်**

ဒါက လေးကျွန်းစကြံ့ဘုရား။ ဒကာက ဒေါ်အေးတင်။ "ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း သြဘာနိမိတ်ထွန်း" ဆိုတဲ့ စာဘောင်လင်္ကာအရ တည်တာပါ။ ဒီတောင်တည့်တည့်က မြသလွန်ဘုရား၊ စစ်သူကြီး လေးဦးပါတယ်။ သလွန်ပေါ်မှာ ဆုတောင်းပြည့်စေတီကို တည်ထားတယ်။ သလွန်ရှေ့တည့်တည့်မှာ ကျောက်သာသနာပွဲရှိတယ်။ "သံခမောက်ဆောင်း လေးယောက်ပေါင်း၊ အောင်ကောင်းပေါ်တော့မည်၊ အောင်ကြောင်းပေါ်သို့ မင်းလောင်းမျှော်သည်" ဆိုတဲ့ စာဘောင်လင်္ကာနဲ့ တည်ထားတာ ဖြစ်တယ်။ ပေါက္ကံပြည်မှာ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဆိုတဲ့ စစ်သည် လေးသိန်းအင်အားနဲ့ ညီမျှတဲ့ စစ်သူကြီး လေးယောက်ခြံရံတဲ့ အလယ်က သလွန်ပေါ်မှာ အနော်ရထာဘုရင် စံမြန်းပြီး ကျုပ်တို့တိုင်းပြည်ဟာ တစ်ခေတ်တစ်ခါက ထင်ပေါ် ကျော်ကြားပြီး တိုင်းတစ်ပါးသားတို့ မယှဉ်ပြိုင်ဝံ့ခဲ့တာကို ပြန်လည် ...ကန်တော့တဲ့ ပုံပါတယ်။ ဂဠုန်က ညာဘက်လက်နဲ့ ...ကို ကုတ်ထားတယ်။ အဲဒါကတော့ မုဆိုးစည်းတွင်း ...ဆင်သမုပင်လယ်ဝေလတ္တံ့၊ မာန်ပြင်းတောင်ဟုန် ဂဠုန် ...တ်ယူ၊ ဂဠုန်လည်း တွက်၊ နဂါးမြုပ် ဇမ္ဗူတရစ်သာလတ္တံ့" ...တဲ့ စာဘောင်လင်္ကာအရ တည်ထားတာ။ နဂါး ဂဠုန် ... ယက္ခ စောင့်ရှောက်တယ်လို့လည်း တစ်နည်း ...ယ်ဖွင့်နိုင်တယ်။ အဲဒီရဲ့ ဒီဘက်က ကြက်ဖစေတီ ... ဒါကတော့ "ကြက်မ တွန်လို့ မိုးမလင်းဘူး။ ကြက်ဖ ... မိုးလင်းမယ်" ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်တယ်။ ...ရဲ့ ဒကာကတော့ ဒေါ်ညီမရဲ့ သမီး ဒေါ်သိန်းနဲ့ သား ...တို့ ဖြစ်ပါတယ်။ ဒေါ်ညီမက ကျုပ်အဖေရဲ့ အစ်မ ... ကျုပ်ရဲ့ ကြီးတော်ပေါ့။ ဝိတိုရိယလို နေမဝင် ... ကျုပ်တို့တိုင်းပြည်ကို ကြာကြာ မသိမ်းနိုင်စေ ...

**...ထောင့်**


ဒါကတော့ ဆီစေတီပေါ့။ "ဆီကို ရေချိုး၊ ဆေးရိုး ... ဝါးတောင်လိုပုံ၊ စားတောင် မကုန်" ဆိုတဲ့ စာဘောင် ...အရ တည်တာ။ ဒီစေတီအောက်မှာ ဆီအိုးရှိတယ်။ ... ဆီဌာပနာထားတယ်လေ။ ဘုရားဒကာကတော့





www.burmeseclassic.com

www.burmeseclassic.com



ဖော်ဆောင်တယ်။

အဲဒီဘက်က ပဒေါင်းစကြာဘုရား။ အောက်က ကြိုတ်ပုံ ခံဆောင်ထားတယ်။ "ပဒေါင်းစကြာ သွက်သွက်ခါ"တဲ့။ ဒီကြိုတ်ဟာ သွက်လက် လည်ပတ်နေသမျှ ဆန်ရေစပါး ပေါများကြွယ်ဝနေမှာ ဖြစ်တယ်။ ဒကာကတော့ ဦးသူတော်-ဒေါ်အေးပေါ့။

**စနေထောင့်**

ဒါ ပန်းကန်စေတီခေါ်တယ် ဒကာကြီး။ ပန်းကန်လုံးပေါ်မှာ တည်ထားတာလေ။ လူတွေ ဝဝလင်လင် စားသုံးနိုင်ပါစေလို့ ရည်ရွယ်တယ်။

**ကြာသပတေးထောင့်**

ဒါက ဗုဒ္ဓစကြာဘုရား။ အောက်ခြေမှာ လိဏ်ဂူပုံစံ လုပ်ထားတယ်။ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြသော ဘုရားများစွာကို ရည်စူးပါတယ်။ ဗုဒ္ဓစကြာဘုရားမှာ မှူးကိုင်နဲ့ မှူးဘူးပုံစံပါတယ်။ အဓိဋ္ဌာန်ကိုတော့ ကျုပ်လည်း ၊ သိဘူး။ အလှူရှင်က ဒေါ်ပန်းရင် သားသမီးများ၊ ပျော်ဘွယ်မြို့တဲ့။ ဒီဘက်က ယုံဘုရား။ "ယုံရင် လုပ်၊ မယုံရင် မလုပ်နဲ့"


လို့ အဓိဋ္ဌာန်ရတယ်။ ဒီဘက်က ရွှေယဉ်မျှော်ဘုရား။ ပန်းအိုးခံပြီး စေတီတည်ထားတာ။ အရှေ့ဘက်က ရွှေမြင်တင်ဘုရားကို မျှော်ထားတာ။ ဘုရားဒကာက ဦးလှဖေ၊ သား မောင်ကိုကြီး၊ သမီး မသန်းကြည်၊ မခင်မြ၊ ပျော်ဘွယ်ကောင်းမှု ဖြစ်ပါတယ်။ ရွှေမြင်တင်ဘုရားနဲ့ ဆက်စပ်ပုံကိုတော့ ကျုပ်လည်း မသိဘူး။

**ရာဟုထောင့်**

ဒါက ဟင်္သာစေတီ။ မြတ်စွာဘုရားဟာ ဟင်္သာ ကိုးဘဝဖြစ်ခဲ့ဖူးတယ်။ ဟင်္သာဆိုတဲ့ အလွန်လျင်မြန် ဖျတ်လတ် မြန်ဆန်တယ်။ နေဆီကိုတောင် ရဲရင့်စွာ ပျံသန်းတဲ့ ငှက်ဖြစ်တယ်။ ကျုပ်တို့နိုင်ငံဟာ လျင်မြန်သောအဟုန်နဲ့ ရဲရင့်မြန်ဆန်စွာဖြင့် လွတ်လပ်ရေးကို ရရှိစေရမယ်။

**သောကြာထောင့်**


ဒါက "ကိုးသိန်းကိုးသန်း ငြိုဟ်ပြေရန်ပြေဘုရား"လို့ ခေါ်တယ်။ အရှေ့ ငြိုဟ်စင်ဘုရားလို့လည်း ခေါ်တယ်။ မကောင်းတဲ့ ဘေး၊ မကောင်းတဲ့ ရန်၊ မကောင်းတဲ့ ငြိုဟ်စီး ငြိုဟ်ပြောင်နင်းတွေ ပ,ပျောက်ဖို့ လှူထားတယ်။ ဘုရားဒကာ ဦးဘစိန် + ဒေါ်အေးခင်တဲ့။ ဒီဘက်က နေလဘုရား။ အရှေ့ဘက်က နေထွက်ပြီး အနောက်ဘက်က လထွက်တဲ့ သဘောတရားကို အခြေခံပြီး ဒေါင်းနဲ့ ယုန် ကိုယ်စားပြုတဲ့





www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖြစ်တယ်။ "နေနဲ့ လနဲ့ နှစ်ပါးဆိုင် သိကြား တိုင်မ,မယ့် ယောက်ျား"ဆိုတဲ့ စာဘောင်လက်ာနဲ့အညီ ည့်ထားတာ။

ဒီဘက် ရွှေဘုန်းပွင့်စေတီကတော့ ပြည်သူပြည်သား ကောင်းမှုဖြစ်တယ်။ အံရင်က သာသနာပွဲပါတာ အခု ကျသွားပြီ။ ရက်ကန်းစင်ပုံကို တွေ့ရလိမ့်မယ်။ ရက်ကန်း တောင် ဆရာတော် ဦးဩဘာသကို တိုင်တည်ရမယ်လို့ တယ်။ မြန်မာပြည်သူပြည်သားတွေ ဘုန်းကံမြင့်မားဖို့ ရည်ရွယ်တယ်။

◈◈◈

ပြိုပျက်ရှစ်ခွင်စေတီများကို လေ့လာဖူးမြော်ပြီးတော့ ဘက်ကို ဆက်လျှောက်လာကြပါသည်။


"ဒါက ခိုစေတီတော်။ ငြိမ်းချမ်းရေးအထိမ်းအမှတ် တည်ထားတာပေါ့။ ကမ္ဘာစစ်မီး ငြိမ်းစေဖို့ ရည်ရွယ် ။ ဒီဘက်က ဒေါင်းမင်းစေတီ။ အမှုအခင်းတွေ င် ငြိမ်းချမ်းဖို့ ရည်ရွယ်တယ်။ ဟိုဘက်က ငုံးမင်း မီးဘေးအန္တရာယ်ကင်းစင်ဖို့အတွက် တည်တာ။ လုံးဟာ အနောက်ဘက်ကို လှည့်ထားတယ် ဒကာ ဟိုရှေ့က တစ်ဆူတည်းသော စေတီကတော့ စာဖို စေတီလို့ ခေါ်တယ်။ အရှေ့ဘက်ကို မျက်နှာမူထားတယ်။

အဓိပ္ပာယ်ကတော့ "စာဖိုစာမ နေလပြု လိုတရ ကမ္ဘာ ကောက်ရ အက္ခရာ"တဲ့။ အဘ ဘိုးမင်းခေါင် ပြောတာ။ ဒီဘုရားပြီးတာနဲ့ နေသူရိန် ရသေ့ဟာ ထွက်ရပ်ပေါက်သွား ခဲ့သတဲ့။ ဒါကြောင့် ထွက်စေတီအဖြစ်နဲ့ အရှေ့ကို မျက်နှာမူ ထားတာပေါ့"

စာဖိုစာမ,စေတီအရှေ့ဘက်တွင် ရှိသော ရက္ခစိုးနန်း နှင့် ညောင်ပင်မှာ ဘုရားတည်ခါစကတည်းက တည်ရှိ ကြောင်း သိရှိရပါသည်။

"ဘုရားတွေရဲ့ အရှေ့မှာ ကန်တစ်ကန်ရှိတယ်။ အရင် က တိမ်တိမ်လေး။ ကျုပ်က ဇပေနက်အောင် ပြန်တူးခဲ့ တယ်။ ဒါက ကြိုးကြာ ရေသောက်တဲ့ ကန်ပေါ့။ အစ ကြိုးကြာဆိုတဲ့ လင်္ကာအရ ကြိုးကြာကန်က စ,ရတာ"

ကန်၏ ထိပ်တွင် မဟာကရုဏာ မုဒြာရပ်တော်မူ ဗျာဒိတ်ပေး ရုပ်ပွားတော်ကို ကိုခင်မောင်ဝင်း-မအိအိချော၊ ဆံစေတီရပ်ကွက်မှ ၁၃၇၃ ခုနှစ်တွင် လှူဒါန်းထားပါသည်။ လက်ဝဲရံ အလှူရှင်မှာ ဦးထွန်းထွန်းလတ်-ဒေါ်သန်းသန်းနု ဖြစ်၍ လက်ျာရံ အလှူရှင်မှာ ပျဉ်တင်ရပ်ကွက်မှ ကိုအောင် နိုင်+မသီတာ ဖြစ်ပါသည်။ ၎င်း၏ အရှေ့ဘက်တောင်ထောင့် တွင် ပြည်လုံးချမ်းသာ တံခွန်တိုင်ကို ၁၃၅၈ ခု၊ ကဆုန်လ






www.burmeseclassic.com


www.burmeseclassic.com

ဆုတ် ၅ရက်နေ့တွင် ဦးပိုင်+ဒေါ်ပု မိသားစုနှင့် ဦးသန်းမောင်-ဒေါ်စိန်း မိသားစုတို့မှ လှူဒါန်းထားပါသည်။

ဓမ္မစကြာမုဒြာကို (၁၆-၉-၂၀၁၁)တွင် ဦးကျော်သူ+ဒေါ်ခင်သန်းဌေးနှင့် သမီးများ၊ မြသုခဆန်စက်၊ လက်ဆည်ကန်မှ လှူဒါန်းပသည်။ ပဋ္ဌဝဂ္ဂီငါးပါးတွင် သုံးပါးအလှူရှင်မှာ ဦးတင်ထွန်း + ဒေါ်ကျော်မွှေးဖြစ်၍ နှစ်ပါးအလှူရှင်မှာ ဦးကျော်သူဖြစ်ပါသည်။

၎င်း၏နောက်တွင် ဓာတ်ပေါင်းဦးသျှောင် အောင်မင်းခေါင်နန်းကို ကံမြင့်ရွာ ဦးစိုးမြင့်+ဒေါ်မြနှင့် ဦးအောင်စိန်+ဒေါ်တင်အေး၊ ဆန်စေတီရပ်ကွက်မှ ဦးချစ်မောင်တို့မှ မ,တည်လှူဒါန်းပြီး ဦးပညာဓဇမှ (၈-၄-၂၀၀၃)၊ အင်္ဂါနေ့တွင် အပြီးလှူဒါန်းပါသည်။ ၎င်း၏ အနောက်ဘက်တွင် ၃၇မင်းနတ်နန်းကို ဦးခင်မောင်ကျော်+ဒေါ်လှကြည် မိသားစုမှ နေ့ချင်းပြီး လှူဒါန်းပါသည်။ ထို့နောက် ကမ္ဘာ့ ဗောဓိမဏ္ဍိုင်ရွှေပြည်ဝင် မြတ်စွာဘုရားကို ဆက်လက်ဖူးမြော်ပါသည်။ ရုပ်ပွားတော်အလှူရှင်မှာ ဆရာတော်ကြီး ပညာဓဇ ဖြစ်ပါသည်။ ၁၃၇၃ ခု၊ ဝါဆိုလပြည့်ကျော် ၂ရက်(၁၇-၇-၂၀၁၁)





နေ့တွင် လှူဒါန်းထားခြင်း ဖြစ်ပါသည်။ ပလ္လင်၌ "သေ်ဝိ… ပုကယမ္မ မယက ပုဓာဝိသံ"ဟူ၍ စာလုံး ၁၆လုံး ပါရှိပါသည်။

ဆရာတော် ရှင်းပြသည်မှာ -


"ပလ္လင်အောက်မှာ သွပ်အစစ်နဲ့ အင်းတစ်ခုမြှုပ်ထား… တယ်။ အဲဒီ အင်းဆံမှ ဂါထာဖြစ်တယ်။ ရတနာသျှမ်… အင်းလို့ ခေါ်တယ်"

အာရုံခံ၏ မျက်နှာစာတွင် "အရဟံ-ဝရဗုဒ္ဓေါ… ဝရဓမ္မောဇ-ဝရသံဃောဇ-မ၊ အရဟံ-ဝရိသရောဇ-… အရဟံ-ဝရိသရောဇ-ဝရစေတောဇ-ဝရဒေဝတာဝရေဟိမေ… ဝရံဇ-မ"ဟူ၍ ပါရှိပါသည်။

"ဒီဂါထာ ကျုပ်ဖြည့်ထားတာပါ။ "ဇ"ဆိုတာက "… ဥတ္တိ"၊ အစဉ်း ဤသို့တည်းလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်… နေသူရိန်ရသေ့ဟာ ဒီနေရာကနေ စတင် အဓိဋ္ဌာန်ဝင်… စာဖိုစာမ,ဘုရားမှာ ထွက်ရပ်ပေါက်သွားတာ ဖြစ်… စေတီပတ်လည်မှာ ပဋ္ဌာန်းအင်းရှိသေးတယ် …ကြီး"

အခြားမျက်နှာစာတွင် ပဋ္ဌာန်းအင်းစေတီကို အ…

www.burmeseclassic.com



စိတ် စီရင်ခြယ်မှုန်းထားတာကို တွေ့မြင်ရပါသည်။ ထို့နောက် မြောက်ဘက် မျက်နှာစာတွင် ရွှေမုဌောဘုရား၏ သုံးဆပ်တံခါးထက်တွင် စီရင်ထားသော နေလ အင်းစမတော်ကို ဖော်ပြထားပါသည်။

"ရင်ပြင်တော် အုတ်ခင်းအလှူရှင်အဖြစ် ဦးခင်မောင်ဆွေ + ဒေါ်လှကြည်တို့က (၂၈-၂-၂၀၀၃)၊ သောကြာနေ့ အစ်နေ့တည်း နေ့ချင်းပြီး လှူဒါန်းခဲ့တာပေါ့"

◈◈◈


ထို့နောက် ဆရာတော်ကြီးနှင့် စာရေးသူတို့သည် ကျောင်းပေါ်သို့ ပြန်တက်ခဲ့ကြပေသည်။ ထို့နောက် ဆရာတော်ကြီးမှ ကျောင်းပေါ်ရှိ ဘုရားခန်းကို မှတ်တမ်းတင်စေပါသည်။

"ဒီဆင်းတုတော်က အရင်က ထွက်ရပ်ပေါက်ဘုရားမှာ ပူဇော်ထားတာ ဒကာကြီး။ မဏိတော်မှာ နဝရတ်ကိုးသွယ်ပါရှိတယ်။ ဘုရားရဲ့ ပလ္လင်မှာ "စာဖိုစာမ နေလပြဿဒ္ဒါကောက်ရ အက္ခရာ"ဆိုတာ ပါရှိတယ်။ ကူးထားဦး ဒကာကြီး။ အနက်အဓိပ္ပာယ်ကိုတော့ တတ်ကျွမ်းနားလည်သူတွေကို အကူအညီတောင်းပေါ့။ ဒီဆင်းတုတော် ရတနာတွေကို ဖြုတ်ခိုးဖို့ ကြိုးစားကြတဲ့အတွက် ကျုပ်လည်း စိတ်မချတာနဲ့ ကျောင်းပေါ် တက်ပြီး ကိုးကွယ်ထားလိုက်တာ။ ဒါတောင်မှ ပတ္တမြားတစ်လုံးပါသွားသေးတယ်"

| | | | |
|---|---|---|---|
| ဃ | က | ရ | ဝ |
| သ | ည | က | ၄ |

ထို့နောက် ဆရာတော်မှ လိုအပ်သည်များကို ဆက်ဆက်၍ ဖြည့်စွက် မိန့်ကြားပါသည်။

"တံခွန်တိုင်စေတီရဲ့ အင်္ဂါထောင့် ခေါင်းလောင်းအတွင်းမှ ရှင်ဥပဂုတ္တမထေရ်ကို ဌာပနာထားပြီးတော့ ထီးတော်ပေါ်မှာ ရှိတဲ့ စိန်ဖူးတော်အတွင်းမှာ ရှင်သီဝလိ မထေရ်ကို ဌာပနာထားတယ် ဒကာကြီး။ ဒီမှာ တော်ရုံလူ လာထိုင်လို့မရဘူး။ ပါရမီဆက် ပဋ္ဌာန်းဆက်ပါတဲ့သူမှ ရောက်နိုင်တယ်။ သာသနာအလုပ်လုပ်ရင် သာသနာပွဲ ပါရမယ်။ ဘာလို့လဲဆိုတော့ သာသနာကို တိုင်တည်ရမှာဖြစ်လို့ပဲ။ ကျုပ်က အင်းပေါင်း (၁၀၆၄)အင်း သောက်ပြီးချိန်မှာ ဘိုးမင်းခေါင်က တားတယ်။ အင်းလုပ်ငန်းက အရှင်ဘုရားနဲ့ မသက်ဆိုင်ဘူး။ ကိုယ့်ကိစ္စပဲ ကိုယ်ပြီးအောင် လုပ်ပါ။ ကိုယ်တော်အချိန်နီးနေပြီလို့ အမိန့်ရှိထားတယ်။ အရင်က ဒီနေရာဟာ နွားခြံဖြစ်တယ်။ ဦးဆဖလားဟူစိန်နဲ့ သိမ်ကုန်းသူ ဒေါ်မိတို့



www.burmeseclassic.com



က ပိုင်တယ်။ သူတို့ရဲ့ ပထမ သမီးက ဒေါ်ဘုကင်း။ ဒုတိယ သမီးက ဒေါ်ဘီဘီ၊ တတိယ သမီးက ဒေါ်ပန်းခင်၊ စတုတ္ထ သားက ဦးတင်မောင်တို့ ဖြစ်တယ်။ ရမည်းသင်းမြို့ရဲ့ စနေထောင့်မှာ ဘုရားတည်နိုင်ဖို့အတွက် တတိယ သမီး ဒေါ်ပန်းခင်က ဒီမြေကို လှူခဲ့တာဖြစ်တယ်။ ကျုပ် ဒီမှာ အုတ်တံတိုင်း လုပ်နေတာ မပြီးသေးဘူး။ အုတ်တံတိုင်းပြီးရင် တော်ပြီ။ ကျန်တာ မလိုတော့ဘူး။ ဒီအုတ်တံတိုင်းဆိုတာ သာသနာနဲ့ လူသားကို ကမ္ဘာခြားဖို့ ကြိုးစားတာပဲ။ လူသား နေအိမ်တွေနဲ့ ရောနေရင် ပြဿနာရှိတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ (၈-၂-၁၉၉၈)နေ့စွဲပါ စာအမှတ် (၂၀၀/၁-၇-ဦး ၁) နှင့် ရမည်းသင်း ခရိုင်အုပ်ချုပ်ရေးမှူး အခွန်တော် အမှုတွဲအမှတ် (၃/ ၉၃-၉၄) အရ၊ သင်းကြီးအမှတ် (၁၅/ ၁၉၆၄) အရ၊ ဆန်စေတီကျောင်းပရဝဏ် (၀ ・၇၇၃) ကေကို ၁၃၆၀ ခု၊ နယုန်လဆန်း ၂ရက်(၂၇-၅-၁၉၉၈)မှာ သာသနာနယ်နိမိတ် အဖြစ် လွှဲပြောင်းပေးအပ်မှုကို လက်ခံရရှိခဲ့ပါတယ်"

ဘုရားဝင်းအတွင်း၌ စေတီပေါင်း (၂၁)ဆူ သီတင်းသုံး စံမြန်းလျက်ရှိပြီး စေတီအားလုံးတွင် အရဟံနှင့် စဓဗဝ၊ စမများ မြှုပ်နှံ လှူဒါန်းထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်မှာ သုံးဆူဖြစ်၍ ရဟန္တာပေါင်း (၇)ပါး ဖြစ်ပါသည်။ ထို့နောက် ဤစေတီတော်များအား အဓိဋ္ဌာန်နှင့် ကိုးကွယ်ပူဇော်နည်း အကျိုးအာနိသင်များကို ဆရာတော်ကြီးမှ ထပ်ဆင့် ရှင်းလင်း မိန့်ကြားပေးပါသည်။


"ဒီဘုရားစေတီတွေဟာ ဂေါတမ မြတ်စွာဘုရားရှင်ရဲ့ ဖြစ်တော်ပေါင်းတွေနဲ့ ပူးတွဲ သရုပ်ဖော်ထားတာ ဖြစ်တဲ့ အတွက် အစ-ကြိုးကြာဂါထာကို ရွတ်ဆိုကန်တော့သင့်ပါ တယ်။"

◈◈◈

## အဘယဇာတက မန္တန်တော်ကြီး

အစကြိုးကြာ ၁၆ခါတည်း၊ ဟင်္သာ ၉ဖြစ်၊ ဖြစ် ကား ခို၊ ကျေးညီ ၃ခါ၊ သံသာကြိုးဟိတ် ကရဝိက် ၅ လေးပါး ကိန္နရီ၊ ဇာမဏီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄၊ ငေ သိန္ဒိဝ၊ ကျွဲ အငွနဲ့ သံမြသာညောင်း ဥဒေါင်း ၂ခါ၊ သာလိကာ - သတ္တာ၊ ဒွါဒသကြက်၊ ဝက်ကား ၁၃၊ ပေါင်းရုံးများစွာ၊ ၁၃၆ ဖြစ်ဝယ်၌ အန္တရာယ် တစ် ဘေးမရှိသည့်၊ မြတ်မုနိလောင်း ဖြစ်တော်ပေါင်းကို ညွှန် ပြောင်းတုပ်ကွ၊ ပဏာမဖြင့်၊ ကြည်စွာသဒ္ဓါ ရှိခိုးပါ၏ ဘုရား


အင်းဂဏန်းရေးလျှင် အချိုးအစားမှာ ဂဏန်း၏ ခေါင်း ပိုင်း တစ်ချိုး၊ ဂဏန်း၏ အမြီးပိုင်း နှစ်ချိုးဖြစ်ရမည်၊ "အဘယ ဇာတက"အင်းတော်ကြီး စီရင်ပြီးလျှင် မန္တန်ကြီးဖြင့် ၉ခေါက်





www.burmeseclassic.com

www.burmeseclassic.com



နှံ့ရမည်။ အင်းစီရင်စဉ်တွင် ဂဏန်းများကို မန္တန်လက်ာ အလိုက် ရွတ်ဆိုပြီး စီရင်ရမည်။ အင်းကို ရေအိုးထဲ စိမ်ထား၍ သောက်ပါက သင့်မြတ် ကောင်းမွန်၏။ မီးပူဇော်၍လည်း သင့်လျော်၏။ အမှုအခင်းနဲ့ ကြုံတွေ့သူတွေဟာ ဒေါင်းစေတီမှာ အောက်ပါ ဂါထာနဲ့ ပူဇော်ရ၏။

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော၊
တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟာရေမု ဒိဝသံ။

မီးဘေးအတွက်ဆိုရင် ငုံးစေတီမှာ ဝဋ္ဋသုတ် ပရိတ်တော် ရွတ်ရ၏။ မိုးလေဝသ ခေါင်းပါးတဲ့ အချိန်မှာ ငါးစေတီမှာ ငရုံမင်းပရိတ်ရွတ်နိုင်၏။ ဆန်ရေစပါး ပေါများကြွယ်ဝဖို့ စားနပ်ရိက္ခာ မရှားပါးဖို့အတွက်ကို ဆန်စေတီ၊ ဆီစေတီ၊ ခေါင်းစကြာဘုရား၊ ပန်းကန်ဘုရားတွေကို အမိဌာန်နဲ့ ပူဇော်နိုင်သည်။ ဘေးရန်အန္တရာယ်ကင်းပြီး ယှဉ်ပြိုင်တိုင်း အနိုင်ရဖို့အတွက် ဂဠုန်မင်းစေတီကို ပူဇော်နိုင်သည်။ အခွဲ့အရဲ့ပေါများဖို့နဲ့ ရာထူးရာခံ တိုးတက်မြင့်မားဖို့ အတွက် မြသလွန်စေတီကို ပူဇော်နိုင်သည်။ သိုက်ဆက်၊ ဘွန်ဆက်အတွက် ရွှေယဉ်မျှော်ဘုရားကို ပူဇော်နိုင်သည်။

နေလဘုရားမှာ သာသနာပွဲတင်ပြီး ကိုယ့်မွေးနေ့နဲ့ ကိုက်ညီမယ့် မြန်မာလဆန်း (၁၊ ၂၊ ၃)ရက်အတွင်း သာသနာ ဆောင့်မင်းကို ပွဲအပ်ပါ။ သာသနာစောင့် နတ်မင်းမှတစ်ဆင့် ဘုရားကို လှူဖို့ ပန်ကြားပါ။ ဒီအမိဌာန်ကို လုပ်တဲ့ နေရာမှာ အချက်သုံးချက်နဲ့ ညီညွတ်ရမည်။

အချိန်မှန်ရမည်။ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပြီးရမယ်လို့ ဆိုလို၏။ ဖြစ်နိုင်ရင် ၆နာရီ ၄၀မိနစ်မှ ၆နာရီ ၅၀မိနစ်အတွင်း ပြီးအောင် လုပ်ရမည်။

နေရာမှန်ရမည်။ ဒီ နေလဘုရားမှာ လုပ်ရမယ်လို့ ဆိုလိုသည်။


စိတ်ဆန္ဒ မှန်ရမည်။ ကိုယ်ဖြစ်ချင်တဲ့ ရွယ်ရွယ်ချက်။ ထီပေါက်ချင်တာလား။ ချမ်းသာချင်တာလား။ ဤနေရာတွင် ဗားမဲ့ ဆရာတော်ကြီးရဲ့ အဆုံးအမတစ်ခုရှိသည်။ အဲဒါက တော့ လောဘစိတ်နှင့် မလုပ်ရ။ နေရာတကာကို ပြဋ္ဌာန်း စိတ်နဲ့ လုပ်ရမည်။ ဆိုလိုချင်တာက ဖြစ်ချင် ဖြစ်မယ်၊ မဖြစ်ချင် မဖြစ်ဘူး။ ဒါပေမယ့် ကိုယ်ကြိုးစားရမှာက ကိုယ့် အလုပ်။ အဲဒါကို သဘောပေါက်ဖို့ လိုသည်။

ရွှေမုဋ္ဌောဘုရားသုံးထပ် တံခါးအထက်မှာ စီရင်ထားတဲ့ နေလ စမကို အသက်ထက် တစ်ကြိမ်ပိုပြီး သောက်ရမည်။

ရွှေဘုန်းပွင့်စေတီကိုတော့ ကံကြီးချင်၊ ရာထူးတက်ချင်ရင် ပူဇော်ရမည်။ လက်ခမောင်းခတ်ပြီး သစ္စာကျိန်ဆို၍ သာသနာပွဲနှင့် အလုပ်လုပ်ရင် ကိုးထောင်က ကြားသည်။ (ကိုးပြည်ထောင်က ကြားတယ်ဟု ဆိုလို၏။)

စာစေတီမှာ နံနက် ၆နာရီ ၄၀မိနစ်မှ ၆နာရီ ၅၀မိနစ် အတွင်း အရဏ်ဆွမ်းကပ်ပြီး အနေကဇာတင်ရ၏။ "ဝရ ဗုဒ္ဓေါ၊ ဝရဓမ္မော ဝရသံဃော၊ ဝရိသရော၊ ဝရစေတော၊ ဝရ ဒေတု၊ ဝရေဟိမေ၊ ဝရံဝရံ"ဂါထာကို ရွတ်ရ၏။ ထိုသို့ ပြုလုပ်ခြင်းသည် အကြားအမြင်ထွက်ရပ်လမ်းကို ညွှန်ပြ၏။


"ဝရ"ဂါထာကို ကိုယ့်မွေးနေ့နှင့် တိုက်ဆိုင်သော လဆန်း (၁၊ ၂၊ ၃)ရက်နေ့မှာ နံနက် ၆နာရီက စပြီး တောင်နှင့် မြောက်ကို တန်းလျှောက်ရင်းနဲ့ ရွတ်နေရမည်။ နေတက်လာလိမ့်မည်။ အနောက်က လဝင်သွားတာကိုလည်း မြင်ရမည်။ နေထွက်၊ လဝင် အမိဌာန်လို့ ခေါ်၏။ လက အနောက်အရပ်နှင့် ရာဟုထောင့်ကြားမှာ ဝင်သည်။ နေက အရှေ့အရပ်နှင့် အဂ္ဂိထောင့်ကြားထဲက ထွက်သည်။ ထိုနှစ်ခု တစ်တန်းတည်းဖြစ်သွားတဲ့အချိန်၊ ညီသွားတဲ့အချိန် (ထမ်းပိုးထမ်းလို့ ခေါ်တယ်)မှာ အိမ်မြှောင်နှင့် တောက်တဲ့ တို့မှ အော်မည်။ အိမ်မြှောင်၊ တောက်တဲ့ အော်ပြီဆိုရင် သိဒ္ဓိဝင်သွားပြီ။ တောင်မြောက်ကို လျှောက်ခိုင်းတာသည်





www.burmeseclassic.com

www.burmeseclassic.com



နေလကို မြင်အောင် မျက်လုံးကို အလုပ်လုပ်ခိုင်းခြင်း ဖြစ်သည်။

ကြက်စေတီမှာ ကြက်မင်းဂါထာတော်ကို အချိန်ကိုက် ရွတ်ဆိုလျှင် ကိုယ်ပျောက်ရှိန်းရ၏။

ဥုမ် နတ္ထိ မေ သရဏံ ဆာယံ၊
အဟံ ကာယံ ဆာယံ ဆာယံ၊
ဣာသရိယံ-ရတ္တိယံ၊ ဩျောင်းအယံမမ၊
မေ သရဏံ ဆာယံ၊
ဘဝန္တု အံအံ ဩျောင်း
အဟံ အံအံ သမန္နေ မေ။

အရှေ့အရပ်မှာ ရက္ခစိုးစင်ရှိသည်။ ရက္ခစိုး ဂါထာတော်ကြီးကို ညစဉ် ၃၇ခေါက်ဖြင့် ၃၇ရက်ပြည့်အောင် ရက္ခစိုးစင်အောက်တွင် ရွတ်နိုင်လျှင် အရာအားလုံးပြည့်စုံ အောင်မြင်ပါလိမ့်မည်။

ရက္ခစိုးဂါထာတော်ကြီး

ဥုမ် ဘုမ္မတ္ထ ဒေဝံ လာဘာမိ၊
ဥုမ် ဘုမ္မတ္ထ ဒေဝံ ဓနံ သုခံ လာဘံ
ဘောဂဋ္ဌ ယာစာမိ သမ္မတ္တိ ဒေဟိမင်္ဂလာ။
ဥုမ် ရက္ခသ ဒေဝံ လာဘာမိ၊
ဥုမ် ရက္ခသ ဒေဝံ ဓနံ သုခံ လာဘံ
ဘောဂဋ္ဌ ယာစာမိ သမ္မတ္တိဒေဟိ မင်္ဂလာ။
ဥုမ် အာကာသတ္ထ ဒေဝံ လာဘာမိ၊
ဥုမ် အာကာသတ္ထ ဒေဝံ ဓနံ သုခံ လာဘံ
ဘောဂဋ္ဌ ယာစာမိ သမ္မတ္တိဒေဟိ သဗ္ဗဒါ။ ။

◈◈◈

"ကဲ - ဒီလောက်ဆိုရင် ပြည့်စုံ လုံလောက်ရောပေ ဒကာကြီး"

စာရေးသူသည် ဆရာတော်ကြီး ဦးပညာဇေကို ရိုသေစွာ ဦးချကန်တော့ နှုတ်ဆက်ပြီး လာရာလမ်းကို သွက်လက် ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြန်လာခဲ့ပါပေတော့၏။

အကြင် စာရှုသူများအနေဖြင့်လည်း မြန်မာ့လွတ်လ ရေးတစ်ခေတ်မီအောင် သမိုင်းတွင်ရစ်သော ဆန်စေ (သို့မဟုတ်) ကမ္ဘာ့ ဗောဓိမဏ္ဍိုင် ရွှေပြည်ဝင်ဘုရားစေ တော်သို့ လာရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ဝင်ကြခြင်းအား မိမိတို့၏ လိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင် ပါစေကြောင်း ဆုမွန်တောင်းလျက်···■


* * *

ဇေဒသုဇောသီဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးတော်မူမြတ်စွာဘုရား
အိမ်တော်ရာကျောင်းတိုက်၊ မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သဂ်ဇာ ဆုတောင်းပြည့်စေတီတော်နှင့် စိန်တုံး မိဖုရားကြီး

## အပိုင်း (၂)

ခင်ခင်ဝင်း (မောရဝတီ)





သဂ်ဇာ ဆရာတော်ဘုရားကြီးသည် စာပေကျမ်းဂန်နှံ့စပ်သူဖြစ်၍ သူငယ်များ သင်အံ လေ့ကျင့်ရန် ဝတ်စဉ်သံပေါက်များ၊ သမုဟ ဝိရက္ကမကျမ်းခေါ် စကားပုံကျမ်းစသည်ဖြင့် ကျမ်း ၆ကျမ်း ပြုစုရေးသားခဲ့သည်။ ပြည်တွင်းသာသနာပြုခြင်းကို ကျေပွန်ခဲ့သည်။ ဆရာတော်၏ ကြိုးပမ်းသာသနာပြုမှုကြောင့် မော်လမြိုင်မြို့တွင် ပရိယတ္တိစာသင်တိုက်ကြီးများ ပေါ်ထွန်းခဲ့သည်။ ထိုစာသင်တိုက်ကြီးများမှာ -

(၁) အင်းဝကျောင်းတိုက်၊
(၂) ကတိုးကျောင်းတိုက်၊
(၃) ထွင့်ခေါင်ကျောင်းတိုက်၊
(၄) တောင်လေးလုံးကျောင်းတိုက်၊
(၅) အာသောကာရုံကျောင်းတိုက်၊
(၆) ကြံခင်းကျောင်းတိုက်၊
(၇) မြေထဲကျောင်းတိုက်၊
(၈) ကမာကျောင်းတိုက်၊
(၉) ဇာတိပ္ပိုလ်ကျောင်းတိုက်၊
(၁၀) ကျောက်တန်းကျောင်းတိုက်၊
(၁၁) ပြည်ကျောင်းတိုက်၊
(၁၂) မိုလ်းကောင်းကျောင်းတိုက်၊
(၁၃) ဒါးပိန်ကျောင်းတိုက်၊
(၁၄) ဝဲပုံကျောင်းတိုက်၊



www.burmeseclassic.com

www.burmeseclassic.com



(၁၅) တောင်ပေါက်ကျောင်းတိုက်၊

(၁၆) ရတနာဘုံမြင့်ကျောင်းတိုက် ဟူ၍ဖြစ်သည်။

သို့သော် သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် သံဃာများ ဂိုဏ်းနှစ်ဂိုဏ်းကွဲနေသည်ကို ငြိမ်းအေး စေ့စပ်ပေးချင်သော ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် ၁၂၄၆ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်နေ့တွင် မီးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ကာလကတ္တားမြို့သို့ ကြွတော်မူသည်။ ထိုအချိန်သည် ပုသိမ်မြို့၌ နှစ်ဝါ သီတင်းသုံးအပြီးဖြစ်သည်။ ကာလကတ္တားမြို့တွင် ညောင်အုပ်မင်းသား၏ ကောင်းပန်းမှုကြောင့် သုံးလ သီတင်းသုံး သာသနာပြုရင်း သီဟိုဠ်(သီရိလင်္ကာ)သို့ ကူးရန် သီတင်းနားထောင် စောင့်ဆိုင်းနေတော်မူသည်။ နောက်ဆုံး သီရိလင်္ကာကျွန်း၌ ဒုဋ္ဌကွ သား ဆိုက်ရောက်နေကြောင်း သတင်းကြားရတော်မူသောအခါ သီရိလင်္ကာသို့ မကြွဖြစ်တော့ဘဲ ရန်ကုန်မှတစ်ဆင့် မော်လမြိုင်သို့ ဒုတိယအကြိမ် ပြန်ကြွလာတော်မူလေသည်။ ဆရာတော်ကြီးသည် မပြီးဆုံးသေးသော ပြည့်ပသာသနာပြုလုပ်ငန်းကို တပည့်ရင်း ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးအား သက်ဆင့်ကမ်း တာဝန်ပေးသွားဟန်ရှိပါသည်။ သင်္ဂဇာ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ဝဇီရာ ရာမ ဆရာတော်သည် ၁၂၄၆ ခုမှ ၁၂၄၇ ခုထိ မန်ကျည်းတောရွှေကျောင်းတွင် သီတင်းသုံးခဲ့သည်။ ၁၂၄၇ ခုနှစ်တွင် ရတနာဘုံမြင့်ကျောင်းကို အလှူခံ သီတင်းသုံးတော်မူပါသည်။

ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးနှင့် စိန်တုံး မိဖုရားကြီးတို့သည် ရတနာပုံ နေပြည်တော် မန္တလေးမှ မော်လမြိုင်မြို့သို့ ရောက်ရှိတော်မူကြပြီးနောက် မဟာမြတ်မုနိဘုရားကြီးနှင့် ရွှေနန်းတော်ကြီးကို အစဉ်သတိရ တ,သ လွမ်းဆွတ်လျက်ရှိနေတော်မူသည်။ လက်ဝဲသုန္ဒရအမတ်ကြီး မဲဇာတောင်ခြေရတုသွား အတိုင်းဖြစ်သည်။

ရွှေခြံသေ့မွေး၊ စ၍ရေသော်
ရွှေစေတီကြီး၊ အသီးသီးတည့်
ပိတ်ဆီးခြယ်သန်း၊ လျှပ်ရောင်တန်းမျှ
ရွှေနန်းရွှေဘုံ၊ အလုံးစုံကို
အာရုံမျက်မြင်၊ ဖူးမြော်ချင်၍
သည်တွင် ရွှေမြို့ သည်သို့ စေတီ
သည်ဆီ ရွှေနန်း၊ ဖြောင့်တန်းတော့မည့်
စိတ်က ရည်သည်၊ ရွှေပြည်ဗွာန
ဝေးသောကြောင့် ...။ ။


(မှတ်ချက်။ ဆရာအံ့ကျော်(သမိုင်း)၏ မဲဇာတောင်ခြေဖြင့် လွမ်းပြသည်ကို နှစ်သက်လွန်းသဖြင့် ကျွန်မက





www.burmeseclassic.com

www.burmeseclassic.com



လည်း ဤအတိုင်းပင် လွှမ်းပြလိုက်ရပါသည်။)

◈◈◈

ကျိုက်သလွန်တောင်၏ အရုပ်လေးမျက်နှာရှုခင်းများမှာလည်း အလွမ်းဓာတ်ခံရှိသူများကို အလွမ်းမိုး ပိုစေသည်။ အလွမ်းပြေစေရန် ကျောင်းအမကြီး ဒေါ်ရွှေပွင့်မှ ရတနာဘုံမြင့်ကျောင်းတော်ကြီးကို စိန်တုံး မိဖုရားကြီးနှင့် တိုင်ပင်၍ တည်ဆောက်ခဲ့သည်။ မန္တလေးမြို့မှ ပိသုကာဆရာများ၊ ပန်းပုထု ဆရာများကို ခေါ်ယူ၍ ဝဇီရာ ရာမ ဆရာတော်နှင့် စိန်တုံး မိဖုရားကြီးတို့၏ အကြံပေး လမ်းညွှန်မှုများဖြင့် တည်ဆောက်ထားသည်။


တံခါးပေါက် ၂၈ပေါက်၊ ပြတင်းပေါက် ၄၀၊ ကျောင်းမကြီးသို့ တက်ရန် လှေကား ၃ခု၊ တံခါးပေါက်တိုင်းတွင် ပန်းပုရုပ်ကြွများဖြင့် တင့်တယ်လှပစွာ ရှိနေသည်။ ကျောင်းတိုင်ကြီးများမှာ အုတ်တိုင်ကြီးများဖြစ်ပြီး စဥ့်ကိုင်ထားသော ပုံစံရှိသည်။ ကျောင်းအပြင် စကြံရှိ တိုင်ထိပ်တွင် ပန်းပုရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။

အထူးခြားဆုံးမှာ ရတနာဘုံမြင့်ကျောင်း၏ ဘုရားခန်းဖြစ်သည်။ ဘုရားဆောင်၏ အဝင်ဝ မျက်နှာကြက်တွင် ခန်းဆီးသဖွယ် သစ်သားကို ထွင်းထုထားသော ပန်းပုရုပ်ကြွကို တွေ့ရသည်။ ဝိဓူရအမတ်နှင့် ပုဏ္ဏက ဘီလူးတို့၏ ဇာတ်တော်ကို သရုပ်ဖော်ထားသည်။ တောတွင်း သဘာဝ မျောက်၊ သမင်၊ ကျေးငှက်၊ မြွေ၊ သစ်ပင်တို့၏ ရုပ်လုံးပေါ် များဖြင့် ဖန်တီးထားသည်။ ပထမ ဘုရားခန်း၏ ဘေးတွင် တံခါးမကြီးသုံးခုနှင့် နံရံတွင် ဘီရိုငယ် ၆ခုရှိသည်။ ထိုဘီရို များထဲတွင် ပေစာထုပ်များနှင့် စိန်တုံး မိဖုရားကြီး၏ အသုံး အဆောင်ပစ္စည်းများအချို့ကို ထည့်သွင်းထားသည်။ မျက်နှာ ကြက်မှာ မှန်စီရွှေချဖြစ်သည်။ ရုပ်ပွားတော်မှာ မနုသီဟ ရုပ်ပလ္လင်ခံပေါ်တွင် မဟာပံသုကို သစ္စာပြုနေဟန် ပုံတော် ဖြစ်သည်။ မျက်မှောက်ခေတ်တွင် တွေ့ရခဲသော အစိမ်းအပြာ အဖြူ ရွှံလုံးကြီးများကို တွေ့ရသည်။ ရုပ်ပွားတော်များ ထွင်း ထုထားသော ဆင်စွယ်တစ်စုံကိုလည်း ကပ်လှူထားသည်။ မြတ်စွာဘုရား၏ စွယ်တော်ပွားလည်း ရှိသည်။

ပထမ ဘုရားခန်း၏ အနောက်တွင် ဒုတိယ ဘုရား ခန်းရှိသည်။ ခြင်္သေ့ရုပ်ခံ ပလ္လင်ထက်ဝယ် မဇ္ဈိမ ပဋိပဒါ ပြဆိုပောကြားဟန် ကြေးဆင်းတုတော်ရှိသည်။ ဒုတိယ ဘုရားခန်းအဝင်ဝတွင် ခိုင်ခံ့သော တံခါးမကြီးတစ်ခုရှိသည်။ တံခါးရွက်များတွင် စတုမဟာရာဇ် နတ်မင်းကြီးနှစ်ပါးသည် ရွှေစာအုပ်ကို ဖွင့်၍ မုတ်တမ်းကောက်ယူနေပုံ ပန်းပုရုပ်ကြွ ဖြင့် အလှဆင်ထားသည်။

ဒုတိယ ဘုရားခန်း၏ နံရံများကို ရွှေပိန်းချထားသည်။ အပေါ် မျက်နှာကြက်မှာ မှန်စီရွှေချဖြစ်သည်။ အောက်အခင်း ကို ပန်းပွင့်များခံ၍ မှန်များ ခင်းထားသည်မှာ မထိရက် မနင်းရက်စရာ လှပလွန်းလှပါသည်။ ပထမ ဘုရားခန်းထက် တစ်ဆင့်မြင့် လှေကားဖြင့် ဒုတိယ ဘုရားခန်းကို တည် ဆောက်ထားသည်။

ဘုရားဆောင်နှင့် မျက်နှာချင်းဆိုင်တွင် ယမနေသာ နှင့် ထုလုပ်ထားသော ခြင်္သေ့ခံ ပလ္လင်ရှိသည်။ ပလ္လင်၏ နောက်နံရံကို မြတ်စွာဘုရား၏ ပါရမီဖြည့်ခဲ့သော ဖြစ်တော် ပေါင်း (၁၀၀) ဘဝကို ရုပ်ကြွများဖြင့် အကွက်ဖော်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။


ဝဇီရာ ရာမ ဆရာတော်ကြီး သီတင်းသုံးခဲ့သော ရတနာဘုံမြင့်ကျောင်းတော်ကြီးသည် မန္တလေး ရွှေနန်းတော်၏ ခန်းမကြီးတစ်ခုကဲ့သို့ ဖြစ်နေလေသည်။ ကျိုက်သလ္လံ့ တောင်ထွဋ်၏ တောင်ဘက် စောင်တန်း သင်္ဂဇာ ဆုတောင်းပြည့်စေတီတော်နှင့် ကပ်လျက် တည်ဆောက်ထားပါသည်။ မန္တလေး ရွှေနန်းတော်၏ အလွှမ်းပြေ ကျောင်းတော်ကြီးဖြစ်ပါသည်။ ၁၂၄၈ ခု၊ ဝဇီရာ ရာမ ဆရာတော်အား လှူဒါန်းသည်။


၁၂၄၉ ခုနှစ်တွင် စလေမြို့စား စိန်တုံး မိဖုရားကြီးသည် မင်းတုန်းမင်းတရားကြီး၏ ဝတ်လဲတော်ကို ပြာချ၍ အမ္ဗဝါပြုလုပ်ကာ ရတနာဘုံမြင့်ကျောင်းသို့ လှူဒါန်းခဲ့ရာ ယခုတိုင် ရှိပါသည်။

စိန်တုံး မိဖုရားကြီးသည် ၁၂၄၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ရက်(၁၈၈၆ ခု၊ ဧပြီ ၁ရက်)မှ စ၍ အင်္ဂလိပ် အစိုးရထံမှ ပင်စင်လစာ (၁၅၀)ကျပ်ကို ရရှိခဲ့သည်။

၁၂၅၂ ခုနှစ်တွင် တောင်ရှမ်းစုရပ်တွင် မြေများ၊ အိမ်များ ဂရန်နံပါတ် (၅၂၇၉)ကို ၂၀၀ ကျပ်ဖြင့် လည်းကောင်း၊ ထေးပင် သုံးခန်းအိမ်ကို ၂၀၀ ကျပ်ဖြင့် လည်းကောင်း၊ မြေကွက်များကို ၉၀ ကျပ်ဖြင့် လည်းကောင်း၊ မြေဝယ် စာချုပ်ဖြင့် ဝယ်ယူတော်မူသည်။ ပတ္တမြားလုံးရေ ၁၀၀ ကျော် ထိ ရသည့်ဈေးနှင့် ချ၍ မြေဖိုးပေးလိုက်သည်ဟု မြေဝယ် စာချုပ်မူရင်း၏ အောက်ခြေတွင် ခဲတံဖြင့် စာကြောင်း နှစ်ကြောင်းရေးသားထားသည်မှာ စိန်တုံး မိဖုရားကြီး၏ ကိုယ်တိုင်ရေးသားချက် မှတ်တမ်းဖြစ်နိုင်ပါသည်။ ထိုစာချုပ် မူရင်းများမှာ အိမ်တော်ရာ စာသင်တိုက်ရှိ သီလရှင်ဆရာ ကြီးများထံတွင် ရှိပါသည်။

မိဖုရားကြီးသည် ၁၂၅၂ ခုနှစ်တွင် သာယာကုန်းရပ် ယခု သီလရှင်စာသင်တိုက် ပြုလုပ်ထားသော အိမ်တော် ရာသို့ ပြောင်းရွှေ့ခဲ့သည်။






၁၂၅၂ ခုနှစ်တွင် ကျိုက်သလ္လံတောင်တော်၏ အရှေ့ တောင်ထောင့် ရင်ပြင်ပေါ်တွင် ဝဇီရာ ရာမ ဆရာတော်နှင့် ကျောင်းအမကြီး ဒေါ်ရွှေပွင့်တို့ ကြီးမှူး၍ မြို့မိမြို့ဖ စေတနာ ရှင်များက ပဋ္ဌာန်း သံတန်ဆောင်းကြီးကို ဆောက်လုပ်ခဲ့ သည်။ ထိုတန်ဆောင်းကြီးတွင် ဝဇီရာ ရာမ ဆရာတော် သည် နှစ်ပေါင်းများစွာ ဝါတွင်းကာလများ၌ ပဋ္ဌာန်းတရား တော်များကို ဟောကြားခဲ့သည်။

၁၂၅၃ ခု၊ တပို့တွဲလဆန်း ၆ရက်နေ့တွင် ဝဇီရာ ရာမ ဆရာတော် ဦးဆောင်သော နောက်ပါ ရဟန်း ၄၆ပါး၊ စိန်တုံး မိဖုရား ဦးဆောင်သော သီလသည် ၁၀၀ ကျော်တို့ နှင့်အတူ ရန်ကုန်မြို့မှ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ သင်္ဘော ဖြင့် ထွက်ကြွတော်မူခဲ့လေသည်။ မြတ်စွာဘုရား၏ စွယ်တော် စစ်ကို ဖူးမြော်ရန်နှင့် သင်္ဂဇာ ဆရာတော်၏ မပြီးသေးသော ပြည်ပ သာသနာကို ဆက်လက်တာဝန်ယူရန် ဖြစ်ပေသည်။

ထိုစဉ်က သင်္ဘောခမှာ လူတစ်ကိုယ် ၂၀ ကျပ်ဖြစ် သည်။ တပို့တွဲလဆန်း ၁၀ရက်နေ့တွင် ကောလမ္ဗုမြို့ (ကိုလံဘို)သို့ ဆိုက်ရောက်သည်။ သံဃနာယကဖြစ်သော သီရိသုမင်္ဂလာ မထေရ်ကြီးထံ ကြိုတင် ကြေးနန်းပို့ထား၍ တပည့် ရဟန်းတို့ သင်္ဘောဆိပ်တွင် အကြိုလွှတ်ထားသည်။ ကိုယ်တိုင်လည်း လာကြိုခဲ့သည်။ တပို့တွဲလဆန်း ၁၄ရက် နေ့တွင် မြန်မာဘုရားဖူးအဖွဲ့သည် ကိုလံဘိုမှ ၇၂ မိုင်ဝေး သော သေခဏ္ဍာသေလမြို့ (ကန္ဒီ)သို့ စွယ်တော်မြတ်ဖူးရန် မီးရထားဖြင့် သွားရောက်ရာ မီးရထားခမှာ လူတစ်ကိုယ် နှစ်ကျပ်ဖြစ်သည်။ တပို့တွဲလပြည့်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူကြသည်။ အလှူတော်၏ ပမာဏမှာ ဆန် ၁၀တင်း ကျော်ချက်နှင့် လျော်စွာ စားမြိန်ဟင်းလျာ၊ မုန့်၊ ယို၊ အချို သစ်သီးမျိုးစုံတို့ ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ရက်နေ့တွင် နံနက် ၉နာရီ အချိန်၌ ရှေ့ဆောင် နာယကဖြစ်သော ဝဇီရာ ရာမ ဆရာ တော်ဘုရားကြီးအား အလိုရှိတိုင်း စွယ်တော်မြတ်ကြီး ဖူး

www.burmeseclassic.com



ခွင့်ပေးခဲ့သည်။ ထို့အတူ လူတို့၏ ဦးဆောင် နာယကဖြစ်သော စိန်တုံး မိဖုရားကြီးအား အလိုရှိတိုင်း စွယ်တော်မြတ်ကြီး ဖူးခွင့်ပေးခဲ့သည်။ နေ့လယ် ၁၂နာရီ ၃၀မိနစ်မှ စ၍ စွယ်တော်မြတ်ကို အောက်ထပ် မြင်သာသော နေရာတွင် ပင့်ဆောင်ချထားပြီး နေ့လယ် ၁နာရီမှ ၂နာရီ ၃၀မိနစ်ထိ ရပ်ဝေးသားများဖြစ်သော မြန်မာရဟန်းများပြီးလျှင် သီလသည်များ၊ ထို့နောက် မြန်မာ ဥပါသကာ၊ မြန်မာ ဥပါသကာတို့ ဖူးရသည်။ ညနေ ၅နာရီအချိန်ထိ မြန်မာ-သီဟိုဠ်ဖူးချင်သူ မှန်သမျှကို ဖူးခွင့်ပေးခဲ့သည်။

သင်္ဃာ ဆရာတော်ကြီး၏ မပြီးဆုံးသေးသော သာသနာတော်၏ တာဝန်ကို ဆောင်ရွက်ရန်မှာ သက်ရဝါဒီဂိုဏ်းနှင့် အသက်ရဝါဒီဂိုဏ်း ကွဲပြားနေသည်ကို အပြီးသတ် ပြေငြိမ်းစေရန်ဖြစ်သည်။

ဂိုဏ်းနှစ်ဂိုဏ်းကွဲရခြင်းဖြစ်စဉ်မှာ ဤသို့တည်း။

◈◈◈

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၊ ဝါဠုကာ တိတ္ထရာ တစ်ခုသောမြစ်တွင် ဥဒကုက္ခေပသိမ်တစ်ခု ဆောက်ထားသည်။ ထိုသိမ်၌ ရဟန်းတို့သည် ကံကြီးကံငယ် အမြဲပြုကြသည်၊ ပဥ္စင်းခံကြသည်။ မြစ်ကမ်းစပ်မြေမှ တံတားထိုးထားသည်၊ ထိုတံတားသည် ဥဒကုက္ခေပသိမ်နှင့် မထိမစပ်စေဘဲ ငါးတောင်၊ ခြောက်တောင်ခန့် ခြားထားသည်။

အခါတစ်ပါး၊ ထိုတံတားသည် ဥဒကုက္ခေပသိမ်အတွင်း သဲတကျ ရေတကျတွင် ချဉ်းနင်းဝင်ရောက် လွှမ်းမိုးတည်ရှိလာခဲ့သည်။ ထိုသိမ်တွင် ကံပြုခြင်းတှာ မအပ်။ ပဥ္စင်းခံသူ ပဥ္စင်းမဖြစ်ဟု ယူဆသော ရဟန်းတို့က သက်ရဝါဒီဂိုဏ်းသားများ ဖြစ်လာသည်။

ထို့ဥဒကုက္ခေပသိမ်၌ပင် ပဥ္စင်းခံ ကံပြုခြင်းတှာ သင့်၏ဟု ဆိုကုန်သော ရဟန်းတို့က အသက်ရဝါဒီ ဂိုဏ်းသားများ ဖြစ်လာခဲ့ကြသည်။ အသက်ရဝါဒီ ရဟန်းတို့သည် အခြားတစ်ပါးသောသိမ်၌ သိက္ခာထပ်တင်ရန် မလိုဟု ဆိုကာ နေမြဲတိုင်း နေသည်။

သက်ရဝါဒီ ရဟန်းတို့က အခြားတစ်ပါးသောသိမ်တွင် သိက္ခာထပ်တင်ကြသည်။ ထိုသို့ဖြင့် ဂိုဏ်းနှစ်ဂိုဏ်းကွဲသွားလေတော့သည်။

မင်းတုန်းမင်းလက်ထက်တွင် သက်ရဝါဒီဂိုဏ်းသားတို့



www.burmeseclassic.com

သည် အဆုံးအဖြတ်ခံယူရန် သာသနာပိုင် ဆရာတော် ဥဿယျာဘိဝံသသီရိ ပဝရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရုထံ သီဟိုဠ်ကျွန်းမှ မန္တလေးမြို့သို့ ကြွရောက်ခဲ့ကြသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီးက ထိုသိမ်သည် သိမ သင်္ကာရဖြစ်ကြောင်း၊ ကံပျက်ကြောင်းကို ပါဠိ အဋ္ဌကထာ ဋီကာများစွာ ဟောပြောရေးသား၍ ခိုင်ခံ့စွာ ဟောပြောပေးအပ်တော်မူသည်။

ထို့အတူ အသက်ာရဝါဒီ ရဟန်းတို့ကလည်း မန္တလေးမြို့ သာသနာပိုင် ဆရာတော်ကြီးထံ အဆုံးအဖြတ်ခံယူရန် သီဟိုဠ်ကျွန်းမှ ကြွလာတော်မူကြပြန်သည်။ ထိုအခါ သာသနာပိုင် ဆရာတော်ကြီးက အထက်က ပေးထားသော အဆုံးအဖြတ်အတိုင်းသာ ဖြစ်သည်။ သမဂ္ဂအတိုင်း နေထိုင်ကြလေဟု ဆုံးမသြဝါဒပေး၍ ပြန်လွှတ်လိုက်လေသည်။ သီဟိုဠ်ကျွန်းသို့ ပြန်ရောက်သော်လည်း သာသနာပိုင်ကြီး၏ အဆုံးအမကို မနာခံဘဲ နေမြဲနေကြလေသည်။ သီဟိုဠ်ကျွန်းရှိ မထေရ်ကြီးများက ဖျောင်းဖျဟောပြောသော်လည်း မနာခံဘဲ ဝိဝါဒကွဲလျက်နေကြလေသည်။

ထိုအကြောင်းများကြောင့် ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင် သီဟိုဠ်ကျွန်းသို့ ကြွ၍ စွယ်တော်မြတ်ကို




ဖူးမြော်ရင်း ဂိုဏ်းနှစ်ဂိုဏ်း၏ ဝိဝါဒကြီးကို ငြိမ်းအေးစေမည်ဟု အကြံနှင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် တစ်ဝါ သီတင်းသုံးသည်။ လင်္ကာသာသနာသုဒ္ဓိကထာကျမ်းကို ရေးသားတော်မူပြီး ဂိုဏ်းနှစ်ဂိုဏ်းလုံးကို ပေးဖတ်စေခဲ့သည်။ အချို့ အသက်ရဝါဒီဂိုဏ်းသားများက သိက္ခာအသစ်ယူပါတော့မည်ဟု ပဋိညာဉ်ပေးခဲ့ကြပြီး ရွှေကျင်ဆရာတော်ကြီး မြန်မာပြည်သို့ ပြန်လည်ကြွလာပြီးနောက် ယခင်အတိုင်း နေမြဲနေကြကုန်သည်။


ဝဇီရာ ရာမ ဆရာတော်ကြီး၏ သီဟိုဠ်ကျွန်းသို့ ကြွရောက်လာခြင်းမှာ စွယ်တော်အား ဖူးရန်အပြင်၊ သင်္ဂဇာဆရာတော်ကြီး ကြိုးစားသော်လည်း၊ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ဒုဋ္ဌိက္ခဘေး ဆိုက်ရောက်နေ၍ မစွမ်းဆောင်နိုင်ခဲ့ရသော ပြည်ပသာသနာ လက်ဆင့်ကမ်း တာဝန်ကို ထမ်းဆောင်ရန်ဖြစ်သည်။ သီဟိုဠ်ကျွန်းရှိ မထေရ်ကြီးများကလည်း ထိုဝိဝါဒ ဓိကရုဏ်းကို ဖြေရှင်းပေးပါရန် လျှောက်ထားကြကုန်သည်။ ဝဇီရာ ရာမ ဆရာတော်ကြီးသည် ဖြေရှင်းပေးမည်ဟု ကတိပြုပြီး နောက်ပါ ရဟန်း ၃၀နှင့် အသက်ရဝါဒီဂိုဏ်းသားတို့၏ နာယက ပုဂ္ဂိုလ်များနေရာ အမ္ဗရက္ခာရာမကျောင်းတိုက်သို့ ဝင်ရောက် တည်းခိုနေတော်






www.burmeseclassic.com

www.burmeseclassic.com



မှုသည်။

ဆရာတော်သည် ဂိုဏ်းနှစ်ဂိုဏ်းလုံးကို ပင့်ဖိတ်၍ ညဥ့်ဝက်လွန်သည့်တိုင် ဟောပြောဆုံးမတော်မူသည်။ နောက်နှစ်ရက်ကြာသောအခါ တစ်နာရီမှ ငါးနာရီထိ ဟောပြောဆုံးမပြန်သည်။ ထိုညတွင်လည်း လူပရိသတ်၊ ရဟန်းပရိသတ်တို့အား သပ္ပာယဖြစ်သော ဓမ္မတရားများကို ဟောပြ ဩဝါဒပေးတော်မူပြန်သည်။

ဝဇီရာ ရာမ ဆရာတော်သည် ထိုတရားပွဲများတွင် -

“ငါ့ရှင်တို့ . . . မူလ ဆရာရင်းများ ရှိစဉ်ကလည်း မငြိမ်းမစဲရ။ ထိုဆရာသမားများ ကွယ်လွန်သွားကြပြီးနောက် တပည့်အစဉ်အဆက်မှာလည်း မငြိမ်းမစဲလျှင် သာသနာငါးထောင် ရှည်ကြာအခါပတ်လုံး မသုဉ်းမပျက် ဆက်ဆက်တည်နေလျှင် အခက်ကြုံပေလိမ့်မည်။ ငါ့ရှင်တို့၏ ဂိုဏ်းသည် အမရပူရနိကာရ မြန်မာဝံသိက,ဂိုဏ်း ဖြစ်သည်။ မြန်မာနိုင်ငံမှာ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းတို့သည် လျောက်ပတ်သော သိမ်၊ ကမ္မဝါ၊ ဆရာ စသည်တို့ရလျှင် မိမိသီလသိက္ခာ၌ နိသံသ ယဒ ဋ္ဌိကမ္မဖြစ်စေခြင်းငှာ နှစ်ကြိမ်သုံးကြိမ် သိက္ခာထပ်ယူမြဲဖြစ်သည်။ မြန်မာဂိုဏ်းသားဖြစ်သော ငါ့ရှင်တို့သည် မြန်မာရဟန်းတို့ ပြုရိုးလမ်းကြောင်းကို လိုက်ကောင်းလှပါသည်။ ပင်စည်ပင်မ မကွဲတဲ တစ်ကိုင်းက အချို၊ တစ်ကိုင်းက အခါး၊ အသီးမသီးရာကဲ့သို့ မကွဲပြား

ကောင်းပါ”

ဟု ဟောပြတော်မူသည်။

ထို့နောက် ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးသည် ပထမ သင်္ဂါယနာတင်သည့်အခါ တေဒင် ငါးကြိမ်ခံ အာနန္ဒာ မထေရ်မြတ်ကြီးအား ခုဒ္ဒါ နှ ခုဒ္ဒါက သိက္ခာပုဒ်များကို ဘုရားရှင်အား မလျှောက်ထားလိုက်ခြင်း၊ မိုးရေခံ သင်္ကန်းတော်ကို နင်း၍ ချုပ်ခြင်း၊ ဘုရားသခင် အလောင်းတော်ကို မာတုဂါမတို့ကို ရှေးဦးစွာ ပူဇော်စေခြင်း၊ သာသနာတော်၌ မာတုဂါမတို့ကို ရှင်ရဟန်းပြုစေခြင်း၊ ပရိနိဗ္ဗာန်စံတော်မမူဘဲ အာယုကပ်ပတ်လုံး တည်တော်မူပါဟု ဘုရားသခင်အား မလျှောက်ထားလိုက်ခြင်းဟူသော အပြစ်များ တင်ကြသည်ကို အပြစ်တင်သော အရှင်ကောင်း၊ အရှင်မြတ်တို့အား ယုံကြည်ကိုးစား လေးစားသောအားဖြင့် အရှင်အာနန္ဒမထေရ်မြတ်ကြီးသည် ချက်ချင်းပင် ဒုက္ကဋ်အာပတ်ကို ဖြေကြားကုသခဲ့ကြောင်း ထောက်ပြ ဆုံးမတော်မူသည်။

ဆရာတော်ကြီး၏ အဆုံးအမများကြောင့် ၄၃နှစ်ကြာနှစ်ဂိုဏ်းကွဲ ရဟန်းတို့သည် ကြီးမားသော ဝိဝါဒများမှ ငြိမ်းအေး သမဂ္ဂဖြစ်သွားကြလေတော့သည်။ ထိုနေ့သည်ကား ၁၂၅၃ ခု၊ တပေါင်းလပြည့်ကျော် ၁၅ရက်(၂၇-၃-၁၈၉၂) ဖြစ်ပါသည်။ ဝဇီရာ ရာမ ဆရာတော်ဘုရားကြီး၏ ကြီးမားထင်ရှားသော သာသနာပြု အောင်မြင်မှု မှတ်တိုင်ကြီးဖြစ်ပေသည်။

သီဟိုဠ်ကျွန်းမှ အပြန်ခရီးတွင် ဝဇီရာ ရာမ ဆရာတော်ဘုရားကြီး၏ အပြုံးပီတိကို မှန်းဆမိသလို၊ ဆရာရင်း သင်္ဂဇာဆရာတော်ကြီးအား မှန်းဆ၍ တပည့်တော် တာဝန်ကျေပါပြီ ဘုရားဟု လျှောက်ထားနေဟန်ကို စာဖတ်သူများ မြင်ယောင်မှာ အမှန်ပင် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါဦးမည်)

* * *


ခင်ခင်ဝင်း(ဓမ္မာရုဝတီ)

www.burmeseclassic.com

www.burmeseclassic.com

# ပြည့်စုံချမ်းသာ အောင်မြင်စေဖို့ သစ္စာစကားနှင့် သစ္စာဓိဋ္ဌာန်ပြုကြစို့

ကိုရွှေမြသန်း (သမိုင်း)



မိမိ၏ သမီးအငယ်ဆုံး နန္ဒာမြသန်းသည် သူ၏ (၁-၄-၂၀၁၃)နေ့တွင် ကျရောက်သော ၂၄နှစ်မြောက် မွေးနေ့ကို လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ကုသိုလ်တော် ပွဲခင်းလေးအဖြစ် ကျင်းပခဲ့သည်။ သူမ၏ ကုသိုလ်တော် ပွဲခင်းလေး ကျင်းပအပြီး မိမိမှ. . .

"အဖေငယ်ငယ်တုန်းက အဖေ့အဘိုး သင်ပေးထားခဲ့တဲ့ သစ္စာစကားနဲ့ အဓိဋ္ဌာန်ပြု ဆုတောင်းနည်းတစ်ခုရှိတယ်။ အလှူဒါနတစ်ခုပြုပြီးတိုင်း၊ ကုသိုလ်ကောင်းမှု တစ်ခုပြုပြီးတိုင်း ဤကောင်းမှုကုသိုလ်အလှူဒါနကို မွန်မြတ် သန့်ရှင်းထက်ကြယ်သော သဒ္ဓါစိတ်ဖြင့် လှူဒါန်းပါ၏။ ကောင်းမှုကုသိုလ် ပြုပါ၏လို့ ပထမဦးဆုံး သစ္စာစကားဆိုရတယ်။ အဲဒီလို သစ္စာစကားဆိုပြီးမှ ဘယ်လိုတာဝမ်းမြို့ပဲ ရောက်ရောက်၊ အလှူဒါန လက်နဲ့မကွာ လှူဒါန်းရပါ၏ဆိုပြီး ဆုတောင်းအဓိဋ္ဌာန် ပြုတယ်လို့ သင်ပေးထားတယ်။ အခုလည်း သမီးက အလှူတစ်ခုပြုပြီးသွားပြီ၊ သစ္စာစကားဆို ဆုတောင်းလိုက်ဦး။ ပြီးရင် အဖေ ဖတ်ထား၊ မှတ်ထားတဲ့ ပြည့်စုံချမ်းသာ အောင်မြင်စေဖို့ သစ္စာစကားနှင့် သစ္စာဓိဋ္ဌာန်ပြုကြစို့ ဆိုတဲ့ အဓိဋ္ဌာန်ပြုနည်းတွေကို ပြောပြဦးမယ်"

ဟု စကားဆိုလိုက်၍ သမီးငယ်လည်း မိမိအဘိုးပြောသည့်အတိုင်း ဘုရားစင်ရှေ့တွင် သစ္စာစကားဆို ဆုတောင်းသည့်အမှုကို ဆောင်ရွက်ပြီး မိမိ ဆက်လက်ပြောပြသည်တို့ကို မှတ်သားပါလေတော့၏။

◆◆◆

မိမိ ဆက်လက်ပြောပြခဲ့သည့် ပြည့်စုံချမ်းသာ အောင်မြင်စေဖို့ သစ္စာစကားနှင့် သစ္စာဓိဋ္ဌာန်ပြုနည်းတို့သည်ကား. . .



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဆိုရန်အတွက် အင်္ဂါရပ်များ

(၁) ပထမအဆင့်အနေဖြင့် ဦးခေါင်းထက်၌ ဘုရားပင့်ရန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်း ဘုရားပင့်ရန်...

ဝိပဿီ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
သိခီ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ဝေဿဘူ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကကုသန္ဓ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကောဏာဂမန သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကဿပ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ဂေါတမ သမ္မာ သမ္ဗုဒ္ဓဿ မဟာကဏ္ဏဒ္ဒိ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီအမည်ရှိသော၊ သိခီအမည်ရှိသော၊ ဝေဿဘူအမည်ရှိသော၊ ကကုသန်အမည်ရှိသော၊ ကောဏာဂုံအမည်ရှိသော၊ ကဿပအမည်ရှိသော၊ ဂေါတမအမည်ရှိသော မြတ်စွာဘုရားရှင်၏ မြင့်မြတ်တော်မူလှသော တန်ခိုးတော်သည် အကျွန်ုပ်၏ ကိုယ်အင်္ဂါထူး ဦးခေါင်းဦး၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါသတည်း။

(၂) ဒုတိယအဆင့်မှာ နှလုံးသား၌ ဘုရားပင့်ရန် ဖြစ်ပါသည်။ နှလုံးသား၌ ဘုရားပင့်ရန်မှာ ...

ဝိပဿီ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
သိခီ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
ဝေဿဘူ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
ကကုသန္ဓ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
ကောဏာဂမန သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
ကဿပ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။
ဂေါတမ သမ္မာ သမ္ဗုဒ္ဓဿ သုသီတံ
မေတ္တာသတံ ဟဒယန္တေ မေ နိစ္စံ ဌာတု။

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီအမည်ရှိသော၊ သိခီအမည်ရှိသော၊ ဝေဿဘူအမည်ရှိသော၊ ကကုသန်အမည်ရှိသော၊ ကောဏာဂုံအမည်ရှိသော၊ ကဿပအမည်ရှိသော၊ ဂေါတမအမည်ရှိသော မြတ်စွာဘုရားရှင်၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်းသော နှလုံးသားအတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါသတည်း။

(၃) တတိယအဆင့်သည်ကား ဦးခေါင်း၌ တရားတည်းဟူသော အလင်းရောင်ကို ပင့်ရန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍...

ဝိပဿီ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
သိခီ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ဝေဿဘူ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကကုသန္ဓ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကောဏာဂမန သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ကဿပ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။
ဂေါတမ သမ္မာ သမ္ဗုဒ္ဓဿ ဓမ္မောဘာသံ
သီသဂ္ဂေ မေ နိစ္စံ ဌာတု။

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီအမည်ရှိသော၊ သိခီအမည်ရှိသော၊ ဝေဿဘူအမည်ရှိသော၊ ကကုသန်အမည်ရှိသော၊ ကောဏာဂုံအမည်ရှိသော၊ ကဿပအမည်ရှိသော၊ ဂေါတမအမည်ရှိသော မြတ်စွာဘုရားရှင်၏ တရားတော်တည်းဟူသော အလင်းရောင်သည် အကျွန်ုပ်၏ ဦးခေါင်းဦး၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

(၄) စတုတ္ထအဆင့်မှာ ဘုရားရှိခိုး ဆုတောင်းဖြစ်၏။ ဤသည်မှာ...

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့ နေမင်းသည် အလင်းရရာ နေ့အခါ၌သာလျှင် ရောင်ခြည်ရွှန်းရွှန်း ထွန်းလင်းတောက်ပနိုင်ပေ၏။

တင့်တယ်ရွှန်းဝင်း ငွေလမင်းသည် အမှောင်ကျရာ ညအခါ၌သာ အရောင်ရွှန်းရန်း ထွန်းလင်း တောက်ပနိုင်ပေ၏။

ရေမြေသနင်း ဘုရင်မင်းသည် မင်းဝတ်တန်ဆာ ဆင်ယင်မှသာ ထွန်းလင်းတောက်ပ တင့်တယ်လှပပေ၏။

မကောင်းမှုကို မျှော်ပြီးသော ရဟန္တာအရှင်မြတ်သည် အရှမ္ဘာ လက္ခဏာဆိုတဲ့ ဈာန်နှစ်ဝ ဝင်စားမှသာလျှင် ထွန်းလင်းတောက်ပ တင့်တယ်လှပါပေ၏။

ထိုမှတစ်ပါး လောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ကိုယ်တော်မြတ်၏ ဘုန်းတော်ရောင်၊ ကံတော်ရောင်၊ ဉာဏ်တော်ရောင်၊ တန်ခိုးတော်ရောင်ဖြင့် နေ့ရော ညပါ အခါခပ်သိမ်း ထွန်းလင်းတောက်ပတော်မူပါပေ၏။

ထိုကဲ့သို့သော တန်ခိုးတော်ဂုဏ်တို့ဖြင့် ပြည့်စုံ ကုံလုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် ရိုသေသောမြတ် ထုတ်ဝပ်သည်ဖြစ်၍ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

(၅) ပဉ္စမအဆင့်သည်ကား သစ္စာပြုရန်သာ ဖြစ်ပါသဖြင့် အောက်ပါအတိုင်း သစ္စာပြုကြရန်သာ ဖြစ်ပါ၏။ ဤသည်မှာ...

### * လာဘ်လာဘ တိုးပွားရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ မဟာ လာဘဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ လာဘဝမုန်။

ဝိပဿီ စသော ဘုရားရှင်အပေါင်းတို့၏ ကြီးကျယ်မြတ်တော်မူလှသော လာဘ်မြတ်ရတနာတော်အား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ဆယ်ပါးတို့ဖြင့် ပြုခြင်းငှာ မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား မွန်မြတ်လှစွာသော ရတနာအမျိုးမျိုးတို့၏ တိုးပွားခြင်းသည် စင်စစ်မသွေဖြစ်ပါစေသတည်း။

### * စည်းစိမ်ဥစ္စာတိုးရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ မဟာ ဘောဂဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဘောဂ ဝမုန်။

ဝိပဿီ စသော ဘုရားရှင်အပေါင်းတို့၏ ကြီးမားလှသော စည်းစိမ်ချမ်းသာတော်အား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ဆယ်ပါးတို့ဖြင့် ပြုခြင်းငှာ မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်၏ စည်းစိမ်ဖွံ့ဖြိုး တိုးပွားခြင်းသည် အမှန်မသွေ ဖြစ်ပါစေသတည်း။

### * တန်ခိုးတော်ကြီးရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ မဟာ တေဇဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ တေဇ ဝမုန်။

ဝိပဿီ စသော ဘုရားရှင်အပေါင်းတို့၏ နတ်လူများဖြင့် ရင်သပ်ရှုမော အံ့ဩမဆုံး ဘုန်းတန်ခိုးတော်မြတ်အား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ဆယ်ပါးတို့ဖြင့် ပြုခြင်းငှာ မတတ်စွမ်းနိုင်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား နတ်၊ လူများဖြင့် ရင်သပ်ရှုမော အံ့ဩမဆုံး ဘုန်းတန်ခိုးတော်၏ တိုးပွားခြင်းသည် အမှန်မသွေ ဖြစ်ပါစေသတည်း။

### * ချမ်းသာတိုးရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ မဟာ သုခဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ သုခ ဝမုန်။

ဝိပဿီ စသော ဘုရားရှင်အပေါင်းတို့၏ ထူးမြတ်တင့်ဆန်း ရွှင်လန်းစရာဖြစ်သော သန္တိသုခချမ်းသာအား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ် ဆယ်ပါးတို့ဖြင့် ပြုခြင်းငှာ မတတ်စွမ်းနိုင်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ထူးမြတ်တင့်ဆန်း ရွှင်လန်းစရာ မြတ်ချမ်းသာသည် လျှင်စွာပြည့်ဖြိုး တိုးပွားပါစေသတည်း။

### * အခြံအရံများရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ မဟာ ယသဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ယသ ဝမုန်။

ဝိပဿီ စသော ဘုရားရှင်အပေါင်းတို့၏ များမြတ်ပြည့်လျှံ ဘဝဂ်ညံမျှ ခြွေရံပေါ်ကြွယ် လွန်တင့်တယ်သော အခြံအရံအပေါင်းအသင်းအား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ဆယ်ပါးတို့ဖြင့် ပြုခြင်းငှာ မတတ်စွမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အခြံအရံတိုးပွားခြင်းသည် စင်စစ်မသွေဖြစ်ပါစေသတည်း။

*** အသက်ရှည်ရန် သစ္စာပြုပုံ**

ဗုဒ္ဓါနံ ဇိဝိတဿ န သဏ္ဍာ၊ ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ အာယု ဝဍ္ဎနံ။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်အပေါင်းတို့၏ ရုပ်သက်၊ နာမ်သက်အား တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပါ။ မတတ်ကောင်းပါ။

ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်၏ ရုပ်သက်၊ နာမ်သက် အဆက်မပြတ် တိုးပွားခြင်းသည် မယွင်းမသွေဖြစ်ပါစေသတည်း။

*** ဉာဏ်တိုးပွားရန် သစ္စာပြုပုံ**

ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏဝိလာ သဂ္ဂဿ၊ သဗ္ဗညုတ ဉာဏ၊ အစိန္တေယျဿ န သဏ္ဍာ၊

ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဉာဏ ဝဍ္ဎနံ။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်အပေါင်းတို့၏ ကိုယ်တော်တိုင်အားလုံးသိတော်မူသော ဉာဏ်တော်အား လည်းကောင်း၊ အလွန်တင့်တယ်သော ဉာဏ်တော်အား လည်းကောင်း၊ မကြံစည်နိုင်သော ဉာဏ်တော်အား လည်းကောင်း တစ်စုံတစ်ယောက်သော ရန်သူသည် အန္တရာယ်ကို ပြုခြင်းငှာ မတတ်နိုင်ပါ။ မတတ်နိုင်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်၏ ပင်ကိုဉာဏ်ထက်မြက် အစဉ်မပြတ် တိုးပွားခြင်းသည် မယွင်းမသွေဖြစ်ပါစေသတည်း။

*** ရုပ်ရည်လှပရန် သစ္စာပြုပုံ**

ဗုဒ္ဓါနံ သဗ္ဗညုတ ရူပဝိလာ သဂ္ဂဿ၊ ရူပ အစိန္တေယျဿ နသဏ္ဍာ၊

ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ရူပ ဝဍ္ဎနံ။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်အပေါင်းတို့၏ အလွန်တင့်တယ်တော်မူသော ရူပကာယတော်အား၊ ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော ရူပကာယတော်အား တစ်စုံတစ်ယောက်သော ရန်သူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပါ။ မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်၏ ရုပ်သွင်သန့်ရှင်း တိုးပွားခြင်းသည် မယွင်းမသွေဖြစ်ပါစေသတည်း။

*** တန်ခိုးဣဒ္ဓိကြီးရန် သစ္စာပြုပုံ**

ဗုဒ္ဓါနံ ဣဒ္ဓိယာ ဣဒ္ဓိဝိလာ သဂ္ဂဿ၊ ဣဒ္ဓိ အစိန္တေယျဿ နသဏ္ဍာ

ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဣဒ္ဓိ ဝဍ္ဎနံ။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်အပေါင်းတို့၏ အလွန်တင့်တယ်တော်မူသော တန်ခိုးတော်အား၊ ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော တန်ခိုးတော်အား တစ်စုံတစ်ယောက်သော ရန်သူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပါ။ မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဣဒ္ဓိပြည့်ဖြိုး မြတ်တန်ခိုးသည် မညှိုးမတွန့် တလွန့်လွန့်လျှင် ကွန့်ကွန့်ဝေဝေ တိုးပွားပါစေသတည်း။

*** စကားပြောကောင်းရန် သစ္စာပြုပုံ**

ဗုဒ္ဓါနံ ဝစနဿ ဝစနဝိလာ သဂ္ဂဿ၊ ဝစန အစိန္တေယျဿ နသဏ္ဍာ

ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဣဒ္ဓိ ဝဍ္ဎနံ။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြ တော်မူသော ဘုရားရှင်အပေါင်းတို့၏ ပကတိသော စကာ တော်အား၊ ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော စကားတော်အား တစ်စုံတစ်ယောက်သော ရန်သူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပါ။ မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြော အကျွန်ုပ်အား စကားအရာ အင်္ဂါလေးတန် ပြည့်လျှံလွ ကောင်း၊ အပြောကောင်း၊ အဟောကောင်း လွန်ဖြိ အဆင့်ဆင့် တိုးပွားခြင်းသည် ဖြစ်ပါစေသတည်း။

* * *

— ကိုရွှေမြသန်း(သမိ

မှီငြမ်း

- အရှင်ပညောဘာသ(ဝေါ)၏ သစ္စာတရား စွမ်းပကား။

www.burmeseclassic.com

www.burmeseclassic.com

# စိတ်အလိုဆန္ဒရှိသမျှ ပြည့်ဝစေနိုင်သော

# တ·သ·ည·ခ ဂါထာတော်

**အေးရွှေ(ဇီးကုန်း)**

ယခု တင်ပြမည့် ဂါထာမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သံသရာမှ ကူးမြောက်တော်မူပုံ၊ နိဗ္ဗာန်ချွေပြည်မြတ်ကို ရောက်တော်မူပုံတို့နှင့် သဗ္ဗညုတဉာဏ်တည်းဟူသော ဂုဏ်တော်တို့ကို အာရုံပြုသည့် ဂါထာဖြစ်သဖြင့် မည်သို့သော ရန်သူမျိုးမှ အန္တရာယ်မပြုနိုင်ဘဲ ကောင်းဘေးဒဏ် ရန်ဟူသမျှမှ လွတ်မြောက်၍ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးတည်းဟူသော မြတ်ဖြာသော ကောင်းကျိုးတို့နှင့် ပြည့်စုံပြီးလျှင်၊ စိတ်အလိုဆန္ဒရှိသမျှ ပြည့်ဝစေနိုင်သော ဂါထာဖြစ်ကြောင်း ဇီးကုန်းမြို့မဟာစည် သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာ ကမ္မဋ္ဌာနစရိယ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥက္ကံသစာရက မိန့်ကြားခဲ့ဖူးပါသည်။

ထိုဂါထာကို ရွတ်ဆိုမည့်သူသည် အနည်းဆုံး ငါးပါးသီလကို ဆောက်တည်၍ မြင်အပ်၊ မမြင်အပ် သတ္တဝါများအား မေတ္တာပွားပြီး မြတ်စွာဘုရားရှင်၏ သံသရာမှ ကူးမြောက်တော်မူပုံ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုတော်မူပုံတို့နှင့် သဗ္ဗညုတဉာဏ်တည်းဟူသော ဂုဏ်တော်တို့ကို အာရုံပြု၍ ရွတ်ဆိုရမည်ဟုလည်း အဆိုအမိန့်ရှိခဲ့ပါသည်။ ထိုကဲ့သို့ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြု ရွတ်ဆိုပါက သေချာပေါက် ကောင်းမွန်သည့် စိတ်အလိုဆန္ဒရှိသမျှ မုချအမှန် ပြည့်ဝနိုင်မည်ဖြစ်ပါကြောင်းလည်း မိန့်ကြားခဲ့ပါသည်။ အလိုရှိသူများအတွက် အသုံးပြု ရွတ်ဆိုနိုင်ပါရန် ပညာဒါနမြှုလိုက်ပါသည်။

စာရေးသူသည် ထိုဂါထာအား အခက်အခဲ အကြောင်းတစ်စုံတစ်ရာနှင့် ကြုံကြိုက်လေတိုင်း အဓိဋ္ဌာန်ဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြု ရွတ်ဆိုဖူးပါသည်။ ထိုသို့ ရွတ်ဆိုတိုင်းလည်း ကြုံတွေ့ရသော အခက်အခဲတို့မှ ချောမောလွယ်ကူစွာ အောင်မြင်မှုများ အများဆုံး ရရှိနိုင်ခဲ့ဖူးသဖြင့် ကိုယ်တွေ့ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**စိတ်အလိုဆန္ဒရှိသမျှ ပြည့်ဝစေနိုင်သော**

**တ·သ·ည·ခ ဂါထာတော်**

တရိတဗ္ဗတရော နာထော၊
သမေတိ သရဏံ ဂတော။
ဉေယျဓမ္မေသု ဉာဏိကော၊
ခေမံသော ဒေတု မေ ဇိနော။

နာထော - လူသုံးပါးတို့၏ ကိုးကွယ်အားထားရာ မြတ်စွာဘုရားသည်၊ တရိတဗ္ဗတရော - ကူးခတ်သင့်လှ ဝဲသြဃကို လုံ့လ ပံ့ထောက် ကူးမြောက်တော်မူအပ်ပြီ၊ သရဏံ - သတ္တဝါအပေါင်း ခိုအောင်းရာအမှန် မြတ်နိဗ္ဗာန်ကို၊ ဂတော - အရိယာမဂ္ဂင် ဉာဏ်ဖောင်ယာဉ်ဖြင့် မြပင့်ကြွသွားတော်မူသည်ဖြစ်၍၊ သမေတိ - နိဗ္ဗာန်ခေါ်လတ် အမြိုက်ဓာတ်ဖြင့် ကိန်းဝပ်စံပျော် ငြိမ်းအေးတော်မူ၏။ ဉေယျမမ္မေသု - သိသင့်သမျှ ဉေယျတရားတို့၌၊ ဉာဏိကော - ထိုးထွင်း၍ သိ၊ သဗ္ဗညုတဉာဏ်လည်း ရှိတော်မူ၏။ သောဇိနော- ထိုငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ခေမံ - ဘေးရန်ကင်းကွာ အေးငြိမ်းရာကို၊ ဒေတု - ကာလမရွေး ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

လိုအင်ဆန္ဒအပေါင်းနှင့် ပြည့်ဝကြပါစေ

* * *

အေးရွှေ(ဇီးကုန်း)

(မဟာစည် သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက် ပထမ ပဓာန နာယက အဂ္ဂမဟာ ကမ္မဋ္ဌာန စရိယ ဆရာတော်ဘုရားကြီးအား လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရိုကျိုးစိတ်ဖြင့် ရှိခိုးပါ၏။)




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတဲ့ ရေကန်နဲ့ ရေခဲမယ် မိန်းကလေး

မောင်ဝေအေး



ဂမ္ဘီရဆန်းကြယ် ပရိသတ်အတွက် အခုလ ဖော်ပြပေးချင်တဲ့ အကြောင်းအရာနှစ်ခုရှိပါတယ်။

တစ်ခုကတော့ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်အနီးက ရွာလေးတစ်ရွာရဲ့ သောက်ရေကန်လေးအကြောင်းပါပဲ။ သာမန်ရေကန်လေးဖြစ်ပေမယ့် အံ့ဩထူးဆန်းလွန်းနေပါတယ်။ အကြောင်းကတော့ ရေကန်လေးထဲက ရေမျက်နှာပြင်မှာ မြတ်စွာဘုရားရဲ့ မျက်နှာတော် ပေါ်လာခြင်းပါပဲ။

ရေမရှိတဲ့ အချိန်မှာ ရေကန်ထဲမှာ ဘာမှ ရှိမနေပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရေပြည့်လာတဲ့အခါ အလိုလို မြတ်စွာဘုရားရဲ့ မျက်နှာ ပေါ်လာတတ်ပါတယ်။

ဒီအဖြစ်အပျက်၊ ဒီသတင်းကြောင့်ပဲ ကြည်ညို ဖူးမြော် လာတဲ့သူတွေနဲ့ အထူးစည်ကားလျက် ရှိနေပါ တယ်။

◈◈◈

ဒုတိယအကြောင်းအရာကလည်း အံ့သြထူးဆန်းဖွယ် ကောင်းတဲ့ အဖြစ်အပျက်ပါပဲ။

မိန်းကလေးရဲ့ အရွယ်က အသက် ၁၁နှစ်ကနေ ကြားမှာ ရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ တကယ် ဒီမိန်းကလေးကို တွေ့ရှိတာကတော့ သက်ရှိထင်ရှား ပါဘူး။

ဒီမိန်းကလေးဟာ ၁၄၅၀-၁၄၈၀ လောက်တုန်းက ရေခဲပြင်အောက်မှာ နှစ်မြှုပ် သေဆုံးခဲ့တာလို့ ယူဆကြပါ တယ်။ ပုံမှာ မြင်ရတဲ့အတိုင်းပဲ။ မိန်းကလေးကို အကောင်း ဆုံးအနေအထားနဲ့ ရှာဖွေတွေ့ရှိခဲ့တာမျိုးပါ။


အပေါ်ယံ အရေပြားတွေက အေးခဲနေပေမယ့်၊ အတွင်းကလီစာတွေကတော့ အကောင်းအတိုင်း ရှိနေပါသေး တယ်။ ဒီအတွက် ပညာရှင်တွေက ဆက်လက်ပြီး စမ်းသပ် မှုတွေ ပြုလုပ်နေကြပါတယ်။

ရေခဲမယ် မိန်းကလေးဟာ နှစ်ပေါင်း ၅၀၀ ကျော် လောက် ရေခဲပြင်အောက်မှာ နှစ်မြှုပ်နေခဲ့ပြီး၊ လက်ရှိ မြင်ရ တဲ့ အနေအထားအတိုင်း မိန်းကလေးဟာ အိပ်ပျော်နေတဲ့ ကလေးငယ်တစ်ယောက်လို မြင်တွေ့နေရတာ ဖြစ်ပါတယ်။

* * *

မောင်[illegible]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဪ... ရောက်လာပြီပေါ့ ...ကာလေး"

"တင်ပါ့ ဘုရား။ ဟိုးတစ်ပတ်က ...သားတဲ့ ဇာတ်လမ်းလေး သိချင်လို့ ...ဘုရား"

"ထိုင်...ဟိုမှာ။ စပြောရမှာက ...တာ့ မခေါ်ဘဲ ရောက်လာ၊ မနှင်ဘဲ ...တဲ့ ညည်းစိမ်းလို့ပဲ မှတ်ပေတော့။ ... ဒကာရဲ့။

တိမ်ခြေငယ် ရှင်းပါလို့၊
မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊
နှယ်ခွာညို မြိုင်မြိုင်နှင့်၊
လှိုင်လှိုင်သင်းတဲ့ လက်ိုလေး...
တဲ့။

မဟာအတုလမင်းကြီး ရေးသား ...ခဲ့တဲ့ ၁၂လရာသီဘွဲ့ လွမ်းချင်း ...ဘုန်းကြီး အမှတ်ရနေမိတယ်။ ...တော်၊ ပြာသိုဆိုရင် ဘုန်းကြီးတို့ ...အတော်အေးတယ်။ ရွာမှီ့ ခွာညို ...လေးတွေ ရှုရှိုက်မိပါရဲ့၊ ရန်ကုန် ...တောလောက် မအေးဘူး။ အဲ- ...ဟို စံပယ်ရုံ၊ တွေ့လား"

ဘုန်းကြီး ညွှန်ရာသို့ စာရေးသူ ...ကြည့်လိုက်မိသည်။ ကျောင်းအဝင် ...ပဲဘက် အုတ်တံတိုင်းအနီး ...စိမ်းစိမ်းစိုစို စံပယ်ရုံကြီး။ အပွင့် ...ဖွေးဆွတ်နေသည်။

"စံပယ်နံ့သင်းသင်းလေး မကြာ ...ရှုရှိုက်မိပါတယ်။ လေသင့်တိုင်း ...ကွယ်။ အဲ - ခူးဆွတ်သူတွေ ... သူခမျာလည်း အစွမ်းကုန် ...ရ ပွင့်ရတယ် မရှိပါဘူးကွယ်။ ...အဆင်း။ သူ့ရဲ့ ရနံ့ကြောင့် သူ့ကို ...ရောက်စေတယ်။ တရားရစရာ ...တယ်"

စာရေးသူမှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိသည်။ အရပ်အမောင်းကောင်းသည်။ ဉပမိရုပ် ကြည်လင် ခန့်ညားသည်။ သက်တော်အားဖြင့် ၆၀ကျော်ရှိမည်။ ဘုရားရိပ်၊ တရားရိပ်ကြောင့် အသားအရေ ဝင်းဝါပြီး အရွယ်မကျသေး။ နှုတ်တော်မှ ဖွင့်ဟလာသည့် စကားတွေကပင်လျှင် နှပျို လန်းဆန်းဆဲရှိသည်။ ဆက်၍ မိန့်ပါသည်။

"ဘုန်းကြီးအဖြစ်လည်းပဲ အဲဟို စံပယ်ပင်လိုပဲ။ ကိုယ်ပိုင်ကျောင်း မရှိခင်၊ ကိုယ်ပိုင်ဉစ္စာမရှိခင်က ဘာမှမဖြစ်ခဲ့ပေမယ့် ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်ဉစ္စာရယ်လို့ ရှိလာတော့ တရားတဘောင်အမှုတွေနဲ့ လောကီဇာတ်ရှုပ်ထဲ ဝင်ပါနေရတယ်။ နေ့စဉ် တရားနဲ့ပဲ ဖြေနေတုန်း သူရောက်လာတာပါပဲကွယ်"

"ဘယ်သူများလဲ ဘုရား"

"အဲ... သူဆိုတာ မခေါ်ဘဲ ရောက်လာတဲ့ သူစိမ်း ညည်းသည်ကို ပြောတာပါ"

"စိတ်ဝင်စားစရာပါ ဘုရား"

"အေး၊ ဘုန်းကြီးလည်း စိတ်ဝင်စားမိတယ်။ သူ့အသက်က ၂၆နှစ်ဆိုလားပဲ။ ငယ်ငယ်ပါပဲ။ လူယဉ်ကျေးလေး။ စကားပြောချိုတယ်။ ကျောင်းရောက်ရောက်ချင်း ဘုရားကို ဦးတိုက်ရှိခိုးတယ်။ ပြီး ဘုန်းကြီးကို ရှိခိုးတယ်။ ပြီးတော့ မေးတယ်။ "အရှင်ဘုရားက ဦးဝါသဝနော် ဘုရား" တဲ့၊ "အေး၊ ဟုတ်တယ်" လို့ ဘုန်းကြီးက ပြန်ဖြေလိုက်တယ်။ ဒီတော့ သူက "တပည့်တော် ဒီကို ရောက်လာတာဟာ အရှင်ဘုရားရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးလို့၍ ရောက်ရှိလာရခြင်း ဖြစ်ပါတယ်" တဲ့။

အဲ...သူက အလာကြီးပဲ ဒကာရဲ့။ သူ့ကို ကြည့်လိုက်တော့လည်း တည်တည်ငြိမ်ငြိမ်နဲ့။ ပြောသလို လုပ်မယ့် ကလေးလို့ ဘုန်းကြီး ရိပ်မိတယ်။ ပြီးတော့ ဘုန်းကြီးရဲ့ လက္ခဏာကို တောင်းကြည့်တယ်။ ကျောင်းရှေ့ မြေကွက်လပ်ကို ထကြည့်တယ်။

"အရှင်ဘုရား...ဟောဟို မြေနေရာမှာ စေတီလေးတစ်ဆူတည်ရမယ် ဘုရား" လို့ ကျောင်းရှေ့ ခေါင်းရင်းက မြေကွက်လေးကို လက်ညှိုးထိုးပြတယ်။ ဘုန်းကြီးက -

"ဟဲ့... ဒကာလေးရဲ့ ဘုရားတည်တာ လွယ် မှတ်လို့"

"အရှင်ဘုရားစိတ်ကသာ တည်ပါမယ်လို့ ရည်စူးပြီး အဓိဋ္ဌာန်ပါ ဘုရား။ လွယ်ပါလိမ့်မယ်"

တဲ့၊ ဘုန်းကြီး သူ့ကို နားမလည်နိုင်တဲ့ အကြည့်နဲ့ ကြည့်နေမိတယ်။ မပြီးပြတ်သေးတဲ့ လောကီဇာတ်အရှုပ်ထဲ ခေါင်းမြှုပ်နေရတဲ့အထဲ၊ လက်ထဲမှာလည်း ဝတ္ထုငွေက များများစားစားမရှိလေတော့ ဘုရားတည်ဖို့ ခက်တာအမှန်။ ဒါ ဘုန်းကြီးစိတ်ထဲ ပြောတဲ့စကား။

"ကြောင့်ကြမှု မရှိပါနဲ့ ဘုရား။ အရှင်ဘုရား လက်ရှိ ကြုံတွေ့နေရတဲ့ ပြဿနာအားလုံး ပြေလည်သွားပါလိမ့်မယ်။ ဘုရားတည်ဖို့သာ အာရုံပြုထားပါ။ အချိန်ကျနေပြီမို့ ပြောရတာပါ"

တဲ့၊ အံ့စရာပေပဲ။

"ကဲ - ဒါဆိုလည်း ဘုရားတည်မယ်ကွယ်" လို့ ပြောလိုက်တော့ သူ ဝမ်းသာအဲလဲနဲ့...

"အားထုတ်မြဲ စရဏတရားကို ဆက်လက်ဆောင်ရွက်ပါ။ အားထုတ်ပါ။ ကျင့်ကြံပါ။ မိမိကုသိုလ်ကိုလည်း ဟောဒီ ဝန်းကျင်က ကြားအောင် အမျှ



www.burmeseclassic.com

www.burmeseclassic.com

အတန်းပေးဝေပါ။ အားလုံး အဆင်ပြေ သွားမှာပါ”

လို့ လျှောက်ထားပြီး မနှင်းပါဘဲနဲ့ မြန်းခနဲ ထပြန်သွားလေရဲ့။

စရဏ တရားဆိုတာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်တရားလို့ ခေါ်ပါတယ်။ သီလစောင့်ထိန်းခြင်း၊ ဣန္ဒြေကို စောင့်ထိန်းခြင်း၊ အစာအာဟာရ အတိုင်းအရှည်ကို သိခြင်း၊ နိုးကြားခြင်း၌ အဖန်ဖန်အားထုတ်ခြင်း၊ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ သတိ၊ ပညာဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ရူပါဝစရဈာန်လေးပါး၊ စုစုပေါင်း ၁၅ပါး ရှိတယ် ဒကာလေးရဲ့ မှတ်ထား။ ဒါ ဘုန်းကြီး နေ့စဉ်လုပ်နေကျ အလုပ်ပဲ။

“မရ ရသက ချိုင်”တဲ့။ ဘုန်းကြီးအဖြစ်က ရယ်စရာတော့ အကောင်းသား။ မရ ရသက ချိုင် ဆိုသလိုပဲ၊ ဟိုးမှာ မြင်ရတဲ့ ဘုန်းကြီးကျောင်း၊ တွေ့လား၊ ခနသိဒ္ဓိကျောင်းလို့ ခေါ်တယ်။ ဘုန်းကြီးမိတ်ဆွေ ဦးတေဇ ကျောင်းထိုင်တယ်။ တစ်နေ့ အဲဒီ ကျောင်းရှေ့က ဖြတ်ပြီး လမ်းလျှောက်ထွက်ခဲ့တယ်။ သူ့ကျောင်းရှေ့နားမှာ တစ်တောင့်ထွာလောက် ဉာဏ်တော်ရှိတဲ့ စေတီပျက်လေးတစ်ဆူတွေ့လို့ အလှူခံမိတယ်။ ထုံးသင်္ကန်းတွေ ကပ်ထားတာ ကွာကျနေပြီ။ ထီးတော်က မရှိတော့ဘူး။ ငုံတိတိ စေတီပျက်လေးပဲ။

အဲဒါကို ပင့်လာပြီး ဘုန်းကြီးရဲ့ ကျောင်းခေါင်းရင်း မြေကွက်လပ်မှာ ချထားလိုက်တယ်။ စေတီကို ပြုပြင်မယ်။ သစ်သားလေးစင်တိုင်လေး ရိုက်မယ်။ အဲဒီစင်ပေါ် တင်ပြီး ကိုးကွယ်ထားမယ်ပေါ့ကွယ်။

ဘုရားဟော ကျမ်းဂန်ပါဠိတော်မယ် ဆိုထားမဟုတ်လား။ “သမေ စိတ္တေ၊ သမံဖလံ”တဲ့။ စိတ္တေ - မိမိ၏ စိတ်၌၊ သမေ-သက်တော်ထင်ရှား မြတ်ဘုရားကဲ့သို့ အညီထား ပူဇော်ခဲ့သည်ရှိသော်၊ သမံဖလံ - ဘုရားအစစ်ကို ပူဇော်ဘိသကဲ့သို့ အကျိုးထူးတရား အတူတူပဲတဲ့။ ဒါ မှတ်ထား။

ကဲ - လုပ်တော့ လက်တွေ့ အကျိုးပေး စပြီ။

ရှခင်းသာရပ်ကွက်က ဒကာမကြီးတစ်ယောက် မမျှော်လင့်ဘဲ ရောက်ချလာတယ်။ ဟို…၊ ဟဲ့ - ဦးပဥ္စင်း ဦးအဂ္ဂ၊ အဲဒီ ဒကာမကြီး အမည်က ဘယ်သူကွဲ့”

“ဒေါ်စန်းမြင့်ပါ ဘုရား”

“ သူပြန်သွားပြီး နောက်တစ်နေ့ ကျောင်းမှာ အမျိုးသမီး ဒကာမ တစ်ယောက်ကို ဝင်ပူးတော့တာပဲ။ ကျောင်းအောက်မှာ နဂါးသိုက်ရှိတဲ့အကြောင်း၊ နဂါးပတ်စေတီလေးရဲ့ ဘူမိနက်သန် အောင်မြေအမှန်ဖြစ်ကြောင်း၊ ဆုတောင်းပြည့်စေတီတည်ဖို့ လိုအပ်တာ ကူညီမယ်ဆိုတဲ့အကြောင်း ပြောတော့ ဘုန်းကြီး ကြက်သီးမွေးညင်းထလို့ ဆုတောင်းပြည့်စေတီတည်ဖို့ ခွန်အားတွေ ရှိလာသလိုပဲ ”

အမေးခံရသူ ဦးပဥ္စင်း ဦးအဂ္ဂ ဖြေသည်။

“အဲ…အဲဒီ ဒကာမကြီး ကျောင်းရောက်တယ်ဆိုရင်ပဲ “အ ဘုရား၊ စေတီတည်မယ် သိရ တပည့်တော်မ လာလှူတာ၊ လော ဆယ် ငွေ ၁၅၀၀ ကျပ် မ,တည်ပေး ရစေ၊ အလှူခံတော်မူပါ”တဲ့။ နော တစ်ကြိမ်ထပ်လာတယ်။ ငွေတစ်ထော ကျပ် လှူတယ်။ တတိယအကြိ ရောက်လာပြန်တယ်။ ငွေတစ်ထော ထပ်လှူတယ်။ အဲဒီ လှူတဲ့အ လှူတဲ့ ငွေတန်ကြေးက ငွေတစ်ထော ဆိုတော့ ဆရာဝန်ကြီးလစာ တစ်လ ရှိသကွဲ့။ ဒါနဲ့ ဘုန်းကြီးလည်း အ လက်သမားဆရာလေး ခေါ်တိုင် တယ်။

“အရှင်ဘုရား…သစ်သားလေ တိုင်စင်အစား အုတ်ပလ္လင်လုပ် တပည့်တော် ပန်းရံလည်း တတ် တယ်။ လုပ်အားဒါနပြုပါရစေ”

တဲ့။ ကဲ - စကတည်းက ယ သကိုဖြစ်မနေဘူးလား။ အဲဒါနဲ့ပဲ အ ပလ္လင်ဖြစ်သွားကရော။

အခု ညွှန့်စိမ်းနဲ့ နဂါးပတ်စေ နဂါးသိုက်အကြောင်း ပြောမယ်။ နှ လောက်ကြာတော့ သူစိမ်းညှော်သ လေး ရောက်လာတယ်။ စေတီလေ လှည့်ပတ်ဖူးပြီး ကျောင်းပေါ် တက် တယ်။

“အရှင်ဘုရားရဲ့ စေတီလေ သာမညောင်ည မဟုတ်ပါ ဘုရ အတွင်းမှာ ဘုရားဗုဒ္ဓပနာများ ရှိ အပြင်မှာ နဂါးပတ်ထားပါတယ်။ အ ပလ္လင်ခံဖြင့် မပြီးပါ။ ကိုးတောင် စေတီတည်ရမှာပါ ဘုရား”တဲ့။

“ဟေ…ဘုန်းကြီးလည်းပဲ တ နိုင်သလောက် လုပ်လားတာပါ ဒ

www.burmeseclassic.com

သေး" လို့ ပြောမိပါတယ်။

"ဒီနဂါးပတ်စေတီလေးကို အတွင်းဌာပနာထားပြီး တည်ရပါမယ်။ ကြောင့်ကြမှု မဖြစ်ပါနဲ့ ဘုရား။ သူဟာ ဖြစ်လာပါလိမ့်မယ်။ တပည့်တော် ကူညီပါ့မယ်"တဲ့။

"မင်းက ဘယ်လိုကူညီမှာလဲ" လို့ ဘုန်းကြီးက မေးတော့...

"တပည့်တော် တတ်ကျွမ်းတဲ့ အင်း နက္ခတ်၊ အတွက်အချက်ပညာတွေနဲ့ စီမံခွင့်ပြုနိုင်မလား ဘုရား" လို့ ခွင့်တောင်းတယ်။

"ကောင်းမယ်ထင် လုပ်ပေါ့ ကာလေးရယ်။ ဘုန်းကြီးက ဘာမှ မပြောလိုပါဘူး" လို့ ပြောလိုက်တယ်။

သူပြန်သွားပြီး နောက်တစ်နေ့ ကျောင်းမှာ အမျိုးသမီး ဒကာမ တစ်ယောက်ကို ဝင်ပူးတော့တာပဲ။ ကျောင်းအောက်မှာ နဂါးသိုက်ရှိတဲ့အကြောင်း၊ နဂါးပတ်စေတီလေးရဲ့ ဘူမိနက်သန် အောင်မြေအမှန်ဖြစ်ကြောင်း၊ ဆုတောင်းပြည့်စေတီတည်ဖို့ လိုအပ်တာ ကူညီမယ်ဆိုတဲ့အကြောင်း ပြောတော့ ဘုန်းကြီး ကြက်သီးမွေးညင်းထလို့ ဆုတောင်းပြည့်စေတီတည်ဖို့ ခွန်အားတွေ ရှိလာသလိုပဲ။

နောက်တစ်နေ့မှာ လူစိမ်းညှေ့ ညှည်လေး ရောက်လာတယ်။ သူ ရောက်ပြီး မကြာပါဘူး၊ ပေဒင်တွက်လို သူ သတြာချေလိုသူတွေ တဖွဲဖွဲရောက် လာတယ်။ ဉာဏ်ပူဇော်ခ ငွေကြေးဟာ စေတီလေးအတွက် အလှူငွေရယ်လို့ မှတ်လက်ခံတယ်။

သူ့ပရိသတ်ထဲကပဲ အလှူရှင် တွေ ပေါ်လာလိုက်တာ၊ ဒေါက်တာ ဆိုသူက စေတီလေးအတွက် ၅၀၀၀ မ,တည်ပေးလာတယ်။



ကန်ထရိုက်တာ ဦးအောင်သီ ဆိုတဲ့ ပုဂ္ဂိုလ်က လိုအပ်တဲ့ ဘိလပ်မြေအိတ် ၂၂အိတ် လာရောက်လှူဒါန်းတယ်။

သူငယ်လေးက ကိုးတောင်ပြည့် စေတီလေးကို တပေါင်းလပြည့်နေ့က စလို့ တန်ခူးလပြည့်နေ့အထိ အပြီး တည်မယ်လို့ ဘုန်းကြီးကို ရဲရဲဝံ့ဝံ့ လျှောက်တယ်။ ပြောရင် ပြောသလို လုပ်မယ့် ကလေး။

သူ့ပရိသတ်ထဲ ဒေါက်တာတွေ၊ အင်ဂျင်နီယာတွေ၊ ကန်ထရိုက်တာ တွေနဲ့ ပညာတတ်လေးတွေ များတယ်။

စေတီတော်ဖြစ်မြောက်ရေးအဖွဲ့ ဂေါပကအဖွဲ့ကို ၁၉ယောက်နဲ့ ဖွဲ့စည်း တယ်။ သူ့ကိုပဲ အားလုံးက ဥက္ကဋ္ဌတင် တယ်။ အဲဒီတော့မှ သူ့အမည်ရင်းကို ဘုန်းကြီးသိရတော့တယ်။ "မောင်သိုက် ညွှန့်" လို့ ခေါ်သကွဲ့။

တပေါင်းလပြည့်နေ့ ၉နာရီ၊ ၉ မိနစ်၊ ၉စက္ကန့်အချိန်မှစလို့ ရွှေအတတ် ငွေအတတ်၊ ပတ္တမြားအတတ်တွေနဲ့ ကိုး တောင်ပြည့်စေတီလေးအတွက် အုတ် မြစ်ချမင်္ဂလာအခမ်းအနားလုပ်တယ်။ မြို့နယ် သံဃနာယက ဆရာတော်ကြီး မအားလပ်လို့ ဒုဥက္ကဋ္ဌ ဆရာတော်ကြီး တက်ရောက် ချီးမြှင့်ပေးတယ်။

စေတီပုံလေးက ဥက္ကဋ္ဌနဲ့ ဂေါပက လူကြီးတွေ ပုံစံရွေးကြတာပါ။ ဟိုး သန်လျင်မြို့အဝင် မီးပွိုင့်နားက "သမ္မုဒ္ဒေ စေတီ"ကို နမူနာယူတယ်လို့ သိရ တယ်။ တို့ဆီက ၁၀၈ တောင် ဘုရား ပုံစံနဲ့လည်း နီးစပ်တယ်။ သတ်မှတ်ရက် အတိုင်း ဘာမှအခက်အခဲ အနှောင့် အယှက်မရှိဘူး။ တန်ခူးလပြည့်နေ့ နံနက် ၄နာရီမှာ ဘုရားအနေကတတင် တယ်။ ၉နာရီတိတိမှာ ထီးတော်တင် လှူတယ်။ ဘွဲ့အမည်ပေးကြတယ်။ "သမ္မုဒ္ဒေ ကပ်ကျော် ဆုတောင်းပြည့် ဓာတုစေတီ" ရယ်လို့လေ။ ရောင်ခြည် တော် အကြိမ်ကြိမ်ကွန့်မြူးသကွဲ့။ တကယ်လည်းပဲ ဆုတောင်းပြည့်ကြပါ တယ်။ ကဲ - အဲဟိုမယ် စေတီထဲ ဒကာကြီးလည်း လိုရာ ဆုတောင်းပေ တော့"

သမ္မုဒ္ဒေ ဘုန်းကြီးကျောင်းဝင်း အတွင်းမှနေ၍ စာရေးသူ ထပြန်ခဲ့ရ တယ်။ တစ်လမ်းလုံး အတွေးနယ်ချဲ့ ခဲ့မိတယ်။ လောကကြီးထဲ ထူးဆန်း အံ့ဖွယ်ရာ အဖြစ်အပျက်တွေ ဒုနဲ့ ဒေး ပါကလားလို့။


"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" လို့ နှုတ်မှ သုံးကြိမ် တိုးတိုးလေး ရွတ်ဆို မိခဲ့ပါရဲ့၊ ကိုးတောင်ပြည့်စေတီရှေ့မှောက် မှာ သူစိမ်းညှေ့သည် ဘုရားဒကာလေး ကျန်းမာချမ်းသာစွာနဲ့ လိုရာ ပြီးပြည့်စုံ ပါစေလို့ ဆုတောင်းမိခဲ့ပါတယ်။

* * *

စန်းလွင်ဦး(ဓနော်ပိုင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဟာ..."

"ဟယ်..."

"အလို..."

"အို..."

"ကြည်ညိုစရာကောင်းလိုက်တာ"

ထိုစကားသံများမှာ ဟံသာဝတီပြည့်ရှင် တိသမင်းကြီး မှူးမတ်များ၊ တိုင်းသူပြည်သားများထံမှ တအံ့တသြ ထွက်လာကြခြင်းဖြစ်သည်။

ကောင်းကင်ခရီးကို ဈာန်ယာဉ်စီး ကြွလာတော်မူကြ သည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် ရဟန္တာများ မဟုတ်ပါ။ ရွှေသင်္ကန်းများ ကပ်လှူ ပူဇော်ထားကြသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များသာ ဖြစ်ပါသည်။

ထိုဗုဒ္ဓရုပ်ပွား ဆင်းတုတော်ရစ်ဆူက အသင့်ကြိုတင် ပြင်ဆင်ထားသော ပလ္လင်ရစ်ဆူတော်ပေါ် ကြွရောက် ပူဇော်ခံတော်မူသောအခါ တိသမင်းကြီးက...

"ဗုဒ္ဓံပူဇေမိ၊ ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ ပူဇေမိ - ပူဇော် ပါ၏ ဘုရား"

ဟု ကြည်ညိုရှိသေစွာ ရွတ်ဆိုရင်း ထိခြင်းငါးပါးဖြင့် ပူဇော် ကန်တော့လိုက်တော့သည်။

ဤဖြစ်စဉ်၏ အစသည်ကား...

***

အေဒီ ၁၀၄၃-၁၀၄၇ ဝန်းကျင်က ရေဝတီတိုင်းဒေသ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန် ပြည်နယ်တို့ကို စုပေါင်း၍ ဟံသာဝတီဟု ခေါ်ခဲ့ဖူးသည်။ ထိုစဉ်က ဟံသာဝတီ နေပြည်တော်ကို တိသမင်းကြီး စိုးစံတော်မူသည်။

တိသမင်းကြီးသည် မိဘများက ဗုဒ္ဓဘာသာဝင်များ ဖြစ်ခြင်းကြောင့်သာ ဗုဒ္ဓဘာသာဝင်ဖြစ်လာသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ မှူးမတ်များမှာ ဗြဟ္မာကို ကိုးကွယ် ကြသော ဗြဟ္မဏဘာသာဝင်များ ဖြစ်ကြသည်။

မှူးမတ်များက တိသမင်းကြီးအား...

"အရှင်မင်းကြီး... အရှင်မင်းကြီးတို့ ကိုးကွယ်သော မြတ်စွာဘုရားရှင်သည် ယခုအခါ သက်တော်ထင်ရှား မရှိတော့။ သေဆုံးသွားခဲ့ပြီပြီ။ အရှင်မင်းကြီးတို့ ကိုးကွယ် နေသော ထုလုပ်ထားသည့် ရုပ်ထုများသည် သေသူ၏ ပုံတူ များဖြစ်၍ မင်္ဂလာမရှိ။ မင်္ဂလာမရှိသော ရုပ်ထုများကို ကိုးကွယ်ခြင်းဖြင့် အကျိုးမရှိနိုင်။ ကျွန်ုပ်တို့ ကိုးကွယ်နေသော ဗြဟ္မာကြီးမှာ ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသေး သည်။ သက်ရှိကို ကိုးကွယ်ခြင်းသာ ကောင်းကျိုးရရှိနိုင်သည် ဖြစ်၍ အရှင်မင်းကြီးသည် ကိုးကွယ်နေသော ဗုဒ္ဓဘာသာကို စွန့်လွှတ်ကာ ဗြဟ္မဏဘာသာသို့ ဝင်ပါ။ ဗြဟ္မဏဘာသာကို သာ ကိုးကွယ်ပါ"ဟု နေ့စဉ်လျှောက်တင် စည်းရုံးခဲ့ကြသည်။

မိမိကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်အစစ် မဖြစ်ဘဲ မိဘ များ ကိုးကွယ်၍သာ ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သော ဟံသာဝတီ ပြည့်ရှင် တိသမင်းကြီးလည်း မှူးမတ်များ၏ စည်းရုံးပါများ သော စကားကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် ဗြဟ္မဏဘာသာ ဝင်အဖြစ်သို့ ရောက်ရှိခဲ့တော့သည်။

***

ဗြဟ္မဏဘာသာဝင်ဖြစ်လာသော တိသမင်းကြီးက-

"တိုင်းသူပြည်သားအပေါင်းတို့...သင်တို့သည် ဗုဒ္ဓ ဘာသာကို မကိုးကွယ်ရ။ ဗုဒ္ဓဘာသာကို စွန့်လွှတ်ပြီး ဗြဟ္မဏ ဘာသာကို ကိုးကွယ်ရမည်။ ဗြဟ္မဏဘာသာဝင် ဖြစ်ကြရ မည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို မီးရှို့ပစ်ရမည်။ ရေမျှော ပစ်ရမည်။ တောနက်ထဲ သွားစွန့်ပစ်ရမည်။ ဗုဒ္ဓရုပ်ပွားဆင်းတု များ ထားရှိ ကိုးကွယ်သူကို နိုင်ငံတော် ပုန်ကန်နေသော သူပုန်ဟု သတ်မှတ်မည်။ ဗုဒ္ဓဘာသာကို မစွန့်လွှတ်သူ၊ ကိုးကွယ်သူမှန်သမျှကို မသေမချင်း ဆင်နင်း၍ သတ်စေ"

ဟု အမိန့်တော်ထုတ်ခဲ့သည်။ ဥပဒေထုတ်ပြန်ခဲ့သည်။

သေရမည့်ဘေးကို ကြောက်ကြသော ဟံသာဝတီ နေပြည်တော်သားများက ဗုဒ္ဓဘာသာကို မစွန့်လွှတ်လိုသော် လည်း စွန့်လွှတ်ခဲ့ကြရသည်။ ဗြဟ္မဏဘာသာဝင် မဖြစ်လို သော်လည်း ဝင်ခဲ့ကြရသည်။

သို့သော် သေရမည်ကို မကြောက်ဘဲ ဗုဒ္ဓဘာသာဝင် အဖြစ် ရဲရဲဝံ့ဝံ့နေထိုင်သူ မိန်းကလေးတစ်ယောက်ရှိခဲ့သည်။ သူမသည် "တရားသခင်မ"ဟု မြန်မာလို အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော မွန်တိုင်းရင်းသူလေး "တလထော်"ပေတည်း။

တလထော်က မြစ်ဆိပ်တွင် ရေချိုးရာမှ ဆယ်ယူရရှိ သော ရွှေသင်္ကန်းကပ်လှူ ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတု တော် ရစ်ဆူကို အမွှေးနံ့သာရည်များ ပက်ဖြန်းကာ သူ့အခန်း တွင်းရှိ ဘုရားဆောင်တွင် ကိုးကွယ်ထားရှိ ပူဇော်ခဲ့ပါသည်။

***

တလထော်၏ သတင်းကို ကြားသော တိသမင်းကြီး သည် တလထော်ကို အမိန့်အာဏာ ဖီဆန်သူဟု ဖမ်းကာ ဆင်ဖြင့် နင်းသတ်စေခဲ့သည်။ တလထော်သည် ဗုဒ္ဓဘာသာ ဝင်အစစ်ဖြစ်ခြင်းကြောင့် မိမိအား သတ်မိန့်ပေးသော တိသမင်းကြီးနှင့် မိမိအား သတ်ရန် လာသော ဆင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်မျှ ဒေါသမထား၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဖြင့် သက်တော်ရာကျော် ရှည်စေကြောင်းသာ သန့်စင်သော မေတ္တာပို့သနေခဲ့ပါသည်။

စိတ်မှ မေတ္တာပို့သနေသကဲ့သို့ နှုတ်မှလည်း…

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ ဘုရား။

ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဘုရား။

သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော် အရှင်သူမြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဘုရား"

ဟု ရွတ်ဆိုကာ သရဏဂုံဆောက်တည်နေလေသည်။

နင်းသတ်ရန် လာသော ဆင်ကြီးသည် တလထော်၏ မေတ္တာပွားပြီး သရဏဂုံတည်ဆောက်မှုကြောင့် မနင်းသတ်ရဲတော့ဘဲ အသံနက်ကြီး အော်လျက် ဆန့်ကျင်ဘက်အရပ်သို့ ထွက်ပြေးသွားတော့သည်။

မှူးမတ်များက မင်းကြီးအား…

"တလထော်သည် စုန်းမ ဖြစ်ခြင်းကြောင့် ဆင်က မနင်းရဲဘဲ ထွက်ပြေးရခြင်းဖြစ်၍ တလထော်ကို မီးရှို့သတ်တော်မူပါ ဘုရား"

ဟု အမိန့်တော်မှတ်ရန် လျှောက်ထားခဲ့ကြသည်။

မင်းကြီးလည်း "တလထော်ကို မီးရှို့သတ်စေ"ဟု အမိန့်တော်ချရာ အာဏာသားများက ထင်းပုံကြီး ပုံပြီး တလထော်ကို ထင်းပုံပေါ် တင်ကာ လောင်စာမျိုးစုံဖြင့် မီးရှို့ကြလေသည်။ သို့သော် ထင်းတို့ကို မီးမစွဲ။

ထိုအခါ မှူးမတ်များက…

"တလထော် မသေလျှင် ဗုဒ္ဓဘာသာဝင်များက တစ်စခန်းထလာနိုင်သည်။ တလထော်သေမှ ဖြစ်မည်။ မီးရှို့၍ မရလျှင် မြေမြှုပ် သတ်နိုင်းရမည်"

ဟု စဉ်းစားပြီး တိဿမင်းကြီးအား တလထော်ကို မြေမြှုပ်သတ်ရန် လျှောက်ထားကြပြန်သည်။ တိဿမင်းကြီးကလည်း…

"တလထော်ကို မြေမြှုပ်သတ်စေ"

ဟု အမိန့်ပေးပြန်ရာ အာဏာပါးကွက်သားများက ကျင်းနက်ကြီး တူးသည်။ တူးပြီး တလထော်ကို ကျင်းထဲ ထည့်သည်။ မြေဖို့သည်။

တွင်းထဲ မြေဖို့နေဆဲ မင်းကြီးက တလထော်အား-

"ဟယ်…သူငယ်မ၊ ဟံသာဝတီပြည်တွင် ဗုဒ္ဓဘာသာဝင်ဟူ၍ သင်တစ်ယောက်သာ ရှိတော့သည်။ သင့်မိဘများသည်ပင် ဖြဟ္မဏဘာသာဝင်များ ဖြစ်နေကြပြီ။ သင်က သင်၏ ဗုဒ္ဓရုပ်ပွားတော်များကို တော်တော်အားကိုးသည် သင့်အခန်းထဲရှိ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူကို ထင်ရှားဘုရားများကဲ့သို့ ကောင်းကင်ခရီးက စျာန်ယာဉ်စီးပြီး ဤနေရာ ကြွလာအောင် ဆောင်ရွက်ပါ။ ဆောင်ရွက်နိုင်လျှင် သင့်ကို သေဘေးမှ လွှတ်ပေးမည်။ ငါနှင့်တကွ တိုင်းသူပြည်သား အားလုံးလည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ် ကြမည်"ဟု မိန့်ကြားခဲ့သည်။

ထိုအခါ မွန်တိုင်းရင်းသူလေး တလထော်က ရဲရဲ ဖြင့်…

"အရှင်မင်းကြီး… မင်းမှာ သစ္စာဆိုသည့်အတိုင်း သစ္စာတည်ပါစေ။ ကျွန်ုပ်က ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကောင်းကင်က ကြွတော်မူလာကြအောင် ပင့်ဆောင်ပါမည်"

ဟု လျှောက်တင်ပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကြွ ရောက်တော်မူလာလျှင် သီတင်းသုံးရန် ပလ္လင်တော် ရှစ် ကို အဆင်သင့် ပြုလုပ်ကာ…

"ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တောပါ ဘုရား။ ဘုရား၊ တရား၊ သံဃာတို့ ဂုဏ်တော်၊ ဘုန်းတော်၊ ကျေးဇူးတော်သည် အနန္တပါ ဘုရား တပည့်တော်မသည် ရတနာသုံးပါးကို အသက်နှင့် ထပ် ကိုးကွယ်ခဲ့ပါသည် ဘုရား။ ဤသစ္စာစကားသည် မှန်ကန် ၏။ ဤမှန်သော သစ္စာစကား၏ အာနုဘော်ကြောင့် တပည့် တော်မ၏ အိမ်ခန်းတွင်း၌ ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွား တော်ရှစ်ဆူတို့သည် ကောင်းကင်ခရီး စျာန်ယာဉ်စီး၍ ကြွ ပါစေသား မြတ်စွာဘုရား"

ဟု သစ္စာပြုခဲ့သည်။

"တရားသခင်မ"အမည်ရသော "တလထော်"၏ ထံ သော သစ္စာစကားကြောင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူ သက်တော်ထင်ရှား မြတ်ဘုရားများကဲ့သို့ ကောင်းကင် စျာန်ယာဉ်စီးကာ ကြွရောက်တော်မူခဲ့ကြတော့သည်။

◆◆◆

ဤသို့ဖြင့် တစ်ခေတ်တစ်ခါက ဟံသာဝတီ နေပြည် တော်တစ်ဝှမ်းလုံးရှိ မင်းနှင့် ပြည်သူအားလုံး ဗုဒ္ဓဘာသာ များ ဖြစ်ခဲ့သော သမိုင်းဖြစ်ရပ်မှန် ရှိခဲ့ဖူးပါသည်။

* * *

မန်းတခနော်နောင်

(မေတ္တာရှင်-ရွှေပြည်သာ၏ ဘဝနှင့် ရင်းရသော အ အမြင်များ အတွဲ-၃ကို ဖတ်ရှု၍ ကြည်ညို ရိုသေစွာ ပြန် ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# မီးကွင်း၊ သူခိုးရှောင်၊ အဆိပ်မသင့်၊ ရန်ကွင်း၊ မျက်ကွယ်ဂါထာ အင်းစမ

မိုးဟိန်းကျော် (လပွတ္တာ)

လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက်(ကုန်းလေးဈေး) အနီးရှိ "နံ့ပါတ်ဝမ်း"လက်ဖက်ရည်နှင့် စားသောက်ဆိုင်သည် နေ့ညမပြတ် လူစည်ကားသောဆိုင် ဖြစ်သည်။ ဆိုင်ရှင် ကိုဝင်းဇော်တို့ ဇနီးမောင်နှံက လူလတ်ပိုင်းအရွယ်များ ဖြစ်ပြီး စိတ်နေသဘောထား ကောင်းမွန် ဖော်ရွေသောကြောင့် ဤဆိုင်မှာ လူစည်းကားခြင်းဖြစ်သည်။ မည်မျှ သဘောကောင်းပါသနည်းဆိုသော် ကိုရီးယားဇာတ်လမ်းတွဲအပိုင်းများ ထို အကြွေးစာရင်းစာအုပ်များ အတွဲလိုက်ရှိနေသော်လည်း ညည်သူ့အပေါ်မှာမှ မငြိုမငြင်ဘဲ စိတ်ကောင်း၊ စေတနာကောင်းကြောင့် လည်းကောင်း၊ အဖျော်ဆရာ ကိုမြင့်အေး၏ လက်ရာကောင်းခြင်းကြောင့် လည်းကောင်း၊ မိတ်ဟောင်း မိတ်သစ်များ နေ့စဉ် ဝင်လာမစဲ တသဲသဲရှိနေသည်။

ကျွန်ုပ် နေထိုင်သော (၁၀)ရပ်ကွက်နှင့်လည်း နီးသဖြင့် နေ့စဉ်လိုလို ထိုနံ့ပါတ်ဝမ်း လက်ဖက်ရည်နှင့် စားသောက်ဆိုင်မှာ ထိုင်ဖြစ်သည်။ ပုံမှန် ဝင်ငွေမရှိသော စာရေးဆရာကို လေးစားမှုနှင့် အကြွေးပေးသောကြောင့်လည်း ဖြစ်သည်။ ကျွန်ုပ်တို့က ပုံမှန်ဖောက်သည်များအဖြစ် နေ့စဉ် လာရောက်ကြသူများနှင့် မိတ်ဆွေရင်းချာများမို့ အားလုံး ရင်းနှီးနီးရှိကြသည်။

ဒီနေ့လည်း ကျွန်ုပ်သည် ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်တွင်း ဝင်လိုက်သည်နှင့်…

"စာရေးဆရာကြီး သောက်မလားခင်ဗျ"

ဟု စားပွဲထိုးလေး မေးလာသည်ကို…

"အေး၊ နို့တစ်ခွက် ဆွဲမယ်"

ကျွန်ုပ်က ထုံးစံအတိုင်း သောက်နေကျ နွားနို့တစ်ခွက် ထို သကြားထည့်လျက် ဆွဲပေးရန် မှာလိုက်သည်။

"စာရေးဆရာကြီး နို့ဆွဲမယ်"

"ဟိုက်… မင်းကြီးတော်ကြီး၊ မင်းအော်ပုံက ငါ့ နေရင်းထိုင်ရင်း အမှုကြီးမှာပါလား"

"ဟားဟားဟား…"

စားပွဲထိုးလေးများ၏ လက်ဖက်ရည်ဆိုင် ဟစ်ဟော့ အော်သံက အဓိပ္ပာယ်တစ်မျိုးမို့ ကျွန်ုပ်လည်း ရှက်လန့် လန့်သွားကာ အထက်ပါအတိုင်း ပြောလိုက်သည်ကို ဆိုင်အတွင်းရှိ ရင်းနှီးသူများက ဝိုင်းရယ်ကြသည်။

"ဟေ့…မောင်ဝင်းဇော်၊ လုပ်ပါဦးကွ၊ မင့်လူတွေ"

"ဟီး…ဒီကောင်တွေကတော့ကွာ၊ ကျွန်တော်လည်း ညစ်နေတာနဲ့ မပြောချင်တော့ပါဘူး စာရေးဆရာကြီးရယ်"

"ဟော…မင်းက ဘာတွေ ညစ်နေလို့လဲကွ"

"အာ…မပြောပါနဲ့တော့။ ညတိုင်းလိုလို ဆိုင်က ၁၀နာရီကျော်လောက်မှ ပိတ်တာဆိုတော့ ကျွန်တော်တို့ လည်း တစ်နေ့လုံး ပင်းပန်တော့ အိပ်တာပေါ့။ အဲဒါ မသိမ်းမိ ပစ္စည်းမှန်သမျှနဲ့ ဆွဲလို့ လွယ်တာကို ကိုရွှေသူခိုးက တွေ့ရာ၊ ရရာ ဆွဲတော့တာပါပဲ။ ဒီကြားထဲ မီးထင်းလည်း စိုးရိမ်ရ၊ မြွေပါးကင်းပါးလည်း ကြောက်ရနဲ့ ဟူး…စိတ်ညစ်ပါတယ်"

"ဟ…မောင်ဝင်းဇော်၊ မင်းကတော့ နီးရက်နဲ့ ဝေးနေပြန်ပြီ"

"ဗျာ…ဘာဖြစ်လို့လဲ ကိုဆိုင်ဝင်းနိုင်ရဲ့၊ ကျွန်တော့်မှာ သူခိုးဘေး၊ မီးဘေးနဲ့ အဆိပ်အတောက် ဘေးရန်တွေကို ပူပင်နေရတာနဲ့ နီးရက်နဲ့ဝေးတာ ဘာဆိုင်လို့လဲဗျာ"

ဆိုင်အတွင်းမှာ ကျားထိုးနေသော ဈေးဆိုင် ဝင်းနိုင် (ထိုဆိုင်တွင် ဝင်းနိုင်နာမည် များသောကြောင့် ရှေ့မှ ဝိသေသ တပ်ခေါ်ရသည်။ ဆိုင် ဝင်းနိုင်၊ ဂဏန်း ဝင်းနိုင်၊ ဆန် ဝင်းနိုင်၊ ဆိုက်ကား ဝင်းနိုင် စသည်ဖြင့်)က လှမ်းပြောသည်ကို ကိုဝင်းဇော်က အထက်ပါအတိုင်း ညည်းညည်းညူညူနှင့် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟ-ကောင်ရ၊ မင်း အဲဒီ ပြဿနာတွေကို ဟောဒီ စာရေးဆရာက ဖြေရှင်းပေးနိုင်တယ်ကွ။ သူက ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်းမှာ ယတြာ၊ အဆောင်၊ ဂမ္ဘီရအစီအရင်တွေနဲ့ တိုင်းရင်းဆေးမြီးတို ကုထုံးတွေကို အမြဲရေးနေတာ။ မင်း မသိလို့ပေါ့ကွ"

"အေးဗျာ၊ ကျွန်တော့်အလုပ်ကလည်း တစ်နေ့လုံးလိုလို မအားရတာမို့ စာဖတ်ချိန် မရတာနဲ့ စာပေအားနည်းတာနဲ့ မသိတာပါ။ ကဲ - စာရေးဆရာကြီး၊ ကိုဝင်းနိုင်ပြောသလို ကူညီပေးပါဦးဗျာ"

"ဟာ…ကူညီပေးရမှာပေါ့ကွ။ မင်းဆိုင်က မိသားစုလို ဖြစ်နေတော့ (အကြွေးရောင်းထားသော မျက်နှာနှင့်) မင်းမှာ အခက်အခဲရှိရင် ငါတို့မှာလည်း တာဝန်ရှိတာပေါ့ကွာ။ ကဲ - ပထမ ဟောဒီ မျက်ကွယ်ဂါထာကို ရအောင်ကျက်ရမယ်။ ပြီးတော့ မင်းက ဗုဒ္ဓဟူးသားဆိုတော့ နံသင့်အသားဖြစ်တဲ့ ယူကလစ်သားမှာ ဟောဒီ အင်းစမကို ချရမယ်ကွ။ အဲဒီလို စီရင်ပြီးရင် အဲဒီ အင်းစမကို မင်းဆိုင်မျက်နှာစာ အဝင်ဝအပေါ်မှာ ချိတ်ဆွဲထားရမယ်။ မင်းမွေးနံ ဗုဒ္ဓဟူးနေ့နံနက် ဖြနာရီမှာ လုပ်ရမယ်။ နောက်ပြီး စောစောက မျက်ကွယ်ဂါထာကို မနက် ဖြနာရီတိုင်း ဆိုင်ဝမှာ ၉ခေါက်ရွတ်ပေးရမယ်။ ရွက်လှ (၁၇)ညွှန့်ကိုလည်း ဆိုင်အဝ မျက်နှာစာပေါ်မှာ ထိုးထားရမယ်။ အမွှေးတိုင် ၉တိုင် ဘုရားမှာ ထွန်းလှူ။ ဒါကို ရက်ပြည့်အောင် လုပ်ရမယ်ကွ။ အဲဒီလို အစီအရင်ကို သေသေချာချာလုပ်ပြီးရင် မင်း အိပ်ရေးဝဝအိပ်ရပြီပေါ့ကွာ"

"ဟာ…ဒါဆို ကျွန်တော်လည်း ဈေးဆိုင်မှာ လုပ်ရအောင် ပေးပါဦး"

ဈေးဆိုင် ဝင်းနိုင်က ကျွန်ုပ်ပြောပြသမျှကို စိတ်ဝင်စားစွာ နားထောင်နေပြီး ပြောလိုက်သည်ကြောင့်…

"ကဲ - ဟောဒီမှာ အင်းစမ ချပုံနဲ့ မျက်ကွယ်ဂါထာ။ ခုနစ်နေ့သားသမီးတွေအတွက်ပါ ကူးယူထားကြပေါ့ကွာ"

"စာရေးဆရာကြီးအတွက် လက်ဖက်ရည်ဖိုး မယူနဲ့ဟေ့"

"ဟာ…နေ…နေ"

"ဘာလဲ…ပေးမလို့လား"

ဆိုင် ဝင်းနိုင်က ဝင်နောက်သည်။

"မ…မဟုတ်ပါဘူးကွာ။ ကောင်းတယ်လို့ ပြောမလို့ပါ၊ ဟဲဟဲဟဲ…"

"ဟားဟားဟား…"

ဝိုင်းရယ်ကြပြန်သည်။

ကျွန်ုပ်က အောက်ပါ အင်းစမပုံနှင့် မျက်ကွယ်ဂါထာကို လည်းကောင်း၊ ခုနစ်ရက်သားသမီးများအတွက် စီရင်ရန်ကို လည်းကောင်း၊ အသင့်ရေးထားသော စာရွက်ကို ခ[ေး]လိုက်၏။

**မျက်ကွယ်ဂါထာ**

ဝေ-ဒါ-သာ-ကု၊
ဒါ-ယ-သာ-တ၊
သာ-သာ-ဓိ-ကု၊
ကု-တ-ကု-ဘု။

(မည်သည့်နေ့သားသမီးမဆို နံနက် ဖြနာရီတိုင်း ရွတ်ဆိုကြရမည်။)

**အင်း စမပုံ**

| | | | |
|---|---|---|---|
| ဝေ | ဒါ | သာ | ကု |
| ဒါ | ယ | သာ | တ |
| သာ | သာ | ဓိ | ကု |
| ကု | တ | ကု | ဘု |

(၁) တနင်္ဂနွေ - အုန်းသား၊ အုန်း (၆)ညွှန့်။
(၂) တနင်္လာ - ကံ့ကော်သား၊ ကံ့ကော် (၁၅)ညွှန့်။
(၃) အင်္ဂါ - စိန်ပန်းသား၊ ဆီး (၈)ညွှန့်။
(၄) ဗုဒ္ဓဟူး - ယူကလစ်သား၊ ရွက်လှ (၁၇)ညွှန့်။
(၅) ကြာသပတေး - ပေါက်ပန်းဖြူ (၁၉)ညွှန့်။
(၆) သောကြာ - သီဟိုဠ်သား၊ သီဟိုဠ် (၂၁)ညွှန့်။
(၇) စနေ - ထန်းသား၊ ထန်း (၁၀)ညွှန့်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(လပွတ္တာ)

(စာရေးသူ ရေးသားဖော်ပြသော အဆောင်အစီအရင်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များနှင့် တစ်ဦးချင်းအတွက် အသေးစိတ် သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဦးစိုးမိုး(မိုးဟိန်းကျော်)၊ ဇာတိမှာန် သိုင်းသင်တန်း၊ အမှတ်-၁၅၊ ဗညားဒလလမ်း၊ ၁၀-ရပ်ကွက်၊ လပွတ္တာမြို့၊ လပွတ္တာခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။)




www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)



## လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၁၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## ဟောစာတမ်းအရထီထိုး ၂၄၈ သိန်းဆုနှင့်တိုး

ဆရာရှင့်

၃-၁-၂၀၀၁

လွန်ခဲ့သောနှစ်(၂၀)ကျော်က ဆရာဒေဝထံတွင် ဟောစာတမ်းမေးခဲ့ရာ အသက်(၄၁)နှစ်တွင် ထီဆုကြီးပေါက်မည်။ ငွေတစ်လုံးတစ်ခဲဝင်မည်ဟု ဟောကြားခဲ့ပါသည်။

ယခုအသက်(၄၁)နှစ်တွင် (၁၄၃)ကြိမ်မြောက် အောင်ဘာလေထီ ဖွင့်ပွဲတွင် ထီကော်လေးထီဆိုင်မှ (၃၄၈)သိန်း (၃၄)မွှာ မင်္ဂလာစုံတွဲဆုကို ပေါက်ခဲ့ပါသည်။ ဤသို့ ဆရာ့ဟောစာတမ်းသည် မှန်ကန်မှုရှိပါသည်။ ကျေးဇူးတင်ပါသည်။

(မြတ်မြတ်စိုး(ခ) မြမြစိုး)

အမှတ်(၃)၊ အနော်မာလမ်း၊ (၂၀)အနောက် ၂-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## ဟောစာတမ်းအရထီထိုး ၃၂ သိန်းဆုနှင့်တိုး

ဆရာရှင့်

၂၁-၁၀-၉၃

ကျွန်မသည် (၉၂)ခု (၅)လပိုင်းတွင် ဟောစာတမ်းမေးခဲ့ရာ ထီပေါက်ကိန်းရှိမည်ဟု လအပိုင်းအခြားများဖြင့် ဟောကြားခဲ့ရာတွင် ထောင်ဆု၊ သောင်းဆု (၆)ကြိမ်၊ (၇)ကြိမ် ပေါက်ခဲ့ပြီး ဆရာသတ်မှတ်ဟောကြားပေးခဲ့သော (၁၉၉၃)ခု မေလ(၂၈)ရက်မှ ဩဂုတ်လ (၅)ရက်အတွင်း (၅၃)ကြိမ်မြောက်တွင် (စ-၇၅၆၃၄၅)နံပါတ်ဖြင့် မင်္ဂလာစုံတွဲ (၃၂)သိန်းဆုကြီး ပေါက်ခဲ့ပါသည်။

ဤသို့ ဆရာ့ဟောစာတမ်းက အတိအကျမှန်ကန်ပါသည်။

ဒေါ်ခင်လှ

အောင်ချမ်းသာဆန်စက်၊ လမ်းချိုးရပ်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်…

ကိုကျော်မွေးအိမ်သို့ ရောက်သောအခါ စိတ်မော လူမောဖြစ်လိုက်ရသော ကိုထွန်းရွှေက ဗီစကီတစ်ခွက်ကို တောင်း၍ သောက်လိုက်သေးသည်။

"ကဲ - ကိုကျော်မွေး… ဒီအမှုဟာ ခင်ဗျားနဲ့ပါ တိုက်ရိုက် သက်ဆိုင်နေပြီ၊ သက်သေလိုက်ရအောင်သာ ပြင်ထားပေတော့၊ သုသာန်မြေ ပိုင်နက် ကျူးလွန်မှုမကဘူး၊ ဂူဖျက် အလောင်းဖွင့်ဆိုတော့ ပုဒ်မ ၂၆၇ နဲ့ တွဲရမှာပဲ"

"ဒါတွေ ထားလိုက်ပါဦး။ ဒီကောင့်ကို ကျုပ် မေးစမ်းပါရစေဗျာ၊ ဘယ်လိုအကြံနဲ့ လာလုပ်ရတာလဲလို့၊ ဟေ့ကောင်…အမှန်အတိုင်းပြောစမ်းကွာ"

တရားခံမှ တစ်ကိုယ်လုံး စိုရွှဲ၍ တခိုက်ခိုက်တုန်နေသည်။ အ… အရေများမှာ အအေးလွန်သော… ပြာနှမ်းနှမ်းဖြစ်နေလေ၏။ သူ… ကိုထွန်းရွှေ သောက်နေသော ဗီ… ကို တောင့်တသော မျက်စိနှင့် … ကြည့်လိုက်သည်။ အချမ်းကလေ… သွားအောင် နည်းနည်းတော့ ငုံ… ချင်သေးဟန် တူသည်။ အက… သော စေတနာရှင် ကိုကျော်မွေ… အလိုက်သိစွာ တစ်ခွက်ပေးရင်…

"အခုမှ ချမ်းရမှန်း သိသလာ… ကဲ - ရော့…ရော့၊ နည်းနည်း… သောက်ပါစေဗျာ၊ ကိုထွန်းရွှေ…

## ချစ်ပါပြီဆိုမှဖြင့်




တရားခံသည် ကိုကျော်… ကမ်းပေးလိုက်သော ဗီစ… မဆိုင်းမတွ မော့ချလိုက်… သည်။ အရက်ကလေး … နည်းငယ် ဝင်သွားသော… သူ့မျက်နှာမှာ သွေးရောင်ကလေ… လျှမ်းလာတော့သည်။ ယခုမှ … သာထိုင်သာရှိသွားသကဲ့သို့ … ပြင်ထိုင်လိုက်ရင်း … ပြင်းတစ်ချက် … လိုက်သ…



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်မှာ ၃၀ ကျော်ခန့်၊ ...ပ်ရည်မှာ လုပ်စားကိုင်စား ...အောက်တန်းခပ်ကျကျ အရုပ်မဆိုး။ ...သားသော အမူအရာတွင် မခံချင် ...တ်တဲ့ သတ္တိ၊ တစ်ဆုံးတစ်စ လုပ် ...ကိမည့် စိတ်ထားကား မျက်စိနှင့် ...ာ်ခမ်းက ဖော်ပြနေသည်။ သူ၏ ...ာ်ခမ်းသည် ကြီးမားသလောက် ...စ်၍၊ မျက်လုံး၏ အရောင်မှာ ...မှုန်မှုန်ထင်ရသော်လည်း အတော် ...ာက်ပြောင်နေသည်။ သူ ကြည့်ရှုပုံ ...ခပ်စွေစွေကလေး ကြည့်တတ်သော ...ကြောင့် ဆင်ကြည့် ကြည့်သည်ဟု ...ည်လား မပြောတတ်ပေ။

"လုပ်စမ်းပါဦးကွ၊ မင်းရာဇဝင်"

"ဟုတ်ကဲ့၊ ကျွန်တော်ပြောပါ့ ...ယ်"

◆◆◆

"ကျွန်တော့်နာမည်က စံပျော်။ ...က နွားထိုးကြီး။ စစ်ကြီး ပြီးလို့ ...ည် သာယာတယ် ဆိုကတည်း ... အညာက ဆင်းပြီး ကျွန်တော်တို့ ...တွေနဲ့ ရန်ကုန်လာကြပါတယ်။ ...အနောက်ပိုင်း ဘုန်းကြီးလမ်း ... ကျွန်တော်တို့မြို့က ကိုဘိုးထိုက် ... လူက မုန့်ဟင်းခါးနဲ့ ကြီးပွားနေ ... သူ့ထံမှာပဲ ကပ်နေကြရပါတယ်။ ... မုန့်ဟင်းခါးဖိုထောင်ပြီး မုန့်တီ ... ောက်သည်ပေးပါတယ်။

...မုန့်ကို သူ့ဆီက ဝယ်၊ ဟင်းကို ...ကြိုက်သလို ချက်ပြီး နေ့တိုင်း ...နဲ့ လျှောက်ရောင်းရပါတယ်။ ...ကို မုန့် ခွက်တစ်ဆယ်လောက် ... အသားတင်အမြတ် ရှစ်ကျပ် ...လောက် နေ့တွက်စီပါတယ်။ ...က် ၇နာရီလောက်က ထွက် ... နေ့လယ် ၁၀နာရီလောက်မှာ ...ရင် စာသင်ကျောင်းတွေနား သာ သွားရောင်း၊ ကုန်တာချည်းပါပဲ။ အဲသလို ကုန်တော့မှ အိမ်ပြန် ထမင်းစား၊ အမောအပန်းဖြေ။ ပြီးတော့ နောက်တစ်နေ့မနက် ရောင်းဖို့ ဟင်းချက်စရာ ဈေးကို သွားဝယ်။ ငါးခူဖြစ်ဖြစ်၊ ငါးကျည်းဖြစ်ဖြစ်၊ ရရာကို ရေကလေးနဲ့ ပြုတ်၊ အရိုးနဲ့ အသားတခြားစီ ထုတ်၊ နောက်တစ်ခါ အရိုးတွေ စုပြီးထောင်း၊ ရေနဲ့ ရော၊ အရိုးတွေ စစ်၊ ငှက်ပျောအူကို အကွင်းလိုက် လှီးထား၊ တစ်ခါ ကုလားပဲခြမ်းကို ပြုတ်၊ ထောင်း. . ."

စံပျော်၏ စကားမဆုံးမီ ရာဇဝတ်အုပ် ကိုထွန်းရွှေက. . .

"ဟေ့ကောင်. . . မင်း မုန့်ဟင်းခါးချက်နည်းတွေ မလိုချင်ဘူး။ ဒီအမှုနဲ့ ဆိုင်တာသာ ပြော။ ဘာလဲ၊ မင်း မူးနေပြီလား"

ဟု ဝေါက်လိုက်သဖြင့်. . .

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် တစ်နေကုန် မအားရတဲ့အကြောင်း ပြောတာပါ"

"အောင်မာ. . . မင်းကိုပဲ သနားရဦးမှာလား။ မင်း ဘာပြုလို့ အလောင်းကို လာနှောင့်ယှက်ရတာလဲ။ ဒါပဲ သိချင်တယ်"

"ပြောပါစေ ကိုထွန်းရွှေရာ၊ ပြောပါစေ။ သူ့အတ္ထုပ္ပတ္တိကို ခရေစေ့တွင်းကျ ပြောပြနေတာနဲ့ တူပါတယ်။ ကဲ - ဆက်ပြောပါကွာ"

ဟု ကိုကျော်မွှေးက တိုက်တွန်းမှ စံပျော်က ဆက်၍. . .

◆◆◆

ကျွန်တော် မုန့်ဟင်းခါး ရောင်းပါတယ်။ ယောက်ျားကလေးတွေထက် မိန်းကလေးတွေက ပိုကြိုက်တတ်လို့ ဘုရားလမ်းက ဒိုင်အိုဇီ မိန်းကလေးကျောင်းမှာ သွားရောင်းလေ့ ရှိပါတယ်။ အဲသလို ရောင်းရာက မိန်းကလေးဖောက်သည် ကျောင်းသူကလေးတွေဟာ ကျွန်တော့်ကို အတော်ခင်ကြပါတယ်။ သဘောကောင်းတယ်၊ များများထည့်ပေးတယ်၊ ဟင်းကောင်းတယ်လို့လည်း နာမည်ရပါတယ်။ မိန်းကလေးတွေဟာ သူတို့ရဲ့ ဂါဝန်နက်ပြာကလေးတွေနဲ့ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နဲ့မို့ အတော့်ကို ကျက်သရေရှိ အတော့်ကို ချစ်စရာကောင်းပါတယ်။ ရိုးရိုးချစ်တာ ပြောတာပါ ဆရာ။

ကျွန်တော်တို့အညာမှာ ဒီအရွယ်တွေဆိုရင် ခေါင်းတိမောင်းတိနဲ့ အလုပ်ကြမ်း လုပ်ရလို့ သနရုပ္ပ မရှိနိုင်ကြဘူး။ နဂိုကလည်း မလှမပ၊ အရုပ်ခပ်ဆိုးဆိုးတွေအပေါ်မှာ နေအရှိန်နဲ့ အလုပ်ကြမ်းသမားတွေဆိုတော့ ဆင်းရဲသား ဆိုတဲ့ အတိုင်း ကုသိုလ်ပါ ဆင်းရဲကုန်ကြပါတယ်။ ရန်ကုန်မှာ မိဘက ချောင်လည်တော့ အငြိမ်းစား ကျောင်းထားနိုင်တဲ့ မိန်းကလေးတွေဆိုရင် အညာက မျက်ခမ်းစပ် အသားညိုတွေကြား ထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ ကျွန်တော့် အဖို့ ကြည့်ရတာ၊ မြင်ရတာကလေးနဲ့တောင် အတော်ကြည်နူးနေမိပါတယ်။

အဲဒီအထဲမှာ "မာဂရက်" ဆိုတဲ့ သူငယ်မကလေးကို ကျွန်တော် အချစ်ဆုံးပါပဲ။ ကျောင်းလွှတ်ပြီဆိုမှဖြင့် ကျွန်တော့်ဆီကို အူယားဖားယား ပြေးလာလေ့ရှိပါတယ်။ ဒီအခါမှာ သူ့အသားကလေးကလည်း ဝင်းဝင်းဝါဝါနဲ့ သူဝတ်ထားတဲ့ အင်္ကျီနက်ပြာကလေးနဲ့ဟာ ဘာနဲ့ တူသလဲဆိုတော့ တိမ်ပြာထဲက လမင်းကြီး ထွက်လာသလိုပါပဲ။ သူ့မျက်နှာကလေးကလည်း အမြဲကြည်လင်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ကာယိက ဒုက္ခစေတသိက ဒုက္ခဆိုလို့ မြူလောက်မှ မတွေ့ခဲ့ဘူးဟန်ပါပဲ။ အဲသလို သူ့

www.burmeseclassic.com

မျက်နှာကြည်ကြည်ကလေး မြင်လိုက်ရတယ်ဆိုရင် သူ့စိတ်ဓာတ်တွေ ကျ ပြီး တစ်နေကုန် ပင်ပန်းနေရတဲ့ ကျွန်တော့်ဘဝတောင် ကျွန်တော်မေ့ပြီး စိတ်ချမ်းသာသွားမိပါတယ်။

နေ့တိုင်း နေ့တိုင်း သူတို့ကျောင်းနား သွားရောင်းရတာဟာ သူ့မျက်နှာကလေးကို ခဏတစ်ဖြုတ် မြင်ရတာနဲ့ပဲ အမောပြေလောက်ပါတယ်။ အဲ… သူတို့ ကျောင်းပိတ်တဲ့ စနေ၊ တနင်္ဂနွေဆိုရင် တစ်နေ့လုံးလုံး ဝဋ်ကြွေးကြီး တစ်ခု လိုနေသေးသလိုလို၊ ပျင်းသလိုလို၊ ဟာသလိုလိုကြီးပါပဲ။ ဒါကြောင့် စနေ၊ တနင်္ဂနွေမရှိဘဲ နေ့တိုင်း ကျောင်းတက်ရမယ့် ရက်ချည်းဖြစ်ပါစေလို့တောင် တောင့်တမိပါတယ်။ လူ့စိတ်ဆိုတာ သိပ်ခက်ပါတယ်ခင်ဗျာ။

ချစ်မိပြီဆိုမှဖြင့် သူပြောသမျှအကောင်း၊ သူလုပ်သမျှ အရာမှန်သမျှ ချစ်သထက် ချစ်စရာကလေးတွေ ဖြစ်ကုန်ရုံမျှ မကပါဘူး၊ သူ နှစ်သက်တာ၊ သူကြိုက်တာကလေးတွေ မှန်သမျှ ဆောင်ရွက်ပေးဖို့ အသင့်ဖြစ်နေတတ်ပါတယ်။ မုန့်ဟင်းခါးစားရင်းလည်း သူကြိုက်တာကလေးတွေ ရှိပါတယ်။ ငါးပျောအူဖက်၊ ကြက်သွန်ဥတစ်လုံးကလေးတွေ၊ ပဲခြမ်းကြော်၊ သံပရာသီး၊ အဲဒီဟာကလေးတွေ သိပ်ပြီး ခုံမင်တတ်လွန်းလို့ ဒါကလေးတွေမှန်သမျှ သူစားမယ့် ပန်းကန်ထဲ မရောက်မချင်း မကျန်ပုံပေါ်ရင် သူ့အတွက် သတ်သတ် သိုဝှက်ထားခဲ့ရပါတယ်။

အချစ်စိတ်ဆိုတာ ဘယ်လူမှ မကင်းပါဘူး။ ကျွန်တော်လည်း လနှစ်ချောင်းငင်တဲ့ လူမို့ မကင်းခဲ့ပါဘူး။ လူသာမက၊ အပါယ် တိရစ္ဆာန်တွေတောင် ချစ်ရမှန်း၊ ကြင်နာရမှန်း သိပါတယ်။ မိမိက တစ်ဖက်သတ် ချစ်တယ်ဆိုတာ ကိုယ်နဲ့ တန်တာ၊ မတန်တာကို တွေးဖို့ မလိုပါဘူး။

အဲဒါကို ကျွန်တော် ရှင်းပြပါဦးမယ်။ ကျွန်တော်ချစ်တာ သူ့ကို ဖွင့်ပြောဖို့ မလိုပါဘူး။ ဖွင့်ပြောမိရင် သူဒေါသဖြစ်သွားမှာပေါ့။ သူ စိတ်ဆိုးသွားလို့ ဘာမှမလုပ်ဘူး ထားဦး၊ ကျွန်တော့်ကို ရှောင်ကြဉ်လိုက်မယ်ဆိုရင် ကျွန်တော့်မှာ စိတ်ဒုက္ခဖြစ်ရမှာ မလွဲပါဘူး။ ဒါကြောင့် သူက ကျွန်တော့်ကို




ပြန်ချစ်ဖို့ဆိုတာ တွေးတောင် တွေးမကြည့်ခဲ့ရိုး အမှန်ပါ။ ကိုယ်ချစ်တဲ့လူဟာ ကိုယ့်အချစ်ကြောင့် အနှောင့်အယှက်ဖြစ်သွားမှာကို ချစ်လွန်းလို့ ပူမိပါတယ်။

တစ်နေ့ တစ်နေ့နဲ့ ပိုပြီး ရင်းနှီးလာပါတယ်။ ကျွန်တော့်နာမည်ကို သူမသိဘဲ "မုန့်ဟင်းခါးသည် ဆရာကြီး" လို့ ခေါ်တာတောင် နားထောင်ရတာ အတော်နားဝင်ချိုပါတယ်။ ကျွန်တော့်ကို လောကမှာ အချစ်ဆုံးဆိုတဲ့ မိခင်ကြီးက ယုယုယယ ခေါ်လိုက်တဲ့ အခေါ်မျိုးနဲ့တောင် တူမယ် မထင်သေ ပါဘူး။ ဒါကြောင့် ကျွန်တော့်နာမည် "စံပျော်" ဆိုတာ သိပြီး "ကိုစံပျော်" လို့ မခေါ်ချင် နေပါစေ၊ "မုန့်ဟင်းခါးသည် ဆရာကြီး" လို့ပဲ နေ့တိုင်းခေါ်တဲ့ သူ့ အသံလေးကို ကြားနေရပါစေတော့။

သူ့နာမည် မာဂရက် ဆိုတာ တော့ သူ့သူငယ်ချင်းတွေက ခေါ်လိုက် ကတည်းက ကျွန်တော့်ဦးနှောက်ထဲ စွဲနေတာ ကြာပကော။ တစ်ခါတလေ သူပေးတဲ့ ကျပ်တန်ကို ကျွန်တော်က မအမ်းနိုင်လို့ နောက်မှ ပေးပါကွယ်လို့ ကျွန်တော်က ပြောဖူးပေါင်း များလှပြီ ဘယ်တော့မှ သူ့အပေါ် အကြွေးတင် မခံဘူး။ ကျွန်တော့်ကိုသာ သူ့ကျပ်တန် ပေးလိုက်တယ်။ နောက်တစ်နေ့ ကျ တော့မှ ပြန်အမ်းရမတဲ့။ ကဲ ဒါကလေးကိုရော ချစ်စရာမကောင်း လားခင်ဗျာ။

နောက်ပြီး သူက ပြောလိုက် သေးတယ်။ ကျွန်တော်တို့က မရှိဆင်း ရဲလို့ တစ်ကျပ်တစ်ပြားမြတ်အော ရောင်းစားရတာတဲ့။ ဆုံးချင်း ဆုံး သူ့ငါးမူး ခြောက်မူး ဆုံးပါစေတော့ ကျွန်တော့်တစ်မတ် သုံးမူး မဆုံးပါစေ တဲ့။ တကယ်ဗျာ၊ တကယ်ချစ်စ ကောင်းတဲ့ ကလေးမကလေး သဘောရော၊ အချောရော ဆိုစရာ မ ပါဘူး။ ကျွန်တော် မချစ်ဘဲ နေနိုင် မလား။ ဘာပဲပြောပြော သူ ကျွန်တေ အပေါ်မှာ အကြင်နာတရားနဲ့ ကရု တရားထားကြောင်း ထင်ရှားပါ တယ်။ ကျွန်တော့်အတွက်တော့ လ သူတောင်းစား ဒုက္ခိတတစ်ယောက် သနားသလိုပဲ သနားတော့ ကျွန်တေ ဝမ်းသာလှပါပြီ။

စနေ၊ တနင်္ဂနွေဆိုရင် ကျွန်တေ

www.burmeseclassic.com

ကွပဲ။ သူ့ကို မမြင်ရတော့ဘူး။ အဲသလို ကျွန်တော့်ဒုက္ခတွေကို မချိဆဲ့ ခံစားနေရတုန်းပဲ တစ်နေ့ကျတော့ သူက မုန့်ဟင်းခါးစားနေရင်းက စနေ တနင်္ဂနွေဆိုရင် ကျောင်းမလာရလို့ ကျွန်တော့်မုန့်ဟင်းခါးကို မစားရတော့ဘူးတဲ့။ သူ့စိတ်ကလည်း မုန့်သည်တစ်သည်ဆိုရင် ဒီတစ်သည်ပဲ စွဲစားချင်တယ်တဲ့။ နောက်ပြီး ကျွန်တော့်ဟင်းကလည်း သူများထက် ကောင်းတာ သူသိလို့ သည့်ပြင် မုန့်သည်ကို စားချင်တဲ့အတွက် တတ်နိုင်ရင် သူတို့အိမ်ရှိတဲ့ လမ်းဘက်ကို စနေ တနင်္ဂနွေတိုင်း လာခဲ့ပါလို့ ပြောတယ်။

အဲသလိုပြောတဲ့အခါတုန်းက သူ့ပါးကလေးနှစ်ဖက်မှာ ပါးခွက်ကလေးပေါ်အောင် ပြုံးလိုက်တာကလေးတောင် ကျွန်တော် အမှတ်တရ မှတ်လိုက်မိသေးတယ်။

သူတို့နေတာ ဂျူဗလီဟောနားက လမ်းတစ်လမ်းမှာ နေသတဲ့။

အို... ဂျူဗလီဟောနားမကလို့ သယ်န်းကျွန်း လိုက်ပါရစေ၊ ကျွန်တော်လိုက်မှာပဲ။ အဲဒီနောက် စနေ တနင်္ဂနွေနေ့တိုင်း သူစားလေ့ရှိတဲ့ ၁ဝနာရီအချိန်တိတိ ရောက်အောင် သွားရတာဟာ ဘုန်းကြီးတွေ ပိဏ္ဍပါတ်ဆွမ်းခံတာထက် မှန်ပါသေးတယ်။ အဲဒီအချိန်မှာ သူတို့အိမ်ကို သွားတဲ့လမ်းက အထမ်းလိုက် ပတ်ပြတ်ဝယ်မယ်ဆိုတာတောင် ကျွန်တော် မရောင်းဘူးလို့ သန္နိဋ္ဌာန်ချထားတာပဲ။ ဟုတ်တယ်၊ ကျွန်တော့်မုန့်ဟာ သူစားလို့ မကုန်မှ အများစားဖို့ ဖြစ်နေရတယ်။

သူကလည်း ကျွန်တော့်ကို မြင်လိုက်ရင် ရွှင်သွားတာပဲ။ ကျွန်တော့်အဖို့မှာတော့ တွေးသာ ကြည့်ပေတော့။ ဒါပေမယ့် တစ်ခုတော့ ဝမ်းနည်းမိတယ်။ သူတို့အိမ်ကြီးကို မြင်လိုက်ရတာနဲ့ သူတို့ရဲ့ အဆင့်အတန်းကို အလိုလိုသိနိုင်တယ်။

သူ့အဖေဟာ အိုင်စီအက်(စ) ဦးထွန်းညို၊ အရာရှိကြီးတစ်ယောက်ဆိုတာလည်း သိရတယ်။ အဲဒါထက်ဆိုးတာက သူ့အိမ်မှာ သူနေတော့ ကျောင်းကို လာတုန်းကလို ဇင်အင်္ကျီနက်ပြာကလေး မဝတ်တော့ဘဲ ပဒုမ္မာအင်္ကျီ၊ ပိုးတွန့် လုံချည်၊ သနပ်ခါးပေါင်ဒါ၊ လက်ဝတ်လက်စားတွေနဲ့ လှလွန်းမက လှနေအောင် ပြပြင်ပြင်နေတာ တွေ့ရတာမို့ အင်း... ငါနဲ့တော့ ဝေးသထက် ဝေးပေါ့ကွယ်လို့ ညည်းမိတဲ့အထိပဲ။

◆◆◆

ပထမအခေါက် ရောက်ကတည်းက သူက ကျွန်တော့်ဟင်းကို သိဒ္ဓိအမျိုးမျိုးတင်တာနဲ့ တစ်အိမ်လုံး ဝိုင်းစားကြတယ်။ ဒီအထဲမှာ သူ့အမေ မင်းကတော်ကြီးက ကျွန်တော့်ကို အကဲခတ်ပြီး သင်္ကာပုံ မရဘူး။ ဒါကြောင့်လည်း နောက် တွေ့လိုက်တိုင်း မျက်နှာထားဆိုးဆိုးပဲ ထားတာ တွေ့ရတယ်။ ဒါပေမယ့် သူ့အမေကြီး အမြဲမျက်နှာထား ဆိုးတာလောက်တော့ သူကလေးက တစ်ချက်ပြုံးလိုက်ရင် ကြေတာပါပဲ။

အဲသလိုနဲ့ စနေ၊ တနင်္ဂနွေ မကျန် တစ်သီတင်းမှာ ခုနစ်ရက်စလုံး တစ်နေ့တစ်ခါ တွေ့နေရတာမို့ ကျေနပ်နေခဲ့တယ်။

တစ်နေ့ကျတော့ ကျွန်တော့်မုန့်တွေက ခါတိုင်း ကုန်သလို မကုန်ဘူး။ ဒါနဲ့ ညနေ ၃နာရီခွဲလောက်မှာ သူတို့ကျောင်းနား ရောက်သွားမိပြန်တယ်။ အဲဒီလိုအချိန်မှာ သူတို့ ကျောင်းလွှတ်လိုက်လို့ အဖော်သူငယ်ချင်းတစ်ယောက်နဲ့ သူကလေး ပြန်လာတာ တွေ့ရတယ်။ ကျွန်တော်နဲ့ ဆုံမိတော့...

"မုန့်ဟင်းခါးဆရာကြီး... မကုန်သေးဘူးလား"

လို့တောင် မေးလို့...

"အေးကွယ်၊ ဒီကနေ့ မကုန်တတ်သေး"

လို့ ဝမ်းသာအားရ ပြောလိုက်မိတယ်။

ဝမ်းသာတာပေါ့ခင်ဗျာ။ မုန့်မကုန်လို့ သူနဲ့ ဒီကနေ့က နှစ်ကြိမ်နှစ်ခါတွေ့ရတာပေါ့။

ကျွန်တော့်အနားက ဖြတ်ပြီး လျှောက်သွားတာကို ကျွန်တော်ဖြင့် သမင်လည်ပြန်ဖြစ်အောင် ကြည့်နေမိသေးတယ်။ အဲသလိုကြည့်ပြီးလို့ ဆက်လျှောက်မယ်လုပ်ကရော မော်တော်ကားအသစ်ကြီးတစ်စီး အနားက ကပ်မောင်းသွားပြီး တကတည်းဗျာ၊ သူ့အနားလည်း ရောက်ကရော အဲဒီကားထဲက မွှန်မွှန်ရည်ရည်တော့ ရှိပါရဲ့ အထက်တန်းစား သားနဲ့ပဲ တူပါတယ်၊ အသက် ၂၀လောက် ကောင်လေးတစ်ကောင် ထွက်ပြီး သူနဲ့ စကားပြောတာပါပဲ။ ကျွန်တော့်မျက်စိထဲမှာဖြင့်ဗျာ၊ ပြာသွားတာပေါ့။ ကျွန်တော်လည်း ရပ်ကြည့်နေမိတယ်။

သို့ပေမယ့် ချက်ချင်း သတိရတယ်။ ကျွန်တော် သိပ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ သူချစ်သူနဲ့ စကားပြောတာကို ကျွန်တော်၏ ချစ်ခြင်းဖြင့် ခွင့်လွှတ်နိုင်ရမယ်။ သူ့ခမျာမှာ ကိုယ့်ကြောင့် အနှောင့်အယှက် မဖြစ်စေရဘူးလို့ သတိရလိုက်တယ်။

ဒီလိုနဲ့ ကြည့်နေတုန်း၊ သူတို့ စကားပြောပုံဟာ ချစ်နေတဲ့ သဘောလက္ခဏာမပေါက်ဘဲ ရန်သူနဲ့ ရင်ဆိုင်

www.burmeseclassic.com

နေရသလို ဖြစ်နေရှာတယ်။ သူ့အဖော် မိန်းကလေးတောင်မှ ကြောက်ပြီး နောက်ဆုတ်သွားတာ တွေ့လိုက်ရတယ်။ အဲဒီအတောအတွင်းမှာပဲ ကောင်ကလေးက မြန်းခနဲ လက်အဆွဲလိုက်မှာ သူက ဖျတ်ခနဲ ပါးလှမ်းရိုက်လိုက်တာ တွေ့လိုက်ရတော့ ကျွန်တော်တောင် အံ့အားသင့်သွားမိသေးတယ်။

"ဒါလောက်တောင် ဖြစ်လှတာ၊ ကားပေါ် ဆွဲတင်ကွာ"ဆိုတဲ့ အသံတစ်သံဟာ မော်တော်ကားထဲက ထွက်လာပြီးတာနဲ့ တစ်ပြိုင်နက် ကောင်ကလေးက အတင်းဆွဲတင်တာပါပဲ။ ဒီအခါမှာ ရုန်းကန် ရုန်းကန်နဲ့ ကယ်မယ့်သူကို မျက်စိနဲ့ လှမ်းရှာတယ်။ ကျွန်တော်ကြည့်နေတာကို တွေ့တွေ့ချင်းပဲ တစ်ကိုယ်လုံး ပုံပြီး အားကိုးတဲ့ မျက်နှာငယ် ငိုမဲ့မဲ့ကလေးနဲ့. . .

"မုန့်ဟင်းခါးသည် ဆရာကြီး"

လို့ ရှက်ရှက်နဲ့ ခပ်အုပ်အုပ်ခေါ်လိုက်တယ်။

အို. . .ကျွန်တော့်မှာ ဘာပြောကောင်းမလဲ၊ ဝမ်းသာခြင်၊ အားတက်ခြင်း၊ ရန်လိုခြင်း ဆိုတဲ့ စိတ်သုံးမျိုးဟာ ဥပမာပြရရင် သခင်က ရှူးတိုက်လိုက်တဲ့ ခွေးကြီးလို ဖြစ်သွားတာပေါ့။

ဒါနဲ့ ဘာမပြော ညာမပြော မုန့်ဆိုင်းက ထမ်းပိုးကို ချွတ်ပြီး ပြေးရိုက်လိုက်တာ ဟိုအကောင် ခွေးကလေးကို ရိုက်လိုက်တဲ့အတိုင်းပဲ လမ်းနံဘေး ခွေကျသွားတာပေါ့။ သို့ပေမယ့် သူ အကြောက်ပြေသွားတဲ့ မျက်နှာကလေးနဲ့ ကျေးဇူးတင်တဲ့ မျက်လုံးတွေမှ အားရအောင် မကြည့်လိုက်ရဘူး၊ ကျွန်တော့်နောက်စိတ်က ခွပ်ခနဲသာ ကြားလိုက်ရတယ်၊ မျက်လုံး မီးပွင့်ပြီး သတိမေ့သွားတော့တာပဲ။

သတိရလို့ ကြည့်လိုက်တော့ ကျွန်တော့်ခေါင်းမှာ ပတ်တီးကြီးနဲ့ ဂါတ်ထဲ ရောက်နေပြီ၊ ဝန်ထောက်သားတစ်ယောက်ကို ရိုက်မှုတဲ့ဗျာ။ ကျွန်တော့်ကို ရိုက်တဲ့ မော်တော်ကားထဲက ဒရိုင်ဘာတော့ ဖမ်းမချုပ်ဘူးတဲ့။ ဖြစ်ရပုံများ။

ဘာဖြစ်လို့ ရိုက်ရသလဲလို့ ဟောဒီ ဆရာကပဲ မေးသေးတယ်။ (စံပျော်က ရာဇဝတ်အုပ် ကိုထွန်းရွှေကို လက်ညှိုးထိုးပြသည်။) ကျွန်တော် အဲဒီတုန်းက စဉ်းစားတယ်။ ညောင်မြစ်တူးရင် ပုတ်သင်ဥပေါ်တယ် ဆိုတာမျိုးလို အကြောင်းသာစုံကေ ပြလိုက်ရင် ကျွန်တော့်ချစ်သူကလေးဂုဏ်ကို ထိခိုက်သွားမှာစိုးလို့ "ဘာမှ မဖြစ်ဘူး၊ အမြင်ကတ်လို့ ရိုက်တာပဲ"လို့ ဖြေမိ

> ❝ ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ်
> သူကြီးအိမ်တောင်
> မရောက်ခဲ့ဘူးပါဘူး။
> ထောင်ကျဖို့ ဆိုတာတော့ ဝေးရော။
> သူကလေးနဲ့ ပတ်သက်မှပဲ
> ဖင်ဖြဲ အရှာခံပြီး
> ထောင်ထဲ ရောက်ရတော့တာပဲ ခင်ဗျာ။
> အဲသလို ထောင်ထဲမှာ
> ပင်ပင်ပန်းပန်းလုပ်နေရတဲ့
> ကြားထဲက
> သူ့ငိုမဲ့မဲ့ မျက်နှာကလေးနဲ့ ❞

တာနဲ့ ဟောဒီ ဆရာက သူ့ကို ပမာ မခန့်ဖြေတယ်ဆိုပြီး ထပြီး ဖနောင့်နဲ့ ပေါက်တာပါပဲ။

ဒါတင် ဘယ်ကဦးမလဲ၊ တရား လို့ရဲ့ ဖအေကြီးက ဂါတ်ကို ခဏလာ တယ်ဆိုရင်ပဲ မျက်နှာလိုအားရလာ ဒါမှမဟုတ် ဟိုကပဲ အနိုပ်စက်ခိုင်းလို့ လားဖြင့် မသိပါဘူးခင်ဗျာ၊ ဒူးနဲ့ တိုက် ဖနောင့်နဲ့ ပေါက်၊ ပါးရိုက်၊ နားရင်းအုပ် လုပ်ချင်သလို လုပ်ကြတာပါပဲ။ အနာ ကဆိုတာလည်း နာလိုက်၊ ကိုက်လိုက် တာ မပြောနဲ့တော့၊ တစ်ညလုံး မအိပ် ရပါဘူး။

ဒါသာ ဖြစ်တယ်၊ ကျွန်တော် ဒီကြားထဲက ဝမ်းသာနေမိတယ်။ ကျွန်တော့်ချစ်သူကလေးဟာ သူ မကြိုက်တဲ့ လူလက်ထဲကို ကျွန်တော် ကြောင့် မပါတာပေါ့။ အဲဒါဟာ ကောင်းမှုကုသိုလ်ကြီး လုပ်လိုက်ရ သလိုပဲ၊ ပရစေတနာတွေ ပွားပြီး အနု မောဒနာဖြစ်မိတယ်။

ဒါနဲ့ ရုံးရောက်။ ရုံးကျတော့ လည်း တရားသူကြီးက မေးသေး တယ်။ သူကလေးနဲ့ မပတ်သက် အောင် ရှောင်နိုင်သမျှ ရှောင်ပြီး အစစ် ခံခဲ့ပါတယ်။ ပြစ်မှုထင်ရှားတယ်ဆိုပြီ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၆လတဲ့

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် သူကြီးအိမ်တောင် မရောက်ခဲ့ဘူး ပါဘူး။ ထောင်ကျဖို့ ဆိုတာတော့ ဝေးရော။ သူကလေးနဲ့ ပတ်သက်မှပဲ ဖင်ဖြဲ အရှာခံပြီး ထောင်ထဲ ရောက်ရ တော့တာပဲ ခင်ဗျာ။ အဲသလို ထောင် ထဲမှာ ပင်ပင်ပန်းပန်းလုပ်နေရတဲ့ ကြား ထဲက သူ့ငိုမဲ့မဲ့ မျက်နှာကလေးနဲ့ "မုန့် ဟင်းခါးသည် ဆရာကြီး"လို့ ခေါ်လိုက် တာကလေးကို မြင်ယောင်နေမိတယ်။ အဲသလို သတိရလိုက်တိုင်း အင်း. . .



www.burmeseclassic.com

www.burmeseclassic.com

ငါ ထောင်ကျရတာ တန်ပါပေတယ်လို့ စိတ်ပြေစရာဖြစ်ရတာပါပဲ။

ဖြလဆိုတော့ ရက်ပေါင်း ၁၈၀၊ လျော့ရက် နုတ်လိုက်ရင် ရက်ပေါင်း ၁၇၀လောက် ဆိုပါတော့။ ထောင်ထဲမှာ နေခဲ့ရတယ်။ ကျွန်တော်ဖြင့် တစ်နေ့မှ သတိမရတဲ့ နေ့ရယ်လို့ မရှိဘူး။

ငါ ထောင်ကျတာကို ကြားမှာပဲ။ ကြားရင် သူ့အကျိုးကို ဆောင်လိုက်တာမို့ တွေးပြီး သနားနေမှာပဲ။ အခုနေဆိုရင် သူတို့ကျောင်းကို ဘယ်မုန့်ဟင်းခါးသည် သွားရောင်းနေမလဲ၊ ရောင်းတဲ့ မုန့်ဟင်းခါးသည်မှာ ငါ့လောက်မှ ကြက်သွန်ဥကြီးတို့၊ ငှက်ပျောအူဖတ်တို့၊ သံပရာသီးတို့ ပါပါ့မလားလို့ တွေးပူမိတယ်။

ကျွန်တော့်အတွက်တော့ ပူစရာမရှိတော့ပါဘူး။ ဦးပုည ပြောသလို "တရစ်ပတ်ပတ် ဖြစ်တတ် ပျက်တတ် လောကခံမှာ ကံနှင့် ကတ္တား၊ ဒီတရားကို သားတော် ရွှေစင် အစင်းအစင်း မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကြီး ထင်လွန်းလို့ ပူပင်သောက မရှိပါ"ဆိုတဲ့ အတိုင်း သူ့ကို ရိုက်လိုက်ရလို့ ကိုယ်ခံရတာ ကံနှင့် ကတ္တားပေါ့။ ကိုယ်တိုင် မုန့်တီဟင်းသည်ဆိုတော့ အစင်းအစင်းနဲ့ ငှက်ပျောအူဖတ်ကွင်းကွင်းကြီးတွေကို သူများထက် ပိုမြင်မိတာပေါ့ဗျာ။

◆◆◆

တိုတိုပြောကြပါစို့။ ထောင်က လွတ်‚လွတ်ချင်း သူကြိုက်တတ်တဲ့ ကြက်သွန်ဥကြီး များများ၊ ငှက်ပျောအူဖတ် နုနုနဲ့ ကောင်းပေ့ဆိုတဲ့ ဟင်းကိုချက်၊ ပဲခြမ်းကြော်နဲ့ သံပရာသီး အပိုဆောင်ပြီး နောက်တစ်နေ့ သူတို့ကျောင်းကို ၁၀နာရီခွဲကတည်းက အရောက်သွားတာပါပဲ။ ဒါပေမယ့် ကျောင်း ခဏဆင်းတဲ့အချိန်မှာ သူများတွေ ပြေးလာကြပေမယ့် သူ ပါမလာတော့ဘူးခင်ဗျာ။

ကျွန်တော်ကတော့ ဟင်းချက်ရင်းတောင် တွေးမိသေးတယ်။ မုန့်ထမ်းကြီးနဲ့ ငါ့များ မြင်လိုက်ရင် တအံ့တသြနဲ့ "ဟော…မုန့်ဟင်းခါးသည် ဆရာကြီး၊ ဘယ်တုန်းက လွတ်လာသလဲ"ဆိုတဲ့ စကားက စပြီး ကျေးဇူးတင်တာတွေပါ ကရားရေလွှတ် တတွတ်တွတ်ပြောရမှာပဲလို့။

အခုတော့ သူ့မျက်နှာကလေးမှ မမြင်ရတော့ဘူး။ သူ့အကြောင်းကို မေးကြည့်တော့ ဟိုတုန်းက သူနဲ့ အဖော်ပါသွားတဲ့ မိန်းကလေးက သူကို ကျောင်းနုတ်သွားတာ ၅လလောက်ရှိပြီဆိုတာ ပြောတယ်။ မိန်းကလေး ဘေးဥပဒ်များတဲ့ အပျိုအရွယ်မို့ စိတ်မချတော့တာနဲ့ ကျောင်းနုတ်လိုက်တာ ဖြစ်မှာပေါ့။ ကိစ္စမရှိဘူးလေ၊ ကျောင်းမှာ မတွေ့ရရင် အိမ်ကို လိုက်ရုံပေါ့။ မုန့်ဟင်းခါးလို့ လမ်းပေါ်က စူးစူးဝါးဝါး အော်လိုက်ရင် ငါ့အသံကို ကျက်မိသားပဲ၊ အားပါးတရ ဝမ်းသာအယ်လဲ ထွက်ခေါ်မှာ မလွဲပါဘူး။

ဒီလို ဆုံးဖြတ်ပြီးတာနဲ့ တစ်ပြိုင်နက် ကျောင်းပြန်တက်တဲ့ အချိန်ထိအောင်တောင် စောင့်ရောင်းမနေတော့ဘူး။ သူတို့အိမ်ဘက်ကို ဆက်လျှောက်ခဲ့တယ်။ လမ်းက တချို့အိမ်တွေက လှမ်းခေါ်ကြပါသေးတယ်။ ကျွန်တော် ဝင်မရောင်းပါဘူး။ "ကုန်ပြီခင်ဗျာ"လို့ ဖြောင်ညာခဲ့တယ်။ ရောက်ချင်တဲ့ ဇောဟာ အဲသလောက် ကြီးခဲ့ပါတယ်။

သူတို့အိမ်ကို ရှေ့ရှုပြီး လှမ်းခဲ့ရတဲ့ ခြေလှမ်းတိုင်း ကျွန်တော့်ရင်ထဲမှာ တဒိုင်းဒိုင်း တက်ဆောင့်နေတယ်။ သိန်းထီ ပထမဆုပေါက်လို့ ငွေတိုက်ကို ငွေထုတ်ရအောင် သွားတဲ့လူဟာ ကျွန်တော့်လောက် စိတ်လှုပ်ရှားမယ် မထင်ပါဘူး။ ဝမ်းမြောက်ခြင်း မျှော်လင့်ချက်ဟာ တံခွန်ဖျားက လေကစားနေတဲ့ ကြက်လျှာလို တလှပ်လှပ်နေတော့တယ်။

ဒီလိုနဲ့ သူကလေးနေတဲ့ ပျော်ရွှင်ချမ်းမြေ့ရာ အိမ်ကို ပထမဆုံး မြင်နိုင်လောက်တဲ့ နေရာကို ရောက်ရောက်ချင်း လှမ်းမျှော်ကြည့်လိုက်မိတယ်။ ဆင်ဝင်အောက် လေ့ကားခုံမှာ မိန်းမ၊ ယောကျ်ားတွေ အထဲဝင်၊ အပြင်ထွက်နဲ့ ရှုပ်ယှက်ခတ်နေတာ တွေ့ကြရတယ်။ သူတို့အမူအရာတွေကလည်း စိုးရိမ်သောက ဗျာပါဒတွေ နှိပ်စက်ခံနေရသလိုပဲ။ ဒီကြားထဲ ဆရာဝန်နဲ့ တူတဲ့ လူတစ်ယောက် ဆေးသေတ္တာကိုင် ထွက်လာတာ မြင်ရပြန်တယ်။ လှေကားဦးရောက်တော့ မိန်းမတွေက ဝိုင်းပြီး မေးကြတယ်။ ဆရာဝန်နဲ့ တူတဲ့လူက ခေါင်းခပ်ဖြည်းဖြည်းခါပြပြီး ဝင်းခြံထဲ ရပ်ထားတဲ့ ကားပေါ် တက်ပြီး ခပ်မြန်မြန်ပဲ မောင်းထွက်သွားတယ်။

မကြာခင်ပဲ "အို…သမီးရဲ့ ရေတိမ်နစ်ပါပေါ့လား၊ သမီးရဲ့"လို့ ငယ်သံပါအောင် ဟစ်လိုက်တဲ့ အသံဆိုးကြီးကို ကြားလိုက်ရတာပါပဲခင်ဗျာ။ အဲဒီနောက်တော့ တစ်အိမ်လုံး ပွက်လောရိုက်သွားအောင် အော်ငိုသံတွေဟာ ဆူညံသွားတာပဲ။

ဒီတုန်းက ကျွန်တော့်မုန့်ထမ်းကြီးဟာ ပခုံးပေါ်က လွင့်ထွက်သွားတော့မတတ် ဖြစ်သွားမိတယ်။ သူတို့အိမ်ဝင်းဝကို ကျွန်တော် ဘယ်နှလမ်းနဲ့ ဘယ်လိုရောက်မှန်းတောင် မသိဘူး။ ကမန်းကတန်း မျက်ရည်သုတ်ပြီး ထွက်လာတဲ့ မိန်းမတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့တွေ့ချင်း မေးလိုက်တော့ "မာဂရက် ဆုံးပြီ"တဲ့။

နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါသွားလေ၏ဆိုတာ ဝေဿန္တရာထဲမှာ စာတွေ့သာ ဖတ်ဖူးတယ်။ အဲဒီတုန်းက ကျွန်တော် ကိုယ်တွေ့ကြုံလိုက်ရတာပေါ့။ မုန့်အထမ်းကို ပရမ်းပတာဖြစ်အောင် ချမိပြီး တော်၏, မတော်၏ မစဉ်းစားဘဲ တိုက်ထဲကို ပြေးဝင်မိတယ်။

"ဟေ့...ဟေ့...မင်း ဘယ်က အကောင်လဲ"

လို့ သူ့အဖေကြီးက လှမ်းမေးတုန်း ရှိုက်ကြီးတငင် ငိုထားတဲ့ သူ့အမေက အခန်းထဲက ထွက်အလာနဲ့ မျက်နှာချင်းဆိုင်မိတယ် ဆိုရင်ပဲ ကျွန်တော့်ကို အံ့အားသင့်ပြီး ကြည့်နေသေးတယ်။ နောက်ပြီး မုတ်မိတဲ့ လက္ခဏာနဲ့ မျက်နှာထား ပြောင်းသွားရာက...

"ဟေ့...ဟေ့...မင်း မလာနဲ့၊ သွား...သွား"

"ကျွန်တော်...ကျွန်..."

"အို...စကားရှည်မနေနဲ့ကွယ်။ သွားဆိုရင် သွားစမ်းပါ"

သူ့အမေကြီးက ဒီလိုလည်း ပြောလိုက်ရော သူ့အဖေကြီးက မျက်နှာတည်တည်ကြီးနဲ့ ကျွန်တော့်ကို ဝိုင်းနှင်တော့တာပါပဲ။ ဒီတုန်းက ကျွန်တော် တိုက်ထဲက မထွက်ခဲ့ရင် သူတို့ ကျွန်တော့်ကို ဘယ့်နှယ်လုပ်ကြမလဲ မသိဘူး။ ရာဇဝတ်မှုနဲ့ ထောင်ကျတယ်ဆိုပေမယ့် အဲဒီ ရာဇဝတ်မှုဟာ အကျင့်စာရိတ္တ ဆိုးသွမ်းလို့ မဟုတ်ဘဲ၊ သူ့ကလေးကို ကာကွယ်တဲ့ စေတနာအရင်းခံကြောင့် မင်းပြစ်မင်းဒဏ်ထိရတာကို ငဲ့ညှာဖို့ ကောင်းပါတယ်။ ဒီအကြောင်းကိုလည်း သူတို့ မိဘကိုယ်တိုင် မပြောနဲ့၊ အရပ်ထဲမှာတောင် အတော်သိကုန်တယ်လို့ ကျွန်တော်ကြားရပါတယ်။

ဒါနဲ့တောင် ကျွန်တော့်ကို ကျေးဇူးမတင်ကြဘူး။ ရက်ပေါင်း ၁၇၀ ထောင်ထဲမှာ အဆင်းရဲခံခဲ့ရတာမှ မသနားကြဘူး။

မုန့်ဟင်းခါးသည်တစ်ယောက်က




စောင့်ရှောက်လိုက်တာကို ဝန်ထောက်သားတစ်ယောက်က စော်ကားလိုက်တာထက်များ ရက်စရာကောင်းတယ်လို့ ထင်ကြသလား မသိ။

ဒါပေမယ့် ကျွန်တော့်စေတနာကို ပြောလိုက်ချင်ပါသေးတယ်။ ဂျပန်ခေတ်က ချွေးတပ်ဆွဲသလို လူလဲလို့ ရမယ်ဆိုရင် သူ့ကလေးကို လောကအလယ်မှာ ထားခဲ့ပြီး သူ့အစား သေမင်းနောက်ကို ကျွန်တော်လိုက်သွားဝံ့တဲ့အထိ ကျွန်တော့်စိတ်ထဲမှာ ရှိပါတယ်။

ကျွန်တော့်ဘဝဟာ အောက်တန်းကျပေမယ့် ကျွန်တော့်အချစ်ဟာ အောက်တန်းမကျပါဘူး။ တစ်ကိုယ်ကောင်း မဟုတ်ပါဘူး။ သူ့အချစ်ကို ကျွန်တော်ရဖို့ မရဖို့တောင် မမျှော်လင့်ခဲ့ပါဘူး။ ကဲ - ဘယ်သူ့ဌေးသား၊ ဘယ်အရာရှိသား ကျွန်တော့်လို ချစ်နိုင်မလဲ။

အခုတော့ သူ့ကလေး ဘာရောဂါနဲ့ ဆုံးတယ်ဆိုတာလည်း မသိရဘူး။ ဝိညာဉ်ကင်းပြတ်တဲ့ အဌေကလာပ်ရုပ်ကိုလည်း မကြည့်ရဘူး။ သေပြီ...သေပြီ...သေပြီ...ဆိုတဲ့ စကားကို လွယ်လွယ်ကူကူလေး ပြောရက်၊ ထွက်ရက်ကြတယ်။ မထူးဆန်းဘူး ထင်နေကြတယ်။

လောကကြီးထဲမှာ သူ မရှိတော့ဘူး။ ဘယ်မှာပဲ ရှာရှာ၊ ဘယ်လောက်ကြာအောင် ရှာရှာ သူ့ကို မတွေ့နိုင်တော့ဘူး။ သူ့ရုပ်၊ သူ့အပြော၊ သူ့စိတ်သဘော၊ သူ့အပြုံး၊ သူ့နှလုံး အကုန်လုံး ကွယ်လွန်သွားရှာပြီ။ သူ့နဲ့ တူတာတောင် မတွေ့နိုင်ဘူး။ သူ့အတိုင်းတစ်ထေရာတည်းကို ဘယ်သူကမှလည်း မွေးပေးနိုင်ကြမှာ မဟုတ်တော့ဘူး။ ကုန်းနေ ကိုးကုဋေ၊ ရေနေ ဆယ်ကုဋေလို့ အဆိုရှိတယ်။ အဲဒီ ကိုးကုဋေထဲမှာ ဖြစ်ဖြစ်၊ ဆယ်ကုဋေထဲမှာ ဖြစ်ဖြစ်၊ သူ့နေရာကို အစားဝင်နိုင်မယ့် သတ္တဝါရယ်လို့ မရှိနိုင်ဘူး။ ဘယ်သူမှ သူ့အစား မဝင်နိုင်ကြဘူး။ သူဟာ သူပဲ၊ သူမှ သူတစ်ယောက်တည်း။

အဆုံးစွန်သော စကားကို ပြောလိုက်မယ်။ နောက်ဘဝကို သူကိုယ်တိုင် လူဝင်စားဖြစ်ဦးတော့ သူ မဖြစ်နိုင်တော့ဘူး။ လူ့ပြည်မှာ သူနေသွားရတာ အနှစ် ၂၀မှ မကြာလိုက်ရဘူး။ နေခွင့်၊ နေထိုက်ရှိတဲ့ အချိန်နဲ့ ငါးပုံတစ်ပုံမှ မနေလိုက်ရဘူး။ အခု သူ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်သွားပြီ။

ထားပါတော့၊ ပျောက်ကွယ်သွားလို့ သူအစစ်မဟုတ်တဲ့ ကျန်ရစ်ခဲ့တဲ့ ဥတုဇရုပ်ကလေးတောင် နောက်ဆုံး ကြည့်ခြင်းနဲ့ ကျွန်တော် ကြည့်ခွင့်မရတော့ဘူး။ ဒီခန္ဓာကိုယ်လေးကို သူတို့ပဲ အပိုင်သိမ်းတော့မလို၊ သိမ်းနိုင်မလိုနဲ့ သဝန်တိုနေကြသေးတယ်။

သူတို့ အတတ်နိုင်ဆုံး၊ သူတို့ အပြုစုဆုံး၊ သူတို့ အချစ်ဆုံးအနေနဲ့ ခမ်းနားကြီးကျယ်စွာ ထောင်ကုန်၊ သောင်းကုန်ခံပြီး သင်္ဂြိုဟ်ကြမယ်။ သင်္ဂြိုဟ်တယ်ဆိုတာ စကားယဉ်နေလို့ပါ။ အမှန်ကတော့ လွှင့်ပစ်ကြတာပါပဲ။ မြေကြီးပဲဖို့ဖို့၊ ရေပဲ မျှောမျှော၊ တိုက်ဂူ၊ ရွှေဂူ၊ ပြာသာဒ်ဂူကြီးထဲပဲ ထည့်ထည့်၊ အမှန်တော့ လွှင့်ပစ်တာပဲ။ သူတို့အဖို့မှာ တန်ဖိုးမထားတော့ဘူး။ မနမြောမစုံမက်တော့ဘူး။ အာလယ ပြတ်ကင်းကုန်လို့ လွှင့်ပစ်နိုင်ကြတာပေါ့။

လျှော်တာက လွဲရင် ပိုက်ဆံတစ်ပဲကို လွှင့်ပစ်ရက်ပါ့မလား။ သူ့ကိုတော့ အခု လွှင့်ပစ်ကုန်ကြပြီ၊ တစ်ပဲမှ မတန်တော့ဘူးလား။ ကောင်းပါတယ်။ ကျွန်တော့်အဖို့တော့ သူ့ကို လွှင့်ပစ်မှ ဒီဘဝမှာ နောက်ဆုံး ကြည့်ခြင်း ကြည့်ရ၊ မြင်ရတော့မယ်။

ဒါလည်း ဒီနေ့ နက်ဖြန်ဆိုသလို ကျွန်တော် ကြည့်နိုင်၊ မြင်နိုင်ရမယ်။ ဒီ့ထက် ကြာသွားရင် ရုပ္ပတိတိ ရုပ်ဆိုသလို သူနဲ့ အနီးစပ်ဆုံး ရုပ်အစား၊ သူလို ကိုယ်လိုလူမှာ ရှိတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသသာ တွေ့နိုင်၊ မြင်နိုင်တော့မယ်။ ဒါကတော့ လူတိုင်းမှာ ရှိတာပဲ။

ဒါကြောင့် ဒီကနေ့ နေ့လယ် သူတို့ လွှင့်ပစ်ဖို့အလာမှာ လူအုပ်တွေအထဲ ရောလိုက်ခဲ့တယ်။ နေရာကို မှတ်ခဲ့တယ်။ ဒီကနေ့ညကျမှ ကျွန်တော်တစ်ယောက်တည်း လောကကြီးထဲက ထွက်သွားတဲ့ သူ့ကို နှုတ်ဆက်ရအောင် လာဖွင့်ဟာပဲ။

သူ့ကိုယ်နံ့ကလေးဟာ ရွှေငွေ ပေါင်ဒါတို့နဲ့ ဘယ်တော့မှ မကင်းခဲ့လို့ တသင်းသင်းမွှေးခဲ့ရာက ဒီညကျတော့ ဖောက်ပြန်လာခဲ့ပြီ။ ပုပ်ညှီလာခဲ့ပြီ။ သူ့မျက်နှာပြုံးပြုံးကလေးက အခု တွေ့ရတော့ ချစ်ခြင်း၊ မုန်းခြင်း ဆိုတဲ့ အရိပ်အကဲတွေ လွင့်ပြီး လောကကြီးကို ဥပေက္ခာလုပ်ပုံ မြင်ရပြီ။ ဝင်းဝါနေတဲ့ အသားကလေးဟာလည်း ညိုပုပ်ပုပ် ညစ်မည်းမည်း အပုပ်ရည်တွေ တွဲလွဲ ကျကုန်ကြပြီ။

အချိုးအစားပြေပြစ်တယ်၊ အလုံးအရပ် ညီညွတ်တယ် ဆိုတဲ့ သူ့ခန္ဓာကိုယ်ကလေးဟာလည်း ဥဒ္ဓုမာတက- ဖူးဖူးရောင်လို့ တစ်ဖြိုးတည်း လိုလိုဖြစ်နေပြီ၊ သူ သည်လိုဖြစ်နေတာကို အချစ်ဆုံး၊ အစုံမက်ဆုံး ဆိုတဲ့ လူတွေကို ခေါ်ပြချင်တယ်။ အမယ်လေး...ဆိုပြီး နောက်ကို တွန့်ပြီး ရွံ့ကုန်ကြမယ်။ ဒါမှမဟုတ်ရင်လည်း ရွံရှာစက်ဆုပ်ပြီး နှာခေါင်းပိတ်ကြမယ်။ ကျွန်တော်တော့ မရွံ့ဘူး၊ မကြောက်ဘူး၊ မစက်ဆုပ်ဘူး၊ တရားရတာ တစ်ခုပဲ ရှိတယ်။

"မုန်းဟင်းခါးသည် ဆရာကြီး"လို့ အိပ်လျက်က မျက်စိကလေးဖွင့်ပြီး ခေါ်လိုက်ဦးတော့မလို ထင်နေမိသေးတယ်။

◆◆◆

"ကဲ - ဒါပါပဲ ဆရာရယ်။ အခု ကျွန်တော့်ကို ပုဒ်မတွေ တပ်ထားတဲ့ ဥပဒေဆိုတာနဲ့ ဖမ်းမယ်။ အမှန်တရားကိုယ်ကတော့ သူများ လွှင့်ပစ်လိုက်တဲ့ ပစ္စည်းကို ကျွန်တော်ကောက်ကြည့်တာပဲ။ အပြစ်ရှိနိုင်ပါ့မလား။ အပြစ်ရှိသင့်ပါမလား။

ဒါပေမယ့် ကျွန်တော့်မျက်စိ မမှိတ်ခင်တော့ ဘယ်ကို ပို့ပို့ ဘယ်ကိုရောက်ရောက်၊ ဘာပဲ ဖြစ်ရဖြစ်ရ မထူးတော့ပါဘူး။ စကြဝဠာတစ်ခုလုံးမှာ သူ့ကို ဘယ်နေရာမှာမှ မတွေ့နိုင်တော့။ သူဟာ ကျွန်တော့်အတွက်တော့ သုဉ်းပါပြီ"

စံပျော်၏ စကားဆုံးသွားသော အခါ ကိုကျော်မွှေးမှာ အမူးတွေ ပျောက်၍ ငိုင်တွေကြီး ဖြစ်နေလေသည်။ ဘသောင်းမှာ နှုတ်ခမ်းကို ကိုက်ရင်း သက်ပြင်းတစ်ချက် မှုတ်လိုက်သည်၊ ရာဇဝတ်အုပ် ကိုထွန်းရွှေသာလျှင် စံပျော်ကို မျက်နှာတည်တည်နှင့် ကြည့်၍ နက်နဲစွာ စဉ်းစားနေပုံရသည်။

မိုးပေါက်တွေ အရှိန်လျော့၍ လေကြမ်းတွေပါ ပျော့ကုန်လေပြီ။ ထိုအခိုက် တိုင်ကပ်နာရီမှ ဒေါင်... ဒေါင်နှင့် ၁၂ချက်ပြည့်အောင် အစဉ်တစိုက် တီးခတ်လိုက်သည်။ သင်္ချိုင်းအလယ်ဆီလောက်က ခွေးတစ်ကောင်နှစ်ကောင်၏ ရှည်လျား ပျင်းတွဲစွာ အူလိုက်သော အသံကို ကြားလိုက်ရပြန်သေးသည်၊ ဤတွင်မှ ကိုကျော်မွှေးက စ၍ စကားသံ ထွက်လာလေသည်။

"ဘယ့်နှယ်လဲဗျ ကိုထွန်းရွှေ"

"ဂျူတီအစ်(စ)ဂျူတီမင်" ◘

* * *


သုခ

(ပြီးပါပြီ)



www.burmeseclassic.com

www.burmeseclassic.com




# ဆိုနီယာမဟုတ်သည့် ဦးဖေယျာကို (နက္ခတ်သိပ္ပံ)
# မြန်မာပြည်ဖွားဒေါ်အောင်ဆန်းစုကြည်

## အပိုင်း (၂)

မြန်မာနိုင်ငံ၏ လူထုခေါင်းဆောင်အသွင်မှ အမျိုးသားခေါင်းဆောင်တစ်ဦးအဖြစ် အရှိန်အဝါမြင့်မားလာသော ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်ကား ၁၉၄၅၊ ဇွန်လ ၁၉ရက်၊ အင်္ဂါနေ့၌ ရန်ကုန်မြို့၏ ဒေသစံတော်ချိန် ည ၇နာရီ ၁၅ မိနစ်တွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်ပေသည်။ စစ်အတွင်းကာလဖြစ်သည့်အတွက် ဧရာဝတီတိုင်းရှိ ဒေသတစ်ခုတွင် စစ်ရှောင်တိမ်းရင်း မွေးဖွားသည်ဟုလည်း ပြောဆိုကြပါသည်။ စာရေးသူအနေဖြင့်ကား ယနေ့အချိန်ထိ အမျိုးသားခေါင်းဆောင်ဖြင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံပြောဆို ဆက်ဆံခဲ့ဖူးခြင်း မရှိသည့်အတွက် မွေးဖွားချိန် နေရာအတိအကျ မဖော်ပြနိုင်ခြင်းကို နားလည်ပေးစေလိုပါသည်။ သို့သော် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများမှာ လတ္တီတွဒ်၊ လောင်ဂျီတွဒ် အရာများစွာ မကွာခြားသည့်အတွက် သူမ၏ မွေးဖွားချိန်ဇာတာခွင်တွင် ဓနုရာသီလဂ် လွှမ်းမိုးချိန်၌ မွေးဖွားပေါ်ထွန်းလာခဲ့သူဖြစ်ပေသည်။ မွေးဖွားချိန် ကောင်းကင်တွင် နိုင်ငံရေး၌ ဘုန်းကံဩဇာကြီးမြင့်နိုင်သော တနင်္ဂနွေဂြိုဟ် အဒြနက္ခတ်ကြယ်ခေါ် (Betelgeuse Star) ဖြင့် ဒီဂရီအတိအကျ ပူးယှဉ်ထားသည်။ အဒြနက္ခတ်ကြယ်သည် မဆိုးနက္ခတ်ကြယ်စုမှ ကြယ်နီကြီးတစ်လုံးဖြစ်ပြီး မိမိ၏ ရည်မှန်းချက်များအား အောင်ပွဲဆီသို့ လှမ်းချီနိုင်ရန် ပြင်းထန်သော တိုက်ပွဲများကြားမှ ဖန်တီးပုံဖော်ရသော တိုက်ပွဲဝင် ကြယ်နီကြီးဖြစ်ပါသည်။

အလားတူစွာ၊ အင်္ဂါဂြိုဟ်အနေဖြင့် ဦးဆောင်လမ်းပြ ပို့ဆောင်ရေးနက္ခတ်ကြယ်အဖြစ် ခေါ်ဆိုသတ်မှတ်ကြသည့် အဿဝဏီနက္ခတ်ကြယ်စု(Arietis Star)ဖြင့် ပူးယှဉ်နေပါသည်။ အဿဝဏီ နက္ခတ်ကြယ်စုသည် (၁၂)ရာသီခွင်၌ ပထမအစ ရာသီခွင်အတွင်း၌ ပထမဆုံး နက္ခတ်ကြယ်အဖြစ် ရပ်တည်နေမှုကြောင့် ရှေးကြောင်းသဘော်သားများ အားကိုးအားထားပြုနေရသည့် နက္ခတ်ကြယ်တစ်ပွင့်ဖြစ်နေပေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်၌ မွေးနံဂြိုဟ်အင်္ဂါ အဿဝဏီ နက္ခတ်ကြယ်စုဖြင့် ပူးယှဉ်နေခြင်းသည် မြန်မာပြည်သူပြည်သားများ၏ ဒီမိုကရေစီလမ်းခရီး၌ ရှေ့ဆောင်လမ်းပြကြယ်တစ်ပွင့်အဖြစ် ရောက်ရှိစေခဲ့ပြီး မြန်မာနိုင်ငံအား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိရန် ပို့ဆောင်ကြိုးပမ်းပုံဖော်ခဲ့သော နိုင်ငံရေးလမ်းပြကြယ်တစ်ပွင့်လည်း ဖြစ်ပေသည်။ အဿဝဏီနက္ခတ်ကြယ်စုအား တစ်ကမ္ဘာလုံးရှိ ရှေးကြောင်းသဘော်သားများမှ ထာဝရ အားကိုးအားထားပြုနေရသကဲ့သို့ ယင်းနက္ခတ်ကြယ်ဖြင့် ပူးယှဉ် မွေးဖွားလာသည့် အင်္ဂါသမီး ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မြန်မာနိုင်ငံ တည်တံ့ခိုင်မြဲနေသမျှ ကာလပတ်လုံး ဒီမိုကရေစီလမ်းပြကြယ်စင်အဖြစ် ယုံကြည်လေးစားနေကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ ဇာတာခွင်၌ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်များ ပူးယှဉ်နေမှုသည် နိုင်ငံရေးဩဇာအာဏာ ထွန်းတောက်စေပြီး ရာထူး ဆောင်ကြဉ်းပေးမည့် ရာဇယောဂ်ကို ဖြစ်ပေါ်စေပါသည်။ စနေနှင့် ရာဟု ပူးယှဉ်မှုကား လူမျိုးခြား အိမ်ထောင် ဖြင့် ဖူးစာဆုံမှုနှင့် အိမ်ထောင်ဖက်၏ သက်တမ်း တိုတောင်းမှုကို အားပေးအားမြှောက်ပြုနေသော ဂြိုဟ်ရပ်တည်မှု သည်။ သို့သော် ထိုဂြိုဟ်နှစ်လုံး၏ကောင်းကျိုးကား ရာဟုဥစ်ဂြိုဟ်ဖြစ်နေသည့်အတွက် လူထုထောက်ခံမှုအား ထူးခြားစွာ စေပြီး စနေဂြိုဟ်၏ အရပ်မျက်နှာအား ဒိဿဗလရရှိမှုကြောင့် မိသားစုမျိုးရိုးအသိုက်အဝန်းကြောင့် အများပြည်သူ၏ ကြည်ကိုးစားမှုကို ခံယူနိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အသက်ကို ဆပ် စွန့်လွှတ်ပြီး လွတ်လပ်ရေးအရယူပေးခဲ့သော အခြေအနေကြောင့် မြန်မာနိုင်ငံသူ-နိုင်ငံသားများသည် ဗိုလ်ချုပ်၏ စုအား များစွာလေးစားကြည်ညိုကြသည်။ များစွာ သနားကရုဏာဖြစ်မိကြသည်။ ဗိုလ်ချုပ် ထမ်းရွက်ခွင့် မရရှိခဲ့သည့် ပြည်၏ အမြင့်မားဆုံးခေါင်းဆောင်နေရာအတွက် ဗိုလ်ချုပ်၏ မိသားစုဝင်တစ်ဦးဦးကို ရွေးချယ်လိုကြပေသည်။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ အမြင့်မားဆုံး ဆောင်ရွက်နိုင်မှုကို သုံးသပ်ကြည့်ပြန်တော့လည်း သံအမတ်ကြီး ဆင့် နိုင်ငံတော်ဝန်ကြီးအဆင့် တာဝန်များထက် ပိုမိုဂုဏ်ပြုခွင့် မရှိသောအခြေအနေမျိုး၌ တွေ့ရပေသည်။ ဗိုလ်ချုပ်ကတော် ဗိုလ်ချုပ် သက်ရှိထင်ရှားရှိစဉ်က အိမ်ရှင်မကောင်းတစ်ဦးအဖြစ် နေထိုင်ခဲ့ခြင်းကြောင့် များစွာတာဝန် မကြီးမြင့်လှသည့် သံအမတ်ကြီးတာဝန် ထမ်းရွက်ခွင့်ကို ထိုအချိန်ကာလ တိုင်းပြည်အုပ်ချုပ်သူများမှ ချီးမြှင့်ခဲ့ပါသည်။ သားရတနာဖြစ် ဦးအောင်ဆန်းဦးမှာ နိုင်ငံခြားတွင် အခြေချနေထိုင်ပြီး နိုင်ငံရေးပိုင်း စိတ်ပါဝင်စားမှု အားနည်းသူဖြစ်သည့်အတွက် ပြည်သူတို့၏ မျှော်လင့်ချက် အိပ်မက်များမှာ ပျောက်ကွယ်လု ဖြစ်ခဲ့ရပေသည်။ သမီးရတနာဖြစ်သူ ဒေါ်အောင်ဆန်းစု မှာကား နိုင်ငံခြားတွင် ဘဝတက်လမ်းများ ရှာဖွေနေရာမှ မိခင်ကြီး၏ ကျန်းမာရေးအခြေအနေကြောင့် ရုတ်တရက် ပြည် ပြန်လည်ရောက်ရှိလာချိန် မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြင့် တိုက်ဆိုင် ကြုံတွေ့လိုက်သောအခါ မြန်မာပြည်သူ လွတ်လပ်ရေးကျေးဇူးအကြွေးအား ပြန်လည်ပေးဆပ်ခွင့်ရရှိခဲ့ပေသည်။

အိန္ဒိယ၌ လွတ်လပ်ရေးကျေးဇူးများအတွက် နေရူးနှင့် သမီး အင်ဒီယာဂန္ဒီအား ဝန်ကြီးချုပ်တာဝန်များ အပ်နှင်းသကဲ့ ဂျစ်၊ ဆိုနီယာတို့၏ မျိုးဆက်ထိအောင် ဝန်ကြီးချုပ်တာဝန်များကို ဆက်လက် အပ်နှင်းနေဆဲဖြစ်ပေသည်။ကျွန်တော်တို့ တွင်ကား ဗိုလ်ချုပ်၏ ကျေးဇူးတရားအတွက် နောက်ဆုံးအခွင့်အရေးအနေဖြင့် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် သမ္မတရာထူးတာဝန် အပ်နှင်းရန်သာ ကျန်ရှိပါတော့သည်။ ဒေါ်အောင်ဆန်းစုကြည် ပြီးဆုံးသွားပါက သူမ၏ ကျန်ရှိသော ဆက်များအနေဖြင့်ကား မြန်မာ့နိုင်ငံရေး၊ အုပ်ချုပ်ရေးလောကဖြင့် (လုံးဝ)ဆက်စပ်ခွင့် ရှိနိုင်တော့မည်မဟုတ်ပေ။ သူမ၏ ဇာတာခွင်၌ လာမည့် ၂၀၁၄-ဇူလိုင်မှ ၂၀၁၅-ဇူလိုင်အတွင်းတွင် ဘုန်းကံဩဇာအရှိန်အဝါမြင့်မားမှုအား အထောက် ဖြစ်စေမည့် ကောဇာ ကြာသပတေးဂြိုဟ်သည် မူလ အားကောင်းစွာ ရပ်တည်နေသည့် ရာထူးဩဇာ ကြာသပတေးဂြိုဟ် သို့ စီးနင်းမည်ဖြစ်ပေရာ မလွဲကေန် သမ္မတရာထူးတာဝန်ထမ်းရွက်ခွင့် ရှိလာပေလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်အား အကြံပေး ခြိမ်းခြောက်ထားသော ဝါရင့် နက္ခတ်ပညာရှင်သည် လွဲမှားစွာဖြင့် သူ၏ င်းပါးတွင် ဒေါ်အောင်ဆန်းစုကြည် တိုင်းပြည် ဦးဆောင်ရန် မဖြစ်နိုင်ပုံများအား အင်္ဂါဂြိုဟ်ဖြင့် ထောက်ပြ ဆွေးနွေး သည်။ ယနေ့ ကမ္ဘာ့နိုင်ငံအများအပြား၌ အမျိုးသမီး သမ္မတ၊ အမျိုးသမီး ဝန်ကြီးချုပ်များစွာ ပေါ်ပေါက်နေချိန်တွင် အောင်ဆန်းစုကြည်၏ အရည်အချင်းသည် လက်ရှိ သမ္မတ၊ ဝန်ကြီးချုပ်တာဝန်များ ထမ်းရွက်နေသည့် အမျိုးသမီးများထက် သာလွန်သော အခြေအနေတွင် ရှိနေပါသည်။ သူမ၏ အရည်အချင်းအစစ်အမှန်အား ပြည်သူများမှလည်း သိနေကြ ည်။ သို့အတွက်ကြောင့် ကြားဖြတ် ရွေးကောက်ပွဲတွင် NLD မှ အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပေသည်။ ပြည်ကို ဦးဆောင်သူသည် မိမိကိုယ်တိုင် ကဏ္ဍာပေါင်းစုံအား "က" မှ "အ" အဆုံးထိ သိရှိနေရန် မလိုအပ်ပါ။ မိမိ င်သည် ပြည်ပစစ်ကို မျှော်ကိုးသော နိုင်ငံမဟုတ်သည့်အတွက် စစ်ရေးအမြင်၊ ဩဇာအာဏာစက်ကို ပြင်းထန်စွာ ပြုသော အုပ်ချုပ်ရေးအမြင်များ ရှိနေရန် မလိုအပ်ပါ။ တိုင်းပြည်နှင့် ပြည်သူအကျိုးအား မှန်ကန်စွာ အကြံပြု သွန်ပေးမည့် ကိုယ်ကျိုးမဖက် ပညာရှင် အကြံပေးအဖွဲ့အစည်းများနှင့် တိုင်းပြည်နှင့် လူမျိုး၊ ပြည်သူများမှ ရွေးချယ်သော အဖွဲ့အစည်းအပေါ် မြဲမြဲစွာသစ္စာ ရှိမည့် တပ်မတော်အဖွဲ့အစည်းတစ်ရပ်သာလိုအပ်ပါသည်။ မြန်မာနိုင်ငံသို့ ကန်သမ္မတ အိုဘားမား ရောက်ရှိစဉ်တွင် မှတ်သားဖွယ်ရာ စကားတစ်ခွန်း ပြောဆိုသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမေရိကန်ပြည်ထောင်စုရဲ့ တပ်မတော်အဖွဲ့အစည်းကြီးဟာ ကမ္ဘာပေါ်မှာ အင်အား အတောင့်တင်း၊ အခိုင် ဆုံး အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ ဒီလို အင်အားကြီးတဲ့ တပ်မတော်ကြီးကို ပိုင်ဆိုင်ထားတဲ့ အမေရိကန်ပြည်ထောင် တိုင်းပြည်ရဲ့ အုပ်ချုပ်မှု တာဝန်တွေကို ထမ်းရွက်တာက ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ကျွန်တော်အပါအ အစိုးရအဖွဲ့အစည်းက ဖြစ်ပါတယ်။ တပ်မတော် အင်အားတောင့်တင်းလို့ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးတွေ နိုင်ငံကို အုပ်ချုပ်ကြတာ မဟုတ်ပါဘူး"

ဟူ၍ ဖြစ်ပါသည်။

သို့အတွက်ကြောင့် အင်အားကြီး အမေရိကန်တပ်မတော်အနေဖြင့် တိုင်းပြည်နှင့် လူမျိုး၊ ပြည်သူမှ ရွေးချယ်ထ သော အစိုးရအဖွဲ့အစည်းအပေါ် မည်မျှအထိ သစ္စာစောင့်သိ ရှိသေသည်ကို ကမ္ဘာသို့ လစ်ဟ ပြသနေခြင်းဖြစ်ပေသည် မြန်မာပြည်၏ လွတ်လပ်ရေးဇာတာ၌ အင်္ဂါဂြိုဟ် မွန်းတည့် ကောင်းကင်၌ ရပ်တည်နေခြင်းကြောင့် တပ်မတော် နိုင်ငံရေးသြဇာအာဏာကြီးမြင့်စေမှု အထောက်အပံ့ ဖြစ်စေပါသည်။ သို့သော် အင်္ဂါဂြိုဟ်သည် ပါပဂြိုဟ်များ ရပ်တည် ပါပကတ္တရီသင့်သော်လည်း အားပျက်သောဂြိုဟ် မဟုတ်ပါ။ မွန်းတည့် ကောင်းကင်တည်ရှိခြင်းနှင့် ဝဂ္ဂုတ္တမနဝင်း ရှိ ခြင်းကြောင့် ကောင်းကျိုးကိုသာ ဖြစ်ထွန်းစေခဲ့ခြင်း ဖြစ်ပါသည်။ အင်္ဂါ အနေကောင်းသဖြင့် တိုင်းပြည်အား တပ်မတော်ခေါ် ဆောင်၊ တပ်မတော်အသွင်ပြောင်း ခေါင်းဆောင်များမှ ယနေ့အချိန်ထိ အုပ်ချုပ်ခွင့် ရရှိနေပေသည်။ အင်္ဂါ အနေကောင်း အတွက် မွေးနံသဘောများဖြင့်လည်း ယှဉ်တွဲသုံးသပ်သင့်ပါသည်၊ အင်္ဂါဂြိုဟ်အုပ်ချုပ်ရေးအာဏာ ဘာဝတွင် တည်ရှိနေသ အတွက် အင်္ဂါသားများဖြစ်သော မ.ဆ.လ ခေတ်၌ သမ္မတကြီး ဦးစန်းယု၊ ဦးစိန်လွင်၊ တပ်မတော်အစိုးရလက်ထ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဗိုလ်ချုပ်ကြီး စိုးဝင်း၊ လက်ရှိ ဒုသမ္မတ ဦးညာဏ်ထွန်း၊ ကာကွယ်ရေးဒုချုပ် ဒုတိယ ဗိုလ် မှူးကြီး စိုးဝင်းတို့မှာ သြဇာအရှိန်အဝါထွန်းတောက်သူများ ဖြစ်လာပေသည်။ သို့အတွက်ကြောင့် ၁၉၈၈တွင် တပ်မတော် အစိုးရအား ဖန်တီးပုံဖော်ခဲ့သော အင်္ဂါသား ဗိုလ်ချုပ်မှူးကြီး စောမောင်ကဲ့သို့ ခေတ်တစ်ခေတ်ကို ပြောင်းလဲပေးမ ဒီမိုကရေစီ လမ်းပြကြယ်ပွင့် အင်္ဂါသမီး ဒေါ်အောင်ဆန်းစုကြည်မှ သမ္မတတာဝန် ထမ်းရွက်ခွင့် ရရှိလာနိုင်ပေသည်။


ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းသည် မြန်မာပြည်၏ နိုင်ငံ စည်းပေါက်မည်ဟုလည်း အဆိုပါ ပညာရှင်မှ သုံးသပ်ပြထားကြောင်း တွေ့ရပါသည်၊ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ မိဘနှစ်ပါးမှ မွေးဖွားလာသော မြန်မာလူမျိုးစစ်စစ်တစ်ဦးဖြစ်သည်။ ဘဝပေး ကုသိုလ်ကံအခြေအနေကြောင့် နိုင်ငံခြားသား အိမ်ထောင်မှုဘဝ တည်ဆောက်ခဲ့ရသော်လည်း ၁၉၈၈ မှ ယနေ့အချိန်ထိ မြန်မာ့မြေပေါ်တွင် နှစ်ပေါင်း(၂၀)ကျေ အခြေချ နေထိုင်ပြီး မြန်မာ့ဒီမိုကရေစီအရေးကိစ္စများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေသူဖြစ်ပေသည်။ လက်ရှိတွ လည်း မိမိအိမ်ထောင်ဖက်မှာ ကွယ်လွန်သွားပြီဖြစ်သည့်အတွက် နိုင်ငံရေးတည်ဆောက်မှုများတွင် ခင်ပွန်းသည်၏ လွှမ်းမိုး တစ်စုံတစ်ရာရှိနေလိမ့်မည် မဟုတ်ပါ။ အဆိုပါ ပညာရှင်၏ နိုင်ငံရေးစည်းပေါက်မည်ဆိုခြင်းမှာ ဒေါ်အောင်ဆန်းစုကြ သမ္မတဖြစ်ရေးအတွက် နိုင်ငံခြားနှင့် ပတ်သက်သော အကြောင်းအရာအချို့အား ပြင်ဆင်လိုက်လျှင် နောင်လာမ ၁၅နှစ်ကျော်၌ တိုင်းပြည်၏ သမ္မတတာဝန်တွင် လူမျိုးခြားများ၊ နိုင်ငံခြားသားများမှ လာရောက် ထမ်းရွက်မည့် ပုံစံမျိုး နေပါသည်။ မြန်မာလူမျိုးများသည် အမျိုး၊ ဘာသာ၊ သာသနာအတွက် မျိုးချစ်စိတ်ဓာတ် အောက်တန်းကျသူများ မဟုတ် ပါ။ မိမိကိုယ်တိုင် မြန်မာသွေးစစ်စစ်၊ မြန်မာလူမျိုးစစ်စစ်ဖြစ်မှသာ အမျိုးသားရေးအမြင်ဖြင့် မြန်မာ့နိုင်ငံရေးကဏ္ဍများအ သတိပေး အကြံပြုသင့်ပါသည်။

အင်္ဂါဂြိုဟ်၏ ရပ်တည်မှုအခြေအနေအရ တပ်မတော်ခေါင်းဆောင်များမှသာ တိုင်းပြည်ကို အုပ်ချုပ်နိုင်မည် အကြံ ချက်ကား မြန်မာပြည်သူလူထု၏ နှလုံးသား အနက်ရှိုင်းဆုံး နေရာဆီသို့ အကြမ်းဖက် ဖြိုခွင်းတိုက်ခိုက်ခြင်းနှင့် တူညီလှ သည်။ မြန်မာပြည်သူများမှ အခုလို အပြောင်းအလဲတစ်ရပ်ဖြစ်ဖို့ ပြည်တွင်းမှာ ဒုက္ခပေါင်း သောင်းခြောက်ထောင် ခါးစည်းခံပြီး နှစ်ပေါင်း ၅၀ကျော် စောင့်စားခဲ့ရပေသည်။ နိုင်ငံခြားသို့ ပြေးထွက်ပြီး ဒုက္ခတွင်းမှ ကိုယ်လွတ်ရုန်းထွက်ခွ မရရှိခဲ့သူများဖြစ်သည့်အတွက် နိုင်ငံခြားပြန်၊ ပြည်တော်ပြန်များမှ မိမိတို့၏ အနာဂတ် အိပ်မက်အား လာရောက်ဖျက်ဆီး (လုံးဝ)သည်းခံ ခွင့်လွှတ်လိမ့်မည် မဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်ကား အင်္ဂါဂြိုဟ်၏ လွှမ်းမိုးမှုကြော တပ်မတော်၏ နိုင်ငံရေး ဦးဆောင်မှုအား မဖျက်ဆီးလိုပါက ခြွင်းချက်အနေဖြင့် ဆောင်ရွက်ခွင့်ရှိပါသည်။ ၂၀၁၅ ရွေးကောက်




www.burmeseclassic.com


www.burmeseclassic.com



ဆိုနီယာဂန္ဒီ မွေးဖွားချိန် အရှေ့တိုင်းနက္ခတ်ဇာတာခွင်



ဒေါ်အောင်ဆန်းစုကြည် မွေးဖွားချိန် အရှေ့တိုင်း နက္ခတ်ဇာတာခွင်



မြန်မာနိုင်ငံ လွတ်လပ်ရေးရယူခဲ့သော အရှေ့တိုင်း နက္ခတ်ဇာတာခွင်

ကြောင့် မိမိ၏ ပါတီ အပြတ်အသတ် အနိုင်ရရှိပါက ပါတီ၏ ဗဟိုကော်မတီဝင်များဖြင့် တစ်ဖက်သတ် အစိုးရအဖွဲ့အစည်း တစ်ရပ် မဖွဲ့ဘဲ မိမိအပါအဝင် ပါတီမှ အရည်အချင်း အထက်မြက်ဆုံး ဗဟိုကော်မတီဝင်များဖြင့် တစ်ချိုး၊ တပ်မတော်မှ အရည်အချင်းရှိသည့် မျိုးဆက်သစ် စစ်ခေါင်းဆောင်များအား တစ်ချိုး၊ တိုင်းပြည်အတွက် အမှန်တကယ် အလုပ်အကျွေးပြုသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် သူဌေးသူကြွယ်များအား တစ်ချိုး၊ မြန်မာနိုင်ငံ၏ သုံးရောင်ခြယ်အလံသစ်ကဲ့သို့ သုတန်းစား (၄)မျိုး၊ အချိုး (၃)ချိုး ပေါင်းစပ်၍ တိုင်းပြည်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်သင့်ပေသည်။

စာရေးသူအနေဖြင့် ဆိုနီယာနှင့် ဒေါ်အောင်ဆန်းစုကြည် ကွဲပြားချက်ကို ခွဲခြားတင်ပြရလျှင် ဆိုနီယာသည် နိုင်ငံရေး နယ်ကြီးထဲသို့ ဝင်ရောက်ပြီး အိမ်ထောင်ဖက်နှင့် အိမ်ထောင်ဖက်၏ မျိုးဆက်အရှိန်အဟုန်ကြောင့် ထင်ရှား အောင်မြင်လာတဲ့ အီတလီနွယ်ဖွား အိန္ဒိယနိုင်ငံသူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် သူ ဝန်ကြီးချုပ် မလုပ်တာဟာ သူ့ရဲ့ ဆုံးဖြတ်ချက် မှန်တယ်လို့ ပြောလို့ရပါတယ်။ သူ့ဇာတာခွင်မှာလည်း စွန့်စားလိုစိတ် အားနည်းပြီး ငါလုပ်ရင် ဖြစ်ပါ့မလားဆိုတဲ့ သံသယ ထွေမိုးမှုအား များနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရင်နှစ်သည်းချာ သမီးရတနာ တစ်ပါးဖြစ်ပြီး ပြည်သူရဲ့ အပြည့်အဝ ယုံကြည်ထောက်ခံမှုကို ရရှိထားတဲ့ မြန်မာပြည်ဖွား မြန်မာအမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်၊ သံမဏိစိတ်ဓာတ်နဲ့ ပန်းတိုင်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရောက်အောင်သွားမယ့်သူမျိုးပါ။ ဒါတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မူဝါဒလမ်းစဉ်ကိုသာ ချမှတ်ပေးနိုင်တဲ့ ပါတီရဲ့ ဥက္ကဋ္ဌတာဝန်နဲ့ ဘဝကို အဆုံးသတ်လိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပုထုဇဉ်သဘောအလိုအရ ပြောမယ်ဆိုရင်တော့ နှစ်ပေါင်း ၂၀ကျော် တိုင်းပြည်နဲ့ ပြည်သူ့အတွက် ပေးဆပ်အနစ်နာခံခဲ့မှုရဲ့ ဖွဲ့လုံ့လ၊ ဝီရိယ လက်ဆောင်အဖြစ် မြန်မာပြည်ရဲ့ သမ္မတတစ်ဦး ရာထူးတာဝန်ကိုတော့ သူမရဲ့ သမိုင်းကြောင်းအတွက် ကမ္ဘည်းမော်ကွန်းရေးထိုးသွားနိုင်အောင် ကြိုးစားသွားမယ့်သူမျိုး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ဟာ "ဆိုနီယာဂန္ဒီ" မဟုတ်ပါဘူး။ သူ့ကို စံထား နှိုင်းယှဉ်သင့်တာက နေ မျိုးဆက် အိန္ဒိယနိုင်ငံရဲ့ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် "အင်ဒီရာဂန္ဒီပဲ" ဖြစ်ပါတယ်။ အခက်အခဲ အတိုက်အခံတွေကြား ကနေ နောက်ဆုံးထွက်သက်အထိ အိန္ဒိယနိုင်ငံရဲ့ ဝန်ကြီးချုပ်သက်တမ်းကို (၄)ကြိမ်တိုင်အောင် ထမ်းရွက်ခဲ့ရတဲ့ သံမ စိတ်ဓာတ်ခိုင်မြဲသူ ဖြစ်ပါတယ်။ အမျိုးသမီး သမ္မတ၊ ဝန်ကြီးချုပ်တွေဟာ အာရှဒေသမှာ လွန်ခဲ့တဲ့ ၁၉၅၀ နှောင်းပိုင် ကတည်းက ပေါ်ထွန်းနေခဲ့တာပါ။ လက်ရှိ ဖိလစ်ပိုင်သမ္မတရဲ့ မိခင် "ကိုရာဇန်အာကွီနို" ဆို လွန်ခဲ့တဲ့ ၁၉၈၆ခုက နေ ၁၉၉၂ထိ သမ္မတသက်တမ်းကို ပြီးဆုံးသည်ထိ တာဝန်ထမ်းရွက်ခဲ့နိုင်တဲ့ အမျိုးသမီးကြီးတစ်ဦးပါ။ သူမရဲ့ လက်ထက် ဖိလစ်ပိုင်မှာ အာဏာသိမ်းဖို့ ဖြစ်စဉ်တွေ အများအပြားဖြစ်ပေါ်ခဲ့ပေမယ့် ဖိလစ်ပိုင် စစ်တပ်က သူမအပေါ် သစ္စာစောင့်သိ ကြောင့် သမ္မတ မော်ကွန်းကမ္ပည်းကို အောင်မြင်စွာ ရေးထိုးနိုင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကျွန်တော် မြန်မာနိုင်ငံမှာ ပထမဆုံး အမျိုးသမီး သမ္မတဖြစ်လာခဲ့ရင်တောင် ပတ်ဝန်းကျင်နိုင်ငံတွေထက် အများကြီး နောက်ကျနေပြီ

ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စရပ်များအား နက္ခတ်သိပ္ပံပညာရှုထောင့်မှ အားမနာစတမ်း ဝေဖန် သုံးသပ်နေသေ စာရေးသူသည် မြန်မာနိုင်ငံဖွား၊ မြန်မာလူမျိုးစစ်စစ်၊ မြန်မာပီပီသသ အမည်ခံယူ၍ တိုင်းပြည်နိုင်ငံအတွင်း၌ ဒုက္ခအခက်အ ပေးဆပ်မှုများစွာ ဖြတ်သန်းပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် နက္ခတ်သိပ္ပံရှုထောင့်အမြင်မှ အုတ်တစ်ချပ် သဲတစ်ပွင့် အားဖြည့်ကူညီနေကြခြင်း ဖြစ်ပါသည်။ ပြည်ပတွင် ရှိနေသော နက္ခတ်သိပ္ပံအဖွဲ့အစည်းများတွင် ခိုလှုံ၍ နောက်မြ (ခေတ္တ) တပ်နိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဒီမြေ၊ ဒီရေ၊ ဒီဌာနေမှ တတ်မြောက်ခဲ့သော နက္ခတ်သိ ပညာရပ်များအား ဒီတိုင်းပြည်နိုင်ငံအတွက် ပြန်လည်အလုပ်အကျိုးပြုသင့်သည်ဟု သန္နိဋ္ဌာန် ယုံကြည်ချက်ချ၊ မှတ်သားသူသ ဖြစ်ပါသည်။ ယခင်က ပိတ်ထားခဲ့သည့် အမှောင်တံခါးတွေကြားကနေ အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးမှ နက္ခတ်သိ ပညာရှင်များဖြင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အမြဲတမ်း ပြင်ဆင်ခဲ့ရသူတစ်ဦးဖြစ်ခဲ့ပြီး အနာဂတ် တိုးတက်မှုတွေအတွ ဆက်လက်ပြင်ဆင်ရပါဦးမည်။

တပ်မတော် စစ်ခေါင်းဆောင်များအကြောင်း သုံးသပ်ရာ၌ မိမိမှာ တပ်မတော်အဖွဲ့အစည်းဖြင့် ကင်းကွာနေသ မဟုတ်ပါ။ ကိုယ်တိုင် တပ်မတော်အရာရှိတစ်ဦးအသွင်ဖြင့် တိုင်းပြည်၏ အုပ်ချုပ်ရေး၊ စစ်ရေးကဏ္ဍများ၌ ထမ်းရွက်ခဲ့ရသ လက်ရှိ သမ္မတကြီး၏ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဘဝ၌ သူ၏ ကွပ်ကဲမှုလက်အောက်ခံ တပည့်သားသမီးတစ် ဖြစ်ခဲ့ပါသည်။ သို့သော်လည်း ယနေ့အချိန်ထိ သမ္မတကြီးဖြင့် မျက်နှာချင်းဆိုင် တွေ့ဆုံ၍ ပညာရပ်ကို အသုံးချပြီး အခွ အရေးတစ်စုံတစ်ရာ မတောင်းဆိုခဲ့သလို၊ ပညာရပ်အရ ကြိုတင် ရှောင်ရှားသင့်သည့် အကြောင်းကိစ္စများကို မီဒီယ စာမျက်နှာများထက်မှ ကလောင်သွားဖြင့်သာ အသိပေး အကြံပြုနေသူသာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော် နက္ခတ်သိပ္ပံပညာရပ်ကို အင်တိုက်အားတိုက် လေ့လာလိုက်စားနေခြင်းမှာ နိုင်ငံတော်သမ္မတ အကြံပေးဖြစ်ရေးအတွ မဟုတ်သလို၊ အနာဂတ် အောင်ပွဲများဖြင့် လုပလာမည့် NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် လွှမ်းမိုးနိုင်ရေး မရည်ရွယ်ပါကြောင်း မြန်မာပြည်သား မျိုးချစ်လူငယ်များအနေဖြင့် သိစေအပ်ပါသည်။ ပညာနှင့် တိုင်းပြည်နိုင်ငံ တိုးတ ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီရန် တာဝန်ပေးအပ်ပါကလည်း မိမိတစ်ဦးတည်း ခရီးဆန် တိုင်းပြည်နှင့် ပြည်သူအရေးကိစ္စများ၌ ကူညီအကြံပေးမှုမျိုးကို ရှောင်ကြဉ်၍၊ အခြား အရည်အချင်းရှိသည့် ပညာရှင်မ ဖြင့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းပြီးမှသာ ဒီမိုကရေစီစနစ်အတိုင်း ပညာရပ်ပိုင်းဆိုင်ရာ အကြံပေးမှုများ ဆောင်ရွ သွားမည် ဖြစ်ပါသည်။

**"ဆိုနီယာ မဟုတ်သည့် မြန်မာပြည်ဖွား ဒေါ်အောင်ဆန်းစုကြည်"** ဆောင်းပါး၌ ကျွန်တော်၏ ဖြေရှင်းချက်မ အပေါ် မြန်မာပြည်သား မျိုးချစ် လူငယ်ငယ်များ၊ NLDပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် လေးစားကြည်ညို မြတ် ကြသော မိဘပြည်သူအပေါင်း ကျေနပ်မှုတစ်စုံတစ်ရာ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်…။

**နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတ ပညာပေးဆောင်းပါးများနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေး အကြံပြုလိုပါက**

*ဦးဇေယျာကို (အမှုဆောင်အရာရှိချု*

*မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့ (၁၃ ၅၃ ၉၃၃*

*****



www.burmeseclassic.com

www.burmeseclassic.com

# နေစေး

## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ဖွင့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေစေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ တ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ ထွာစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ဆိုင်ရင်း - အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ - ၀၁-၂၅၄၆၂၅

ဆိုင်ခွဲ(၁) - အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ - ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၇၀၅၅၄

ဆိုင်ခွဲ(၂) - အရှေ့မြို့ပတ်လမ်း၊ အ.လ.က-၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊
တောင်ကြီးမြို့။ ☎ - ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) - အမှတ်-၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ - ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com




မိခင်.....အာဆိပ်

www.burmeseclassic.com

www.burmeseclassic.com

မကွေးတိုင်း၊ စကုမြို့ရဲ့ မြောက်ဘက်မှာ မန်းချောင်း ဆိုတာ ရှိတယ်။ မန်းချောင်း ချောင်းရေဟာ နွေ၊ မိုး၊ ဆောင်း ဥတုသုံးရာသီလုံးမှာ ရေအမြဲရှိတယ်။ ရခိုင်ရိုးမနဲ့ အလယ်ရိုးမတို့မှ ချောင်းဖျားခံကာ ရွှေစက်တော်တောင် တော်ကို ရစ်ခွေပတ်ပြီး စီးဆင်းလာတာ ဖြစ်တယ်။

ဒီချောင်းထဲမှာ ပုစွန်လုံးတွေ၊ ငါးတွေ နေတယ်။ စကု မြို့ (မန်းကျင်း)ရပ်ကွက်နဲ့ ချောင်းမြောက်ဘက်(ဥယာဉ်ဇဉ်) ရပ်ကွက်က ရေလုပ်သားတွေဟာ ဒီ(မန်းချောင်း)ကို အမှီ ပြုပြီး စားသောက်နေထိုင်ကြသူများ ဖြစ်တယ်။

ဥယာဉ်ဇဉ်မှာ မခင်အေးဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်။ သူ့မှာ ၁၁နှစ်အရွယ်နဲ့ ၁၆နှစ်အရွယ် သမီးနှစ် ယောက်ရှိတယ်။ ဒီသမီးနှစ်ယောက်လုံးကို အဖေ ဘယ်သူ ဘယ်ဝါရယ်လို့ လက်ညှိုးထိုးပြစရာ လူမရှိဘူး။

စကုနဲ့ လယ်ကိုင်းသွားတဲ့ လက်ပံပင်ခြေရင်းမှာ တစ်ဖက်ရပ် တဲကလေးထိုးပြီး နေကြရတာ။ မခင်အေးက တော်တော်ဆင်းရဲတယ်။ သူ့ ကလေးဘဝတုန်းက အမေနဲ့ အဖေက ယက်ထယ်ထိုးပြီး ငါးဖမ်းစားကြရတာ။ သူ ၁၅နှစ်၊ နှစ်အရွယ်မှာ အမေနဲ့ အဖေ သေဆုံးခဲ့တာ။ စာပညာ လည်း မတတ်၊ လက်မှုပညာလည်း မတတ်တော့ ကျပန်း အလုပ်လုပ်စားနေတာ။ ဟိုအိမ်က လက်တိုလက်ရ ခိုင်း၊ အိမ်က လက်တိုလက်ရ ခိုင်းနဲ့၊ ကိုယ့်ကိုယ်ကို တစ် ယောက်တည်း ထိန်းကျောင်းပြီး လူဖြစ်လာရတာ။

မန်းကျင်းရပ်ကွက်မှာ ငါးယက်ထယ်ထိုးပြီး ငါးရှာစား သင်မယား သုံးစုံတွဲရှိတယ်။ မောင်ပြူးနဲ့ မလှ၊ အီစွတ် အမီနာ၊ မောင်မြင့်နဲ့ မပြုံးဆိုတာ ရှိတယ်။ မလှက ကိစ္စ နဲ့ ငါးဖမ်းမလိုက်နိုင်ရင် မလှရဲ့ ကိုယ်စား မခင်အေးကို တယ်။ ဒီလိုပဲ အမီနာနဲ့ မပြုံးတို့ ကိစ္စတစ်ခုနဲ့ ငါးဖမ်း လိုက်နိုင်ရင် မောင်မြင့်နဲ့ အီစွတ်တို့က မခင်အေးကိုပဲ ကြတယ်။

လုပ်အားခက ဖမ်းရတဲ့ ငါးတစ်ဝက်ရတယ်။ ယက် ထိုးတယ်ဆိုတာ အလျား ၅ပေ၊ အနံ ၃ပေရှိတဲ့ ပိုက် ကို အနံလိုက် ဟိုဘက် ဒီဘက် ဝါးလုံးနှစ်လုံးချည်ထား ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက် ကိုင်၍ ကို ရေထဲက သဲပြင်နဲ့ ထိအောင် စိုက်ထားပြီး တစ်ဖက် အပေါ်ဆောင်၍ ရေခတ်သလို ရှေ့ကို ထိုးသွားရတာ။

ခြေလှမ်း သုံးဆယ်လောက်သွားမိတဲ့အခါ ပိုက် မလိုက်တော့ရင် ပိုက်ထဲမှာ ငါးအသေး၊ အကြီးတွေ မိနေပြီ။ ဒီအခါမှာ ငါးတွေကို ပိုက်ထဲက ကောက်ပြီး နောက်မှာ လွယ်ထားတဲ့ ပလိုင်းထဲကို ထည့်ရတယ်။

စကုမြို့ကနေ ညနေ ၅နာရီမှ စထွက်လျှင် ည ၈နာရီ မှာ မန်းချောင်းဆည်ကို ရောက်တယ်။ အဲဒီမှာ ညစာစားပြီး ခဏနားတယ်။ နားပြီးရင် ရွာစဉ်ရွာဆက် ထွက်ခဲ့တယ်။ တစ်ရွာနဲ့ တစ်ရွာကလည်း ဆက်နေတယ်။ ရွှေကျောင်းရွာ ကို ည ၁၁နာရီမှာ ရောက်တယ်။ ချောင်းစပ်က သဲသောင် ပြင်မှာ ကျင်းကလေးယက်ပြီး ပါလာတဲ့ ပုဆိုးအပို၊ ထဘီ အပိုကို ခင်းခြုံပြီး အိပ်ကြရတယ်။

တစ်နာရီလောက် ကျော်ဆန့်ပြီး ၁၂နာရီမှာ ငါးဆက် ဖမ်းပြီး ရေကို ဆုံဆင်းလာခဲ့ကြတယ်။ ဒီလိုနဲ့ မခင်အေး ကလေးနှစ်ယောက်ရခဲ့တာ။ မောင်ပြူး ကလေးလား၊ အီစွတ် ကလေးလား၊ မောင်မြင့် ကလေးလား။ ဘယ်သူ့ကလေးဖြစ် ဖြစ် မခင်အေးက ဂရုမစိုက်ဘူး။ ကိုးလလွယ် ဆယ်လမှာ ဖွားပြီး လူဖြစ်အောင် ကျွေးမွေးလာခဲ့တာပဲ။ မခင်အေးမှာ မိခင်စိတ်အပြည့်ရှိတယ်။

အမေဆိုတာ အဲဒါပဲ။ ဘယ်ဟာက ငါ့ယောက်ျားလို့ မပြနိုင်ပေမယ့် မိခင်စိတ်အပြည့်နဲ့ ကိုယ့်ဗိုက်ထဲ ရောက် လာတဲ့ သန္ဓေသားကို လူဖြစ်အောင် မွေး၊ လူတန်းစေ့အောင် ထားတယ်။

ဒါကြောင့် မိခင်ဆိုတာက သားသမီးကို ချစ်တဲ့ စိတ် က ဖခင်တွေထက် ပိုတယ်။ မိခင်တွေရဲ့ မေတ္တာစေတ်က ပိုကြီးကြတယ်။ ဒါကြောင့် မိခင်တွေရဲ့ အာဆိပ်က သား သမီးအပေါ်မှာ ပိုပြီး စူးရှတယ်။ ထိရောက်တယ်။

သားသမီးအပေါ်မှာ ဖြူစင်တဲ့ မေတ္တာစေတ်စစ်စစ်နဲ့ ဘာဆိုဘာမှ ပြန်ရယူလိုတဲ့ စိတ်စေတ်မရှိဘဲ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့ကြတဲ့ အမေတွေရဲ့ စကားတစ်ခွန်းဟာ သားသမီးတွေအပေါ်မှာ တော်တော်စူးရှ သက်ဝင်တယ်။

တဒင်္ဂ၊ အခန့်မသင့်လို့ သားသမီးကို ကားတိုက်သေ ပါစေ၊ လူသတ်လို့ သေပါစေ၊ မိုးကြိုးပစ်လို့ သေပါစေ ဆိုပြီး မကျိန်ဆိုကြနဲ့။ မိခင်ရဲ့ မေတ္တာစေတ်ဟာ ကြီးမားလွန်း လို့ တကယ်ဖြစ်တတ်တယ်ဆိုတဲ့ အကြောင်းကို ပြောပြ ချင်လို့ ဒီဆောင်းပါး(ဝတ္ထု)တိုကလေးကို ရေးပြရတာပါ။

ကျွန်တော်ရေးသမျှ ဝတ္ထုတွေဟာ တကယ်အဖြစ်မှန် တွေပါ။ အခုဇာတ်ကြောင်းကို စကုမြို့ရောက်ရင် မေးကြည့် တစ်မြို့လုံး သိခဲ့တဲ့ ဇာတ်ကြောင်းအမှန်ပါ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

မခင်အေးတစ်ယောက် သားသမီးကို စောင့်ရှောက်ဖို့ ရှာကျွေးရတာ လွယ်တယ်မထင်နဲ့။

တစ်ခါမှာတော့ ရွှေကျောင်းရှာ သောင်ပြင်မှာ နားနေတုန်း လူမမြင်ရဘဲ လက်အကြီးကြီးလာပြီး ပလိုင်းထဲက ငါးတွေ အကုန်နှိုက်ယူနေတာ မခင်အေး မြင်တော့…

"ဟဲ့ - သေနာကောင်၊ နင့်ဘာသာနင်တော့ ရှာမစားဘဲ၊ ငါ ပင်ပင်ပန်းပန်းရှာထားတာတွေ အကုန်မယူသွားနဲ့။ တစ်ဝက်ထားခဲ့ဦး"

ဆိုပြီး လက်ပိုင်ရှင်ကို ပြောလိုက်တော့ လက်ပိုင်ရှင်က ပလိုင်းထဲက ငါးတစ်ဝက်ကို သောင်ပြင်ထဲ လွှင့်ပစ်ခဲ့လို့ တစ်ကောင်ချင်း လိုက်ကောက်ယူရသေးတယ်။

မခင်အေးနဲ့ တစ္ဆေတွေကလည်း ခဏခဏ ရန်ဖြစ်ကြရတယ်။ သူတို့အဖို့တော့ ဒီကိစ္စတွေက ရိုးအီနေပြီလေ။ မကြောက်တော့ဘူး။ သရဲတစ္ဆေတွေနဲ့ သူငယ်ချင်းတောင် ဖြစ်နေကြပြီ။

တစ်ခါတစ်ရံ အလုပ်မဖြစ်ရင် အဲဒီ သရဲ တစ္ဆေတွေကို အကူအညီတောင်းရတယ်။ သူတို့ ရှာပေးတော့လည်း ပလိုင်းအပြည့်ရခဲ့တာ ရှိတယ်။ အမြဲတမ်းတော့ တောင်းလို့ မရဘူးပေါ့။

တစ်ခါတစ်ရံမှာတော့ အိမ်မှာ ကြက်၊ ဘဲနဲ့လို့ သေရင် ချောင်းထဲ လာပစ်ကြတယ်။ အဲသလို ကြက်သေတွေ့ပြီဆိုရင်တော့ မခင်အေးတို့ဗိုက် ခွေးနမ်းပြီသာ မှတ်တော့။ ယူပြီး ချက်စားတော့တာပဲ။ ကားတိုက်လို့ သေသေ၊ လူသတ်လို့ သေသေ၊ ခွေးသေတစ်ကောင်တွေ့ပြီဆိုရင် ခေါင်းတွေ၊ ခြေလက်တွေ၊ အူတွေကို ဖြတ်တောက် ခုတ်ထစ်ပြီး ချောင်းထဲ မျှောလိုက်တယ်။ အသားတွေကိုတော့ ယူပြီး အမဲညှင်းလို ခွေးသားကို ညှင်းပြီး နေလှန်းတယ်။ မခြောက်တခြောက်ဖြစ်လာတော့ စကုမြို့ပေါ်မှာ ရှိတဲ့ အရက်ဆိုင်၊ ထန်းရည်ဆိုင်တွေမှာ သွားရောင်းတော့တာပဲ။ အဲဒီအခါဆိုရင် လက်ထဲ ငွေတစ်ထောင်၊ နှစ်ထောင်တော့ ရတာပဲ။ အဲဒီငွေကို ဆန်၊ ဆီ ဝယ်ထားတတ်တယ်။

အရွယ်ရောက်လာတဲ့ သမီးနှစ်ယောက်က ဒီကိစ္စတွေကို ရှက်ကြတယ်။ အမေ့ကို ဒီလိုမလုပ်ဖို့ ပြောတယ်။ သမီးနှစ်ယောက်က တောထဲသွားပြီး သစ်သီးသစ်ရွက်ရှာခူး၍ ဈေးမှာ ရောင်းပြီး ပိုက်ဆံရှာတယ်။ သူတို့ကျွေးတာ စားဖို့ အမေ့ကို ပြောတယ်။ အမေက မရဘူး။ သူလုပ်နေကျ အလုပ်ကို လုပ်နေတော့တာပဲ။

သမီးအကြီးကတော့ ဖျောင်းဖျောင်းဖျဖျနဲ့ ပြောတယ်။



သမီးအငယ်ကတော့ အမေ့ကို ဆဲဆိုပြီး နင်ပဲငစ ပြန်ပြေ…
တယ်။ ဒီတော့ အမေ မခင်အေးက

"နင်က မိုးကြိုးပစ်ခံရပြီး သေမှာ၊ ကားတိုက်ပြီး သေ…
မှာ၊ လူရိုက်ခံရပြီး သေမှာ"

လို့ စိတ်ထဲက မပါပေမယ့် သမီးကို ကျိန်ဆဲတယ်…

♦♦♦

နွေခေါင်ခေါင် တန်ခူးလရဲ့ ရက်တစ်ရက်မှာ မခင်အေး…
နဲ့ သူ့သမီး အငယ်မတို့ စကုဈေးကြီးထဲမှာ ရန်ဖြစ်၊ နပ…
လုံးကြတာ ထဘီ၊ အင်္ကျီတွေ စုတ်ပြဲ ကျွတ်ကျကြတယ်…
အရက်တွေ ကွဲကြတယ်။

ဈေးသူဈေးသားတွေ ဝိုင်းဖွဲလို့ ရန်ပွဲပြီးသွားတော့ စ…
မန်းချောင်းကို ဖြတ်ပြီး သားအမိသုံးယောက် အိမ်ကို ပြ…
ကြတယ်။ အမေက ရှေ့ဆုံးက၊ သမီးအငယ်က အလ…
သမီးအကြီးက နောက်ဆုံးက လိုက်လာကြတယ်။ တ…
ယောက်နဲ့ တစ်ယောက် လက်တစ်ကမ်းအကွာအ…
လျှောက်လာကြတာ။ သမီးအငယ်က ရန်ပွဲကိစ္စ မပြီး…
မဆီးနိုင် နောက်ကနေပြီး အမေကို…

"အလကား ခွေးမကြီး၊ ခွေးလို အလေလိုက်ပြီး သ…
တွေကို မွေးထားတယ်။ လူနဲ့သူနဲ့ တူအောင်လည်း မ…
နိုင်၊ မကျွေးနိုင်ဘူး။ သားသမီးအရှက်ကိုပဲ လိုက်ခွဲနေတယ်…

www.burmeseclassic.com

လို့ တတွတ်တွတ်ပြောနေတယ်။ အမေကို ခွေးလို့ ပြောတာ အားမရနိုင်သေးဘဲ ဖေတော့ မောင်တော့နဲ့ မကြားဝံ့ နာသာ စကားတွေ ပြောပြီး ဆဲလိုက်လာတယ်။

အမေကတော့ . . .

"အေးပါ၊ အမေကို ခွေးနဲ့ နှိုင်းပါ။ နင်က မြေမျိုမယ့် ကောင်မ။ မိုးကြိုးပစ်ခံရပြီး သေမယ့် ကောင်မ"

လို့ ထပ်ပြန်တလဲလဲ ပြောဆိုလာကြတယ်။

သမီးအကြီးကတော့ အမေ့ကိုလည်း တော်ဖို့၊ ညီမ လေးကိုလည်း အမေ့ကို ပြန်မပြောဖို့ ဖျောင်းဖျတယ်။ မရ ဘူး။

ချောင်းအလယ်ကို ရောက်လာပေမယ့် သမီးအငယ် ဆုံးက အမေ့ကို ဆဲနေတုန်းပဲ။ အမေကလည်း "နင်က ကြိုးပစ်ခံရပြီး သေမှာ"လို့ ကျိန်ဆဲနေတုန်းပဲ။ အဲဒီအခိုက် မှာပဲ . . .

"ဝုန်း"

"ဂျိုး"

"ဒုန်း"

ပြင်းထန်လှတဲ့ အသံကြီးကြားရပြီး ကောင်းကင်ပေါ် မီးတန်းကြီးက အလယ်မှာ သွားနေတဲ့ သမီးငယ်ကို ထိမှန်စွဲလောင်တော့တာပဲ။ အမေကို ခွေးနဲ့ နှိုင်းနေတဲ့ သမီး ငယ်ကို မိုးကြိုးပစ်ချလိုက်တာလေ။

တစ်ကိုယ်လုံး မီးသွေးခဲလို မည်းသွားတယ်။ အမေနဲ့ အစ်မက မယုံနိုင်တဲ့ မျက်လုံးတွေနဲ့ ရပ်ကြည့်နေမိတယ်။ မယုံနိုင်လောက်တဲ့ အဖြစ်အပျက်ကြောင့် ကြောင်ပြီး ရပ် ကြည့်နေကြတာလေ။

နွေခေါင်ခေါင် မိုးကြိုးပစ်တယ်ဆိုတာ ကြားဖူးပေမယ့် က်တွေ့ မကြုံဘူးတဲ့ စကုမြို့သူမြို့သားတွေ ချောင်းထဲ ဆင်းပြေးလာကြတယ်။ ကြားဖူးတာက မိုးကြိုးပစ်ရင် ၁၀ပေ အကွာက လူတောင် စက်ကွင်းမလွတ်ဘူးလို့ ပြောကြတယ်။ ဒါပေမယ့် လက်တစ်ကမ်းအကွာမှာ ရှိတဲ့ အမေနဲ့ အစ်မ ဘာမှမဖြစ်ဘူး။ အံ့သြဖို့ တော်တော်ကောင်းတယ်။

"အောင်မလေး . . . သမီးရယ်၊ နင် ဒီလို တကယ် ကြိုးအပစ်ခံရမယ်မှန်း သိရင် အမေ မကျိန်ဆိုပါဘူး"

လို့ ပြောပြီး မခင်အေး သမီးကို ဖက်ငိုနေတယ်။ အမေကတော့ မပဋ္ဌာ မြေလူး ငိုနေတော့တာပေါ့။

ဒီတုန်းက ကျွန်တော်က "စိန်သဖူ"ဆိုတဲ့ နာမည်နဲ့ ဇာတ်ပွဲထောင်ထားတယ်။ ပြာသိုလမှ တန်ခူးလအထိ မန်းချောင်းသောင်ပြင်မှာ တဲထိုးပြီးနေတဲ့ အချိန်က ကိုယ်

တိုင် မြင်တွေ့လိုက်ရတဲ့ အဖြစ်အပျက်ကလေးပါ။ ကြုံကြိုက် လိုက်လို့ စကုရောက်ရင် ဒီဇာတ်ကြောင်းကို ဘယ်သူ့မေး မေး ပြန်ပြောပြကြပါလိမ့်မယ်။

◆◆◆

ဒါကြောင့် မှတ်သားလိုက်ရတာကတော့ ကရုဏာရှင် မိခင်မှန်သမျှ စိတ်ပါလို့ ဖြစ်ဖြစ်၊ စိတ်မပါဘဲ ဖြစ်ဖြစ် တဒင်္ ဒေါသစိတ်နဲ့ သားသမီးတွေကို မကျိန်ဆဲမိကြပါစေနဲ့လို့ သတိပေး ရေးသားလိုက်ရပါတယ်။

စာရေးသူအနေနဲ့ စာဖတ်ပရိသတ်ကို ပေးချင်တဲ့ အဓိက သင်ခန်းစာ သော့ချက်ကတော့ သားသမီးများအနေ နဲ့ ကိုယ့်ကို ဖဝါးလက်နှစ်လုံး၊ ပခုံး လက်နှစ်သစ်ကတည်း က လူဖြစ်အောင် ကျွေးမွေးပြုစုလာခဲ့တဲ့ မိခင်၊ ဖခင်တွေက ဝမ်းစာအတွက် ရရာအလုပ်ကို လုပ်ကိုင်ကျွေးမွေးခဲ့ရတဲ့ အတွက် သူခိုးဖြစ်ရင် ဖြစ်မယ်၊ ဓားပြဖြစ်ရင် ဖြစ်မယ်၊ အရက်သမား၊ ဘိန်းစားဖြစ်ရင် ဖြစ်နေမယ်၊ သူတောင်းစား ဖြစ်ရင် ဖြစ်မယ်၊ ကိုယ်နဲ့ရင်းပြီး လုပ်ကျွေးနေသူ ဖြစ်ရင် ဖြစ်မယ်၊ ဘယ်လိုပဲ ဖြစ်နေနေ အဖေဟာ အဖေပဲ၊ အမေ ဟာလည်း အမေပါပဲ။ ဒါကြောင့် နင်ပဲငစ ပြန်မပြောမိအောင် ရှောင်ကြပါ။

မိဘများအနေနဲ့ကလည်း သားသမီးတွေ ဘယ်လောက် ဆိုးဆိုး စိတ်ထဲက ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ၊ ကျိန်စာ မတိုက်မိကြပါစေနဲ့။ မိဘများ၏ အာဆိပ်သည် ဝဇီဗေဒ ထိတိုင်းရှတတ်ကြောင်း အသိပေးလိုက်ရပါတယ်။

သဗ္ဗေ၊ သခါရ၊ အနိစ္စ

* * *

မကျေးညို့စိမ့်



www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုးမိုးနိုင် ■

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

**S.M.H**

**မေး ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။**

ဖြေ။ ။ S.M.H သည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ကြက်(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်အရ မိန်ရာသီဖွား(Pisces)ဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၉)ဂဏန်းသမားဖြစ်ခြင်းကြောင့် ငယ်စဉ်ဘဝမှာ အခက်အခဲများကြားမှ ရုန်းကန်ခဲ့ရသည်။ မိမိကိုယ်မိမိ အားကိုးယုံကြည်သည်။ မိမိကိစ္စတွင် သူတစ်ပါးက ဝင်ရောက် စွက်ဖက်မှုမျိုးကို လုံးဝ မနှစ်သက်တတ်ပေ။

ချစ်သူသည် တရုတ်ဝေဒ ပညာရပ်အရ မျောက်(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး၊ (၅)ဂဏန်းသမားဖြစ်သည်။ ကုမ်ရာသီဖွား(Aquarius) ဖြစ်သည်။ ထို့ကြောင့် အချစ်နှင့် ပတ်သက်ပြီး အစွန်းရောက်သူဖြစ်၏။

S.M.H ၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် နှလုံးသားဖြင့် ခံစားပြီး စိတ်အလိုလိုက်လျှင် အမှားကြုံမည်။ သူကြင်မှ ကိုယ်ကြင်ဆိုသော စကားရှိ၏။ ကိုယ့်အပေါ် မကြင်နာဘဲ ကျောခိုင်းသွားသည့်သူကို ဆက်ပြီး လွမ်းမေ တမ်းတမနေပါနှင့်။ သင့်နှလုံးသား ခံစားချက်များကို ထိန်းသိမ်းနိုင်လျှင် ဘဝပျော်ရွှင်မှု ရရှိပေလိမ့်မည်။

**A.J.L**

ဘားအံမြို့ ကရင်ပြည်နယ်။

**မေး ။ ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။**

ဖြေ။ ။ A.J.L သည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ နဂါး(မြေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ကရကဋ်ရာသီဖွား(Cancer)ဖြစ်၏။ ဂဏန်းဗေဒင်ပညာရပ်အရ (၃)ဂဏန်းသမားဖြစ်ခြင်းကြောင့် ကြီးမြတ်လိုသောစိတ် ထက်သန်သည်။ လက်အောက်ငယ်သားဖြစ်ရခြင်းကို မကျေနပ်တတ်ပေ။ ဩဇာပေးချင်သည်။ အမိန့်နာခံရသော အလုပ်မျိုးကို မနှစ်သက်တတ်ပေ။ မိမိအမိန့်ကိုလည်း နာခံမှ ကျေနပ်သည်။ စည်းကမ်းစနစ်ကြီးသည်။ ပျော်သည် ဖြစ်စေ၊ မပျော်သည် ဖြစ်စေ တာဝန်ကျေပွန်သည်။

(၃)ဂဏန်းသည် ရတနာမြတ်သုံးပါးကို ရည်ညွှန်းခြင်းကြောင့် မြင့်မြတ်သည်။ ထို့ကြောင့် ၃ ဂဏန်းပိုင်ရှင်ဖြစ်သော A.J.L သည် ဘာသာတရား အဆုံးအမနှင့် နေထိုင်သင့်၏။

ဘဝတိုးတက်အောင်မြင်လိုခြင်းသည် ရက်စက်မှု မဟုတ်ပေ။ ဘဝကြီးပွား အောင်မြင်မှုကို အမှန်တကယ်လိုချင်၍ ထိုက်သင့်သော ဖွဲ့လုံ့လဟူသော ရင်းနှီးမြှုပ်နှံမှုကို ပြုရန် ဆန္ဒရှိသူတိုင်းသည် အောင်မြင်မည်သာ ဖြစ်၏။

A.J.L အနေဖြင့် အမှန်တကယ် ကြီးပွားအောင်မြင်ချင်ရင်...

* ငွေကြေးကုန်ကျမှာ မကြောက်နဲ့။
* လုပ်ငန်းမှာ မကြောက်နဲ့။
* အချိန်ကုန်မှာ မကြောက်နဲ့။
* သီလ၊ သမာဓိ၊ ပညာမရှိသူတွေ ကဲ့ရဲ့မှာ မကြောက်ပါနဲ့။
* ခက်ခဲမှာကို မကြောက်ပါနဲ့။
* ကြီးပွားအောင်မြင် တိုးတက်ဖို့ရန် ဘုရားရဟန္တာ အစရှိသော ပညာရှိ သူတော်ကောင်းများ ချီးမွမ်းသောအလုပ်ကို လုပ်ပါ။

A.J.L အတွက် ဘဝအောင်မြင် တိုးတက်ရေး ကျင့်စဉ်တစ်ရပ်မှာ နံနက်တိုင်း စောစောထပြီး အိမ်ဦး ဘုရားမှာ ပန်း၊ ရေချမ်း နံ့သာနှင့် ဖယောင်းတိုင်ပွဲ လှူဒါန်း ကုသိုလ်ပြုပါ။ ပြီးလျှင် ငါးပါးသီလခံယူပြီး မင်္ဂလသုတ်တော်

www.burmeseclassic.com

ရွှတ်ဖတ် ပူဇော်ပါ။ ထိုသို့ နေ့စဉ်နေ့တိုင်း ရွတ်ဆိုပါ။ င်္ဂလသုတ်၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပါ။ မင်္ဂလသုတ် အချက်များကို လိုက်နာကျင့်ကြံပါက အောင်မြင် ပျော်ရွှင်သော ဘဝကို မုချ ပိုင်ဆိုင်ရပါလိမ့်မည်။

ဒေါ်မြင့်ကြည်
ရွှေညောင်မြို့၊ ပြည်ထောင်စုလမ်းမကြီးနံဘေး။

**■ ဘဝအခက်အခဲမှ လွတ်မြောက်ရေး အတွက် ကျင့်စဉ်တစ်ရပ်ကို လိုအပ်ပါ သည်။**

■ ဒေါ်မြင့်ကြည်သည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင် ဆရာရပ်အရ ခွေး(မြေ)နှစ်ဖွား ဇာတာရှင်ဖြစ်သည်။ ထို့ ကြောင့် သစ္စာတရားကို ဦးထိပ်ပန်ဆင်သည်။

ဒေါ် မြင့်ကြည်အနေဖြင့် အိုးပိုင်အိမ်ပိုင် မရှိဘဲ မြေလေးဖြင့် ချို့ချို့ကဲ့တဲ့ နေရရှာသည်။ အကြွေးများမှာ တိုးတက်ပြီး စိတ်ဒုက္ခရောက်ရရှာသည်။ လောကဓံ တိုင်းကြီးသည် ဒေါ် မြင့်ကြည်ကို အားစမ်းနေခြင်းပင် ပါသည်။

ဒေါ် မြင့်ကြည်၏ နှလုံးသားမှာ ကြွေးမကြေမှာ ကြောက်သောစိတ်က အမြစ်တွယ်နေ၏။ ထို့ကြောင့် နှလုံး သားမှာ ပျော်ရွှင်မှု မည်သို့မှ မရနိုင်ပါ။ စိတ်လက် မကြည် လင်သောလူသည် ကုသိုလ်၊ ပညာ၊ ဥစ္စာရရှိရန် မလွယ် ပေ။ စိတ်ပျော်ရွှင် ကြည်လင်မှသာ ကုသိုလ်၊ ပညာ၊ ဥစ္စာတို့ ရရှိနိုင်ပေလိမ့်မည်။

*တစ်ခါတုန်းက အနောက်နိုင်ငံမှာ နေသော လူလတ်တစ်ဦးသည် အကြွေးများသောကြောင့် စိတ်ညစ်နေ ရသည်။ ကံဟုပဲ ဆိုရပေလိမ့်မည်။ သူသည် စီးပွားဖြစ် ခဲ့ ကုန်စုံဆိုင်တစ်ဆိုင်ဖွင့်ရင်း အမြတ်မရဘဲ အကြွေးများ တင်လာသည်။ ထိုအကြွေးသည် ၇နှစ်လောက်ဆပ်မှ ကြေ ပေလိမ့်မည်။ သူသည် အလွန်ပင် သေချင်လောက်အောင် စိတ်ညစ်နေမိသည်။ တစ်ရက်မှာ သူသည် စိတ်အားငယ်စွာ ဖြင့် ဘဏ်သို့ ငွေချေးသွားခဲ့သည်။ အသွားလမ်းမှာ ခြေ ထောက်ပြတ်နေသော လူတစ်ယောက်က ပြုံးပြုံးရွှင်ရွှင်ဖြင့် သစ်သားဘီး ကုလားထိုင်ကို လမ်းဘေး ပလက်ဖောင်းပေါ်မှာ ခြေသည်းအားစိုက်တွန်းနေသော မြင်ကွင်းလေးကို မြင်လိုက် သည်။ ထိုအမှတ်မထင် တွေ့မြင်လိုက်ရသော မြင်ကွင်း လေးက သူ့ဘဝကို များစွာပြောင်းလဲပေးလိုက်သည်။ သူ့ စိတ်အားများ တက်ကြွသွားသည်။ သူ့တွင် အကြွေးရှိသည် မှာ မှန်သော်လည်း သူ့တွင် သွားနိုင်လာနိုင်သော ခြေများ ရှိသည်။ တန်ဖိုးရှိသောလက်များ ရှိသည်။ စဉ်းစားတွေးခေါ် နိုင်သော ဦးနှောက်ရှိသည်။ သူ့မှာ ပိုင်ဆိုင်သော အရာများစွာ ရှိပေသေးသည်။ တကယ်တော့ လူများ မပျော်ရွှင်ဘူး ဆို သည်က မပိုင်ဆိုင်သော အရာများအကြောင်းကို တွေးမိ ခြင်းကြောင့်ပါ။ မိမိပိုင်ဆိုင်သောအရာများကို တွေးမိလျှင် ပျော်ရွှင်ရပေလိမ့်မည်။ အကြွေးမကြေမှာ ကြောက်သော စိတ်နေရာတွင် ပျော်ရွှင်စိတ်ဝင်သွားသည်။*

*သူသည် ဘဏ်သို့ ရောက်သောအခါ မူလက တစ်သိန်းသာ ချေးရန် စိတ်ကူးထားသော်လည်း ယခုတော့ နှစ်သိန်းချေးလိုက်သည်။ ဘဏ်မန်နေဂျာကလည်း သူ၏ တက်ကြွသော အမူအရာကြောင့် ယုံကြည်ပြီး သူတောင်းဆို သည့်အတိုင်း ချေးပေးလိုက်သည်။ ပျော်ရွှင်စိတ်ကို အရင်း တည်လျက် ရရှိလာသော နှစ်သိန်းဖြင့် စီးပွားရင်းနှီးလိုက် သည်မှာ ကြွေးများ ကြေပြီး ပြည့်စုံသောဘဝကို ပိုင်ဆိုင်သွား လေတော့သည်။*

ဒေါ်မြင့်ကြည်အတွက် အကောင်းဆုံး အကြံပေး လိုသည်က ကြွေးမကြေမှာ ကြောက်သောစိတ်နေရာမှာ မေတ္တာစိတ်ကို အစားထိုးပါ။ မေတ္တာတရားသည် အလွန်ပင် အစွမ်းထက်ပြီး ဆန်းကြယ်လွန်းလှသည်။ ရှေးအခါက မိမိ ၏ သားငယ်အပေါ်မှာ မေတ္တာစိတ်ဖြင့် နေသော နွားမကြီး ကို မြားမှန်သောအခါ မြားဆိပ်မတက်ဟု ဆိုသည်။ မေတ္တာ သည် အဆိပ်ကိုလည်း နိုင်၏။ မေတ္တာသည် အခက်အခဲမှ လွတ်မြောက်နိုင်သော စွမ်းအားလည်း ရှိ၏။

ဒေါ် မြင့်ကြည်အတွက် လောကဓံ အခက်အခဲ မှ လွတ်မြောက်စေရန် ပထမဦးစွာ မိမိကိုယ်မိမိ မေတ္တာပို့ ပါ။ ထို့နောက် ကြွေးရှင်များကို စစ်မှန်သော စေတနာ မေတ္တာကို အရင်းခံလျက် မေတ္တာပို့ပါ။ ရပ်နေစဉ် ဖြစ်စေ၊ လမ်းလျှောက်နေစဉ် ဖြစ်စေ၊ လဲလျောင်းနေစဉ် ဖြစ်စေ၊ ထိုင်နေစဉ် ဖြစ်စေ၊ မေတ္တာစိတ်ဖြင့် အမြဲနေထိုင်ပါ။ တတ်နိုင် လျှင် မေတ္တာသုတ်တော်ကို ပါဠိလိုသာမက၊ မြန်မာလိုပါ ဆင်ခြင်ပါ။ ပွားများပါ။ လေ့လာပါ။ ပြီးလျှင် အကြွေးများ အမှန်တကယ်ကြေချင်သော စိတ်ရှိကြောင်း သစ္စာဆိုပါ။

မှန်ကန်သော မေတ္တာ၊ သစ္စာရှိလျှင် ဒေါ် မြင့် ကြည်၏ ဘဝအခက်အခဲများမှ လွတ်မြောက်ပြီး ကြွေးကြေ စေရန် ဆုတောင်းပါ၏။ မေတ္တာ၏ အစွမ်းကြောင့် နှလုံးသားဝယ် အေးချမ်းမှု၊ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှု ကြုံပါလိမ့်မည်။

* * *

ဓာတ္တာဒိုင်သိုး‌မိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ် ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်း လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှ လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန် မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A( ) B( ) C( ) D( ) E( ) F( ) G( )

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ၊ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၃၇၄၄၈၅

www.burmeseclassic.com

www.burmeseclassic.com

# တိမ်မြုပ်နေသော

# အန္တရာယ်ကင်း ဘေးရှင်း ရှားပါး "အင်း"

တင်ယုမွန် (ဆင်ဖြူကျွန်း)

ရှေးခေတ် မြန်မာတို့သည် လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ ပညာရပ်တစ်ခုဖြစ်သော "အင်း"ကို စိတ်ဝင်စားကြ၏။ စီမံသူ ဂမ္ဘီရ သူတော်ကောင်း၊ ရဟန်းပညာရှိ၊ လူပညာရှိတို့ များစွာ ပေါ်ထွန်းခဲ့၏။ ထိုအခါက "အင်း"ကို ယုံကြည် အားထားမှု ရှိခဲ့သည်ဆိုမှု၊ မြန်မာ့သမိုင်းမှတ်တိုင်တွင် ဆရာစံ ဦးဆောင်သော လယ်သမားအရေးတော်ပုံကြီး၌ အင်းကို တိုက်ပွဲဝင်သူတို့ အတွက် ကိုယ်ခံအဆောင်အဖြစ် အသုံးပြုခဲ့သည့် သဘော၊ အချက်အလက်ချက်များ၌ မှတ်သား လေ့လာရပါသည်။ ယနေ့ကား အင်းသည် လည်းကောင်း၊ အင်းစီမံမှု ပညာရပ်သည် လည်း ကောင်း တိမ်မြုပ်ဆဲနှင့် ပ,ပျောက်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ဤအခြေအနေမျိုးတွင် ရှေးနှစ်ပေါင်း ၄၀ ကျော်က ရှိခဲ့သည့် ထူးခြားဆန်းကြယ် အံ့ဖွယ်ရာ ရှေးဟောင်း အန္တရာယ်ကင်း ဘေးရှင်း "အင်း"ကို ဖော်ပြခွင့်ရ၍ ဝမ်း မြောက်မိပါသည်။ ထိုရှားပါးအင်းရရှိခဲ့ပုံမှာ မကွေးတိုင်းဒေသ ကြီး စေတုတ္တရာမြို့နယ်၊ တန်းလည်ကျင်းကျေးရွာ ဘုရား ဆွမ်းကပ်ပွဲ စကားဝိုင်းမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ တန်းလည်ကျင်းကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် မြောက်ပိုင်း ၂၆မိုင်ခန့်အကွာ မုန်းချောင်း အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ ထိုရွာ၌ အိမ်ခြေ ၁၀၀ ကျော်သာ ရှိသည်။ ရွာ၏ ချစ်စရာ၊ ကြည်နူး ဂုဏ်ယူ ဖွယ်ကောင်းသော ဓလေ့တစ်ခုရှိသည်။ ဝါတွင်းကာလရောက် တိုင်း ရွာလယ်ဇရပ်တွင် ဘုရားကိုးဆူ ဆွမ်းကပ်လေ့ရှိကြ သည်။ အဖိတ်နေ့တွင် ကသိုလ်ရှင်များက မုန့်များ ကြော် ခြင်း၊ ထီး၊ တံခွန်၊ ကုက္ကား၊ မလေးပွား စသည်တို့ကို ရွာရှိ အမျိုးသား ကြီး/ငယ်/လတ် လာရောက်ဝိုင်းဝန်းစုပေါင်း လုပ်အားဒါနပြုကြသည်။ ရေနွေးပွဲ၊ လက်ဖက်၊ ပဲကြော်၊ ဆေးလိပ်၊ ကွမ်းတို့ဖြင့် ဧည့်ဝတ်ပြုလေ့ရှိကြသည်။

တန်းလည်ကျင်းကျေးရွာ၏ ဘုရားဆွမ်းကပ် ဆရာ ကြီးမှာ ဦးရာပြည့်ဖြစ်ပါသည်။ ဦးရာပြည့်သည် ဘာသာရေး ဆိုင်ရာကိစ္စများတွင် ရွာ၏ အားထားရာ ပုဂ္ဂိုလ်တစ်ဦးဖြစ် ပါသည်။ လောကီ၊ လောကုတ် စုံလင်သည့်အလျောက် ဇာတ်၊ ဇာတက၊ ရှေးဟောင်း နှောင်းဖြစ်များကို ရွာသားတို့ အား ပြောလေ့ရှိ၏။ ထိုနေ့တွင် ကေဒါရကျေးမင်းဖြစ်စဉ် ကြွေးဟောင်းဆပ်၍ ကြွေးသစ်ချသည့်အကြောင်းများကို လူငယ်၊ လူလတ်တို့အား ဦးတည်၍ ဦးရာပြည့်က ပြောပြ နေ၏။ စကားဖြတ်၍···

"ဘုရားလောင်း နုစဉ်အခါက ဖြစ်တော်မူစဉ် ဘယ်နှမျိုးဖြစ်ခဲ့သလဲဗျ"

ဟု ရွာသူကြီး ဦးကျန်ထွန်းက မေးမြန်းလိုက်ရာ ဦးရာပြည့်က···

"ဘုရားလောင်း နုစဉ်အခါက ဖြစ်တော်မူစဉ် ၁၆မျိုး တောင် ဖြစ်ခဲ့သဗျ"

ဟု ပြန်ဖြေလိုက်ပြီး ဘုရားလောင်း နုစဉ်အခါက ဖြစ်တော်မူစဉ် ဘုရားရှိခိုးကို ရွတ်ပြပါတော့သည်။

"အစကြိုးကြာ ဆယ့်ခြောက်ခါတည်း၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညီသုံးခါ၊ သံသာကြူးဟိတ် ကရဝိက် ငါး၊ လေးကာ ကိန္နရီ၊ ဇာမဏီဆယ့်ငါး၊ မျောက်ကား တစ်

www.burmeseclassic.com

ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ်လေး၊ ကေားသိန္ဓ၀၊ ကျွဲအငွတည်း၊ သံမျှသာညောင်း ဥဒေါင်းနှစ်ခါ၊ သာလိကာ သတ္တာ၊ ဒွိဒသကြက်၊ ဝက်ဖြစ်ဆယ့်သုံး၊ ပေါင်းရုံးများလှ၊ တစ်ရာ့သုံးဆယ့်ခြောက်ဖြစ်ကယ်၍၊ အန္တရာယ်မငြိ ဘေးမရှိသား၊ မုနိထွတ်ထား မြတ်ဘုရားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါမြတ်နိုး ရှိခိုးပါ၏ ဘုရား"

အန္တရာယ်ကင်းရန်အတွက် ရှေးက သူတော်ကောင်း ပညာရှိကြီးများ စီမံ အသုံးပြုခဲ့သော "အင်း"

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

ရွှေပြား၊ ငွေပြား အစရှိသည်တို့ပေါ်တွင် အထက်ပါ အန္တရာယ်ကင်း "အင်း" ရေးပြီး အမြဲတစေဆောင်ထားပါက ဒိဋ္ဌဓမ္မ ဝေဒနီယအကျိုးများ ခံစားနိုင်ပါသည်။

"ကိုရာပြည့်ရေ... ခင်ဗျားရွတ်ပြတဲ့ ဘုရားလောင်း နှစဉ်အခါက ဘုရားရှိခိုး ကြားရတော့ ရှေးဂမ္ဘီရ ရဟန်းပညာရှိ လူပညာရှိများက ဘုရားလောင်း နှစဉ်အခါက ဖြစ်တော်စဉ်ကို အင်းဆန်သွင်းထားတာ၊ ထူးခြားအံ့ဖွယ်ရာပါပဲဗျာ"

ဟု ဗိန္ဒောဆရာ ဦးသာဒွါးက ပြောပြောဆိုဆို စက္ကူလွှတ်တစ်ရွက်ယူပြီး အင်းကွက်များကို ဆွဲပြပါသည်။ တစ်ဆက်တည်း ဦးသာဒွါးက "အင်းရဲ့ ထူးခြားတာကတော့ -

အလျားလိုက် ပေါင်းခြင်း = ၁၆+၉+၆+၃ = ၃၄

ဒေါင်လိုက် ပေါင်းခြင်း = ၁၆+၅+၁၁+၂= ၃၄

ထောင့်ဖြတ် ပေါင်းခြင်း = ၁၆+၄+၁+၁၃= ၃၄

အပြန်အလှန်ပေါင်းခြင်းများလည်း ၃၄-ဂဏန်းများ ဖြစ်တယ်ဗျ" ဟု ပြောရင်း ဆွဲထားသော အင်းကို ပြပါသည်။ နီးစပ်ရာအကွက်လေးကွက်ပေါင်းရခြင်းကို ၃+၄ = ၇ ဖြစ်လို့ ၇ရက်သားသမီးတို့အတွက် အန္တရာယ်ကင်း ဘေးရှင်းတဲ့ အင်းဖြစ်တယ်လို့ ဦးသာဒွါးက ဆွဲပြသော အင်းကွက်များမှ ဂဏန်းများ ပေါင်းပြသည်မှာ (၃၄)ဖြစ်ကြောင်း အံ့သြစွာ တွေ့မြင်ရပါသည်။

ဘုရားအလောင်းတော် နှစဉ်အခါက ဖြစ်တော်မူစဉ် ဘုရားရှိခိုး

| | |
|---|---|
| ၁။ အစကြိုးကြာ ဆယ့်ခြောက်ခါတည်း၊ | ၉။ ဆင်ဝယ် ဆယ့်တစ်၊ |
| ၂။ ဟင်္သာ ကိုးဖြစ်၊ | ၁၀။ နွားဖြစ် ဆယ်လေး၊ |
| ၃။ ခြောက်ဖြစ်ကား ဒိုး၊ | ၁၁။ ကေား သိန္ဓ၀၊ |
| ၄။ ကျေးညို သုံးခါ၊ | ၁၂။ ကျွဲ အငွတည်း၊ |
| ၅။ သံသာကြူးဟိတ် ကရဝိတ်ငါး၊ | ၁၃။ သံမျှသာညောင်း ဥဒေါင်း... |
| ၆။ လေးကာ ကိန္နရီ၊ | ၁၄။ သာလိကာ သတ္တာ၊ |
| ၇။ ဇာမဏီ ဆယ့်ငါး၊ | ၁၅။ ဒွိဒသ ကြက်၊ |
| ၈။ မျောက်ကား တစ်ဆယ်၊ | ၁၆။ ဝက်ဖြစ် ဆယ့်သုံး၊ |

ပေါင်းရုံးများလှ၊ တစ်ရာ့သုံးဆယ့်ခြောက်ဖြစ်ကယ်၍၊ အန္တရာ... မငြိ ဘေးမရှိသား၊ မုနိထွတ်ထား မြတ်ဘုရားကို၊ သုံးပါးမှန်... ဝန္ဒနာဖြင့်၊ သဒ္ဓါမြတ်နိုး ရှိခိုးပါ၏ ဘုရား။

အင်း၏ ထူးခြားဆန်းကြယ် အံ့သြဖွယ်များ

အလျားလိုက်၊ ဒေါင်လိုက်၊ ထောင့်ဖြတ် အပြန်အ... ပေါင်းခြင်းများသည် (၃၄)ဂဏန်းဖြစ်ပါသည်။ အတွင်း... နီးစပ်ရာ အကွက်လေးကွက်ပေါင်းခြင်းသည်လည်း (၃၄)ဂ... ဖြစ်ပါသည်။ (၃ + ၄ = ၇) ဖြစ်လို့ ၇ရက်သားသမီးတို့အတွ... အန္တရာယ်ကင်း ဘေးရှင်း "အင်း" ဖြစ်ပါသည်။

ထိုစဉ်အခါက ကျွန်တော်ရေးကူးထားသည့် ဘု... လောင်း နှစဉ်အခါက ဖြစ်တော်မူစဉ် ဘုရားရှိခိုးနှင့် ထူး... ရားပါး အင်းကွက်များကို ဒိုင်ယာယီမှ ကူးယူ၍ ဂမ္ဘီရ... ကြယ် မဂ္ဂဇင်း စာဖတ်သူများ အန္တရာယ်ကင်း ဘေးရှင်း... ဒိဋ္ဌဓမ္မအကျိုး ခံစားနိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

စက္ကူပေါ်တွင် အောက်ပါ အန္တရာယ်ကင်း ဘေး... အင်း၊ ကျောဘက် မျက်နှာတွင် ဘုရားလောင်း နှစဉ်အခါ... ဖြစ်တော်မူစဉ် ဘုရားရှိခိုးကို ကွန်ပျူတာ စာစီပြီး ပ... စတစ်လောင်းကာ အမြဲတစေဆောင်ထားလျှင် ဒိဋ္ဌ... ဝေဒနီယအကျိုးများ ရရှိခံစားနိုင်ပါသည်။

* * *

တင်ယုမွန်(ဆင်ဖြူ...




www.burmeseclassic.com

www.burmeseclassic.com

# အပူလောင်နာအတွက် ပျောက်တဲ့နည်း

သျှင်ထွေး (သန်လျင်)



မီးလောင်ခံရတာမျိုး၊ မီးဟပ်ခံရတာမျိုး၊ ပြီးတော့ ဆီးပူလောင်၊ ရေနွေးပူလောင်တာမျိုးတွေကို ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ အခြားသူများမှာပဲ ဖြစ်ဖြစ်၊ ကြုံတွေ့ ခံစားရပြီဆိုရင် လတ်တလော ဖြေရှင်းကုသပေးနိုင်တဲ့ နည်းကောင်းလေးကို ညွှန်းလိုပါတယ်။

ကုသတာ လွယ်သလို အသုံးပြုရတဲ့ ပစ္စည်းကလည်း ခက်ခက်ခဲခဲ မဟုတ်ပါဘူး။

အပူလောင်ပြီဆိုတာနဲ့ ကြက်ဥအကာကို ချက်ချင်း သုတ်လိမ်းပေးပါ။ ဒီလိုဆိုရင် သက်သာပျောက်ကင်းပါတယ်။ ကြက်ဥအကာကို သုတ်လိမ်းပေးခြင်းဖြင့် အရည်ကြည်ဖု ပေါက်ခြင်း မဖြစ်တော့ပါဘူး။ အမာရွတ် ထင်ကျန်ခြင်းလည်း မရှိပါဘူး။

အပူအမျိုးမျိုးလောင်လို့ သက်သာပေမယ့် ခရုသင်းလို အဖြူကွက်တွေ၊ အမာရွတ်တွေ ထင်ကျန်ရစ်ရင် အခက်တွေ့ ရမှာပါ။ သေချာအောင် နောက်တစ်နည်း ပြောပြပါဦးမယ်။

အပူလောင်လို့ အနာသက်သာ ပျောက်ကင်းစ ပြုပြီ ဆိုပါစို့၊ ကွမ်းသီးကို ကျောက်ပျဉ်ပေါ်မှာ သွေးပါ။ သွေး၍ ရသော ကွမ်းသီးရည်ဖြင့် တစ်နေ့ သုံးကြိမ်ထက်မနည်း သုတ်လိမ်းပေးပါ။ ခရုသင်းလို အဖြူကွက်၊ အမာရွတ်တွေ မဖြစ်တော့ဘဲ မူလအသားအရေအတိုင်း ပြန်လည်ကောင်း မွန်လာပါလိမ့်မယ်။

* * *

သျှင်ထွေး(သန်လျင်)

www.burmeseclassic.com




# ဆင်ပေါ်ကလူ

သက်နှင်းသွေ့ (ပုပ္ပါး)

www.burmeseclassic.com

www.burmeseclassic.com

(၁)

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဖြစ်သည်။ မြေလတ်ဒေသရှိ မြို့လေးတစ်မြို့တွင် ရတနာသုံးပါးကို အလွန်ကိုင်းညွှတ်သည့် အမျိုးသမီးတစ်ဦး ရှိခဲ့လေသည်။ ထိုအမျိုးသမီးသည် သူမ၏ အိမ်ဦးနတ်ဖြစ်သည့် ခင်ပွန်းကိုလည်း ချစ်ခင်လေးမြတ်စွာ ဂါရဝထားတတ်သူဖြစ်သည်။ သားသမီးတွေကိုလည်း သိမ်မွေ့စွာ ဆုံးမသွန်သင် ပဲ့ပြင်ရင်း ပြုစုကျွေးမွေးထိန်းကျောင်းတတ်သူဖြစ်လေသည်။ ရတနာမြတ်သုံးပါးနှင့်ဆိုင်သည့် ဆွမ်းတော်လောင်းလှူခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ပန်း ရေ ဆီမီး ကပ်လှူခြင်း၊ ဗုဒ္ဓါနုဿတိ ဘာဝနာဂုဏ်တော်ပွားများခြင်း စသည့် နိစ္စပတ်ဝတ်တို့ကိုလည်း လေးလေးနက်နက်ဖြည့်ကျင့်ရင်း အေးချမ်းသည့် မိသားစုဘဝလေးကို ထူထောင်ထားခဲ့လေသည်။

ထိုသို့ အလှူရေစက် လက်နှင့် မကွာအောင် တစ်နိုင်တစ်ပိုင်ဖြည့်ကျင့်ကာ ကြိုးစားလျှောက်လှမ်းနေရင်းနှင့်ပင် သူမတို့မိသားစုဘဝလေးသည် တဖြည်းဖြည်း သိသိသာသာပြည့်စုံမြင့်မားလာခဲ့လေတော့သည်။ သာမန် ရရစားစားဘဝမှ လုပ်ငန်းရှင်တစ်ဦးအဖြစ် တိုးတက်ပြောင်းလဲလာခဲ့လေသည်။ ထိုသို့ တိုးတက်ပြည့်စုံလာသည်နှင့်အမျှ ရတနာမြတ်သုံးပါးကိုလည်း ပိုမိုကိုင်းညွှတ် ပူဇော်လာခဲ့ပြန်သည်။ လှူမှုတန်းမှုတွေကို ပိုမိုဖြည့်ကျင့်ခဲ့လေတော့သည်။ ပရိတ်တော်၊ ပဋ္ဌာန်းတော်၊ ဂုဏ်တော်မြတ်တို့ကို ပိုမိုပွားထုံ ကျင့်လှမ်းလာခဲ့လေတော့သည်။

သို့သော် ထိုအမျိုးသမီး၏ ကိုးကွယ်မှုဆိုင်ရာတွင် ရတနာမြတ်သုံးပါးသက်သက်ဟူ၍တော့ မဆိုနိုင်။ ရတနာသုံးပါးနှင့်အတူ သူတော်စင် ပုဂ္ဂိုလ်ထူးတစ်ပါးကိုလည်း ယုံကြည် ကိုင်းညွှတ်မှု ရှိခဲ့လေသည်။ ထို သူတော်စင် ပုဂ္ဂိုလ်ကြီးအတွက် သူမတို့နေအိမ် ဘုရားခန်းရှိ ဘုရားကျောင်းဆောင်၏ဘေး အောက်ဘက်တွင် သီးသန့်ခုံအမြင့်တစ်လုံးထားကာ ပန်း၊ ရေချမ်း၊ ဆီမီးအလင်းတို့ဖြင့် ဂါရဝပြုလေ့ရှိလေသည်။ ထိုသူတော်စင် ပုဂ္ဂိုလ်မြတ်သည် ထိုအမျိုးသမီး၏ အတိတ်ဘဝများစွာမှ ပဋ္ဌာန်းဆက်ရှိခဲ့သူဟုလည်း စွဲမှတ်ယုံကြည်ထားလေသည်။ ထိုပုဂ္ဂိုလ်ထူး သူတော်စင်မှ အိပ်မက်ဖြင့် ညွှန်ပြမှုတို့ကို လိုက်နာကျင့်သုံးပြီး ရတနာသုံးပါးအပေါ် ပိုမိုကိုင်းညွှတ်လာခဲ့ခြင်းဟုလည်း ယုံကြည်ထားလေသည်။

"ကျွန်မက ရတနာသုံးပါးကိုပဲ အသက်နဲ့ ထပ်တူဦးထိပ်ပန်ဆင်ပြီး ကိုးကွယ်ဆည်းကပ်နေတာပါ။ ကျွန်မအတွက် ရတနာမြတ်သုံးပါးရဲ့ အထက်မှာ ဘာမှမရှိဘူး။ ရတနာမြတ်သုံးပါးနဲ့ တန်းတူထားတာလည်း ဘာမှမရှိပါဘူး။ ကျွန်မရဲ့ "အဘ"ကို ဂါရဝပြုတယ် ဆိုတာကတော့ မိဘဆရာသမားတွေရဲ့ နေရာမှာ ထားပြီး ဦးထိပ်ပန်ဆင် ဂါရဝပြုနေတာပါ။ "အဘ"ကျွန်မကို အိပ်မက်တွေထဲမှာ ညွှန်ပြတယ်ဆိုတာကလည်း မိဘက သားသမီးကို ဆုံးမသလို၊ ဆရာကတပည့်ကို ဆုံးမသလိုမျိုး၊ ကံ-ကံ၏ အကျိုးကို ယုံကြည်စွဲမြဲဖို့၊ တရားဘာဝနာတွေ နာယူကျင့်သုံးဖို့တွေပဲ ညွှန်ပြနေတာပါ။ ပြောရရင်တော့ အဘကို ကျွန်မနဲ့ ပဋ္ဌာန်းဆက်ရှိတဲ့၊ ကျွန်မကို စောင့်ရှောက်နေတဲ့ သူတော်စင် ပုဂ္ဂိုလ်တစ်ပါးအဖြစ် ကြည်ညိုဆည်းကပ်နေတာပါ။ ကျွန်မအသိဉာဏ်တွေထဲမှာ ကိုးကွယ်မှုဆိုင်ရာ ရောထွေးမှု လုံးဝမရှိပါဘူး။ ကျွန်မသားသမီးတွေကိုလည်း ဒါတွေ နားလည်အောင် အမြဲသွန်သင် ညွှန်ပြထားပါတယ်"

ထိုစကားတို့သည် အလျဉ်းသင့်တိုင်း ထိုအမျိုးသမီးပြောလေ့ရှိသည့် စကားတွေသာ ဖြစ်၏။ ပြောသည့်အတိုင်းလည်း ထိုသို့ ကျင့်သုံးသူဖြစ်၏။ ထိုရတနာသုံးပါးအပေါ် သဒ္ဓါတရားထက်သန်စွာ လေးနက်ယုံကြည်စွာ ဆည်းကပ်တတ်မှုကြောင့် သူမတို့ မိသားစု၏ ကုသိုလ်ကံတို့သည် ပိုမိုမြင့်မားလာရပြန်လေသည်။

ဤသို့ဖြင့် တဖြည်းဖြည်း အသက်အရွယ်ရလာကာ "အမျိုးသမီးကြီး" အရွယ်သို့ ရောက်လာခဲ့၏။ မိသားစု စီးပွားရေးမှာလည်း စက်ရုံကြီးတစ်ခုပိုင်ဆိုင်ထားသည့် လုပ်ငန်းရှင်ကြီးပင် ဖြစ်လာလေသည်။ စက်ရုံ၊ ကိုယ်ပိုင်တိုက်အိမ်၊ ကိုယ်ပိုင်ကားတွေနှင့် ထိုမြို့လေး၏ ထိပ်တန်း လူကုံထံမိသားစုဖြစ်လာခဲ့လေသည်။ စီးပွားရေးမှာသာမက ဘာသာရေး၊ သာသနာရေး၊ လှူမှုတန်းမှုကိစ္စတို့တွင် ထိုခေတ်က ထိုဒေသ၏ စံပြမိသားစုကြီး ဖြစ်လာခဲ့လေတော့သည်။

ထိုသို့ ပစ္စည်းဥစ္စာအရှိန်အဝါတွေ ကြီးလာသောအခါ ပုထုဇဉ်တို့ သဘာဝအတိုင်း ပစ္စည်းဥစ္စာနှင့် ယှဉ်သည့် စိုးရိမ်မှုတွေလည်း ဖြစ်လာရပြန်သည်။

"ပစ္စည်းဥစ္စာဆိုတာ ဟုတ်တိပတ်တိ မရှိသေးချိန်တုန်းကတော့ လိုချင် တောင့်တတဲ့ စိတ်နဲ့ ပင်ပန်းရတယ်။ ထိုက်သင့်သလောက် ပြည့်ပြည့်စုံစုံ ရှိလာပြန်တော့လည်း ရန်သူမျိုးငါးပါး နိုပ်စက်မှာ တွေးပြီး ကြောင့်ကြရပြန်တော့တာပါပဲ။

www.burmeseclassic.com

ဘုရားနဲ့ တရားနဲ့လည်း နေ့နေတာပါပဲ။ ထိုက်သင့်သလောက် လှူတန်းနေတာလည်း အမှန်ပါပဲ။ ဒါပေမယ့် သမထအသိလောက်နဲ့တော့ တောင့်တမှု၊ ကြောင့်ကြမှု စိတ်သောကတွေကို တကယ်ဖြေဖျောက်နိုင်စွမ်း မရှိသေးပါဘူး။ ကျွန်မလည်း လှူတာတန်းတာ၊ ဂုဏ်တော်ပွားတာတွေထက်တော့ ပိုပြီး မကျင့်ကြံနိုင်သေးဘူးလေ"

အမှန်တော့ ထိုအမျိုးသမီးကြီးသည် ပိုင်ဆိုင်မှုတွေ များပြားလာသည့်အတွက် စွန့်လွှတ်ရမည့်အဖြစ်မျိုးတွေကို တွေးကြံ ပူပန်နေမိခြင်းသာ ဖြစ်၏။

တစ်ညတွင် ထိုအမျိုးသမီးကြီးသည် အိပ်မက်တစ်ခုကို မြင်မက်လေ၏။ အိပ်မက်ထဲတွင် သူမ၏ "အဘ"က သူမတို့မိသားစုကို ခေါ်သွားပြီး မြန်မာပြည်အနှံ့မှ တန်ခိုးကြီးဘုရားတွေကို လှည့်လည်ဖူးစေသည်ဟု အိပ်မက်မက်ခြင်းဖြစ်၏။ တန်ခိုးကြီးဘုရားတွေကို လှည့်လည်ဖူးနေရင်း သူမ၏စိတ်တို့ ပြန်လည်တည် ငြိမ်အေးချမ်းသွားရသည်ဟု အိပ်မက်မြင်မက်ခြင်း ဖြစ်လေသည်။

(၂)

ထိုရက်ပိုင်းအတွင်းမှာပင် ထိုအမျိုးသမီးကြီးသည် မိသားစုဝင်တချို့နှင့်အတူ မြန်မာနိုင်ငံအနှံ့ လှည့်လည်ကာ တန်ခိုးကြီးဘုရားများကို ဖူးမြော်ခဲ့လေတော့သည်။ ဘုရားတော်တော်များများကို ဖူးမြော်ပြီးသည်နှင့် သူမ၏ နလုံးစိတ်ဝမ်းတို့ အိပ်မက်ထဲကလိုပင် အေးချမ်းတည်ငြိမ်သွားလေသည်။ အမျိုးသမီးကြီးသည် သူမတို့ကိုယ်ပိုင်ကားလေးဖြင့် ဘုရားဖူးထွက်ခြင်းဖြစ်၏။

တစ်နေ့တွင် မြို့တစ်မြို့မှ ရှေးဟောင်းဘုရားတို့ကို ဖူးပြီး အခြားမြို့တစ်မြို့သို့ ခရီးဆက်ခဲ့ရာ လမ်းခုလတ်တွင် ပင် နေရောင်ပျောက်၍ ညအချိန်သို့ ရောက်သွားခဲ့လေသည်။ သို့သော် ထိုညက လပြည့်ညဖြစ်၏။ လပြည့်ဝန်းက ဝိုင်းဝိုင်းစက်စက်နှင့် လင်းလင်းချင်းချင်း သာနေ၏။ ဦးတည်လာသည့်မြို့ကို ရောက်ဖို့ ခရီးက အတော်လှမ်းနေသေး၏။ တောတန်းလေးတစ်ခုအနီးအရောက်တွင် အမျိုးသမီးကြီးတို့၏ ကားလေးက ရုတ်တရက် ထိုးရပ်သွားလေသည်။ ကားလေး စက်ချို့ယွင်းသွားသည့်အထင်နှင့် ဒရိုင်ဘာက ကားစက်ကို စစ်ဆေးနေ၏။ ညဘက်ရောက်ပြီဖြစ်၍ လမ်းပေါ်တွင် ကားအသွားအလာကျဲပါးနေသည်။

ထိုအချိန်တွင် လမ်းတစ်ဖက် တောတန်းလေးထဲမှ ခံ့ညားလှပသည့် ဆင်ကြီးတစ်ကောင် ရုတ်တရက်ပေါ်လာလေသည်။ ထိန်ထိန်သာနေသည့် လရောင်အောက်တွင် ဆင်ကြီးက လူသွားသည့်လမ်းလေးအတိုင်း တငြိမ့်ငြိမ့် လျှောက်လှမ်းလာနေ၏။ ဆင်ကြီးအပေါ်တွင်မူ လူပုဂ္ဂိုလ် တစ်ဦးက ထိုင်လျက်ပါလာ၏။ ပခက်ခြင်းပေါ်တွင် ထိုင်... ၏။ အဖြူရောင် ပုဆိုးကွက်ထောက်၊ အတွင်းခံ ရှပ်အင်္ကျီ အဖြူ၊ အပေါ်မှ ပင်နီတိုက်ပုံနှင့် ခံ့ခံ့ညားညား ထိုင်လိုက်ပါလာခြင်းဖြစ်သည်။

"အဘ၊ အဘ. . . အဲဒါ ငါတို့ရဲ့ အဘ"

အားလုံးငေးကြောင်နေစဉ်မှာပင် အမျိုးသမီးကြီး... ဆင်ပေါ်မှ ပုဂ္ဂိုလ်ကြီးကို စူးစူးစိုက်စိုက်ကြည့်ကာ ဝမ်း... တသာ လက်အုပ်ချီ ကန်တော့လေ၏။ တစ်ဆက်တည်း... ကားပေါ်တွင် အသင့်ပါလာသည့် ကင်မရာကို ယူ... သွက်လက်စွာဖြင့် ဓာတ်ပုံရိုက်မိလျက်သားဖြစ်နေပြန်သည်။

ဆင်ပေါ်တွင် တငြိမ့်ငြိမ့် စီးနင်းလိုက်ပါလာသ... အဘိုးကြီး၏ မျက်နှာက တည်တည်ကြည်ကြည်နှင့်၊ မျ... မှောင်ကြုတ်ထားပေမယ့် အပြုံးရိပ်တွေ ဝေ့ဝဲယှက်သန်း... တာ အထင်းသား တွေ့မြင်နေရပြန်သည်။ လက ထိန်ထိန်... သာနေ၏။ အားလုံးက လမ်းပေါ်တွင် ဆင်းကာ ကန်တော... လျက်သားဖြစ်နေ၏။ ဆင်ကြီးက သူတို့ကားအနီးမှ ဖြ... ကာ တစ်ဖက် တောတန်းလေးဆီသို့ တလှုပ်လှုပ်ထွက်... သွားနေလေသည်။ ဆင်ကြီးနှင့် အဘိုးကြီးတို့ မြင်ကွင်း... ပျောက်ကွယ်သွားသည့်အထိ အားလုံး အာစေးထည့်ထား... သလို ဘာစကားမျှ မပြောမိကြဘဲ ငေးကြောင်ကြည့်နေ... ကြလေသည်။

ထို့နောက် အားလုံး သတိပြန်ရလာချိန်တွင် ဆင်ကြီး... ရော အဘိုးကြီးပါ တစ်ဖက် တောအုပ်ထဲသို့ ပျောက်ကွယ်... သွားပြီဖြစ်သည်။ သည်တော့မှ အားလုံး ပြန်လည်သက်ဝင်... လှုပ်ရှားသွားကြသည်။

ထိုအချိန်တွင် ဒရိုင်ဘာက ကားစက်ကို နှိုးကြည့်... လိုက်ရာ ကားလေးက မည်သည့် စက်ချို့ယွင်းမှုမျှ မရှိတော့... ဘဲ အကောင်းပကတိအတိုင်း စက်ပြန်နိုးသွားလေတော့... သည်။

(၃)

"အဲဒါ တကယ့်အဖြစ်အပျက်လား ဆရာ"

"တကယ့်အဖြစ်အပျက်ပေါ့ကွယ်။ အဲဒီအမျိုးသမီး... ကြီးက မြို့လေးကို ပြန်ရောက်သွားတာနဲ့ ဓာတ်ပုံကို ကူး... နနကူးပြီး ခမ်းခမ်းနားနား ချိတ်ဆွဲထားတယ်။ အဲဒီ ဆင်စီး... ထားတဲ့ ပုဂ္ဂိုလ်ကြီးဟာ သူ့ အမြဲကိုးကွယ်ခဲ့တဲ့ ပုဂ္ဂိုလ်... သူတော်စင် အဘပါပဲကွယ်။ အဲဒီပုံကြီးကို သူတို့အိမ်...

www.burmeseclassic.com

…နနချိတ်ဆွဲပြီး ဂါရဝပြုခဲ့တဲ့ညမှာပဲ အိပ်မက်တစ်ခု …ပြန်သတဲ့။ အိပ်မက်ထဲမှာ အဘက ဘာပြောသလဲ …တော့…

"သမီးရေ ဆင်ပေါ်က လူဟာ ခွေးရူးကြောက်ဖို့ မလို …တဲ့။ ငါ့သမီးမှာ ထိုက်သင့်တဲ့ ဒါနတွေလည်း ပြုထား …၊ ပြုနေတယ်။ ထိုက်သင့်တဲ့ သီလတွေလည်း စောင့် …ထားတယ်။ ထိုက်သင့်တဲ့ စရဏတရားတွေကိုလည်း …ကျင့်ထားတယ်။ ဒါဆိုရင် ပစ္စုပ္ပန်ရဲ့ ရန်သူငါးပါးဘေးကို … ဖြစ်ဖြစ်၊ တမလွန်က မကောင်းတဲ့ လားရာ အပါယ်ဘေး … ဖြစ်ဖြစ် တွေးကြောက်နေဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် …ဥဘဝနဲ့ သံသရာမှာ ကျင်လည်နေသမျှတော့ ဇာတိ … ဗျာဓိ မရဏ ဆိုတဲ့ အိုနာသေဘေးကတော့ မလွတ်နိုင် …ဘူးပေါ့ကွယ်။ ပြီးတော့ လောကဓံတရားရဲ့ ရိုက်ခတ်မှု …ကိုလည်း ခံယူနေဦးမှာပဲ။ အဲဒီအတွက်တော့ ဝိပဿနာ …နဲ့ မဂ်ဆိုက်၊ ဖိုလ်ဆိုက်အောင် ကြိုးစားကျင့်ကြံသွားမှပဲ …မယ်။ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒါန၊ သီလ၊ ဘာဝနာ …တဲ့ ဆင်ပေါ်မှာ ရောက်နေဖို့ပဲ တကယ်လိုအပ်တာပါ။ …ပေါ်က လူဟာ ခွေးရူးကြောက်ဖို့ မလိုပါဘူးကွယ်" … အဲဒီလို အိပ်မက်ပေးခဲ့တာပဲ"

ကျွန်တော်သည် ဆရာ့စကားတွေကိုနားထောင်ရင်း …၍နေခဲ့ရပါသည်။ ဤလောကရှိ တချို့ကိစ္စချင်းရာတွေ … ကျွန်တော်တို့လို လူသာမန်တို့၏ ဉာဏ်ဖြင့် လိုက်မမီ …တာ သေချာနေပြန်လေသည်။

"ဒါနဲ့ ဆရာရယ်…၊ ဆရာရော အဲဒီဓာတ်ပုံကြီးကို …ခဲ့ဖူးတာလား"

"ဟုတ်တယ်ကွယ့်၊ အဲဒီတုန်းက ဆရာကလည်း …ကြီးကျောင်းသားကြီးတစ်ယောက် ဆိုပါတော့ကွယ်။ …တုန်းက ဆရာတို့ကျောင်းက ခန်းနေ ဦးပဥ္စင်းလေးနဲ့ … မကြာခဏ ဆွမ်းခံလိုက်ရတယ်။ ဆရာက ကျောင်း …ဆိုတော့ ဆွမ်းဟင်းချိုင့်ကိုင်ပြီး လိုက်ရတာပေါ့ကွယ်။ … အမျိုးသမီးကြီးရဲ့ အိမ်ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါ …။ အဲဒီ ပုဂ္ဂိုလ်ထူးကြီးရဲ့ ဆင်စီးနေတဲ့ ဓာတ်ပုံကြီးကို … အကြိမ်ကြိမ်ဖူးတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းက ဆွမ်းခံ …တဲ့ ဦးပဥ္စင်းလေးတောင် အခုတော့ ဆရာတော်ကြီး …ပါးဖြစ်နေပြီပေါ့။ မော်ဘီဘက်မှာ ကျောင်းကန်၊ ဘုရား …နဲ့ တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံပဲ ကျောင်းထိုင် …ဆရာတော်ကြီးအဖြစ် သီတင်းသုံးနေတယ်ကွယ့်။ …အောင်အောင်မြင်မြင် သာသနာပြုနေတယ် ဆိုပါတော့ကွယ်။ အဲဒီ အမျိုးသမီးကြီးကတော့ ကွယ်လွန်သွားခဲ့တာ ကြာခဲ့ပြီလို့ ကြားရတာပဲ။ ဆရာတောင် အဲဒီမြို့လေးကို မရောက်ဖြစ်တာ ကြာခဲ့ပြီပဲလေ"

ထိုအကြောင်းတို့ကို နားထောင်နေခဲ့ရစဉ်အချိန်က ကျွန်တော့်ဆရာထံမှ "စမ"ပညာကို သင်ယူနေချိန်ဖြစ်သည်။ "ကြီးလေးကြီး"စမတစ်မျိုးတည်းကိုပင် တစ်နေ့လျှင် ပုံပေါင်းများစွာရေးပြီး "စမထုံ" နေရချိန်လည်းဖြစ်သည်။ ကြီးလေးကြီး စမကို ဆရာ ညွှန်ပြသည့်အတိုင်း သင်ယူပြီး ဗလာစာအုပ်တစ်အုပ်တွင် ခဲတံဖြင့် တစ်ပုံပြီးတစ်ပုံ ထပ်ကာထပ်ကာဆွဲရင်း "ထုံ"နေခဲ့ရ၏။ ဗလာစာအုပ်တစ်အုပ်အပြည့် ဆွဲပြီးတိုင်း တောင်ပေါ်စေတီလေးအနီးတွင် ထို စမစာအုပ်ကို မီးရှို့ကာ မီးပူဇော်ရသည်။ ထိုသို့ သုံးလလောက် "ထုံ"ပြီးသည့်နေ့တွင် ဆရာက ထိုဇာတ်ကြောင်းလေးကို ပြောပြခဲ့ခြင်းဖြစ်၏။

ယခုတော့ ဆရာ့ထံမှာ လောကီပညာတွေ သင်ယူခဲ့ချိန်တို့သည်ပင် ခပ်ဝေးဝေးက ပုံရိပ်တွေ ဖြစ်သွားခဲ့ပြန်ချေပြီ။ ကျွန်တော်သည် ဘဝနေ့ရက် နှစ်ကာလများစွာကို ဖြတ်သန်းလာခဲ့ရင်း ဒါန၊ သီလ၊ ဘာဝနာ ဆိုသည့် လူ့တန်ဖိုးအနှစ်အသားတွေကိုလည်း တတ်စွမ်းသမျှ အလေးဂရုပြုနိုင်လာပြီဖြစ်၏။

သို့သော် ပုထုဇဉ်တို့၏ ဓလေ့အတိုင်း ကျွန်တော်မြတ်မြတ်နိုးနိုး သင်ယူခဲ့၊ လေ့လာခဲ့ဖူးသည့် လောကီပညာတွေကိုလည်း လောကီမှု အထောက်အပံ့တစ်ခုအဖြစ် အလျဉ်းသင့်သလို သုံးစွဲနေမိသေးကြောင်း ဝန်ခံရဦးမည်ဖြစ်ပေသတည်း။

(ဤဆောင်းပါးရေးဖြစ်အောင် စေ့ဆော်ကူညီပေးခဲ့ကြသည့် သူတော်စင်အဘ၊ ကျွန်တော့်ဆရာတစ်ဦးနှင့် ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ဘုန်းမိုးသွန်းတို့ကို ကျေးဇူးအထူးတင်စွာဖြင့်…)။

အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

သက်နှင်းဆွေ–ပုပ္ပါး

www.burmeseclassic.com

# ကျော်သနင်းစံ

## လောကတာလရာပြတ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်း ရာပြတ်သည် တရားသဖြင့် ရာပြတ် ...န်ထမ်းဆောင်နေစဉ် ဗြဟ္မဒတ်မင်းက ဤရာပြတ်နှင့် ...သျှင် ငါ့အတွက် မကျန်ဟု တွက်ဆပြီး "လောကဗာလ" ...သူကို ရာပြတ်ခန့်ထားလေ၏။ လောကဗာလ ရာပြတ် ...ည် တန်ရာတန်ဖိုး နားမလည်။ မင်းအလိုလိုက်၊ မင်း ...ကြိုက်ဖြင့် မြင်းကုန်သည်တစ်ဦး၏ မြင်းငါးရာကို ဆန် ...ကွမ်းစားဖြင့် ရာပြတ်ပေးရာ၌ ဗြဟ္မဒတ်မင်း အလွန် ...ာကျလေ၏။

ထိုအခါ မြင်းကုန်သည်သည် သူ၏ မြင်းငါးရာကို ...ကွမ်းစားဆန်ဖြင့် ရာပြတ်ပေးသဖြင့် မကျေနပ်ဖြစ်ပြီး ...ပြတ်ဟောင်း ဘုရားလောင်းထံသွား၍ တိုင်ကြားလေ၏။ ...လောင်း ရာပြတ်သည် မြင်းကုန်သည်အား ရာပြတ် ...ကဗာလထံ သွားရောက်၍ တံစိုးလက်ဆောင်ပေးပြီး ...ဏသီပြည်ကို ရာပြတ်ခိုင်းစေ၏။ မြင်းကုန်သည် ပြော ... လောကဗာလ ရာပြတ်သည် ဗာရာဏသီပြည်ကို ...ကွမ်းဆန်ဖြင့် ရာပြတ်ပေးလေ၏။

◆◆◆

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည် ...ဟ္မဒတ် အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုအခါ ...လောင်းတော်သည် ထိုမင်းထံ၌ ပညာရှိ ရာပြတ်အမတ် ...ဖြစ်၏။ ဘုရားလောင်းသည် အရပ်လေးမျက်နှာမှ ...လာကြကုန်သော ကုန်သည်တို့၏ ဆင်၊ မြင်း၊ ကျွဲ၊ ... အစရှိသော သဝိညာဏကဘဏ္ဍာ၊ ရွှေ ငွေ ပုလဲ ...များ စသော အဝိညာဏက ရတနာတို့ကို ထိုက်တန် ...အဖိုးဖြတ်ပေး၏။ ရောင်းသူ၊ ဝယ်သူ လူအများတို့အား ...ယွင်းစေရအောင် ကြပ်မတ်ပြောဆို၍ နေ၏။

မင်းကြီးသည် ကြမ်းကြုတ်၊ အမျက်သို၊ အလိုရမ္မက် ...သော သဘောရှိ၏။ တစ်နေ့တွင် မင်းကြီးသည် ဤသို့

"...ထံ၌ ရှိနေတဲ့ ဒီရာပြတ်ဟာ ဖြောင့်မတ်ခြင်းကိုသာ ...လေ့ရှိတယ်။ သူတစ်ပါးထံမှ ဥစ္စာလွန်၍ပါအောင် ...လေ့ မရှိ။ ဒီရာပြတ်ကို ဆက်ထားလျှင် ငါ့အား ...ဖြစ်နိုင်ပေ။ သူ့ဥစ္စာကို ရနိုင်တဲ့ လူတစ်ယောက်ကို ...ထားဦးမှ သင့်မယ်"

...၍ ကြံစည်နေသည်။

...စဉ် ခြင်္သေ့ခံသော တံခါးကို ဖွင့်လျက် မျှော်လင့်ကာ နေသည်။ ထိုအခိုက် လျှပ်ပေါ် မိုက်မဲသော လူတစ်ဦးသည် မင်းရင်ပြင်သို့ လာနေသည်ကို မြင်၍ ခေါ်လိုက်သည်။

"သင်ဟာ ငါ့ရဲ့ အနား၌ နေပြီး ဘဏ္ဍာအမျိုးမျိုးတို့ကို အဖိုးဖြတ်ခြင်းဟာ စွမ်းနိုင်ပါအံ့လော"

"အရှင်မင်းကြီး . . . အကျွန်ုပ် တတ်နိုင်ပါတယ်။ အများတကာ တန်ရာတန်ဖိုးဆိုတာကိုလည်း ကျွန်ုပ် ကြားဖူးပါတယ်"

ဟု လျှောက်ထားသည်။

ထိုအခါ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိအလိုရှိရာ ပြောကြားပြီး ရာပြတ်အရာခန့်ထား၏။ ထိုနေ့မှစ၍ "လောကဗာလ"ရာပြတ်သည် အရပ်ရပ်သော ဘဏ္ဍာများကို အဖိုးဖြတ်ဆို၏။ အဖိုးထိုက်သည်ကိုလည်း ယုတ်စေ၍၊ အဖိုးယုတ်သည်ကိုလည်း တန်ဖိုးကြီးစေ၏။ စိတ်ထင်တိုင်း ဖြတ်ဆို၏။ ယင်းသို့ ဖြတ်ဆိုသော်လည်း မင်းအာဏာနှင့် ဗာနန္တရ ရပြီးသူဖြစ်၍ ဖြတ်ဆိုတိုင်းပင် ရောင်းဝယ်ကြရသည်။

တစ်နေ့သ၌ ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်တစ်ဦးသည် မြင်းငါးရာတို့ကို ရောင်းရန် လာခဲ့၏။ ဗာရာဏသီပြည်သို့ ရောက်သောအခါ မင်းကြီးထံသို့ ဝင်၍ မြင်းငါးရာ ရောင်းချလိုကြောင်း လျှောက်ထား၏။ မင်းကြီးသည် လောကဗာလအား ခေါ်၍ ရာပြတ်စေ၏။ လောကဗာလသည် ပါလာသမျှသော မြင်းငါးရာတို့ကို ဆန်တစ်ကွမ်းစားသာ တန်သည်ဟု ရာပြတ်၏။ မင်းကြီးသည် ရာပြတ်ဆိုတိုင်း ဆန်တစ်ကွမ်းစားသာ ပေးစေ၏။

ထိုအခါ မြင်းကုန်သည်မှာ အလွန် နှလုံးပင်ပန်းခြင်းရှိသည်ဖြစ်၍ ရှေး ရာပြတ်ဟောင်း ဘုရားလောင်းထံသို့ လာပြီးလျှင် တိုင်ကြားလေ၏။

"အရှင်ရာပြတ်···ကျွန်ုပ်တွင် ပါလာတဲ့ မြင်းငါးရာကို ဆန်တစ်ကွမ်းစားဖြင့် ရောင်းချရန် ရာပြတ်တဲ့အတွက် မိမိပြည်သို့ မပြန်ဝံ့ချေပြီ။ အရှင်ရာပြတ်အနေနဲ့ အကြံပေးသနားတော်မူပါ"

"အမောင်··· အခု ရာပြတ်ဟာ လာဘ်လာဘကို အလိုရှိသူဖြစ်တယ်။ သူ့ စုံမက်လောက်တဲ့ ဥစ္စာပစ္စည်းကို ပေး၍ မင်းရင်ပြင်သို့ ရောက်တဲ့အခါ ဒီဗာရာဏသီပြည်ကို အဖိုးဖြတ်ဆိုပါလော့။ အဲဒီအခါ သူ စိတ်ထင်ရာ ဆိုလိမ့်မယ်"

ဟု မြင်းကုန်သည်ကို သင်ပေးလိုက်၏။

ယင်းသို့ မြင်းကုန်သည် ယောက်ျားသည် ဘုရားလောင်း

www.burmeseclassic.com

သင်ပေးလိုက်သည့်အတိုင်း ထိုလောကဗာလအိမ်သို့ သွား၍ လက်ဆောင်ပဏ္ဏာပေး၏။

"အရှင်ရာပြတ်မင်း... မင်းရင်ပြင်၌ ကျွန်ုပ်မေးတဲ့ အခါ ဒီဗာရာဏသီပြည်ကို အဖိုးဖြတ်ဆိုနိုင်ပါသလော"

ဟု မေး၏။

"ငါ အဖိုးဖြတ် ဆိုနိုင်ပါတယ်"

ဟု ဝန်ခံလျှင်...

"ဆိုတော်မူပါ။ ကျွန်ုပ်မေးပါမယ်"

"အရှင်ရာပြတ်... ကျွန်ုပ်တွင် ပါလာသော မြင်းငါးရာတို့ကို တန်ရာတန်ဖိုးနဲ့ ရောင်းရပေပြီ။ ဒီ ဗာရာဏသီပြည်ရဲ့ အဖိုးကို ကျွန်ုပ် သိလိုပါတယ်။ ပြတ်ဆိုတော်မူပါ"

"ထီးနန်းအဆောက်အအုံ၊ ဗိုလ်သင်းပင်း မင်းနဲ့တကွ ယှဉ်နော တစ်ရာ့နှစ်ဆယ်-ကျယ်ဝန်းတဲ့ ဒီဗာရာဏသီပြည် ဟာ ဆန်တစ်ကွမ်းစားခန့်သာ တန်ဖိုးရှိတယ်"

ဟု ဆိုပေ၏။

ထိုအခါ ဥတ္တရာပထတိုင်းသား မြင်းကုန်သည်မှ ဤသို့ ပြောဆို၏။

"အရှင်မင်းကြီး... အကျွန်ုပ် ဒီဗာရာဏသီပြည်ကို ဝယ်လိုပါတယ်။ မင်းကြီး ရောင်းတော်မူပါ"

ဟု ဆို၏။

ထိုစကားကို ကြားသောအခါ ညီလာခံသဘင်၌ ရှိ... ကြကုန်သော မှူးမတ် ပရိသတ်အပေါင်းတို့က ပြောဆို... သည်မှာ...

"ငါတို့ဟာ ရှေးရှေးကာလက မင်းသော် လည်းကော... ပြည်သော် လည်းကောင်း အဖိုးအနှုဿ တန်ဖိုးရှိတယ်... ကြားဖူးပါတယ်။ အခု ရာပြတ်လက်ထက်ရောက်မှ ဆ... တစ်ကွမ်းစားခန့်သာ ထိုက်တန်ကြောင်းကို သိရတော့တ... အလွန်အံ့ဩဖွယ်ကောင်းတဲ့ ပဏ္ဍိတ ယောက်ျားပေ"

ဟု လက်ခုပ်လက်ဝါးတီး၍ ပြက်ရယ်ပြုကြကုန်...

ထိုအခါ ဗာရာဏသီမင်းသည် လွန်စွာ ရှက်သွားသ... မျက်နှာကို အောက်ချ၍ လောကဗာလ ရာပြတ်ကို အ... ရုပ်သိမ်းလျက် အထက်က ရာပြတ်ဟောင်း ဘုရားလောင်း... ပြန်လည်၍ ရာပြတ်အဖြစ် ခန့်အပ်လိုက်လေသတည်း။

ဤသို့ဖြင့် ကေနိပါတ်တဏ္ဍုလနာဠိဇာတ်၌ မြင်းငါး... ကို ဆန်တစ်ကွမ်းစားတန်၏ဟု ပြတ်သောသူသည် ဗာ... ဏသီ ဗြဟ္မဒတ်မင်း၏ "လောကဗာလ ရာပြတ်"ဟု သ... သည်။

* * *

ကျော်သ...

ကျမ်းကိုး ။ ။ စွယ်စုံကျော်ထင်ကျမ်း

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

**ခေတ္တရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

**အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။**

သင့်စီးပွားရေး... တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်... အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး... တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး... ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး... ကံကောင်းမှာလား/ကြန့်ကြာမှာလား

**နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်**

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-...

www.burmeseclassic.com

မင်းမောင်ကျော်

# အဆိပ်ပြယ် အန္တရာယ်ကင်း ဂါထာတော်

လောက၌ ကိုးကွယ်ရာအစစ်သည် ဘုရား၊ တရား၊ [illegible]တည်းဟူသော ရတနာသုံးပါးသာ ဖြစ်ကြောင်း မှတ်ယူ[illegible]ပါသည်။ ရတနာသုံးပါးသည် ကိုးကွယ်ဆည်းကပ်ရာ [illegible]ဖြစ်သည်ဖြစ်၍ လောကီ၊ လောကုတ္တရာ သံသရာ [illegible] အားကိုးအားထားပြုရမည်သာ ဖြစ်၏။ ဗုဒ္ဓဘုရားရှင် [illegible] လောက၏ အနှိုင်းမဲ့ ကျေးဇူးရှင်ဖြစ်တော်မူပေရာ [illegible]ဗုဒ္ဓ၏ ဟောကြား ထားရစ်သော တရားတော်များမှာ [illegible] အထူးပင် တန်ခိုးအာနိသင် ကြီးမားလှပါပေ၏။

သို့ဖြစ်ရာ ဗုဒ္ဓဟောကြား မြတ်တရားတို့ဖြင့် ထုံမွမ်း [illegible]သောဆင်အပ်သော ပရိတ်တရားတော်၊ ဂါထာတော်မြတ် [illegible]လည်း အထူးတန်ဖိုးကြီးမားကြောင်း မှတ်ယူရမည် [illegible] ယခုအချိန်အခါသည် မိုးတွင်းကာလ ရာသီဥတုဖြစ် [illegible]မာနိုင်ငံရှိ တောင်သူလယ်ယာခွင်တွင် စပါးစိုက်ပျိုး [illegible] သည့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေကြပြီ [illegible]ည်။

ထိုသို့ လယ်ယာလုပ်ငန်းခွင်၌ ဆန်ရေစပါးစိုက်ပျိုး [illegible]တွင် ဘေးဥပဒ်အန္တရာယ်ပေးလေ့ရှိသည့် ပိုးကောင် [illegible]ကောင်တို့၏ အန္တရာယ်ကို အထူးသတိပြု ရှောင်ရှားကြ [illegible]ည်။ တစ်ခါတစ်ရံတွင် မရှောင်သာ မကွင်းသာ ထိပ် [illegible] ဆုံတွေ့ကြရသည်လည်း ရှိနိုင်ပါ၏။ ထိုအခါမျိုးတွင် [illegible]ရှိသော မြွေဆိုးများအန္တရာယ်မှ ကင်းလွတ်စေခြင်းငှာ [illegible]ပြယ် အန္တရာယ်ကင်း ဂါထာတော်ကို ရွတ်ဖတ် [illegible]သင့်ကြပါ၏။ ထို့ကြောင့် အဆိပ်တို့မှ ပြယ်လွင့်စေ [illegible] အဆိပ်ပြယ် ဂါထာတော်ကို တင်ပြလိုက်ရပါ၏။ ယုံကြည်စွာ ရွတ်ဖတ်ပွားများ အားထုတ်ကြပါ။

**"ကတာ မေ ရက္ခာ ကတာ မေ ပရိတ္တံ**
**ပဋိက္ကမန္တု ဘူတာနိ သောဟံနမော ဘဂဝတော၊**
**နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။"**

ဤဂါထာတော်မှာ ခန္ဓသုတ် ပရိတ်တော်လာ ဂါထာဖြစ်ပါသည်။ ဘုရားခုနစ်ဆူအား ရှိခိုး၍ ပရိတ်တော်တန်ခိုးဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရန် သရဏဂုံ ရွတ်ဖတ်ရသော ဂါထာတော်မြတ် ဖြစ်ပါသည်။ ဤဂါထာတော်မြတ်ကို ရွတ်ဖတ်ခြင်းကြောင့် အဆိပ်မှန်သမျှ လွင့်ပြယ်စေပါသည်။

အထက်ပါ ဂါထာတော်မြတ်ကို ယုံကြည်စွာ နေ့စဉ်ရွတ်ဆိုပါက အဆိပ်ဘေး၊ လက်နက်ဘေး မသင့်ပါ။ မြွေ၊ ကင်းကိုက်သော်မှ အဆိပ်လျော့ကျစေ၍ ဤဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။ ပူဇော်စဉ် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တို့ကို ရည်စူး၍ အနှိုင်းမဲ့ ဂုဏ်ကျေးဇူးတော်များကို ပွားများပါက အထူးပျောက်ကင်းချမ်းသာစေပါသည်။

လယ်ယာတောင်သူလုပ်ငန်းခွင် ဝင်သူများနှင့် တောတောင်ခရီးသွား ခုနစ်ရက်သားသမီးများ နေ့စဉ်ရွတ်ဖတ်သင့်သော ဂါထာတော်ဖြစ်ကြောင်း ထပ်လောင်း တင်ပြအပ်ပါသည်။ အလေးအနက်ယုံကြည်၍ ရွတ်ဖတ်ပွားများကြပါကုန်။

* * *

မင်းမောင်ကျော်

မှီငြမ်း
- အန္တရာယ်ကင်း ဂါထာပေါင်းချုပ် (ဦးအောင်တင်)။



www.burmeseclassic.com

www.burmeseclassic.com

# ဗောက်

# သန်း

# ကင်းအောင်

# ဤနည်းဆောင်

## နတ်မောက် မှတ်ကျောက်

ဦးခေါင်းအရေပြား ခြောက်သွေ့သူများတွင် ဗောက်ထခြင်း၊ မှန်မှန်ခေါင်းမလျှော်ပါက သန်းများ ပေါက်ပွားခြင်း ဖြစ်တတ်ပါသည်။

ဦးခေါင်းအရေပြား စိုပြေအေးမြပြီး ဗောက်၊ သန်း ကင်းရှင်းစေရန် အောက်ပါ နည်းစနစ်များသည် လက်တွေ့ အကြိမ်ကြိမ် အသုံးပြု အောင်မြင်ပြီးဖြစ်ပါသဖြင့် အများ ပြည်သူတိုင်း ကိုယ်တိုင်ပြုလုပ် အသုံးပြုနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

**ဗောက်ကင်းစင်ရန်အတွက်** ရဲယိုရွက်စိမ်းစိမ်းစိုစို ၁၀ရွက်ခန့် ခူးယူပြီး ဖုန်ကင်းအောင် ရေစင်စွာ ဆေး၍ ကြိတ်ချေကာ သတ္တုရည် ညှစ်ယူပါ။ ထိုသတ္တုရည်ကို ဦးခေါင်းအရေပြား စွတ်စိုအောင် ရွှဲရွှဲစိုအောင် လိမ်းပေးပါ။ ၁၀ မိနစ်၊ ၁၅မိနစ်ခန့်ရှိလျှင် ကင်ပွန်းသီးပြုတ်ရည်ဖြင့် ခေါင်းလျှော်ပေးပါ။ ဦးခေါင်းခြောက်သွေ့အောင် ရေသုတ်ပြီးမှ အုန်းဆီစစ်စစ် လိမ်းပေးပါ။ တစ်ပတ်တစ်ကြိမ် ပြုလုပ်ပေးခြင်းဖြင့် ဦးခေါင်းအရေပြား စိုပြေ အေးမြပြီး ဆံပင်သန်ကာ၊ မှတ်ဉာဏ်အားပါ ကောင်းလာစေပါသည်။

**သန်းများ ကင်းရှင်းစေရန်အတွက်** ပြဒါးစေ့ ... ၁၀ စေ့၊ ၁၅စေ့ခန့်ကို ညက်စွာ ထောင်းပြီး အုန်းဆီ ... ဖျော်၍ ဦးခေါင်းအနှံ့ လိမ်းပေးပါ။ ၁၅မိနစ်ခန့် ခေါင်း ... ထားပါ။ ထို့နောက် ဘီးကဲ့ဖြင့် တစ်ကြိမ်၊ ဘီးစိပ်ဖြင့် တစ် ... ခေါင်းဖြီးပါ။ ပြီးမှ ခေါင်းလျှော်ပေးလိုက်ပါ။ သန်း ... ကင်းရှင်းသွားစေပါသည်။

အထက်ပါ ဗောက်၊ သန်း ကင်းစေနည်းသည် အ... ကြိမ် လူအများ အသုံးပြုခဲ့ပြီးသော လက်တွေ့ နည်း... များဖြစ်၍ မည်သည့်ဘေးထွက် ဆိုးကျိုးမှ မရှိပါ။ လိုအ... များ ယုံကြည်စွာ လက်တွေ့ အသုံးချနိုင်စေရန် တ... ရေးသားလိုက်ပါသည်။

ကြည်လင် လန်းဆန်းကြ...


* * *

နတ်မောက်မှတ်...



www.burmeseclassic.com

www.burmeseclassic.com





အောင်သိဒ္ဓိဓာတ်ပေါင်းစု
တြိရတနာ ရွှေစည်းခုံစေတီ

www.burmeseclassic.com

# အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏

# သာသနာပြု လုပ်ငန်းတစ်ရပ်

■ ပန်းတနော် နောင်လတ် ■







"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များနှင့် ပြည့်စုံတော်မူသော ကံ့ကော်ဆရာတော်"ဟု သတင်းမွှေးနေသည့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အင်းမ စံပြကျေးရွာအုပ်စု၊ အင်းမကျေးရွာ ကံ့ကော်ကျောင်း၏ ပဓာန နာယက ဆရာတော် "ဘဒ္ဒန္တသုမန"သည် ၂၀၀၀ ပြည့်နှစ်က ပန်းတနော်မြို့နယ်၊ ဒေါဝါးလကျားကျေးရွာ၊ သာသနာ့မြေအတွင်း တည်ထားတော်မူသည့် စေတီတော်၏ ရွှေထီးတော် ဆက်ကပ် တင်လှူပူဇော်ပွဲနှင့် အနေကဇာတင် ပွဲတော်သို့ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒ ပညာသာမိ အပါအဝင်၊ ပန်းတနော်မြို့နယ် သံဃာ့နာယ အဖွဲ့မှ ဆရာတော်၊ သံဃာတော်များနှင့် ကြွရောက်တော် ခဲ့စဉ်က ဖြစ်သည်။

"ဒကာတို့ . . အခုတည်လှူ ပူဇော်ထားတဲ့ စေတီတေ ကို ဘယ်လိုဘွဲ့တော် ဆက်ကပ်မယ်လို့ ရည်မှန်းထားလဲ"

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ နာယက တာဝန်နှ ဥက္ကဋ္ဌတာဝန်ကို ပူးတွဲ ထမ်းဆောင်နေသော ဆ

www.burmeseclassic.com

အောင်သိဒ္ဓိ ဓါတ်ပေါင်းစု ဘြိရတနရွှေစည်းဆုံစေတီ



ောင်မောင်က...

"မမ္မစေတီတော်လို့ ဘွဲ့တော်ဆက်ကပ် ပူဇော်ဖို့ ည့်တော်တို့အဖွဲ့က ရည်မှန်းထားပါတယ် ဘုရား"

ဟု ရိုသေစွာ တင်လျှောက်ခဲ့ပါသည်။

"မမ္မစေတီဆိုတော့ ကောင်းပါတယ်။ ဒါပေမယ့် ဒကာ တို့ သာသနာပြုအဖွဲ့နာမည်က အောင်သိဒ္ဓိမဟုတ်လား"

"တင်ပါ့ ဘုရား"

"ဒါဆို ဒကာကြီးတို့ အောင်သိဒ္ဓိ သာသနာပြုအဖွဲ့ရဲ့ သနာပြုလုပ်ငန်းတွေ ပိုမိုအဆင်ပြေဖို့ ဒီစေတီတော်ကို "အောင်သိဒ္ဓိမမ္မစေတီ" လို့ ဘွဲ့တော်ဆက်ကပ်ပြီး နောက်ထပ် ည့်မယ့် စေတီတော်တွေရဲ့ ရှေ့မှာလည်း အောင်သိဒ္ဓိ ဆိုတာ ထည့်ပြီး ဘွဲ့တော်ဆက်ကပ်ရင် ပိုကောင်းမယ်"

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ ခေါင်းဆောင်တစ်ဦး သော ဆရာ ဦးမောင်မောင်က ရိုကျိုးနှိမ့်ချ ဂါရဝဖြင့် -

"ကောင်းပါတယ် ဘုရား။ ဆရာတော် ဆုံးမ လမ်းညွှန် တဲ့အတိုင်း တပည့်တော်တို့ လိုက်နာဆောင်ရွက်ကြ မယ် ဘုရား"

ဟူ၍ ဝန်ခံ ကတိပေးစကား လျှောက်ထားခဲ့ပါသည်။

◈◈◈

ဦးမောင်မောင်ကို အောင်သိဒ္ဓိအဖွဲ့သားများက ဆရာ ဦးမောင်မောင်ဟု ခေါ်ကြခြင်း၊ လေးစားစွာ ဆက်ဆံကြခြင်း မှာ ဦးမောင်မောင်သည် တိုင်းရင်းဆေးဆရာတစ်ယောက်၊ တိုင်းရင်းသမားတော်တစ်ယောက်ဖြစ်ပြီး အောင်သိဒ္ဓိ သာသနာပြု အဖွဲ့သားများ၏ ကျန်းမာရေးကို စောင့်ရှောက် ကူညီပြုစု ကုသပေးနေခြင်းကြောင့် ဖြစ်ပါသည်။

ဆရာ ဦးမောင်မောင်အပါအဝင်ဖြစ်သည့် အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ တည်လှူ ပူဇော်တော်မူခဲ့ပြီးသော စေတီ တော်မြတ်များမှာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိဆို လျှင် နဂါးရုံစေတီတော် ၆ဆူ၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် ၂ဆူနှင့် အောင်သိဒ္ဓိစေတီတော် ၁၆ဆူ ပူဇော်ပြီးနေပါပြီ။

◈◈◈

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ ဦးစီးနာယက တာဝန် နှင့် ဥက္ကဋ္ဌတာဝန်ကို ဆရာ ဦးမောင်မောင်က ရယူထားရပြီး ဒုဥက္ကဋ္ဌ(၁) ကိုတင်ထွန်း၊ ဒုဥက္ကဋ္ဌ(၂) ကိုကံချွန်အပါအဝင် အမှုဆောင် ၂၂ဦးဖြင့် စနစ်တကျ စည်းကမ်းရှိစွာ ဖွဲ့စည်း ထားကာ ပန်းတနော်မြို့ ရွှေဟင်္သာလယ်ပေါ်ကျောင်း၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိက ဩဝါဒဆရာ တော်အဖြစ် အနီးကပ် ကြီးကြပ်လမ်းညွှန် ဩဝါဒပေး၍ သာသနာပြုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက် နေကြဆဲ ဖြစ်ပါသည်။

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ တည်လှူပူဇော်တော် မူခဲ့ပြီးသော အောင်သိဒ္ဓိ စေတီတော်မြတ်များတွင် -

(၁) အောင်သိဒ္ဓိ ဓာတ်ပေါင်းစု တြိရတန ရွှေစည်းဆုံ စေတီတော်၊

(၂) အောင်သိဒ္ဓိ ဓာတ်ပေါင်းစု ကမ္ဘာအေး စေတီနှင့် ဝိဇ္ဇာတန်ဆောင်း၊

(၃) အောင်သိဒ္ဓိ ဓာတ်ပေါင်းစု အောင်စေ၊ အောင်မြေ ကမ္ဘာအေးစေတီတော်တို့လည်း ပါဝင်ပါသည်။

ထိုစေတီတော်များသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မဟာသတိပဋ္ဌာန်ကျောင်း ဝင်းအတွင်းရှိ သာသနာ့မြေပေါ်တွင် ကိန်းဝပ် စံပယ်တော်မူ နေကြသော မြေစိုက်စေတီတော်မြတ်များ ဖြစ်ပါသည်။

◈◈◈

မဟာသတိပဋ္ဌာန်ဆိုသည်မှာ စိတ်တည်ငြိမ်စွာဖြင့် မြင့်မြတ်သော ဝိပဿနာ ဘာဝနာအလုပ် အားထုတ်ခြင်း ဖြစ်၍ မဟာသတိပဋ္ဌာန်ကျောင်းမှာ စိတ်ကို တည်ငြိမ်စွာဖြင့် မြင့်မြတ်သော ဝိပဿနာအလုပ် အားထုတ်သည့် ကျောင်း

www.burmeseclassic.com

ဖြစ်ကြောင်း သီလရှင် ဆရာကြီး ဒေါ်ပဝနညာဏီက အဓိပ္ပာယ် ဖွင့်ဆိုပြပါသည်။

ဆရာကြီး ဒေါ်ပဝနညာဏီနှင့် ဆရာလေး ဒေါ်ပါရမီ၊ ဆရာလေး ဒေါ်သုမာလာတို့သည် မအူပင်မြို့ သုစိတ္တာ သာသနာ့ရံသီ သီလရှင်စာသင်တိုက်၌ ဆရာတူ တပည့်များ အဖြစ် စာဝါလိုက်ခဲ့ကြဖူးသည်။ ဒေါ်ပါရမီနှင့် ဒေါ်သုမာလာ တို့သည် ပန်းတနော်မြို့ မဟာသတိပဋ္ဌာန်ကျောင်း၏ ပထမ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောဝိဒ၏ တူမ ဒေါ်အုန်း ကျင်မှ မွေးသည့်မြေးများဖြစ်သည်။

မဟာသတိပဋ္ဌာန်ကျောင်းတွင် သီတင်းသုံးတော်မူခဲ့ ပြီးသည့် ဆရာတော်များနှင့် သီတင်းသုံးတော်မူနေဆဲ ဆရာ တော်များမှာ -


(၁) ဆရာတော် ဘဒ္ဒန္တကောဝိဒ (၁၃၂၆ မှ ၁၃၃၉)
(၂) ဆရာတော် ပညာဒီပ (၁၃၃၉ မှ ၁၃၄၉)
(၃) ဆရာတော် ဦးဥက္ကံသ (၁၃၄၉ မှ ၁၃၅၆)
(၄) ဆရာတော် ဘဒ္ဒန္တနန္ဒိယ (၁၃၅၆ မှ ၁၃၇၃)
(၅) ဆရာတော် ဦးခေမာနန္ဒ (၁၃၇၃ မှ ယနေ့ထိ)

တို့ ဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တနန္ဒိယလက်ထက် မတိုင်မီအထိ မဟာသတိပဋ္ဌာန်ကျောင်းဝင်းအတွင်းတွင် သီလရှင်ကျောင်း မရှိသေး။ ဘာသာတရားကို လွန်စွာ ရှိသေလေးစားသော ဦးအောင်ချစ်ဖေတို့ မိသားစု လှူဒါန်းသည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သစ်တိုင်တစ်ထပ် ဇရပ်ကလေးကိုသာ ဥပုသ် ကျောင်းဇရပ်အဖြစ် အသုံးပြုခဲ့ရသည်။ ဆိုခဲ့ပြီးသည့်အတိုင်း မဟာသတိပဋ္ဌာန်ကျောင်း၏ စတုတ္ထဆရာတော် ဘဒ္ဒန္တနန္ဒိယ က အားကိုးအားထား ရလိုရေးအတွက် လာရောက်သော ပထမ ဆရာတော် ဦးကောဝိဒ၏ တူမနှင့် မြေးများကို ဥပုသ်ဇရပ်၌ ထားခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်အေးကျင်တို့ကလည်း နေရ၊ စားရလျှင် ပြီးရောဟု သဘောမထား။ ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စများ၌သာ မက၊ ဒါန၊ သီလအမှုများမှ ဝေယျာဝစ္စလုပ်ငန်းများအဆုံး ကြိုးစားပါဝင် လုပ်ဆောင်ခဲ့ကြသည်။ မြေးနှစ်ယောက် အရွယ် ရောက်သောအခါ ဆရာတော် ဘဒ္ဒန္တနန္ဒိယက ဥပုသ်ဇရပ် တွင် မထားတော့။ သီလရှင်ဝတ်နိုင်းပြီး သီလရှင်များဘဝ ဖြင့် မအူပင်မြို့ သုစိတ္တာ သာသနာ့ရံသီ စာသင်တိုက်သို့ သွားရောက်ကာ စာဝါလိုက်စေခဲ့သည်။

ထို့ကြောင့် သီလရှင် ဆရာကြီး ဒေါ်ပဝနညာဏီနှင့် သီလရှင်ဆရာလေးများ ဖြစ်ကြသော ဒေါ်ပါရမီ၊ ဒေါ်သုမာ



လာတို့မှာ စာဝါလိုက်ဖက်များ ဖြစ်ခဲ့ရပါသည်။ စာဝါလိုက် ဖက်ဆိုသော်လည်း ဆရာကြီး ဒေါ်ပဝနညာဏီက ဓမ္မာစရိယ တန်းရောက်နေပေပြီ။

ဆရာကြီး ဒေါ်ပဝနညာဏီ ဓမ္မာစရိယ အောင်မြင်ပြီ ချိန်တွင် ဆရာလေးနှစ်ပါးက ဆရာကြီး ဒေါ်ပဝနညာဏီ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တနန္ဒိယ၏ သဘောထား ထုတ်ဖော်ကာ ပင့်လျှောက်ခဲ့ကြသည်။

"ဆရာတော် ဘဒ္ဒန္တနန္ဒိယက မဟာသတိပဋ္ဌာန်ကျော ဝင်းထဲက ဥပုသ်ဇရပ်ကို သီလရှင်ကျောင်း လုပ်ထားတယ် အဲဒီကျောင်းမှာ ဆရာကြီး ဒေါ်ပဝနညာဏီကို ကျောင်းထိုင် ဆရာကြီးအဖြစ် လာရောက် ဆောင်ရွက်ပေးဖို့ တပည့်တော် တို့ကို ပင့်လျှောက်ခိုင်းလို့ လာပင့်လျှောက်တာပါ ဘုရား"

သာသနာပြုလိုသော ဆန္ဒပြင်းပြသည့် ဆရာကြီး ဒေါ်ပဝနညာဏီသည် ၁၃၅၉ ခုနှစ်မှ စတင်ကာ ပန်းတနော်မြို့ မဟာသတိပဋ္ဌာန်ကျောင်းဝင်းအတွင်းရှိ မဟာသတိပဋ္ဌာ သီလရှင်ကျောင်းကို စတင်ဖွင့်လှစ်ကာ သီလရှင်ဆရာကြီး အဖြစ် သာသနာပြုနေခြင်း ဖြစ်ပါသည်။

ယခုအခါ ဆရာကြီး ဒေါ်ပဝနညာဏီ သီတင်းသုံးသော မဟာသတိပဋ္ဌာန် သီလရှင်ကျောင်းသည် ယခင်က ရှိခဲ့ ဥပုသ်ဇရပ်မဟုတ်တော့။ အများကောင်းမှု ပေါင်းစု ဆောက်လုပ် လှူဒါန်းထားသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း

www.burmeseclassic.com

သစ်တိုင်နှစ်ထပ်ကျောင်းကြီး ဖြစ်နေပေပြီ။

◈◈◈

သာသနာပြုခြင်းကို ဆရာကြီး ဒေါ်ပဝနည္ာဏီက အတွင်းသာသနာပြုခြင်းနှင့် အပြင်သာသနာပြုခြင်းဟု နှစ်မျိုး ခွဲထားသည်။ အတွင်းသာသနာပြုခြင်းမှာ ဝိပဿနာ ဘာဝနာ တရားပွားများအားထုတ်ခြင်းဖြစ်ပြီး အပြင်သာသနာပြုခြင်းမှာ စေတီ၊ တန်ဆောင်း၊ ကျောင်း စသည့် သာသနိက အဆောက် အအုံများ လှူဒါန်းခြင်း၊ ဝိပဿနာဒ္ဒလုပ်ပေး တရားစခန်းပွဲ များ ပြုလုပ်ခြင်း၊ တရားပွဲများ ပြုလုပ်ခြင်း၊ အလှူအတန်း များ ဆောင်ရွက်ခြင်းဟု သဘောထားသည်။

ကိုယ်တိုင်က အတွင်းသာသနာပြုအလုပ်ဖြစ်သည့် ဝိပဿနာ အားထုတ်မှုအလုပ် လုပ်နေသော ဆရာကြီး ဒေါ်ပဝနည္ာဏီက အပြင်သာသနာပြုအလုပ်တစ်ခုဖြစ်သည့် စေတီတည်လှူမှုကို ပြုလုပ်လိုသည်။ မိမိသီလရှင် ဆရာကြီး အဖြစ် တာဝန်ယူသည်မှာ နှစ်ရှည်ကြာသည့်တိုင် မဟာသတိ ပဋ္ဌာန်ကျောင်းဝင်းအတွင်းရှိ သာသနာ့မြေတွင် စေတီတော် တစ်ဆူမျှ မရှိသေးသည်ကို စိတ်မချမ်းမြေ့။ စေတီတော် တည်လှူ ပူဇော်နိုင်အောင် မည်သို့ဆောင်ရွက်လျှင် ကောင်း မည်ဟုသာ တွေးတောခဲ့ပါသည်။

ထိုအခါ ဆရာကြီး ဒေါ်ပဝနည္ာဏီက အောင်သိဒ္ဓိ သာသနာပြုအဖွဲ့ကို သတိရခဲ့သည်။ အောင်သိဒ္ဓိ သာသနာပြု



အဖွဲ့၏ သာသနာပြုမှုကို သိရှိရသောအခါ၊ ထိုသာသနာပြု အဖွဲ့၏ နာယကလည်း ဖြစ်၊ ဥက္ကဋ္ဌလည်း ဖြစ်သော ဆရာ ဦးမောင်မောင်နှင့် တွေ့ဆုံကာ မဟာသတိပဋ္ဌာန်ကျောင်းဝင်း အတွင်း၌ စေတီတော်တည်လှူ ပူဇော်လိုသော ဆန္ဒကို ဖွင့်ဟတိုင်ပင်ခဲ့သည်။

◈◈◈

ဆရာ ဦးမောင်မောင်က သဘောတူပြီး အောင်သိဒ္ဓိ သာသနာပြုအဖွဲ့မှ တာဝန်ရှိသော ဩဝါဒ ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာသာမိ၊ ဦးချန်ထွန်း၊ ဒေါ်အေးမြင့်၊ မစန်းငွေ၊ ဒေါ်အေး သန်း၊ ဒေါ်မွှေး၊ ဒေါ်ချို၊ ဒေါ်ကျင်ငြိမ်း၊ ဦးဝင်းတင်၊ ဦးစစ်ဦး ခေါ် ဦးသန်းအေး၊ ကိုတင်ထွန်း၊ ကိုကံချွန်၊ ကိုကြည်လွင်၊ ကိုသိန်းဝင်း စသည့် ပုဂ္ဂိုလ်များအား ထပ်ဆင့် ဖွင့်ဟတိုင်ပင် ရာ အားလုံးက ဝမ်းမြောက်ဝမ်းသာ သဘောတူညီခဲ့ကြပါ သည်။

ဦးစစ်ဦးဟု ခေါ်သော ဦးသန်းအေးတို့ ပါဝင်သည့် အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ သဘောတူကြောင်းကို သီလရှင်ဆရာကြီး ဒေါ်ပဝနည္ာဏီနှင့် ဆရာ ဦးမောင်မောင် က မဟာသတိပဋ္ဌာန်ကျောင်း၏ စတုတ္ထ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယအား အကြောင်းစုံ လျှောက်ကြား ရာ -

"ဒကာကြီးတို့ . . . အောင်သိဒ္ဓိ သာသနာပြုအဖွဲ့ရဲ့ စေတနာ သဒ္ဓါတရားကို ကြိုတင် သာဓုခေါ်ပါတယ်။ ဒီကျောင်းဝင်းအတွင်းက သာသနာ့မြေပေါ်မှာ စေတီတော် တွေ တည်လှူဖို့ ဆရာတော် ခွင့်ပြု သဘောတူပါတယ်။ စေတီတော်တွေ တည်ထားကိုးကွယ်ဖို့ နေရာတွေကိုလည်း ပြပေးမယ်"

ဟု ဆိုကာ ဝမ်းမြောက်စွာဖြင့် စေတီတော်မြတ်များ တည်လှူ ပူဇော်ရန် နေရာကိုပါ ပြသပေးတော်မူခဲ့ပါသည်။

မဟာသတိပဋ္ဌာန်ကျောင်း၏ စတုတ္ထ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယ၏ စေတနာကို အောင်သိဒ္ဓိ သာသနာ ပြုအဖွဲ့နှင့် ဆရာကြီး ဒေါ်ပဝနည္ာဏီတို့ မေ့နိုင်မည်မဟုတ် ပါ။

◈◈◈

အောင်သိဒ္ဓိ ဓာတ်ပေါင်းစု တြိရတန ရွှေစည်းဆုံ စေတီတော်ကြီးကို ဆရာ ဦးမောင်မောင် ဦးဆောင်ပါဝင်သော အောင်သိဒ္ဓိ သာသနာပြုအဖွဲ့က ပထမဆုံး တည်ထားတော် မူခဲ့ခြင်းဖြစ်သည်။ ထိုစေတီတော်မြတ်ကြီးကို အများပေါင်းစု မြတ်ကောင်းမှုပြုကာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မဟာသတိပဋ္ဌာန်ကျောင်း၏ စတုတ္ထ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မဟာသတိပဋ္ဌာန် သီလရှင်ကျောင်း၏ ဆရာကြီး ဒေါ်ပဝနညာဏီနှင့် အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ နာယကနှင့် ဥက္ကဋ္ဌတာဝန်ယူလျက်ရှိသော ဦးမောင်မော်င်တို့က ဦးစီးခေါင်းဆောင်ပြု ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အောင်သိဒ္ဓိ ဓာတ်ပေါင်းစု တြိရတန ရွှေစည်းဆုံစေတီတော်ကြီး တည်လှူပြီးသည်နှင့် ဆရာကြီး ဒေါ်ပဝနညာဏီတို့က စေတီတော်ကြီးအနီးတွင် နဂါးရုံစေတီတော်ကို တည်လှူ ပူဇော်ခဲ့ပါသည်။ ထိုနဂါးရုံစေတီငှတ် တည်လှူ ပူဇော်နိုင်အောင် လိုအပ်သော ငွေကြေးအလှူကို ဦးမောင်ကြိုင်၊ မစိုးစိုးတင့်၊ သား မောင်အောင်အောင်တို့က စေတနာသုံးတန်ပြတ်သားစွာဖြင့် ၁၃၇၂ ခုနှစ်တွင် လှူဒါန်းခဲ့ကြခြင်းဖြစ်ပါသည်။

ဆက်လက် တည်လှူ ပူဇော်သော ဒုတိယစေတီတော်မှာ အောင်သိဒ္ဓိ ဓာတ်ပေါင်းစု ကမ္ဘာအေးစေတီတော်ဖြစ်ပြီး စေတီတော်အနီးတွင် ဝိဇ္ဇာတန်ဆောင်းကိုပါ ၁၃၇၂ ခုနှစ်တွင် အများကောင်းမှု ပေါင်းစု လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ လှူဒါန်းသော တတိယစေတီတော်မှာ အောင်သိဒ္ဓိ ဓာတ်ပေါင်းစု အောင်ေ အောင်မြေ ကမ္ဘာအေးစေတီတော်ဖြစ်ပြီး အများကောင်း ကောင်းကျိုးရှုကာ ၁၃၇၃ ခုနှစ်တွင် ပေါင်းစု လှူဒါန်းခဲ့ခြင် ဖြစ်ပါသည်။

◈◈◈


ပန်းတနော်မြို့ ရွှေဟင်္သာ လယ်ပေါ်ကျောင်းတိုက်ကြီး ၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာ ကိုယ်တိုင် ဩဝါဒ ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက် နေသော အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ သိဒ္ဓိပေါင်းစ အောင်ပွဲခြိုနိုင်ရေးအတွက် သာသနာပြုလုပ်ငန်းများ ဆောင် ရွက်နေသည့် အောင်မင်္ဂလာသတင်းကောင်းများမှာ လှူပြည် လူ့ဗွာနတွင်သာမက၊ အောက် အဝီစိနှင့် အထက် ဘဝ အထိ ပျံ့နှံ့ကာ လှူနတ်ဗြဟ္မာ သတ္တဝါအားလုံး ကောင်းမှ နုမော် သာဓုခေါ်ကြမည်မှာ သေချာသည်ဟု ခိုင်ခိုင်မာမာ ယုံကြည်မိပါသည်။

* * *

မန်းတနော်နောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ဝေသာလီပြည်၊ ကူဋာဂါရ ကျောင်းတော်သို့ ဝါဆို ဝါကပ်ရန် ဂေါတမဗုဒ္ဓဘုရားရှင် ရောက်ရှိနေပြီဟူသော သတင်းကြောင့် ဆရာ သစ္စကသည် ဖော်ပြ၍ပင် မရနိုင်အောင် ဝမ်းသာလျက် ရှိနေပါ၏။ ဘုရားရှင် ဝေသာလီပြည်သို့ ကြွရောက်လာခြင်းနှင့် ပတ်သက်၍ ဆရာ သစ္စကတစ်ယောက် မည်သည်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသနည်း။ သစ္စကအနေဖြင့် အကြောင်းရှိနေပါ၏။ ဆရာ သစ္စကတစ်ယောက် မိမိကိုင်စွဲထားသည့် အတ္တဝါဒနှင့် ဂေါတမဘုရားရှင်ကိုယ်တိုင် ယုံကြည်ကိုင်စွဲထားသည့် အနတ္တဝါဒ၊ မည်သည့်ဝါဒသည် အဓိပ္ပာယ်လေးနက်၍ လူ့နတ်၊ သတ္တဝါတို့အပေါ် အကျိုးသက်ရောက်မှုရှိသည်ကို ပြိုင်ဆိုင်ရမည့် အခွင့်အရေးရရှိတော့မည်မို့ သူသည် ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းပင် ဖြစ်၏။

အမှန်စင်စစ် ဆရာ သစ္စကသည် ရှေးမဆွကပင် တိတ္ထိကိုးကွယ်သော နိဂဏ္ဌအယူရှိသော မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်ပါ၏။ ဘိုးဘေးဘီဘင်လက်ထက်ပင် ကြွယ်ဝကြပြီး သူ၏ မိဘနှစ်ပါးမှာလည်း နိဂဏ္ဌအယူရှိသော ဇနီးမောင်နှံများ ဖြစ်ပါ၏။ ထိုမိဘနှစ်ပါးမှ သားသမီး ငါးယောက် ထွန်းကားခဲ့ရာ အငယ်ဆုံးသားမှာ သစ္စကပင် ဖြစ်ပါ၏။ အကြီးလေးယောက်မှာ မိန်းကလေးများ ဖြစ်ပြီး မိခင်ထံမှ ဝါဒငါးရာ ပိုင်ပိုင်ရရှိသူများ ဖြစ်သည်။ သစ္စကမှာမူ ယောက်ျားလေးဖြစ်သည်က တစ်ကြောင်း၊ အငယ်ဆုံး သားထွေးဖြစ်သည်က တစ်ကြောင်းကြောင့် မိခင်ရော၊ ဖခင်ကပါ သင်ကြားဆုံးမထားသည်မို့ မိခင်ဘက်မှ ဝါဒငါးရာ၊ ဖခင်ဘက်မှ ဝါဒငါးရာ ကျွမ်းကျင်တတ်မြောက်ထားသူ ဖြစ်ပေသည်။

ထို့ပြင်သာမကသေး၊ လောကီ ဗာဟီရကဖြစ်သည့် ဝတ္ထု၊ ပုံပြင်၊ လင်္ကာ၊ ဗေဒင်၊ နက္ခတ်၊ ဓမ္မသတ် စသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားပေသည်။ ယင်းကြောင့်ပင် သစ္စက ပရိဗိုဇ် ဆိုပါက ဝေသာလီပြည်သာမက၊ အခြားခြားသော ဒေသမြို့များသို့တိုင် ကျော်ကြားသည့် ပုဂ္ဂိုလ်ဟု ဆိုရမည်ဖြစ်သည်။

ဆရာ သစ္စကသည် ဝေသာလီရှိ လိစ္ဆဝီမင်းများအား ပညာရပ်များကို တာဝန်ယူ သင်ကြားဆုံးမလျက် ရှိနေပါ၏။ ပညာရပ်များစွာအား တတ်မြောက်ကျွမ်းကျင်သည်ကြောင့် သူ့အနေဖြင့် ပုထုဇဉ်တစ်ဦးတစ်ယောက်သာမို့ ပညာမာန်တက်နေခြင်းဖြစ်ပေ၏။

အယူအဆလွဲများစွာဖြင့် မာန်တက်နေခြင်းကြော
မနိုင်းသာ မယှဉ်သာ ရှင်တော်ဂေါတမဘုရားရှင်အား
ရေးရာပြိုင်ဆိုင်မည် ဆိုပြန်တော့ လိစ္ဆဝီမင်းများနှင့် ပု
ပရိသတ်များကမူ သူ့အတွက် သက်ပြင်းချကြလျက်
ပေသည်။ သစ္စက ပရိဗိုဇ်သည် မိမိကိုယ်မိမိ အထင်ကြီ
သူဖြစ်၏။ ပညာမာန်တက်နေခြင်းသည်လည်း အောက်
လွတ်သည့်ပမာ ပညာသင်ကြားကြကုန်သော တ
မင်းသားများရှေ့ ဌ လွဲမှားသော ကိုယ်ရည်သွေးခြ
မှားယွင်းသော ဝါဒများကို ဖော်ထုတ်ဝံ့ကြွားခဲ့ပါ၏။

ပညာဟူသည် မိမိ၏ အသိဉာဏ်နှင့် နှလုံးသာ
ဌ မှတ်ကျောက်တင်ထားရမည့် အရာဖြစ်သော်လည်း
သစ္စက,ကမူ ထိုသို့ မဟုတ်ပါချေ။

"တပည့်တို့... ငါ၏ ဝမ်းဗိုက်ထဲ၌ ရှိသော ပညာ
သည်ကား အလွန်ပင် များလှပါပေ၏။ ဆန်စပါးထည့်
အိတ်သည် ပြည့်သိပ်လွန်းသောကာလ ပေါက်ကျသ
ငါ၏ ဝမ်းဗိုက်သည်လည်း ပညာအလွန်ပြည့်လွန်းနေ
ကြောင့် ကြာရှည်မခံဘဲ ကွဲပေါက်ဘိရာသည်"ဟု
သော စိုးရိမ်မှုများဖြင့် သူ၏ ဝမ်းကွဲမည်စိုးသော
ဝမ်းဗိုက်အား သံပြားဖြင့် ရစ်ပတ်၍သာ နေသည်။

ဝေသာလီပြည်တွင် ဆရာ သစ္စကသည် တ
ပညာများဖြင့် ထင်ရှားနေသော်လည်း အယူဝါဒအ
မှားယွင်းနေသည်ကို သူကိုယ်တိုင် မောဟဆိုက်နေ၍
နိုင်ခဲ့ပါပေ။ ဆရာ သစ္စကသည် ဂေါတမဘုရားရှင် မည်
အယူဝါဒအား ပိုင်ပိုင်ဆွဲကိုင်သည်ကို သေချာစွာ မသိ
ကြောင့် တိကျစွာ သိနိုင်ရန် ကြိုးပမ်းလေတော့သည်

"ရှင်ဂေါတမကို ဝါဒအားဖြင့် ငါ တင်ဆိုမည်။
ကစား၊ ထိုအရှင်၏ ဝါဒသည် မည်သို့သော ဝါဒဖြစ်သ
သေချာစွာ သိရှိမှသာလျှင် ငါ တင်နိုင်ချိမ့်မည်။ သ
ရှင်ဂေါတမ၏ ဝါဒကို မှန်ကန်စွာ သိရစေရန် ငါကြိုး
ဟု ဆုံးဖြတ်ခြင်းနှင့်အတူ ရက်တစ်ရက်တွင် ရှင်သာ
၏ ဆရာဖြစ်သော ရှင်အဿဇိမထေရ် အိမ်စဉ်
ကြွလာသည်ကို ဆရာ သစ္စက တွေ့မြင်လိုက်ရသည်
မထေရ်အား အမှတ်မထင် တွေ့မြင်လိုက်ရသော
သည် အကြံတစ်ခုဖြစ်ပေါ်လာပေသည်။

"ဤရဟန်းကား ဘုရားရှင်ဂေါတမ၏ သာဝက
ကြီးတစ်ပါးပင် ဖြစ်၏။ ထိုရဟန်းသည် ဘုရားရှင်
ဝါဒ အယူအဆများအား နှံ့စပ်စွာ နားလည်
မည်။ ထိုရဟန်းကို မေးမည်ဆိုပါက ဂေါတမဘုရား၏

www.burmeseclassic.com

…အကို သိနိုင်လောက်ပေမည်"

ဟု တွေးတော စဉ်းစားလျက် ရုတ်တရက်ဆိုသကဲ့သို့ …အသဃိမထေရ် ကြွမြန်းရာနောက်သို့ အဆောတလျင် …ိက်လေတော့သည်။

မထေရ်သည်လည်း ရဟန်းကလေးတို့ဖြင့် ရပ်တော်မူ … ဆရာ သစ္စက ရောက်ရှိလာပြီး မိမိလိုရာကို မေးလေ…

"အရှင်ရဟန်း . . . သင်တို့ဆရာ ဂေါတမသည် …ဘယ်ဝါဒအားဖြင့် ဆုံးမ ပြောဆိုလေ့ရှိသနည်း"

ရှင်အသဃိမထေရ်သည်လည်း ဆရာ သစ္စကအား …ည့်လိုက်ပြီးနောက် သစ္စက၏ အနေအထားကို သိထား…ည်မို့ သူ၏ အမေးအား ချက်ချင်းဖြေဆိုခြင်း မပြုဘဲ …စားလိုက်ပါ၏။

"သစ္စကသည် မိစ္ဆာဝါဒကို စွဲမြဲစွာ လက်ခံပြီး ယုံကြည်…သောသူဖြစ်ပေသည်။ ယင်းအား သွယ်ဝိုက်၍ ပရိယာယ်…ွယ်ဝသော စကားများဖြင့် မဆိုထိုက်။ နိပ္ပရိယာယဒေသနာ … သိရောက်စွာ ပြောကြားမှ" ဟု တဒင်္ဂ စဉ်းစားမိပြီး…

"ဒါယကာ . . . ငါတို့ဆရာ မြတ်စွာဘုရားကား …သုံးပါး၌ ဖြစ်ထသော သတ္တဝါတို့၏ ရုပ်ဝေဒနာ သညာ …ါရ ဝိညာဉ်တရားကား အနိစ္စသဘော၊ ဒုက္ခသဘော၊ …နတ္တသဘောသာတည်းဟူ၍ အယူရှိပေ၏။ တပည့်တို့အား …ည်း ထိုသို့ပင် ဟောကြားဆုံးမလေ့ရှိသည်"

ဟု ဖြေကြားလိုက်လေသည်။

ဆရာ သစ္စကသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး…

"ရှင်ဂေါတမ၏ မခိုင်လုံသော အယူဝါဒကို ငါသိရှိရ…ပြီ ဤဝါဒကို အစပြု၍ အပြစ်တင်ခြင်းဖြင့် ဝါဒပြိုင်အံ့"

ဟု ကြံစည် ဆုံးဖြတ်နေတော့သည်။

◆◆◆

ယင်းနောက် ဆရာ သစ္စကသည် မိမိ၏ တပည့်များ…သော လိစ္ဆဝီမင်းသား ငါးရာထံသို့ သွားရောက်ပြီး ထို…တို့၏ ရှေ့၌ပင် ဂေါတမဘုရားရှင်နှင့် ဝါဒချင်း ပြိုင်ရန် …လျက်ရှိလေတော့သည်။

"မင်းသားတို့… ဤလောက၌ ငါ၏ ပညာရှိသော …ည်အချင်းသနစ်ကို သင်တို့ သိရှိပြီးဖြစ်သည်။ ငါတို့ထံ …ကြီး ပညာကျယ် အသွယ်သွယ်ဖြင့် ရောက်လာကြ … ဆရာအပေါင်းတို့သည် ငါ့စကားတစ်ခွန်းတလေကိုမှ …ခံနိုင်ကြကုန်။ ငါ၏ ဝါဒအတင်ကို ပြေပြစ်အောင် …ပြောဆိုနိုင်သောသူကား လူတို့ဘုံတွင် တစ်စုံတစ်ယောက်မျှ ငါ မမြင်။ လူတွင် ထင်ရှား ဘုရားဆိုသောသူပင်လျှင် ငါနှင့် ကြုံက တုန်လှုပ်ရပေမည်။ ငါ၏ အမေးကြောင့် ဇောချွေးများ ပြန်ရမည်။ လူတို့ကို မဆိုထားဘိ၊ သစ်ပင်များပင် တုန်လှုပ်မည်။

မင်းသားအပေါင်းတို့.. ယခုလောကတွင် ရှင်ဂေါတမသည် ဘုရားဟု မိမိပြုလျက် သုံးလူ့ဆရာအဖြစ် တွင်ကျယ်လျက်ရှိသည်။ ထိုဘုရားကား ဘုန်းတန်ခိုးကြီးမားသော်လည်း အယူဝါဒ၌ ကျနလိမ့်မည်ဟု ငါ မထင်။ ထို ရှင်ဂေါတမကို ဝါဒဖြင့် ရယ်ဖွယ်ပြု၍ အရှက်ရအောင် ငါမေး၍ပြမည်။ ပရိသတ်အလယ်တွင် ရှုံးစေ၍ နလုံးမသာ၊ မျက်နှာမလှအောင် ဝါဒဖြင့် ငါ ကျီစယ်မည်။ သို့ကြောင့် သင်မင်းသားတို့နှင့်တကွ မင်းပရိသတ်အပေါင်း . . . ဘုရားဂေါတမထံ ငါသွားမည်ဖြစ်၍ ငါ့နောက်မှ လိုက်လာကြကုန်"

ဟု ပြောဆို၍ ခေါ်ပေ၏။

လိစ္ဆဝီမင်းသားတို့သည်လည်း ဆရာ သစ္စက,ကပင် သူ၏ ဝါဒဖြင့် ဘုရားရှင်အား တင်နိုင်မည်လား၊ သို့မဟုတ် ဘုရားရှင်ကပင် ဆရာ သစ္စက၏ ဝါဒကို နှိမ်နင်းနိုင်မည်လား ဆိုသည်ကို သိလိုခြင်းဖြင့် လည်းကောင်း၊ ဇဝေဇဝါ ထွေပြားစွာဖြင့် လည်းကောင်း အချင်းချင်းတွေးတော ပြောဆိုနေကြသည်။ တချို့ချို့သော မင်းသားများကမူ "ဗုဒ္ဓဘုရားရှင်အား ပြိုင်၍ နိုင်ရိုးမရှိချေ။ ဆရာ သစ္စကတွင် ဘယ်ဗြဟ္မာ၊ ဘယ်သိကြား၊ ဘယ်နတ်များမှ ယုံကြည်စွာ ကပ်သည် မရှိ၍ ဘုရားရှင်အပေါ် ဆရာ သစ္စက တတ်နိုင်လိမ့်မည်မဟုတ်ဟု ဆိုကြပြန်၏။ မည်သို့ဆိုစေ၊ ဆရာ သစ္စကနှင့် ဘုရားရှင်တို့၏ တရားနီးနှောခြင်းနှင့် ပတ်သက်၍ နာကြားလိုခြင်းကြောင့် ဘုရားရှင်ရှိရာသို့ တညီတညွတ်တည်း လိုက်ကြပေသည်။

◆◆◆

ဝါဒပြိုင်ဆိုင်ရန် နီးနှောပြောဆိုမည့်နေ့။

ထိုတစ်နေ့ . . .။

ထိုနေ့၏ နံနက်အရုဏ်တက်မှုပင် မြတ်စွာဘုရားရှင်သည် ဓမ္မတာဝင်စားမြဲဖြစ်သော မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ တစ်သောင်းသော စကြဝဠာတိုက်၌ ကျွတ်ထိုက်သော ဝေနေယျတို့ကို သမန္တ စက္ခုဖြင့် ကြည့်ရှုတော်မူလျှင် သစ္စက ပရိဗိုဇ်၏ အချင်းအရာကို ကန်စင်စွာ သိတော်မူလင့်၍ ပြုသင့်သမျှသော ပုရေဘတ္တကိစ္စကို ပြည့်စုံစေ၏။ ယင်းနောက် ကျောင်းတော်နှင့် မနီးမဝေး၌ ရှိသော ကြီးစွာသော သစ်ပင်ရိပ်၌ သီတင်းသုံးနေတော်မူ၏။

ဆရာ သစ္စကမူကား နံနက်စာ ထမင်းစားပြီးသည်



www.burmeseclassic.com

www.burmeseclassic.com

နောက် များစွာသော မင်း၊ ဆင်းရဲသား၊ ပုဏ္ဏား ပရိသတ်များ ခြံရံလျက် ဝေသာလီမြို့မှ ထွက်၍ ဘုရားရှင်ရှိရာ မဟာဝုန်တော ကူဋာဂါရသို့ ချဉ်းကပ်လာကြသည်။ ကူဋာဂါရကျောင်းတော်သို့ ရောက်ရှိသည်နှင့် သံဃာတော်များအား ဘုရားရှင် သီတင်းသုံးရာကို မေးမြန်းစုံစမ်းလိုက်သည်။ သံဃာတော်များမှလည်း များစွာသော လူအုပ်အား ကြည့်၍ ဘုရားရှင်ရှိရာသို့ လမ်းညွှန်လိုက်လေသည်။

"ဟိုး... နေရိပ်တဲ့ သစ်ပင်ကြီးအောက်မှာ ဘုရားရှင် သီတင်းသုံးတော်မူသည်"ဟု ညွှန်လိုက်သည်နှင့် ဆရာ သစ္စက ဦးဆောင်သော လူအုပ်သည် ဘုရားရှင် သီတင်းရာ သစ်ပင်ဆီသို့ ကပ်လာကြသည်။ ပထမတွင် ရှင်ဘုရားထံ ရောက်သည့်ကာလ ချမ်းမြေ့သာယာသော အာလာပ သလ္လာပ စကားများအား လျှောက်ထား ပြောဆိုနေကြပြီးနောက် ဆရာ သစ္စကမှပင် စတင်၍ ရှင်တော် ဂေါတမအား...

"ရှင်တော်ဂေါတမ... အကျွန်ုပ်အား ခွင့်သနားပါလျှင် ပြဿနာတစ်ခုကို မေးလိုပါသည်။ ထိုပြဿနာကို ဖြေဆိုပါမည်လော"

ဟု လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားရှင်မှ -

"အချင်း အဂ္ဂိဝေဿန...ပြဿနာဖြေရသည်မှာ ငါ၌ ဝန်လေးသည် မည်သည်မရှိ။ အလိုရှိတိုင်း မေးလော့"

ဟု ခွင့်ပေးတော်မူ၏။

"ရှင်တော် ဂေါတမ... တပည့် သာဝကတွေကို မည်သို့ ဆုံးမပါသနည်း။ တပည့်သားတို့အား မှတ်သားသိစေခြင်းဟု အဘယ်ဒေသနာဖြင့် အနုသာသနီကို ပြုပါသနည်း"

ဟု ဆရာ သစ္စကမှ မေးလျှောက်လိုက်၏။

ဆရာ သစ္စက ထိုသို့မေးခဲ့ခြင်းမှာ သူနှင့် ရှင်အဿဇိ မထေရ် တွေ့ဆုံစဉ်အခါက မထေရ်ကြီးမှ ဖြေခဲ့သော ဝါဒ ပြဿနာကို တင်လိုသဖြင့် မေးလျှောက်ခြင်းဖြစ်လေသည်။

ဘုရားရှင်မှလည်း ရှင်အဿဇိ ဖြေသည့်အတိုင်းပင် ဖြေတော်မူပါပေ၏။

"လောက၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာငါးပါး၏ အစုသာ ဖြစ်၏။ ထိုငါးပါးတွင် အကြင်နှစ်ဆယ့်ရှစ်ပါး၊ ရုပ်တရားတို့၏ အပေါင်းဖြစ်သော ရူပက္ခန္ဓာသည်လည်း မြဲစွာတည်သော သဘောမရှိ။ မိမိကိုယ်လည်း မဟုတ်ချေ။ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါး၊ ဝေဒနာခြောက်ပါး တရားအစုဖြစ်သော ဝေဒနာက္ခန္ဓာသည်လည်း မြဲစွာတည်တတ်သော သဘောမရှိ။ မိမိကိုယ်လည်း မဟုတ်။ သညာနှစ်ပါး၊ သညာခြောက်ပါး တရားအစုဖြစ်သော သညာက္ခန္ဓာသည် လည်းကောင်း၊ ဖဿစေတနာ စသ ဖြင့် ပြားသော, ငါးဆယ်သော စေတသိက်ဟု ဆိုအပ် သင်္ခါရက္ခန္ဓာသည် လည်းကောင်း၊ စိတ်တစ်ခု ယုဂ်ကို အကျယ် တစ်ရာနှစ်ဆယ့်တစ်ပါးဟု ဆိုအပ်သော ဝိညာ က္ခန္ဓာသည် လည်းကောင်း၊ မြဲစွာ တည်တတ်သော သ မရှိ။ မိမိကိုယ်လည်း မဟုတ်။ ဒုက္ခရှစ်ပါး၊ ဒုက္ခဆယ့် တို့သာ သက်ဝင်ရာ ရှိချေ၏။ ယင်းကြောင့် ဤခန္ဓာ၌ အ ငမ်းငမ်း စွဲလမ်းတပ်မက်ခြင်းကို မဖြစ်စေလင့်။ ဤသို့ ဖြင့် ငါဘုရား ဆုံးမလေ့ရှိသည်"

ဟု ဖြေတော်မူပေသည်။

ဆရာ သစ္စကသည် သမ္မာသမ္ဗုဒ္ဓဒေသနာ၏ ပုံ ခြင်းကို ပယ်လိုရကား...

"ရှင်ဂေါတမ... အရှင်ကဲ့သို့ ဖောက်ဖောက်ပြ ကြ၍ ဆုံးမသော် ဤလောက၌ ဝိပဿနာချည်း ဖြစ်ရ တကား။ မြေမှ ပွားစည်သော သစ်ပင်သည် မြေကြီးသာ တည်ရာမှီရာဖြစ်သကဲ့သို့၊ ထို့အတူ သတ္တဝါတို့သည် ခန္ဓာငါးပါး၌ တည်၍သာလျှင် ဆင်းရဲချမ်းသာကို ခံစားရ ကုသိုလ်၊ အကုသိုလ်တရားကို အားထုတ်ရ၏။ မ ချမ်းသာကို ရှာဖွေကြရသည် မဟုတ်လော။ မပျက်စီး သောကာလ၌ အတ္တသည် အထင်အရှားရှိနေပါ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟု ပြောဟောနေခြင်းသည် အ သို့ သင့်ချေအံ့နည်း"

ဟု ဆိုလာ၏။

ဆရာ သစ္စက၏ စကားကို ကြားလျှင် ဘုရား

"အချင်း အဂ္ဂိဝေဿန... ဤငါးဝသော ရုပ်ခန္ဓာ ငါ၏ ကိုယ်ဟူ၍ သင် အလိုရှိသလော"

ဟု ပြတ်သားစွာ မေးလာပါ၏။ သစ္စကမှ...

"အရှင်ဂေါတမ...အကျွန်ုပ်သာ ငါ၏ ကိုယ် အယူရှိသည် မဟုတ်။ ဤ ပရိသတ်လူအများပင် မှတ် ခေါ်ဆိုကြပါ၏"

ဟု သူခိုးသေဖော်ညှိလိုက်လေ၏။ မြတ်စွာဘုရား မှ...

"သူတစ်ပါးအပေါ်၌ သင် ပစ်၍မတင်လင့်။ သ အယူကိုသာ ထင်ရှားစွာ ဖြေဆိုလော့"

ဟု တိုက်တွန်းတော်မူ၏။ ဆရာ သစ္စကသည် သူများအား လွှဲချခြင်းဟု မတတ်သာရကား မျ မျက်နှာပျက်ဖြင့်...

"ဘုရားရှင်ဂေါတမ... အကျွန်ုပ်လည်း ဤရုပ်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com

ငါ၏ ကိုယ်ဟု အယူရှိပါ၏"

ဟု ဆိုလေသော် ဘုရားရှင်သည် ရွှင်ပျသော မျက်နှာတော်ဖြင့် ဆက်လက်ပြောကြားတော်မူပေ၏။

"ဤ ငါးဝသော ခန္ဓာကို ငါ၏ ကိုယ်ပင်ဟု သင်ယူခဲ့သော်၊ တစ်ဖန် သင့်ကို ငါ မေးဦးအံ့။ ပြည့်ရှင်မင်းတို့သည် မိမိပိုင်သော နိုင်ငံတွင်း၌ နှိမ်နင်းကွပ်ညှပ်ထိုက်သူကို နှိမ်နင်းကွပ်ညှပ်ထိုက်ခြင်းငှာ၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်ခြင်းငှာ၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်းငှာ အစိုးရတို့၏ အလုပ်မဟုတ်လော။ အစိုးရသည် မှန်၏ဟု ဝန်ခံလျှင် သင်၏ ရုပ်တရားသည် မတင့်တယ်သောအားဖြင့် ငါ မဖြစ်ချင်၊ ကြည်ညိုနှစ်သက်ဖွယ် ဖြစ်လို၏ဟူ၍ လည်းကောင်း၊ ငါမှု သွားကြွေ ပါးရေတွန့်၍ အိုခြင်းသို့ မရောက်ဘဲ တစ်ဆယ့်ခြောက်နှစ်အရွယ်သာ တည်လိုပါ၏ဟူ၍ လည်းကောင်း၊ သင်၏ အလိုအတိုင်း သင်၏ ရုပ်ကို နုပျိုစေခြင်းငှာ အစိုးရပါသလော"

ဟု မေးတော်မူ၏။

ဘုရားရှင်၏ ထိချက်ပြင်းလှသော အမေးစကားကြောင့် ဆရာ သစ္စကမှာ လက်မှိုင်ချသွားရပြီး မဝံ့မရဲဖြင့် တွေးတောငြိမ်လေ၏။

"အကယ်၍ ငါ၏ ရုပ်သည် ငါ၏ အလိုကို လိုက်သည်ဟု ဖြေဆိုခဲ့သည်ရှိသော် တပည့်များဖြစ်သည့် ဝေသာလီမင်းသားပေါင်းမှ ထ၍ "ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ လှပတင့်တယ်ပါစေလော့"ဟု ဆိုလာခဲ့သည်ရှိသော် ငါ ဒုက္ခရောက်ရတော့မည်။ အကယ်၍ ငါ၏ အလိုသို့ မလိုက်ဟု ဆိုရချေသော် ဂေါတမ၏ အနတ္တဟူသောစကားသည် စိုးပိုင်၍ ငါ့အား နိုင်ချေတော့မည်"ဟု အဖက်ဖက်မှ စဉ်းစားလျက် ဘေးကျပ်နံကျပ်ဖြစ်နေသည်ကြောင့် သစ္စကသည် မည်သည့်စကားမျှ မဆို ခပ်ဆိတ်ဆိတ်သာ နေလေသည်။

ထိုအခါ မြတ်စွာဘုရားမှ...

"သစ္စက... ဤဝါဒကို သင်ချေဦးလော့"

ဟု နှစ်ကြိမ်တိုင်တိုင် တိုက်တွန်းခဲ့ပါ၏။ သစ္စကမှာ မည်သို့မျှ မတွေးတတ်၊ မကြံတတ်အောင် ဖြစ်နေသဖြင့် ထိုအခိုက်ဘာဝေရှိနေစဉ် နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဘီလူးအသွင် ဖန်ဆင်းလျက် သံတင်းပုတ်ဖြင့် ထုရိုက်မည့်ဟန် ရွယ်လျက်...

"ဟယ်... သစ္စက၊ အဘယ်ကြောင့် မေးတော်မူသည်ကို မလျှောက်ဆိုသနည်း"

ဟု ခြိမ်းခြောက်လေသည်။

ထိုသို့ သိကြားမင်း၏ ခြိမ်းခြောက်မှုသည် လူပုံပရိသတ် မမြင်။ ဘုရားရှင်နှင့် ဆရာ သစ္စကသာ ဖြစ်လေသည်။

ထိုအခါမှပင် ဆရာ သစ္စကသည် ဆိတ်ဆိတ်မနေဝံ့တော့ပေ။ ရှင်းလင်းပီသစွာဖြင့် ဘုရားရှင်အား လက်အုပ်ချီမိုးလျက်...

"အရှင်ဘုရား... အကျွန်ုပ်ကား အမှားကြီး မှားပေပြီ၊ အရှင်ဘုရား၏ အသက်ရှည်သမျှကာလပတ်လုံး ယုံမှတ်ကိုးကွယ်ပါတော့မည်"

ဟု လျှောက်ထားပေတော့သည်။ ယင်းနောက် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်သည် ငါးပါးသော ခန္ဓာတို့၏ ပုဏ္ဏာပြဿနာထား၍ လေးပါးသော နက်နဲခြင်းနှင့် ပြည့်စုံသော ဓမ္မဒေသနာတော်တို့အား ကောင်းစွာ ဟောပြောနေပေသည်။ ထိုတရားအဆုံး၌ ဆရာ သစ္စကနှင့်တကွ အလုံးစုံသော လူပုံ ပရိသတ်တို့သည် အကျွတ်တရားများ ရကြလေကုန်၏။

ထိုစဉ်အခိုက် တိုက်ခတ်လာသော လေပြည်ညင်းကြောင့် မိုးသားတိမ်လိပ်များသည် ရွှေ့လျားလျက် ရှိနေကြ၏။ လူပုံ ပရိသတ်အား ဘုရားရှင်မှ တရားဒေသနာများ ဟောကြားနေသည့် သစ်ပင်ကြီး၏ အောက်၌မူ တရားဟူသည့် လေပြည်လေညင်းကြောင့် အရာရာ ငြိမ်းအေးချမ်းသာလျက်ရှိနေကြပေပြီ။

ရတနာသုံးပါး ဦးထိပ်ထားလျက်

* * *

မောင်သာမန်(ဇီးကုန်း)

ကိုးကား

- ဇိနတ္ထပကာသနီ
- ဗုဒ္ဓဝင်

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ နိဝင်ဘာလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

# (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွဋ်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန ထောင့်တွင် မေမြို့ (၁၉)ညွန့်နှင့် ထီးဖြူ (၉)လက်တို့ကို သွားရောက်လှူဒါန်း ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သော ထောင့်တွင် ဆီမီး (၉)တိုင် သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပု (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော တွင် ကံ့ကော် (၁၅)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော် (၂၇)ခေါ ပုတီးစိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန ထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထော သစ်စိမ်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူ ပြီး လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃) သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန ထောင့်တွင် ပဲပေါင်မုန့် (၉)လုံး လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါ ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအ ထည့်၍ မိမိရောင်းလိုသော ကုန်းပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထီးဖြူ (၉)လက်နှင့် နှင်းဆီ (၉)ပွင့်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင်ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ရွှေချ၍ မိမိလိုရာဆုကို တောင်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အင်ကြင်း (၉)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် သြဇာ (၉)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယို (၉)ကျပ်သားခန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (ဝ)ထိပ်စီး၊ (ဝ)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

BURMESE CLASSIC .com

## အင်္ဂါသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၁)ဘူးကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၆)ညွန့်နှင့် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို နို့ဆီတစ်ဘူးနှင့် ဆန်(၉)လုံး လှူပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း(၉)ပွင့် လှူဒါန်းပါ။ |
| ထီကံကြမ္မာ | - | (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟူးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်လှူဒါန်းပြီး မေတ္တသုတ် (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၃)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

BURMESE CLASSIC .com

# ကြာသပတေးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | တနင်္ဂနွေနေ့ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၄)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၈)ညွှန့်ဖြင့် ရိုက်ပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၁)နောက်ပိတ်နှင့် (ည)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC .com

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# နွားဝဲငါစားစကဲ့ သားကောင်လေး

ဝေစည်(ရွှေဘို)



သံသရာလည်ရှည်လွန်းလို
မျိုးသားချင်း မတော်စပ်သူ
မရှိပါ။ မွေ့ကာထိက ဆရာ
တစ်ပါး ပောကြားတော်မူသည်
ဉာဏ်တိသရဉာ ဏ်များရပြီး
ရှေးရှေးဘဝတွေ ပြန်မြင်မည်ဆို
တစ်ယောက်မျက်နှာတစ်ယော
ကြည့်ရဲစရာတောင် ရှိမှာမဟု
ဘူးတဲ့။

သုံးဆယ့်တစ်ဘုံတွင်
ဘုံ တစ်ဘုံ၊ နတ်ပြည်
ဗြဟ္မာ့ဘုံ ၂၀၊ အပါ
၄ဘုံတို့မှာ စုန်ဆန်
နေကြပါသည်။
ပြည် တဝင်း
ဝက်စားကျင်
ရှုပ်ရှုပ်ဟူသ



www.burmeseclassic.com

www.burmeseclassic.com

ပြဟ္မာ့ပြည်မှ စုတေပြီး ဝက်ဖြစ်ရ
ည့်ဟူ၍လည်း ဘုရားရှင် ဟော
ကြားမှုခဲ့ပါသည်။

ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိ
နိမိတ်တို့ဖြင့် စွဲမိစွဲရာ စွဲကြပြီး လားရာ
ကို မမြင်ကြပါ။ ကျွန်မ၏ ကိုယ်တွေ့
ကို ပြောချင်ပါသည်။

◆◆◆

ကျွန်မသည် အညာကျေးလက်
ရွာကြီးတစ်ရွာတွင် မူလတန်းကျောင်း
ဆရာဝန် ထမ်းဆောင်နေပါသည်။

ကျွန်မ၏ အမျိုးသားက အလယ်
တန်းကျောင်းအုပ်အဖြစ် မိုင် ၂၀ခန့်
ဝေးသော ရွာကြီးတစ်ရွာတွင် တာဝန်
ထမ်းပါသည်။ ကျွန်မနှင့်အတူ ၁၈နှစ်
အရွယ် သားကြီးနှင့် ၆နှစ်အရွယ် သမီး
ငယ်တို့နှင့် အတူနေကြပါသည်။

ခင်ပွန်းဖြစ်သူက သောကြာနေ့
ညနေတွင် ပြန်လာပြီး တနင်္လာနေ့တိုင်း
ကျောင်းသို့ ပြန်ရပါသည်။ ကျွန်မ
တို့၏ သူလုပ်ငန်းကို လူငှားများဖြင့်
လုပ်ပါသည်။ စနေ၊ တနင်္ဂနွေနေ့များမှ
သာ ခင်ပွန်းဖြစ်သူက လယ်များ၊
ယာများကို ကြည့်နိုင်ပါသည်။

လူငှားဆိုသည်ကလည်း တော်
ရုံလေး ဦးနှောက်စားရပါသည်။
ကျွန်မတို့က ကျောင်းအလုပ်တစ်ဖက်
ထဲ၊ တောထဲတောင်ထဲ၊ လယ်ထဲ
သို့ မလိုက်နိုင်မှန်း သိထားကြ
သဖြင့် အလုပ်လုပ်ရာတွင် ကိုယ်တိုင်
လုပ်သလောက် မပြီးစီးပါ။ စေတနာ
လည်း မထားတတ်ကြပါ။

ကျွန်မအိမ်တွင် နေသော အလုပ်
သမားတစ်ယောက်က နွားတစ်ကောင်
ကျွေးပါသည်။ နွားစာကျွေးလျှင် သူ့
ကြိုက်သော ဖွဲ၊ ဆန်ကွဲများ ပက်
ကျွေးပါသည်။ ရှိပါစေတော့ဟုသာ
သည်းခံ၍ ကြိုက်ထားရပါသည်။

နောက်နှစ်တွင် အခြားအလုပ်
သမားတစ်ယောက်ပြောင်းပြီး ငှားလိုက်
ပါသည်။ သူက နွားတော့ မရှိပါ။ သို့
သော် နှစ်ကေခန့် ရှိသော လယ်ကလေး
တစ်ကွက်ရှိသဖြင့် ကျွန်မ၏ မျိုးစပါး
နှင့် ကျွန်မ၏ နွားဖြင့် ထွန်ယက်စိုက်
ပျိုးပေးရပါသည်။ စပါးရိတ်သိမ်းပြီးလျှင်
ပဲနောက်စိမ်းများ ကြဲပက်ရပါသည်။
သူ့လယ်ထဲလည်း ကြဲပက်ချင်ပါသည်
ဟု ဆိုသဖြင့် မျိုးပဲများ ပိုပိုသာသာ
ပေးလိုက်ပါသည်။

ထိုအလုပ်သမားက ကျွန်မ၏
လယ်ထဲတွင် မျိုးပဲနောက်စေ့များကို
နည်းနည်းသာ ခပ်ကျဲကျဲပက်ခဲ့ပြီး သူ့
လယ်ထဲတွင်တော့ အများကြီး ကြဲပက်
ထားလိုက်ပါသည်။

ပဲနောက်များ အပင်ပေါက်လာ
သောအခါ ကျွန်မ၏ လယ်များထဲတွင်
ပဲပင်လေးများက ကျဲကျဲပါးပါးသာ
ပေါက်နေပါသည်။ သူ့လယ်ကွက်ထဲ
တွင်မူကား ပဲနောက်ပင်များ ထူထူ
ထဲထဲပေါက်နေကြပြီး အဝေးမှ ကြည့်
လျှင် ခရမ်းပင်၊ ခရမ်းချဉ်ပင်၊ ပန်းမုံလာ
ပင်များ ပျိုးထားသော ပျိုးခင်းဟု
အထင်မှားတတ်ကြပါသည်။

ပဲနောက်များ သီးချိန်တွင် အပင်
ကျဲကျဲသာ ရှိသော ကျွန်မ၏ လယ်များ
ထဲမှ ပဲပင်များသည် ပြွတ်ခဲနေအောင်
သီးကြပါသည်။ သူ့လယ်ကွက်အတွင်း
မှာကား အပင်များက ပူးလွန်းနေသော
ကြောင့် ပဲပင်လေးများမှာ ညှက်နေကြ
ပြီး သီးသမျှမှာလည်း မအောင်မမြင်
ဖြစ်နေပါသည်။ လယ်နီးချင်းများက
"ဒီကောင် ဖိုးတုတ်၊ စိတ်ယုတ်မာထား
လို့ ပဲတွေက မသီးဘူး။ ပဲစေ့တော့
ရမှာမဟုတ်ဘူး၊ နွားကျွေးဖို့ ပဲအမှော်
(ပဲရွက်ခြောက်များ)တွေတော့ ရမှာ
ပေါ့"ဟု ပြောကြသည်များ ကျွန်မနား
ရောက်လာပါသည်။

သို့သော် လူကြံလျှင် ဘာခံနိုင်
ပါ့မလဲ။ ပဲနောက်များ ရိတ်သိမ်းချိန်တွင်
ကျွန်မတို့ကျောင်း စာမေးပွဲကြီးစစ်ချိန်
ဖြစ်ရကား အသီးမပါသော ပဲနောက်
များကို ကျွန်မတို့ မြေတလင်းထဲ နွား
လှည်းနှင့် တိုက်ပို့ပြီး အသီးတွေ ပြွတ်
ခဲနေသော ကျွန်မလယ်ထဲမှ ပဲနောက်
စိမ်းများကိုမူ သူ့အိမ်သို့ ပို့ပါလေ၏။
ကျွန်မက လယ်ကေ ၂၀ လောက် ရှိ
လို့သာ ပဲများ ရခြင်းဖြစ်ပါသည်။ ကျွန်မ
လယ်(၄ကေ)ထဲမှ ထွက်သော ပဲပင်
များကို သူ့အိမ်သို့ ပို့ပြီး သူ့လယ် ၂ကေ
မှ ပဲပင်များ (အသီးမသီးသဖြင့်)ကို
ကျွန်မအိမ်သို့ ပို့ခြင်းဖြစ်ပါသည်။

◆◆◆

နောက်နှစ် ငှားရသော အလုပ်
သမားက နွား၊ ကျွဲများကို အလွန်ရိုက်
သဖြင့် မကြာခဏ ပြောရပါသည်။
ကျေးဇူးရှင်တွေ ဖြစ်လို့ မရိုက်ဖို့ ပြော
ပေမယ့် နားမထောင်ပါ။ သီတင်းကျွတ်
ကျောင်းပိတ်ရက်တွင် ကျွန်မ ခင်ပွန်း
က ကျွန်းမြေကွက် ထယ်ထိုးနေရာသို့
လိုက်သွားပြီး ကြည့်ပါသည်။

နွားများကို ထယ်တုံးတန်းလန်း
နှင့် ရပ်ထားပြီး သူတို့ကမူ မြစ်ထဲတွင်
ငါးထောင်ထားသော မြှုံးများကို ပိုင်ရှင်
အလစ် ခိုးပြီး ငါးနှိုက်နေကြပါသည်။
ကျွန်မခင်ပွန်းက ကျောင်းသားကို
ဆုံးမသကဲ့သို့ ပြောဆိုဆုံးမပါသည်။
သူတစ်ပါးပစ္စည်းကို ပိုင်ရှင် မသိဘဲ ယူ
တာသည် ခိုးတာပဲဖြစ်ကြောင်း၊ နွားများ
ကို ထယ်တန်းလန်းနှင့် တစ်ချိန်လုံး
ပစ်ထားသည်မှာ ရက်စက်ရာ ကျ
ကြောင်း၊ ယခုကဲ့သို့ လုပ်နေခြင်းဖြင့်
ဤကျွန်းကွက်၏ ထယ်ရေးလည်း
အချိန်မီ ပြီးမှာမဟုတ်လို့ နစ်နာကြောင်း
များ ပြောပြပြီး စိတ်ပျက်လက်ပျက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်လာပါသည်။

နောက်တစ်နေ့နံနက် ၄နာရီတွင် နွားများကို အစာကျွေးချိန်ဖြစ်သော်လည်း ထိုအလုပ်သမားက လာမကျွေးပါ။ မနေနိုင်သော ကျွန်မက နွားများကို အစာကျွေးထားလိုက်ပါသည်။ အတော်ကြီး နေမြင့်မှ နွားမောင်း ကြိမ်တုတ်ကလေးကိုင်ပြီး ရောက်လာပါသည်။ ထိုနေ့က ကျွန်းကွက်ကို အပြီးထယ်ရေးကိုင်ရန် ဖြစ်ပါသည်။ နေ့ခင်း ၁၂နာရီခန့်တွင် ပြီးရမည်ဖြစ်သော်လည်း တစ်နာရီထိုးသည်အထိ အလုပ်သမားရော၊ နွားများပါ ပြန်မရောက်ကြသေးသဖြင့် စိတ်ပူနေရပါသည်။

နွားတွေတော့ အဆာလွန်နေတော့မှာပဲ။ ရေလည်း မသောက်ရ၊ အစာလည်း မစားရနှင့် ဒုက္ခဖြစ်နေလောက်ပြီလို့ တွေးပြီး တောထဲ လိုက်သွားပါသည်။

ကျွန်မ၏ ကျွန်းကွက်ထဲတွင် လူများ ဝိုင်းအုံနေပါသည်။ ကျွန်မခင်ပွန်းနှင့် ကျွန်မတို့ အပြေးသွားကြည့်လေမှ အလွန်ချောသော နွားစာဥကြီးက လဲနေပါသည်။ ပိုးထိ(မြွေကိုက်)လို့လေလားဟု တွေးမိနေစဉ်…

"ထယ်ရေးလေးစပ်(ပြီး)သွားအောင် ထိုးနေရင်း ဗိုင်းခနဲ လဲကျသွားတာပဲဗျာ"

ဟု မျက်နှာအောက်သိုးသိုးနှင့် ပြောပါသည်။

စာဥကြီးမှာ အသက်ကိုပင် မနည်းရှူနေရပါသည်။ ကျွန်မကို တွေတွေကြီး ကြည့်နေလိုက်သည်မှာ တစ်သက်မမေ့နိုင်ပါ။ ကျွန်မ ခင်ပွန်းက တိရစ္ဆာန်ဆရာဝန်ကို အမြန်ပင့်ခိုင်းလိုက်ပါသည်။ နာရီဝက်ခန့်အကြာတွင် တိရစ္ဆာန်ဆရာဝန်လေး ရောက်လာပြီး ဆေးထိုးပေးပါသည်။ သို့သော် မရတော့ပါ။ ကျွန်မနွား စာဥကြီး သေသွားရှာပါပြီ။ ကျွန်မမှာ မျက်ရည်များ ဒလဟောကျလာပြီး စိတ်ကို မထိန်းနိုင်ဘဲ အသံလွတ်အောင်ပင် ရှိုက်ငိုလိုက်မိပါသည်။

> "ကျွန်မ နွားစာဥကြီးကို မကြာခဏ အိပ်မက်မက်ပါသည်။ ကိုယ့်နွားဖြစ်လို့ စိတ်စွဲပြီး အိပ်မက်မက်တာဖြစ်မှာပဲလို့သာ အောက်မေ့ခဲ့ပါသည်။ စာဥကြီး သေပြီးနောက် တစ်နှစ်ကျော်ကျော်တွင် ကျွန်မ၏ တတိယမြောက် သားလေးမွေးပါသည်။ ထိုသားလေးသည် မည်သည့်အသားမှ မစားပါ။ မသိအောင် ကျွေးလျှင်လည်း အန်ထုတ်ပါသည်"

အမှန်မှာ စာဥကြီးအား နွားဦးချိုနှစ်ချောင်းကြားတွင် လှည်းထမ်းပိုးကျစ်တုတ်ဖြင့် အချက်ပေါင်းများစွာ ရိုက်ထားသဖြင့် သေသွားရကြောင်း နွားကို ဖျက်ပေးကြသူများက ပြောပြသဖြင့် သိရပါသည်။ ထိုအလုပ်သမားလည်း အလုပ်မှ ထွက်သွားပါသည်။ ကျွန်မတို့နှင့် မတွေ့အောင် ရှောင်နေပါသည်။

◆◆◆

ကျွန်မ နွားစာဥကြီးကို မကြာ ခဏ အိပ်မက်မက်ပါသည်။ ကိုယ့်နွား ဖြစ်လို့ စိတ်စွဲပြီး အိပ်မက်မက်တာ ဖြစ်မှာပဲလို့သာ အောက်မေ့ခဲ့ပါသည်။ စာဥကြီး သေပြီးနောက် တစ်နှစ်ကျော် ကျော်တွင် ကျွန်မ၏ တတိယမြောက် သားလေး မွေးပါသည်။ ထိုသားလေး သည် မည်သည့်အသားမှ မစားပါ။ မသိ အောင် ကျွေးလျှင်လည်း အန်ထုတ် သည်။

သားလေး ၂နှစ်သားအရွယ် ရောက်လာသောအခါ လေးဘက်က ပြီး ပြေးပါသည်။ သူ့အင်္ကျီကို ကြိုး ကလေးနှင့် ချည်ပြီး နွားကဲ့သို့ မော ပေးလျှင် အလွန်သဘောကျပါသည်။ ကျောင်းထားရသော ၅နှစ်အရွယ် သူ့အင်္ကျီကို ကြိုးနှင့် ချည်ပေ မောင်းပေးခြင်းကို သဘောကျပါသည်။ ကလေးများနှင့် ကစားလျှင် သူက နွ လုပ်တမ်း ကစားပါသည်။ သူ့ခြေ လက်သန်းများက ရှည်ပြီး သန်မာ ပါသည်။ မည်သည့်အသားကိုမျှ မ ပါ။ ယခုအထိ သားလေး၏ ခေါင်း (နွားဘဝတုန်းက အရိုက်ခံထားခဲ့ရ နေရာမှ) မို့မောက်နေပါသည်။ နွား မှ လူ့ဘဝရောက်လာတာ ဖြစ် သားလေးအတွက်တော့ အမြတ်ပါ

သားလေး(နွားဘဝ)ကို ရို သတ်ခဲ့တဲ့ ကျွန်မအလုပ်သမားက ခေါင်းမှာ အကျိတ်ဖုကြီးဖြစ်ပြီး ပြ တစိုစိုနဲ့ ၄နှစ်ခန့် ခံစားပြီးမှ သေသွား ရှာသည်။

* * *

ဝေစည်(

www.burmeseclassic.com



www.burmeseclassic.com

လူ နတ် ဗြဟ္မာတို့၏ ဆရာ၊ တရားမင်းပိုင်ရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝေရဉ္စပြည်အနီးရှိ "နဠေရု"အမည်ရှိသည့် အလွန်တရာကြီးမားလှသော တမာပင်ကြီးခြေရင်း၌ ရောင်ခြည်တော် ခြောက်သွယ်တို့ ယှက်နွယ် ဖြန့်ကျက်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ ဖလသမာပတ်ဝင်စားနေချိန်ဖြစ်၏။

ထိုအချိန်၌ မဟာသမုဒ္ဒရာကြီးကို အပိုင်စိုး၍ မှီတင်းနေထိုင်ရသည့် "ပဟာရာဒ"အမည်ရှိသော အသူရိန်နတ်မင်းသည် သူ၏ လက်ရှိဘဝကို အလွန်အမင်း အားရကျေနပ်နေ၏။ ဤသို့သော ကျေနပ်နေမှုကြီး၏ အရင်းခံသည် ထိုသမုဒ္ဒရာ သဘာဝ၏ ဆန်းကြယ်သော အကြောင်းအခြင်းအရာ ရှစ်ချက်ကြောင့်ဖြစ်၏။ ဤကမ္ဘာ၏ ဩကာသလောကကြီးတွင် သူသာလျှင် အဆန်းတကြယ်များကို ပိုင်ဆိုင်ထားရှိသူအဖြစ်နှင့် အကျေနပ်ကြီး ကျေနပ်ကာ ဂုဏ်ယူနေလေ့ရှိသော ပဟာရာဒ အသူရိန်နတ်မင်းသည် မြတ်ဗုဒ္ဓဘုရားရှင်တော်ထံမှောက်သို့ ရောက်ရှိလာပြီး ဖူးမြော်ကန်တော့နေ၏။ သို့သော် သူ၏ စိတ်ဘဝင်ထဲတွင် မည်သူမျှ မယှဉ်နိုင်ဟု မာန်ဂုဏ်တက်ကာ သူ၏ လက်ရှိဘဝကြီးအား ကျေနပ်နေသူဖြစ်ကြောင်းကို မြတ်ဗုဒ္ဓဘုရားရှင် သိတော်မူ၏။ သူ့အား တရားပြ ဆုံးမရန် အကြောင်းဆိုက်လာတော့၏။ မြတ်ဗုဒ္ဓဘုရားရှင်သည် သမာပတ်ဝင်စားခြင်းမှ ရပ်နားတော်မူပြီးလျှင်. . .

"ပဟာရာဒ အသူရိန်နတ်မင်း. . . အသင် မှီတင်းနေထိုင်ရာ မဟာသမုဒ္ဒရာကြီးသည် အံ့ဩဖွယ်ရာများ ဘယ်နှမျိုးရှိသနည်း"

ဟု လိုရင်းစကားတော်ကိုပင် တစ်ထိုင်တည်း မိန့်မြွက်ကာ မေးတော်မူလိုက်၏။ ဘုရားရှင်၏ စကားတော်ကို ကြားလိုက်ရသော အသူရိန်နတ်မင်းသည် လွန်စွာ ဝမ်းမြောက်သွား၏။ နတ်မင်းမှာ လက်အုပ်ချီမိုး ရှိခိုးကန်တော့နေရင်းက မာန်ဟုန်ရဲဝံ့စွာဖြင့် ဤသို့ ပြန်လည်လျှောက်ထားလိုက်၏။

"မှန်လှပါ။ တပည့်တော် ပိုင်ဆိုင်ရပ်တည်ကာ နေထိုင်ရသော မဟာသမုဒ္ဒရာကြီးသည် ထူးဆန်းအံ့ဩဖွယ်ရာ ရှစ်မျိုးရှိပါသည် ဘုရား"

ထိုသို့ လျှောက်တင်လာသော အဖြေစကားကို ကြားလိုက်ရသည့် မြတ်ဗုဒ္ဓဘုရားရှင်သည်. . .

"ကောင်းလေစွ အသင်နတ်မင်း။ သင်၏ အံ့ဩဖွယ်ရာ ရှစ်မျိုးတို့ကို တစ်မျိုးချင်း ဖြေကြားပေးပါဦးလော့"

"တင်ပါ့ ဘုရား။ ပထမအချက် အံ့ဩဖွယ်ရာ ဆို[...] ကတော့ ဤသမုဒ္ဒရာကြီးသည် အနားသတ် ကမ်း[...] အတွင်းဘက်သို့ တဖြည်းဖြည်းနက်ရှိုင်းသွားသော [...] သည် တစ်ဆင့်ထက်တစ်ဆင့် ပိုမိုနက်ရှိုင်းခြင်းသာ ဖြ[...] ၍၊ မဟာသမုဒ္ဒရာကြီး၏ အနက်သည် ပထမဦးစွာ [...] အံ့ဩဖွယ်ရာဖြစ်ပါ၏ ဘုရား။

ဒုတိယ အံ့ဩဖွယ်ရာသည် ဂင်္ဂါ၊ ယမုံနာ၊ အစိရ[...] သရဘူ၊ မဟီ စသည့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာ[...] ရေထုသည် မဟာသမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်[...] သော်ငြားလည်း ရေပြည့်ရေလျှံခြင်း အလျဉ်းမရှိပါ။ သမု[...] ၏ မျက်နှာပြင်ထက်သို့ ရေကျော် လွှမ်းမိုးသွားခြင်း [...] အခါမှ မဖြစ်သည်မှာ အံ့ဩဖွယ်ရာ ဒုတိယအချက်ဖြ[...] သည် ဘုရား။

တတိယ အံ့ချီးဖွယ်ရာသည် ထိုမြစ်ကြီးငါးသွ[...] မြစ်ငယ် ငါးရာတို့မှ စီးမျောပါရှိလာသည့် ကျွဲ၊ နွား [...] ဝက်၊ ကြက် စသည့် သတ္တဝါအသေကောင်များ၊ အ[...] ကောင်များကို ရေလှိုင်း ဝဲဂယက်မှာပင် ကမ်းစပ်သို့ ပ[...] ဖယ်ရှားပေးနိုင်မှုသည် ထိုသမုဒ္ဒရာကြီး၏ တတိယမြော[...] အံ့ချီးဖွယ်ရာဖြစ်ပါသည် ဘုရား။

စတုတ္ထ အံ့ဩဖွယ်ရာသည် ဂင်္ဂါ၊ ယမုံနာ အစရှိ[...] မြစ်ကြီးများနှင့် မြစ်ငယ်အသွယ်သွယ်တို့မှ ပေါင်းစပ် စီး[...] လာသော ရေအလျင်ဖြစ်သော်ငြား၊ ဂင်္ဂါရေ၊ ယမုံနာ[...] ဟူသည့် အမည်နာမများ ကွယ်ပျောက်လျက် သမုဒ္ဒ[...] ဟူသည့် အမည်တစ်ခုကိုသာ ခံယူကြရသဖြင့် ဤမည်[...] အချက်သည်လည်း မဟာသမုဒ္ဒရာကြီး၏ စတုတ္ထမြော[...] အံ့ဩဖွယ်ရာပင် ဖြစ်ပါသည် ဘုရား။

ပဉ္စမ အံ့ဩဖွယ်ရာသည်ကား ထိုမြစ်တို့မှ စီး[...] လာသောရေသည် လည်းကောင်း၊ ဝဿန္တဥတုမှ ရွာသွ[...] စီးဆင်းလာသည့် မိုးရေတို့သည် လည်းကောင်း၊ ဤသမု[...] ကြီးအတွက် ရေများ ပြည့်လျှံမို့မောက်သွားမှု မရှိပါ။ [...] အတူပင် ဂိမ္ဟန္တ နွေဥတုမှ စီးဆင်းလာသောရေတို့သ[...] မိုးဥတုလောက် မများသော်ငြား၊ ထိုသမုဒ္ဒရာထဲ၌ ရေ[...] လျော့နည်းသွားခြင်းမျိုးလည်း မရှိခဲ့ပါ။ ဤသို့ လျော့[...] တိုးခြင်း မရှိခြင်းကြောင့် မဟာသမုဒ္ဒရာ၏ ပဉ္စမ အံ့ဖွယ်[...] တို့ ဖြစ်ပါသည် ဘုရား။

ဆဋ္ဌမ အံ့ဖွယ်ရာတို့သည်ကား ထိုသမုဒ္ဒရာရေမျက်[...] ပြင်တို့ လွန်မင်းစွာ ကျယ်ပြောသလောက်၊ ဘယ်အခါ[...]



www.burmeseclassic.com

www.burmeseclassic.com

ညီ့ အရသာမှာ ထာဝစဉ် ငန်သည့် အရသာတစ်မျိုးတည်း သာ တည်ရှိခြင်းအကြောင်းကြောင့် ဆဋ္ဌမမြောက် အံ့ဖွယ် ဖြစ်ပါသည် ဘုရား။

သတ္တမမြောက် အံ့ချီးဖွယ်ရာသည် ဂင်္ဂါ၊ ယမုံနာ အစ သော မြစ်ကြီးများနှင့် မြစ်ငယ်အပေါင်းတို့မှ စုန်ဆင်းလာ သော ရေတို့ကြောင့် မဟာသမုဒ္ဒရာရေထဲ၌ အဖိုးတန် နာများဖြစ်ကြတဲ့ ရွှေ၊ ငွေ၊ ပုလဲ၊ ခရု၊ ကျောက်ခက်၊ ကျောက်တန်း၊ ပတ္တမြား၊ နီလာဟု အမည်ခေါ်ဆို သမုတ် သော ရတနာဆယ်ပါးတို့ဖြင့် ပြည့်စုံနေခြင်းတို့သည် ည်း သတ္တမမြောက် အံ့ချီးဖွယ်ရာများ ဖြစ်ပါသည် ဘုရား"

ဆဋ္ဌမမြောက် အံ့ချီးဖွယ်ရာသည်ကား မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့ထံမှ ရေများ ပေါင်းစုံစီးဝင်သည့် ထိုသမုဒ္ဒရာ လှာထဲ၌ ရောမ ဝေလငါးကြီးများ၊ ရေနဂါးများ၊ ငါးမန်း သည့် ငါးမျိုးစုံနှင့် အသူရာ နတ်နဂါးများ၊ ရေဘီလူးများ အား မှီတင်းနေထိုင်ရာ ဌာနကြီးဖြစ်တည်လျက် ရှိခြင်းသည် ဤ မဟာသမုဒ္ဒရာ၏ အဋ္ဌမမြောက်သော အံ့ဖွယ်ဆန်းကြယ် သော ဖြစ်ပါတော့သည် ဘုရား"

ဤသို့ဤနှယ်၊ သူပိုင်ဆိုင်သော မဟာသမုဒ္ဒရာကြီး အတွင်းမှ နိယာမ သဘာဝ၏ ဆန်းကြယ်မှုအစုစုကို အသူရိန် နတ်မင်းကြီးသည် အချက်အလက်စုံလင်စွာဖြင့် ဂုဏ်တင် လျှောက်ပန်ဖြေကြားလိုက်တော့၏။

◆◆◆

မေးခွန်းထုတ်တော်မူခဲ့သည့် မြတ်ဗုဒ္ဓဘုရားရှင်နှင့် ဟာသမုဒ္ဒရာကို ပိုင်စိုးရသော ပဟာရာဒ အသူရိန်နတ်မင်း ကြီးတို့နှစ်ဦးကြားဝယ် စကားဆိုစရာ မရှိတော့အောင်ပင် တန်ငယ် တိတ်ဆိတ်ငြိမ်သက်နေခဲ့၏။ ဤသို့သော ဆိတ် မှုကို ဒုတိယအကြိမ် ဖောက်ခွဲလိုက်သူက အသူရိန် နတ်မင်းသာ ဖြစ်၏။ ဘုရားရှင်ကား စက္ခုက္ကန္ဒြေချကာ တင်းသုံး ထိုင်တော်မူနေဆဲ။

"ကိုးဂုဏ်ထင်ရှား အရှင်သူမြတ်ကြီးဘုရား··· ဗုဒ္ဓ ၏ သာသနာတော်ကြီး၌ အံ့သြဆန်းကြယ် ချီးမွမ်းဖွယ် များ ရှိတော်မူပါသလား အရှင်ဘုရား"

ဟု အဆိုရှင်အဖြစ် နတ်မင်းသည် မေးလျှောက်လာ ၏။ ဘုရားရှင်မူကား ထိုအမေးစကားကြောင့် အချေရှင် ဖြေကြားတော်မူရန်သာ ဖြစ်ပေ၏။

ဂမ္ဘီရဉာဏရှင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓဘုရားရှင် ည်···

"ပဟာရာဒ အသူရိန်နတ်မင်း··· ငါဘုရား၏ သာသနာ တော်ကြီး၌ အနှိုင်းမဲ့ အံ့သြဖွယ်ရာတို့သည်လည်း ရှစ်မျိုးသာ တည်း"

ထိုအဖြေစကားတော်ကို ကြားနာလိုက်ရသော အသူရိန်နတ်မင်း၏ စိတ်ထဲတွင် ကြိတ်၍ ဝမ်းသာသွားခဲ့၏။ စိတ်ထဲမှလည်း ဟန်ကျလိုက်လေ။ ဘုရားရှင်၏ အံ့ဖွယ် ဆန်းကြယ်ရာတို့သည်လည်း ငါ၏ မဟာသမုဒ္ဒရာကြီးကဲ့သို့ ပင် ရှစ်မျိုးသာ ရှိဘိတကားဟု တန်းတူရည်တူ ထင်မှတ်သွား ၏။

မဟာသမုဒ္ဒရာ၏ ဆန်းကြယ်လှသော ဂုဏ်ဒြပ်ရှစ်မျိုး နှင့် ဘုရားသာသနာတော်အတွင်းရှိ ဂုဏ်ဒြပ်ရှစ်မျိုးတို့ကို ချိန်ထိုးတွဲယှဉ်ကြည့်လိုစိတ် ပြင်းပြလာကာ ဤသို့ မေး လျှောက်ပြန်၏။

"အရှင်ဘုရား···ဗုဒ္ဓဝါဒ သာသနာတော်အတွင်းရှိ အံ့ဖွယ်ဆန်းကြယ်မှု ရှစ်ပါးကို သိရှိလိုပါသဖြင့် တပည့်တော် အား မိန့်ကြားပေးတော်မူပါဦး ဘုရား"

"ပဟာရာဒ အသူရိန်နတ်မင်း··· ထောင်နားစိုက် လော့။ ငါဘုရား၏ သာသနာတော်ကြီး၌ ပထမ အံ့ချီးဖွယ်ရာ သည် ဂင်္ဂါ၊ ယမုံနာ စသည့် မြစ်ကြီးတို့မှ ရေသည် မဟာ သမုဒ္ဒရာသို့တိုင် နက်ရှိုင်းစွာ စီးဝင်သွားသကဲ့သို့ အဆင့်ဆင့် အစဉ်တိုင်းသာ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော မြတ်တရားတို့သည် ရှိ၏။ နတ်ရွာနိဗ္ဗာန်ဟု ခေါ်ဆိုအပ်သော တစ်မဂ်၊ တစ်ဖိုလ်တို့ကို ရောက်၏။ အဓိသီလသိက္ခာ၊ အဓိ ပညာသိက္ခာ၊ အဓိစိတ္တသိက္ခာ ဟူသည့် သိက္ခာသုံးပါး မြတ် တရားဖြင့် ကျင့်ကြံစရာများ တည်ရှိခြင်းကြောင့် လည်း ကောင်း၊ ဤသို့ အကျင့်မြတ်များနှင့် ပြည့်စုံနေခြင်းသည် ငါဘုရားသာသနာတော်၏ ပထမ အံ့ချီးဖွယ်ရာတည်း။

ဒုတိယ အံ့ချီးဖွယ်ရာတို့သည် တပည့်သာဝကဖြစ် သော ရှင်ရဟန်း၊ သံဃာနှင့် လူပုဂ္ဂိုလ်တို့သည် မိမိ၏ အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရသော်ငြား၊ အသက်ဘေးဟူသော အကြောင်းကြောင့် ငါဘုရား ပညတ် တော်မူထားသည့် အကျင့်သိက္ခာပုဒ်တို့အပေါ် စွန့်လွှတ်ခြင်း၊ ကျူးလွန်ကြခြင်း၊ မေ့ဖျောက် ဖျက်ဆီးကြခြင်း မရှိ။ ဤသို့ မရှိခြင်းသည် ငါဘုရား၏ သာသနာတော်ကြီးအတွင်း၌ ဒုတိယ အံ့ချီးဖွယ်ရာတည်း။

တတိယ အံ့သြချီးမွမ်းဖွယ်ရာသည် ငါဘုရား သာသနာ တော်ကြီးအတွင်း၌ အလဇ္ဇီပုဂ္ဂိုလ်၊ အရှက်မရှိသော ဒုဿီလ ပုဂ္ဂိုလ်တို့အား သီလဝန္တဖြစ်သော ရဟန်းမြတ်တို့က တူသော ကံကြီးကံငယ် ပေါင်းဖော်မှု မပြုလုပ်ဘဲ ရှောင်ကြဉ်ကြ၏

www.burmeseclassic.com

ထိုသို့ ရဟန်းကောင်းတို့က ရှောင်ကြဉ်ခြင်းသည် ငါဘုရား သာသနာတော်၏ တတိယ အံ့ဩချီးမွမ်းဖွယ်ရာတည်း။

စတုတ္ထ အံ့ချီးဖွယ်ရာတို့သည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ ရေနှင့် ဆုံကြရသော ဤမဟာသမုဒ္ဒရာကြီးကဲ့သို့ပင် ဤလူ့ဘုံလောက၌ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ သူဆင်းရဲမျိုး ဟူသော အမျိုးဇာတ်တို့ ကွဲပြားစွာ ရှိနေကြသော်လည်း ငါဘုရား၏ သာသနာတော်အတွင်း ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် မိမိတို့၏ မျိုးနွယ်အမည်ဇာတ်များ ပျောက်ကွယ်၍ တစ်ထပ်တည်းပင် အတူတူဖြစ်ကာ ခွဲခြားထားမှု မရှိ၊ ဗုဒ္ဓဘာသာ ရဟန်းတော်ပင် ဖြစ်၏။ ရဟန်း သာမဏေ ဟူသော အမည်နာမတစ်မျိုးတည်းသာ ဖြစ်၏။ ငါဘုရား၏ သားတော်များအဖြစ် ခံယူကြ၏။ ဤအကြောင်းခြင်းရာသည် စတုတ္ထ အံ့ဩချီးမွမ်းဖွယ်ရာတည်း။

ပဉ္စမ အံ့ချီးဖွယ်ရာသည် ဤ မဟာသမုဒ္ဒရာရေတို့ ဆုတ်ယုတ်ခြင်း မရှိသကဲ့သို့ပင်၊ သာသနာတော်အတွင်း ကာလ၌ နတ်ရွာနိဗ္ဗာန်သို့ ရောက်ရှိသွားသည့် သတ္တဝါများ စွာရှိနေသော်ငြား၊ ထိုနိဗ္ဗာန်သောင်ကမ်း၌ သတ္တဝါတို့ဖြင့် ပြည့်နှက်သွားသည် မရှိ။ (သာသနာပ အခါကာလက)နိဗ္ဗာန်ရောက်သော သတ္တဝါ မရှိငြားသော်လည်း၊ ထိုနိဗ္ဗာန်သောင်ကမ်းသည် ဆုတ်ယုတ်သွားခြင်းလည်း မရှိချေ။ ထိုသို့ နိဗ္ဗာန်၌ ဖြစ်တည်မြဲ လက္ခဏာတော်သည် ငါဘုရားသာသနာတော်၌ ပဉ္စမမြောက် အံ့ဩချီးမွမ်းဖွယ်ရာတည်း။

သတ္တမ အံ့ဩချီးမွမ်းဖွယ်ရာသည် ဤမဟာသမုဒ္ဒရာကြီးထဲ၌ ကျောက်မျက်ရတနာဆယ်ပါး ရှိနေသကဲ့သို့ပင်၊ ငါဘုရားသာသနာတော်ကြီးအတွင်း၌ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးတို့နှင့် ပြည့်စုံတည်ရှိနေခြင်းသည် ငါဘုရား၏ သာသနာတော်ကြီးရဲ့ သတ္တမမြောက် အံ့ဩချီးမွမ်းဖွယ်ရာ တည်း။

ဆဋ္ဌမ အံ့ဩချီးမွမ်းဖွယ်ရာသည် ဤမဟာသမုဒ္ဒရာကြီးထဲ၌ မဟာမစ္ဆာ (ဝါ) တိမိနန္ဒ မည်သော ကြီးမားလှတဲ့ ငါးကြီးများ ရှိသကဲ့သို့ပင် ယူဇနာများစွာ ကိုယ်ခန္ဓာကြီးမားလွန်းသည့် ဂန္ဓပနက်၊ အသူရာနတ်နဂါးကြီးများ နေထိုင်ရာ ဖြစ်သကဲ့သို့ပင် ငါဘုရား၏ သာသနာတော်၌ ရှင်သာမဏေများ၊ ရဟန်းသံဃာတော်များ၊ ရဟန္တာမထေရ်တော်များ၊ မဟာသောတာပန် စသော အရိယာပုဂ္ဂိုလ်တို့ ခံစား စံစားရာ ကျင့်ကြံအားထုတ်ရာ မှီတင်းနေထိုင်ရာဖြစ်သည့် ငါဘုရား၏ သာသနာတော်ကြီးတွင် ဤသို့သော အကြောင်းအရင်း ခြင်းကြောင့် ဆဋ္ဌမမြောက် အံ့ဩချီးမွမ်းဖွယ်ရာတည်း"

ဟု အသူရိန္ဒနတ်မင်းအား ပြန်လည်ဖြေကြားရင်း ဆုံး ဖြေရှင်းပေးကာ မိန့်တော်မူခဲ့လေသည်။

◆◆◆

ဤကဲ့သို့ အံ့ဩချီးမွမ်းဖွယ်ရာဖြစ်သော မဟာသမုဒ္ဒ ကြီး၏ ဆန်းကြယ်မှု ရှစ်မျိုးနှင့် မြတ်ဗုဒ္ဓ၏ သာသနာတော် ကြီးအတွင်းရှိ အင်္ဂါရှစ်တန် ဂုဏ်ရည်မှန်တို့သည် ကိန်းဂဏန်း ချင်းသာ တူငြားသော်လည်း၊ ဖြစ်စဉ်တို့၏ အနှစ်သာရ မှာ မတူခြားနား ကွဲပြားခဲ့ကြလေသည်။ ပဟာရာဒနတ် သည် ဆက်လက်၍ မြတ်ဗုဒ္ဓဘုရားရှင်ထံမှ တရားတော် နာယူမှတ်သားပြီးလျှင် မာန်ဂုဏ် မထည်ဝါနိုင်တော့ ရှိကျိုးစွာဖြင့်...

"မှန်လှပါ ဘုရား။ ဂမ္ဘီရ ဉာဏဖြစ်သော အံ့ဩချီး ဖွယ်ရာ အင်္ဂါရှစ်တန် ဂုဏ်ရည်မှန်တို့သည် တုနှိုင်း မမြင်အောင် ပြည့်စုံမှု ရှိတော်မူထသော အကြောင်းတ အကျိုးတရားတို့ကြောင့် ဘုရားရှင်၏ သာသနာတော် သည်သာ ဤသုံးဆယ့်တစ်ဘုံ၌ သာလွန်မြင့်မြတ်တော် ပါသည် ဘုရား"

ဟု လျှောက်ထား တောင်းပန်ပြီး ရိုရိုသေသေ ကန်တော့ကာ သာဓုခေါ်ဆိုလိုက်လေ၏။

"သာဓု...သာဓု...သာဓုပါ ဘုရား"။

* * *

ခွဲလေ့လင်(မအူ

ကျမ်းကိုး

- အင်္ဂုတ္တရ နိကာယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကရင်ရိုးရာ ဗေဒင်ဟောကိန်း

ညွန့်လွင် (စက်မှုတက္ကသိုလ်)



ဗေဒင်ဆိုသည်မှာ မည်သူ့ကိုမဆို ဟောလျှင် မှန်ဖို့ အဓိက ဖြစ်ပါသည်။ မှန်ကန်မှု ရှိသည်ဆိုလျှင် မည်သည့် ... မည်သည့်ဘာသာဖြစ်စေ၊ မည်သည့် ဓလေ့၊ မည်သည့် ... မည်သည့်နည်းစနစ်ဖြစ်စေ လွယ်လွယ်ကူကူ ဟော၍ ... မှန်ကန်သည်ဆိုလျှင် လုံလောက်မှု ရှိပါသည်။

ယခု တိုင်းရင်းသား ကရင်ရိုးရာ ဗေဒင်ဟောနည်းလေး ... ကို ဖော်ထုတ် တင်ပြအပ်ပါသည်။ ဤဟောနည်းကို "အောင်ဖားအေး၊ အောင်ဖား" ဟု ခေါ်ပါသည်။ ကရင်ဘာသာ ... "မစားရဘူး၊ စားရတယ်" ဟု အဓိပ္ပာယ်ထွက်ပါသည်။

မြန်မာဘာသာဖြင့် ဆီလျော်အောင် ဆိုရလျှင် "မဖြစ် ... ဖြစ်တယ်" ဟူ၍ ဆိုရပါမည်။ ယခုအချိန်အထိ "မှဆိုး ... " လို့လည်း ခေါ်ကြပါသည်။ ဤဗေဒင်ဟောနည်းကို ယုံကြည်သူများမှာ ယနေ့တိုင် အသုံးချနေဆဲ ဖြစ်ပါသည်။

(၁) ပစ္စည်းပျောက်အဟော

(၂) ခရီးသွားအဟော

(၃) အကြံအစည်ကိစ္စနှင့် ပတ်သက်သော အဟော

(၄) အချစ်ရေးအဟော

(၅) ရည်မှန်းချက်တစ်ခုခုကို လုပ်သင့်၊ မလုပ်သင့် အဟော...

စသည်တို့တွင် "အောင်ဖားအေး၊ အောင်ဖား" ခေါ် "မှဆိုးဗေဒင်" ကို လွယ်လွယ်ကူကူပင် သုံးစွဲနိုင်ပါသည်။

မိမိကိုယ်တိုင်လည်း ဟော၍ ရပါသည်။ သို့ရာတွင် သီလ၊ သိက္ခာ၊ ဂုဏ်ရှိသည့် အသက်ကြီးသော ပုဂ္ဂိုလ်များက ဟောလျှင် ပို၍အစွမ်းထက်သည်၊ မှန်ကန်သည်ဟု အ...



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။

ရဟန်း၊ သံဃာတို့ မမေးရပါ။ ရဟန်း၊ သံဃာတို့ကို လည်း မဟောရပါ။

ဗေဒင်ဟောနည်းက လွယ်ပါသည်။

မေးသည့် မေးခွန်းတွင် ပါဝင်သည့် စကားလုံးများကို ရေတွက်ကြည့်ရပါမည်။ စကားလုံးအရေအတွက်မှာ မ-ဖြစ် လျှင် အောင်ဗားအေးဖြစ်မည်။ စုံ-ဖြစ်လျှင် အောင်ဗားဖြစ် သည်။

အောင်ဗားအေးဖြစ်ပါက "မဖြစ်သေးဘူး၊ မလုပ်နဲ့၊ မအောင်မြင်သေးဘူး"ဟု ဟောပြောရပါမည်။

အောင်ဗားဆိုလျှင် "လုပ်တော့၊ ကောင်းတယ်၊ ဖြစ် နေပြီ၊ အောင်မြင်မည်"ဟူ၍ ဟောပြောရပါမည်။

လွယ်ကူအောင်၊ ရှင်းလင်းအောင် ရေးသားရမည် ဆိုပါက "စုံ၊ မ"ဟောသည့် သဘောပင် ဖြစ်ပါသည်။ စုံဆို လျှင် ကောင်းသည်၊ လုပ်တော့။ မ-ဆိုလျှင် မကောင်းဘူး၊ မလုပ်နဲ့ ဆိုသည့် သဘောဖြစ်၏။

ဥပမာ -

"ကျွန်တော့်ချစ်သူနဲ့ ယူလို့ ရပြီလား"ဆိုသည့် မေးခွန်း မေးလျှင် မေးခွန်း၏ စကားလုံးအရေအတွက်မှာ ၁၀ လုံး ရှိပါသည်။ အောင်ဗား (သို့မဟုတ်) စုံအက္ခရာရှိနေပါသည် ထို့ကြောင့် "ယူလို့ ရပြီ၊ ဒီနှစ် ယူတော့"ဆို၍ အကြံပေး ပါသည်။

"ဒီတိုက်ခန်းကို ဝယ်ရင် ကောင်းမလား"မေးခွန်း လျှင် မေးခွန်း၏ စကားလုံးအရေအတွက်မှာ ၉လုံး သည်။ အောင်ဗားအေး (သို့မဟုတ်) မ-ဂဏန်းဖြစ်နေသည် "မဝယ်နဲ့၊ ဝယ်ရင် အနှောင့်အယှက်ဖြစ်မယ်"ဟူ၍ အ ပေး ဟောပြောနိုင်ပါသည်။

"စာမေးပွဲအောင်မလား"ဆို၍ မေးလာလျှင် မေးခွ စကားလုံးရေမှာ ၆လုံးဖြစ်၍ စုံဖြစ်သည်။ "အောင်မယ်" သာ ဟောရန်ရှိပါသည်။

အကယ်၍ "ဂုဏ်ထူးပါမှာလား"ဟု ဆင့်၍ မေး လျှင် စကားလုံးရေမှာ ၅လုံးဖြစ်ရာ မ-ဖြစ်နေသည်။ "ဂု ထူး မပါဘူး"လို့သာ ဟောရပါမည်။

မေးခွန်းများကို ဒီသဘောတရားအတိုင်းပင် ဟော ပြောရပါမည်။ နိမိတ်ယူ၍ ဟောသည့်စနစ်ဖြစ်သောကြော ယုံကြည်လျှင် ပိုမိုမှန်ကန်ပါ၏။

* * *

ညွှန့်လွင်(စက်မှုတက္ကသိုလ်








www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-စာပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-


Ph. 290045

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၉၃ ခုနှစ်၊ မေလ နေ့တစ်နေ့။ ကျွန်တော်နှင့် ဦးမြင့်သောင်းသည် ...သယ် ထမင်းစားချိန်ရောက်ပြီဖြစ်၍ ...မင်းဘူးကိုယ်စီနှင့် ရုံးနောက်ဘက်ရှိ ...ထမ်း စားသောက်ဆိုင်သို့ ထွက်လာ ...ပြီး၊ ရောက်လျှင် ပဲဟင်းတစ်ခွက် ...ဘက်သားဟင်းတစ်ခွက်မှာလိုက်ကြ ...ဆိုင်မှ ငါးပိရည်၊ တို့စရာနှင့် ရေနွေး ...ပါ ချလာပေးသဖြင့် ထမင်းဘူး ...ဖွင့်၍ စားခဲ့ကြသည်။ ဦးမြင့်သောင်း ...သူမှာ ကျွန်တော်နှင့် တစ်ရုံးတည်း၊ ...ခန်းတည်း ၁၀နှစ်ကြာမျှ အလုပ် ...နေကြသူများဖြစ်သဖြင့် ပြောမနာ ...နာ နောက်ပြောင်ကာဖြင့် အလွန် ...ခင်မင်ကြသူများဖြစ်သည်။ ဦးမြင့် ...င်းသည် ခနောင်တိုတွင် နေထိုင် ...သူတွင် အစ်မတစ်ယောက်၊ ညီမ ...ယောက်နှင့်ညီတစ်ယောက်ရှိသည်။

ညီဖြစ်သူမှာ မောင်တင်သောင်း ...ကုန်သွယ်/လယ်ယာပိုင် ဆန်စက် ...တွင် ဝန်ထမ်းအဖြစ် ဝင်ရောက် ...ကိုင်လျက်ရှိသည်။ ၎င်းသည် ငယ် ...တည်းက နူးညံ့ပျော့ပျောင်းသူဖြစ် ...စိတ်ထားကောင်းမွန်သူဖြစ်သည်။ ...သည်။ အသောက်အစား ...ကစား ကင်းရှင်းသည်။ ထူးခြား ...မှာ ငယ်စဉ်ကတည်းက ဘာသာ ...ကို စိတ်ဝင်စားသူဖြစ်သည်။ ပုတီး ...ဘုရားထိုင်အလုပ်ကို စောက်ချ ...ကိုင်နေသူဖြစ်သည်။ မောင်တင် ...တစ်ယောက် အရွယ်ရောက် ...သည်နှင့် မိဘညီအစ်ကိုမောင်နှမ ...မိန်းကလေးတစ်ဦးနှင့် အိမ် ...ချပေးခဲ့၍ ယခုအခါ သမီး ...ယောက်ထွန်းကားခဲ့သည်။ ၎င်းတို့မိသားစုမှာ ဒလတွင် နေထိုင်ပြီး ဇနီးသည်မှာ ဒလဈေးအတွင်း ဆိုင်ခန်းနှင့် ကုန်ခြောက်ရောင်း၍ အသက်မွေးဝမ်းကျောင်းနေလျက်ရှိသည်။

ကျွန်တော်တို့နှစ်ယောက် ထမင်းစားနေခိုက် ဦးမြင့်သောင်းမှ စကားတစ်ခွန်းကို ပြောလာသဖြင့် ထမင်းဝါးနေရာမှ ခေတ္တရပ်လျက် နားစိုက်ထောင်လိုက်မိသည်။

"ကျွန်တော် မနေ့က ဘိုးတော်တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူ့ကို စမ်းတဲ့အနေနဲ့ ချဲဂဏန်းတစ်လုံးတောင်းလာတယ်။ သူက ငါးတစ်လုံးလို့ ပေးလိုက်တယ်။ ကျွန်တော်တော့ သိပ်မယုံချင်ဘူး။ အဲဒါ ခင်ဗျားလည်း သိပ်မယုံလိုက်နဲ့ဦး။ စောင့်ကြည့်ကြတာပေါ့"

ဟူ၍ ဖြစ်သည်။

အမှန်ကို ဝန်ခံရလျှင် ချဲဂဏန်းဟု ဆိုလိုက်လျှင်ပင် ကျွန်တော် စိတ်မဝင်စားဘဲ မနေနိုင်။ ထိုအချိန်အခါက ချဲမှာ အလွန်ခေတ်စား တွင်ကျယ်နေလျက်ရှိသည်။ ချဲပေါက်လျှင် အဆခြောက်ရာ၊ ဂဏန်းတစ်လုံးမှန်လျှင် သုံးဆ၊ ထိုဂဏန်းတစ်လုံးကို နေရာနှင့်ပေါင်းလျှင် ရှစ်ဆ၊ ဂဏန်းနှစ်လုံးမှန်လျှင် ဆယ့်ငါးဆ ရ၏။ ကျွန်တော့်မှာ လစဉ်၊ အပတ်စဉ် ချဲထိုးသူဖြစ်ပြီး တွက်ရချက်ရသည့် ဂဏန်းထက် ပုဂ္ဂိုလ်ပေးသည့် ဂဏန်းအား ပို၍အားထားသည်။ ထို့ကြောင့်လည်း ဦးမြင့်သောင်းပြောလာသည့် ချဲအကြောင်းကို ကြားသည်နှင့်တစ်ပြိုင်နက် စိတ်ဝင်တစားဖြစ်ခဲ့ရခြင်းဖြစ်ပေသည်။ ထိုဘိုးတော်ပြောသည့် ဂဏန်းမှန်လျှင် နောက်ပိုင်း ချောင်းပေါက်အောင် သွားရမည်ဟု အတွေးနှင့် ပီတိဖြစ်နေခဲ့သည်။ သို့သော် ချဲထွက်သည့်အခါတွင် ဘိုးတော်ပေးသော "ငါး"မဆိုထားနှင့်၊ သူနှင့် ညီမျှသော "သုည"ပင် မပါချေ။

ချဲထွက်ပြီး နောက်နေ့တွင် ဦးမြင့်သောင်းမှ စကားစကို ပြန်ကောက်လာသည်။

"ဘယ့်နှယ့်လဲ၊ ကျွန်တော်ပြောတာ။ အဲဒီ ဘိုးတော်ကို သိပ်မယုံဘူးဆိုတာ။ ကျွန်တော်က သူ့ကို စမ်းကြည့်တဲ့အနေနဲ့ ဂဏန်းတောင်းလာခဲ့တာပဲ"

"အင်း... ခင်ဗျား မယုံတာဆိုတာ မှန်ပေသားပဲ။ ဒါနဲ့ ဘယ်က ဘိုးတော်နဲ့ တွေ့လာတာလဲဗျ"

"အင်း... ပြောရမယ်ဆိုရင်တော့ အရှည်သားဗျ။ ကဲ - ခင်ဗျား နားထောင်ချင်ရင် ပြောပြမယ်"

◆◆◆

တစ်နေ့ ဦးမြင့်သောင်း ရုံးမလာမီ နံနက်စောစော မောင်တင်သောင်း၏ ဇနီး အိမ်သို့ ရောက်လာ၏။ သူ့မျက်နှာကြည့်ရသည်မှာလည်း မသာမယာ။ ထို့ကြောင့် ဦးမြင့်သောင်းက ခယ်မဖြစ်သူအား လာရင်းကိစ္စမေးလိုက်ရာ ခယ်မဖြစ်သူက မျက်ရည်ဝဲလျက်...

"အစ်ကိုကြီး ကျွန်မကို ကယ်ပါဦး။ အစ်ကိုကြီးညီက ဘုန်းကြီးဝတ်မယ် တကဲကဲလုပ်နေတယ်"

"ဘယ်သူက ဝတ်ခိုင်းတာလဲ။ ဘယ်နှရက် ဝတ်ရမှာတဲ့လဲ"

"သူ့ကို စောင့်ရှောက်နေတဲ့ ဘိုးတော်က ဝတ်ခိုင်းတယ်လို့ ပြောတယ်။ ရက်လောက်ဆို မပြောလိုပါဘူး။ ခုဟာက တစ်သက်လုံးတဲ့"

"ဟ...တစ်သက်လုံး ဝတ်လို့ ဘယ်ဖြစ်မလဲ။ နင်နဲ့ နင့်ကလေးကို ဘယ်သူက တာဝန်ယူမှာလဲ။ အေး၊ မောင်တင်သောင်းကို ပြောလိုက်၊ ငါ တနင်္ဂနွေနေ့ လာခဲ့မယ်။ ဘယ်မှမသွားနဲ့လို့။ နင်လည်း ရှိနေပစေ"

ဟု ပြောလိုက်သည်တွင် ခယ်မ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူလည်း ပြန်သွားပြီး ဦးမြင့်သောင်းလည်း ခနောင်တိုမှ ရန်ကုန်ရုံးသို့ ထွက်လာခဲ့သည်။

ပွဲကြီးပွဲကောင်းတော့ စလေပြီ။ ဒလတွင် မောင်တင်သောင်းနှင့် ဇနီးအား အိမ်တွင် အသင့်စောင့်နေသည်ကို တွေ့ရလျှင် ဦးမြင့်သောင်းက ချက်ချင်းဆိုသလို ဘုန်းကြီးဝတ်ရမည့်ကိစ္စအား မေးလိုက်ရာ ညီဖြစ်သူမှလည်း စိတ်ရှည်လက်ရှည်ဖြင့် အစအဆုံး ရှင်းပြလိုက်လေသည်။

* * *

မောင်တင်သောင်းသည် နေ့စဉ် ညအိပ်ရာမဝင်မီ ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်လာသည်မှာ လူမှန်းသိတတ်စအရွယ်မှ ယခုထိဖြစ်သည်။ ဤကိစ္စများပြီးဆုံးမှသာလျှင် အိပ်ရာဝင်လေ့ရှိသည်။ တစ်နေ့တွင် မောင်တင်သောင်းတစ်ယောက် ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်၊ အမျှအတန်းပေးဝေပြီးသည့်အခါ ဘုရားစင်ရှေ့ ၌ ဆက်ထိုင်နေရင်း အတွေးနယ်ချဲ့မိလိုက်သည်။

"အချို့လူတွေ ငါ့လောက် သီလမလုံဘူး။ တရားအလုပ်မလုပ်ကြဘူး။ ဒါပေမယ့် ဂိုဏ်းဂဏတက်ပြီး လူနာကုနေကြတယ်။ တချို့က မန်းမှုတ်ပြီး ကုတယ်။ တချို့က အင်းနဲ့ ကုတယ်။ တချို့က လက်ချောင်းလေးတွေကို အဓိဋ္ဌာန်နဲ့ လှုပ်နိုင်ပြီး ပယောဂအမျိုးအစားခွဲခြားပြီး ဆေးကုကြတယ်။ ငါမှာတော့ လူမှန်းသိတတ်စကတည်းက ဘာသာရေးလုပ်လာတာ ခုထိ ဆေးကုလို့ မရဘူး"

ဟု တွေးနေရင်း သူ၏ ညာဘက်လက်ဝါးကို ဖြန့်ကြည့်နေခဲ့သည်။ စဉ်းစားနေရင်းဖြင့် မိမိလက်ဝါးကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

ငါးမိနစ်ခန့်လောက် ကြာမည်ထင်သည်။ မောင်တင်သောင်း၏ လက်ချောင်းလေးများမှာ တစ်ချောင်းပြီး တစ်ချောင်း တဆတ်ဆတ်လှုပ်လာနေသည်ကို မြင်နေရသည်။ မောင်တင်သောင်းမှာ မယုံရခက်၊ ယုံရခက်ဖြစ်နေ၏။ မျက်တောင်ပင် မခတ်မိ။ အံ့လည်း အံ့ဩမိ၏။ ဝမ်းသာသလိုလိုလည်း ဖြစ်နေ၏။

"ငါ ဆေးကုလို့ ရတော့မည်ပေါ့"

ထိုအကြောင်းအား ဇနီးသည်ကို ပြောပြရာ ဇနီးသည်လည်း ဝမ်းသာသွား၏။ သို့နှင့် မောင်တင်သောင်းမှာ ဘာသာရေးအလုပ်ကို ရေးကထက် ဂရုတစိုက် ပိုလုပ်ဖြစ်၏။ တရားအလုပ်ပြီးသည်နှင့် စိတ်ထဲတွင် အလိုလိုအင်းချချင်စိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် အနီးရှိ ဗလာစာအုပ်နှင့် ခဲတံကို ယူလိုက်၏။ သူ၏ လက်များကား စာရွက်ပေါ်တွင် အင်းကွက်များ အလိုလိုချနေလျက်သား တွေ့နေရ၏။ မောင်တင်သောင်းတစ်ယောက် ပို၍ ဝမ်းသာသွား၏။ သို့နှင့် တစ်မိုးတွင်းလုံး အင်းချဖြစ်ခဲ့ရာ ဗလာစာအုပ်ပြည့်သွား၏။

* * *

မောင်တင်သောင်း၏ ဇာတာတက်ချင်လာပါပြီ။ တစ်နေ့ သူ့ဇနီး၏ မိတ်ဆွေတစ်ဦး အိမ်သို့ အလည်ရောက်လာပြီး အရောင်းအဝယ်စကားများ ပြောနေကြ၏။ မောင်တင်သောင်းလည်း အိမ်တွင် လုပ်စရာရှိသည်များကို တကုတ်ကုတ်ဖြင့် လုပ်နေရင်း သူတို့ပြောသံကို နားမထောင်ဘဲ ကြားနေရ၏။

သူတို့နှစ်ဦး စကားများ ပြောဆိုပြီး ပြန်မည်အပြု ထလိုက်ရင်း မိတ်ဆွေအမျိုးသမီးက သူ ဒူးနာနေကြောင်း၊ ကားဆင်း ကားတက် မလုပ်နိုင်သဖြင့် မြို့ကို မတက်နိုင်သေးကြောင်း ပြောပြနေရာ မောင်တင်သောင်းနားထဲတွင် "အဲဒီရောဂါကို မင်းကုလို့ ရတယ်... ဟု အသံတစ်သံကြားလိုက်ရသ... မောင်တင်သောင်းတစ်ယောက် ... တညဖြင့် ဟိုကြည့် ဒီကြည့် ကြည့်... စိတ်ထဲမှ "ဘယ်လိုကုရမှာလဲ၊ ... မကုတတ်တာ" ဟု အတွေးပေါ်လာ... ချက်ချင်းပင် "လွယ်ပါတယ်ကွ၊ ဘု... စင်က သောက်တော်ရေကို ... နောက် သရဏဂုံသုံးပါးဆိုပြီး မန်း... အဲဒီရေကို တိုက်လည်း တိုက်၊ ... လည်း လိမ်းပေးလိုက်၊ ပျောက်... လိမ့်မယ်" ဟူ၍ ထပ်ကြားလိုက်ရ... အခါတွင် မောင်တင်သောင်းသည် ... မည့်ဆဲဆဲ အမျိုးသမီးအား ဘုရား... သို့ ခေါ်လိုက်ပြီး ဘုရားကို ဝတ်... ခိုင်းလိုက်သည်။ ထို့နောက် ဘိုး... ပြောသကဲ့သို့ ဘုရားသောက်တော်... ကို စွန့်၍ မန်းလိုက်ပြီး၊ ထိုသူမ... တစ်ဝက်တိုက်၏။ တစ်ဝက်ကို ... အလိမ်းခိုင်းလိုက်၏။ မောင်တင်သော... လည်း ဘိုးတော် ခိုင်း၍သာ လုပ်... ရ၏။ ခပ်ရှက်ရှက်ပင်။ ဇနီးမှာ... အံ့အားသင့်လျက် သူ၏ ယော... အား စိုက်ကြည့်မိလိုက်၏။

တစ်ပတ်ခန့်အကြာ ဆေးကု... လိုက်သော အမျိုးသမီးမှာ အိမ်... ရောက်လာ၏။ လက်ထဲတွင် ကြ... ငှက်ပျောသီးနှင့် ပန်းသီးများ ပါလာ... ရောဂါပျောက်သွားသဖြင့် ဆရာ... လာကန်တော့သည်ဟူ၏။ မောင်... သောင်းတို့ ဇနီးမောင်နှံမှာလည်း ... ဖြစ်နေကြ၏။

နောက်နှစ်ရက်ခန့်အကြာ... အိမ်သို့ အသက်သိပ်မကွာလှ... အမျိုးသမီးနှစ်ယောက် ရောက်လာ... သည်။ ရောက်လျှင် ဘုရားကို ... မောင်တင်သောင်းအား ... အကြီးဖြစ်သူ အမျိုးသမီးက...

www.burmeseclassic.com

"ကျွန်မ ညက အိပ်မက်လိုလို၊ ကယ်လိုလိုနဲ့ ဆရာ ဦးတင်သောင်း သွားလိုက်လို့ ကြားလိုက်လို့ပါ။ လိုပါ ဆရာ။ ဒီ ကျွန်မရဲ့ ညီမက က် လာတဲ့ ဥစ္စာစောင့်ပါ။ သူ့ကို က ပြန်မခေါ်အောင် အစွဲချွတ်ပေး ဆရာ"

ဟု ပြောလိုက်ရာတွင် မောင်တင်သောင်း ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။ သို့သော် မကြာပါ။ အဘဆီမှ စကားသံ ကြားလိုက်ရသည်။

"သိုက်က လာတာ။ သူ့ညီမ တ်ဘူးကွ၊ သူ့ပဲ။ အဲဒါ သောက် ရေနဲ့ သရဏဂုံသုံးပါးကို မန်းပြီး က်ပေးလိုက်၊ ခေါင်းကိုလည်း ရေ တ်ပေးလိုက်"

မောင်တင်သောင်းလည်း ချက်ချင်းပင် ထ၍ ဘိုးတော်ခိုင်းသည့် အတိုင်း လုပ်ပေးလိုက်၏။ ချက်ချင်း လိုပင် ထိုအမျိုးသမီးမှာ အိပ်ပေါ် တွင် လူးလွန့်ရင်း ချုံးပွဲချ ငိုကြွေးနေ တစ်နာရီခန့်ကြာလျှင် အမျိုးသမီး ငြိမ်သွားပြီး ဘုရားကို ဦးတိုက်၊ မောင်တင်သောင်းကို ဦးချ၍ နှုတ်ဆက် ပြန်သွားလေတော့၏။ ထိုနေ့ ထို အချိန်မှ စ၍ မောင်တင်သောင်းမှာ ဆရာကြီးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်သွားပါတော့သည်။

◆◆◆

သိပ်မကြာလိုက်ပါ။ ကြမ္မာဆိုး အင်အားကြီးစွာဖြင့် မောင်တင်သောင်းတို့မိသားစုထဲသို့ တိုးဝင်လာချေသည်။ အကြောင်းကား မောင်တင်သောင်းအား ဘိုးတော်က ရာသက်ပန် ဘုန်းကြီးဝတ်ရန် ခိုင်းလေသောကြောင့် ဦးမြင့်သောင်းလည်း ညီပြော စိတ်ဝင်တစား နားထောင်နေ၏။ ဦးမြင့်သောင်းမှ တိုက်ပွဲကြီးကို စတင် တိုက်ခိုက်တော့၏။

"ကဲ - မောင်တင်သောင်း၊ မင်း ပုဂ္ဂိုလ်ကို မေးကွာ။ ဘုန်းကြီးဝတ်ခိုင်း တာတော့ ဟုတ်ပြီ ဇနီးနဲ့ သမီးအတွက် ဘာလုပ်ပေးမှာလဲလို့"

ထိုအခါ ဘိုးတော်မှ တိုက်ရိုက် ပြောပါတော့သည်။

"ဒါတော့ တဖြည်းဖြည်းဖြစ်လာမှာပေါ့ကွာ"

ပြန်ဖြေလာ၏။ ထိုတွင် ဦးမြင့်သောင်းမှ . . .

"တဖြည်းဖြည်းဆိုတာတော့ မဖြစ်ဘူး။ ဘယ်လိုယုံရမှာလဲ။ ဇနီးနဲ့ ကလေးကို ဘယ်သူ ပြုစုလုပ်ကျွေးမှာလဲ။ လက်တွေ့ပြရင်တော့ ကျွန်တော် စဉ်းစားမယ်"

ဟု ပြန်ပြောလိုက်ရာတွင် ဘိုးတော်မှ ပြန်ပြောသော စကားမှာ "ဖြစ်လာမှာပေါ့ကွာ"ဟူ၍ပင် ဖြစ်သည်။ ဦးမြင့်သောင်းမှ ဇွတ်တိုး၍ ထပ်မေးလိုက်၏။

"ဖြစ်လာမှာပေါ့ကွာဆိုတဲ့ စကားကိုတော့ ယုံလို့ မဖြစ်ဘူး။ လက်တွေ့ပြမှ ဖြစ်မယ်။ ဘိုးတော်ကို တစ်ခုမေးကြည့်မယ်။ မှန်ရင် စဉ်းစားပေးမယ်။ ခုထွက်မယ့် ချဲဂဏန်းမှာ တစ်လုံးကို ပြောပြ"

ဟု မေးလိုက်ရာ ဘိုးတော်မှ ငါးတစ်လုံးကွာဟု ပေးချလိုက်၏။ ချဲထွက်လာသည့်အခါ ထို ငါးတစ်လုံးမှာ မပါပေ။ ထို့ကြောင့် ဦးမြင့်သောင်းမှ သူ့ညီ ဘုန်းကြီးဝတ်မည်ကို လုံးဝ သဘောမတူကြောင်း အကြောင်းပြန်လိုက်တော့၏။

ဘိုးတော်ကား လက်မလျှော့။ ဘုန်းကြီးဝတ်ခိုင်းသည့်ကိစ္စ ပျက်သွားသောအခါ မောင်တင်သောင်းအား ကျိုက်ထီးရိုးသို့ တစ်လ အဓိဋ္ဌာန်ဝင်ရန် ပြောလာပြန်သည်။ ဤတောင်းဆိုမှုကိုတော့ ငြင်း၍ မကောင်းသဖြင့် ခယ်မအား သဘောတူရန်နှင့် လိုအပ်သည်များကို စီစဉ်ပေးလိုက်ရန် မှာခဲ့ပြီး အိမ်သို့ ပြန်လာခဲ့သည်။

အချိန်ကား နွေလအကုန်၊ မိုးလအကူး တန်ခူးပြီး၍ ကဆုန်လထဲသို့ ရောက်ပြီး မောင်တင်သောင်းတစ်ယောက် ကျောပိုးအိတ်တစ်လုံးအပြည့်ဖြင့် ကျိုက်ထီးရိုးသို့ ရထားစီးထွက်ခဲ့၏။ ကျိုက်ထိုမှ ကင်ပွန်းစခန်းသို့ အငှားကားဖြင့် သွားရောက်ကာ၊ ရောက်လျှင် ရောက်ချင်း နားမနေတော့ဘဲ တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် မှန်မှန်လေး ခရီးနှင်နေ၏။

ညနေစောင်းလာပြီမို့ နေမင်းကြီးလည်း အနောက်ဂေါယာကျွန်းသို့ ဖြည်းဖြည်းချင်း ယွန်းနေ၏။ တောင်ဖူးအောက်ခြေရှိ သစ်ပင်ထိပ်ဖျားများဆီမှ ကျီးကန်း၊ ဆက်ရက်၊ စာကလေးများသည်လည်း အိပ်တန်းကို အလုအယက်တက်နေကြ၏။ တစ်ကောင်နှင့်တစ်ကောင် ကျီစယ်နေသလား၊ တိုက်ခိုက်နေသလား မသိ၊ အော်ဟစ် ဆူညံသံတို့ကား တစ်တောလုံး ညံ၊ တစ်တောင်လုံး ဟိန်းနေ၏။ တစ်ခါတစ်ခါ ဥဩငှက်လေး၏ လေးသွဲ့သံ ချိုတေးဆိုသံကိုလည်း ကြားနေရ၏။ ဥဩသံကြောင့် မောင်တင်သောင်းတစ်ယောက် "စိုးသောကနှောင့်၊ နေမဖြောင့်မှု၊ တကြောင့်ကြကြ၊ မအေးရခဲ့"ဟူသကဲ့သို့ လွမ်းသလိုလို၊ ဆွေးသလိုလို တစ်မျိုးကြီး ခံစားခဲ့ရ၏။ ကောင်းကင်ပြင်တွင်လည်း မိုးသားမိုးတိမ်တို့ ပြေးလွှားဆော့ကစားနေကြသည်များကိုလည်း မော့ကြည့်မိရင်း တစ်ခါမျှ မခံစားဘူးသော ခံစားချက်များ အလိုလိုစူးနစ်ဖြစ်ပေါ်နေ၏။ ဇနီးကို လွမ်းသလိုလို၊ သမီးကို

www.burmeseclassic.com

လွမ်းသလိုလို စိတ်တွင် ဖြစ်ပေါ်နေ၏။ တစ်ခါတစ်ရံ ကြောက်စိတ်ဝင်လာခဲ့ပြန်သည်။ သို့သော်လည်း နောက်ဆုံးတွင် အလွမ်းအဆွေး အတွေးများကို ဖယ်ထုတ်လိုက်ပြီး မိမိလုပ်ရမည့်အလုပ်အတွက် အောင်အောင်မြင်မြင် ပြီးဆုံးဖို့ကိုသာ စိတ်ကို ဒုန်းဒုန်းချလိုက်၏။

လဆန်းရက်မို့ လက ကွေးကွေးသေးသေးကြောင့် အလင်းရောင် မှုန်ပျပျကို ကြယ်များက အားဖြည့်ပေးနေ၍သာ မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်နေရခြင်းဖြစ်သည်။ ရေနားတွင် ကျိုက်ထီးရိုးဘုရားအား မြင်နေရပြီ။ လှသူကင်းဆိတ်လှသော ဤလိုအချိန်အခါမျိုးတွင် စိုးရွံ့ရွံ့ဖြင့် ရင်ပြင်ပေါ်သို့ လျှောက်လှမ်းလာနေရင်း ရုတ်တရက် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာ၏။ ရင်ပြင်ပေါ်ကိုသာ ရောက်နေပြီဖြစ်သော်လည်း ဘယ်မှာ နေရမည် မသိ။ အခန်းများမှာလည်း အားလုံး သော့ခတ်၍ ပိတ်ထားသည်ချည်း တွေ့နေရ၏။ ထိုသို့ အတွေးဝင်နေစဉ် နားထဲသို့ ပြောသံ ကြားလိုက်ရ၏။

"မပူပါနဲ့ကွာ၊ ရှေ့ကို ဆက်သွား၊ အစွန်ဆုံး ဇရပ်ကို ရောက်ရင် သော့ခတ်ထားတာ တွေ့လိမ့်မယ်။ အဲဒီ ဇရပ်ရဲ့ ဘေးဘက်ကို ဝင်သွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်၊ ပွင့်သွားလိမ့်မယ်"

ဟု တရစပ်ပြောနေသံကြားရ၍ ကြားရသည့်အတိုင်း ပြတင်းပေါက်ကို ဖွင့်လိုက်ရာ ပွင့်သွားသဖြင့် အခန်းထဲရှိ တံမြက်စည်းပေါင်းတစ်ချောင်းဖြင့် သန့်ရှင်းရေးလုပ်လိုက်ပြီး ကျောပိုးအိတ်ချ၍ အိပ်ရာပြင်လိုက်၏။ ထိုအခိုက်တွင် အကောင်တစ်ကောင်၏ ရှူးရှူးဝါးဝါး အော်သံကြားလိုက်ရရာ မောင်တင်သောင်း အနည်းငယ် လန့်သွား၏။ ထိုအခါ "မကြောက်နဲ့ လူလေး၊ မင်းတို့ မြေပြန့်က ကင်းလိပ်ချောလို့ အကောင်မျိုး အော်တာပါကွာ"

ဟု အသံကြောင့် မောင်တင်သောင်း အကြောက်ပြေသွား၏။ ထို့နောက် ဆက်တိုက်ဆိုသလိုပင် အဘက ထခိုင်းနေတော့၏။

"လူလေး . . .၊ မင်း ဒီကနေ ဘုရားဆီကို သွား၊ လမ်းမှာ ရေဘုံတိုင် တွေ့လိမ့်မယ်။ အဲဒီမှာ မျက်နှာသစ်၊ ခြေထောက်လက်ထောက်ဆေး၊ နောက် ထမင်းစားလိုက်။ စားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်ယူပြီး ဘုရားကို သွားပေတော့"

ဟူသော စကားသံအတိုင်း တစ်သဝေမတိမ်း လိုက်လုပ်၏။ ဘုရားသို့ ရောက်လျှင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်၍ ကြည်ကြည်နူးနူး ဘုရားရှိခိုး၏။ ပရိတ်ပြုပြီး ပထမ ပုတီးစိပ်၏။ ထို့နောက် တရားထိုင်လေသည်။

လေက တဖြူးဖြူးဖြင့် လူသံသူသံ ကင်းဆိတ်နေသည့်အတွက် ပုတီးစိပ်၊ တရားထိုင်ရသည်မှာ ခါတိုင်းနှင့် မတူ။ အထူး အာရုံရလှ၏။ စိတ်ကြည်လင်သဖြင့် သမာဓိနှင့် ပြည့်စုံကာ ပီတိပဿဒ္ဓိများ တဖွားဖွားဖြစ်ပေါ်နေ၏။ လွန်စွာလည်း ကြည်နူးနေမိ၏။ ဒါကြောင့်လည်း သူတော်ကောင်းများဟာ ဆိတ်ငြိမ်ရာကို နှစ်သက်ကြတာပဲ ဟု သဘောပေါက်သွား၏။

တရားကို ထိုင်ကောင်းကောင်းနှင့် ထိုင်နေရာ ခြေသလုံး၊ ပေါင်နှင့် တင်ပါးများ ထုံပြီး ကျိန်းစပ်လာသည့်အခါမှသာ မိမိထိုင်နေသည်မှာ တစ်နာရီကျော်ခန့် ရှိလောက်ပြီဟု ခန့်မှန်းလိုက်ပြီး တရားအလုပ်ကို အပြီးသတ်လိုက်၍ ဣရိယာပုထ်ကို ဖျက်လိုက်သည်။ ထို့နောက် တောစောင့်နတ်၊ တောင်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး အစ ထား၍ သုံးဆယ့်တစ်ဘုံအား ကြည်[...] စွာ မေတ္တာပို့ အမျှပေးဝေလိုက်[...] အမျှဝေပြီးသည့်အဆုံး၌ သာဓုခေါ်[...] များမှာ ဘုရားရင်ပြင်တစ်ခုလုံး[...] တစ်တောလုံး ညံ၍၊ တစ်တောင်[...] ဟိန်းသွား၏။ မောင်တင်သောင်း[...] အလွန်အံ့ဩတုန်လှုပ်သွား၏။ ရင်[...] ပေါ်တွင် မိမိတစ်ဦးသာ ရှိလျက် သာ[...] ခေါ်သံများမှာ တောတောင်တစ်ခု[...] ဟိန်းထွက်သွားသဖြင့် ရင်ပြင်ဘက်[...] လှည့်ကြည့်လိုက်ရာ ပို၍ပင် အံ့[...] ထိတ်လန့်ဖွယ်ရာကို မြင်တွေ့လိုက်[...]

ဘုရားရင်ပြင်တစ်ခုလုံး နတ်[...] ဖြင့် ပြည့်နေသည်။ အရွယ်မျိုး[...] အဝတ်မျိုးစုံဖြင့် နတ်များအား တွေ့[...] ရရာ မိမိမျက်လုံးကိုပင် မိမိ မယုံ[...] အောင် ဖြစ်လာ၏။ ထိုသို့ အံ့ဩ[...] ကြည့်နေရင်း သာဓုခေါ်ကြသော နတ်[...] များမှာ တစ်ပါးပြီး တစ်ပါး မျက်[...] အောက်မှ တဖြုတ်ဖြုတ် ပျောက်က[...] ကြ၏။ ရင်ပြင်အလယ်လောက်တွင်[...] ပုပုဝဝ နတ်ကြီးတစ်ပါးသာ ကျန်ရ[...] သည်ကို ထူးဆန်းစွာ မြင်နေရ၏။

ထိုနတ်ကြီးသည် မောင်တင်[...] သောင်းဆီသို့ တစ်လှမ်းချင်း လှမ်း[...] နေပြီး အနားရောက်လျှင် ၎င်း၏ ဘ[...] လက်ဖြင့် မောင်တင်သောင်း လည်[...] အား ခပ်ဖွဖွညှစ်လိုက်ပြီး ညာလက်[...] လက်ညှိုးငေါက်ငေါက်ထိုးလျက် . . .

"မင်း . . . သူ့ဘာသာသူ ရှိ[...] အေးအေး ဘာသာရေးလုပ်နေတာ[...] ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ မ[...] ဒီကလေးကို ညတွင်းချင်း တော[...] အောက်ပြန်ပို့ပြီး အိမ်လိုက်ပို့လို[...] ဒီကလေး တစ်ခုခုဖြစ်သွားရင် မ[...] သေပြီသာ မှတ်"

ဟု ကြိမ်းမောင်းပြီး ပျောက်ကွယ်[...] သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်တင်သောင်းမှာ မယုံနိုင်
သောက်အောင် အံ့သြတုန်လှုပ်နေ၏။
၏ အဖြစ်များမှာ ဟုတ်မှ ဟုတ်ပါ့
လားဟု သံသယဖြစ်မိနေ၏။ ထိုအ
အပျက်များကို စဉ်းစားရင်း ဇရပ်ဆီ
လေးတွဲ့စွာ ပြန်လာခဲ့၏။ ဇရပ်ပေါ်သို့
ရောက်လျှင် အသင့်ခင်းထားသော အိပ်
ပေါ်သို့ ကျောဆန့်ရန် လှဲမည်အပြု
အမိန့်ပေးသံကို ကြားလိုက်ရသည်။

"လူလေး... မင်းပစ္စည်းတွေကို
မကျန်ခဲ့စေနဲ့။ ခုချက်ချင်း တောင်
အောက်ကို ဆင်းမယ်"

ဟူ၍ ပြောသည်။

မောင်တင်သောင်း နားမလည်နိုင်
စိတ်ထဲတွင်လည်း တစ်မျိုးခံစား
ရသည်။ အဘပင် တစ်လ အဓိဋ္ဌာန်
မည် ပြောသည်။ ခုပဲ တောင်
အောက်ဆင်းမည် ပြောသည်။ ဘယ်လို
မှာ နားမလည်နိုင်အောင် ရှိနေရာ
က...

"မင်း စကားမရှည်နဲ့။ ပြန်ဖို့ ပြင်
ပြီ၊ ခုချက်ချင်း တောင်အောက်
မယ်"

ဟူ၍ ထပ်မံ အမိန့်ပေးပြန်သဖြင့်
တင်သောင်းမှာ ထပ်မကွန့်ရဲတော့
ပစ္စည်းများကို သိမ်း၍ ကျောပိုးအိတ်
သည့်ပြီး တောင်အောက်သို့ ဆင်း
ခဲ့တော့သည်။

•••

နောက်တစ်နေ့တွင် မောင်တင်
င်း ဒလသို့ ပြန်ရောက်ပြီဖြစ်
ကြောင်း ခယ်မဖြစ်သူမှ သတင်းပို့လိုက်
အတွက် ဦးမြင့်သောင်းမှာ အကျိုး
ကြောင်း သိချင်လှသဖြင့် ဒလသို့
အလွှား ခရီးနှင်ခဲ့ရပြန်သည်။
ရောက်လျှင် အကြောင်းစုံကို သိရှိလိုက်
၍ မည်သို့ စခန်းသွားရမည်ကို
ခန်းဝင်ရတော့သည်။

ဦးမြင့်သောင်း၏ မိဘများလက်
ထက်ကတည်းက ကိုးကွယ်ဆည်းကပ်
ခဲ့သည့် အလွန်တန်ခိုးကြီးသည့် ဘုရား
လေးမြိုင် ဆရာတော်ကျောင်းသို့
မောင်တင်သောင်းတို့အား ခေါ်သွားပြီး
ဆရာတော်သို့ ဖြစ်ကြောင်းကုန်စင်
လျှောက်ထားလိုက်ကြသည်။ ဆရာ
တော်သည် ဦးမြင့်သောင်း လျှောက်
တင်သည်ကို အာရုံယူ နားထောင်နေ
ပြီး စကားအဆုံးတွင် မောင်တင်သောင်း
အား စူးစူးစိုက်စိုက်ကြည့်၍ လက်ညှိုး
ငေါက်ငေါက်ထိုးလျက်...

"ဟေ့ကောင်၊ မင်း ဘာကောင်
လဲဆိုတာ မင်းသိတယ်နော်။ မင်း
ဟိုတာက အင်းဆရာမဟုတ်လား။ အဲဒီ
အင်းအတတ်နဲ့ မင်း လူသတ်ခဲ့တယ်
မဟုတ်လား"

ဟု မေးလိုက်ရာ ဘိုးတော်မှ -

"ဟုတ်ပါတယ် ဘုရား။ သူက
ဆေးကုချင်တယ်ဆိုလို့ အင်းသင်ပေး
တာပါ ဘုရား"

ဟု ပြန်လည်လျှောက်ထား၏။
ထိုအခါ ဆရာတော်မှ...

"မင်း သူ့ဘာသာသူ ဘာသာ
တရားကို ရိုးရိုးသားသား လိုက်စားနေ
တာကို ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

ဟု မေးရာ ဘိုးတော်မှ...

"တပည့်တော် တစ်နေရာပြောင်း
ရမှာမို့ လူစားလဲဖို့ လုပ်တာပါ ဘုရား"

ဟု ပြန်လျှောက်၏။ ဆရာတော်
က...

"မင်း သူများသားသမီးကို လုပ်
ချင်တိုင်း လုပ်လို့ ရမလားကွ။ မင်း
သစ္စာရေသောက်ရမယ်။ မင်း ဒီနေ့က
စပြီး ဒီကလေးကို မနှောင့်ယှက်တော့
ပါဘူး ဆိုတာရယ်၊ မင်း ဒီညတွင်းချင်း
သန်လျင် တောတန်းကို ပြောင်းပါ့မယ်
ဆိုတာရယ်အတွက် သစ္စာရေသောက်
ရမယ်"

ဟု ကြိမ်းဝါးလိုက်ရာ...

"တင်ပါ့ သောက်ပါ့မယ် ဘုရား။
နောက်လည်း မနှောင့်ယှက်တော့ပါဘူး
ဘုရား"

ဟု ဘိုးတော်မှ ပြန်လျှောက်ထား
ကာသစ္စာရေကိုသောက်လိုက်တော့သည်။

ထိုသို့ ဆရာတော်နှင့် ဘိုးတော်
တို့ တစ်ယောက်တစ်ပြန် အချီအချ
စကားပြောပြီးသည့်အခါတွင် ဆရာ
တော်မှ ဦးမြင့်သောင်းအား ပါလာသည့်
အင်းစာရွက်များကို မီးရှို့နိုင်းသည့်
အတွက် အင်းစာရွက်အားလုံးကို ဆရာ
တော်၏ ရှေ့မှောက်တွင်ပင် မီးရှို့ပစ်
လိုက်သည်။ ထို့နောက် ဆရာတော်က
ဦးမြင့်သောင်းအား ဆက်၍ အမိန့်ရှိ
သည်ကား...

"မင်းတို့နှစ်ယောက်က အိမ်ပြန်
ရောက်ရင် မောင်တင်သောင်း အိမ်
နောက်ဖေးက ညောင်ပင်ကြီးရဲ့ မြောက်
ဘက်ကို ထိုးသွားနေတဲ့ သစ်မြစ်ရဲ့
အဖျားနားမှာ တူးကြည့်ကြ။ အဲဒီမှာ
သိမ်ဝင် သပိတ်ကွဲနဲ့ ချထားတဲ့ အင်း
ချပ်တွေ့လိမ့်မယ်။ အဲဒီ အင်းချပ်ကို
မြစ်ထဲ လွှင့်ပစ်လိုက်။ ကဲ - ပြန်ကြ
တော့"

ဟူ၍ ဖြစ်သည်။

ဆရာတော်မှာသည့်အတိုင်းပင်
သိမ်ဝင် သပိတ်ကွဲအင်းကို တွေ့ရ၍
မြစ်လယ်သို့ လွှင့်ပစ်လိုက်ကြသည်။
ထိုနေ့၊ ထိုအချိန်မှ စ၍ ယခုအထိ
မောင်တင်သောင်းမှာ လူကောင်းပြန်ဖြစ်
သွားပေပြီ၊ မိမိ ဝါသနာပါသည့် ဘာသာ
ရေးအလုပ်အား အနှောင့်အယှက်ကင်း
ကင်းဖြင့် ရိုးရှင်းစွာ လုပ်ဆောင်နိုင်ခဲ့
ပါတော့သည်။

* * *

လှကျော်ညွှန့်(ဓရကင်း)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးဝေဖြာ
သံသရာရတနာ

မောင်ထည်ဝါ
(ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓရတနာ၊ ဓမ္မရတနာနှင့် သံဃာရတနာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ရ ည်ဖြစ်သည်။ သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်စေ တ်သောကြောင့် ထိုရတနာသုံးပါးကို "သရဏ"ဟူ၍လည်း ခေါ်ဆိုသည်။

မြတ်ဗုဒ္ဓကို ကိုးကွယ်ပူဇော်ရခြင်းမှာ ဗုဒ္ဓရှင်တော် ရားသည် သတ္တဝါတို့ကို ကြီးပွားချမ်းသာကြောင်း နည်းလမ်း ဖြစ်စေခြင်း၊ မကြီးပွား မချမ်းသာကြောင်း မကောင်းသော နည်းလမ်းမှ ဆုတ်နစ်စေခြင်းနှင့် အပြစ်ဒေါသ အလုံးစုံ င်၍ ဂုဏ်ကျေးဇူးအလုံးစုံနှင့် ပြည့်စုံစေခြင်းတို့ကြောင့် ဖြစ်သည်။

ဓမ္မရတနာတည်းဟူသော ဘုရားရှင်၏ တရားတော်ကို ကွယ်ရခြင်းမှာ တရားတော်ကို ကျင့်ကြံ လိုက်နာသူတို့ အား သံသရာခရီးခဲမှ ဆွဲထုတ် ကယ်တင်ခြင်း၊ တရားကျင့် ဆဲ့ ကာလနှင့် ကျင့်ပြီးနောက်ပိုင်း ကာလတို့၌လည်း သာအေးချမ်းမှုကို ပေးစေခြင်းဖြင့် သတ္တဝါတို့၏ ဘေး ကို ပယ်ဖျောက် ဖျက်ဆီးစေနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

သံဃာတော်ကို ကိုးကွယ်ရခြင်းမှာ အနည်းငယ်မျှ သော ကောင်းမှုကုသိုလ်တို့ကို ကြီးကျယ်ပွံ့ဖြိုး အကျိုးများ ပြုလုပ်ခြင်းဖြင့် သံဃာတော်များသည် သတ္တဝါတို့၏ ဒုက္ခကို ပယ်ဖျောက် ဖျက်ဆီးနိုင်ခြင်းကြောင့် ဖြစ်သည်။

ထိုရတနာသုံးပါးကို ကြည်ညိုလေးစား ကိုးကွယ်ဆည်း သောသူကို သရဏဂုံတည်သူဟု ခေါ်သည်။ ထိုသူသည် င်မြတ်သော ဘုံဘဝသို့ ရောက်ရမည်ဖြစ်သည့်အပြင် က်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံပေါ်များခြင်း ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။

အရိယာ သံဃာတော်မြတ်သည် လောဘ၊ ဒေါသ ကိလေသာတရားတို့ ကင်းရှင်း၍ မဂ်ဖိုလ်နိဗ္ဗာန် ဟူသော တရားတော်မြတ်တို့နှင့်သာ မွေ့လျော်နေကြ သတ္တဝါများ၏ ကုသိုလ်ကောင်းမှု စိုက်ပျိုးရာ လယ် ကောင်းသဖွယ်ပင် ဖြစ်သည်။ ထိုသို့ အရိယာ တော်မြတ်ကို ကိုးကွယ်ဆည်းကပ် လုပ်ကျွေးခြင်းဖြင့် လ်ကောင်းမှုများစွာ ဖြစ်ထွန်း၍ ကောင်းကျိုးချမ်းသာကို ခံစားကြရသည်။

သို့ဖြစ်၍ အရိယာ သံဃာတော်များသည် သတ္တဝါတို့၏ အတိုင်းမသိ ကျေးဇူးရှင်များ ဖြစ်ကြသည်။ အရိယာနှယ် ဝင် ပုထုဇဉ် သံဃာတော်များသည်လည်း ဗုဒ္ဓရှင်တော်မြတ် ဟောကြား ထားရစ်ခဲ့သော တရားတော်များကို သတ္တဝါတို့ အား လူ နတ် နိဗ္ဗာန် သုံးတနန်ချမ်းသာကို လမ်းညွှန်ပြသ ဟောပြောကြသောကြောင့် သတ္တဝါတို့၏ အတိုင်းမသိသော ကျေးဇူးရှင်များပင် ဖြစ်သည်။ သံဃာရတနာတည်းဟူသော သံဃာတော်များကို ကိုးကွယ်ဆည်းကပ် လုပ်ကျွေးခြင်း ကြောင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ပြီး ကောင်းကျိုးချမ်းသာ ကို ရရှိခံစားနိုင်သည်သာ ဖြစ်၏။ သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ခြင်းကြောင့် ကောင်းကျိုးခံစားခဲ့ရသော ဗုဒ္ဓ လက်ထက်က သာဓကတစ်ခုကို ထင်ရှားစေရန် တင်ပြပါ မည်။

◈◈◈

ဗုဒ္ဓမြတ်စွာဘုရားလက်ထက်က သူဌေးကြီး တစ်ယောက်၏ အိမ်မှ အစေခံမကြီးသည် ယနေ့ နေ့လယ် ခင်း၌ပင် သေဆုံး ကွယ်လွန်၍ အပါယ်လေးဘုံသို့ လား ရောက်တော့မည်ကို အရှင်မဟာ ကဿပ မထေရ်ကြီး မြင် တော်မူသည်။ အစေခံမကြီးမှာ အားကိုးစရာ ကောင်းမှု ကုသိုလ်တစ်စုံတစ်ခုမျှ မရှိပေ။ ထို့ကြောင့် အရှင်မဟာ ကဿပမထေရ်ကြီးသည် သင်္ကန်းရုံ၊ သပိတ်ပိုက်ပြီး သူဌေး ကြီးအိမ်ရှေ့သို့ ကြွရောက်၍ ဆွမ်းရပ်တော်မူ၏။ ထင်ရှား သော မဟာသာဝကကြီးတစ်ပါးဖြစ်သောကြောင့် သူဌေး လင်မယားသည် အကောင်းစား ဆွမ်းနှင့် ဆွမ်းဟင်းများကို လှူဒါန်းဆက်ကပ်ရာ မထေရ်မြတ်ကြီးက သပိတ်အဖုံး ဖွင့် မပေးဘဲ အိမ်နောက်ဘေး တန်းလျားမှ အစေခံမကြီးကိုသာ လှမ်းကြည့်နေတော်မူသည်။

ထိုအခါ အစေခံမကြီးသည် မထေရ်မြတ်က သူ့ထံ မှ ဆွမ်းကိုသာ အလှူခံလိုကြောင်း ရိပ်စားမိသဖြင့် သူစားမည့် ထမင်းကြမ်းနှင့် ဟင်းရွက်ကြော်တစ်ခွက်ကို ယူလာပြီး လောင်းလှူလေ၏။ ထိုအခါကျမှ မထေရ်မြတ်က သပိတ်ကို ဖွင့်ပြီး အလှူခံတော်မူသည်။ သူ့ထမင်းဟင်းကို အလှူခံတော် မူသဖြင့် အစေခံမကြီးမှာ ဝမ်းသာပီတိဖြစ်ရသော်လည်း "ငါ လှူတဲ့ ထမင်းကြမ်းကို မထေရ်မြတ်ကြီး ဘုဉ်းပေးနိုင်ပါ့ မလား"ဟု စိုးရိမ်နေရှာ၏။

သူ၏ စိုးရိမ်စိတ်ကို တန်ခိုးဖြင့် သိသွားသော မထေရ် မြတ်က အစေခံမကြီး မြင်နိုင်လောက်သော သစ်ပင်တစ်ပင် ဘေးရှိ ကွပ်ပျစ်ပေါ်မှာပင် ဘုဉ်းပေး သုံးဆောင်တော်မူလေ သည်။ ထိုသို့ ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့မြင်ရလေသော်


www.burmeseclassic.com

www.burmeseclassic.com

အစေခံမကြီးသည် သူ့အလှူအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

ထိုနေ့ နေ့လယ်ပိုင်းတွင်ပင် အစေခံမကြီးသည် ရုတ်တရက် ကွယ်လွန်သွားရာ ထိုဆွမ်းလှူခဲ့ရသော ကုသိုလ်စွမ်းအားကြောင့် နတ်ပြည်သို့ လားရောက်သွားလေ၏။ ထမင်းကြမ်းခဲကို လှူဒါန်းခဲ့သော အစေခံမကြီးကို အပါယ်ဘေးမှ ကယ်တင်ပေးခဲ့သူမှာ သံဃာရတနာပင် ဖြစ်လေသည်။

◈◈◈

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်၌သာ သံဃာတော်များအား ကိုးကွယ်သော ဒကာ၊ ဒကာမများသာလျှင် ကောင်းကျိုးချမ်းသာရရှိသည် မဟုတ်။ ခေတ်အဆက်ဆက်၌လည်း သံဃာတော်များအား ကိုးကွယ် လုပ်ကျွေးသည့် ဒကာ၊ ဒကာမများလည်း ကောင်းကျိုးချမ်းသာကို အမှန်ပင် ရရှိစေခဲ့ပါသည်။ ဖြစ်ရပ်မှန်များကို လေ့လာကြည့်ကြပါစို့။

◈◈◈

မြန်မာနိုင်ငံ ကုန်းဘောင်ခေတ်ကာလဖြစ်၏။

မိုင်းကိုင်ခရိုင်အတွင်းမှာ နေထိုင်သော မြတောင်မြို့မှ လယ်သမား "မောင်စီ"ဆိုသူသည် ဆွမ်းအခက်အခဲရှိနေသည့် ခရီးသွား ရဟန်းတစ်ပါးကို မိမိစားမည့် ထမင်းနှင့်ဟင်းကို မစားတော့ဘဲ အငတ်ခံပြီး လှူဒါန်းခဲ့သော ဆွမ်းတစ်နပ်ကုသိုလ်အစွမ်းကြောင့် လယ်ကွက်အလယ်ကောင်က တောင်ကမူကြီးအတွင်းမှ ရတနာပစ္စည်းများ လှည်းဂုစီးတိုက် ရရှိခဲ့သဖြင့် ချမ်းသာကြွယ်ဝသည့် သူဌေးတစ်ဦး ဖြစ်လာခဲ့၏။

နောင်အခါတွင် သီပေါမင်းထံသို့ သမီးကညာ ဆက်သနိုင်သောကြောင့် "မြတောင်သူဌေးမင်း ဦးစီ"ဟူ၍ နာမည်ကျော်ကြားလာ၏။

◈◈◈

ရဟန်းလူထွက်ဖြစ်သော လူပုံတော်ပတ္တမြားသွေးဆေး ပိုင်ရှင် ဦးမောင်မောင်သည် ယခင် ရန်ကုန် ဖ·ဆ·ပ·လ ကွက်သစ်၌ နေစဉ်က အလွန်ပင် ဆင်းရဲနွမ်းပါးလှ၏။ လူပုံတော် ပတ္တမြားသွေးဆေးကို ရပ်ကွက်တကာ လှည့်လည်သွားလာ၍ မောင်းလေးထုပြီး ကိုယ်တိုင် အပင်ပန်းခံ ရောင်းချခဲ့ရသည်။

ထိုအချိန်ကတည်းက ဆရာရင်းဖြစ်ခဲ့သော ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များကို ဆဋ္ဌသင်္ဂါယနာတင်နေစဉ်ကာလအတွင်း အပတ်စဉ်၊ လစဉ်



ဆွမ်းကပ်လှူနိုင်ရန် ကြိုးစားခဲ့၏။

ထိုသို့သော ကုသိုလ်များကြောင့် ရန်ကုန် ပဒ္ဒန်ကာ ကျောင်းတိုက်၊ မြေနီကုန်း မစိုးရိမ်ကျောင်းကြီးမျာ ဆောက်လုပ် လှူဒါန်းနိုင်သည်အထိ ကြီးပွားချမ်းသာ ခဲ့ခြင်းဖြစ်သည်။

◈◈◈

မန္တလေးတိုင်း၊ မြစ်သားမြို့မှ ဦးသက်ရှည်နှင့် သ ဖြစ်သူ ကိုကျော်တို့သည် မန္တလေး-ဈေးချိုတော်၌ သစ်သီ နှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချ အသက်မွေးရသူမျာ ဖြစ်သည်။ သံဃာတော်များအား ကျောင်းဆောက်လှ လှူဒါန်းလိုသောဆန္ဒ ကြီးမားလွန်းသောကြောင့် အလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ကြရာ ဈေးသည်ဘဝမှ ပွဲရုံပိုင်ရှင်ကြီ ဖြစ်လာသည်။

သင့်လျော်သောငွေကြေး အတော်အတန်ပြည့်စုံလာ သောအခါ ဘုရားကြီးတိုက်ထဲ၌ နှစ်ထပ်ကျောင်းတစ်ကျော ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ယင်းတို့၏ စေတနာ သ တရားက ထိုမျှနှင့် အားမရသေးဘဲ၊ စာသင်တိုက်ကြီးတစ် လုံး ဆောက်လုပ်လှူဒါန်းလိုသော အာသာဆန္ဒဖြင့် အ ကို ပိုမိုကြိုးစားလုပ်ဆောင်လာခဲ့ရာ အောက်မြန်မာပြည် ထွက်သော ဆားများကို အထက်ပိုင်းတစ်ခွင်သို့ တစ်ဦး


www.burmeseclassic.com

www.burmeseclassic.com

မှာယူတင်သွင်းနိုင်သည်အထိ ကြီးပွားတိုးတက်လာသည်။

ထို့ကြောင့် မန္တလေးမြို့ပေါ်တွင် ၄ဧက ကျယ်ဝန်းသော ခြံကြီးတစ်ခြံကို ဝယ်ယူပြီး စာသင်တိုက်ကြီး တိုက် ထူထောင်နိုင်ခဲ့သည်။ အကျယ် (၁၄၆ × ၁၄၂) ရှိသော အလယ်တိုက်ကြီးအပါအဝင် ဘေးမှ နှစ်ထပ် ပေါင်း ၉လုံး လှူဒါန်းခဲ့၏။ တစ်ထပ်တိုက် ၆လုံးလည်း သည်။ ကျောင်းတိုက်အလယ်တွင် နာရီစင်ကြီးတစ်ခု လေးဘက်လေးတန် အုတ်တံတိုင်း ကာရံပေးထား ကျောင်းတိုက်မှာ ယခုအချိန်တိုင်အောင် ရှိနေသော ကျောင်းတိုက်(ဟောင်း)ပင် ဖြစ်၏။

ဖြစ်ရပ်များကလည်း သံဃာရတနာသည် ကိုးကွယ် အား ကြီးပွားချမ်းသာအောင် စွမ်းဆောင်ပေးနိုင်ရုံသာ အပါယ်လေးပါးကျမည့်သူများကိုလည်း အပါယ်ဘေး လွတ်မြောက်အောင် စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း နိုင်ပါသည်။

◈◈◈

တစ်ခါတုန်းက မန္တလေးမြို့ရှိ မိုးကောင်းကျောင်းတိုက် ဦးတိုးအမည်ရှိ ဘာသာခြား ဒကာကြီးတစ်ယောက် ထပ်တိုက်ကြီးတစ်လုံး ဆောက်လုပ်လှူဒါန်းထားခဲ့

ဘာသာခြား လူမျိုးတစ်ယောက်က အဘယ်ကြောင့် သာကျောင်းတစ်ကျောင်းကို ဆောက်လုပ် လှူဒါန်း သည်။

အကြောင်းရင်းက ဤသို့ဖြစ်ပါသည်။

တစ်နေ့သောအခါ ဦးတိုး၏ တစ်ဦးတည်းသော သမီး သည် ရုတ်တရက် အမျိုးသမီးရောဂါဖြင့် သေဆုံးသွား သည်။ သမီးလေးသည် သူ့ခြံဝင်းအတွင်းမှာပင် ပြိတ္တာ နေရရှာ၏။ ထို့ကြောင့် ညအခါတွင် သူမ နေခဲ့ အခန်းတွင်းမှ "အပါး...အပါး...သမီး ဒုက္ခရောက် တယ်၊ ကယ်ပါဦး"ဟူ၍ အော်ဟစ် ပြောဆိုသော အသံ အတိုင်းသား ကြားနေရ၏။ ဦးတိုးသည် သစ်လုပ်ငန်း သောကြောင့် စီးပွားဥစ္စာ ကြွယ်ဝချမ်းသာသူ ဖြစ် ထို့ကြောင့် သမီးဖြစ်သူ ဒုက္ခရောက်နေသည်ကို သည်နှင့် တစ်ပြိုင်နက် သူတို့ဘာသာဆိုင်ရာ ဓမ္မဆရာ ပင့်ဖိတ်၍ ကျွေးမွေးပြုစုပြီး ကောင်းမှုကုသိုလ်ပြု ခဲ့သည်။

သို့သော်လည်း ညအခါများတွင် သမီးလေး၏ အော်ဟစ်သံများက ပျောက်ကွယ်မသွားခဲ့ပါ။ သူတို့ဘာသာနည်း အတိုင်း သုံးကြိမ် သုံးခါတိတိ ပြုလုပ်သော်လည်း အကျိုး မထူးသဖြင့် ဦးတိုးလည်း လက်လျှော့လိုက်ရလေ၏။

ထိုအချိန်က သူ၏ သစ်စက်တွင် မန်နေဂျာလုပ်နေသူ မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၏။ ဦးတိုးသည် သူ့သမီး အကြောင်းကို ထိုမန်နေဂျာအား ပြောပြတိုင်ပင်၍ အကူ အညီတောင်းခံလေ၏။ ထို မန်နေဂျာ၏ ကူညီစီစဉ်ပေးမှုဖြင့် ဗုဒ္ဓဘာသာ ရဟန်းတော်များကို ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်း များ ကပ်လှူစေပြီး ရေစက်သွန်းချ အမျှပေးဝေ၏။

ထိုသို့ ရေစက်ချ အမျှပေးဝေပြီးသော ညအခါကျမှ "သမီး ဆင်းရဲဒုက္ခတွေမှာ လွတ်သွားပါပြီ၊ ပါးပါးကို ကျေးဇူး တင်ပါတယ်"ဟု ပြောဆိုပြီး သမီးငယ်မှာ ပြိတ္တာဘဝမှ လွတ် မြောက်၍ နတ်ပြည်သို့ ရောက်သွားလေ၏။

ထိုသို့သော အကျိုးကျေးဇူးကြောင့် ဦးတိုးသည် ဗုဒ္ဓ ဘာသာကို ယုံကြည်သက်ဝင်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ကူး ပြောင်းလာခဲ့တော့သည်။ ထို့နောက် ဦးတိုးသည် မိုးကောင်း ကျောင်းတိုက်ကြီးတွင် ကျောင်းကြီးတစ်ဆောင်ကို ဆောက် လုပ် လှူဒါန်းခဲ့ခြင်းဖြစ်လေသည်။

ဤဖြစ်ရပ်က ရတနာသုံးပါးသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအတွက် တကယ်အားကိုးထိုက်ကြောင်း သိသာ ထင်ရှားစေခဲ့သည်။ သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များ သည် ရတနာသုံးပါး၏ ဂုဏ်ကို ယုံကြည်မြတ်နိုးစွာ အသက် ထက်ဆုံး ကိုးကွယ်ပူဇော်ကြခြင်းဖြင့် တူမျှသော ကောင်း ကျိုးချမ်းသာအဖြာဖြာကို အမှန်ပင် ရရှိခံစားရမည် ဖြစ်ပါ ကြောင်း ရေးသားအပ်ပါသည်။

* * *

မောင်ဆည်ဝါ(မျော်ဘွယ်)

ကျမ်းကိုး

- ဗုဒ္ဓဘာသာကောင်းတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

# ရေမန်း၊ ဆီမန်း ဂျဲဆေးစွမ်း

လူစွမ်းမြင့် (နတ်မောက်)

ကျွန်တော်၏ မွေးရပ်ဇာတိ ရွှေပုံသာရွာတွင် အဘ "ဦးကောင်းဇံ"ဆိုသူ ရှိပါသည်။ အဘသည် ယခုအခါ အသက် ၈၃နှစ်ရှိပြီဖြစ်သော်လည်း မျက်စိအနည်းငယ်မှုန်သည်မှအပ ခါးမကိုင်း၊ နားမထိုင်းသေးပါ။ ခါးဆန့်ပြီး အရပ်မြင့်သည့် ရေးမြန်မာ လူညိုထွားကြီးဖြစ်ပါသည်။

ငယ်စဉ်မှစ၍ အဘသည် ဆေးလိပ်၊ ကွမ်း၊ ထန်းရည်၊ အရက် လုံးဝ မသောက်မစားပါ။ တောင်သူလယ်လုပ် ဓားမခုတ် လုပ်ကိုင်သလို၊ ဘုရားကိုးဆူကပ်သော ဆရာလည်း လုပ်ပါသည်။ ထို့အပြင် အဘ ဦးကောင်းဇံ အထူးနာမည်ရသည်မှာ ရေမန်း၊ ဆီမန်း အလွန်ဆေးစွမ်းသည်ဟူ၍ပင် ဖြစ်ပါသည်။

ပြီးခဲ့သည့် သီတင်းကျွတ်က အဘထံသို့ ကျွန်တော်သည် မုန့်ထုပ်၊ နို့ဆီဘူး၊ အိုဗာတင်းဘူးနှင့် အဘ ဘုရားသွား ကျောင်းတက် ဝတ်ဆင်ရန် ပုဆိုး၊ အင်္ကျီတို့ကို သွားရောက် ကန်တော့ပါသည်။ အဘမှ လက်ခံပြီးနောက်···

"ကဲ - ငါ့မြေးကို ချီးမြှောက်တဲ့အနေနဲ့ အဘ အသက် ၂၀လောက်ကတည်းက ဆေးစွမ်းခဲ့တဲ့ ရေမန်း၊ ဆီမန်း ဂါထာ ပညာလက်ဆင့်ကမ်း သင်ပေးလိုက်မယ်"

ဟု ဆိုကာ ပညာအမွေပေးလိုက်ပါသည်။

ဤဂါထာစွမ်းရန် လိုက်နာရမည့် အချက်များ ရှိပါသည်။

* သေရည်သေရက် ရှောင်ပါ။ မရှောင်နိုင်လျှင် ဝါတွင်း သုံးလ အဓိဋ္ဌာန်ပြု၍ နှစ်စဉ် ရှောင်ပါ။
* မြင်သား၊ ကြားသား မစားရပါ။
* ကာမေသုမစ္ဆာကို တစ်သက်ပန်လုံး ရှောင်[illegible]
* ဝါတွင်းသုံးလ ရှစ်ရက်သီတင်း လပြည့် လကွ[illegible] တိုင်း ဥပုသ်စောင့်ပါ။ ကံငါးပါးလုံအောင် ထိ[illegible]

ရေမန်းပြုလုပ်ပုံမှာ -

ရေပုလင်းတစ်လုံးတွင် ရေအပြည့်ဖြည့်ပြီး ပုလ[illegible] ဖွင့်ထားရပါမည်။ ထို့နောက် နေအိမ် ဘုရားခန်းတွင် [illegible] ဖြင့် ၉ခေါက် မန်းရပါမည်။ ပုလင်းကို ကိုင်ပြီး မန်းရ[illegible] သက်ပြန်မရှိုက်ပါနှင့်။

ဝမ်းထဲတွင် အစာများ၊ အစာအဆိပ်သင့်၊ အပ[illegible] ရောက်နေသည် ထင်ရခြင်း၊ ဝမ်း ကသိကအောက်ဖြ[illegible] များတွင် ထိုရေမန်းကို သောက်ပေးပါ။ ချက်ချင်း ပျေ[illegible] ကင်းပါသည်။

ဆီမန်းပြုလုပ်မှာလည်း နှမ်းဆီတစ်ပုလင်းကို အ[illegible] ပါအတိုင်းပင် မန်းရပါမည်။ ၎င်းဆီမန်းသည် ခြေထေ[illegible] အကြောတင်၊ အကြောထုံး၊ အကြောမျက်၊ ဒူးနာ၊ ခ[illegible] ဝေဒနာများအတွက် သုံးရက်ခန့် တစ်နေ့ သုံးကြိမ် ညင်[illegible] စွာ ဖိပွတ်ဆွဲလိမ်းပေးခြင်းဖြင့် လက်တွေ့ ပျောက်ကင်းပါသ[illegible]

၎င်း ရေမန်း၊ ဆီမန်းဂါထာမှာ အောက်ပါအတိ[illegible] ဖြစ်ပါသည်။

အဇ္ဈာနမေတံ ဘိက္ခဝေ၊ အနဝကာသော
ယံ ပစ္စုပက္ကမေန၊ တထာဂတံ ဇီဝိတာ ဝေါရောပေ[illegible]
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယ[illegible]

* * *

လူစွမ်းမြင့်(နတ်မော[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ကျော် မမလေး ... ဂျမ်းရှာဆဝန်းကြယ် စာအုပ်စင်

သုတအံ့

## စိတ်မိုး — ပိဋကတ်သမိုင်းဝင် အလှူရှင်များ




မြန်မာတို့၏ "သဒ္ဓါ"ဖွေးဖြူ ပေးလှူခြင်းတို့ကို တွေ့မြင် ကြားသိရတိုင်း ကြည်နူး ဝမ်းမြောက်ရသည်။ အကြိမ်ကြိမ် သာဓုခေါ်ရသည်။ ထိုအခါ ပိဋကတ် သမိုင်းဝင် အလှူရှင်တို့၏ ဘဝဇာတ်ကြောင်းတို့၌ စိတ်ဝင်စားပြီး လေ့လာဖတ်ရှုရာမှ စာမြတ် တစ်ဆူ ဖူးပွင့်စေလိုသဖြင့် ဤစာအုပ်ရေးဖြစ်ခြင်းဖြစ်သည်ဟု စာရေးသူက ဆိုထားသည်။

သုမေဓာ၊ ဝေဿန္တရာ၊ မဟာဓမ္မိက၊ မာတိကမာတာ၊ ပတိပူဇိကာ စသော ပိဋကတ်သမိုင်းဝင် အလှူရှင်များ၏ စိတ်ထားနှင့် ဆုတောင်း၊ သဒ္ဓါနှင့် ဒါနအားတို့ကို စာဖတ်သူများ အားပါးတရ ဖတ်ရှုရမည်ဖြစ်သည်။

**စာပေတိုက်** - မဥ္ဇူစာပေ
**မျက်နှာဖုံးနှင့် အတွင်းပန်းချီ** - နီပိုဦး
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၅၀၀၀ ကျပ်။

## ကလောင်စုံ — ဦးခိုက်လို့ မဝနိုင်ပါဘူး အမေ



မိဘမေတ္တာ ရသစာစုများအဖြစ် New Tiger စာပေက ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ စာရေးဆရာစုံ၏ မိဘမေတ္တာအကြောင်းကို ဖွဲ့နွဲ့ရည်ညွှန်းထားသော စာအုပ် ကောင်းတစ်အုပ်ဖြစ်သည်။

မေတ္တာရှင်(ရွှေပြည်သာ)၊ နယ်ဦး၊ ချစ်စံဝင်း၊ သခင် အောင်ဖေ၊ ညီညီနိုင်၊ မြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)၊ သာထပ်ဖေ၊ ကာတွန်းမြေဇာ၊ မောင်ညိုမှိုင်း(သန်လျင်)၊ နေစိုးထက်၊ ဝါဝါထင်လင်း၊ မောင်ညိုအေး(ပန်းတော)၊ ဇင်ယော်(မာန်)၊ ခနတ် ကိုကိုဇော်၊ မောင်မောင်လှမြင့်၊ စည်သူမြသန်း၊ သက်ထားခင်၊ မင်းအဂ္ဂ၊ ကိုကိုလု (ကမာမြေ)၊ ညွှန့်ဝင်းကို၊ မောင်နန်းထိုက်၊ ဦးတင်ဦး(ကျူရှင်)၊ လင်းထင်နှင့် မောင်လွှမ်းနွယ်(အောင်လံ) တို့ ပါဝင်ရေးသားထားသည်။

ကလောင်စုံ၏ မိဘမေတ္တာအကြောင်း ဖော်ညွှန်းထားသည်များကို စာဖတ်သူများ အားပါးတရ ဖတ်ရှုရမည်ဖြစ်သည်။

**စာပေတိုက်** - New Tiger စာပေ
**မျက်နှာဖုံးဒီဇိုင်း** - လူဇော်သစ်
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်၊ ပထမအကြိမ်။
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၂၅၀၀ ကျပ်၊

www.burmeseclassic.com

## ညီညီနိုင်

## ပွစိပွစိ ပူညံပူညံ



ဆရာ ညီညီနိုင်၏ နိုင်ငံရေးဟာသများကို စုစည်းထုတ်ဝေထားသော စာအ
ဖြစ်သည်။ လူတစ်ယောက်ကို "ငိုအောင် လုပ်ရတာ လွယ်ပေမယ့် ရယ်အောင် လုပ်
တာ မလွယ်ပါဘူး"ဟု ဆရာ ညီညီနိုင်က ဆိုထားသည်။ ဒီထက်ဆိုးတာက လော
နှင့် နိုင်ငံရေးဆန်သော သရော်စာများ ရေးရသည်က ပိုခက်ခဲလိမ့်မည်ထင်ပါသည်။

ဆရာ ညီညီနိုင်က ဆိုထားသည်မှာ "စာရေးသူဟာ ချာလီချက်ပလင်တို့ အ
ကြီး ဦးပေါ်ဦးတို့ကို မတန်မရာ အားကျပြီး တိုင်းပြုပြည်ပြု လူထုအသံတွေကို ဟာ
ရှုထောင့်ကနေ တင်ပြလိုက်တာပါ"ဟု ဆိုထားလေ၏။ "ပွစိပွစိ ပူညံပူညံ" နိုင်ငံ
ဟာသများကို ဖတ်ရင်း ပရိသတ်များ ဘဝအမောတွေ ခဏပြေပြီး ပြုံးရယ်နိုင်ကြပါ
ဆုတောင်း တိုက်တွန်းလိုက်ရပါသည်။

**စာပေတိုက်** - မေတ္တာရွှေစင်စာပေ
**မျက်နှာဖုံးဒီဇိုင်း** - ဖေသစ်တည်
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်၊ ပထမအကြိမ်။
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၁၃၀၀ ကျပ်။

## သျှင်ဥက္ကဋ္ဌ

## ကြိုက်ရာရွေး လမ်းနှစ်သွယ်




သျှင်ဥက္ကဋ္ဌ၏ စာအုပ်များကို မလွတ်တမ်း ဖတ်ခဲ့ဖူးသည်။ "ကြိုက်ရာရွေး လ
နှစ်သွယ်"ကိုတော့ မဖတ်ဖြစ်ခဲ့ပေ။

"အမိပတိ"စာပေမှ ဒုတိယအကြိမ်အဖြစ် ၂၀၁၃၊ ဩဂုတ်လထဲတွင် ပြန်
ထွက်ရှိလာခြင်းဖြစ်သည်။

"သျှင်ဥက္ကဋ္ဌရဲ့ စာအုပ်တွေ သိပ်မဖတ်နဲ့"ဟု အချို့က ပြောကြဆိုကြသည်။ ဒီကို
ပတ်သက်ပြီး အငြင်းမပွားလိုပါ။ အခုစာအုပ် "ကြိုက်ရာရွေး လမ်းနှစ်သွယ်"ကို
ကျား-မ ကြီး/ငယ်မရွေး ဖတ်ကြည့်သင့်သည်ဟု ရဲရဲကြီးတိုက်တွန်းချင်သည်။

အသားစား သတ္တဝါ(ခွေး)လမ်းစဉ်နှင့် သားလွတ်စား သတ္တဝါ(နွား)လမ်းစဉ်
လမ်းနှစ်သွယ်ကို ရှင်းပြထားသည်။ စိတ်ဝင်စားစရာကောင်းပါသည်။ အသားစား၍ ရ
အပြစ်နှင့် အသားမစား၊ အသီးအနှံစားသော အကျိုးများစွာကို သာဓကများစွာနှင့် ရှင်း
ပြထား၏။ ကျန်းမာရေးအရ၊ ဘာသာရေးအရ၊ ထောင့်စေ့အောင် ရှင်းပြထားသည်။

ကြိုက်ရာရွေး လမ်းနှစ်သွယ်ကို ဖတ်ခြင်းအားဖြင့် သတ္တဝါတို့၏ အသက်ကို ကယ်တင်သလို၊ မိမိကိုယ်တိုင်
သက်ရှည်ကျန်းမာစွာ ဘာသာ၊ သာသနာအကျိုး ကို ထမ်းဆောင်နိုင်မှာ မလွဲဟု ဆိုချင်ပါသည်။

**စာပေတိုက်** - အမိပတိ စာပေ
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်၊ ဒုတိယအကြိမ်။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၁၂၀၀ ကျပ်။

*****


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိပ်မပျော်၍ ဟိုလိမ့် သည်လိမ့် လုပ်နေစဉ် ကျောင်းဝမှ အသံကြောင့် လှစ်ဖွင့်လိုက်သည်။

"ဘဘရေ. . . ကျွန်တော့်မိန်းမ မီးသပ်ဝမ်းတွေ သွားနေလို့ ကူညီပါဦး"

"ဪ. . .ဟုတ်လား၊ ဒါဖြင့် ကျောင်းဝနားက ကြောင်ပန်းရွက် လက်တစ်ဆုပ်စာ ခူးသွား၊ ရေနည်းနည်း နဲ့ ခပ်ကျကျလေး ပြုတ်ထား၊ နောက် မှ နနွင်းမှုန့် ကွမ်းသီးလုံးလောက်ကို ထည့်သန့်သန့်မှာ မီးခပ်မျှင်းမျှင်းနဲ့ လော်၊ ကော်ပီမှုန့်အရောင်ပေါက်လာရင် ချ လိုက်၊ အဲဒါကို ကြောင်ပန်းရွက်ပြုတ် ရည်နဲ့ ခပ်ပူပူကလေး မူတ်သောက်ခိုင်း လိုက်၊ ကြားလား"

"ဟုတ်၊ ဟုတ်ကဲ့"

ကျောင်းဝမှ လှမ်းမေးသည်ကို ဆွမ်းစားဆောင်ဘက်မှ လှမ်းဖြေပေး ခြင်းဖြစ်သည်။

♦♦♦

မေးခန့် အိပ်ပျော်သွားရာမှ နောက်ထပ် အသံတစ်ခုကြားရ၍ မေး စေ့ပင် နားထောင်နေမိသည်။

"အဘရေ . . . ကျွန်မသမီး အကြီးမ လေးဘက်နာထပြီး ညည်းနေ လို့ ဘာလုပ်ပေးရမလဲ"

"အေးအေး၊ ကွင်းစပ်နားက ဆင် ငြိမ်ကတစ်ဖုတ်ကို အမြစ်ပါအောင် တူး၊ နောက် ရေတွင်းနားက စူလာနဖာ ပင်ကို လက်တစ်ဆုပ်စာ နုတ်သွား၊ စင်စင်ဆေး၊ မုန့်လုပ် ထန်းလျက် တစ်ခဲလောက်နဲ့ ခပ်ကျကျပြုတ်ပြီး တိုက်လိုက်"

"ဟုတ်ကဲ့. . .ဟုတ်ကဲ့"

ရာသီဥတုက အိုက်စပ်စပ်ဖြစ် နေ၍ ကျွန်တော်သည် အိပ်တစ်ဝက် နိုးတစ်ဝက်ဖြင့် ကြက်အိပ် ကြက်နိုးဖြစ် နေသည်။ မကြာမီ အသံတစ်ခုကြားရ ပြန်သည်။

"ဘဘ. . .ဘဘ. . .ကျွန်တော့် အဖေ သွေးတွေ အန်နေလို့"

"ကောင်လေး. . . သိမ်ရှေ့က ပန်းအိုးနဲ့ စိုက်ထားတဲ့ မီးကွင်း ဂမုန်း ကို အောက်ဘက်က အရွက်ကြမ်း သုံးလေးရွက်လောက် ဖြတ်သွား၊ ရေစင် စင်ဆေးပြီး သကြားနဲ့ ဆုံသန့်သန့်မှာ ထောင်းပြီး တိုက်လိုက်"

"ဟုတ်ကဲ့ အဘ"

♦♦♦

မိုးလင်းပိုင်းကျမှ အိပ်ပျော်သွား သဖြင့် နောက်ထပ် မည်သည့်အသံမှ မကြားရတော့ပါ။ အိပ်ရာမှ ထပြီး ရေ နွေးကြမ်းနှင့် ထမင်းကြော်စားနေစဉ် ကျောင်းဝတွင် လူတစ်အုပ် ပျာပျာ သလဲဖြင့် လူငယ်တစ်ဦးကို ပွေ့ချီလာ သည်ကို တွေ့လိုက်ရပါသည်။ မကြာမီ ဆွမ်းစားဆောင်ရှေ့ ရောက်လာကြ သည်။

"အဘ . . .အဘ ဖိုးထောင် သစ်ပင်ပေါ်က ကျပြီး လက်ကျိုးသွား လို့"

"ဟေ. . .ဟုတ်လား၊ ကျောင်း ဘေးက ဝါးခြမ်းပြားတစ်ပြားယူလာခဲ့၊ လက်နဲ့ အနေတော် ဖြတ်ထား။ ကျိုး နေတဲ့ လက်ကို တည့်သွားအောင် ခပ်ဆတ်ဆတ်ကလေး ဆွဲတည့်လိုက်။ ဆန်လွတ် နနွင်းကို ခပ်ပျစ်ပျစ်ဖျော်ပြီး ကျိုးတဲ့ နေရာကို မံပေးလိုက်။ ပြီးရင် ချင်းတက်ကို မထုမပါး အပြားလိုက် လှီး၊ ဆားနည်းနည်းထည့်ပြီး ကပ်ပေး။ အားလုံးလုပ်ပြီးရင် ဝါးခြမ်းပြားနဲ့ ကပ် ပြီး အဝတ်သန့်သန့်နဲ့ ပတ်တီးစည်းပေး။ နောက် အဝတ်သန့်တစ်ခုကို လည်ပင်း မှာ သိုင်းပြီး ဒဏ်ရာရတဲ့ လက်ကို လွယ်တင်ထားလိုက်"

လူအုပ်စုသည် အဘပြောသည့် အတိုင်း ဆောင်ရွက်ကြပြီး ကျောင်း ဝိုင်းအတွင်းမှ ထွက်သွားကြပါသည်။ ညက အသံကိုသာ ကြားရပြီး ယခု မနက်မှသာ တွေ့လိုက်ရသည့် အဘ ဆိုသူ လူကြီးမှာ ဥပဓိရုပ် ခန့်ညားသူ ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းတွင် နေ ထိုင်၍ ကပ္ပိယဟု ထင်ရသော်လည်း ဆေးဆရာတစ်ဦးဖြစ်မည်ဟု ကျွန်တော် သုံးသပ်မိပါသည်။ နေ့လယ်စာစား အပြီး ဝမ်းကိုက်သလိုဖြစ်လာသည်နှင့် အဘရှိရာ ဆွမ်းစားဆောင်သို့ တက် သွားရာ အခန့်သင့်ပင် အဘကို တွေ့ရ ပါသည်။

"မနေ့ညနေက ဦးဇင်းကြီးနဲ့ ပါ လာတဲ့ ဧည့်သည်ထင်ပါတယ်။ လာပါ၊ ထိုင်ပါဦး"

ဟု ဆို၍ ဖျာငယ်တစ်ချပ်ကို ကျွန်တော့်ဘက် ရွှေ့ပေးလိုက်ပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ခရီးသွားရင်း ဝမ်းကိုက်နေတာ၊ အဲဒါ အဘကို ပြောမယ်ဆိုပြီး လာခဲ့တာပါ"

"အေးအေးဆေးဆေးပေါ့၊ ရေနွေး ကြမ်းသောက်ပြီး ခဏနားပါဦး"

အဘသည် ကျွန်တော့်ကို ရေ နွေးတစ်ပန်းကန်ထိုးပေးရင်း ကျောင်းသား ငယ်တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး တစ်စုံတစ်ရာပြောလိုက်ပါသည်။ မကြာ မီ အဆိုပါ ကျောင်းသားသည် အရွက် သုပ်တစ်ပန်းကန် ချပေးပါသည်။ ကျွန်တော်သည် အရွက်သုပ်ကို စား ကြည့်ရာ မြင်းခွာရွက်သုပ်နှင့် အရသာ ဆင်တူကြောင်း သိလိုက်ရသော်လည်း တိတိကျကျသိလို၍ အဘကို မေး လိုက်ပါသည်။

"ဒါ ဘာအရွက်သုပ်ပါလဲ"

"ဆိတ်နို့ရွက်သုပ်ပါ"

"ဆိတ်နို့ရွက်ဆိုတာက. . ."

"ဒီအပင်က ပုစွန်စာရွက်နဲ့ ဆင် ဆင်တူတယ်။ အမှန်က ကွဲကျောင်းပင် လို့ ခေါ်တယ်။ ဒီအပင်ကလေးကို လက်သည်းနဲ့ ဆိတ်ကြည့်ရင် ဆိတ်

www.burmeseclassic.com

လို အဖြူရောင်အစေးထွက်တာကြောင့် အများက ဆိတ်နို့ပင်လို့ ခေါ်ကြတာပါ။ ငါ့တူကြီးက ဝမ်းကိုက်နေတယ် ဆိုတော့ ခပ်များများစားသွားလိုက်"

ကျွန်တော်သည် ဆိတ်နို့ရွက်သုပ်ကို ရေနွေးကြမ်းနှင့် မြည်းရင်း အဘနှင့် စကားလက်ဆုံကျသွားပါသည်။

"အဘက ဒီရွာက ဆေးဆရာကြီးလို့ ထင်ပါတယ်။ ဒါပေမယ့် အဘကိုယ်တိုင် လူနာတွေဆီ လိုက်မသွားတာ ဘာကြောင့်ပါလဲ"

"ဩော်···ဒါလား။ ရှင်းပါတယ်။ ဆေးဆရာမဟုတ်လို့ပေါ့။ အဘဆီမှာ တိုင်းရင်းဆေးလက်မှတ်(တဆ)မရှိဘူးလေ။ ဒါကြောင့် ဆေးဖော်စပ်တာတို့၊ ဆေးကုသတာတို့ အဘ မလုပ်ဘူး"

"ဒါပေမယ့် ဒီရွာက လူတွေဟာ နေ့နေ့ညည ကျန်းမာရေးအတွက် အဘကိုပဲ အားကိုးအားထားရှိနေကြတာကိုတော့ ကျွန်တော်ကိုယ်တိုင် မြင်တွေ့နေရပါတယ်"

"ငါ့တူပြောတာ မှန်ပေမယ့် တကယ်တော့ အဘက သေစာရှင်စာလောက်ပဲ တတ်ထားတဲ့သူပါ။ ဒါကြောင့် တတ်သလောက် မှတ်သလောက်ကလေးနဲ့ နူတ်တစ်ခွန်း အလှူလုပ်ပြီး ပါးစပ်တစ်ပေါက်နဲ့ ကုသိုလ်ယူနေရတာပါ"

အဘသည် ရေနွေးတစ်ပန်းကန်ကို ခပ်လေးလေး မှုတ်သောက်ရင်း စကားဆက်လိုက်ပါသည်။

"ဒီရွာကလေးဟာ အိမ်ခြေ ၂၀ လောက်သာ ရှိတဲ့ ရွာငယ်ကလေးပါပဲ။ ရွာက ငယ်လွန်းတော့ ဆေးပေးခန်းတို့ ဘာတို့ မရှိနိုင်သေးသလို တိုင်းရင်းဆေးဆရာတို့လို လူတွေကလည်း လာမနေကြသေးဘူး။ ဒီလိုအချိန်မှာ ဒီရွာက လူတွေရဲ့ ကျန်းမာရေးကို အဘတို့ တတ်နိုင်တဲ့ဘက်က စောင့်ရှောက်ပေးနေတာပါ။ ဒီလို စောင့်ရှောက်တဲ့အခါမှာ သာမန်လူတွေ မသိနိုင်တဲ့ ဆေးဝါးများကို မသုံးဘဲ လူတိုင်း၊ အိမ်တိုင်းမှာ နေ့စဉ် စားသောက်နေတဲ့ ပစ္စည်းတွေကိုပဲ သုံးတတ်၊ စွဲတတ်၊ စားတတ်သောက်တတ်အောင် ညွှန်ပြပေးရုံလောက်ပါပဲ"

အဘသည် အေးစပြုနေသည့် ရေနွေးပန်းကန်ထဲမှ လက်ကျန်ကို တစ်ချက်တည်း သောက်ချလိုက်ပြီး စကားဆက်လိုက်ပါသည်။

"ရှေးရှေးတုန်းကတော့ ဆေးမြီးတိုကျမ်း(လောကျမ်း)ဆိုတာ ရှိတယ်။ တောသူတောင်သား စတဲ့ အခြေခံလူတန်းစားတွေ အားကိုးအားထားပြုခဲ့ကြရတဲ့ ဆေးကျမ်းပဲ"

"ဥပမာ့ကလေးနဲ့ ရှင်းပြပါဦး"

"ဝေဒနာဖြစ်လာတဲ့ အကြောင်းရင်းဟာ ဖသဿဆိုတဲ့ အတိုက်ခတ်ကြောင့်ပဲ။ တက်စာ၊ သက်စာတွေကြောင့် ဖြစ်လာတဲ့ ရောဂါကို လက်တစ်ကမ်းမှာ ရှိတဲ့ အိမ်သုံး အစားအသောက်တွေကို လိုအပ်သလို ပေါ့ပေါ့ပါးပါး သုံးစွဲစေရုံနဲ့ သက်သာပျောက်ကင်းစေတဲ့ နည်းပဲ။ ဥပမာဆိုပါစို့ ဇက်ကြောတက်နေတဲ့သူကို ညွှန်ပြထားတဲ့ အပိုဒ်က ဇက်ကြောတက်သော် မခက်လော၊ လျက်ဆားကို ထုံးနှင့် ပွတ်၍ ခပ်ပြင်းပြင်းရှူလိုက်သော် မပျောက်လောလို့ ဖတ်ရမှတ်ရလည်း လွယ်အောင် အိမ်ထဲမှာပဲ အလွယ်တကူရနိုင်တဲ့ ပစ္စည်းတွေကို အမေးအဖြေပုံစံမျိုးနဲ့ ဖော်ပြထားတာပါ"

ကျွန်တော်သည် အဘပြောနေသည်များကို နားထောင်နေရင်း ကျွန်တော့်အဘိုးကို သတိရလာသည်။ ကျွန်တော်ငယ်စဉ်က အဘိုးသည် နေ့လယ်နေ့ခင်းတွင် ရေနွေးကြမ်းတစ်အိုးဖြင့် ဘုရားစေတီအောက်တွင် စာအုပ်တစ်အုပ်ကို ဖတ်နေလေ့ရှိသည်။ အဘိုးသည် စာဖတ်ရာတွင် အသံထွက်ဖတ်လေ့ရှိရာ တချို့အကြောင်းအရာ[...]ကို မှတ်မိခြင်း မရှိသော်လည်း အ[...] ထွက် လေသံကိုမူ နားထဲ စွဲ[...]သည်။ ထိုအထဲတွင် အဘပြော[...] ဘာရောဂါဖြစ်လျှင် မခက်လော [...] ကို ဘယ်လိုလုပ်လျှင် မပျောက်[...] စသည်တို့ ပါသည်။ စာအုပ်စာ[...] ဖိုးကို နားမလည်သေးသည့်အရွယ်[...] အဘိုးဆုံးပါးသွားခဲ့ရာ အဘိုး၏ စာ[...] မှာလည်း တစ်ရွက်စုတ်၊ နှစ်ရွက်[...] ဖြင့် မကြာမီ ပျောက်ကွယ်သွားပါသ[...] တကယ်တော့ သည်စာအုပ်[...] တစ်ချိန်က အခြေခံ လူတန်းစား[...] အားထားရာ အိမ်သုံး ဆေးပညာ[...] သော်လည်း ခေတ်မီ ဆေးဝါးများ [...] ယူလာချိန်တွင် ပျောက်ကွယ်လ[...] ထင်ပါသည်။ ကျွန်တော့်အတွေး[...] သည် အဘဆက်လိုက်သည့် စ[...] သံကြောင့် ပြတ်တောက်သွားပါသ[...]

"အစားအသောက်ကို [...] သောက်တဲ့အခါ ကိုယ်နဲ့ သင့်တဲ့ အ[...] ရှိသလို၊ မသင့်တဲ့ အစာလည်း ရှိ[...] တယ်။ ကိုယ်နဲ့ သင့်တဲ့ အစာမှာ[...] အတိုင်းအဆနဲ့ စားရမယ်။ ကြေ[...] အစာဖြစ်နေရင် ဘယ်လောက်[...] တဲ့ အစာဖြစ်ဖြစ် မစားသင့်ဘူး။ [...] ပြီး ဥတုရာသီနဲ့ ညီညွတ်တဲ့ အစာ[...] ဖို့လည်း လိုအပ်တယ်။ ရောဂ[...] မစားသင့်၊ မစားအပ်တဲ့ အစာမျိ[...] လည်း သိထားရမယ်"

"ဘယ်လိုအစားအသောက်[...] တွေပါလဲ"

"ဒီလို မြို့ကြီးရွာကြီးမဟုတ်[...] ရွာသိမ်ရွာငယ်ကလေးတွေမှာ ဈေး[...] ကန္တာရတွေ မရှိဘူး။ ပတ်ဝန်းကျင်[...] ရနိုင်လောက်တဲ့ အသီးအရွက် အ[...] အဖူးတွေကိုပဲ အဓိကထားပြီး စ[...] ရတာ။ တောရွာဆိုတော့ တစ်ခါ[...] တောနဲ့ ပတ်သက်တဲ့ ငှက်တို့ [...] ကောင်တို့ ရလာတတ်ကြတယ်။ [...]

www.burmeseclassic.com

အခါမှာ ပေါ့ပေါ့ဆဆနဲ့ ဖြစ်သလို ချက်ပြုတ်စားသောက်လိုက်တဲ့အခါ အဆင်ဆင့်ရင် အန္တရာယ်ဖြစ်နိုင်သလို၊ သက်ကိုတောင် ရန်ရှာနိုင်တာတွေ ရှိတယ်"

"ဥပမာတစ်ခုနှစ်ခုလောက် ပြောပြပေးပါဦး"

"တကယ်လို့ ဖျိုင်းအောက် တစ်ကောင်ရလာခဲ့ရင် အိမ်မှာ ရှိနေတဲ့ ဆီနဲ့ မချက်မိဖို့။ ကျေးသားရလာ အခါ ဘူးသီးနဲ့ ရောမချက်မိဖို့၊ သားရလာရင် မှိုနဲ့ ရောမစားမိဖို့၊ ရလာလို့ ကြက်သွန်ဖြူနီ အမွှေး ကြိုင်ထောင်းတဲ့အခါ ချင်းမထည့်မိ ပေါင်းကြီးမွေသားရလာရင် ကြောင် သီးကို အတို့အမြှုပ်မလုပ်ဖို့၊ အမဲ စားကြရင် ရှားစောင်းချဉ် စောင်းချဉ်)နဲ့ ရောမချက်ဖို့ မတ်ပဲ ချက်ရင် မုန်လာဥ မထည့်ဖို့၊ သီးနဲ့ ထမင်းစားပြီး ဒူးရင်းသီး အချိုမတဲမိစေဖို့ ကြက်ဟင်းခါးသီး စားပြီး သွေးတက်လာရင် လျက် စားမိဖို့ စသဖြင့်ပေါ့။ ပြောရမယ် တော့ အများကြီးပါပဲ"

ကျွန်တော်တို့ စကားကောင်းနေ ကျောင်းသားကလေး သုံးယောက် အိတ်ကိုယ်စီဖြင့် ကျောင်းပေါ် လာကြပြီး ထမင်းစားခုံဝိုင်းတစ်ခု တအုပ်၊ ဘောပင်၊ ပေတံ စသည် ထုတ်၍ အသင့်စောင့်နေကြပါ

"အဲဒီကလေးတွေက ဒီနှစ် သိုလ်ဝင်တန်းဖြေကြမယ့်သူတွေ နှစ်က ဒီရွာမှာ နှစ်ယောက်ဖြေ နှစ်ယောက်စလုံး အောင်ရုံမက၊ ယောက်က သင်္ချာဂုဏ်ထူးရ နှစ်ဖြေမယ့် ကလေးသုံးယောက် အဘ အားရတယ်။ အားလုံး ပေါက်အောင်မှာ သေချာတယ်။ ထွက်အောင်တော့ အဘက နည်းနည်းဖိပေးရလိမ့်မယ်"

"ဒီကလေးတွေကို အဘကိုယ်တိုင် စာသင်ပေးနေတာလား။ ဒါနဲ့ အဘ ပြောတော့ သေစာရှင်စာလောက်သာ တတ်တာဆို"

ကျွန်တော် တအံ့တသြဖြင့် မေးလိုက်သည်။

"ဟုတ်တယ်လေ။ ဘွဲ့တွေ တစ်ပုံကြီး ရထားပြီး ပညာတတ် တစ်ယောက်ဖြစ်နိုင်ပေမယ့် နေ့စဉ် နေထိုင် စားသောက်မှုအတွက် ဘယ်စာ(အစားအစာ)ဟာ ဆေးဖြစ်နိုင်ပြီး ဘယ်စာ (အစားအစာ)ဟာ ဘေးဖြစ်နိုင်တယ်ဆိုတဲ့ သေစာရှင်စာကို တတ်သိနားလည်တဲ့သူကျတော့ မရှိသလောက် ရှားတယ်။ ဒါကြောင့် အသက်ကို ရှည်စေတတ်တဲ့ အစာ(ရှင်စာ)နဲ့ အသက်ကို အန္တရာယ်ပေးနိုင်တဲ့ အစာ(သေစာ) လောက် အခြေခံ သိထားတာကို ပြောတာပါ"

"ဟုတ်ကဲ့၊ စိတ်ဝင်စားစရာဖြစ်လို့ ဆက်ပြောပါဦး"

"နောက်ပြီး အစာလည်း ဆေး၊ ဆေးလည်း အစာဆိုတဲ့ စကားရှိတယ်မို့လား။ ကိုယ် နေ့စဉ်စားသောက်နေတဲ့ အစားအသောက်တွေကို ပေါ့ပေါ့တန်တန်မလုပ်ဘဲ သတိနဲ့ ယှဉ်ပြီး ဂရုစိုက်လိုက်ရင် ကိုယ်စားတဲ့ အစားအသောက်ဟာ ဆေးကို စားသလိုဖြစ်ပြီး အသက်ကို ရှည်စေနိုင်တယ်။ တစ်ခါ တန်လျှင် ဆေး၊ လွန်လျှင် ဘေးဆိုတဲ့ စကားအရ ကိုယ်နဲ့ သင့်ရုံတန်ရုံ စားနိုင်ရင် ဆေးဖြစ်လို့ ကျန်းမာနိုင်သလို၊ စားကောင်းတယ်ဆိုပြီး အလွန်အကျွံစားသောက်မိရင် ဘေးဖြစ်ပြီး ရောဂါရတော့တာပဲ။

တကယ်တော့ အဘဟာ တစ်ချိန်က ကျောင်းဆရာကြီးတစ်ယောက်ပါပဲ၊ တိုင်းပြည် မငြိမ်းချမ်းသေးတဲ့ ကာလတစ်ခုမှာ မြေစာပင်အဖြစ်ဆိုးမွေကို ရခဲ့ပြီး ဒုက္ခိတဘဝဖြစ်ခဲ့ရတာပါ။ တစ်ကောင်ကြွက်ဖြင်ခဲ့ပေမယ့် အဘရဲ့ လက်ကျန်ဘဝကို အခြေခံလူတန်းစားတွေရဲ့ လိုအပ်ချက်များအား ဖြည့်စွမ်းပေးဖို့ သန္နိဋ္ဌာန်ချပြီး ဒီရွာကလေးမှာ နေလာခဲ့တာပါ။ ကဲ…ကဲ စကားပြောကောင်းပေမယ့် စာသင်မယ့် ကလေးတွေ စောင့်နေကြလို့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း အဘနဲ့ တွေ့ပြီး ဗဟုသုတတွေ အများကြီး ရလိုက်ပါတယ်။ ကျွန်တော် မပြန်ခင် တစ်ခါလောက် လာပါဦးမယ်"

အဘသည် တုတ်ကောက် (တောင်ဝှေး)ဖြင့် အားယူပြီး ထလိုက်ရာ အဘ၏ လက်ျာဘက် ခြေချောင်းလေးနှစ်ချောင်းပြတ်နေပြီး ခြေတစ်ဖက် မသန်သည်ကို တွေ့လိုက်ရ၍ ကျွန်တော့်ရင်တွင် နင့်ခနဲ ခံစားလိုက်ရပါသည်။ အဘကို ဒုက္ခိတဟူသည့် ဝေါဟာရဖြင့် ကျွန်တော် မသုံးရက်ပါ။ ဒုက္ခိတ၏ အဓိပ္ပာယ်မှာ အများ၏ သနားသဖြင့် အကူညီခံယူရမည့် သဘောဟု ထင်ပါသည်။ အဘက ဒုက္ခိတမဟုတ်။ မသန်စွမ်းသူသာ ဖြစ်ပါသည်၊ လောကဓံကြောင့် ဘဝမသန်ခဲ့သော်လည်း နှလုံးရည်စွမ်းသူဖြစ်ပါသည်။ ကံကြမ္မာကို ရိုးမယ်ဖွဲ့မနေဘဲ အခြေခံ လူတန်းစားများ၏ ပရဟိတ အကျိုးအတွက် ရှိသမျှ ခွန်အားဖြင့် ကြံ့ကြံ့ခိုင်အောင် တောင့်ခံပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူဖြစ်ပါသည်။ ကျွန်တော်သည် ထော့နင်းထော့နင်းဖြင့် တုတ်ကောက်ကို ထောက်၍ ထောက်၍ ကျောင်းသားကလေးများရှိရာ စားပွဲဝိုင်းသို့ သွားနေပုံကို တစ်ချက်မျှ ရပ်ကြည့်လိုက်ပြီး ဆွမ်းစားဆောင်မှ ဆင်းလာခဲ့ပါတော့သည်။

* * *

မြယာခြေ



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် မရောက်တာ ကြာပြီဖြစ်သော မိတ်ဆွေတစ်ဦးဆီသို့ သွားရောက်ခဲ့ပါသည်။ သူသည် စာရေးသူအား လက်ဖက်ရည်၊ မုန့်များနှင့် ညှော်ခံကျွေးမွေးပြီး ဖွေဖွေရာရာ စကားစမြည်ပြောကြရင်း စာရေးသူအား ဂျွန်ရှိ ဆောင်းပါးများ ရေးနေသော စာရေးဆရာမှန်း သိရှိသွားသည့် အလျောက် သူ၏ ကိုယ်တွေ့ ဖြစ်ရပ်မှန်များကို ပြောဆိုပါသည်။

◈◈◈

သူသည် ဘိုကလေးမြို့တွင် မွေးဖွား၍ ဇာတိရပ်မြေ ဘိုကလေးတွင် မိဘများနှင့် နေထိုင်ပြီး အသက် ၄၀ ကျော် ပြီးသည့်နောက်ပိုင်းတွင် အရောင်းအဝယ်ကိစ္စများဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့ နေထိုင်ပါသည်။

တစ်နေ့တွင် အရောင်းအဝယ်ကိစ္စဖြင့် မိတ်ဆွေ သုံးလေးဦးနှင့် ပဲ့ထောင်တစ်စီးဖြင့် ဘိုကလေးမြို့နှင့် အတန်ငယ် ဝေးသော မြစ်ကမ်းရွာလေးတစ်ရွာသို့ သွားရောက်ပါသည်။

ရွာ၏ မြစ်ကမ်းရှိ တံတားတစ်ခုတွင် ပဲ့ထောင်ကို ကြိုးနှင့် ချည်နှောင်၍ အပေါင်းအသင်းများက ပဲ့ထောင်ပေါ်တွင် သူ့ကို အစောင့်ထားခဲ့ကာ ထမင်းထုပ်နှင့် သောက်ရေ



# ထွန်းလွင် (ကြည့်မြင်တိုင်)

## တမလွန်ဘဝရောက်သူကို သက်ညှာသနားပါ

www.burmeseclassic.com

www.burmeseclassic.com

ပေး၍ ညနေစောင်းတွင် ရွာထဲသို့ ထွက်ခွာသွားကြပါသည်။

သူသည် အပေါင်းအသင်းများကို စောင့်ဆိုင်းရင်း ညစာသည်း စားသောက်ပြီးစီးသဖြင့် စိတ်အေးလက်အေးနှင့် မ်ကင်းစင်၍ သာယာသော ညချမ်းတွင် မြစ်တွင်းမှ တိုက်ခတ်နေသော လေညင်းကလေး၏ အေးမြမြ အရသာ ခံစားရင်း ထမင်းဆိပ်ကလည်း တက်နေသည့် တစ်ကြောင်းကြောင့် နတ်စည်းစိမ်ပမာ ခံစားရင်း အိပ်ပျော်သွားသည်။

သူသည် မည်မျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည် သူ၏ ပဲ့ထောင်နံ့ဘေးအား တဖျန်းဖျန်းရိုက်ခတ်သံကြောင့် နိုးလာပါသည်။ လက်နှိပ်ဓာတ်မီးထိုး၍ ကြည့်သော် မည်သို့မျှ ထူးထူးခြားခြား မတွေ့ရသဖြင့် ပြန်အိပ်လိုက်သည်။

သို့သော် တစ်ခဏအကြာတွင် ပဲ့ထောင်ဘေးဘက် တဖျန်းဖျန်းရိုက်ခတ်သံ ကြားရပြန်သည်။ သို့ပါ၍ သူသည် မအိပ်ရဲတော့ဘဲ လက်နှိပ်ဓာတ်မီးဖြင့် ဘေးပတ်ပတ်ကို အဆက်မပြတ် မီးထိုးကြည့်နေသည်တွင် တက်ခေါက်သံကို ကြားရပြန်ပါသည်။ မကြာခဏ တက်ခေါက်သံ ကြားနေရသဖြင့် သူသည် ကြောက်ရွံ့ ထိတ်လန့်လာပါသည်။ ရွတ်ဆိုမိသမျှသော ဂါထာတော်များသည်လည်း များအယွင်းယွင်း ပြောင်းတိပြောင်းပြန် ဖြစ်နေပါသည်။ စဉ်ကြယ်သည်လည်း အမြီးထောင်သည့်အဆင့်မှ လွန်နေပြီဖြစ်သောကြောင့် ညဥ့်နက်နေပြီဟု သိရှိပါသည်။

လူ၏ ကံကြမ္မာသည် အလွန်ပင် ဆန်းကြယ်လှပါသည်။ ဖြစ်ချိန်တန်လျှင် ဖြစ်ပြီး၊ ပျက်ချိန်တန်လျှင် ပျက်စီးသို့ ရောက်ရသည်မှာ ဓမ္မတာသဘောပင် ဖြစ်ပါသည်။ က်နေပြီး လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သည့်အချိန်တွင် ကယ်မည့်သူ မရှိတော့ပြီဟု စိတ်ဓာတ် ကျဆင်း၍ ဆောက်တည်ရာမရ ဖြစ်နေပါသည်။

ထိုအချိန်တွင် ထိန်လင်းသော အောက်လင်းမီးရောင်ကို လိုက်ရပြီး မကြာမီ အတောအတွင်း ငါးဖမ်းလှေတစ်ခု အနီးသို့ ချဉ်းကပ်လာနေသည်ကို သိရှိရကာ၊ ကျယ်သော အသံဖြင့်…

"ဒီတံတားအကြောင်း မသိတဲ့ ဧည့်သည်လှေနဲ့ တူ ဒီတံတားက လူသေတွေကို သယ်ဆောင်ရာမှာ ပြုတဲ့ တံတား။ အထိတ်တလန့် ဘာတွေများ တွေ့သေးလဲ၊ ဘာတွေများ ကြားသေးလဲ"

ဟု သူ့ကို မေးသည်။ သူက…

"သူက ရွာထဲသို့ သွားနေကြသော အပေါင်းအသင်းများ ပါကြောင်း"

ပြောရာ ငါးဖမ်းလှေပေါ် ပါသူများက သူ့အား …

"ရွာထဲသွားတဲ့ အပေါင်းအသင်းတွေ မနက်ကျတော့ လာပြီး သူတို့ဘာသာ သူတို့ ပြန်ကြပါလိမ့်မယ်။ အခု ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ။ သွားလိုတဲ့ နေရာကို လိုက်ပို့ပေးပါ့မယ်"

ဟု ဆိုသည်။

သူသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေရာမှ မည်သို့မည်ပုံ တစ်ဖက်လှေပေါ်သို့ ရောက်ရှိသွားသည်ကိုပင် မသိတော့ပါ။

◈◈◈

မိတ်ဆွေသည် စာရေးသူကို ဆက်လက်၍ သူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို အားပါးတရ ပြောဆိုပါသည်။ သူသည် ဘိုကလေးမှ ရန်ကုန်သို့ အလုပ်ကိစ္စများဖြင့် ပြောင်း၍လာပြီး နှစ်အနည်းငယ်ခန့်တွင် ဖခင်ကြီး ကွယ်လွန်သွားပါသည်။ ၇နှစ်ခန့်ကြာပြီးသည်တွင် မိခင်ကြီး ကွယ်လွန်သွားပါသည်။ မိခင်ကြီး ကွယ်လွန်သွားပြီး ၃နှစ်အကြာတွင် သူ၏ ဇနီးသည်အား သုံးရက်ဆက်တိုက် အိပ်မက်ပေးပါသည်။

သူ၏ ဇနီးသည် မိခင်ကြီးနှင့် အသက်ရှင်စဉ်က တရင်းတနှီးရှိကြပါသည်။ အိပ်မက်ပေးရာတွင် သူ့အတွက် ဘုန်းကြီးကျောင်းတွင် အလှူအတန်းပြုလုပ်ပြီး အမျှပေးဝေရန်ဟု ဆိုပါသည်။ ယခင်က အလှူလုပ်၍ အမျှပေးဝေသည့်အချိန်က သူသည် အပေါင်းအဖော်များဖြင့် မန္တလေးကို ရောက်ရှိနေကြောင်း ပြောပါသည်။ သူ့ကို အမျှပေးဝေလိုပါလျှင် ၇ရက်ခန့် ကြိုတင်၍ ပြောရန်၊ ထို့အပြင် သူတို့ကို အုပ်ချုပ်သော ပုဂ္ဂိုလ်များမှတစ်ဆင့် မှာယူ၊ ခေါ်ယူပေးပါလို့ ပြောဆိုပါသည်။

အဆိုပါ နေ့ရက်သို့ ရောက်ရှိ၍ ဘုန်းကြီးကျောင်းတွင် အလှူပေးသည့်အချိန်၌ သူတို့ ရောက်ရှိနေသည်ကို သိစေရန်အတွက် အပုပ်နံ့များကို စူးစူးဝါးဝါး မခံရပ်နိုင်အောင် ပေးပါသည်။ သူ၏ အမေရောက်ရှိနေပြီကို သိရှိရသည့်အတွက် ဆရာတော် ဦးပဥ္စင်းများနှင့် ဧည့်ပရိသတ်များကပါ အားလုံး အမျှ…အမျှ…အမျှယူပါဟု တစ်ပြိုင်နက် ပေးဝေကြပါသည်။

ထိုနောက်ပိုင်းရက်များတွင် သူ၏ အမေသည် ရေ



www.burmeseclassic.com

www.burmeseclassic.com



ရာဘုံကို ရောက်ရှိနေပြီဖြစ်ကြောင်း ထပ်မံ၍ အိပ်မက်ပေးပါသည်။ မိတ်ဆွေသည် အမေအတွက် စိတ်အေးသွားရပါသည်။

နောက်တစ်နှစ်ခန့်အကြာတွင် ၇နှစ်ကြာပြီဖြစ်သော ကွယ်လွန်သွားသည့် အဖေသည် အိပ်မက်ပေးပါသည်။ ယခင်က အလှူပြုလုပ်၍ ပေးဝေသည့်အမျှကို သူ သာဓုမခေါ်လိုက်ရကြောင်း၊ ထိုအချိန်များတွင် သူသည် ခရီးလွန်နေကြောင်း၊ အပေါင်းအသင်းများနှင့် အလည်လွန်နေကြောင်း သူ့ကို အိပ်မက်ပေးပါသည်။

သူသည် သူ့အမေကိစ္စတွင် အတွေ့အကြုံရှိပြီးသူဖြစ်သည်နှင့်အညီ အထက်ပါနည်းအတိုင်း ဆောင်ရွက်ပါသည်။ ဘုန်းကြီးကျောင်းတွင် အလှူပြုလုပ်သည့်နေ့တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ကုလား ရေမွှေးနံ့များ မွှေးကြိုင်လျက် ရှိပါသည်။

သူ၏ အဖေသည် အသက်ရှင်စဉ်က စူးရှသော ကုလားရေမွှေးအဆီကို ထာဝစဉ် သုံးစွဲသူဖြစ်ပါသည်။ သူသည် သူ၏ အဖေရောက်ရှိနေပြီကို သိရှိလိုက်ပါသည်။ ရေစက်ချ အမျှဝေပြီးသည့်အချိန်တွင် ရေမွှေးနံ့များ ပျောက်ကွယ်သွားပါသည်။ ရက်အနည်းငယ်ခန့် ကြာသည်တွင် သူသည် ကောင်းရာဘုံကို ရောက်ရှိသွားပြီဖြစ်ကြောင်း အိပ်မက်ပေးပါသည်။

နောက်ပိုင်းတွင် ယခုအချိန်ထိ မည်သည့်အိပ်မက်များကိုမှ ပေးခြင်း မရှိတော့ပါ။ သို့ပါ၍ ကွယ်လွန်သွားသော သူများသည် နှစ်ပေါင်း မည်မျှမည်မျှကြာသည် ဖြစ်စေ မကျွတ်မလွတ်ပါက အိပ်မက်ပေးခြင်းများဖြင့် သတိပေး တတ်ပါသည်။ သို့ပါသော်လည်း ချက်ချင်းခေါ်၍ အမျှပေးဝေပါက သူတို့သည် အပေါင်းအသင်းများနှင့် လျှောက်လည်နေသည်က တစ်ကြောင်း၊ သူတို့ကို အုပ်ချုပ်သည့် ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်၊ စေလွှတ်မှုများအရသာလျှင် သွားရောက်နိုင်လေသည်။

မိတ်ဆွေ၏ ထပ်မံ၍ ပြောကြားသည်မှာ သူ၏ ရင်းနှီးသော အသိတစ်ဦး၏ သားသည် နိုင်ငံခြားသင်္ဘောလိုက်စဉ် အမေရိကန်နိုင်ငံတွင် သင်္ဘောကုန်းပတ်ပေါ်မှ ပင်လယ်ထဲသို့ ပြုတ်ကျပြီး သေဆုံးရာ သူတို့ကို အိပ်မက်ပေး၍ အလှူ အတန်းများ ပြုလုပ်ပါက အမျှပေးဝေပါရန် ပြောသည်ဟု ဆိုပါသည်။

◈◈◈

သို့ဖြစ်ပါ၍ မိမိတို့၏ မိဘများ၊ ဆွေမျိုးများ၊ ညီအစ်ကို မောင်နှမများ၊ ချစ်ခင်ရင်းနှီးသောသူများကို ကောင်းရာဘုံ ရောက်စေလို၍ အမျှပေးဝေလိုသော် နေ့စဉ် နံနက်၊ ည ဘုရားရှိခိုးပြီးတိုင်း အမည်တပ်၍ အမျှပေးဝေပါ။ တစ်ခါ သူတို့အတွက် အလှူပေးမည်ဆိုလျှင် ၇ရက်ခန့်အလိုတွင် သူတို့အမည်ကို ခေါ်၍ လာရောက်ရန် ပြောပေးခြင်း၊ သူတို့ကို အုပ်ချုပ်သော ပုဂ္ဂိုလ်များအား တိုင်တည်၍ ပြောကြားပေးခြင်းများကို ပြုမှု ဆောင်ရွက်ပေးခြင်းကြောင့် သူတို့ ကောင်းရာဘုံကို ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်သည် အလျောက် သက်ညှာ သနားခြင်းအမှုကို ဆောင်ရွက်ပေး ရောက်ပါသည်။

* * *

ထွန်းလွင်(ကြည့်မြင်တိုင်)



www.burmeseclassic.com

www.burmeseclassic.com



# အစိုက်များ၍ အခိုက်များရသည်

မျိုးမောင်မောင် (က.ပ.စ)

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ အစရှိသည်ဖြင့် သက်ဆိုင်ရာ အရပ်များတွင် ဂြိုဟ်မင်းများ ကြီးစိုးလျက်ရှိပါသည်။ ထိုထောင့်ဂြိုဟ်အရပ်များ၌ မစိုက်အပ်၊ မရှိအပ်သော သစ်ပင်များကို ရှေးပညာရှိကြီးများက ရှောင်ရန်၊ ဆောင်ရန်အဖြစ် ရေးသားဖော်ပြထားပေသည်။ ရှေးပညာရှိကြီးများ၏ ရေးသားဖော်ပြချက်များကို လေ့လာရှာဖွေ ဖတ်ရှုပါမှလည်း ထိုအကြောင်းအရာများကို သိရှိနားလည်နိုင်မှာဖြစ်ပေသည်။ ကျွန်တော်လည်း ငယ်စဉ်အခါက ထိုဗဟုသုတစာပေများအား လေ့လာဖတ်ရှုမှု အားနည်းပါးသဖြင့် မသိရှိခဲ့ပေ။ မိဘများမှာလည်း ဝန်ထမ်းဖြစ်၍ ပတ်ဝန်းကျင်ဗဟုသုတအတွေ့အကြုံနည်းပါးမှုကြောင့် ကျွန်တော်တို့မှာ ခြား၍ဝေးခဲ့ရပါသည်။

ကျွန်တော် ဝန်ထမ်းဘဝ တစ်ဖန်ပြန်၍ဖြစ်လာသောအခါ ကိုယ့်မိသားစုနှင့် ဝန်ထမ်းအိမ်ရာမှာ နေရပြန်ပါသည်။ ထို့ကြောင့် ရှောင်ရန်၊ ဆောင်ရန်များကို မသိရှိ၊ နားမလည်ခဲ့၍ အမှားများနှင့် ရင်ဆိုင်ရကာ ပြဿနာပေါင်းများစွာနှင့် တွေ့ကြုံဖြေရှင်း ရင်ဆိုင်ခဲ့ရပုံများကို ရေးသားတင်ပြလိုက်ရပါသည်။

◈◈◈

ကျွန်တော် ရန်ကုန်မြို့မှာ တာဝန်ထမ်းဆောင်စဉ်ကာလ ဝန်ထမ်းအိမ်ရာတွင် နေထိုင်ရပါသည်။ ကိုယ့်အိမ်ရာဝင်း ကိုယ် နေထိုင်ရ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ရပါတော့သည်။ ကျွန်တော် စိုက်ပျိုးရမည့် မြေနေရာမှာလည်း အိမ်၏ တောင်ဘက်တွင် ဖြစ်သည်။ ထိုမြေကွက်တွင် ငှက်ပျော၊ သဘော်၊ ဗူး စသည်တို့ စိုက်ပျိုးပါသည်။ အပင်များ ကြီးထွား၍ ငှက်ပျောခိုင်များလည်း ထွက်လာပါသည်။ သဘော်ပင်မှာလည်း အသီးများ ပြွတ်သိပ်စွာ သီးပါသည်။ ဗူးပင်မှာလည်း အပင်သန်၍ စင်လုံးကျွတ်မျှ အသီးအညွန့်များ ဝေဆာနေပါသည်။

နောက်တစ်ဖန် အမှားတစ်ခုဟု ဆိုရပေဦးမည်။ အကြောင်းမှာ ဗူးစင်ဆောက်လုပ်ရန် ဝါးလုံးများ လိုလာပါသဖြင့် ဝါးဝယ်ရပါသည်။ ရန်ကုန်မြို့တွင် ဝါးဈေးကြီးသဖြင့် ကျွန်တော်လည်း ဈေးသက်သာရာ ရှာဝယ်မိပါသည်။ ထိုဝါးများမှာ အသုဘအိမ်မှ ရက်လည်ဆွမ်းသွတ်ပြီး မလျှော်ဖျက်ရာမှ ရသော ဝါးများဖြစ်ပါသည်။ ထိုဝါးများကို ကျွန်တော်လည်း ဈေးသက်သာသည်နှင့် ဝယ်ယူကာ အိမ်၏ တောင်ဘက်တွင် ရှိသော ဗူးပင်အတွက် စင်ဆောက်လိုက်ပါသည်။ ထိုဗူးပင်မှာလည်း တစ်ဟုန်ထိုး ကြီးထွားသန်မာလာပြီး စင်တစ်ခုလုံး ပြည့်သွားပါသည်။ ဗူးသီးများမှာလည်း ခူးဆွတ်မနိုင်အောင် သီးပါသည်။ တစ်ဆင့်ရောင်းစားမည့်သူများကိုလည်း လက်လီလက်ကား ပေးပါသည်။ သူတို့ကိုယ်တိုင် ခူးစေ၍ ပေးသမျှငွေကိုသာ လက်ခံခဲ့ပါသည်။

ကုန်စိမ်းသည်များအားလည်း ဗူးညွန့်များ ဖောက်သည်ပေး၍ ခူးစေပါသည်။ သူတို့စိတ်ကြိုက်ခူး၍ ရှင်းပေးသမျှငွေသာ ယူလိုက်ပါသည်။ ဘေးပတ်ဝန်းကျင် ဝန်ထမ်းများမှလည်း ကျွန်တော့်အား ပြောကြပါသည်။

"ဆရာ့ဗူးပင်က တော်တော်ဖြစ်တာပဲနော်။ ဒါပေမယ့် ဆရာ သတိတော့ ထားပေတော့။ အပင်တစ်ပင်ဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက် ပိုပြီးဖြစ်ထွန်းနေရင် အိမ်ရှိ မိသားစုများကို ခိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကြသည်။ ကျွန်တော်လည်း အတွေ့အကြုံ မရှိ၍ သိပ်ပြီး ဂရုမစိုက်ခဲ့ပါ။

ထိုသို့ပြောကြား သတိပေးခံရပြီးနောက် မကြာသော ကာလအချိန်တွင် သားနှင့် သမီး ကျောင်းမှာ ရန်ဖြစ်၍ ပြဿနာရှင်းရပါတော့သည်။ သို့နှင့်၊ သားနှင့် သမီး ကျောင်း ပြောင်းရခြင်း၊ ဘေးပတ်ဝန်းကျင်မှ လူ့အဖွဲ့အစည်းများနှင့် အဆင်မပြေခြင်း၊ မိသားစု ကျန်းမာရေးချို့ယွင်းလာသဖြင့် ဆေးရုံ ဆေးခန်းသို့ မကြာခဏသွားရခြင်း၊ စီးပွားရေးလုပ်ငန်း ဖြစ်သော စာအုပ်အငှားဆိုင်မှ စာအုပ်များ အခိုးခံရခြင်း စသည့် တစ်ဆင့်ပြီးတစ်ဆင့် အခြေအနေဆိုးလာခဲ့ပါသည်။ ထိုပြဿနာအရှုပ်အထွေး မပြီးသေးခင် ထပ်ဆင့်အပူအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်မိန့် ထွက်လာပါတော့သည်။ ပြောင်းရွှေ့ရမည့် ဒေသမှာလည်း မဲဇာတောင်ခြေအရပ်ဖြစ် သည်။ ဤသို့ဖြင့် ကျွန်တော်လည်း ရန်ကုန်မြေမှ ပြောင်းရွှေ့ ခဲ့ရပါသည်။ ရုတ်တရက် ပြောင်းမိန့်ကျလာ၍ မိသားစုအား ရန်ကုန်တွင် ထားခဲ့ရပါသည်။

ကျွန်တော်လည်း မိသားစုနှင့် ကွဲကွာလာခဲ့ရသော ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်း စသော သောက ဝေဒနာပေါင်းများစွာဖြင့် ပြောင်းရွှေ့ခဲ့ရပြီး တစ်လအကြာမှာ တော့ ကျွန်တော့်မိသားစုနှင့် ပတ်ဝန်းကျင်မိသားစု မ… မလည်ဖြစ်ကာ ရိုက်ပွဲများ ဖြစ်ကြကြောင်း ကြားရပါသ… အမှုဖြစ်၍ တရားရုံးတွင် ရင်ဆိုင်ရသည်အထိ ပြဿနာ… ထွားခဲ့ပေသည်။ ဤသို့ဖြင့် ကျွန်တော်လည်း မိသား… တောင်ခြေဝနန်းရံ မြိုင်ဟေမာန်သို့ အပြီးတိုင် ခေါ်ဆော… လိုက်ရပါတော့သည်။ ထိုအချိန်မှစ၍ အစစအရာရာ အေး… သွားပါသည်။

ထိုဖြစ်ရပ်များနှင့် ပတ်သက်၍ အကြောင်းရှာသေ… အိမ်၏ တောင်အရပ်တွင် ကြာသပတေးနံ အပင်များ မ… အပ်ကြောင်း ရှေးပညာရှိကြီးများ မိန့်ကြားခဲ့သော အ… များနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ အရပ်… မျက်နှာတွင် သူ့အရပ်နှင့် သူ မစိုက်ပျိုးရသော အပင်… ရှိနေပါသည်။ မသိ နားမလည်သောအခါ ပြဿနာ… များစွာ ရင်ဆိုင်ရပါသည်။ မီးလောင်ရာ လေပင့်ဆိုသ… အသုဘအိမ်မှ မဏ္ဍပ်ဝါးများဖြင့် စင်ထိုးမိခြင်းက ပိုဆိုး… ခြင်းဟု ဆိုရပေမည်။

စာရှုသူများ ဗဟုသုတ ရကြ…

* * *

မျိုးမောင်မောင်(က.…


## သားသမီးသောကရောက်နေကြသော မိဘများအတွက်

- မိန်းမခိုးပြေးသွားသောသား (သို့) ခိုးရာလိုက်သွားသောသမီး မိဘအိမ်ကို အမြန်ဆုံး ပြန်လာစေချင်သလား (သို့) မိဘထံကို အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်စေချင်သလား•••••
- အသောက်အစား၊ အပျော်အပါး ကင်းရှင်း (သို့) အရက်အမြန်ဆုံးဖြတ်ပြီး၊ မိဘပြောစကားနားထောင် ပညာကြိုးစား (သို့) အလုပ်ကြိုးစားသူ ဖြစ်လာစေချင်သလား•••••

( ဂမ္ဘီရပညာရပ်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးပါရစေ )

ဆရာကြီးဦးအောင်မြိုင်(ဥပဒေတွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

ယုံကြည်အားကိုးမှသာ လာခဲ့ပါ


www.burmeseclassic.com

www.burmeseclassic.com


(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ ြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် ွလိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ င်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို ဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် ဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ ူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ာင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား** ကို နီးစပ်ရာ မြန်မာဆေး င်များမှာ ဝယ်ယူသောက်လိုက်ပါ. . **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ပြား** ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ်နိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ်တော့်မိတ်ဆွေ **ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး** ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ပေးကုသ နေတာဆိုတော့ အဲဒီ **ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်** ကို သွားပြီး ဆရာနဲ့တိုင်ပင် . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . **မှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့..ဆီးရောဂါမှန် သ င်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ...**"

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**


အမှတ် (၇၄၁)၊ မနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၅၂၃-၄၀၃၇၉


www.burmeseclassic.com

www.burmeseclassic.com

# ယုံးမှိန်းဆီ

အုန်းဖေလးမင်
ဂျာဝင်



"ဘုန်းကျော်လေး⋯အိမ်မှာ ရှိသလားဟေ့"

အိမ်ရှေ့က အသံတစ်သံကို ကြား၍ ကြည့်လိုက်ရာ အရီးလေး (အဖေ၏ ညီမ)သည် အထုပ်လေး တစ်ထုပ်ကို ခေါင်းပေါ်မှာ တင်ပြီး အိမ်ထဲသို့ မျက်မှောင်ကြုတ် ကြည့်ကာ မေးနေသည်ကို တွေ့လိုက်ရ၏။

"ဟုတ်ကဲ့ အရီးလေး၊ ကျွ
ရှိပါတယ်။ ဝင်ခဲ့လေ"

အရီးလေးသည် အထုပ်
ကို ဘေးမှာ ပြောင်းပိုက်ပြီး
ခြေလှမ်း ခပ်မှန်မှန်ဖြင့် ဝင်လာ
ဘုန်းကျော်သည် လှေကား
သွားပြီး အရီးလေးအား ကြို
ထိုင်ခုံတစ်ခုမှာ နေရာချပေးလို

www.burmeseclassic.com

www.burmeseclassic.com

အရီးလေးသည် မျက်နှာမှ ချွေးကို လက်ကိုင်ပုဝါ အဘက်ကလေးဖြင့် သုတ်သင်လိုက်ပြီး သူ သယ်ယူလာသော အထုပ်ကလေးကို မေးထိုးပြကာ ပြောသည်။

"ဘုန်းကျော်လေး... ရန်ကုန်က ပြန်ရောက်နေတယ် ကြားလို့ စားစေချင်တာနဲ့ တို့အမွေဆိုင် အုန်းပင်က အုန်းသီးသုံးလုံးကို ဆွတ်ခိုင်းပြီး ထည့်ယူလာတာ"

"အို... အရီးလေးရယ်၊ အုန်းသီးက အဆန်းလုပ်လို့။ နေရာတိုင်းမှာ ရပါတယ်ဗျာ"

ဟု ပြောပြီး မောင်ဘုန်းကျော်က ခသောကျစွာဖြင့် ရယ်လိုက်၏။

ဤတွင် အရီးလေးသည် မောင်ဘုန်းကျော်၏ မျက်နှာကို ငေးစိုက်ကြည့်နေရင်းက သိသိသာသာ မျက်နှာညှိုးကျသွားပြီး သက်ပြင်းတစ်ချက်ချလိုက်သည်ကို မောင်ဘုန်းကျော် သတိထားလိုက်မိသည်။ သို့သော်လည်း စကားအနေဖြင့်မူ ဘာမျှ မပြောပေ။ ထို့ကြောင့် အကြောင်းတစ်စုံတစ်ရာပင် ရှိနေလေသလားဟု မောင်ဘုန်းကျော် သံသယဝင်မိ၏။ အရီးလေးက ခပ်ငိုင်ငိုင် အမူအရာဖြင့် တအောင့်လေး နေပြီး စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် နောက်အကြောင်းတစ်ခုကို ပြောသည်။

"ဘုန်းကျော်လေး... ရန်ကုန်က ဘုရားတည်၊ ကျောင်းဆောက်ပညာရှင် သွားသင်တာ တတ်လာခဲ့ပြီလား"

"ဟုတ်ကဲ့၊ လုပ်ငန်းစဉ်တွေ အားလုံးကိုတော့ တတ်နေပါပြီ။ ဒါပေမယ့် ဆရာကြီးက လုပ်ငန်းခွဲမပေးသေးလို့ ဆရာအဖြစ်တော့ မလုပ်ရသေးပါဘူး"

ဟု ပြောကာ မောင်ဘုန်းကျော်သည် အိမ်တွင်းထဲသို့ ခပ်သုတ်သုတ်လေး ဝင်သွားပြီး အရီးလေးအတွက် ရန်ကုန်လက်ဆောင်အဖြစ် ဝယ်လာသော ယောဂီဝတ်စုံတစ်စုံနှင့် လိပ်ခွံဘီးတစ်လက်ကို ကမ်းပေးလိုက်ရင်း...

"အမှန်က ဒီလက်ဆောင်ပစ္စည်းလေးတွေကို ကျွန်တော်ကိုယ်တိုင် လာပေးမလို့ပါပဲ။ အခုတော့ အရီးလေးကိုယ်တိုင် ရောက်လာတာနဲ့ အဆင်ပြေသွားပြီ"

"အေး၊ အရီးလေးကလည်း ဘုန်းကျော်လေး ရောက်လာမှာစိုးလို့ ဒီအုန်းသီးတွေကို ဆွတ်ခိုင်းပြီး အခုလို ကိုယ်တိုင်လာပို့တာပါကွယ်"

"ကျွန်တော်ကိုယ်တိုင်လာရင် ဘာဖြစ်လို့လဲ အရီးလေး။ တစ်စုံတစ်ခုများ အခက်အခဲရှိပါသလား"

"အင်း..."

ဟူသော စကားကို အရီးလေးသည် တိုးတိုးမျှ ပြော၏။ ထို့ကြောင့် မောင်ဘုန်းကျော်၏ စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားမိသည်။ ဘာများပါလိမ့်ဟု သိချင်စိတ်လည်း ပြင်းပြလာမိသည်။

"အရီးလေးက ကျွန်တော့်ကို မလာစေချင်ဘူး။ ကျွန်တော်လာရင် တစ်စုံတစ်ခု အခက်အခဲရှိတယ် ဆိုတော့ ဘယ်လိုအခက်အခဲများလဲ။ ကျွန်တော်သိလို့ မရဘူးလား။ ပြောနိုင်ရင်တော့ ပြောပြပါ။ မပြောနိုင်လည်း မပြောပါနဲ့"

အရီးလေးသည် တအောင့်ကြာအောင် စဉ်းစားနေ၏။ ထို့နောက်မှ ပြောသည်။

"အောင်ကြီးနဲ့ အောင်ထူးတို့ ညီအစ်ကိုပေါ့။ သူတို့က အုန်းပင်တွေကို ကြည့်ရှုစောင့်ရှောက်ထားကြတယ် ဆိုပြီး အခြားသူတွေ လာဆွတ်တာကို မနာလိုကြဘူး။ မနာလိုရုံသာမက၊ အခုဆိုရင် အမွေဆိုင်တွေထဲက ဘယ်သူ့ပဲဖြစ်ဖြစ် အုန်းသီးလာဆွတ်ရင် ရန်လုပ်တဲ့အထိတောင် ရှိလာကြတယ်"

မောင်ဘုန်းကျော် သက်မ တစ်ချက်ကို ချလိုက်၏။ အရီးလေး၏ စကားကို နားထောင်ရင်း အတော်လေးလည်း စိတ်ပျက်သွားမိသည်။ မောင်ဘုန်းကျော်၏ ဖခင်မှာ မွေးချင်းလေးယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။ ကျန်သူများမှာ ညီနှစ်ယောက်နှင့် ညီမတစ်ယောက်ဖြစ်သည်။ (အမည်များကိုတော့ အရှုပ်အထွေးကိစ္စတစ်ခုကို တင်ပြနေသည်ဖြစ်၍ မဖော်ပြလိုတော့ပါ။)

မောင်ဘုန်းကျော်၏ ဖခင်က အလွန်အေး၏။ စကားလည်း အလွန်နည်းသည်။ မြင်တိုင်းလည်း လိုက်ပြောလေ့ မရှိပေ။ သည်အရီးလေးလည်း အနေအေးသူဖြစ်သည်။ သူမွေးထားသော သားသမီးသုံးယောက်တို့သည်လည်း သူ့ကဲ့သို့ အနေအေးကြသည်။ မွေးချင်းလေးယောက်ထဲတွင် အငယ်ဆုံးဖြစ်သော ဘထွေးလေးသည် အအေးဆုံးဖြစ်သည်။

ငယ်စဉ်ကပင် အနေကျစ်လျစ်သည်။ အိမ်ထောင်လည်း မပြု။ ယခုဆိုလျှင် ယောဂီဝတ်ပြီး ကိုးပါးသီလကို ရာသက်ပန် စောင့်ထိန်းလျက် သက်သတ်လွတ်စားကာ ဘုရားကြီးနားတွင် တရားဘာဝနာဖြင့် အမြဲနေသည်။ လူစင်စစ်က ရဟန်းတော်တစ်ပါးလို နေခြင်းဖြစ်သည်။

အဆိုးဆုံးမှာ ယခု အရီးလေး ပြောပြနေသော အောင်ကြီးနှင့် အောင်ထူးတို့၏ အဖေဖြစ်သည်။ တစ်မိပေါက် တစ်ယောက်ထွန်းဟူ၍ပင် ဆိုရပေတော့မည်။ ဘိန်း၊ ဖဲ၊ အရက် စုံသည်။ ထစ်ခနဲဆိုလျှင်လည်း တုတ်ဆွဲ၊ ဓားဆွဲ။ ထို့ကြောင့် အတွင်းလောကကိုလည်း အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။


www.burmeseclassic.com

www.burmeseclassic.com

မိဘနှင့် ညီအစ်ကိုမောင်နှမများကို လည်း အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် လုပ်ခဲ့ဖူးသည်။

ယခု အောင်ကြီးနှင့် အောင်ထူး တို့သည်လည်း သူတို့အဖေစိတ်နှင့် တူကြသည်ဟု ဆိုရပေမည်။ သူတို့အဖေ ဆုံးသွားပြီး ၁၀နှစ်ကျော် ကြာပြီးမှ မွေးချင်းထဲတွင် အကြီးဆုံးဖြစ်သော မောင်ဘုန်းကျော်၏ အဖေထံတွင် အမွေလာတောင်းကြသည်။ စင်စစ်တွင် သူတို့အဖေ ရထိုက်သော အမွေအားလုံးကို သူတို့အဖေရှိစဉ်ကပင် မောင်ဘုန်းကျော်၏ အဖေထံတွင် ငွေယူသုံးပြီးဖြစ်သည်။

သည်အကြောင်းကို သူတို့ကိုယ်တိုင်လည်း သိကြပေလိမ့်မည်။ ထို့ကြောင့်ပင် သူတို့အဖေကွယ်လွန်စက လာမပြောဘဲ ၁၀နှစ်ကျော် ကြာပြီးမှ လာပြောကြခြင်းဖြစ်ပေမည်။ မောင်ဘုန်းကျော်၏ အဖေက ညီအစ်ကိုချင်းဖြစ်၍ စာချုပ်မလုပ်သော်လည်း အသိသက်သေ လေးယောက်ထားပြီး ပေးခဲ့၏။ ထို့ကြောင့် အသိသက်သေများကို ခေါ်ယူပြီး ရှင်းပြ၏။ သူတို့အဖေ ငွေယူသုံးသွားပြီးဆိုသည်ကိုလည်း ပြောပြ၏။ သို့သော်လည်း သူတို့ လက်မခံကြပေ။ ထို့ကြောင့် မောင်ဘုန်းကျော်၏ အဖေက စိုက်ပေးလိုက်ရပြန်သည်။

သည်အကြောင်းကို အရီးလေးလည်း သိ၏။ အခြားဆွေမျိုးများလည်း သိကြ၏။ ယခုအခါ သူတို့အဖေရော၊ မောင်ဘုန်းကျော်၏ အဖေပါ ကွယ်လွန်သွားကြပြီဖြစ်သော်လည်း အရီးလေးနှင့် ဘထွေးငယ်တို့ ရှိကြသေးသည်။ ထိုအထဲမှ မပြောလောက်သော ဒီအုန်းပင်လေးပင်ကို အပိုင်စီးလာနေကြပြန်သည်ဟုဆို၍ မောင်ဘုန်းကျော် အတော်လေးပင် စိတ်အနှောင့်အယှက်ဖြစ်သွားရ၏။

စင်စစ်တွင် အုန်းပင်လေးပင် ဟူသည်မှာ သိပ်ပြီး တန်ဖိုးရှိသည်တော့ မဟုတ်။ တစ်ရွာစီလည်း နေကြသောကြောင့် ကြည့်ရှု စောင့်ရှောက်သော သူတို့ညီအစ်ကို စားထိုက်သည်မှာ မှန်၏။ သို့သော်လည်း ဘိုးဘွားတို့အမွေကို အနိုင်အထက် သိမ်းပိုက် စီးနင်းလိုက်ခြင်းသည်ကား လုံးဝ အဆင်ပြေမည် မဟုတ်ပေ။ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ၊ ဘိုးဘွားအမွေကို ခံစားချင်ကြသည်ချည်းသာ ဖြစ်၏။

ထို့ကြောင့် နောင်တွင် ညီအစ်ကိုမောင်နှမချင်းလည်း ရန်မီးမပွားရလေအောင် ယခုအချိန်ကပင် ကြိုတင်ပြီး ပြောဆို ရှင်းလင်းထားရပေလိမ့်မည်။ သည်ကိစ္စကို အရီးလေးသည်လည်း ဝင်ရောက် ရှင်းပေးနိုင်စွမ်းရှိပုံ မရပေ။ ထို့ကြောင့် လူလူတော်စင်ကြီးဖြစ်သော ဘထွေးလေးကိုပင် ပြောဆို တိုင်ပင်ပြီး ရှင်းပေးစေခိုင်းရပေတော့မည်။

"ဒီတော့ အရီးလေး… ဒီကိစ္စကို ဒီအတိုင်းထားလို့တော့ အဆင်ပြေမှာ မဟုတ်ဘူး။ ဒီအုန်းပင်လေးပင်ဟာ တန်ဖိုးအားဖြင့် မပြောပလောက်ပေမယ့် သွေးသားထဲက တစ်ယောက်ယောက်သာ ခရီးကြုံလို့ ဝင်ခူးစားမိရင် ပြဿနာမဖြစ်ဘူးလို့ မပြောနိုင်ဘူးလေ။ ဟိုကောင်တွေ(အောင်ကြီးနှင့် အောင်ထူး)ကလည်း သူတို့အဖေလို စီဆိုးကြသူတွေဆိုတော့ အချင်းချင်း ရန်ဖြစ်ကြရင် မကောင်းဘူးပေါ့။ ဒီတော့ ဒီကိစ္စကို ဘထွေးလေးကလည်း တစ်ခွန်းမှ ဝင်မပြောဘူးလား"

"မပြောဘူးကွဲ့။ ပြောလို့လည်း အဆင်ပြေမယ့် အခြေအနေမှ မရှိတာ။ ဒီတော့ သူတရားနဲ့ သူပဲ အေးအေးနေတယ်"

မောင်ဘုန်းကျော် သက်မတစ်ချက်ချလိုက်၏။ အောင်ကြီးနှင့် အောင်ထူးတို့၏ မတရားသော ဆိုး စိတ်မိုက်တစ်ခုကြောင့် နော ဆက်တွဲ ပြဿနာ မဖြစ်လိုပေ။ သွေ သားထဲမှာလည်း အခြား မဟုတ် တတ်သူများကလည်း ရှိနေကြသ ပြဿနာမတက်ဟု မပြောနိုင်၊ ကြောင့် ဘထွေးလေးဆီသို့ သွား သာ ဆုံးဖြတ်လိုက်လေသည်။

***

ဘထွေးလေး၏ နေရာသည် ငြိမ်းချမ်း၏။ ရွာနှင့် ကျောင်းနှင့် တ ကျော်မျှ ကွာလှမ်းသော တောင်ယ ငယ်၏ တစ်နေရာတွင် ဖြစ်သ စေတီကြီးတစ်ဆူရှိပြီး ပတ်ဝန်း ပရိဝုဏ်တွင်လည်း ကံ့ကော်၊ ခ စံကားပင် စသည်တို့က အုပ်အုပ် ဆိုင်းရှိနေသောကြောင့် အရိပ်အာ လည်း ကောင်း၏။ ငှက်သံ ကျေး တစ်ပါး ဘာမျှမကြားရပေ။

ဘထွေးလေးသည် ချရား အောက်တွင် ဖျာတိုလေးပေါ်၌ ထိ လျက် တရားရှုမှတ်နေ၏။ ငြိမ်းချ ရသကို အပြည့်အဝ ရရှိနေသေ ဘထွေးလေးအား ကြည့်ရသည် ကြည်ညိုဖွယ် ကောင်းလှသည်။ စင်စစ်က ဘဝကို ခြားနားထားလ တောရဆောက်တည်နေသော ရဟ တော်တစ်ပါးနှင့်သာ တူနေလေသည်

မောင်ဘုန်းကျော်သည် ဘထွေ လေး၏ နားသို့ ခြေထောက်ကို နင်းသွားပြီး နောက်နား မနီးမဝေး လက်အောင်ထုပ်ကလေး ရှေ့ ထိုင်စောင့်နေလိုက်၏။ ဘထွေး တရားအလုပ် ပျက်မည်စိုး၍ အသံ ပင် မပြုပေ။ သို့သော်လည်း သ ရှိသော ဘထွေးလေးသည် သိဟ ၏။ တအောင့်အကြာတွင် ဣရိယ ကို ပြင်လိုက်ပြီး နောက်ဘက် လှည့်၍ မကြည့်ပါဘဲလျ…

www.burmeseclassic.com

"ဘုန်းကျော်လေးလား"

ဟု မေးသည်။

"ဟုတ်ကဲ့၊ ဘထွေးလေး"

ဘထွေးလေးသည် ချက်ချင်း ...ားမဆိုသေးဘဲ စေတီတော်ကြီး ...က်သို့ ဦးသုံးကြိမ်ချ၍ လှည့်လာပြီး ... မေးသည်။

"ဘုန်းကျော်လေး ရန်ကုန်က ...ရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့ ဘထွေးလေး၊ သုံး ...က်ရှိပါပြီ"

ဘထွေးလေးသည်ကား တရား ...မားဖြစ်သည့်အလျောက် အလွန် ...ားနည်း၏။ ထိုမျှသာ ပြောသည်။ ...ကြောင့် မောင်ဘုန်းကျော်သည် ...ကုန်လက်ဆောင်ဖြစ်သော မုန့် ...စ်ထုပ်နှင့် ယောဂီပဝါတစ်ထည်ကို ...လှူလိုက်ပြီး လာရင်းအကြောင်းကို ...ားစလိုက်သည်။

"ဘထွေးလေး··· အခု အမွေ ...ဖြစ်တဲ့ အုန်းပင်လေးပင်ကို အောင် ...နဲ့ အောင်ထူးတို့ ညီအစ်ကိုက ...ပိုင်စီးထားကြပြီး၊ လာသမျှ အမွေ ...ိုင်သူတွေကို ရန်တွေ့လွှတ်နေကြ ...ယ်ဆိုတာ ကြားပြီးပြီလား"

"အင်း··· ကြားပြီးပါပြီ"

"ဒီတော့ အဲဒီကိစ္စကြီးကို ...အတိုင်းပဲ ကြည့်ထားကြတော့မှာ ...။ အရီးလေးနဲ့ ဘထွေးလေးတို့ ...သက်ထင်ရှားရှိနေကြတုန်း နည်းနည်း ... မပြောကြတော့ဘူးလား။ နောင် ...ကြီးတွေ တစ်ယောက်မှ မရှိကြတဲ့ ...ာက်မှာ ပြဿနာမဖြစ်ဘူးလို့ မပြော ...ဘူး။ တန်ဖိုးရှိရှိ၊ မရှိရှိ မိဘဘိုးဘွား ... အမွေဆိုတော့လည်း သူသူကိုယ် ...ယ် လိုချင်ကြတာချည်းပါပဲ။ ဒီတော့ ...မြဲတမ်းမဟုတ်တောင် လမ်းကြုံလို့ ...ရည်လေး ဖောက်သောက်မိရုံနဲ့ ...ချင်းချင်း ရန်ဖြစ်ကြတယ် ဆိုရင် ကောင်းပါတော့မလား။ ဒါကြောင့် အခု အရီးလေးနဲ့ ဘထွေးလေးတို့ သက်ရှိထင်ရှားရှိနေကြတုန်း ဒီအကြောင်းကို ပြတ်ပြတ်သားသားဖြစ်အောင် ပြောထားခဲ့စေချင်တယ်။ ဒီအထဲ အရီးလေးက မိန်းမသားမို့လို့ ထားလိုက်ပါ။ ပင်ကိုကလည်း ပျော့စိစိနဲ့၊ ဩဇာညောင်းတယ်ဆိုတာမျိုးလည်း မရှိခဲ့ပါဘူး။ ဒါပေမယ့် ဘထွေးလေးကတော့ ဒီအကြောင်းကို မဖြစ်မနေ ပြောထားခဲ့သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်"

ကြည်လင်နေသော ဘထွေးလေး၏ မျက်နှာသည် သိသိသာသာ ညှိုးကျသွား၏။ ထို့ကြောင့် မောင်ဘုန်းကျော်မှာ ဘထွေးလေးအား သနားမိပြီး အားတုံ့အားနာလည်း ဖြစ်သွားရသည်။ သို့သော်လည်း မိသားစုတို့၏ အရေးကိစ္စမို့ မပြော၍ မဖြစ်တော့။

"ဒီစကားတွေက ငါ့ဆီကိုလည်း မကြာခဏ ရောက်ရောက်လာတယ်ကွဲ့၊ ဒါပေမယ် ဟို မနှူမနပ်နှစ်ယောက်က ပြောလို့ရတာ မဟုတ်ဘူး။ ဒါကြောင့် ငါလည်း ဒီနှစ်ယောက်ကို မပြောချင်တော့ဘူး။ မိဘတွေက စားစေချင်လို့ စိုက်ပျိုးထားခဲ့ကြပေမယ့် ဒီအုန်းပင်လေးပင်ကိုတော့ ဥပေက္ခာပြုလိုက်ရမလို ဖြစ်နေပြီ။ ဒုက္ခ··· ဒုက္ခ"

ဘထွေးလေးသည် အတော်လေးပင် စိတ်မကောင်းဖြစ်သွားရဟန်ရှိ၏။ ကြည်လင်နေသော မျက်နှာသည်ပင် သိသိသာသာကြီး ညှိုးကျသွားလေသည်။ မောင်ဘုန်းကျော်လည်း ဘထွေးလေးအား ကြည့်ပြီး စိတ်မကောင်းဖြစ်လာမိသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ဆက်ပြောရန်ကို မကြိုးစားလိုတော့။ ဘထွေးလေးကိုလည်း အနှောင့်အယှက် မပေးလိုတော့။ မောင်ဘုန်းကျော်သည် စိတ်ကို လျှော့ကာ ပြန်လာခဲ့လေသည်။

◆◆◆

သို့သော်လည်း ထိုနေ့ညနေတွင် ထူးခြားဖြစ်စဉ်ကြီးတစ်ခု ပေါ်ပေါက်လေ၏။ မိုးမရွာ၊ လေမတိုက်ပါဘဲလျက် ထိုအုန်းပင်လေးပင်ကို မိုးကြိုးပစ်သဖြင့် ပျက်စီးသွားလေ၏။ တစ်ပင်နှင့် တစ်ပင်သည် ဆယ်လံကျော်အထိ ကွာသော်လည်း မိုးကြိုးတစ်ချက်ပစ်ရုံဖြင့် လေးပင်လုံး တစ်ပြိုင်တည်း ကျိုးကြေပျက်စီးသွားလေသောကြောင့် အထူးအဆန်း တအံ့တဩလည်း ဖြစ်ကြရသည်။

တချို့က သည်အဖြစ်ကို သဘာဝမှ မိုးလေဝသတို့၏ ဖောက်ပြန်ခြင်းသဘောကြောင့် မိုးကြိုးပစ်ခြင်းဖြစ်သည်၊ မိုးကြိုးပစ်ရာတွင် စက်ကွင်းမိသွားသောကြောင့် ထိုအုန်းပင်လေးပင်ပါသွားသည်ဟု ကိုယ်ထင်ရာ ကောက်ချက်ချ၍ ပြောဆို ဝေဖန်ကြသည်။

မောင်ဘုန်းကျော်သည်ကား ထိုသို့ မယူဆပေ။ သီလသမာဓိနှင့် ပြည့်စုံသော ဘထွေးလေးသည် ညီအစ်ကို မောင်နှမသားချင်းတို့ အနာဂတ်တွင် ရန်မီးမပွားစေရန်အတွက် သူ၏ သီလသမာဓိ တန်ခိုးဖြင့် မိဋ္ဌာန်ပြုပြီး၊ ထိုအုန်းပင်လေးပင်ကို ဖျက်ဆီးလိုက်လေသလားဟု ယူဆမိ၏။

ဘထွေးလေးကို ကိုယ်တိုင်သွားမေးသူလည်း မရှိကြ။ မေး၍လည်း ဘထွေးလေးက ပြောမည်မဟုတ်ပေ။ ထို့ကြောင့် အတတ်မဆိုသာသဖြင့် ထူးဆန်းဖြစ်စဉ်ကြီးတစ်ခုအဖြစ်ဖြင့် မှတ်ယူကြရလေ၏။

ယခု ထိုအဖြစ်သည် နှစ်ပေါင်း ၂၀ကျော်၍ ၃၀နီးလာခဲ့ပြီဖြစ်သော်လည်း ထိုထူးခြားဖြစ်စဉ်ကြီးကိုမူ ပြောဆိုနေကြဆဲပင် ဖြစ်လေ၏။

* * *




www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း ၁၂၀၊ သီရိမင်္ဂလာ သော်ကမြောင် ကျောင်းတိုက်ဆရာတော်

# ဘဒ္ဒန္တဥတ္တရသာရ၏
# မျိုးဆက်သစ် ပရဟိတဂေဟာ မိဘမဲ့ကလေးများ
# ရှင်အပါး (၁၀၀) ရှင်ပြုပွဲ

ဦးခန့်(အင်းစိန်)



မေ့မရနိုင်တဲ့ ဇူလိုင်လတစ်လမှာ စာရေးသူ မွန်ပြည်နယ်ဒေသကြီး၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့ သီရိမင်္ဂလာ သော်ကမြောင်ကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ မျိုးဆက်သစ်လူငယ် ပရဟိတဂေဟာကျောင်းမှာ တတိယအကြိမ်မြောက် ရှင်အပါး(၁၀၀) ရှင်ပြုပွဲ၊ မိဘမဲ့ကလေးများအတွက် လိုအပ်သော ပစ္စည်းလှူဒါန်းပွဲ၊ အလှူငွေပေးအပ်လှူဒါန်းပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဦးအေးသန်း၊ မြတ်ပန်းရဂုံ မိသားစုနှင့် ဆရာနန္ဒာမိုးကြယ်တို့၏ ဖိတ်ခေါ် တိုက်တွန်းမှုကြောင့် ရုံးပိတ်ရက်မှာ လိုက်သွားဖြစ်ခဲ့ပါတယ်။


စာရေးသူနှင့်အတူ ဇာတ်ညွှန်းရေးဆရာ ခရမ်းလူသစ်နှင့် ဆရာ၊ ဆရာမများလည်း လိုက်ပါသလို၊ ဦးမျိုးညွှန့်(A-7 Group)မိသားစုလည်း လှူဒါန်းမှုအစုစုနှင့် တပျော်တပါး လိုက်လံလှူဒါန်းခဲ့ကြပါတယ်။

၂၀-၇-၂၀၁၃ ရက်နေ့၊ နံနက် ၇နာရီ ၁၅မိနစ်မှာ ရန်ကုန်-မော်လမြိုင် အမြန်




www.burmeseclassic.com

www.burmeseclassic.com




...နဲ့ လိုက်ပါခဲ့ရာ နေ့လယ် ၂နာရီတိတိမှာ တောင်စွန်း ...ကို ရောက်ရှိပြီး ဘူတာကနေ သုံးဘီးဆိုင်ကယ် ...လေးနဲ့ သီရိမင်္ဂလာ သော်ကမြောင်ကျောင်းကို ...ရောက်သွားခဲ့ရပါတယ်။

သက်တော် ၆၄နှစ်၊ ဝါတော် ၄၄ ဝါရှိသော မျိုးဆက်သစ်လူငယ် ပရဟိတဂေဟာ(တောင်စွန်း) ဥက္ကဋ္ဌ ဆရာတော် မြို့နယ်(ဘ/က) ကြီးကြပ်ရေးအဖွဲ့ ဘဒ္ဒန္တ ဇောတိကဓဇ၊ မဟာမင်္ဂလာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဉတ္တရသာရ ပဓာန




www.burmeseclassic.com



ဆရာတော်နှင့် ဖူးမြော်တွေ့ဆုံခွင့် ရခဲ့ပါတယ်။


ဆရာတော် ဦးဆောင်နေရတဲ့ သော်ကမြောင်ကျေ
မျိုးဆက်သစ်လူငယ် ပရဟိတဂေဟာသည် နှစ်ပေါင်း
ကျော် ရှိခဲ့ကြောင်း၊ ဆရာတော်၏ရှေ့ဝယ် ကျောင်းထိုင်
အဖြစ် (၁) ဉူးပရမ၊ (၂) ဉူးဥေ ့ယ၊ (၃) ဉူးပညာ
(၄) ဉူးစက္ကိန္ဒ (၁၃၅၃ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ကြော
အဲသည်နောက်မှာ ကျောင်းထိုင်အဖြစ် ၁၃၅၃ခုနှစ်၊ တ
လပြည့်နေ့မှာ တာဝန်ယူခဲ့ကြောင်း၊ အမိမဲ့ အဖမဲ့ မိ
ကလေးလူငယ်ပေါင်း ၂၅၀ဦးကို သူငယ်တန်းမှ ရှစ်
အထိ ပညာသင်ပေးရကြောင်း၊ ကျောင်းသား
ကျောင်းသူ ၁၅၃ ဦး၊ ဆရာမ ၃ဦး၊ ဆရာ ၃ဦး၊ ပြ
ဆရာမ ၁၁ဦးတို့က ဦးဆောင် သင်ကြားပေးနေကြေ
မျိုးဆက်သစ် လူငယ်ပရဟိတဂေဟာကို ၁၉၉၅ ခု
မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးကလေး ၂၆ဦးတို့ဖြင့် စတ
ဘုန်းတော်ကြီးသင် (ပရဟိတ)ပညာရေးကျောင်းအဖြ
လုစ် ပျိုးထောင်ခဲ့ရကြောင်း၊ ၁၂-၁၂-၁၉၉၅ ခု
သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာ
ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ခွင့်ပြုမိန့် ရခဲ့ပါတ

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချ
ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့မှ ပ
အဆင့်ဂေဟာအဖြစ် ၃၁-၄-၂၀၀၁ ခုနှစ်မှာ အသိအမှ




www.burmeseclassic.com

www.burmeseclassic.com



၂၀၀၂ ခုနှစ်မှာ ပြည်ထဲရေးဝန်ကြီးဌာနက အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခွင့်လက်မှတ် (၁၀၄၆)ကို အသိအမှတ်ပြု ထုတ်ပေးခဲ့ကြောင်း၊ ခုနှစ်မှာ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ မူလတန်းလွန်အဆင့်သို့ မြှင့်တင် သင်ကြားခွင့် ပြုခဲ့ပါတယ်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၁ရက်နေ့မှာ ဒုတိယအဆင့် ဂေဟာအဖြစ် တစ်ဆင့်တိုးမြှင့်ပြီး အသိအမှတ်ပြုခံခဲ့ရ




www.burmeseclassic.com



ကြောင်း မိန့်ကြားခဲ့ပါတယ်။ ကေ ၂၀ ကျော်ကျော်ဝန်းကျင်မှာ ၁၂၇၅ ခုနှစ်က တည်ထားကိုးကွယ်ထားတဲ့ ပြည်တော်အေးစေတီ(ဂြိုဟ်ကြီးရှစ်ခွင်)တစ်ဆူဟာ ဆင်တစ်ကောင်ဝပ်ကျောက်တုံးကြီးပေါ်မှာ တည်ထားကိုးကွယ်ထားသလို၊

အုံ့ဩဖွယ်ရာမှာ ကျောက်တုံးကို သေသေချာချာ အ ကြည့်ပါက ကျောက်တုံးရဲ့ဘေးကနေ ကြည့်ရင် ဆင် က တောင်ဘက်၊ နောက်ပိုင်းက မြောက်ဘက်မှာ သဏ္ဍာန်။ နောက်တစ်ဖက်က အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက မြောက်ဘက်၊ နောက်ပိုင်းက တောင်ဘက်မှာ ဆင်တစ်ကောင်ဝပ်နေတဲ့ပုံ ပေါ်နေတဲ့ ကျောက်တုံးကြီးဟာ ရေးနှစ်ပေါင်း ရာကျော်ကတည်းက တောင်ကြီး ပဲ့ပြိုကျ ကျောက်တုံးကြီးလို ရှေးဆရာတော် ခေတ်အဆက်ဆက် မှာဖူးကြောင်း သိခဲ့၊ မြင်ခဲ့ရပါတယ်။

ဆရာတော်ကြီးမှ ဆက်လက်ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ရှစ်တန်းကျောင်းသား-ကျောင်းသူ ၃၆ယောက်၊ ဆမတန်းကျောင်းသား-ကျောင်းသူ ၂၈ ယောက်၊ ဒသမတန်း ကျောင်းသား-ကျောင်းသူ ၂၃ယောက်တို့ကို ပညာသင်ပေး နေကြောင်း၊ တက္ကသိုလ်တက်မည့် ကျောင်းသား-ကျောင်းသူ များကိုလည်း အဝေးသင်တက္ကသိုလ်တက်ခိုင်းရကြောင်း၊ တန်း၊ ဆယ်တန်း ကျောင်းသား-ကျောင်းသူများကိုလည်း ရှင်ထားပေးရကြောင်း၊ ဝမ်းသာစရာတစ်ခုက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဘာသာဂုဏ်ထူး နှစ်ယောက်ရရှိခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း သီရိမင်္ဂလာ သော်ကမြောင်ကျောင်း ဆက်သစ်လှူငယ် ပရဟိတဂေဟာမှ ဆရာမ ၃ယောက်၊ ဆရာ ၃ယောက်၊ ပြင်ပမှ ဆရာမ ၁၁ယောက်တို့က လာ ရောက် ပညာသင်ကြားပေးသော ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးပေးမည်ဟု နိုင်ငံတော်မှ သတင်းကြားရသည့် အတွက် ဝမ်းသာနေရကြောင်း။

ဟိုးလွန်ခဲ့သော သီရိမင်္ဂလာ သော်ကမြောင်ကျောင်း တွင်း၌ ဇာလားသိုက်မှ သိုက်စောင့် ၇ဦး ငါးနှစ်အထိ ရှိကြောင်း၊ လပြည့်လကွယ်တိုင်းတွင် သွားလာလှုပ်ရှားနေကြောင်း၊ ယခုနောက်ပိုင်းတွင် လုံးဝ ပျောက်ကွယ်သွားကြောင်း ဆန်းကြယ်စွာ ကြားသိခဲ့ရတယ်။

သီရိမင်္ဂလာ သော်ကမြောင်မျိုးဆက်သစ်လှူငယ် ပရဟိတဂေဟာတွင် ဂေဟာမှူး ဦးလှအောင်၊ နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒုဥက္ကဋ္ဌ ဦးစိုးတင့်၊ အတွင်းရေးမှူး ဦးမြစိုး၊ ဒုအတွင်းရေးမှူး ဦးစိန်ဝင်း၊ ဘဏ္ဍာရေးမှူး ဦးချစ်စိန်နှင့် အဖွဲ့ဝင်များက ဆရာတော်နှင့်တကွ ပူးပေါင်းဆောင်ရွက်၍ သာသနာပြုနေကြောင်း၊ ဆရာတော်ကြီးမှာလည်း ၂၆-၁၀-၂၀၁၀ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင် သာသနာရေးရာ စာတန်းများ ကြွရောက် သင်ကြားခဲ့ကြောင်း၊ ၂-၄-၂၀၁၁ တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၃-၃-၂၀၁၁ တွင် လာအို၊ ၂၉-၃-၂၀၁၁ တွင် ဗီယက်နမ်နိုင်ငံ၊ ၅-၄-၂၀၁၁ တွင် ထိုင်းနိုင်ငံ၊ ၃၀-၁၁-၂၀၁၁ တွင် အိန္ဒိယနိုင်ငံ၊ ၁၈-၁-၂၀၁၂ တွင် နီပေါနိုင်ငံသို့ ကြွရောက်ခဲ့ကြောင်း၊ ၂၆-၁၀-၂၀၁၀ တွင် အင်ဒိုနီးရှားနိုင်ငံရှိ ရွှေတိဂုံစေတီ အနေကဇာတင်ပွဲသို့ ကြွရောက်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

သီရိမင်္ဂလာ သော်ကမြောင်ကျောင်းဝင်းတွင် ဆင်ကျောက်ဝပ် ကျောက်တောင်ပေါ်တွင် တည်ထားကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com





ထားသော ပြည်တော်အေးစေတီတစ်ဆူ၊ သိမ်ကျောင်းဆောင် တစ်ဆောင်၊ ကျောင်းသား-ကျောင်းသူများ ထမင်းစားဆောင် တစ်ဆောင်၊ စာသင်ဆောင်ခန်းမ၊ ကွန်ပျူတာအခန်း၊ ရုံးခန်း၊ သီရိရတနာခန်းမဆောင် နှစ်ထပ်ဆောင်၊ ရန်ကုန်မြို့ မြတ်

ပန်းရုံ မိသားစုမှ လှူဒါန်းထားသည့် သော်ကမြောင်မျိုး သစ် လူငယ်စာကြည့်တိုက်အဆောင်တစ်ဆောင်၊ အမျိုး အဆောင်၊ အမျိုးသမီးများအဆောင်၊ ရဟန်းသံဃာ သီ သုံးရာအဆောင်များနှင့် ဆောက်လက်စ စာသင်ဆော နှစ်ထပ်ဆောင်ကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ယခုအခါ ဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော် စရိယ ပဓာန နာယက ဓမ္မဒူတ အရှင်ပညာ တပည့်ပီသစွာ သာသနာပြုနေရသည့်အကျိုး ပိုမို တောင့်တခြင်းမှ အမိမဲ့ အဖမဲ့၊ မိဘမဲ့ ကလေးများအ သာသနာအရေး၊ ပညာရေး၊ ဘဝရှေ့ရေးတို့အတွက် တစ်ကြိမ်၊ ဥာတစ်ကြိမ် တာလပေါ်ပေါ်ဟင်းနဲ့သာ ကျွေး ဘဝကနေ အကြိမ်ပေါင်းများစွာ ကျွေးမွေးစောင့်ရှော အောင် အလှူရှင်များကိုလည်း ဝမ်းပန်းတသာ ကြိုဆို စာရေးသူအနေနှင့် သဒ္ဓါရှေ့ထား ဆင့်ပွားရေးသားလိုက် တယ်။

လှူဒါန်းလိုပါက ဖုန်း- ၄၂၀ ၁၆၃၀၃၂၊ ၄၂၀၀ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။

* * *

ဦးစန်း(

(ဓာတ်ပုံရိုက်ပေးသော ဓာတ်ပုံ ကိုနေ(၁၀)ကို ကျေးဇူးတင်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



# ဖားဝတ်ရှိ

မောင်လွန်းမြင့်ဝေအေး
(ပန်းတနော်)

ကျုပ်နာမည်က ညိုမောင်။

နေတဲ့ အရပ်ဒေသက ပန်းတနော်မြို့ရဲ့ အရှေ့ဘက် သုံးမိုင်အကွာက အုတ်ဖိုရွာ။ အလုပ်အကိုင်ကတော့ ဖားရိုက်၊ ငါးဖမ်းနဲ့ မုဆိုးအသေးစားလေးပါ။ ကျုပ်မှာ ဇနီး အိုဖြူရှယ်၊ သားလေး အောင်မျိုးကျော်နဲ့ သမီး အိင်ရွှင်နှင်း ရှယ်ဆိုပြီး မိသားစုလေးဦး ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ဖမ်းလာတဲ့ ငါးတွေ၊ ဖားတွေကို ဇနီးဖြစ်တဲ့ အိဖြူက ရှာထဲ လှည့်ရောင်းပြီး ရလာတဲ့ပိုက်ဆံနဲ့ ဆန်ဆီ ဆားဝယ်ပြီးစားသောက်ကြရတယ်။

သားနှင့် သမီးကတော့ ပန်းတနော်မြို့မှာ ကျောင်းသွားတက်တယ်။ ကျုပ်တို့က စာမတတ်ဘူး။ ကျုပ်သားနှင့် သမီးကိုတော့ ပညာတတ်ကြီး ဖြစ်စေချင်တယ်။ သူတို့ ကျုပ်လို ပင်ပင်ပန်းပန်းနဲ့ ရှာဖွေစားသောက်ရမှာကို မလိုလားဘူး။ မိဘရဲ့ စေတနာပေါ့ဗျာ။

ကဲ - ဒါတွေ ထားပါ။ ကျုပ်အခုပြောမှာက ကျုပ်တို့နယ်တစ်ဝိုက်မှာ နာမည်ကြီး သချိုင်းဖြစ်တဲ့ ဆင်ခေါင်းမှာ ကျုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အိပ်မက်မဟုတ်တဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြမလို့ဗျ။

"ဆင်ခေါင်း"ဆိုတဲ့ အမည်တွင်တာ ကျုပ်တို့ အုတ်ဖိုရွာရယ်၊ အရှေ့ဘက်က ဘုရားပျံရွာရယ်၊ အနောက်ဘက်က ဂုံမင်းရွာရယ်၊ အဲဒီ ရွာသုံးရွာရဲ့ နယ်နိမိတ်ဘောင်အတွင်းမှာ ဆင်ဦးကင်းလိုဖြစ်နေလို့ ဆင်ခေါင်းအမည်ပေးထားတာလို့ လူကြီးများက ပြောကြတယ်ပေါ့ဗျာ။

♦♦♦

အဲဒီညက မိုးလေးက တဖြောက်ဖြောက်နဲ့ ကျနေတယ်။ ကျုပ်လည်း အပျင်းကျူပြီး အိပ်ရာစောစောဝင်လိုက်တယ်။ ကျုပ်အိမ်ခေါင်းရင်းက ငကျော်ကတော့ ဖားရိုက်ဖို့ ခေါ်သေးတယ်။ ကျုပ် အိပ်ချင်ယောင်ဆောင်ပြီး အိပ်နေလိုက်တယ်။ ဒါပေမယ့် ဖားရိုက်တဲ့အသံတွေ ကြားပြီး ကျုပ်လက်တွေ ယားလာတယ်။ ဒါနဲ့ မထူးပါဘူး ဆိုပြီး ကျုပ်ရဲ့ လက်စွဲတော် တုတ်ကို ကိုင်၊ ပလိုင်းကို လွယ်၊ ခမောက်ဆောင်းပြီး မီးလေး မှိတ်တုတ်မှိတ်တုတ်နဲ့ ဖားရိုက်ဖို့ ထွက်လာခဲ့တယ်။ သူများတွေတော့ ဖားအများကြီး ရပြီး ပြန်ကြပြီလားလို့ဆိုတဲ့ အတွေးတောင် ဝင်လိုက်သေးတယ်။ ဝင်ရမှာပေါ့ဗျာ။ ကျုပ်အိပ်ရာဝင်နေတဲ့ အချိန်တုန်းက ဖားရိုက်တဲ့ အသံတွေက ဆူညံနေတာပဲ။ ကျုပ်လည်း ထွက်ရိုက်ရော ဘယ်သူမှ မတွေ့ရတော့ဘူး။

ကျုပ်လည်း ဖားရိုက်ဖို့သာ ထွက်လာတာ၊ တစ်ကောင်မှ မရသေးဘူး။ ညကလည်း တဖြည်းဖြည်းနက်လာပြီ။ ကျုပ်လည်း စိတ်တိုတာလား၊ စိတ်ဆိုးတာလား၊ မကျေနပ်တာလား ဘာမှန်းမသိတော့ဘူး။ ဘယ်သူမှ သွားမရိုက်ရဲတဲ့ ဆင်ခေါင်းကို ကျုပ်သွားရိုက်မယ်ဆိုပြီး ထွက်လာလိုက်တယ်။ ထွက်ခြေကိုက်လာတယ်ဗျ။ လမ်းမှာတင် ဖားငါးကောင်လောက် ရတယ်။ ကျုပ်လည်း လောဘတက်လာပြီး သချိုင်းထဲ ဝင်လိုက်တယ်။ နည်းနည်းတော့ ကြောက်လာသလိုပဲ။ "အို···ယောက်ျားပဲ၊ ဘာကြောက်စရာရှိမှာလဲ" ဆိုပြီး ရှေ့ဆက်တိုးလိုက်တယ်။ ကျုပ်ရှေ့မှာ ဖားတစ်ကောင်က တကွပ်ကွပ်နဲ့ အူမြူးနေသလား အောက်မေ့ရတယ်။ သူ့နောက်မှာ သူ့ဇီဝိန်ကို ချုပ်မယ့် ကျုပ်ရှိနေတယ်ဆိုတာကို မသိဘူးဆိုတဲ့ သဘော။ ကျုပ်လည်း အားရပါးရ ရိုက်ချလိုက်တယ်။

"ဘုတ်"ဆိုတဲ့ အသံကို ကျုပ်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်။ ကျုပ်ဖားကို ကောက်ကိုင်လိုက်တယ်ဆိုရင်ပဲ ဖားက ထွက်ပြေးသွားတယ်။ ကျုပ်က ပြေးရိုက်လိုက်၊ ဖားက ထွက်ပြေးလိုက်နဲ့၊ ကျုပ် ဒေါသထွက်လာတယ်။ နောက်ဆုံး အသေအချာချိန်ပြီး အဆက်မပြတ် ရိုက်ချလိုက်တယ်။ လေးငါးဆယ်ချက်လောက် ဆင့်ရိုက်လို့ ကျုပ်ကြည့်လိုက်တော့ ဖားကိုယ်··· လုံးက ရေအိုးလုံးသာသာလောက် ဖြ··· လာပါလေရော။ တဖြည်းဖြည်းနဲ့ အ··· က ကျုပ်ဘက်ကို လှည့်လာသလိုပြ··· လာတယ်။ ကျုပ်လည်း ကြော··· ကြောက်လန့်လန့်နဲ့ ထွက်ပြေးပြီ··· ဘယ်နေရာမှန်းမသိဘဲ သတိလစ်သွ··· တယ်။

♦♦♦

ကျုပ် သတိရလို့ ကြည့်လိုက်··· တော့ အေးချမ်းတဲ့ မျက်နှာတော်··· ရှာဦး ဆရာတော်ကို ပထမဦးဆုံး ··· မြင်လိုက်ရတယ်။ ဘေးမှာက စိုးရိမ်··· မျက်နှာတွေနဲ့ သားရယ်၊ သမီးရယ်၊ ကျုပ်ဇနီး အိဖြူရယ်။ ကျုပ်ကပဲ ဆရာ··· တော်ကို မေးလျှောက်လိုက်တယ်။

"ဒါ ဘယ်နေရာလဲ ဘုရား"

"ဆရာတော်ရဲ့ ကျောင်းထဲမှာ··· ဒကာ ညိုမောင်၊ ဆရာတော် မနက်··· အစောကြီး ကျောင်းဝန်းထဲမှာ တံမြက်··· စည်းလှဲရင်း လူတစ်ယောက် လဲနေ··· တွေ့လို့ ကြည့်လိုက်တော့ ဒကာ··· ညိုမောင်ဖြစ်နေလို့ ရွာသား လေးငါး··· ကို ခေါ်ပြီး ကျောင်းထဲ ခေါ်လိုက်တာ"

"ဒကာကရော ဘယ်လိုဖြစ်··· တာလဲ"

ကျုပ်လည်း ကြုံတွေ့ခဲ့တဲ့ အဖြစ်··· အပျက်ကို အကျဉ်းချုံး ပြောပြလိုက်··· တယ်။

အဲဒီအချိန်က စလို့ သံယော··· ဖြတ်ပြီး ကျုပ် သာသနာ့ဘောင်ထဲ··· ဝင်လိုက်တယ်။ အခုဆို ကျုပ် ဘုရား··· သားတော်အဖြစ်နဲ့ ၅ဝါကျော်ခဲ့ပြီ··· အဲဒီအဖြစ်အပျက်ကတော့ အိပ်မက်··· မဟုတ်ဘဲ ကျုပ်ကိုယ်တိုင် ကြုံတွေ့··· ရတဲ့ အဖြစ်အပျက်တစ်ခုပေါ့ဗျာ


* * *

မောင်ထွန်းမြင့်အောင်(နိုးဘ···)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂိုဏ်း

## ရွှေမိကျောင်းရုပ်တုရှင်



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းဆရာတဲ့။

သူ့ကို ဒီနာမည်နဲ့ လူသိများပါသည်။ အမှန်တော့ မိကျောင်းဆရာဆိုတာ နယ်လှည့် ဆေးကုဆရာတစ်ဦးဖြစ်ပါသည်။ ဆေးဆရာတွေများစွာအနက် သူသည် အလွန်ထင်ရှားကျော်စောသူဖြစ်သည်။ သူနှင့် တွေ့သည့် ဝေဒနာရှင်တိုင်းလိုလို ရောဂါပျောက်ကင်းသွားသည့်အတွက် ထင်ပေါ် ကျော်ကြားရခြင်း ဖြစ်ပါသည်။ ဆေးကုသနည်းအမျိုးမျိုး တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ရှိသည့်အနက် မိကျောင်းဆရာ ဆေးကုသပုံကလည်း ဆန်းကြယ်သည်။

သူ့မှာ တစ်ထောင်ခန့်ရှိ ရွှေမိကျောင်းရုပ်ထုကလေး ရှိသည်။ ထိုမိကျောင်းရုပ်ကလေးနှင့် ဆေးကုသခြင်းဖြစ်သည်။ သူနဲ့ ဆေးကုသလျှင် သေမည့်ရောဂါဖြစ်၍၊ မည်မျှပင် အော်နေစေကာမူ အအော်ရပ်ပြီး ခေတ္တတော့ သက်သာသွားသည်၊ ထို့နောက် ဒီလူနာဟာ ဆယ်နာရီအတွင်း သေမည်ကို သူ တတ်အပ်ပြောနိုင်သည်။

ရောဂါကြီးကြီးမားမားဖြစ်လျှင် (သို့မဟုတ်) အခြားဆရာများက မကုသနိုင်၍ လက်လွှတ်ပြီဆိုလျှင် မိကျောင်းဆရာကို တွေ့အောင် ရှာပြီး ကုသကြသည်။ သူသည် နယ်လှည့်ဆရာတစ်ဦးဖြစ်၍ သူ့ကို ဖမ်းမိရန်



www.burmeseclassic.com

www.burmeseclassic.com

မလွယ်ကူပေ။ သို့သော်လည်း သူက ဝေးဝေးလံလံတော့ မသွားပေ။ သူနေတာက ပဲခူးမြို့မှာ ဖြစ်သည်။ သို့သော် ပဲခူးနှင့် ပတ်ဝန်းကျင်ရွာများဖြစ်သော သက္ကလ၊ သနပ်ပင်၊ ဘုရားကြီး စသည့် ရွာများသို့ ရောက်နေတတ်သည်။ တစ်ခါတစ်ရံ ပဲခူး-ရွှေမောဓောဘုရားကြီးတွင် ပုတီးစိပ်နေတတ်သကဲ့သို့ ဘုရားကြီးရွာရှိ ဘုရားကြီး၌လည်း ပုတီးစိပ်နေတတ်သည်။

ဤဇာတ်လမ်းမှာ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်ခန့်က အဖြစ်အပျက်ဖြစ်ပါသည်။ ထိုစဉ်က ဤခရီးမှာ နီးပင် နီးသော်လည်း သွားရေးလာရေး လမ်းပန်းခရီးမှာ ဆက်သွယ်ရေး မကောင်းသဖြင့် သွားရလာရ ခက်ခဲလှသည်။ ရောဂါရှိသူများ ရောဂါသည်းသည့်အချိန်တွင် ဆရာနှင့် တွေ့ချင်မှ တွေ့တတ်သည်။ အခြားရွာများသို့ ရောက်နေတတ်သဖြင့် ရွာတစ်ရွာတွင် ပင်တိုင်နေပြီး ဆေးကုသရန် စီစဉ်ပေးသော်လည်း သူက မနေပေ။ ရွာတကာလှည့်ရင်း ဆေးကုခြင်းကိုသာ အစဉ်တစိုက် ပြုလုပ်လေ့ရှိသည်။ သူ ဆေးကုရာတွင် ရောဂါဝေဒနာများမှာ ယူပစ်သလို ပျောက်ကင်းအောင် အဆန်းတကြယ် ကုနိုင်သကဲ့သို့ သူ့ဘဝဖြစ်စဉ်မှာလည်း ဆန်းကြယ်လှပေသည်။

◆◆◆

သူသည် ပဲခူးရိုးမတောင်ခြေရင်းရှိ ဇရပ်လုရွာတွင် မွေးဖွားခဲ့သူဖြစ်သည်။ မိဘနှစ်ပါးက ထိုရွာ၌ လယ် (၁၀)ကေခန့် ပိုင်ဆိုင်ပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ သူ့ကိုလည်း ငယ်စဉ်က တောကျောင်းဘုန်းကြီးထံ၌ အပ်နှံကာ စာပေသင်ကြားစေခဲ့သည်။ ဉာဏ်ထက်သည်ဟုပင် ဆိုရမလား မသိပေ။ ဆရာတော်သင်ကြားပေးသည့် စာများကို အရင်ကတည်းက ရနေသည့်ပမာ ချက်ချင်းတတ်မြောက်ကာ နှုတ်တိုက်ရွရွ ရွတ်ဆိုနိုင်သည်။ ထို့ကြောင့် ဆရာတော်က သူ့ကို "မောင်ဉာဏ်လင်း"ဟု အမည်ပေးခဲ့သည်။ ထို့နောက် ဆရာတော်ထံတွင် ကိုရင်ဝတ်ကာ ဓမ္မစာပေများကို သင်ကြားခဲ့ရာ ပရိတ်ကြီး (၁၁)သုတ်၊ ရတနာရွှေချိုင့် စသည်တို့ကို မျှားမကြာမီ နှုတ်တိုက်ရခဲ့သည်။ ဤသို့ ပျော်ရွှင်စွာ ဓမ္မစာပေများကို ဆက်လက်ဆည်းပူးခဲ့ရာ ပထမငယ်တန်း၊ ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။

ဦးပဉ္ဇင်းဝတ်ရန်အချိန်တွင် သူသည် ထူးဆန်းသော အိပ်မက်တစ်ခုကို မက်ခဲ့သည်။

အိပ်မက်ထဲတွင် ရှေးခေတ်အဝတ်အစားကို ဝတ်ဆင်ထားသော အမျိုးသမီးသည် မိကျောင်းရုပ်ထုကလေးကို ပိုက်လျက် သူ့အနီးသို့ ရောက်ရှိလာပြီး...

"ကိုရင် ဉာဏ၊ ဒီ မိကျောင်းရုပ်ကလေးကို မှတ်မိသေးရဲ့လား ဘုရား"

ဤသို့ဆိုကာ တစ်ထွာခန့်ရှိသော မိကျောင်းရုပ်ကလေးကို လှမ်းပေးလိုက်သည်။ ကိုရင် ဉာဏလည်း သူမ လှမ်းပေးလိုက်သည့် မိကျောင်းရုပ်ကလေးကို လှမ်းယူပြီး သေသေချာချာကြည့်လိုက်ရာ ရွှေဖြင့် သွန်းလောင်းထားပြီး ထုဆစ်ထားသည့် ပုံသဏ္ဌာန်မှာ အလွန်လက်ရာမြောက်ကြောင်း တွေ့ရှိရသည်။ သူသည် ထိုအရုပ်ကလေးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ သူ၏ စိတ်ထဲတွင် ဤမိကျောင်းရုပ်ကလေးကို သိသလို၊ မသိသလို ဝိုးတဝါးဖြစ်နေသည်။ သို့ပေမယ့် ထိုမိကျောင်းရုပ်ထုကလေးသည် သူနှင့် အလွန်ရင်း...
သော သူပိုင် ပစ္စည်းတစ်ခုဖြစ်လိမ့်...
ဟု ထင်မြင်ယူဆမိသည်။

"ဒကာမလေး... ကိုရင်...
သိပ်မမှတ်မိဘူး။ ဒါပေမယ့် အဲဒီ...
ကလေးဟာ ကိုရင်ရဲ့ ပစ္စည်းလို့...
ထင်မိပါတယ်"

"ဟုတ်ပါတယ်။ ဒီ မိကျောင်း...
ကလေးဟာ ကိုရင် ထင်တဲ့အတိုင်း...
ကိုရင့်ရဲ့ ပစ္စည်းပါ"

"ဒါထက် မင်းက ဘယ်သူ..."

"တပည့်တော်မရဲ့ နာမည်...
မြနန်းပုံဖြစ်ပါတယ်။ ဟိုးအရင်...
တုန်းက ကိုရင့်ရဲ့ ချစ်သူပါ"

"ကိုရင့်ရဲ့ ချစ်သူ မြနန်း...
လား။ ဒါနဲ့ ကျုပ်ဆီကို ဘာကြောင့်...
လာတာလဲ"

"အဲဒီ မိကျောင်းရုပ်ကလေး...
လာပြတာပါ။ တကယ်တော့ ကိုရင့်...
ကို ဒီအရုပ်ကလေး ပြန်ပေးဖို့...
ဒါပေမယ့် အချိန်မတန်သေးလို့ ...
မရသေးတာပါ။ အချိန်တန်ရင် ...
ပစ္စည်းလေးဟာ ကိုရင့်ဆီ ရောက်...
မှာပါ။ တပည့်တော်မ အခုလို...
ဟာ နောက်အကြောင်းတစ်ခုရှိ...
တယ်"

"ဘာအကြောင်းလဲ ပြောပါ"

"ပြောရမှာ ခက်ခဲပေမယ့် ...
ဟာ ဘဝတစ်ခုမှာ တောင်းခဲ့တဲ့ ...
သက်ဆိုင်နေလို့ ပြောရမှာ ...
တယ်"

"ပြောပါ ဒကာမလေး"

"ကိုရင် ဉာဏ၊ ရဟန်းမခံ..."

"ဘယ်လို ပြောလိုက်တာ...
ဒကာမလေး"

"ဒါကြောင့် တပည့်တော်...
ရမှာ ခက်ခဲပါတယ်လို့ ...
တယ်"

www.burmeseclassic.com

"နေပါဦး၊ ငါ ရဟန်းခံမယ့်ကိစ္စ မိကျောင်းရုပ်နဲ့ ပတ်သက်နေ ..."

"မှန်ပါတယ် ဘုရား"

"ဒီမှာ ဒကာမလေး၊ ငါဟာ ...လည်း မယူဘူး။ မကြာခင်မှာ ...ဟန်းခံဖို့ အသက်ပြည့်မယ်။ ...က်ပြည့်တာနဲ့ ရဟန်းဝတ်မယ်"

"မဖြစ်ပါဘူး ဘုရား။ ကိုရင်ဟာ ...ဘဝတစ်ခုမှာ ဆုတောင်းခဲ့ပါ... အဲဒီ ဆုတောင်းဟာလည်း ဒီ ...ကျောင်းရုပ်ထုနဲ့ ဆက်နွယ်နေတဲ့ ... တပည့်တော်မ လာရောက် ...ပေးရခြင်းပဲ ဖြစ်ပါတယ်"

"အေးလေ၊ ဘဝအကြောင်းဆို ... ရှိပါစေတော့။ ဒကာမလည်း ...တော့၊ ကိုရင်လည်း စာကျက်ရဦး ..."

"မှန်ပါ ဘုရား"

ဤသို့ပြောပြီး မြနန်းပုံ ဆိုသည့် ...လေးသည် မျက်နှာညှိုးနွမ်းစွာနဲ့ ...ခဲ့သည်။ ဘာကြောင့်မှန်းမသိ၊ ...အလလ ချစ်ရသူကို နှုတ် ... ခွဲခွာရသလို၊ စိတ်ထဲတွင် လွမ်း ...များ ထင်ကျန်နေခဲ့သည်။

"ဟယ်···ဘာကြောင့် လွမ်းဆွေး ...လဲ။ ဒါဟာ တကယ်လည်း ... အိပ်မက်ပဲ။ နောက်ပြီး ငါက ...တ်တဲ့ အချိန်ထိ ဘယ် မာတု ... မချစ်ကြိုက်ခဲ့ဘူး။ ငါ့ရဲ့ ဖြူစင် ...စိတ်ကို ဘာကြောင့် ညစ်နွမ်းစေ ..."

ကိုရင် ဉာဏသည် အိပ်မက်ကို ...ကာ အကြီးတန်းစာများကို ...မှတ်နေခဲ့သည်။ သို့ဖြင့် ရဟန်းခံ ...အရွယ်သို့ ရောက်ရှိလာခဲ့သည်။ ...ခံရန် ရက်သတ်မှတ်ပြီး ရဟန်း ...အချိန်တွင် ကိုရင် ဉာဏ အပြင်းဖျားကာ အိပ်ရာထဲ လဲနေသည်။ တစ်ခါတစ်ရံ သတိလစ်သကဲ့သို့ ဖြစ်သွားခဲ့သည်။ ထိုအချိန်တွင် မြနန်းပုံသည် မိကျောင်းရုပ်ထုကလေးကို ဝိုက်ကာ အဝေးမှ လှမ်းကြည့်နေသည်။

မည်သည့်စကားမှ မပြောသော်လည်း ရဟန်းမဝတ်ရန် တားကြောင်း ကိုရင် ဉာဏ သိနေသည်။

"ငါနဲ့ ဒီ မိကျောင်းရုပ်ထု ဘယ်လိုများ ဆက်စပ်နေပါလိမ့်။ ဒီမိကျောင်းရုပ်နဲ့ ရဟန်းဝတ်တာနဲ့ ဘယ်လိုများ ပတ်သက်နေလို့ တားနေရတာလဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်။ မြနန်းပုံဆိုတဲ့ အမျိုးသမီးကတော့ ငါက ဘဝတစ်ခုမှာ ဆုတောင်းခဲ့တယ်ဆိုပဲ။ ဘာတွေများ ဆုတောင်းခဲ့ပါလိမ့်"

ကိုရင် ဉာဏမှာ ခေါင်းကိုက်ပြီး ခြေလက်တွေပါ မသယ်ချင်အောင် နုံးခွေသည့်ကြားထဲမှ အတွေးတွေနဲ့ ဝင်ရောက် နှောင့်ယှက်နေသည်။

ဆေးဆရာအမျိုးမျိုးနဲ့ ကုသပါသော်လည်း အဖျားရောဂါမှာ ပျောက်သည်မရှိဘဲ တိုးလာသဖြင့် အစာရေစာ မဝင်တော့ဘဲ သေလုမြောမြောအချိန်သို့ ရောက်ရှိလာခဲ့သည်။

နောက်ဆုံး ဆေးကုပေးသည့် ဆေးဆရာမှာ ရိုးရိုးဆေးကုသည့် ဆရာ မဟုတ်ဘဲ အထက်လမ်း ဂန္ဓာရီ ဝိဇ္ဇာ ပညာရပ်ကိုပါ ကျင့်ကြံနေသည့် ပုဂ္ဂိုလ်ဖြစ်၍ သူ၏ အာရုံတွင် ထင်မြင်လာသည့်အပေါ် ကိုရင် ဉာဏ၏ မိဘနှစ်ပါးနှင့်တကွ ကျောင်းထိုင် ဘုန်းကြီးကိုပါ ပြောပြလိုက်သည်။

"အရှင်ဘုရား··· တပည့်တော် အမြင် ပြောရရင် ကိုရင် ဉာဏဟာ ဝိဇ္ဇာမျိုးစေ့ပါသူ ဖြစ်ပါတယ်။ သူဟာ အရင်ဘဝကတည်းက ပါလာတဲ့ ဝိဇ္ဇာ ပညာရပ်နဲ့ ဆေးကုသတဲ့ ဆေးဆရာ ဘဝနဲ့ လူသားတွေကို ကယ်တင်ရလိမ့်မယ်။ ဒါကြောင့် သူ့ကို လူဝတ်လဲပေး စေချင်ပါတယ် ဘုရား"

"ကောင်းပြီလေ၊ ဒကာကြီး ပြောတဲ့အတိုင်း လူဝတ်လဲပေးလိုက်မယ်။ တင်ဦးတို့ ကျင်ဥတို့ရော မင်းတို့ သဘောတူရဲ့လား"

ဟု ကိုရင်၏ မိဘနှစ်ပါးကို မေးမြန်းရာ···

"တူပါတယ် ဘုရား"

ဟု လျှောက်တင်လိုက်ကြသည်။

ထိုသို့ဖြင့် ကိုရင် ဉာဏကို ကျောင်းထိုင်ဆရာတော်က လူဝတ်လဲပေးလိုက်သည်။ လူဝတ်လဲပေးလိုက်သည့် ညနေ၌ပင် အဖျားရောဂါကျသွားပြီး ထ,ထိုင်နိုင်သည်အထိ အခြေအနေ တိုးတက်လာခဲ့သည်။ တဖြည်းဖြည်း အစားအသောက်များပါ စားနိုင်လာပြီး တစ်ပတ်အတွင်း လူကောင်းပကတိ ဖြစ်လာခဲ့သည်။

ထိုအခါ မောင်ဉာဏ ထင်လင်း၏ မိဘနှစ်ပါးက···

"ကဲ - သားလည်း အရွယ်ရောက် လာပြီဆိုတော့ အဖေတို့နဲ့ အတူတူ လယ်လုပ်ကြတာပေါ့"

"ဟုတ်ကဲ့ပါ အဖေ"

ဤသို့ဖြင့် ကိုရင် ဉာဏတစ်ဖြစ်လဲ မောင်ဉာဏထင်လင်းကလေးမှာ မိဘနှင့် ဒိုးတူပေါင်ဖက် လယ်ယာလုပ်ကိုင်ခဲ့သည်။ သူသည် လယ်ယာအလုပ်ကို စိတ်မဝင်စားပေ။ ဓမ္မစာပေများကို သင်အံလိုသည်။ သို့ဖြင့် လယ်ယာလုပ်ကိုင်၍ အားလပ်သည့်အချိန်တွင် တရားဓမ္မများကို ရွတ်ဆိုနေခဲ့သည်။ တစ်နှစ်ခန့် ကြာသည့်တိုင်အောင် ထူးခြားမှု မရှိခဲ့ပေ။

•••

တစ်ခုသော ညနေခင်းတွင်တော့

www.burmeseclassic.com

လယ်ယာလုပ်ငန်းများ လုပ်ကိုင်ပြီး၍ အိမ်သို့ ပြန်မည်ပြုစဉ် ရသေ့တစ်ပါး သူ့ထံသို့ ရောက်ရှိလာသည်။

"ဒကာလေး··· အိမ်ပြန်တော့ မလို့လား"

"တင်ပါ့ ဘုရား"

"ဒကာလေးနာမည်က ဘယ်လို ခေါ်တုန်း"

"မောင်ဉာဏ်လင်းပါ ဘုရား"

"အင်း··· မောင်ဉာဏ်လင်းတဲ့လား။ ဒကာလေးကို အထက်ပုဂ္ဂိုလ်တွေ ခေါ်ခိုင်းလို့။ ဒကာလေး ကျုပ်နဲ့ လိုက်ခဲ့ပေတော့"

မောင်ဉာဏ်လင်းသည် သူ တစ်ခါမျှ မမြင်ဘူးသည့် ရသေ့ကြီး တစ်ပါးက လာခေါ်သဖြင့် အလွယ်တကူ ငြင်းဆန်မည်ဟု စိတ်ကူးရှိသော်လည်း ညှို့ဓာတ်ရှိသည့် ရသေ့ကြီး၏ မျက်လုံးတစ်စုံက စူးစူးစိုက်စိုက်ကြည့်လိုက်သောကြောင့် မည်သို့မျှ မငြင်းဆန်နိုင်ဘဲ ရသေ့ကြီးခေါ်ဆောင်ရာသို့ လိုက်သွားခဲ့ရသည်။

ရသေ့ကြီးနှင့်အတူ သူသည် တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်သွားခဲ့သည်။ နေ့ညမနား ခရီးသွားသော်လည်း ဆာလောင်မွတ်သိပ်ခြင်း အလျဉ်းမရှိသလို၊ မောပန်းခြင်းလည်း မရှိပေ။

နောက်ဆုံးတွင် တောင်ကြီးတစ်တောင်ပေါ်ရှိ ဂူကြီးတစ်ဂူ၏ အပေါက်ဝသို့ ရောက်ရှိလာခဲ့သည်။ ထိုဂူကြီး၏ အပေါက်ဝတွင် ကြီးမားသော ကျောက်တုံးကြီးဖြင့် ပိတ်ထားသည်ကို တွေ့ရှိရသည်။ ရသေ့ကြီးက ထိုကျောက်တုံးကြီးကို လက်တစ်ဖက်ဖြင့် တွန်းလိုက်ရာ ဘေးဘက်သို့ ရွေ့လျားသွားပြီး ကျောက်ဂူကြီး ပွင့်သွားခဲ့သည်။

"ဒကာလေး··· ဒါဟာ ကျုပ်နေ



တဲ့ ဂူကြီးပဲ။ ဒကာလေး ဂူထဲ ဝင်ပြီး အမောအပန်းဖြေပါ"

"တင်ပါ့ ဘုရား"

ဂူကြီးအတွင်းသို့ မောင်ဉာဏ်လင်း ဝင်လိုက်ရာ တစ်ကိုယ်လုံး အေးစိမ့်သွားပြီး အေးချမ်းသော ခံစားမှုကို ရရှိလိုက်သည်။ ဂူကြီးအတွင်း၌ ရွှေရောင်အတိပြီးသော ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရပြီး ရုပ်ပွားတော်ရှေ့တွင် ငှက်ပျောသီးနှင့် ဩဇာသီးများ ကပ်လှူထားသည်ကို တွေ့ရသည်။ ထို့နောက် အတွင်းထဲတွင် ကျောက်ခုတင်တစ်ခုကိုလည်း တွေ့ရသည်။

ရသေ့ကြီးသည် မောင်ဉာဏ်လင်းအား ငှက်ပျောသီးတစ်လုံးနှင့် ဘူးသီးခြောက် ရေဘူးကို လှမ်းပေးသဖြင့် ငှက်ပျောသီးစားပြီး ရေသောက်လိုက်ရာ အလွန်အိပ်ချင်လာသည့်အတွက် ကျောက်ခုတင်ပေါ်၌ အိပ်ပျော်သွားခဲ့သည်။ မည်မျှ အိပ်ပျော်သွားသည် မသိ၊ မောင်ဉာဏ်လင်း နိုးသောအခါ မိုးထိန်ထိန်လင်းနေသည်။

"ဒကာလေး···ထကွဲ့"

"တင်ပါ့ ဘုရား"

"ဟောဟိုက ကျောက်ရေတွင်[illegible] မှာ မျက်နှာသစ်ပြီး ရေချိုးအဝတ်အစ[illegible] လဲခဲ့ပေတော့"

"အရှင်ဘုရား··· တပည့်တေ[illegible] မှာ လဲစရာ အဝတ်အစားမပါ[illegible] ဘုရား"

"ကျောက်ခုံပေါ်မှာ အဝတ်အစ[illegible] တစ်စုံရှိတယ်။ အဲဒါကို ယူဝတ်ပါ"

မောင်ဉာဏ်လင်းလည်း ရ[illegible] ကြီး မိန့်သည့်အတိုင်း ရေချိုးအဝ[illegible] အစားလဲလိုက်သည်။ ရသေ့ကြီး [illegible] သော အဝတ်အစားမှာ အဖြူရောင်[illegible] ၍ မောင်ဉာဏ်လင်းမှာ ဝတ်ပြ[illegible] ကြယ်ဝတ်ပြီး မကြာမီ ဝတ်ဖြူစင်ကြ[illegible] ဝတ် ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာ[illegible] မောင်ဉာဏ်လင်းအား···

"အိမ်း··· မင်းရောက်လာ[illegible] ကိုး။ အဘကတော့ ဘိုးဘိုးကြီးပဲ[illegible] မင်းဟာ တစ်ဘဝက ဓာတ်လုံးတ[illegible] ထိုးခဲ့တယ်ကွဲ့။ ဓာတ်လုံးပေါက်မြေ[illegible] ခါနီးမှာ သေဆုံးသွားလို့ ဓာတ်လုံး[illegible] ဓာတ်သေအဖြစ် ခုံးခန်းတိုင်အော[illegible] မရောက်ခဲ့ဘူးကွဲ့။ ဒီလို မင်း မသေ[illegible] ခင်မှာ ဆုတောင်းတစ်ခုပြုခဲ့ဖူးတ[illegible] မင်းဟာ ဒီဓာတ်သေ ဓာတ်လုံး[illegible] ရောဂါရှိသူအပေါင်းကို ကုသရပါ[illegible] လို့ ဆုတောင်းခဲ့တာ။ ဓာတ်သေ [illegible] လုံး မအောင်မြင်သေးတဲ့အတွ[illegible] နောင်ဘဝမှာ ဆက်ပြီး ဒီဓာတ်လုံး[illegible] ထိုးခွင့်ရပါစေ၊ ဓာတ်လုံး အောင်မြ[illegible] က ရောဂါရှိသူအပေါင်းကို ဆ[illegible] ကုသနိုင်ပါစေလို့ ဆုတောင်းခဲ့တ[illegible] မင်းဟာ အဲဒီဘဝက သေလွန်သွာ[illegible] နှစ်ပေါင်းများစွာကြာမှ လူ[illegible] တစ်ယောက်အဖြစ် ပြန်လည်မွေး[illegible] လာခဲ့တယ်။ အခု အချိန်ကျပြီမို့[illegible] မင်း ဒီဓာတ်လုံးကို ဆက်ထိုး[illegible] လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဘိုးဘိုးကြီး"

ထိုသို့ပြောပြီး အင်္ဂရတ်ထိုးသည့် ...သို့ ခေါ်သွားပြီး မပြီးဆုံးသေးသည့် ...တ်လုံးကို လုံတွင် ထည့်ကာ မည်သို့ ...ည်ပုံ ပြုလုပ်ရမည်ကို သင်ကြားပေး ...သည်။ ထို့နောက် ရက်အတော်ကြာ ...သောအခါ ရသေ့ကြီးကို တာဝန် ...ပြီး ဘိုးဘိုးကြီး ပြန်သွားခဲ့သည်။

ရသေ့ကြီးနှင့် မောင်ဉာဏ်လင်း ...ဦးသည် စိတ်တူလက်တူ အင်္ဂရတ် ...ခဲ့ရာ မည်ရွေ့မည်မျှ ကြာသွားမှန်း ...အောင် ဖြစ်ခဲ့သည်။

တစ်နေ့တွင် အင်္ဂရတ်ထိုးနေစဉ် ...တ်လုံးကလေးမှာ အရောင်များ ဝင်း ...လာပြီး အင်္ဂရတ်ရုံအတွင်း၌ ...ဝိုမြည်ကာ ပျံ့သန်းနေခဲ့သည်။ ထို ...ခါ ရသေ့ကြီးသည် ထိုဓာတ်လုံးကို ...ဖြင့် ဖမ်းပြီး...

"အောင်ပြီ...အောင်ပြီကွ၊ ဒကာ ...ရဲ့"

ဟူ၍ ဝမ်းသာအားရ ပြောလိုက်...

"ဟင်...ဟုတ်လား၊ ဓာတ်လုံး အောင်ပြီလား"

မောင်ဉာဏ်လင်းလည်း အံ့ဩ... မေးလိုက်ရာ...

"အေး၊ ဓာတ်လုံး အောင်ပြီကွဲ့။ ...ဘဝမှာ မင်းရည်ရွယ်ချက်တွေ အောင်ပြီပေါ့ကွာ"

"ဝမ်းသာလိုက်တာ ရှင်ရသေ့ကြီး... ဒါဆို တပည့်တော် အိမ်ပြန်ရတော့ ...ပေါ့"

"အေး၊ ဟုတ်တယ်။ ဒါပေမယ့် ...င်း အိမ်မပြန်ခင် ရှေးအတိတ်ဘဝက အကြောင်းကလေးကို သိသင့်တယ် ကွဲ့"

"တင်ပါ့ ဘုရား"

"မင်းရဲ့ အတိတ်အကြောင်းကို ဒီညမှာ သိရမယ်ကွဲ့"

"တင်ပါ့ ဘုရား"

◆◆◆

ထိုညတွင် ဂူကြီးရှေ့၌ မီးပုံကြီး ဖိုထားသည်။ မီးပုံမှ မီး၏ အလင်းရောင်ကြောင့် ဂူနံရံကြီးမှာလည်း ထိန်လင်းနေသည်။

"ကဲ...ကဲ၊ ဂူနံရံကြီးကို ကြည့်လိုက်စမ်း"

ဟု ပြောကာ ဆေးမှုန့်အနည်းငယ်နှင့် ပက်လိုက်ရာ ဂူနံရံတွင် ရုပ်ရှင်ပြသည့်နှယ် လူပုံများ ပေါ်လာသည်။

ပထဦးဆုံး ပေါ်လာသည့်ပုံမှာ ရှေးခေတ် မင်းညီမင်းသားများ ဝတ်ဆင်ထားသည့် အဝတ်အစားကို ဝတ်ဆင်ထားသည့် မောင်ဉာဏ်လင်းကိုယ်တိုင် ဖြစ်နေသည်။

"ဒါဟာ ကျွန်တော်မဟုတ်လား"

မောင်ဉာဏ်လင်းက ရသေ့ကြီးကို မေးလိုက်ရာ...

"ဟုတ်တယ်ကွဲ့၊ မင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဘဝတစ်ခုမှာ နန်းတွင်းဆေးဆရာကြီးရဲ့ သားတော်တစ်ပါးဖြစ်ခဲ့တယ်။ ဆေးဆရာကြီးဟာ မိဖုရားကြီးကို ဆေးကုပေးတာ မအောင်မြင်လို့ အသတ်ခံခဲ့ရတယ်။ ဒါနဲ့ သားတော်ဟာ မင်းပြစ်မင်းဒဏ် သင့်မှာစိုးလို့ ထွက်ပြေးခဲ့တယ်။ အဲဒီမှာ ရသေ့ကြီးတစ်ပါးနဲ့ တွေ့ပြီး ကာယသိဒ္ဓိပြီးတဲ့ ဓာတ်လုံးထိုးဖို့ အကြံပေးခဲ့တယ်။ အဲဒီသားတော်ဟာ ဓာတ်လုံးထိုးနေတုန်းမှာ အဲဒီရွာကြီးက ပန်းထိမ်ဆရာကြီးရဲ့ သမီးနဲ့ ရည်ငံခဲ့တယ်"

ထိုစကားပြောနေစဉ် ဂူနံရံတွင် ညှိုးငယ်သော မျက်နှာနှင့် မိကျောင်းရုပ်ထုကို ကိုင်ဆောင်ထားသည့် မိန်းမပျိုတစ်ဦး၏ ရုပ်ပုံ ပေါ်လာခဲ့သည်။

"သူ...သူက မြယွန်းပုံ မဟုတ်လား"

မောင်ဉာဏ်လင်းသည် အိပ်မက်ထဲက အမျိုးသမီးနှင့် ထပ်တူညီသည့် ရုပ်ပုံလွှာဖြစ်နေသည့်အတွက် ချက်ချင်းသူ မှတ်မိခဲ့သည်။ ထိုအခါ ရသေ့ကြီးက...

"ဟုတ်တယ်။ သူမက မြယွန်းပုံပဲ။ ပန်းထိမ်ဆရာကြီးရဲ့ သမီးပေါ့"

"ဒါနဲ့ အဲဒီသားတော်က ဘာဖြစ်လို့ ကာယသိဒ္ဓပြီးတဲ့ ဓာတ်လုံးကို ထိုးရတာလဲ"

"ကာယသိဒ္ဓိပြီးတဲ့ ဓာတ်လုံးဟာ ရောဂါမျိုးစုံကို ပျောက်ကင်းရုံမက၊ အသက်လည်း ရှည်စေတယ်။ သားတော်ဟာ သူ့ဖခင် အသတ်ခံခဲ့ရတဲ့အတွက် ဒီကာယသိဒ္ဓိပြီးတဲ့ ဓာတ်လုံးနဲ့ မင်းကြီးကို အသက်ရှည်ပြီး ရောဂါကင်းအောင် လုပ်ပေးမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထိုးတာကွဲ့။ သူ့ချစ်သူကိုလည်း ဒီဓာတ်လုံး မပြီးမြောက်သေးခင် လက်မထပ်ဘူးလို့ ပြောပြီး ဓာတ်လုံးထိုးခဲ့တယ်။ သူ့ချစ်သူကလည်း ဓာတ်လုံးပြီးရင် ဓာတ်လုံးပြီးရင် ဓာတ်လုံးထည့်ဖို့ ရွှေမိကျောင်းရုပ် ထုလုပ်ပြီး စောင့်နေခဲ့တယ်။ ဓာတ်လုံးက ထိုးလို့ မအောင်မြင်ခင်မှာ သားတော်ဟာ သေဆုံးသွားလို့ သူ့ချစ်သူနဲ့ မပေါင်းခဲ့ရဘူး။ မြယွန်းပုံဟာလည်း သူ့ချစ်သူ ဆုံးသွားပြီလို့ ကြားတော့ မိကျောင်းရုပ်ကလေးကို ပိုက်ပြီး ရသေ့ကြီးထံကို ရောက်လာခဲ့တယ်။ သူ့ချစ်သူဟာ တကယ်လို့ လူပြန်ဖြစ်ပြီး ဒီဓာတ်လုံးလေးကို ဆက်ထိုးလို့ အောင်မြင်သွားရင် ဒီ မိကျောင်းရုပ်ထုလေး ပေးဖို့ မှာပြီး ရင်ကွဲနာကျပြီး သေဆုံးသွားခဲ့တယ်"

"အဲဒီအကြောင်းတွေကို ရှင်ရသေ့ကြီးက ဘယ်လိုသိပါ...လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီအကြောင်းတွေကို ဘိုးဘိုးကြီးက ပြောပြတာကွဲ့။ မြယွန်းပုံလည်း အခုထိ မကျွတ်မလွတ်တဲ့ ဘဝမှာ ရှိနေသေးတယ်။ မိကျောင်းရုပ်ထုကလေးကတော့ ဘိုးဘိုးကြီး ပေးသွားလို့ ဘရသေ့ဆီမှာ ရှိတယ်။ မင်းလည်း ဓာတ်လုံးပေါက်မြောက်သွားပြီမို့ မိကျောင်းရုပ်ထုကလေးကို ဘရသေ့ ပေးလိုက်မယ်။ အဲဒီဓာတ်လုံးကို မိကျောင်းရုပ်မှာ ထည့်ထားပြီး ဆေးကုပေါ့ကွယ်။ ဆေးကုလို့ ရတဲ့ ငွေတချို့ကို အလှူအတန်းပြုလုပ်ပြီး မြယွန်းပုံကို အမျှဝေပေးပါကွယ်"

"တင်ပါ့ ဘုရား။ တပည့်တော်ဟာ ဘရသေ့ကြီး မှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ် ဘုရား"

ဤသို့ လျှောက်တင်ပြီးနောက် ဘရသေ့သည် မောင်ဉာဏ်လင်းလေးအား တောင်ခြေအထိ လိုက်ပို့ခဲ့သည်။

◆◆◆

သူ အိမ်ပြန်ရောက်လာသောအခါ မိဘနှစ်ပါးမှာ လွမ်းစွာအံ့သြခြင်းဖြင့် ဖက်၍ ငိုကြွေးလေသည်။

"သားရယ်... မင်းပျောက်သွားလို့ သေပြီထင်ပြီး ဆွမ်းတောင် သွတ်ခဲ့တယ်။ အခုလို မသေဘဲ ပြန်တွေ့ရလို့ အဖေရော၊ အမေပါ အတိုင်းမသိ ပျော်လိုက်တာ သားရယ်"

"ဟုတ်ပါတယ် သားလေးရယ်။ အမေကတော့ ဒီတစ်သက် သားနဲ့ ပြန်မတွေ့ရတော့ဘူးလို့ အောက်မေ့ပြီး ငိုလိုက်ရတာ၊ အခု ၁၀နှစ်တောင် ရှိသွားပြီ"

မိခင်ကြီးက ဤသို့ပြောလိုက်တော့မှ မောင်ဉာဏ်လင်းမှာ လွမ်းစွာ အံ့အားသင့်သွားပြီး...

"ဟင်... သားထွက်သွားတာ ၁၀နှစ်တောင် ရှိပြီလား အမေ"



"ဟုတ်တယ်ကွဲ့"

"သားက တစ်လလောက်ပဲ အောက်မေ့တာ"

"ဖြစ်မှဖြစ်ရလေ သားရယ်။ ဒါနဲ့ သားက ဘယ်တွေ လျှောက်သွားနေတာလဲ"

မိခင်ကြီးက မျက်ရည်စက်လက်နှင့် မေးရာ မောင်ဉာဏ်လင်းမှာ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

မောင်ဉာဏ်လင်း၏ အပြောကြောင့် မိဘနှစ်ပါးစလုံးမှာ ဝမ်းသာအားရဖြစ်ခဲ့ရသည်။ သူသည် ပထမဦးဆုံး သူ့ဖခင်ကြီး၏ ပန်းနာရင်ကျပ်ကို ကုပေးလိုက်ရာ ယူပစ်သလို ပျောက်ကင်းသွားသည်။ ထို့နောက် သူ့မိခင်ကြီး၏ ခေါင်းကိုက်ရောဂါကို ကုပေးရာ ပျောက်ကင်းသွားပြန်သည်။ ထိုနေ့မှစ၍ ရွာထဲရှိ ရောဂါဖြစ်နေသူများကို ဆက်လက်ကုသပေးခဲ့သည်။ သူ ကုသပေးသည့် လူနာများမှာ ရောဂါပျောက်ကင်းသွားသဖြင့် အစက အထင်မကြီး သူများပင် ရောဂါဖြစ်ပါက သူ့ကို ဖိတ်၍ ကုသခဲ့ရာမှအစ တစ်စ ဆေးဆရာအဖြစ် နာမည်ကျော် သည်။

ထိုမှတစ်ဖန် သူသည် ရွာ ထဲတွင် မကတော့ဘဲ ပဲခူးမြို့သို့ ရောက် ဆေးကုသခဲ့သည်။ အ များက လာပင့်သဖြင့် လိုက်ကု နယ်လှည့် ဆေးဆရာကြီးတစ်ဦးဖြ ခဲ့သည်။ သူသည် မိကျောင်းရုပ် ကလေးကို ပိုက်၍ ဆေးကုသ အတွက် "မိကျောင်းဆရာ" ဟု တစ်ရှိန်ထိုး နာမည်ကြီးလာခဲ့သ ပတ်ဝန်းကျင်ရှိ မြို့ရွာများ၌လ မိကျောင်းဆရာဆိုလျှင် မသိသူ သလောက် ထင်ရှားကျော်ကြားခဲ့သ တချို့ကလည်း သူ့ကို "ရွှေမိကျော ရုပ်ထုရှင်"ဟု ခေါ်ကြသည်။

သူသည် ဆေးကုရသည့်ငွေ အလှူအတန်းပြုကာ အိပ်မက်ထဲ မြယွန်းပုံအတွက် ရည်စူးပြီး အ အတန်းပေးဝေခဲ့သည်။ သည်ဘ တော့ မြယွန်းပုံနှင့် တွေ့ဆုံနိုင် အကြောင်းမရှိပေ။ သူမကို မျှော် တမ်းကာ လွမ်းရင်း လူပျိုကြီးဘ နိဂုံးချုပ်ခဲ့သည်။ ဆရာကြီးကို ချစ် သူတွေကတော့...

"နောင်ဘဝအဆက်ဆက် ဆရာကြီးဟာ သူချစ်တဲ့ မြယွန်း ပေါင်းရပါစေ"

လို့ ဆုတောင်းပေးခဲ့ကြပါသည်။

* * *

နိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒပြည့် ငွေဝင်ဂုဏ်တော်(၁၃)ပါး ဂါထာ

ရဲရဲထွန်း (ဟသ်ာတ)

**အရဟံ ဗုဟိ၊ အန္တဇယံ သုဂတံ၊**
**အမိတံ ဝိရဇံ လလိတံ အတုလံ၊**
**စရဏံ တိ၊ ဘဝူ ပသမံ ယမကံ၊**
**သုခဒံ သရဏံ ပဏာမာမိ ဇိနံ။**

အထက်ပါ ပါဠိဂါထာကို ရွတ်ဆိုပြီး အောက်ဖော်ပြ အနက်အဓိပ္ပာယ်နှင့်အတူ ဘုရားရှိခိုး ပူဇော်ရပါမည်။

(၁) အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၂) ဗုဟိ အန္တဇယံ - အတွင်းအပရန်ကို အောင်တော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၃) သုဂတံ - ကောင်းသော စကားကိုသာ ဟောပြောတတ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၄) အမိတံ - မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာ ရှိသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၅) ဝိရဇံ - ကိလေသာ မြူကင်းတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၆) လလိတံ - တင့်တယ် သပ္ပာယ်တော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၇) အတုလံ - အတုမရှိသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၈) စရဏံ - အကျင့်စရဏနှင့် ပြည့်စုံသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၉) တိ ဘဝူပသမံ - ဘုံသုံးပါး၌ ကိလေသာ ငြိမ်းအေးသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၁၀) ယမကံ - ရေ၊ မီးအစုံ တန်ခိုး ပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၁၁) သုခဒံ - ချမ်းသာခြင်းကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၁၂) သရဏံ - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

(၁၃) ဇိနံ - မာန်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။

အထက်ဖော်ပြပါ ဝါးချက် မင်းကျောင်းဆရာတော်ကြီးနှင့် ရသေ့ကြီး ဦးခန္တီတို့၏ "ဆန္ဒပြည့်၊ ငွေဝင်ဂုဏ်တော် ၁၃ပါး" ဘုရားရှိခိုးဂါထာသည် မြတ်စွာဘုရား၏ ဂုဏ်တော် ကိုးပါးမဟုတ်သော်လည်း ထိုဂုဏ်တော်များမှာ မြတ်စွာဘုရား၏ ထင်ရှားသော ဂုဏ်တော်များ ဖြစ်ပါသည်။

အဆိုပါ ဆန္ဒပြည့်၊ ငွေဝင်ဂုဏ်တော် ၁၃ပါး ဂါထာ အစီအရင်သည် ထူးခြားမှုများ ရှိနေသည်။ ရသေ့ကြီး ဦးခန္တီတို့ သာသနာပြုနေချိန် ခေတ်ကာလဆိုးနှင့် တွေ့ကြုံနေရသည်။ သာသနိက အဆောက်အအုံများ ဆောက်လုပ် လှူဒါန်းရာတွင် ငွေကြေးမြောက်မြားစွာ ကုန်ကျနေချိန်လည်း ဖြစ်သည်။ ထိုထူးခြားသော ဂါထာအစီအရင်ကြောင့်လည်း အလှူငွေများ ဝင်လာမစဲ တသဲသဲဖြစ်နိုင်ပါသည်။

သို့ဖြစ်၍ ယခုဖော်ပြသော ဘုရားရှိခိုးဂါထာကို နေ့စဉ်ဝတ်မပျက်ဘဲ ဘုရားရှိခိုးပါက ဆန္ဒပြည့်၊ ငွေဝင်, မဝင်ဆိုသည်မှာ လက်တွေ့ ပူဇော်ကြည့်မှ သိပါလိမ့်မည်။ နောက်ဆုံး ထိုဘုရားဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်ရသော အကျိုးကြောင့် ကောင်းကျိုးချမ်းသာတို့ အချိန်မကြာမီ ရောက်ရှိလာမည်မှာ အမှန်ပင် ဖြစ်ပါသည်။

* * *

ရဲရဲထွန်း(ဟသ်ာတ)

(ထိုဆန္ဒပြည့်၊ ငွေဝင်ဂါထာတော်ကြီးကို လက်ကမ်း ဖြန့်ဝေပေးသော ကောင်းသန့်(ထီလာ)အား ကျေးဇူးတင်ရှိပါသည်)



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီး၌ သူသူငါငါ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ကရုဏာတရားများ ထားကြခြင်းဖြင့် မေတ္တာအကျိုးကို လက်ငင်း ခံစားကြရသည်။

ကိုယ်ချင်းစာတရားကြောင့် လည်းကောင်း၊ ကရုဏာတရားကြောင့်လည်းကောင်း အကျိုးများ ပွားများရရှိကြပါသည်။ မည်သည့်အကျိုးမျှ မရချင်နေပါစေ၊ မေတ္တာတန်ခိုးအား လောလောဆယ် ပွားများခဲ့သူတစ်ဦးအတွက်တော့ ရေလို အေးပြီး၊ ပန်းလို လန်းဆန်းခဲ့ရသည်။

ကျွန်တော်၏ ကလေးဘဝက ဖြစ်စဉ်ကလေးတ
အား ပြန်ပြောင်းသတိရပြီး စာရှုသူထံ ပြန်လည်တင်ပြ
ပါသည်။

♦♦♦

ကျွန်တော် ငယ်စဉ်က ပခုက္ကူမြို့တွင် မိဘမျာ
အတူနေထိုင်ခဲ့ရပါသည်။

ကျွန်တော်၏ ဖခင်ကြီးမှာ ဆန်၊ ပဲ စသည့် သီးနှံ
အား ပွဲရုံဖွင့်ကာ ရောင်းဝယ်ခဲ့ပြီး စာရေးသူ အသက် ၁

# မေတ္တာအကျိုး

မြတ်လင်းသူ (မခုက္ကူ)




www.burmeseclassic.com

www.burmeseclassic.com

ခန့်တွင် ပွဲရုံလုပ်ငန်းပျက်ကာ ပွဲစားဘဝဖြင့် ရပ်တည် အသက်မွေးခဲ့ရပါသည်။

မိခင်ဖြစ်သူမှာ အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်တတ်ခြင်း မရှိပါ။ ဖခင်ကြီး၏ ရှာဖွေရရှိသော ငွေကြေးဖြင့်သာ မိသားစု စားဝတ်နေရေးအတွက် အကြွေးမတင်၊ အဆင်ပြေအောင် အိမ်ထောင်မှုကို ထိန်းသိမ်းနေခဲ့သူဖြစ်သည်။

မိခင်မှာ ကျွန်တော်အပါအဝင် သားသမီးစုစုပေါင်း ယောက်မွေးခဲ့ပါသည်။ ထိုသို့ များပြားလှသော သားသမီးတွေရှိသော်လည်း တိရစ္ဆာန်လေးများကို ချစ်ခင် ကြင်နာသောစိတ်လည်း အလွန်ကြီးမားပါသည်။

ကျွန်တော်တို့ ငယ်စဉ်က နေအိမ်တွင် ယုန်၊ ကြွက်ဖြူ၊ ကြက်တူရွေး၊ ခွေး စသည့် တိရစ္ဆာန်မျိုးစုံ မွေးမြူထားပါသည်။ ထိုတိရစ္ဆာန်လေးများအား မိခင်ကြီးကိုယ်တိုင် အစာကျွေးခြင်း၊ ရေတိုက်ခြင်း စသည့် နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်သည်ကို ကောင်းစွာ မှတ်မိနေခဲ့ပါသည်။

ကျွန်တော်သည်လည်း အမေ၏ ဗီဇနှင့် သွေးကြောင့်ထင်ပါသည်။ တိရစ္ဆာန်လေးများအား ချစ်ခင် ကြင်နာတတ်သောစိတ် ငယ်စဉ်ကပင် ရှိခဲ့သည်။

ကျွန်တော်၏ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သည့် ဝင်းဖေဆိုသူမှာ လောက်လေးခွတစ်လက်ဖြင့် ငှက်ကလေးများအား လိုက်လံ ပစ်ခတ်ခြင်း ပြုတတ်သည်။ ငှက်ကလေးများကို ပစ်ပြီး၊ အထူးသဖြင့် စာကလေး၊ ခိုကလေးများကို ပစ်ခတ်ပြီးပါက အမွေးနုတ်ကာ မီးကင်၊ မီးဖုတ်စားတတ်သူဖြစ်သည်။

ငှက်ကလေးများကို မပစ်ရပါက သစ်ပင်တွင် တွယ်ကပ်နေသော ပုတ်သင်ညို၊ တောက်တဲ့ စသည့် အကောင်လေးများကို ပစ်ခတ်ပြီး သတ်ပါသည်။ ပုတ်သင်ညိုများကိုလည်း လျှော်ကြိုးဖြင့် တွဲလွဲချည်ကာ သွားနေတတ်သည်။

ကျွန်တော်၏ မိခင်ဖြစ်သူမှာ တိရစ္ဆာန်လေးများကို ချစ်ခင်ကြင်နာ သနားတတ်သူဖြစ်၍ ဝင်းဖေအား မပစ်ခတ်ရန် မသတ်ရန် အမြဲဆုံးမပါသည်။ ငှက်ကလေးများကို ပစ်ခတ်ယူဆောင်လာပါက ဆူလွှတ်တတ်သဖြင့် ဝင်းဖေမှာ အိမ်သို့လာပါက လောက်လေးခွကို သိုဝှက်ပြီးမှ လာရဲပါသည်။

ကျွန်တော်နှင့် ဝင်းဖေမှာ မူလတန်းကျောင်းသားဘဝကပင် သူငယ်ချင်းများဖြစ်ကြသည်။ ဆရာကြီး ဦးဘညွန့်၏ ကျောင်းတွင် အတူနေခဲ့ကြသူများဖြစ်သည်။

သို့သော်လည်း စိတ်ချင်းကမူ အဖြူနှင့် အမည်း၊ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင် ဖြစ်ပါတော့သည်။

◆◆◆

ပခုက္ကူမြို့ရှိ ကျွန်တော်တို့နေသောအိမ်မှာ ပေ ၄၀-၅၀ခန့် ကျယ်ဝန်းပါသည်။ နေအိမ်ရှေ့တွင် ပိတောက်ပင်၊ ဘေးတွင် ကုက္ကိုပင်၊ နောက်ဖေးဝန်းအတွင်း၌ ကြီးမားသော မန်ကျည်းပင်ကြီးများ ရှိသဖြင့် သစ်ပင်များနှင့် အုပ်ဆိုင်းနေပါသည်။

ထိုသစ်ပင်ကြီးများပေါ်၌ ညအခါတွင် ဇီးကွက်၊ လင်းဝက် စသည့် ညပျော်ငှက်များ လာရောက်နားလေ့ရှိပါသည်။ ထိုငှက်ကလေးများ၏ တစာစာနှင့် မာဂဓဘာသာစကားပြောနေကြသည့် အသံများကို ညစဉ်ညတိုင်း ကျွန်တော်၏ အိပ်ရာထဲမှ ကြားနေရသည်။ နေ့အချိန်တွင် မသိသာလှသော်လည်း ညပိုင်းအချိန်ခါ၌ ငှက်ကလေးများမှာ ကျွန်တော်၏ အဖော် ဖြစ်ပါသည်။

ထိုငှက်ကလေးများကို ကျွန်တော် မမြင်ရ၊ မတွေ့ရပါသော်လည်း သူတို့၏ အသံမှာ ကျွန်တော်နှင့် ရင်းနှီးပြီးသော ဂီတသံစဉ်များပင် ဖြစ်ပါတော့သည်။

ကျွန်တော်တို့၏ နေအိမ်မှာ ဧရာဝတီမြစ်ကြီးနှင့်လည်း ကိုက် ၃၀၀ ခန့်သာ ကွာဝေးသဖြင့် သားငါးပေါများသော မြစ်ကြီးဧရာဝတီမှာ ငှက်ကလေးများအတွက် ညအချိန်၌ ရှာဖွေစားသောက်ရန် သဘာဝက ဖန်တီးပေးထားသော ရတနာသိုက်ကြီးသဖွယ်ဖြစ်ပါသည်။

ငှက်ကလေးများ၏ ညအချိန် တေးသံများမှာ ကျွန်တော်၏ ငယ်ဘဝက အိပ်ရာဝင် သဘာဝ သံစဉ်တေးများပင် ဖြစ်ပါလေသည်။

◆◆◆

ကျွန်တော်၏ ငယ်ဘဝတွင် ချစ်စရာကောင်းသော ငှက်ကလေးများ ရှိသကဲ့သို့ မုန်းတီးဖွယ်ကောင်းသော ငှက်များလည်း ရှိပါသည်။

ထိုငှက်များကား အခြားမဟုတ်ပါ။ နေ့အချိန် ကောင်းကင်ယံ မိုးထက်၌ တိမ်များနှင့် ထိလုနီးနီး ပျံသန်းနေလေ့ရှိသော စွန်ငှက်ကြီးများပင် ဖြစ်သည်။ စွန်များမှာ သိမ်းငှက်ကြီးများကဲ့သို့ မကြီးမားသော်လည်း အသားစားငှက်များ ဖြစ်ကြပါသည်။ သို့သော်လည်း လင်းတငှက်များကဲ့သို့ အပုပ်ကောင်များကိုတော့ စားလေ့မရှိကြပါ။

ညအချိန် ကျက်စားသော ငှက်ကလေးများထဲတွင် ငှက်ဆိုးဟု ခေါ်ကြသော ဖူးဖူးဝါးဝါးအသံနှင့် အော်မြည်တတ်သောငှက်ကို ကျွန်တော်၏ ကလေးဘဝက မုန်းတီးပြီး ကြောက်ရွံ့ခဲ့ပါသည်။

ကျွန်တော် အထက်တွင် တင်ပြခဲ့သည့် စွန်ငှက်များ


www.burmeseclassic.com

www.burmeseclassic.com

မှာ ကောင်းကင်ယံတွင် ပျံဝဲနေရာမှ မြေပြင်ပေါ်ရှိ သေးငယ်သော အရာအားလုံးကို မြင်နိုင်စွမ်းရှိသည့် မျက်လုံးပိုင်ရှင်များ ဖြစ်ကြပါသည်။

ကျွန်တော်တို့ နေထိုင်ရာ ပခုက္ကူမြို့မှာ မြေလတ်ပိုင်း မြို့ကြီးဖြစ်ပါသည်။ နွေရာသီတွင် ကောင်းကင်မှာ ကြည်လင်နေတတ်သည်။ ပူပြင်းသော ထိုရာသီမျိုးတွင် စွန်ငှက်ကြီးများ ရောက်လာတတ်ပါသည်။

စွန်ငှက်များ၏ ထူးခြားမှုမှာ မြေပြင်တွင် ရှိနေသည့် ကြက်ပေါက်စကလေးများ၊ လယ်ကွင်းအတွင်းမှ ကဏန်းကောင်လေးများနှင့် သစ်ပင်ပေါ်ရှိ ရှဉ့်၊ ကြွက် စသည့် သတ္တဝါလေးများအား ကောင်းကင်ယံတွင် ပျံဝဲနေရာမှ မြင်နိုင်ကြပါသည်။ မြင်သည်နှင့်လည်း တစ်ရှိန်ထိုး လျင်မြန်သည့်အရှိန်ဖြင့် ထိုးစိုက်ကာ မလွတ်စတမ်း သုတ်ချီနိုင်စွမ်းရှိကြသည်။

နွေရာသီတစ်ရက်တွင် ကျွန်တော်သည် နေအိမ်ခြံဝင်း၏ နောက်ဖေးတွင် ဆော့ကစားနေစဉ် ကျွန်တော့်ရှေ့သို့ ကြက်ပေါက်စကလေးတစ်ကောင် ဖုတ်ခနဲ ကျလာပါသည်။ မည်သည့်အမြင့်မှ ကျလာသည် မသိသော်လည်း ကြက်ကလေးမှာ မလှုပ်မယှက်။ ကျွန်တော် ကောင်းကင်အား မော့ကြည့်ရာ စွန်ငှက်များ များစွာပျံဝဲနေကြသည်ကို တွေ့ရပါသည်။

ထူးဆန်းစွာ ကျလာသည့် ကြက်ကလေးမှာ ရက်သားကလေးသာ ရှိပါသေးသည်။ ရွှေဝါရောင် အမွေးနုလေးများဖြင့် အလွန်ချစ်စဖွယ်ကောင်းလှသည်။ ထိုကြက်ပေါက်ကလေးအား ဆန်ကာခုံးကြီးတစ်ခုဖြင့် အုပ်ထားလိုက်ပါသည်။

မူလကပင် တိရစ္ဆာန်လေးများကို ချစ်သည့်အားလျော်စွာ နေ့စဉ် ဆန်ကွဲစေ့လေးများ ကျွေးခြင်း၊ ရေတိုက်ခြင်းဖြင့် ကြက်ကလေးမှာ မသေဘဲ တစ်နေ့တခြား ကြီးပြင်းလာခဲ့ပါသည်။

ကြက်ကလေးအား ခွေး၊ ကြောင်များ၏ အန္တရာယ်မှ ကင်းဝေးစေရန် ကျွန်တော်အိပ်သည့် အခန်းထဲမှာပင် ထားခဲ့သည်။ ကျောင်းမှာ စာသင်နေသော်လည်း ကျွန်တော်၏ စိတ်များက ကြက်ကလေးဆီမှာသာ ရှိနေခဲ့ပါသည်။

ကျွန်တော် ကျောင်းသွားနေချိန်တွင် ကြက်ကလေးအား ဂရုစိုက်ပေးရန် မိခင်ကြီးအား နေ့စဉ်မှာကြားပြီးမှ ကျောင်းသွားပါသည်။ ကျောင်းမှ အိမ်ပြန်ရောက်သည်နှင့် ဆန်ကာခုံးကြီး ဖွင့်ကာ ကြက်ကလေးကို ကြည့်ရပါသည်။ ဤသည်မှာ ကျွန်တော်၏ မမောနိုင်သော နေ့စဉ်အလုပ်တစ်ခုပင် ဖြစ်ပါသည်။

ဤသို့ဖြင့် ကြက်ကလေးမှာ တဖြည်းဖြည်းကြီးထွားလာခဲ့သည်။ မေတ္တာ၊ ကရုဏာအပြည့်အဝထားပြီး ပြုစုခြင်းကြောင့်လား မသိပါ။ မိခင် မရှိရှာတော့သည့် ကြက်ကလေးမှာ ကျွန်တော့်ကို များစွာခင်တွယ်ပါသည်။ ကြက်ကလေးမှာ ကြက်မကလေးဖြစ်သည်။

ကျွန်တော်တို့ အိမ်ခေါင်းရင်းတွင် နေထိုင်သော ဦးကျော်စိန်ဆိုသူတွင် ကြက်ဖကြီးတစ်ကောင်ရှိပါသည်။ ထိုကြက်ဖကြီးသည် ရပ်ကွက်အတွင်း လှည့်လည်သွားလာ ကျက်စားနေတတ်သည်။ အရွယ်ရောက်လာသည့် ကျွန်တော်၏ ကြက်မဒန်းမလေး ရွှေဝါသည်လည်း ဦးကျော်စိန်၏ ကြက်ဖကြီးနှင့် တွေ့ကာ ညားပါလေတော့သည်။

ထိုနေ့မှစပြီး နောက်တစ်နေ့တွင် "ကတော်··ကတော်" ဟူသော အသံလေးပေးကာ ကြက်မလေး ရွှေဝါမှ နေ့စဉ် ကြက်ဥတစ်လုံးကျ အုပါတော့သည်။ ကျွန်တော်၏ မိခင်ကြီးအပါအဝင် တစ်အိမ်သားလုံး ဝမ်းသာနေကြသည်။

ကြက်မလေးအတွက် ထန်းခေါက်တောင်းအဟောင်းကြီးတစ်လုံးကို အဖေက လုပ်ပေးပါသည်။ ထိုတောင်းကြီးထဲမှာ ကောက်ရိုးမျှင်လေးတွေ ခင်းပေးပြီး ဝပ်ကျင်းပြုလုပ်ပေးပါသည်။ ထိုဝပ်ကျင်းထဲမှ ကြက်ဥများကို ကျွန်တော်တို့ မိသားစု မစားကြပါ။

ကြက်ဥလေးများ ၁၁လုံးပြည့်သည့်နေ့တွင် မိခင်စိတ် အပြည့်အဝရှိသည့် ကြက်မလေးမှာ ဝပ်ကျင်း၌ မထစတမ်း ဝပ်ပါတော့သည်။ ရေသောက်၊ အစာစားသည့်အချိန်မှ လွဲ၍ ကျန်သည့်အချိန်မှာ ဝပ်ကျင်းမှာ အမြဲဝပ်နေတတ်သည်။ ခွေး၊ ကြောင်တို့၏ ဘေးမှ ကင်းဝေးစေရန် မပြတ်စောင့်ကြည့်ပေးခဲ့သူက ကျွန်တော်ဖြစ်ပါသည်။

သဘာဝအတိုင်း ရက်ပေါင်း ၂၀ကျော်ပြီး နောက်တစ်နေ့တွင် ကြက်ကလေး ၁၁ကောင် ပေါက်လာပါတော့သည်။ ကျွန်တော့်အတွက် အဖော်လေးများ ဖြစ်ပါသည်။ ထိုကြက်ကလေးများမှတစ်ဆင့်ပြီး တစ်ဆင့် မျိုးဆက်သစ်တွေ ပေါက်ဖွားခဲ့ရာ တစ်နှစ်ကျော်ကာလအတွင်း အိမ်မှာ ကြက်ကလေးများ ၁၅ကောင်မက ဖြစ်လာခဲ့ပါတော့သည်။

တကယ်တော့ စွန်ငှက်ချီရာမှ မသေမပျောက်ဘဲ အသက်ရှင်ကာ မျိုးဆက်တွေ ပွားခဲ့သည့် ကြက်ကလေးသည် ကျွန်တော်နှင့် ဘဝ··ဘဝတွေက ပတ်သက်ဆက်နွှယ်သော ရောက်လာခြင်းဖြစ်ပါတော့သည်ဟု···■

* * *

မြင့်လင်းဆွေ(မနေ...

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတွေလှ ကမ္ဘာမှာ

မောင်လင်း အောင်

### ပင်လယ်ဖျံကြီး၏ ခေတ္တနားခိုရာ

အစွယ်ပါသော ပင်လယ်ဖျံကြီးတစ်ကောင် ရုရှား ...ဘာပ် ရေငုပ်သင်္ဘောတစ်စင်းပါတွင် ခေတ္တခဏ အိပ်စက် ...နားယူနေပုံကို ဓာတ်ပုံဆရာက အမိအရ ရိုက်ကူးထားပုံ



...သည်။ ထိုဖျံကြီးများသည် ဝေလငါးများနည်းတူ အကြီး ...ဆုံးသော ရေနေသတ္တဝါကြီးများ ဖြစ်ကြပြီး ကမ္ဘာ့မြောက် ... မြောက်ဝင်ရိုးဒေသတွင် အများဆုံး တွေ့ရတတ်သည်။

### လမ်းဖြတ်ကူးသူကို လေးစားပါ

၁၉၂၅ ခု၊ ဂျူလိုင်လ၊ အမေရိကန်ပြည်ထောင်စု၊ နယူး ...ခ်မြို့ တစ်နေရာတွင် ဖြစ်သည်။ သူ၏ ကလေးငယ်ကို



ချီ၍ လမ်းဖြတ်ကူးနေသော ကြောင်မလေးတစ်ကောင်ကို ကားများက စိတ်ရှည် သည်းခံစွာ တန်းစီစောင့်နေကြပုံ ဖြစ်သည်။ ယာဉ်ထိန်းရဲကြီးကလည်း ကြောင်မလေး စိတ်အေးလက်အေး လမ်းဖြတ်ကူးနိုင်ရန် ကားများကို တား ထားပေးနေသည်။ အတုယူဖွယ်ရာ စိတ်ဓာတ်များပင်တည်း။


### ရေနေသတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းကြီး

နယူးဇီလန်နိုင်ငံ၊ ကမ်းရိုးတန်းတစ်နေရာတွင် တွေ့ ရှိခဲ့သည့် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ကျောက်ဖြစ် ရုပ်ကြွင်းကြီး (ရေနေသတ္တဝါတစ်ကောင်)ပုံ ဖြစ်ပါသည်။



### မဟာတံတိုင်းကြီး၏ နေဝင်ဆည်းဆာအလှ

ခေတ်သစ် ကမ္ဘာ့အံ့ဖွယ် ခုနစ်သွယ်တွင် တစ်ခုအပါ အဝင်ဖြစ်သော တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီးပေါ်တွင်




www.burmeseclassic.com

www.burmeseclassic.com

ညနေခင်း နေဝင်ဆည်းဆာအလှကို ရင်သပ် ရှုမောဖွယ် တွေ့မြင်ရပုံဖြစ်သည်။

### တာယာဟောင်းများ၏ အသုံးဝင်ပုံ


အသုံးပြု၍ မရနိုင်တော့သော ကားတာယာဟောင်းများကို မလွှင့်ပစ်လိုက်ပါနှင့်ဦး။ ပုံတွင် ပြထားသည့်အတိုင်း



ကားတာယာဟောင်းများဖြင့် ပန်းအိုးများ၊ ဆိုဖာစားပွဲများ၊ အခန်းတွင်း အလှဆင် ပစ္စည်းများနှင့် အိမ်အလှဆင် ပစ္စည်းများအဖြစ် ဖန်တီး အသုံးပြုနိုင်သည်။

### ရွှေ့ပြောင်းနိုင်သော အိမ်ကလေး


လူတိုင်း၏ စိတ်ကူးတွင် အိမ်လှလှလေးတစ်လုံးတော့ ပိုင်ဆိုင်လိုကြမည်ပင်။ ရှုခင်းကောင်းသော အရပ်တွင်



ကိုယ်ပိုင်စိတ်ကြိုက် အိမ်လှလှလေးတစ်လုံးဖြင့် ...
ဆိုလျှင် ဘဝ၏ သုခဘုံလေးဖြစ်မည်မှာ မလွဲပေ။ ...
ချိတ်ဆက်၍ ရွှေ့ပြောင်းသယ်ယူနိုင်သော အိမ်လှ...
နေချင့်စဖွယ် အပြင်အဆင်များကို မြင်တွေ့နိုင်...
မိသားစုအလိုက် (သို့မဟုတ်) သူငယ်ချင်းများနှင့် ...
ထွက်လျှင် အထူးသင့်လျော်ပေသည်။

### ပိုလာဝက်ဝံကြီးအတွက် မွေးနေ့လက်ဆော...

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား...
တိရစ္ဆာန်ရုံရှိ ပိုလာဝက်ဝံကြီး၏ အသက် ၃၀ပြည့် ...
လက်ဆောင်အဖြစ် သူကြိုက်နှစ်သက်စေမည့် နှင်း...




Pike, a 30 year old Polar Bear was gifted 10 to...
snow for his birthday in a California zoo

တန် လက်ဆောင်ပေးခဲ့သည်။ ဝင်ရိုးစွန်းဒေသတွင် ...
ကျက်စားသော ပိုလာဝက်ဝံများသည် အအေးအလွန်...
နှစ်သက်သည်။

### မီးခြစ်ဆံပေါ်ရှိ အနုပညာလက်ရာ

လမ်းဘေးရှိ သာမန် ကျောက်တုံးလေးတစ်တုံး...
လူတို့၏ အမြင်တွင် မည်သို့မျှ အသုံးမဝင်ပေ။ သို့...





www.burmeseclassic.com

www.burmeseclassic.com

သော ကျောက်တုံးလေးများကို ကောက်ယူ၍ ယ်အောင် သေချာ ရေဆေးပြီး ဆေးရောင်လှလှလေး ခြယ်သလိုက်ပါက ပုံတွင် မြင်တွေ့ရသည့်အတိုင်း သော ကျောက်တုံးလေးများအဖြစ် ပြောင်းလဲသွားပြီး တွင် အလှဆင်နိုင်သည်။

## မက်စ်နှင့် သူ၏ ခွေးလေး ကာလို

၁၉၀၀ ပြည့်နှစ်ပိုင်းလောက်က အဖြစ်အပျက်တစ်ခု သည်။


မက်စ်(Max)သည် ရထား မတော်တဆမှုတွင် သူ၏ ခြေထောက်များကို ဆုံးရှုံးခဲ့ရပြီး ဒုက္ခိတ ဖြစ်ခဲ့ရသည်။ ခွေး ကာလို(Carlo)နှင့် တွေ့ခဲ့ပြီး နောက်ပိုင်းတွင်တော့



တစ်ယောက် ခြေထောက်နှစ်ချောင်း အစားပြန်ရခဲ့ သည်။ ခွေးလေး ကာလိုသည် မက်စ် သွားလိုသည့်နေရာ ကို ဘီးတပ်လှည်းလေးဆွဲ၍ မညည်းမညူ လိုက်ပို့ ခဲ့သည်။

## ရှေးအကျဆုံးသားရေ ရှူးဖိနပ်


သိပ္ပံပညာရှင်များ၏ တစ်ညီတစ်ညွတ်တည်း ထောက်ခံ များအရ ပုံတွင် မြင်တွေ့ရသော ဖိနပ်ကို သားရေဖြင့် ထားသည့် ကမ္ဘာ့ရှေးအကျဆုံး ရှူးဖိနပ်အဖြစ်



မှတ်ခဲ့ကြသည်။

## ကျားမကြီးအတွက် ရင်သွေးငယ်လေးများ

ကျားမကြီးတစ်ကောင်သည် သူ၏ ရင်သွေးငယ်လေးများကို မီးဖွားချိန်တွင် အခက်အခဲဖြစ်၍ ဆုံးရှုံးခဲ့ရသည်။ သူ၏ ရင်သွေးငယ်လေးများ သေဆုံးသွားခဲ့ချိန်တွင် မိခင်စိတ်ကြီးမားသော ကျားမကြီးသည် သားသမီးဇောဖြင့် မစားနိုင် မသောက်နိုင်ပင် ဖြစ်ရကာ၊ အိပ်ရာတွင် ဘုံးဘုံးလဲခဲ့ရရာ



သည်။ ထိုအခါ တိရစ္ဆာန်ရုံ ဝန်ထမ်းများသည် ကျားမကြီးအတွက် ရင်သွေးအစားထိုးပေးနိုင်ရန် တိုင်ပင်ခဲ့ကြသည်။ နောက်ဆုံးတွင် ဝက်ပေါက်လေးများကို ကျားအရေခွံ ခြုံပေးကာ ကျားမကြီး၏ သားသမီးများအဖြစ် ဟန်ဆောင်စေခဲ့သည်။ မိခင်မေတ္တာ ကြီးမားသော ကျားမကြီးသည် ကျားရေခွံခြုံထားသော ဝက်ပေါက်လေးများကို သူ၏ သားသမီးများဟုပင် အမှတ်ရှိကာ နို့ချိုတိုက်ကျွေး၍ မွေးမြူစောင့်ရှောက်ပေးထားသည်။ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား၊ မိခင်မေတ္တာစိတ်မှာ ကြီးမားလှသည်။

## ဦးခေါင်းနှစ်လုံးနှင့် ကလေးငယ်

အီဂျစ်နိုင်ငံတွင် ကလေးငယ်တစ်ဦးသည် ဦးခေါင်းနှစ်လုံးနှင့် မွေးဖွားလာခဲ့သည်ဟု သတင်းကြီးခဲ့သည်။ အမှန်






www.burmeseclassic.com

www.burmeseclassic.com

တကယ်မှာ ဦးခေါင်းနှစ်လုံးရှိနေခြင်း မဟုတ်ဘဲ သူမ၏ ခေါင်းချင်းဆက် အမြွှာညီအစ်မမှာ မွေးရာပါ ဗီဇချို့ယွင်းမှု ကြောင့် ဆက်လက်ကြီးထွားခြင်း မရှိတော့ဘဲ ခေါင်းနှစ်လုံး ရှိနေသည့်အသွင် ဖြစ်နေရခြင်းဖြစ်သည်။ သို့သော် ကလေး ငယ်လေးသည်လည်း အသက်မရှည်ခဲ့တဲ့ သူမ၏ ဦးခေါင်းချင်း ဆက်အမြွှာကို ခွဲစိတ်ပြီးချိန်တွင် သေဆုံးသွားခဲ့သည်။

**သူတို့ကျောင်းတွင် စာမေးပွဲဖြေရပုံ**


ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ တက္ကသိုလ်တစ်ခုတွင် စာမေးပွဲဖြေဆိုကြရာတွင် ကျောင်းသား၊ ကျောင်းသူများသည် တစ်ယောက်နှင့် တစ်ယောက် စကားမပြော၊ ခိုးမချ၊ ညှိနှိုင်း



တိုင်ပင်ခြင်း မပြုနိုင်ရန် ဦးခေါင်းတွင် စာရွက်များ ဆောင်း၍ ဖြေဆိုစေသည့်ပုံ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဤကဲ့သို့ ဖြေဆိုစေမည်ဆိုလျှင်…။

* * *

မောင်လင်းအောင်




အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com





# ဟယာရင်ခွင်

illustration by aungkyaw@09421054457

တဝေါဝေါမြည်သံနဲ့အတူ မာန်ဗီ
နဂါးခေါင်းလိုဖြစ်နေတဲ့ ဒီရေ
လှိုင်းခေါင်းဖြူကြီးတွေ ကျုပ်နေ
ချောင်းရိုးထဲကို အရှိန်ပြင်းပြင်းလာ
သား။ မဖြစ်ဘူး . . . မဖြစ်ဘူး၊
လှိုင်းခေါင်းဖြူကြီးတွေနဲ့ ဆုံခဲ့မိ
ကျုပ်လို သတ္တဝါမျိုး မပြောနဲ့၊
တို့ထက် အဆမတန် ကြီးမားတဲ့
တော်တွေ၊ လှေတွေ၊ ဘောက်တူ
ကြီးတွေတောင် ဒီလှိုင်းအရှိန်နဲ့
ဖျက် မျောပါသွားတာ ကျုပ်သိ

ကျုပ် မသိဘဲ ရှိပါ့မလားဗျာ။
ကျုပ်နေတဲ့ ချောင်းရိုးဆိုတာ ပင်လယ်
ပြင်ကြီးနဲ့ အမြဲတမ်း ထိစပ်နေတဲ့
ချောင်းရိုးဆိုတော့ ပင်လယ်ဒီရေ
ဒီတက်နဲ့ ဆုံတွေ့ရတာ။ မနှစ်က ဒီလို
အချိန်ပဲ၊ ချောင်းရိုးထဲမှာ ခရီးသည်ပို့
နေတဲ့ မော်တော်လေး ရတ်တရက်
ဒီရေအတက် လှိုင်းခေါင်းဖြူကြီး ရိုက်
ခဲ့မိတာ။ မော်တော်လေးနဲ့အတူ ခရီး
သည်တွေ ချောင်းရိုးထဲမှာ ဆုံးပါးခဲ့
တာ။

www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ချောင်းရိုးအတွင်း တဝေါဝေါမြည်သံနဲ့ တက်လာတဲ့ လှိုင်းခေါင်းဖြူကြီးကို ကြည့်ပြီး အတွေးနယ်ကျွံရင်း မှင်တက်မိနေတယ်။ ကျုပ်တွေးရင်း သတိရပြီး ကမန်းကတန်းကြည့်လိုက်မိတယ်။ ကျုပ်ရင်ခွင်ထဲမှာ ငြိမ်သက်နေတဲ့ ကျုပ်ချစ်သူ။ ကျုပ်ချစ်သူ လောလောဆယ် ခံစားနေရတဲ့ အဖြစ်က ကျုပ်ကို အသက်အပ်ပြီး နေရတဲ့ ဘဝ။

ကျုပ်ကို အသက်အပ်ပြီးနေလို့ မရဘူးလေ။ ကျုပ်တို့ သတ္တဝါတွေက အရေခွံအမာကနေ အရေခွံအပျော့လဲရတဲ့ သဘာဝက ရှိတာမဟုတ်လား။ ဒါမှလည်း ကျုပ်တို့ သတ္တဝါတွေရဲ့ ဘဝက ပီပြင်တာလေ။ ခုလည်း ကျုပ်ချစ်သူက ကျုပ်ကို အသက်အပ်ပြီး အရေခွံလဲနေရတာ။ အရေခွံလဲပြီဆို ခန္ဓာကိုယ်တစ်ခုလုံး ပျော့ဖတ်ပြီး အခွံအသားတွေက နူးညံ့နေတာ။ အဲဒီအချိန်မှာ အဖော်က သစ္စာရှိဖို့ လိုတယ်။

ခုလည်း ကျုပ်ချစ်သူကို ကျုပ်က အသက်ထက် မြတ်နိုးပြီး သစ္စာတရားထားတဲ့သူဆိုတော့ ဘယ်လိုပဲ အဟန့်အတား အနှောင့်အယှက်တွေလာလာ၊ ကျုပ်ချစ်သူအတွက် အသက်စွန့်ဖို့ စိတ်စွဲထားတာကလား။ ဒါကြောင့်လည်း ကျုပ်ချစ်သူကို ကျုပ်ရင်ခွင်ထဲမှာ အမြတ်မ်း ပွေ့ပြီး တယုတယနဲ့ ကြည့်နေရတာ။ ခုလို ဒီရေတက်ပြီး လှိုင်းခေါင်းဖြူကြီးနဲ့ ဆုံသွားမိရင် ကျုပ်ရော ကျုပ်ချစ်သူပါ ဘဝပျက်ပြီး ဝေးသွားမှာ သေချာတယ်။

ကျုပ်အတွက်ကတော့ ဘာမှ မပူရပါဘူးဗျာ။ ကျုပ်ခန္ဓာကိုယ်က အခွံမာကြီးဆိုတော့ လှိုင်းဒဏ်၊ လေဒဏ်ကို ခံနိုင်စွမ်းရှိပါတယ်။ ကျုပ် အမြဲတမ်းတွေးပြီး ပူပင်ကြောင့်ကြနေရသူက အရေခွံ နူးညံ့နေတဲ့ ကျုပ်ချစ်သူ။

ကျုပ်ချစ်သူဆိုလို့ ပြောပြရဦးမယ်။ ကျုပ်မိဘမျိုးရိုးစဉ်ဆက်ကတည်းက ဒီချောင်းရိုးထဲမှာပဲ နေထိုင်ခဲ့ကြတာ။ ဒါကြောင့်လည်း ကျုပ် ဒီချောင်းရိုးကို တွယ်တာတယ်။ ခက်နေတာက လူတွေ။ ကျုပ်ကတော့ ကျုပ်မိဘတွေ လက်ထက်ကတည်းက နေမှုထိုင်မှု၊ စားသောက်မှုကို သင်ကြားပေးခဲ့လို့ တတ်မြောက်ခဲ့ပေမယ့် တစ်ခါတလေ ကျုပ်တို့ သတ္တဝါတွေအတွက် အကြောက်ဆုံးဖြစ်နေတာက လူတွေပဲ မဟုတ်လား။

ကြည့်လေဗျာ၊ ဟိုနှစ်က ကျုပ်သူငယ်ချင်း မဲညို၊ ချောင်းကမ်း ခရာချုံထဲမှာ တွင်းတူးပြီး နေခဲ့တာ။ ကျုပ်က လူတွေ နေထိုင်တာနဲ့ နီးလို့ အန္တရာယ်ရှိတယ် ပြောတော့ မဲညိုက နားမဝင်ဘူး။

"ငါနေတဲ့ တွင်းက အနက်ကြီးပါကွာ။ လူတွေ အန္တရာယ်မပြုနိုင်ပါဘူး"

အဲဒီလို ကျုပ်ကို ပြောပြီး သိပ်မကြာဘူး၊ ချောင်းရိုးထဲမှာ အမြဲတမ်း ငါးဖား၊ ကဏန်းရှာဖွေနေတဲ့ ချောင်းဝသား ပိန်တာတို့အုပ်စုနဲ့ တွေ့သွားတာ။ ကြည့်လေ၊ မဲညို တွင်းအနက်ကြီး တူးပြီး နေတာတောင် မရဘူး။ ပိန်တာတို့အုပ်စုက ပေါက်တူးတွေနဲ့ ပိုင်းတူးပြီး တုတ်ချိတ်အရှည်ကြီးနဲ့ တွင်းနက်ထဲက မဲညိုကို ဆွဲခေါ်သွားခဲ့တာ။ ကျုပ် မဲညိုအဖြစ်ကို ကြည့်ပြီး ရင်နာမိတယ်ဗျာ။ ပြီးတော့ လူတွေကို အတော်ကြီး ကြောက်ရွံ့သွားမိတယ်။

ဒါကြောင့်လည်း ကျုပ် လူတွေ မလာနိုင်တဲ့၊ မတွေ့နိုင်တဲ့ ချောင်းရိုး ဘေးက လမုပင်ကြီးရဲ့ အော...

တွင်းတူးပြီး နေခဲ့တာ ကြာပြီ ဒါ...

တစ်ခါတလေ ပိန်တာတို့အု...

ရောက်ရောက်လာသေးတာ။ ကျု...

ပိန်တာတို့အသံကြားရင် ဖျားခ...

လိုတောင် ဖြစ်နေတာ။ ကျုပ် မ...

ဘဲ ဖြစ်ပါ့မလားဗျာ၊ ပိန်တာတို့...

က ငါးဖား၊ ကဏန်းဆို လက်...

ရှိတာ။ ကျုပ်တို့ခန္ဓာကိုယ်ကို ...

တယ်, ကြီးတယ် မရွေးဘူး တွေ...

ယူတာ။

ခုလည်း ကြည့်၊ ကျုပ် လ...

အောက်က တွင်းထဲမှာ ...

ဘယ်လို ခြေရာခံမိသလဲ မ...

ပိန်တာက ပြောသေးတယ်။

"ခုတစ်လော ကဏန်းတွေ...

နေလို့ တို့ရှာနေတာ ခြေတို...

တွေ့ရင် အတော့်ကို အဆီအသ...

မှာ။ လာကွာ၊ လမုသီးပဲ ခူးပြီး ...

မယ်"

ကျုပ် တွင်းထဲမှာ ...

ကြောက်ရွံ့ရွံ့နဲ့ ပုန်းနေတုန်း ပိန်...

အုပ်စု စကားပြောပြီး ပြန်သွားမှ ...

သက်ပြင်းချနိုင်ခဲ့တာ။ ခက်နေ...

ကျုပ်တစ်ယောက်တည်း မဟုတ်...

ကျုပ် ဘယ်နေရာသွားသွား ကျု...

အသက်အပ်ပြီး နေရတဲ့ ကျုပ်ချ...

က ပါနေတာ။

ကြည့်လေဗျာ။ ခန္ဓာကိုယ်တ...

လုံး ပျော့ဖတ် နူးညံ့နေတဲ့ အ...

ဒီလိုအချိန်မှာ အန္တရာယ်ပေးတဲ့ လူ...

တွေ့သွားရင် မခက်ပေဘူးလား။ ...

တော့ ကျုပ်လို ချောင်းရိုးထဲမှာ မှီ...

နေထိုင်ကြတဲ့ သားစား သတ္တဝါတွေ...

အများကြီး ရှိတာ။ ကျုပ် ဒီရေလ...

အတူ ပါလာတဲ့ ရေစီးကို ...

ကာကွယ်နိုင်ဖို့ တွင်းထဲကို ဝင်ပြီး ...

ချစ်သူကို တယုတယ ပွေ့ထားမိတ...



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားထဲမှာ သူ့အတွက် ဖြစ် ခံစားနေရတဲ့ ကြောင့်ကြပူပင်မှု စိုးထိတ်နေရတဲ့ ဝေဒနာတွေကို ပြီး နေခဲ့ရတာ။

ကျုပ်ချစ်သူရဲ့ ခန္ဓာကိုယ် ထိခိုက် မှာစိုးလို့ ကျုပ် ပူပင်သောက ရှိ ကို သူ့ခမျာ ဘာမှ သိနိုင်တာ ဘဲ။ ကျုပ် သောကစိတ်နဲ့ ပွေ့ တုန်းက တဝေါဝေါမြည်သံနဲ့ ပါ တဲ့ လှိုင်းတွေ ကျုပ်နေတဲ့ တွင်းဝ အရှိန်နဲ့ လာဆောင့်တော့ ကျုပ်ရင် ထိတ်သွားမိတယ်။ ကျုပ်နေတဲ့ ထဲ ရေပြည့်ပြီး ငြိမ်သက်သွားမှ ချစ်သူကို ပွေ့ပြီး တွင်းထဲကနေ ကို ထွက်ကြည့်မိတယ်။

စိမ်းစိုလန်းဆန်းပြီး လေယူရာ နွဲ့နေတဲ့ ဓနိတောအုပ်နဲ့ လမုပင် ခရာတောတွေ၊ တစ်ခါတလေ ချောင်းရိုးထဲမှာ မျောပါလာတဲ့ အပွင့် နဲ့ ဗေဒါအုပ်တွေ။ ဒီရေနဲ့အတူ တဲ့ သတ္တဝါတွေရဲ့ မျိုးတူးပျော်ပါး တွေ။ ကျုပ်ချစ်သူသာ အရေခွံ မလဲ ဘူးဆိုရင် ကျုပ်တို့နှစ်ဦး ချောင်းရိုး တတွဲတွဲ,တွဲပြီး ပျော်ရမှာ။

ဒါပေမယ့်ဗျာ၊ ကျုပ်ချစ်သူကို ရင်ခွင်ပိုက်ပြီး ဖြစ်ပေါ်လာမယ့် ရာယ်တွေကို ကျုပ် အသက်စွန့် တဲ့ သစ္စာနှလုံးသားရှိတယ် ဆို ကျုပ် ပြသခွင့်ရလို့ ကျုပ်ပျော်ရွှင် တာ အမှန်ပါဗျာ။

ကျုပ်လည်း ဘာထူးမှာလဲဗျာ။ ချစ်သူလို တစ်နေ့ အရေခွံလဲခဲ့ရင် ခွင်ထဲကို ကျုပ်အသက် အပ်ပြီး ဦးမှာ မဟုတ်လား။ အဲဒီအချိန်မှာ ချစ်သူက ကျုပ်လို သစ္စာရှိရှိနဲ့ အသက်ကို ကာကွယ်မယ်ဆိုတာ ယုံကြည်တယ်။ ကျုပ် သူ့ကို တို့ မဖြစ်ဘူးလေ။ သူနဲ့ ကျုပ် ချစ်သူဖြစ်ခဲ့တုန်းက သူက အဝေးကြီး ကနေ ကျုပ်နေတဲ့ ချောင်းရိုးထဲ ရောက်လာတာ။ အဲဒီမှာ ကျုပ်နဲ့ တွေ့ ဆုံပြီး ချစ်သူဖြစ်ခဲ့ကြတာ မဟုတ်လား။

ကျုပ်မေးတော့ သူ့မိဘတွေ မရှိ တော့လို့ အားကိုးရာမဲ့ပြီး ထွက်လာခဲ့ တာတဲ့။ ဟုတ်မှာပေါ့လေ။ သူ့ခမျာ မ,သတ္တဝါဆိုတော့ အားကိုးရာ ရှာချင် တာ သဘာဝ တရားပဲ မဟုတ်လား။ ကျုပ် သူနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ပြီး မှ ကျုပ်စိတ်ထဲမှာ တစ်ခါသားမှ မပေါ် ဘူးတဲ့ ချစ်မက်တတ်တဲ့ စိတ်တွေနဲ့ သူ့ကို မျိုမတတ် ချစ်ခဲ့မိတာ။ သူက လည်း ကျုပ်ကို မြတ်နိုးတွယ်တာခဲ့ တာ။

သူ ကျုပ်က လွဲပြီး ဘယ်သူ့ကို မှ တပ်မက်တဲ့ စိတ်မရှိဘဲ ကျုပ်နဲ့ သေတစ်ပန် သက်တစ်ဆုံး အတူနေ မယ်ဆိုတဲ့ စကားတွေ၊ သစ္စာကတိတွေ ကို ကျုပ်နားထဲကတစ်ဆင့် ကျုပ်ရင် ထဲကို ဝင်ခဲ့တာ မဟုတ်လား။ ဒါ ကြောင့်လည်း သူ့အသက်ကို ကျုပ်ရင် ခွင်မှာ အပ်ပြီး အရေခွံလဲခဲ့တာ။ ခုဆို သူ့ခန္ဓာကိုယ်က အသွင်ပြောင်းလာလို့ ကျုပ်ပျော်ရွှင်မိတာ အမှန်ပါဗျာ။

ကျုပ် မပျော်ရွှင်ဘဲ ရှိပါ့မလား ဗျာ။ သူ့ နူးညံ့နေတဲ့ အရေခွံတွေ မာ တင်းပြီး ကျုပ်နဲ့အတူ သွားနိုင်လာနိုင် ခဲ့တာကို ကြည့်,ကြည့်ပြီး ပီတိဖြစ်နေ တာ။ သူကတော့ ပြောရှာပါတယ်ဗျာ။ သူ့အပေါ် အသက်ပေးပြီး သစ္စာရှိတယ် ဆိုတာ လက်တွေ့ ဒီရလို့ ကျုပ်အပေါ် ပိုပြီးတွယ်တာတယ်ဆိုတဲ့ စကားသံ တွေ။

ကျုပ်ဖြင့် သူ့စကားတွေကို ကြား ပြီး ကြည်နူးလိုက်ရတာ၊ ပီတိဖြစ်လိုက် ရတာ လွန်ပါရော။ သိပ်မကြာခင် ကျုပ် လည်း သူ့လို အရေခွံလဲရတော့မယ် ဆိုတဲ့ သဘာဝပေး အသိနဲ့အတူ သူ့ ရင်ခွင်ထဲကို အသက်အပ်ပြီး နေရဦး မယ့် ကျုပ်ခန္ဓာကိုယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ် ပျော်ပါ တယ်ဗျာ။ သူ ကျုပ်အပေါ်မှာ သစ္စာရှိ တယ်ဆိုတာ လုံးဝ ယုံကြည်တယ်။ နွံ့ဝါရောင် ဖုံးလွှမ်းနေတဲ့ ချောင်းရေပြင် ကို ကြည့်ရင်း ကျုပ် ခဏတာ အရေခွံ လဲရမယ့် အခြေအနေကို တွက်ဆမိ တယ်။ သူ ကျုပ်ဘေးမှာ တစ်ဖဝါးမခွာ ရှိနေပြီပဲ။ ကျုပ်အတွက် အသက်ပေး ပြီး စွန့်လွှတ်ရဲတယ် ဆိုတဲ့ သူ့ရဲ့ အားပေးစကားသံ။ ဒီ စကားသံက ကျုပ် နှလုံးသားကို အမြဲလိုလို နှိုးဆွနေတာ။

ဒီလိုနဲ့ ကျုပ်ရဲ့ မူလပင်ကို အရေ ခွံအမာကနေ တဖြည်းဖြည်း နူးညံ့ပျော့ ပျောင်းလာတယ်။ ကျုပ် သူ့ရင်ခွင်ထဲ မှာ နေရလို့ ကျုပ် လက်ရှိ အရေခွံလဲ တဲ့ ဘဝကိုတောင် မေ့ ,မေ့သွားတယ်။

ကြည့်လေ။ ကျုပ်ကို အမြဲတမ်း စိုးရိမ်စိတ်တွေနဲ့ ကြည့်ပြီး ပွေ့ဖက်ထား တဲ့ သူ့ရဲ့ အကြင်နာ အယုအယတွေ။ ကျုပ်ကတော့ ဒီလို အရေခွံလဲတဲ့ ဘဝ နဲ့ပဲ သူ့ရင်ခွင်ထဲမှာ တစ်သက်လုံး နေ ချင်တာ။

ဒါပေမယ့် ကျုပ် သူ့ကို ပြော ခွင့်၊ လှုပ်ရှားခွင့် မရတဲ့ ခန္ဓာကိုယ်နဲ့ နေ,နေရတာ။ ကျုပ်ခန္ဓာကိုယ်ကို ပွေ့ ပြီး ဖြစ်ပေါ်လာမယ့် အန္တရာယ်ဟူသမျှ ကို သူ စောင့်ကြည့်နေရှာတာ။ ကျုပ် ဒီလိုဘဝမျိုးနဲ့ သူ့ကို ဒုက္ခမပေးချင်ပါ ဘူးဗျာ။ ကျုပ်တို့ရဲ့ သတ္တဝါမျိုးဆက် တစ်ခုလုံး ဘဝရှင်သန်မှု သဘာဝ ကြောင့်သာ ကျုပ်အသက်ကို သူ့အပ် ခဲ့ရတာ။

ခုဆို ကျုပ်အသက် သူ့အပ်ပြီး သူပြုသမျှ နေရတဲ့ အခြေအနေ။ ကျုပ် လို သစ္စာတရားရှိခဲ့ရင် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

ဘဝကနေ ဖြတ်သန်းပြီး သူနဲ့ တစ်ဘဝလုံး ပျော်ရွှင်ရမှာ မဟုတ်လား။ သူ့ရင်ခွင်ထဲမှာ ကျုပ်နေရတာ ပျော်မွေ့ပါတယ်ဗျာ။ သူ့ကိုလည်း ပိုပြီးယုံကြည်အားထားမိတာ အမှန်ပါ။

◆◆◆

တစ်နေ့ သူ ကျုပ်ကို ပွေ့ပြီး တွင်းဝမှာ နေတုန်း ရှိသေးတယ်၊ ဝုန်းဆိုတဲ့ အသံကြီးနဲ့အတူ ကျုပ်တွေ့လိုက်ရတဲ့ ငါးကြီးတစ်ကောင်။ ကျုပ်တို့ရဲ့ သဘာဝအဖြစ်ကို သိနေတယ်နဲ့တူရဲ့ အရေခွံလဲနေတဲ့ ကျုပ်ဆီ အပြေးလာပြီး ဟပ်တာ။ ကျုပ်ဖြင့် ရင်တွေတဒိန်းဒိန်းမြည်အောင် ခုန်သွားမိတယ်။

ကျုပ်ရင် တဒိန်းဒိန်းမမြည်ဘဲ ရှိပါ့မလားဗျာ။ ကျုပ်သာ အခွံမာဘဝဆိုဒီလို ငါးကြီးမျိုးကို ရင်ဆိုင်ပြီး ကျုပ်ရဲ့သန်မာတဲ့ လက်မကြီးနဲ့ ညှပ်ဆွဲပစ်မှာ။ ခုတော့ သူက မသတ္တဝါဆိုတော့ရတ်တရက် ကြောက်လန့်ပြီး တွင်းထဲကို အပြေးမြန်လို့ ကျုပ် အသက်ရှင်ခွင့်ရခဲ့တာ။

ကျုပ် သူ့ကို ပိုပြီး မြတ်နိုးသွားမိတယ်။ သူသာ သတိတစ်ချက် လစ်ဟာခဲ့ရင် ကျုပ် ငါးပါးစပ်ထဲ ရောက်သွားမှာ သေချာတယ်။ ဒါကြောင့်လည်း ကျုပ် အခွံမာဘဝ ပြန်ရောက်ခဲ့ရင် သူ့ကို ပြောပြရဦးမှာ။ ကျုပ်အပေါ် သစ္စာတရားကို ရင်မှာ ထားပြီး အသက်စွန့်ကာကွယ်ခဲ့တဲ့ သူ့ရဲ့ မေတ္တာတရားကို ကျုပ်တစ်သက်လုံး အားထားလို့ ရပြီဆိုတာကို။

အဲဒီကတည်းက သူ တွင်းထဲက ထွက်ခဲ့ပေမယ့် အပြင်လောကကို စိတ်မချနိုင်ဘူးနဲ့ တူတယ်။ ကျုပ်ကို ပွေ့ရင်း ခဏခဏ စိုးရိမ်စိတ်တွေနဲ့ ကြည့်နေတဲ့ အကြည့်တွေ။ ကျုပ် သူ့အကြည့်ကို သိတာပေါ့ဗျာ။

ဒါကြောင့်လည်း ကျုပ် သူ့ကို ပိုပြီး သနားနေမိတာ။ ကျုပ်အတွက် သူ စိုးထိတ်စွာ ခံစားနေရတဲ့ ရင်ထဲက ပူပင်ကြောင့်ကြမှုတွေ ဘယ်လောက်များနေပြီလဲ။ ကျုပ်လည်း အရေခွံမြန်မြန်လဲပြီး မာချင်ပါပြီ။ ဒါမှ ကျုပ် သူ့ကို တစ်သက်လုံး စောင့်ရှောက်ခွင့်ရမှာ။ ခက်နေတာက ကျုပ်ရဲ့ လက်ရှိအရေခွံဘဝ။

ဟော…ဒီရေတက်သံ ကြားရပြီ။ ချောင်းရိုးထဲကို တစ်ရှိန်ထိုး စီးဝင်လာတဲ့ ပင်လယ်ရေကြမ်းကြမ်း။ သူသိမှ သိပါလေစ။ သူ တစ်ခုခုကို စဉ်းစားတွေဝေနေပုံ ရတယ်။ ကျုပ် အလိုလိုရင်ထိတ်သွားမိတယ်။ သူနဲ့ ကျုပ်ချစ်သူဖြစ်ခဲ့တာ ကြာပြီပဲ။

ခုလို သူ တစ်ခုခုကို စဉ်းစားတွေဝေနေတဲ့ အမူအရာမျိုး တစ်ခါမှ ကျုပ်မြင်ဖူး၊ တွေ့ဖူးခဲ့တာမှ မဟုတ်ဘဲ။ ကျုပ် သူ့ကို မေးချင်လိုက်တာဗျာ။ ကျုပ်က လောလောဆယ် ဘာမှ ပြောခွင့်၊ လှုပ်ရှားခွင့် မရတဲ့ အရေခွံပျော့ဘဝ မဟုတ်လား။

သူ တစ်ခုခုကို စိတ်ဆုံးဖြတ်ချက်ချဟန်တူတယ်။ ဒီရေတဝေါဝေါအသံတွေ ပျောက်ပြီး ချောင်းရိုးတစ်ခုလုံး ရေတွေပြည့်မှ ကျုပ်ကို ပွေ့ပြီး တွင်းထဲက ထွက်လာတယ်။ ပြီးတော့ ချောင်းရိုးဘေးက ဓနိတောလေးဘက်ကို သူ ဦးတည်သွားနေတယ်။

သူ့အဖြစ်ကို ကြည့်ပြီး ကျုပ် အမှတ်ရသွားမိတယ်။ သူနဲ့ ကျုပ် စတင်ဆုံတွေ့ခဲ့တဲ့ ဓနိတော။ သူတစ်ယောက်တည်း ပျင်းနေလို့ ဓနိတောကို အမှတ်ရပြီး သွားနေတာလား။ ဒီနေရာလေးက ကျုပ်နဲ့ သူ သစ္စာတရားတွေ ထားခဲ့တဲ့ နေရာ။

ကျုပ် ဓနိတောလည်း ရောက်ရော၊ ရတ်တရက် တွေ့လိုက်

မျက်ပြူး။ ကျုပ်ရင်တစ်ခုလုံး

ဆန့်ပြီး မျက်စိတွေတောင် ပြာ

မိတယ်။ ဟုတ်တယ်လေ။ ကျု

နဲ့ တွေ့ပြီးကတည်းက မျက်ပြူး

မေ့လျော့ခဲ့တာ။ မျက်ပြူးက ကျ

တဲ့ ချောင်းရိုးထဲမှာ နေတာ။

ကျုပ်နဲ့ မျက်ပြူးက အရပ်

တွဲသွားတွဲလာတွေ။ ကျုပ် သူ့နဲ့

ဖြစ်ပြီးကာမှ မျက်ပြူး ဘာဖြစ်

မသိဘူး။ ကျုပ်ကို တွေ့ရင် အ

ရန်မူချင်နေတာကလား။ ကျုပ်က

ခင်မင်မှုမပျက်ဘဲ နေလာခဲ့တာ။

ဒီအဖြစ်ကို ကျုပ်မိဘ

ပြောပြတော့ သစ်ကောက်၊ ဝါး

တာကိုသာ တွေ့ရ မြင်ရတာ

ထား ကောက်ကျစ်တာကိုက

တွေ့နိုင်ဖို့ မလွယ်ဘူးတဲ့။ ကျ

စကားကို ကြားရတော့ အ

အံ့ဩသွားမိတယ်။ ကျုပ်ဆို

လည်း မွေးကတည်းက သည်

သည့်ညွှန်၊ သည်တောမှာပဲ နေ

မဟုတ်လား။

ကျုပ်က ဘယ်သူပဲဖြစ်

ရိုးရိုးသားသားနဲ့ ခင်မင်မှု မပျက်

တာ။ ခု မျက်ပြူး ထူးထူးခြား

ဘာလာလုပ်တာလဲ။ ကျုပ်သာ အ

ဘဝဆို ကျုပ်ချစ်သူကို အဝေးက

ကြည့်တာတောင် စိတ်ထဲ တနုံ့နုံ့

နေရတာ။ ခုလို အနီးကပ်လာ

ကျုပ်ရင်တွေ မခုန်စဖူး ခုန်ပြီး

တွေ အလိုလိုထွက်လာမိတယ်။

မျက်ပြူးကတော့ ကျုပ်အဖြ

ကြည့်ပြီး ကျုပ်ချစ်သူအနားမှာ

ရစ်သီလုပ်နေတာ။ ကျုပ်သာ အ

ဘဝဆို မျက်ပြူးကို တိုက်ခိုက်

မှာ။ ခုတော့ ကျုပ် မျက်ပြူးကို ကြ

ပြီး ဘာမှမတတ်နိုင်တဲ့ ဘဝဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တ်လား။ ကျုပ်ဘဝက ကျုပ်ချစ်သူ နှင့်မှာ အပ်ထားရတာ။

ကျုပ် မျက်ပြူးကို ကြည့်ပြီး ချစ်သူကို အားကိုးတကြီးနဲ့ ကြည့် ပ်မိတယ်။ "ငါ့ချစ်သူပါလို့ ပြောလေ ား ကျုပ်အသက်ကို သစ္စာတရား ပြီး မျက်ပြူးရန်ကို ကာကွယ်လေ ား"ဆိုတဲ့ အတွေးတွေ ဝင်နေမိ ဲ့ ဖြုန်းဆို ကျုပ်ခန္ဓာဆီက နာကျင် ဒနာတွေ ပြင်းပြင်းရှရှ ပေါ်သွားမိ ယ်။

ကျုပ် စိုးရိမ်စိတ်နဲ့ ကမန်းကတန်း ကြည့်လိုက်မိတယ်။ မျက်ပြူးရဲ့ သန်မာ လက်မကြီးက ကျုပ်ရဲ့ နူးညံ့နေတဲ့ သားတွေကို ဆွဲညှပ်နေပါလား။ ချစ်သူကို အားကိုးတကြီးကြည့် က်မိတယ်။ ကျုပ်ကို ရင်ခွင်ထဲမှာ ွင်း ပီတိဖြစ်နေတဲ့ ကျုပ်ချစ်သူ။

အဆက်မပြတ် ထိုးဆွနေတဲ့ ခန္ဓာကိုယ်ဆီက ဝေဒနာတွေက နဲ့တာပို။ ကျုပ် အသည်းခိုက်အောင် ကျင်သွားမိတယ်။

"ငါ့ကို ကယ်ပါဦး၊ ကယ်ပါဦး"

ကျုပ်ချစ်သူကို ကျုပ် လည် ောင်းကွဲမတတ် အော်ဟစ်ပြီး အသံ နေပေမယ့် တုံဏှိဘာဝေနဲ့ ကျုပ် ဖြစ်ကို ကြည့်နေတဲ့ ကျုပ်ချစ်သူ။ အတော်အံ့သြသွားမိတယ်။ ကြည့်လေဗျာ၊ သူ အရေခွံလဲနေတုန်း ကျုပ် အသက်စွန့်ပြီး ကာကွယ် ားခဲ့ရတဲ့ ကျုပ်နှလုံးသားက သစ္စာ ရားတွေ။

ဒီ သစ္စာတရားတွေကို သူ မေ့ သွားပြီလား။ ကျုပ် ဘယ်လိုပဲ ကို အကူအညီတောင်းတောင်း ရဲ့ ပျော့ပျောင်းနူးညံ့တဲ့ ခန္ဓာကိုယ် အဆက်မပြတ် ထိုးဆွနေတဲ့ မျက် ရဲ့ အောင်မြင်မှု အပြုံးတွေ။ ပြီး တော့ မျက်ပြူးအဖြစ်ကို ကြည့်ပြီး ကြည်နူးနေတဲ့ ကျုပ်ချစ်သူရဲ့ အကြည့် စူးစူးတွေ။

ကျုပ်ရင်ထဲမှာ တစ်ခါမှ ခံစားမှု မရှိခဲ့တဲ့ သူ့အပေါ် ရုတ်ခြည်း နာကြည်း ချက်၊ မုန်းတီးချက်၊ ရွံရှာချက်တွေက စုပြုံ ထိုးဆွလာတယ်။ ဒါဆို ကျုပ် လက်ရှိဘဝကနေ မကြာခင် သူနဲ့ ဝေးကွာရတော့မယ်ဆိုတဲ့ အသိနဲ့ ကျုပ် ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းတွေ အလိုလိုထွက်ပေါ်သွားမိတယ်။

"ရက်စက်ပါပေ့ ချစ်သူရယ်"လို့ စိတ်ဝေဒနာနဲ့ ကြေကွဲစွာ ခံစားနေမိတဲ့ ကျုပ်။ ကျုပ်ခန္ဓာကိုယ်ဆီက နာကျင်မှု တွေကိုတောင် မေ့သွားမိတယ်။ ကျုပ် သူ့ကို ကြည့်လိုက်မိတယ်။ သူ ကျုပ် အပေါ် တစ်သက်လုံး သစ္စာမပျက် ထားပါ့မယ်ဆိုတဲ့ ကတိစကား။ ကျုပ် ယုံစားမိခဲ့လို့ ခုတော့ ကျုပ်နှလုံးသား ပါမက၊ ကျုပ်ခန္ဓာကိုယ်ပါ ပေးဆပ်ရ တော့မှာပါလား။

ကျုပ်ကို အသက်စွန့်ပြီး ကာ ကွယ်မယ်ဆိုတဲ့ ကျုပ်ချစ်သူ။ ခု ရုတ် ခြည်း ပြောင်းလဲခဲ့တဲ့ စိမ်းကားရက်စက် မှုတွေ။ ကျုပ်အသည်းပေါက် နာကျင် ပေမယ့် ကျုပ်ရဲ့ နာကျင်မှုဝေဒနာကို ဥပေက္ခာပြုရက်တဲ့ ကျုပ်ချစ်သူရဲ့ မာယာ။ ကျုပ်မျက်စိတွေ တဖြည်းဖြည်း ဝိုးတဝါးဖြစ်နေတယ်။ ဟုတ်တယ်လေ၊ ကျုပ်ဘဝက မကြာခင် ဒီချောင်းရိုးထဲ မှာပဲ ကျုပ်အသွေးအသားတွေ ထားခဲ့ ရမှာ မဟုတ်လား။

ဒါကြောင့်လည်း ကျုပ်အပေါ် စိမ်းကားရက်စက်တဲ့ ကျုပ်ချစ်သူကို ကျုပ်ထွက်သက်လေး မဆုံးခင် ကြည့် လိုက်မိတယ်။ ကျုပ် ဝိုးတဝါးတွေ့နေ ရတဲ့ မျက်ပြူးနဲ့ ကျုပ်ချစ်သူ။

"ချစ်သူရေ . . . ချစ်သူရေ . . ."

ကျုပ် နောက်ဆုံး ထွက်သက် အားကို ရှူရှိုက်ရင်း ခေါ်လိုက်မိတယ်။ ကျုပ် မခေါ်လို့ မဖြစ်ဘူးလေ။ ကျုပ် ဘက်က ထာဝရ အသက်စွန့်ပြီး ခွင့် လွှတ်ခြင်း၊ စာနာခြင်း၊ ပေးဆပ်မှုနဲ့ သူ ပျော်တာကို တွေ့ရင် ကျုပ် ကြည်နူး တယ်။ သူ ကြည်နူးတာကို တွေ့ရင် ကျုပ်ဝမ်းသာတယ်။ ဒါဟာ ကျုပ် သူ့ ကို ချစ်နေသမျှ ပေးဆပ်ရမယ့် ကျုပ် ရဲ့ သစ္စာတရားပဲ မဟုတ်လား။

ကျုပ် ဘယ်ဘဝရောက်ရောက် ကျုပ် သူ့အပေါ် ဘယ်တော့မှ မမုန်းနိုင် ဘူး၊ မမေ့နိုင်ဘူးဆိုတဲ့ သံယောဇဉ် ကြီးမားစွာနဲ့ ခေါ်လိုက်မိတဲ့ အသံပါ ဗျာ။ ကျုပ်ရဲ့ ခေါ်သံက သစ္စာတရားရဲ့ ခေါ်သံဆိုတာ သူ နားလည်စာနာခဲ့ရင် ကျုပ်ကျေနပ်ပါတယ်ဗျာ။

ကျုပ် နာကြည်းမှုတွေနဲ့အတူ ကြည့်လိုက်မိတယ်။ နွံဝါရေ တောက် နေတဲ့ ချောင်းရေစီးသံနဲ့အတူ တဖြည်း ဖြည်းမှေးပါနေတဲ့ ကျုပ်ခန္ဓာ။ ကျုပ် ကိုယ်ကျုပ် အားတင်းရင်း ချောင်းရိုး လေးဘေးမှာ ယိမ်းနွဲ့ လှုပ်ရှားနေတဲ့ ခနီတော။ ဒီ ခနီတောလေးမှာ ကျုပ်နဲ့ သူ ထားခဲ့ဖူးတဲ့ သစ္စာနှလုံးသားပုံပြင် တွေ။

ကျုပ်အပေါ် ရက်စက်စိမ်းကား လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ တဲ့၊ ကျုပ် ယုံကြည်ပေးအပ်ထားတဲ့ သစ္စာတရားတွေ။ အခုတော့ ကျုပ်ချစ် သူရဲ့ အကြည့်စိမ်းစိမ်းတွေကို တွေ့ရ တော့ ကျုပ်အသည်းပေါက်အောင် နာမိ တယ်ဗျာ။ ကြည့်လေဗျာ။ သူ့အပေါ် ယုံစားထားခဲ့တဲ့ ကျုပ်အချစ်တွေ။ ဒီ အချစ်တွေကြောင့် ကျုပ် လက်ရှိ ခံစား နေရတဲ့ ကြေကွဲမှု၊ နာကြည်းမှု၊ မုန်းတီး မှုတွေ။ သူ့အပေါ် ကျုပ် ဘယ်လို နားလည်ရမုန်း မသိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ရက်စက်လိုက်တာ ချစ်သူရယ်" လို့ ယူကျုံးမရနိုင်တဲ့ စိတ်တွေနဲ့ ကျုပ်ရဲ့ လက်ရှိအသက်က မျက်ပြူးလက်ထဲမှာ။ မျက်ပြူးကတော့ ကျုပ်ခန္ဓာကိုယ်ကို အားရှိပါးရှိ ညှပ်ဖိနေတုန်းပဲ။ ကျုပ် နာကျင်မှုဝေဒနာတွေနဲ့အတူ အလူးအလိမ့် ခံစားနေရတဲ့ အဖြစ်ကို ကြည့်ပြီး ရက်စက်တဲ့ အပြုံး၊ မုန်းတီးမှုအာယာတတွေနဲ့ ကျုပ် သစ္စာတရားကို ချေဖျက်လိုက်တဲ့ ကျုပ်ချစ်သူရဲ့ မာယာအသည်းစိမ်းစိမ်းတွေ။

ကျုပ်ဘဝက ဘာတတ်နိုင်မှာလဲဗျာ။ သူပြုသမျှ နုရတဲ့ ဘဝမဟုတ်လား။ ဒါကြောင့်လည်း ကျုပ် တသွင်သွင်စီးဆင်းနေတဲ့ ချောင်းရိုးလေးကို ကြည့်ပြီး ကျုပ်ရင်ထဲက သစ္စာစကားနဲ့ တိုင်တည်မိပါတယ်။

"ကျုပ် ဖြစ်လေရာ ဘဝဆက်တိုင်း ဆက်တိုင်း ခုလို ကြုံတွေ့ရတဲ့ မိန်းမဆိုး မာယာရှင်ခွင်မှာ နို့နားခွင့်မရတဲ့သူ ဖြစ်ပါစေ" လို့ ကျုပ် ကြေကွဲနေတဲ့ နှလုံးသားနဲ့ ဆုတောင်းနေမိပါတယ်ဗျာ။ ဆုတောင်းနေမိပါတယ်။

ဟော···ကျုပ်နေတဲ့ ချောင်းရိုးအတွင်းကို လိမ့်ဝင်လာနေတဲ့ လှိုင်းလုံးကြီးတွေ။ ဒီလှိုင်းလုံးကြီးတွေက ကြေမွနေတဲ့ ကျုပ်ခန္ဓာကိုယ်ကို ဟိုးအဝေးကြီးမှာ ရှိတဲ့ ပင်လယ်ပြင်ကြီးဆီကို မကြာခင် သယ်ဆောင်သွားတော့မှာ မဟုတ်လား။

ကျုပ် နောက်ဆုံး ထွက်သက်ကို အားတင်းပြီး သူ့အပေါ် အမှတ်မရှိတဲ့ အသည်းနဲ့ အားကုန်ခေါ်လိုက်[...]တယ်။

"ချစ်သူရေ···ချစ်သူရေ[...] ချစ်သူရေ"

ကျုပ် နောက်ဆုံးခေါ်သံကို [...] ချစ်သူ ကြား,မကြားတော့ မသိ[...] ကျုပ်ခေါ်သံက ကျုပ်နေတဲ့ ချော[...] တစ်ခုလုံး ဖုံးလွှမ်းသွားရုံတင် မ[...] ပင်လယ်ပြင်ကြီးတစ်ခုလုံး ပဲ့တ[...] သွားမယ်ဆိုတာ ကျုပ်သိတယ်၊ [...] မသိဘဲ ရှိပါ့မလားဗျာ၊ ကျုပ်ခေါ်[...] ချစ်သူအပေါ် ထာဝရ တည်ရှိ[...] သစ္စာနှလုံးသားခေါ်သံပင် မဟု[...] လား·····။

* * *

ရွှေနံ[...]


အတိတ်ကံဘဝတစ်ခုမှာ

## သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လ[...]




www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း တစ်ခုခုထူးထူးခြားခြား ဖြစ်ပြီဆို အတွေးပေါင်းစုံက ဝင်လာတတ်ပါသည်။ ကျွန်တော်တို့အရပ်က မိဦးနဲ့ မိငယ် ကွယ်လွန်တာနဲ့ပတ်သက်ပြီး လံမိုက်ရက်၊ မိုးမှောင်ကျနေတဲ့အချိန်မှာ အဝါရောင်ဝမ်းဆက်နဲ့ မကောင်းဆိုးဝါး သုသာန်စောင့်မဖဲဝါ ရွာထဲလျှောက်နေကြောင်း ကောလာဟလတွေက ပလူပျံအောင် ကြားနေရသည်။

သေသူက သေကြပြီပဲ၊ အတွေးတွေ များသင့်ပါ။

ရှေးရိုးစဉ်လာ ယုံကြည်မှုတွေကို တော့ အပြစ်မဆိုချင်ပါ။ ဆိုလို့လည်း မဖြစ်။ သူ့ဒေသ၊ သူတို့ ယုံကြည်မှုကို မဖျက်စကောင်း။ ဥပမာ - ကျွန်တော်တို့ သာယာဝတီဒေသမှာတော့ "ဖျာလိပ်နတ် မအောင်ရှိသည်ဟု လက်ခံယုံကြည်နေသူတွေ

# မောင်စိုးထိုက်
(သုံးဆယ်)

# အဝါရောင်ဝမ်းဆက်နှင့် စစ်ပါတွဲကား

www.burmeseclassic.com

ရှိခဲ့သည်။ ရှိနေဆဲဖြစ်သည်။ နတ်ရုပ်၊ နတ်နန်းပင် ရှိနေပါသည်။

အချို့က သုသာန်တွေမှာ သုသာန်စောင့် မဖဲဝါရှိသည်ဟု ယုံကြည်ကြသည်။ ယုံကြည်မှုဖြင့် လုပ်ဆောင်နေမှုများလည်း တွေ့ရသည်။ အရုပ်တိုင်း လုပ်ပုံ မပေါ်ပါ။ သုသာန်စောင့် မဖဲဝါရှိသည် ထားဦး၊ ရွာထဲရပ်ထဲ သူ ဘာလာလုပ်စရာ လိုပါသလဲ။ ပုံကြီးချဲ့ရာများ ကျလေလား မသိ။

ကျွန်တော်တို့ ကာလသားပေါက်စလေးတွေ ရပ်ရေးရွာရေး ကူလေ့ရှိကြတာမို့ သာရေးအလှူအတန်းလည်းပါရဲ့၊ နာရေး အသုဘလည်း ကျရာတာဝန်ထမ်းမြဲဖြစ်သည်။ နာရေးပေါ်ပြီဆို အဓိက သုသာန်မှာ တွင်းတူးဖို့ဖြစ်သည်။ ရွာမှာက တွင်းတူးနေကျ ဦးတာတီးတို့၊ ဦးခင်အောင်တို့၊ ဦးဆွေတင်တို့ထဲက တစ်ယောက်ယောက်က ဦးဆောင်လျှင် ကျွန်တော်တို့တွေက အကူတွင်းတူးသမားအဖြစ် လိုက်ပါလေ့ရှိသည်။ ကုသိုလ်ရသည်ဟုလည်း အတွေးဝင်ကြသည်။ မိဘများကလည်း မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ကုသိုလ်တူတယ်ဟု ပြောလေ့ရှိလို့လည်း ကူညီကြခြင်းဖြစ်မည် ထင်ပါသည်။

အသုဘတစ်ခုဖြစ်ပြီဆို နာရေးရှင်က ဦးတာတီးကို ဖြစ်စေ၊ ဦးခင်အောင်ကို ဖြစ်စေ၊ ဦးဆွေတင်ကို ဖြစ်စေ အရက်ဖိုး သီးသန့်ပေးသလို ထမင်းစား သံပန်းကန်တစ်ချပ်ထဲတွင် နန္ဒင်းလူး ဆန်အပြည့်၊ ဆေးပေါ့လိပ် ၅လိပ် စည်းတစ်စည်း၊ ကွမ်းဆေး၊ လက်ဖက်အစုံ၊ နတ်သမီး မီးခြစ်တစ်ဘူး၊ ငွေတစ်မတ်ပွဲနှင့်အတူ ထမင်းတစ်ထုပ်ပေးလေ့ရှိပါသည်။

ကျေးလက်သဘာဝ နာရေးကျင်းတူးအဖွဲ့က နံနက်မွန်းမတည့်မီ သုသာန်ကို သွား၊ သုသာန်ရောက်တော့ သုသာန်မြေအောက်မှာ ရှိတဲ့ လူသေအလောင်း မတိုးအောင် မြေလွတ်လွတ် လပ်လပ်တူးခွင့်ရအောင် ခေါင်းဆောင်လုပ်သူက ဒေသယုံကြည်မှုအရ သုသာန်စောင့် မဖဲဝါကို တိုင်တည်ပြီး မြေနေရာတောင်းသည်။ ဆန်ကန်တော့ပွဲထဲမှ ဆန်တစ်ဆုပ်ယူပြီး စိတ်ရှင်းရာ မှန်းပြီး ဆန်ကို ကြဲလိုက်သည်။

ကြဲလိုက်သည့်ဆန်စေ့(ခေါင်းစေ့)မှ နောက်ပိုင်းအထိ ၅တောင် နယ်သတ်မှတ်ပြီး အကျယ် ၃ပေ × ၆ပေခွဲ အနက် ၃ပေမှ ၅ပေအထိ တူးရန်ဖြစ်သည်။ စတင် မတူးမီ ထမင်းထုပ်ဖွင့်ထားပေးသည်။ ဆေးလိပ် မီးညှိပြီး ထောင်စိုက်ပေးသည်။ ကွမ်းဆေးအစုံ သုံးယာ,ယာပြီး ကျန်နေတဲ့ ဆန်ထဲ စိုက်ထောင်ပေးသည်။ အဖွဲ့ခေါင်းဆောင်မှ တွင်းအနေအထား တစ်ပတ်ကို ပေါက်တူးရာ လျာထားပေးသည်။ ကျန်တဲ့ တွင်းတူးလုပ်ငန်းက ကျွန်တော်တို့ လူငယ်တွေ တာဝန်ဖြစ်သည်။

ဒေသယုံကြည်မှုကြောင့်လား မသိ။ တစ်ခါတစ်ရံ မြေသန့်ကို ရှင်းရှင်းတူးခွင့်ရသည်။ တစ်ခါတစ်ရံ ဆွေးမြည့်နေသော သစ်သားနှင့် ရုပ်အလောင်းများ ဖယ်ရှားတူးကြရသည်။ တစ်ခါတစ်ရံ မဆွေးမမြည့် အသစ်နီးပါးဖြစ်၍ သေတ္တာနှင့် ရုပ်အလောင်းဘေးယှဉ်လျက် တူးကြရသည်။

မဖဲဝါ စောင်မ၍ အဆင်ပြေသည့် သဘောဖြစ်ပါသည်။

သို့သော် တစ်ခါတစ်ရံ မဆွေးမမြည့် သေတ္တာနှင့် ရုပ်အလောင်းအား ကန့်လန့်တို့၍ ဖြတ်တူးရသည်။ တစ်ခါတစ်ရံ သစ်က မဆွေး၊ ရုပ်အလောင်းက ပွနေသည်ကို မရှုမရှာ တူးရဖော်ရသည်။

တစ်ခါတစ်ရံ မြေအောက် ၃... မှ ၅ပေအနက်တူးစဉ် သေတ္တာသုံး... လောက် တိုးနေ၍ နည်းမျိုးစုံ ဖြ... တောက်တူးကြရသည်။

မဖဲဝါကို မရှိမသေပြုမိ၍ ... ပေးတာ၊ ပညာပြတာ ခံရတာဟု ... ကြပါသည်။ မဖဲဝါ တကယ်ရှိ... ကျွန်တော် မသိပါ။ ကိုယ်တွေ့များ ... ဖူးသမျှတော့ အထက်ပါအတိုင်း ... ပါသည်။

◆◆◆

မဖဲဝါနှင့် ပတ်သက်၍ ခိုင်... သော အထောက်အထား တိတိ... မတွေ့ရချေ။ တတ်သိနိုင်သော ပုဂ္ဂို... ကြီးငယ် ပညာရှင်များအား လေ့... မေးမြန်းကြည့်တော့လည်း ဒေ... ယုံကြည်မှု ဒဏ္ဍာရီများသာ ဖြစ်... ကြောင်း အမိန့်ရှိကြသည်။ စာရေး... တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သ... မို့ ၃၁ဘုံရှိသည်ကိုတော့ ယုံကြည်... မည် ထင်ပါသည်။

အထက်ဘုံရှိသလို၊ အောက်... များလည်း ရှိသည်မို့ မကျွတ်မလွ... သေးသော နာနာဘာဝများ ရှိမည်... သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အ... ရကာယ်ရောက် ဘုံသားများက အ... နည်းသူ၊ အားငယ်သူ မိန်းမသား... ကလေးသူငယ်တို့ကို ခြောက်လှန့်... မျိုးလည်း ရှိတတ်ပေသည်၊ ရှိသည်... လည်း ယုံကြည်မိပါသည်။ သုသာ... ရွှေ့ပြောင်းခြင်း ဖြစ်ရပ်ဆန်းများ ... ဖူးပါသည်။ မကောင်းဆိုးဝါး (... မဟုတ်) မကျွတ်မလွတ်သေးသူ... လည်း ရှိနေသည့် သာဓကများစွာ ... ရပါသည်၊ ထိုများစွာအနက် ပါ... ဒေါက်တာ ရှင်ဉာဏဇိသရစ်ကိုယ်... ကို တင်ပြလိုပါသည်။

www.burmeseclassic.com

မြွေကိုက် လူနာနဲ့ ဝမ်းလျှော လူနာတို့ကို ကိုယ်တိုင် ကယ်တင် စောင့်ရှောက်ခဲ့ရတဲ့ နှလုံးသားထဲက ခံစားချက်တွေကြောင့် လည်းကောင်း၊ နန့်ခမ်းမြို့က ဆီဂရေးဆေးရုံ၊ ရန်ကုန် ဗိုလ်တထောင်က ဂန္ဓီဆေးရုံ၊ ရန်ကုန် အလံပြဘုရားလမ်းက သတ္တမနေ့ ဥပုသ်အသင်းဆေးရုံ ကန်တော်ကလေးက မွတ်ဆလင်ဆေးရုံ၊ အဲဒီ ဆေးရုံတွေရဲ့ ဆေးကုသပေးနေပုံတွေကို မြင်တွေ့ သိရှိရ၍ လည်းကောင်း၊ ဆရာတော်သည် ၁၃၄၇ ခု၊ တန်ဆောင်မုန်းလ မိုးတွေတဖွဲဖွဲနှင့် ရွာနေစဉ် သီတဂူဆေးရုံကြီးကို စတင်တည်ဆောက်ဖို့ အုတ်မြစ်ချခဲ့ပါသည်။

ထိုစဉ်က စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သူရကျော်ဘ္ဘက မြေနေရာပေးလှူပါသည်။

စစ်ကိုင်းတိုင်း ကျန်းမာရေးဌာနဦးစီးအရာရှိ ဆရာဝန်ကြီး ဦးစောဂွါလာ၊ ဆရာဝန်ကြီး ဦးကျော်ဝင်း၊ ဆရာဝန်ကြီး ဦးမောင်မောင်ရှိန်၊ မန္တလေး ဆေးတက္ကသိုလ်က ဆရာဝန်ကြီး ဦးဝင်းနိုင်၊ မန္တလေး ဆေးရုံကြီးက ဆရာဝန်ကြီး ဦးထွန်းသင်၊ ခွဲစိတ်ဆရာဝန်ကြီး ဦးအောင်ခင်၊ မျက်စိအထူးကု ဆရာဝန်ကြီး ဦးကိုလေး အစရှိသော ဆရာဝန်ကြီးများသည် သီတဂူဆေးရုံကြီးရဲ့ ပုံစံဆွဲ တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံ၊ စီမံအုပ်ချုပ်ပုံတို့အတွက် အစဦးစွာ အကြံပြုခြင်း၊ နည်းစနစ်ပေးခြင်း၊ ပုံစံပေးခြင်းစသည့် ကူညီမှုများ ပေးခဲ့ကြသော ဆရာဝန်ကြီးများ ဖြစ်ကြပါသည်။

ဆေးရုံ၏ အခြေခံ ပုံစံကို ဆရာတော်ကြီးကိုယ်တိုင်ရေးဆွဲပြီး ဆရာဝန်ကြီးတွေရှေ့မှောက်မှာ တင်ပြဆွေးနွေး ဆုံးဖြတ်ချက်ရယူကာ တည်ဆောက်ခဲ့ကြသည်။ ခုတင် ၁၆လုံးဆံ့ ဆေးရုံ



ကို ဖွဲ့စည်းပုံအစုံအလင်နဲ့ တည်ဆောက်ဖို့ တွက်ချက်ကြည့်ရာ ကျပ်သိန်း ၆၀ ခန့် ကုန်ကျမယ်လို့ အဖြေရရှိပါသည်။

ဆရာတော်ကြီးက ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောက်ျား၊ မိန်းမ ပုဂ္ဂိုလ်ငါးမျိုးအတွက် တစ်ဆောင်လျှင် ၁၆ ခုတင်နဲ့ ဂီလာနဆောင်ကြီး ၅ခု တည်ဆောက်ဖို့ စီမံလိုက်သည့်အခါ ကုန်ကျငွေ ကျပ်သိန်း ၃၀၀ခန့် ဖြစ်ပါသည်။

"ဆေးရုံကြီးက ကြီးလွန်းတယ်။ သေးသေးဆောက်ပါ"လို့ ဝိုင်းပြောကြသည့် ဆရာဝန်ကြီးတွေကပဲ ယခုအခါ . . .

"ဆရာတော် ဆေးရုံက ကျဉ်းနေပြီ။ ထပ်ချဲ့ထွင်ပါဦး"

ဟု ဆိုလာကြပါသည်။

ဆေးရုံ စတင် တည်ဆောက်မည့်နေရာ မြေကြီးညှိစဉ်က ဒေါက်တာလုဟန်(နိုင်ငံတော်ကောင်စီအငြိမ်းစား)၊ ဒေါက်တာ မောင်လွင် (နိုင်ငံတော်ကောင်စီ - ကွယ်လွန်)၊ ဦးကျော်တင် (ဆည်မြောင်း ညွှန်ကြားရေးမှူး)၊ သူတို့တစ်တွေက မြေညှိတဲ့ အင်ဂျင်နီယာများနဲ့ မြေညှိစက်များ ကူညီပေးခဲ့ကြပါသည်။

ဆွမ်းဦး ပုညရှင် အနောက်ဘက် ဆူးချုံတောတွေ မြေရိုင်းကြီးကို ရှင်းလင်းတဲ့အခါ ခါနုတ်တော သုသာန်ကလေးကို တူးလိုက်၊ ဖြိုလိုက်၊ ဖျက်လိုက် လုပ်ရပါသည်။ ရုပ်အလောင်းမြှုပ်နှံထားတဲ့ အုတ်ဂူပေါင်း (၃၇)ဂူက အရိုးတွေကို တူးပြီး မီးရှို့ပစ်လိုက်ရပါသည်။

အချို့ အုတ်ဂူတွေက ပုပ်သိုးနေတဲ့ ရုပ်အလောင်းကောင်များ၊ အချို့ အုတ်ဂူတွေထဲမှာ မပုပ်မသိုးသေးတဲ့ ရုပ်အလောင်းများကို တွေ့ရသည်။

အလုပ်သမားတွေ၊ အင်ဂျင်နီယာတွေနဲ့ ဆရာတော်ကြီးတို့သည် ရှင်းလင်းနေဆဲ မြေလွတ်ကြီးမှာ တဲထိုးလို့ နေကြရသည်။ ညရောက်လျှင် အလှည့်နှင့် အိပ်ပြီး သတိထား စောင့်ကြပ်နေကြရသည်။ အချို့ အလုပ်သမားတွေ၏ ခေါင်းကို ထုသည်။ တချို့ အလုပ်သမားတွေကို ခြေထောက်ကနေ ဆွဲပြီး အိပ်ရာပေါ်မှ ဆွဲချသည်။ တစ်ခါတစ်ခါ တဲအမိုးပေါ် ခဲတွေ ကျလာတတ်သည်။

ဩဝါဒါစရိယ ပထမ ဂန္ထာရုံ ဆရာတော်က သံဃာ ဆွမ်းကပ်၊ ပရိတ္တရာရွတ်ပါးလှူ၊ အမျှဝေ၊ ပရိတ်ရွတ်၊ အမိန့်တော်ပြန် လုပ်ရမယ်လို့ ဩဝါဒပေးတဲ့အတွက် ထိုဩဝါဒအတိုင်း အားလုံး လိုက်လုပ်ကြသည်။ အမျှဝေ အမိန့်တော်ပြန်ပြီးသည့် ညနေခင်းတွင် TE-11 အမိုးဖွင့် ကားကြီးကို အဆင်သင့် ပြင်ထားပြီး . . .

"လာကြဟေ့၊ တက်ကြဟေ့။ မင်းတို့ကို နေရာပြောင်းပေးမယ်"

လို့ ဖိတ်ခေါ်ပြီး အသစ်လုပ်ထားပြီးဖြစ်တဲ့ သုသာန်ရေပ်နှင့် သုသာန်အသစ်ဆီကို ပို့ဖို့ စီစဉ်တော့ ကားကြီး

www.burmeseclassic.com

လိုက်ပါလာကြတာ တစ်ယောက်ကိုမျှ မမြင်ရပေမယ့် မော်တော်ကားကြီးရဲ့ တာယာတွေကတော့ တဖြည်းဖြည်း ပြားလာတာကို တွေ့ရသည်။ မြန်မြန် ကားထွက်ပြီး ရွှေ့ပေးလိုက်ရသည်။

သုသာန်ပြောင်းရွှေ့ပြီးသည့်ညမှ စ၍ ဆေးရုံ မြေကွက်ကြီးထဲတွင် အားလုံး အေးချမ်းစွာ အိပ်ကြရသည်။

သစ္စာဝါဒီ ဆရာတော်က အင်း အစီအမံများ လုပ်ပေးသဖြင့် ဆေးရုံ ထောင့်လေးထောင့်တွင် မြှုပ်နှံထား လိုက်သည်။ ဆရာတော်ကြီးသည် တစ်ပြည်လုံး မရပ်မနား လှည့်လည် တရားဟော၍ ဆေးရုံတည်ဆောက်လာ ခဲ့ရာ ၁၃၅၁ ခုနှစ်၊ တပေါင်းလပြည့်နေ့ တွင် ဆေးရုံကြီးကို စတင်ဖွင့်လှစ်နိုင် ခဲ့ပါသည်။

◆◆◆

သုသာန်စောင့် မဖဲဝါကို ဒေသ အယူအစွဲအရ ရှိသည်ဟု ယုံနေသည် ကို အငြင်းမပွားလိုပါ။ သို့သော် အဝါ ရောင်ဝမ်းဆက်ဝတ် သုသာန်စောင့် မဖဲ ဝါဟူသော မကောင်းဆိုးဝါးကောင် ရွာ ထဲ လှည့်လည်နေသည်ကိုတော့ လက် မခံလိုပါ။

လူတွေက သူ့ရွာ၊ သူ့အရပ် သတ်မှတ်နေသည်။

နာနာဘာဝတွေက သူ့ဂေါ်စကန် နဲ့ သူ နေကြသည်။

၁၉၅၇-၁၉၅၈ ခုနှစ်ဝန်းကျင် ကာလများက ညအချိန်မတော် အဝါ ရောင်ဝမ်းဆက်ဝတ်နှင့် မကောင်းဆိုးဝါး မဖဲဝါ ရွာထဲရပ်ထဲ အချိန်မတော်သွား... သည်ကိုတော့ လက်မခံချင်ပါ။ သို့... ထိုအချိန်ကာလများက (သန့်ရှင်း... တည်မြဲ)ပါတီ မဲဆွယ်ပွဲကာလများ... သည်။ တစ်အိမ်တက်ဆင်း အ... ကာလမရွေးဘဲ မဲဆွယ်စည်းရုံးရေး... လည်း ဖြစ်သည်။


သန့်ရှင်းက အဝါရောင်ဝမ်း... ဖြင့် မဲဆွယ်လေ့ရှိသည်ကို ပြောသ... လိုက်တော့ မဖဲဝါခမျာ အချောင်အ... စွဲခံလိုက်ရတာများလားလို့ ... မကောင်းပင် ဖြစ်လိုက်ရသေး...

* * *

မောင်စိုးဆိုက်(...


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိ...



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်း...
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်...
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်...
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ...
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်...
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀...
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆော...
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်...
နာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်...
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟော...
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်...
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်း...
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမော...
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူး...
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်...
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်...
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအ...
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆံရာထံရောက်လျှင်သင်အောင်...
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော...
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်...
လွှဲချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေး...
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမ...
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်...

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100, 0949 320960, 01-73009994, 0951 5...




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



■

၁၉၇၀ ခုနှစ်၊ ရှမ်းပြည်နယ်၊ မိုင်းတုံ၊ မိုင်းဟန်ဒေသသို့ မြန်မာသစ်လုပ်ငန်းအမှတ် (၁၊ ၂၊ ၃) သစ်စက်ဝန်ထမ်း ၂၅ဦးသည် တစ်နှစ်တာတာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရပါသည်။ ထို ၂၅ဦးသည် စက်ရုံပေါင်းစုံ၊ စရိုက်မျိုးစုံ၊ ရာထူးအစုံ ပါခဲ့ကြသည်။

ထိုစဉ်က ကျွန်တော်သည် သစ်တိုက်ခွဲရသော ပိုင်းဆရာတစ်ဦးမျှသာ ဖြစ်ပါသည်။ ထို့အတူ အန်းငွေ၊ ကိုမြအောင်၊ ကိုအောင်မောင်း၊ ကိုကျော်ရင်၊ ကိုဝင်းစိန်၊ ကိုသိန်းကြည် စသည်တို့လည်း ပိုင်းဆရာများ ဖြစ်သည်။ ကျွန်တော်တို့ ပိုင်းဆရာများကို ကြီးကြပ်ညွှန်ပြသူများမှာ ကြီးကြပ်အဆင့် ဦးလှအောင်၊ ဦးလွင်၊ ဦးသန်း၊ ဦးသိန်းတို့ ဖြစ်သည်။

ရှမ်းပြည်တောင်ပိုင်းတွင် ကျွန်းတောတွေက တစ်မျှော်တစ်ခေါ်။ အဝေးမှ ကြည့်လျှင် ကျွန်းပွင့်တို့က သရက်ပွင့်တွေနှင့် တူလှသည်။

ကျွန်တော်တို့သည် ည ၁၀နာရီတွင် တောင်ကြီးမြို့သို့ ရောက်ပြီး ထိုမှ တစ်ဆင့် မိုင်းတုံသို့ ရောက်ပါသည်။ မိုင်းတုံမြို့သည် အရှေ့အနောက် အလျားရှည်သောမြို့ ဖြစ်သည်။ နောင်ပါရစ်ရပ်ကွက်သည် မြို့အရှေ့ဘက် အစွန်ရပ်ကွက်ဖြစ်ပြီး မိုင်းဆက်ကို ထိုရပ်ကွက်မှ သွားရသည်။

ကျွန်တော်တို့ကို နောင်ပါရစ်ရပ်ကွက်၊ သစ်ထုတ်ရေးဝန်ထမ်းတန်လျားတွင် နေထိုင်ရန် နေရာချထားသည်။ ကြိုက်နှစ်သက်ရာ အခန်းကို ရသည်။ ထိုစဉ်က သစ်ထုတ်ရေးဝန်ထမ်း မရှိ။ တောအုပ်ကြီးတစ်ဦးပဲ တွေ့ပြီး သူက တသီးခြား တိုက်နှင့်နေသည်။ မိုင်းတို သစ်စက်သည် မိုင်းတို-မိုင်းဆက်သွား ကားလမ်းဘေးမှာ ရှိသည်။ အလုပ်သမားများကို နောင်ပါရစ်ရပ်ကွက်မှ ခေါ်ယူရသည်။

ထိုအချိန်က နေ့စားလုပ်ခမှာ ဖြေကျပ် ၄၀ ပြားဖြစ်သဖြင့် ဒေသကုန်ဈေးနှုန်း အဆင်မပြေ၍ နေ့စားလုပ်သားများ ခေါ်မရပါ။ သို့ဖြစ်၍ လုပ်သားတစ်ဦးလျှင် တစ်လကို ဆန် ၁၀ပြည်၊ မိန်းမတစ်ဦးကို ဆန် ၅ပြည်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆပ်ပြာမှစ၍ ကျွန်တော်တို့ စက်ရုံမှ အစိုးရဈေးနှင့် ဖြန့်ပေးပြီး ခေါ်မှသာ နေ့စားလုပ်သားများ ရသည်။

သို့ရာတွင် ကျွန်တော်တို့ဆီ နေ့စားလုပ်သား လာလျှောက်သူမှာ ၆ဦးလောက်သာ ရှိသည်။ ထို ၆ဦးတွင် ရဲထွက် ကိုထွန်းဝေတစ်ယောက်သာ ဗမာပါပြီး ကျန် ၅ဦးမှာ အင်းလေးရှမ်းနှင့် လားဟူတို့ ဖြစ်သည်။ လားဟူ ၃ယောက်မှာ ဗမာနှင့် အနေနီး၍လား မသိ၊ ပေါင်းလို့သင်းလို့ ကောင်းသည်။

ကျွန်တော်တို့ မိုင်းတုံ၊ မိုင်းဟန်သို့ ပြောင်းရွှေ့သူများတွင် လှစိန်နှင့် ကျော်ရင်မှာ အတွဲများသည်။ သူတို့နှစ်ယောက်မှာ သစ်စက်တစ်စက်တည်း ကတော့ မဟုတ်။ စက်တစ်စက်ဆီက ဖြစ်သည်။ ကျော်ရင်က ပိုင်းဆရာ၊ လှစိန်က စာရေး။ နှစ်ယောက်လုံးမှာ အရက်ကို အတော်ကြိုက်ကြသည်။ လှစိန်မှာ ထမင်းဟင်းချက် ဝါသနာပါသည်။ သူသည် ထမင်းချက်လျှင် ထမင်းအိုးအမြှုပ်လေးတွေကို ခပ်၍ ခပ်၍ မြည်းတတ်သည်။

ကျော်ရင်က ဝါသနာတစ်မျိုး။ လစ်ရင် လစ်သလို သုတ်တတ်သည်။ စီးပွားရေးမဟုတ်။ ကြက်၊ ဘဲများ အလစ်သုတ်ပြီးလျှင် ဟင်းချက်ပြီးတာနှင့် အခန်းစီ လိုက်ဝေသည်။ အဝတ်အထည်သုတ်လာလျှင် လိုချင်သူ[...] ပေးသည်။ အရက်တော့ တိုက်ရသည်[...] သူတို့နှစ်ယောက်ပေါင်းမိလျှင် တွေ့[...] သုတ်သည်။ အစိမ်းအကျက် မရွေ[...] သူတို့နှစ်ဦးကို ဦးထွန်းဝေ(စက်တာ[...] ခံ)နှင့် လူကြီးတွေက သည်လို မလု[...] ကြရန် ဆုံးမကြသော်လည်း ရေ့တွင် "ဟုတ်ကဲ့"ဆိုပြီး နောက်ကွယ်မှာ လု[...] မြဲတိုင်း လုပ်၏။

◆◆◆

ကျွန်တော်တို့ သစ်စက်ဝန်ထမ်[...] များကို ခ・လ・ရ (၆၅)မှ လုံခြုံရေ[...] အတွက် တပ်စိတ်တစ်စိတ်ပေးထာ[...] သည်။ သူတို့တပ်စိတ်ကို တောင်ကု[...] လေးပေါ်တွင် စခန်းချပြီး သစ်စက်န[...] တွင် ကင်းတဲတစ်ခုရှိသည်။ ဗမာဆို၍ စစ်သားတွေသာ ရှိသဖြင့် ကျွန်တော်[...] တို့မှာ စစ်သားတွေကိုပဲ အားကိုးနေ[...] သလို၊ စစ်သားတွေကလည်[...] ကျွန်တော်တို့ကို စောင့်ရှောက်ပါသည်[...]

မိုင်းဟန်ရွာလေးသည် အိမ်ခြေ[...] ၅၀ ခန့်သာရှိပြီး တောင်စွယ် တောင်[...] တန်း၊ တောအုပ်တောတန်းတို့ ဝန်း[...] ထားတဲ့ ချိုင့်ဝှမ်းရွာလေး ဖြစ်သည်[...] ရွာအရှေ့ဘက်မှာ "ဦးအောင်ဖေ[...] ခံတပ်"ဆိုသော ကုန်းမြင့်မြင့်က ရွာ[...] စည်းရိုးလိုဖြစ်နေသည်။ ကျွန်တော်တို့[...] သစ်စက်က ရွာပြင်မှာ ဖြစ်သည်[...] ကျွန်တော်တို့က မိုင်းတုံတွင် တစ်လ[...] လောက်သာနေ၍ သစ်များ ခွဲပြီး[...] သည့်နောက် ထိုရွာလေးမှ ပြောင်းရွှေ့[...] လာခဲ့သည်။

ထိုရွာတွင် အထည်အလိပ်နှင့် ပစ္စည်းမျိုးစုံရောင်းသော ဈေးဆိုင် တစ်ဆိုင်သာရှိပြီး အရက်ချက်ဖိုကြီး[...] တစ်ခုနှင့် အရက်ဆိုင်နှစ်ဆိုင်ရှိသည်။

ကျွန်တော်တို့ ဝန်ထမ်းတွေ နေ[...] သောလိုင်းများရှေ့မှာ လင်းချောင်းများ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် မနက်ည မီးဖိုထားသည်။

တစ်နေ့ ည ၇နာရီလောက်ရှိ ည့်ထင်သည်။ ကျွန်တော်တို့အားလုံး ဝေး၍ မီးလှုံနေကြသည်။ ကျော်ရင် နှင့် လုစိန်တော့ မပါ။ အရက်သောက် သွားရာက ပြန်မလာသေးဟု ထင်ကြ သည်။

"လိုက်ပေ့၊ ဖမ်းဟာ၊ မလွတ်စေ နဲ့ သေနတ်နှင့် ပစ်၊ ဝါးချွန်နဲ့ ထိုးကြ"

ဆူညံနေသော အသံမျိုးစုံ ဓာတ် မီးရောင်တွေ တဝင်းဝင်းနှင့် ရွာထဲက လူအုပ်ကြီး ရွာပျက်သလို ဆူညံပြီး အသံပေး၍ ပြေးလာကြသည်။ သူတို့ ရှေ့မှာ လူနှစ်ယောက် ကျွန်တော်တို့ ဆီသို့ အသက်လု ပြေးလာကြသည်။ ကျွန်တော် ထိတ်ခနဲ စိုးရိမ်သွားသည်။ ထိုသူနှစ်ယောက်မှာ ကျော်ရင်နှင့် လုစိန်ဖြစ်သည်။

နှစ်ယောက်စလုံး ဘောင်းဘီတို သာပဲ ရှိသည်။ အပေါ်က စွပ်ကျယ်ပင် မပါ။ ကျွန်တော်တို့နှင့်အတူ မီးလှုံနေ သော ရဲဘော် မြင့်သိန်းက ချက်ချင်း သဘောပေါက်သွားပြီး ကျွန်တော့်ကို ပြောသည်။

"အစ်ကို . . . အစ်ကို သူတို့ နှစ်ယောက်ကို ဖွက်ထားလိုက်"

ကျွန်တော် သူတို့နှစ်ယောက်ကို အဝတ်အစားများ ဝတ်စေပြီး အိမ်ခန်း ထဲမှာ ထားလိုက်သည်။ တစ်စတစ်စ နှင့် လူအုပ်ကြီးက ကျွန်တော်တို့နား ရောက်လာသည်။ စခန်းပေါ်က စခန်းမှူး ဒုခံဗိုလ် ထွန်းမြင့် ဆင်းလာသည်။ လူအုပ်ကြီးက ဝါးချွန်တွေ၊ ဓားတွေ၊ လူမီးသေနတ်တွေနှင့်။

"ဟေ့ . . . ဘာဖြစ်တာလဲကွ"

စခန်းမှူးက အော်မေးပြီး ချင်းဆိုသလို အနားရောက်လာ သည်။ ရဲဘော်သုံးလေးယောက် လူ အုပ်ကြီးနှင့် ကျွန်တော်တို့ကို ဝိုင်းထား လိုက်သည်။

"ထွန်းလု . . . ဘယ်လိုဖြစ်တာ လဲ၊ ပြောစမ်း။ တပ်အုပ်ချုပ်နေတဲ့ နေရာမှာ မထီမဲ့မြင်လုပ်တာလားကွ"

ဆရာကြီး ထွန်းမြင့် အတော် ဒေါပွနေသည်။ ကိုထွန်းလု ဆိုတာ မိုင်းဟန်ကျေးရွာကောင်စီ ဥက္ကဋ္ဌဖြစ် သည်။

"ဒီသစ်စက်က လူနှစ်ယောက်၊ တစ်ယောက်က အရပ်ရှည်ရှည်နဲ့၊ တစ်ယောက်က ပုပု၊ ယိုးဒယားသွား မယ့် ကျွန်တော်တို့ကားပေါ်က ငါး ခြောက်တက်ခိုးတယ်။ ဒီမှာ သူတို့ လုံချည်တွေ"

ထိုအရပ်က လူများသည် နေ့စဉ် (သို့မဟုတ်) ရက်ခြား ယိုးဒယား(ထိုင်း) ကို လှည်းနှင့် သွားကြသလို၊ တစ်ခါ တစ်ရံ ကားနှင့်လည်း သွားကြသည်။ ဒေသထွက်ကုန်နှင့် ပြည်မက ငါး ခြောက်တို့လည်း ပါသည်။ ညနေဆို ပြန်ရောက်သည်။

"ဒီလုံချည်တွေက ကျွန်တော် ရွာထဲမှာ ရောင်းထားတာတွေ အများ ကြီး"

အမှန်က ထိုလုံချည်တွေမှာ ကျော်ရင်နှင့် လုစိန်တို့ လုံချည်မှန်း သိပါသည်။ ထိုလုံချည်များကို စက်ရုံ က ကျွန်တော်တို့ကို ၇ကျပ် ၅၀ ပြား နှင့် ထုတ်ပေးသည်။ ကျွန်တော်တို့က အသုံးပြုတ်သည့်အခါ ရွာထဲကို ၁၀ ကျပ်နှင့် ပြန်ရောင်းကြသည်။ ကိုယ့်လူ တွေရဲ့ ပစ္စည်းမှန်း သိသော်လည်း ဖွတ်ပဲ ငြင်းရသည်။

"ကျွန်တော်တို့ ကားပေါ် တက် ဖမ်းတော့ လုံချည်ချွတ်ပြီး ပြေးကြတာ"

"ဒီက လူတွေလို့ ဘယ်လိုသိ သလဲ"

"ကားပေါ် တက်တာ တွေ့လို့ မီးထိုးပြီး တက်ဖမ်းတာ။ ရွာမှာ ဒီလို သူခိုး မရှိဘူး။ သူတို့ရောက်မှ ဒီလိုဖြစ် တာ"

မီးဖိုကြီးမှ မီးတောက်သည် တဖြောက်ဖြောက်နှင့် အရှိန်ပြင်းစွာ တောက်နေသည်။ တစ်ခါတစ်ခါ မီးပွား တို့ လွင့်စဉ်လာသည်။

"ဘာကွ . . . ထွန်းလု၊ မင်း လူပါး မဝနဲ့နော်"

"ဆရာကြီး . . . ကျွန်တော် အမှန်ပြောတာ"

ထိုစကားကြောင့် ဆရာ ထွန်းမြင့် ရှက်သွားဟန်တူသည်။ ဟုတ်တော့ လည်း ဟုတ်လောက်ပါတယ်။ သူတို့ ဆီက ဈေးဆိုင်တွေမှာ ဈေးစောင့် ရောင်းသူ မရှိ၊ ဝယ်သူခေါ်မှ ထွက် ရောင်းသည်။

"ဒီလူနှစ်ယောက်ကို ထုတ်ပေး ပါ။ အရပ်ဘက်က အရေးယူပါမယ်"

ထုတ်ပေးလျှင် သတ်များ သတ် မလား။ ညတွင်းချင်းပင် မိုင်းတုံ ရဲစခန်း ပို့မလား မသိ။

"ဒီလူနှစ်ယောက် မင်းတို့ကို ပေးလို့ မရဘူး။ သူတို့ကို တို့ တာဝန် ယူထားရတာ။ ငါတို့မှာ တာဝန်ရှိတယ်။ ဒီလူတွေ အမှန်ဆိုရင် ငါခုံးမယ်။ မင်းတို့ ပြန်တော့၊ စစ်တပ်ရှိတဲ့ နေရာ မှာတောင် မင်းတို့က လူအုပ်နဲ့ ဓား၊ လုံး သေနတ်တွေ ယူပြီး ညကြီးမင်းကြီး အော်ပြီး ရောက်လာတာ၊ ဘာလဲ၊ မင်း တို့က သူပုန်တွေလား"

"ဆရာကြီး ဒီလို မပြောပါနဲ့။ ကျွန်တော်တို့ သူခိုးလိုက်တာပဲ၊ အရပ် ဘက်ဖြစ်တဲ့ ကျွန်တော်တို့ အရေးယူ ရမှာပဲ။ ကျွန်တော်တို့ကို ထုတ်ပေးပါ"

"ဘာကွ၊ ပြောနေတာ မရဘူး လား။ မင်းတို့ စစ်တပ်ကို ဘာထင်ပြီ


www.burmeseclassic.com

www.burmeseclassic.com

လဲဟင်"

ဆရာကြီး ဒေါသထွက်နေသည့်အတွက် အားလုံးငြိမ်နေသည်။ မီးတောက်က တဖြောက်ဖြောက် လောင်နေသလို၊ တစ်ခါတစ်ရံ လေအလာမှာ မီးပွားတွေ တလွင့်လွင့်ပျံ့ကုန်သည်။

"ကဲ - ဘယ်သူတွေလဲ၊ ခေါ်စမ်းကွာ"

နောက်ဆုံး အခြေအတင်ဖြစ်လာ၍ ကျော်ရင်နှင့် လှစိန်ကို ထုတ်ပေးခဲ့ရသည်။

"ဒီလူတွေလား"

"ဟုတ်တယ်…ဟုတ်တယ်"

လူအုပ်ကြီးက တစ်ပြိုင်နက်တည်း ဖြေသည်။ တချို့ကလည်း ဗမာစကားပီပီသသပြောတတ်ပြီး၊ တချို့က ပီသခြင်းမရှိ။ ဤတွင် တပ်ကြပ် ဆရာအောင်မြင့်က သူတို့နှစ်ယောက်ကို ဖြောင်း…ဒိုင်းနှင့် လက်ဝါးဖြင့် ရိုက်ပြီး…

"သွား၊ သူတို့နှစ်ယောက်ကို ထိပ်တုံးခတ်ထားလိုက်"

ရဲဘော်တစ်ယောက်က သူတို့နှစ်ယောက်ကို ကင်းဘုတ်ခေါ်သွားပြီး ထားလိုက်သည်။

"ကဲ - ကိုထွန်းလှ၊ ခင်ဗျားတို့ပြန်တော့၊ ကျုပ်တို့ ဆုံးမမယ်"

ဆရာ အောင်မြင့်က လူငယ်ပီပီ တိုတိုပဲ ပြောသည်။

ဒီတော့မှ ကိုထွန်းလှတို့ လူအုပ်ကြီးမှာ ပွစိပွစိနှင့် ပြန်သွားကြသည်။

ညဉ့်နက်လာ၍ အအေးဓာတ်က ပိုလာသည်၊ မီးတောက်မှာလည်း အရှိန်လျော့လာသည်။ ခုတော့ ပတ်ဝန်းကျင်က တိတ်ဆိတ်သွားသည်။

တစ်ခါတစ်ရံ ကြောက်စရာကောင်းတဲ့ တောက်တဲ့အော်သံ ပေါ်လာသလို၊ ဂျီဟောက်သံ၊ ကျားဟိန်းသံ



တို့လည်း ကြားရသည်။ နှင်းတွေက သစ်ရွက်တွေပေါ် တဖြောက်ဖြောက်ကျနေသည်။ ရွာထဲက လူအုပ်ပြန်သွားတော့ ဆရာကြီးက သူတို့နှစ်ယောက်ကို ခေါ်ပြီး ဆုံးမသည်။

"မင်းတို့… နောက်ကို ဒီလို မလုပ်နဲ့နော်။ အဖွဲ့လည်း သိက္ခာကျတယ်။ ဒီကောင်တွေက လွယ်တာ မဟုတ်ဘူး။ လမ်းမှာသာ မင်းတို့ကို မိသွားရင် မလွယ်ဘူး။ ကြည့်စမ်း၊ ဝါးချွန်တွေ၊ ဓားတွေ၊ တူမီးသေနတ်တွေနဲ့၊ တော်သေးတာပေါ့ သေနတ်နဲ့ လှမ်းမပစ်လို့။ ငါ လူမျိုးရေးထိခိုက်မှာ မပြောချင်ဘူး။ ငါတို့က ဗမာတွေ၊ ဗမာထိရင် မခံနိုင်ဘူး။ ဒါပေမယ့် မင်းတို့လုပ်တာ အားလုံး သိက္ခာကျတယ်။ ရှက်ဖို့လည်း ကောင်းတယ်။ နောက်မလုပ်ပါနဲ့"

ဆရာကြီးက ပြောဆိုဆုံးမသည်။ စက်တာဝန်ခံ ဦးထွန်းဖေကလည်း ဆုံးမသည်။

"ဆရာကြီးပြောတာ ဟုတ်တယ်။ မင်းတို့ကြောင့် အားလုံး အရှက်ရတာ

ဝမ်းနည်းစရာ၊ အခု ငါ့ညီတွေ လုပ်
ဆရာကြီးတို့သာ မရှိရင် တို့
မလွယ်ဘူး။ ဆရာကြီးတို့နဲ့ တော
စကားက အခြေအတင်ပြောရ
နောက် မလုပ်ကြနဲ့နော်"

ထိုအဖြစ်အပျက် ဖြစ်ပြီး
ကျော်ရင်ရော၊ လှစိန်ပါ ငြိမ်
သည်။

•••

မိုင်းဟန်ရွာနှင့် ပွန်ပါကျောင်း
တွင် နားကောင်းမူးရွာလေး ရှိသည်
နားကောင်းမူးရွာသည် မိုင်းဟန်
၂မိုင်ခန့် ဝေးသည်။ ပွန်ပါကျောင်းနှင့် ၅
ခန့် ဝေးသည်။ ပွန်ပါကျောင်းသည်
ယိုးဒယားနယ်စပ် မြန်မာရှမ်းရွာ
ဖြစ်သည်။ ပွန်ပါကျောင်းတစ်ဖက်
ကြက်ဟင်းခါးသီးတောင် ရှိသည်။
တောင်ကို ကျော်လျှင် ယိုးဒယား
မဲဆောက်မြို့ ဖြစ်သည်။

ကိုအောင်မိုးနှင့် ကျွန်တော်
စက်မလည်သော ရက်များတွင် နား
ကောင်းမူးရွာလေးသို့ အလည်သွား
ရှိသည်။ ထိုရွာလေးရှိ အိုက်ပီ
အိုက်စံတို့က ကျွန်တော်တို့နှင့် ခင်
ရင်းနှီးကြသည်။ သူတို့နှစ်ဦးတွင် အိုက်
သည် လူပု စိတ်တိုဖြစ်သည်။ အိုက်
က လူရည်လည်သည်။ သူက မြ
ကို အတော်ရောက်ဖူးသည်။ သူတို့
တွေကိုတော့ နာမည်မသိပါ။ ပီနန်
ကျွန်တော်တို့က ခေါ်သည်။

ကျွန်တော်တို့ ထိုနှစ်အိမ်
သွားလည်တိုင်း အရက်တိုက်သည်
ထမင်းကျွေးသည်။ ကျွန်တော်
ကိုအောင်မိုးမှာ အားသည်နှင့် သွား
သည်။ ကျွန်တော့်အတွက် သူတို့
မှာ အစားအသောက် အဆင်ပြေ
ကျွန်တော်တို့ရောက်လျှင် ကိုအောင်
က ထမင်းဟင်းဝိုင်းခူးတတ်သ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ရေခပ်၊ ကလေးထိန်း၊ ထင်းခွဲနှင့် ဟန်ကျနေကြသည်။ ထို အိမ်မှာ ကျွန်တော်တို့ စားအိမ် သောက်အိမ်ဖြစ်လေသည်။

နောက်ရက်များတွင် ကျော်ရင်နှင့် လုစိန်လည်း အလည်လိုက်ကြသည်။ သူတို့တွေ ပါသည့်အတွက် အိုက်ပီနှင့် အိုက်စံတို့က မငြိုငြင်ပါ။ သို့ရာတွင် ကျွန်တော်နှင့် ကိုအောင်မိုး က သူတို့နှစ်ယောက်ကို ကြောက်နေသည်။ စားအိမ်သောက်အိမ်ဖြစ်သည့်အတွက် ခြေဆော့လက်ဆော့ မလုပ်ကြရန် ပြောထားရသည်။ သို့သော်လည်း ကျွန်တော်တို့လည်း အသွားအလာမစိပ်တော့ဘဲ ခပ်ကျဲကျဲသာ သွားတော့သည်။

◆◆◆

တစ်နေ့မှာတော့ ကျော်ရင် တစ်ယောက် ခွေးမြီးကောက် ကျည်တောက်စွပ်၊ ဇာတိရုပ်ပြပြီ။

ထိုနေ့က အိုက်ပီတို့ဆီ ကျွန်တော်ရော၊ ကိုအောင်မိုးပါ မသွားကြ။ ညနေ ၃နာရီလောက်မှာတော့ အိုက်ပီ တစ်ယောက် စားကိုင်ပြီး ဒေါနှင့် မောင်း ကျွန်တော်တို့ဆီ ရောက်လာသည်။ စမ်းရေ့ ခုံတန်းမှာ ကျွန်တော်တို့ ထိုင်နေကြသည်။

"ပီအိုက် အောင်မိုး၊ ပီအိုက် ထွန်း"

"ဟာ··· အိုက်ပီ၊ ဘာဖြစ်လာ တာလဲ၊ လာ···လာ"

သူ ဒေါသဖြစ်၍ အသားတွေ တုန်နေသည်။ ခုံတန်းမှာ သူ့ကို ထိုင်ခိုင်းပြီး···

"ဘာဖြစ်လို့လဲ အိုက်ပီ၊ ဘယ်သူ နဲ့ဖြစ်လာလဲ"

"ပီအိုက်တို့နဲ့ ပါလာတဲ့ မျက်လုံး ပြူးနဲ့ သူခိုး၊ ငါ့ကြောင်ခိုးသွားတယ်။ ဒီလူ ဘယ်မှာလဲ၊ ငါသတ်မယ်။ ငါ အရမ်းစိတ်ဆိုးတယ်"

ဟိုက် · · ·ဒုက္ခတော့ ဖြစ်ပြီ။ ခြေဆော့လက်ဆော့ မလုပ်ဖို့ အတန်တန် မှာထားပါလျက်၊ လုပ်ရက်သည်။

"အိုက်ပီရယ်···မလုပ်ပါနဲ့၊ ငါတို့ တောင်းပန်ပါတယ်"

"မရဘူး ပီအိုက်။ သူ့သေမှ ငါ ကြိုက်မယ်။ ကြောင်ကို သားသမီးလို မွေးထားတာ ပီအိုက်တို့ သိတယ်။ ငါ အရမ်းစိတ်ဆိုးတယ်။ သူ့ကို ရှာပေးပါ"

ကျွန်တော်တို့ အခက်တွေ့ပြီ။ ကျော်ရင်တို့ကို ဘယ်မှာ ရှာရမှန်းမသိ။ သည်အချိန် သူတို့နှစ်ယောက်ကို ရှာတွေ့မည်လည်း မဟုတ်။ သူတို့ကို ရှာပြီး ကြောင်ပြန်ပို့ပေးပါ့မယ်ဆိုပြီး အိုက်ပီကို ချော့မော့လွှတ်လိုက်ရသည်။

ကျော်ရင်နှင့် လုစိန်ကို တွေ့တော့ အရက်မူးနေပြီ။ မိုးလည်း ချုပ်နေပြီ။ ကြောင်ကို ချက်စားလိုက်ကြပြီ ထင်သည်။

နောက်တစ်နေ့မနက်တွင် ကိုအောင်မိုးနှင့် အိုက်ပီတို့ဆီ သွားပြီး တောင်းပန်ကြသည်။ သို့ရာတွင် အိုက်ပီရော သူ့မိန်းမ ပီနန်းပါ မကျေနပ်ကြ။ သူ့သေမှ ကျေနပ်မယ်ကြီး ဗွတ်ပြောနေ၍ ကျွန်တော်တို့ လက်လျှော့ပြီး ပြန်ခဲ့ရသည်။ ကျွန်တော်တို့ ပင် အရက်သောက်၊ ထမင်းစား မလုပ်ရဲတော့။

"ဟေ့ · · ·ဘိုသန်း၊ ဘိုသန်း၊ ကိုအောင်မိုး"

ကျွန်တော်တို့ ပြန်လာစဉ် ရုံးမှ စက်တာဝန်ခံ ဦးထွန်းဖေက လှမ်းခေါ်သည်။

"အစ်ကိုကြီး··· ဘာပြောမလို့လဲ"

"ထိုင်ကြပါဦးကွ။ မင်းတို့ မျက်နှာတွေ မကောင်းပါလား"

ရုံးတွင် ဦးထွန်းဖေနှင့်အတူ ကိုလင်းထင်၊ ကိုအောင်ဝင်း၊ ကိုအောင်ဌေးတို့ ထိုင်နေကြသည်။ ကျွန်တော်တို့ ထိုင်စဉ်···

"ကျော်ရင်တို့နှစ်ယောက် ပြဿနာရှာပြန်ပြီဆို"

ကိုလင်းထင်က မေးသည်။ ကိုအောင်မိုး သက်ပြင်းချသည်။

"ဟုတ်တယ်။ ကျွန်တော်တို့ သွားတောင်းပန်တာ မကျေနပ်ဘူး၊ သေမှ ကြိုက်မယ်လို့ ပြောနေတယ်"

ဦးထွန်းဖေတို့ သက်ပြင်းချကြသည်။

"အင်း · · · အဲဒါမှ ဒုက္ခပဲ။ ပိုက်ဆံလျော်လို့လည်း မရဘူးလား"

"မရဘူး အစ်ကိုကြီးရဲ၊ ဗွတ်ကြီး။ သေမှ ကြိုက်မယ် ပြောနေတယ်။ အင်း ···အင်မတန် သဘောကောင်းတဲ့ ရှမ်းတွေဗျာ။ စိတ်နာအောင် သွားလုပ်တော့ တောင်းပန်လို့ကို မရတော့ဘူး။ ကျွန်တော်တို့ပါ လာဘ်ပိတ်သွားပြီ"

"ဒီနှစ်ယောက်ကတော့ အတော်ကို ဆိုးနေပြီပဲ"

"အခုတော့ လုစိန် မပါဘူး ကိုအောင်ဌေးရ၊ ကျော်ရင်တစ်ယောက်တည်းကို မဲနေတာပဲ"

"တောင်းပန်လို့ မရလည်း မတတ်နိုင်ဘူး။ သူ့ထိုက်နဲ့ သူ့ကံပဲ။ အိုက်ပီတို့ကလည်း အငြိုးကြီးတယ်နော်"

"ဒါလည်း မပြောနဲ့လေ ကိုအောင်ဝင်းရဲ့၊ နာအောင် သွားလုပ်တာကိုး"

◆◆◆

ထိုနေ့ညတွင် ကျွန်တော်တို့ ထုံးစံအတိုင်း မီးဖိုမှာ မီးလှုံနေကြစဉ်

www.burmeseclassic.com

ကျော်ရင်တစ်ယောက် ဗိုက်အောင့်သည်ဆိုကာ အန်သည်။ ကြောင်သား အန်ထွက်လာသည်။ အနားမှာ ရှိနေသူတွေက ဝိုင်းဝန်းနှိပ်နယ်ပေးပြီး ရှိသည့်ဆေးလေးတိုက်၍ ထိုညက ဗိုက်အောင့်သက်သာသွားသဖြင့် အိပ်ပျော်သွားသည်။ နံနက်မိုးလင်းတော့ ကျော်ရင် ဗိုက်အောင့် ပျောက်သွားသဖြင့် သစ်စက်တွင် သစ်များ တိုက်ခွဲနေသည်။ သို့သော် ခဏကြာတော့ ခေါင်းမူးသည်ဆိုပြီး ပစ်လဲကျသွားလျက် အန်သည်။

ညဘက်ရောက်တော့လည်း ဗိုက်အောင့်သည်ဆိုပြီး အန်သည်။ အားလုံး သံသယတွေ ဝင်လာသည်။ လပြည့် လကွယ် သန်းခေါင်ယံတွင် စက်ရဲ့ ပတ်ဝန်းကျင် ကောင်းကင်မှာ မီးလုံးတွေ ပျံသန်းနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ကျော်ရင်အား တတ်သမျှ မှတ်သမျှ ပြုစု၍ နားခိုင်းထားသည်။ မိုင်းတုံ ဆေးရုံမှ သူနာပြုဆရာမတစ်ယောက်ကို ပို့ထားပေးသည်။ ထိုဆရာမက ရွာလယ်မှာ နေသည်။ သူက ရှမ်းနှင့် ဂျူးစပ်သည်ဟု သိရသည်။ လားရှိုးဇာတိဖြစ်ပြီး အရပ်ရှည်ရှည် လုံးကြီးပေါက်လှဖြစ်သည်။ သဘောကောင်းပြီး ဗမာတွေကို အထူးခင်မင်သည်။ ထိုဆရာမအား သွားခေါ်၍ ပြရသည်။ ဆရာမက ဆေးထိုး၊ ဆေးတိုက်ထားသဖြင့် ကျော်ရင် ငြိမ်ပြီး အိပ်သွားသည်။

အအေးများသော နေရာဒေသဖြစ်သည့်အလျောက် ညနေပိုင်း ထမင်းစားသောက်ပြီးသည်နှင့် လိုင်းရှေ့ မီးဖိုကြီးမှာ အားလုံး စုဝေးရောက်ရှိကြသည်။ မောင်းထုခေါ်စရာ မလို။ မီးဖိုကြီးမှာ ဝိုင်းပတ် မီးလှုံကြပြီး ထွေရာလေးပါး စကားပြောကြသည်။ ဤတွင် ကျော်ရင် ဗိုက်အောင့်လာပြန်သည်ဆိုကာ အိပ်ရာထဲ ဝင်သွားသည်။

"အမလေး…လာကြပါဦး၊ လာကြပါဦး"

နှစ်နာရီလောက် ကြာတော့ ကျော်ရင့်အသံကြားရသည်။ ကျွန်တော်တို့တစ်တွေ သူ့ဆီ ပြေးသွားကြသည်။

"ကျော်ရင် ဘာဖြစ်တာလဲ"

ရှေ့ဆုံးမှ ရောက်သွားသော ကိုအောင်မိုးက မေးလိုက်သည်။

"ကိုကြီးမိုး…ကျွန်တော့်ကို ကယ်ပါဦး၊ ကိုကြီးမိုးရယ်…ဟီးဟီး"

ကျွန်တော်တို့အဖွဲ့မှာလည်း မန်းမှုတ်တတ်သူ တစ်ယောက်မှ မပါသဖြင့် အတော်ဒုက္ခရောက်ကြသည်။ တစ်ရက်နှစ်ရက် သိပ်မဆိုး။ သို့ရာတွင် တမှိုင်မှိုင်ဖြစ်နေပြီး ထမင်းပင် သိပ်မစားတော့။ ညအချိန်မတော်တွင်…

"အမလေး…သေပါပြီ ကြောက်ပါပြီ၊ ကြောက်ပါပြီ"

ဟု ထ,ထအော်နေသည်မှာ ရက်ဆက်ဆိုသလိုပင်။ နေ့မှာ ဘာမှ မဖြစ်သော်လည်း အမြဲတမ်း မှိုင်နေတတ်သည်။ လုစိန်က ကျော်ရင်အား



အနီးကပ် ပြုစုသည်။

"ကျော်ရင်… မင်း မနက်ပိုင်း ဆို ကောင်းသား၊ ဘာမှမဖြစ်ဘူးလား"

"မနက်ဘက်တော့ နေရ မဆိုးဘူး။ ဒါပေမယ့် စိတ်တော့ သိ မလန်းဘူး"

"ညကျတော့ ဘယ်လိုဖြစ်တာလဲ"

"ညကျတော့ အိပ်ပျော်ပြီဆိုတာနဲ့ ကြောင်အော်သံ ကြားရတယ်"

"ဘာကွ၊ ကြောင်အော်သံ… ဟုတ်လား"

ကိုအောင်မိုးက အံ့သြသလို မေးသည်။

"ဟုတ်တယ် ကိုကြီးမိုး ကြောင်အော်သံ ကြားပြီးတာနဲ့ ကျွန်တော် လန့်တော့တာပဲ"

"မင်းကလဲကွာ၊ ဟုတ်မှလည်း ပြောစမ်းပါ။ အရင်ကရော ကြားလား"

"အရင်က မကြားဘူး ကိုလင်း"

"ကြောင်အော်သံ ကြားတော့ မင်းလန့်တယ်၊ နောက်တော့ ဘာကြောင့် အော်တာလဲ"

"ကြောင်အော်သံ ကြားပြီးတာနဲ့ မည်းမည်းအကောင်ကြီး ရောက်လာတော့တာပဲ။ ဒီကောင်ကြီးက တကယ် ကြောက်စရာကြီးဗျ။ တစ်ကိုယ်လုံး အမွေးအမှင်တွေ ရှည်ပြီး မျက်လုံးက ပြူး၊ ပါးစပ်က အစွယ် လက်တစ်ဆစ်လောက် ထွက်နေသေးတယ်။ လက် ဆန့်ပြီး လည်ပင်းညှစ်ဖို့ လုပ်တော့တာပဲ။ အဲဒါ ကြောက်ပြီး အော်တာပါ"

ကျော်ရင်ရဲ့ ရောဂါအတွက် ကိုအောင်မိုးနှင့် ကျွန်တော် ဦးထွန်း နှင့် ဦးလွင်တို့ လူကြီးနှစ်ဦးကို ခေါ် ရှမ်းပယောဂ ဆရာကြီးတစ်ဦးထံ သွား ရောက်ကြရာ ငြင်းလွှတ်လိုက်ပါသည်။ ထိုကြောင့် ကျွန်တော်တို့အားလုံး စု

www.burmeseclassic.com

...ပင်ကြသည်။

တောင်ကြီးရှိ မန်နေဂျာရုံးသို့ ...ကြောင်းကြားပြီး ပြန်ပို့ရန် ဆုံးဖြတ် ...သည်။ တောင်ကြီးရှိ မန်နေဂျာ ...ကိုနီကလည်း အိမ်ပြန်ပို့ပေးရန် ...ကြောင်းပြန်သည်။ သို့ဖြင့် ကျော်ရင် ... ပြန်ပို့လိုက်ကြသည်။

◆◆◆

ကျွန်တော်တို့ ပြန်ရောက်၍ ...ပတ်လောက် နားပြီး ကျော်ရင်ကို ...ာင်းမေးရန် ထွက်လာခဲ့သည်။ ...င်ဆုံး အမှတ်(၃) သစ်စက်မှ ...န်းဆီ ဝင်သည်။ ဦးသန်းက ...ဖက်ရည်ဆိုင်ခေါ်၍ ဧည့်ခံပြီး...

"ကိုဘိုသန်းရေ... ကျော်ရင် ...ရောက်ပြီး တစ်လလောက်ကြာ တော့ ဆုံးသွားရှာတယ်ကွာ"

"ဗျာ...၊ ကျော်ရင် ဆုံးသွားပြီ၊ ကျွန်တော်တို့ အခု ဦးသန်းကို ခေါ်ပြီး သူ့ဆီ သတင်းသွားမေးမလို့"

"အင်း...အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်းဆိုတာ တယ်မှန်ပါလား"

"ဒီမှာ အိမ်တွေက တစ်အိမ်နဲ့ တစ်အိမ်ကပ်၊ လူတွေက များ၊ တိရစ္ဆာန်တွေကလည်း သူမွေးကိုယ်မွေး မွေးကြတော့ ကြောင်တွေကလည်း အများကြီးပေါ့။ ညအချိန်မတော်မှာ ခွေးတွေက ကြောင်ကို ကိုက်လို့ ကြောင်အော်သံတစ်မျိုး၊ ကြောင်ကြောင်ချင်း ကိုက်လို့ အော်သံက တစ်မျိုးနဲ့။ ကြောင်အော်သံကြားလေ သူ့မှာ ကြောက်လန့်ပြီး နေစရာမရှိဘူး။ လူခြေတိတ်တာနဲ့ မိုင်းဟန်မှာ အော်သလို အော်၊ တစ်ခါတစ်ခါ သတိလစ်သွားတယ်။ နောက်ဆုံး အသက်ပါ ပါသွားတာပဲကွာ"

"အင်း... ကျော်ရင်...ကျော်ရင်...သူတို့ကြောင့် ကျွန်တော်တို့အဖွဲ့ အတော်သိက္ခာကျ အရှက်ရတယ်။ အခု သေဆုံးသွားတော့လည်း စိတ်မကောင်းဘူးဗျာ"

ဩော်...ဘယ်သူမပြု မိမိမှုပါပဲ ဆိုသော်လည်း ကျန်ရစ်ခဲ့ရသော မိသားစုဘဝတို့မှာကား မည်မျှ ကြမ်းတမ်းမည်ကို မသိနိုင်တော့ပါတကား။

* * *

မောင်မောင်ကြီး(လှိုင်နယ်မြေ)


## တစ်ခေါက်တစ်ခါ

## အရောက်လာစေချင်ပါတယ်

- ဆိုင်ကြီးက ဟီးနေပေမယ့် စျေးဝယ်သူပါး၊ ရောင်းအားကျ၊ ငွေဝင်နည်းလို့ စိတ်ညစ်နေသလား အမြန်ဆုံး စျေးဝယ်သူ စည်ကား ရောင်းအားတိုးတက် ဝင်ငွေကောင်းလာချင်သလား.....။
- နေ့စဉ် ငွေဝင် လာဘ်ရွှင်၊ အဆင်ပြေ ကံကောင်း၊ စီးပွားရေးတိုးတက်ခိုင်မြဲလိုသလား.....။
- လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ အတိုက်အခံ၊ အနှောင့်အယှက်၊ အစွပ်အစွဲ၊ အတိုင်အတော၊ အမှုအခင်း ပြဿနာတွေကြောင့် ကိုယ်စိတ်ဆင်းရဲနေပါသလား.....။
- အမြန်ဆုံး အဆင်ပြေ၊ ကင်းရှင်းပြီးပြတ်၊ ကိုယ်စိတ်ချမ်းသာ ဖြစ်လိုသလား.....။

**အခက်အခဲတွေကြားက ရုန်းထွက်ဖို့...**

## ဆရာကြီးဦးပိုင်ဇအောင်(ဓိဋ္ဌာဘွဲ့)

## လက္ခဏာဗေဒင်ဟောခန်း

ဟောခန်းအမှတ် - အခန်း(B-1)၊ မြေညီထပ်၊ တိုက်(၄၀)၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၉-၇၃၁ ၄၇၀ ၂၄၊ ၀၉-၅၀ ၉၃၈၉၁

www.burmeseclassic.com

# ပရန္နဝါပင် ဆေးဖက်ဝင်

ကျော်တင့်ဆွေ

ဟိုတုန်းဆီက မြန်မာ့တိုင်းရင်းဆေးလောကတွင် အားတိုးဆေးအဖြစ် ဖော်စပ်ရာတွင် ပရန္နဝါကို အသုံးပြုခဲ့ကြပါတယ်။ အခြား ရောဂါဘယများကို ကာကွယ်ကုသရာမှာလည်း အသုံးပြုနိုင်ပါတယ်။ မြန်မာနိုင်ငံတွင် ပရန္နဝါပင်မှာ ဒေသအလိုက် ပေါ်များလှပါတယ်။ ရက္ခဗေဒအရ ပရန္နဝါပင်မှာ အဖြူမျိုး၊ အနီမျိုး၊ အချိုမျိုးဟူ၍ သုံးမျိုးသုံးစား ပေါက်ရောက်ပါတယ်။ အာယုဗ္ဗေဒ ဆေးကျမ်းများမှာ ဖွင့်ဆိုချက်အရ အညိုရောင်အပင်မှာ ပိုမိုထက်မြက်သည်ဟု ဆိုထားပါတယ်။

## အမျိုးသမီးကျန်းမာရေး

မိသားစုတစ်စုတွင် အိမ်တွင်း သာယာမှုကို ဦးဆောင်ဦးရွက်ပြုပေးနေတဲ့ အိမ်ထောင်ရှင် အမျိုးသမီးရဲ့ ကျန်းမာရေးက အဓိကကျပါတယ်။ အမျိုးသမီးကျန်းမာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သင့်ပါတယ်။ မိသားစုအတွင်းမှာ သားဖွားပြီးစ အမျိုးသမီးများ နို့ထွက်အား နည်းပါးခြင်းအတွက် နို့ထွက်နှုန်း လိုင်လိုင်ဖြစ်ပေါ်လာစေရန် မီးဖိုဆောင်မှ ဟင်းလျာတစ်ခွက်ဖြင့် ပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ပါတယ်။ ပရန္နဝါရွက်ကို ဟင်းခါးချက်၍ သောက်ပေးနိုင်ပါတယ်။ ဤသို့ ဟင်းခါးကို သောက်ပေးခြင်းဖြင့် မိခင်ရဲ့ သကျည်းကိုက်ရောဂါကိုလည်း သက်သာစေနိုင်ပါတယ်။

## ရှေးအစဉ်အလာ မြန်မာ့အားဆေး

ရှေးအစဉ်အလာအရ မြန်မာမင်းများလက်ထက်မှ ယနေ့ မျက်မှောက်ခေတ်အထိ မြန်မာဆေးဆရာ ဝါရင့်ပုဂ္ဂိုလ်များဟာ လိင်ပိုင်းဆိုင်ရာ အားဆေးအဖြစ် ကာမအားဆေးအမည်နဲ့ အများအပြားသုံးစွဲခဲ့ကြပါတယ်။ ၂၁ရာစုမှာတော့ အမျိုးသား အားတိုးစေ စတဲ့ အမည်ဝေါဟာ... နဲ့ ဆက်လက် အသုံးပြုလျက် ရှိကြပါတယ်။ ရှေး... ကျမ်းများကလည်း ပရန္နဝါရဲ့ အာနိသင်တွေကို ဖော်ပြ... တဲ့ ကျမ်းတွေ အထင်အရှားရှိကြပါတယ်။

## ယောဂထရနာတရကျမ်း(လူပျိုဖြစ် ဆေး)

မျိုးဆက်သစ် ပြန့်ပွားရာမှာ အမျိုးသားများရဲ့ လိ... ဆိုင်ရာ ကျန်းမာရေးဟာ အထူးလိုအပ်ပါတယ်။ အာယ... မှာ ဖော်ပြထားတဲ့ ဆေးနည်းတစ်လက်ကို တင်ပြ... တယ်။ လတ်ဆတ်တဲ့ ပရန္နဝါ တစ်ကျပ်ခွဲသားကို ကြိ... ရလာတဲ့ သတ္တုရည်ကို နွားနို့ကျက်ကျက်နဲ့ ရောစ... သောက်ပေးပါ။ နေ့စဉ် ခြောက်လတိတိ သောက်ပေး... လိုပါတယ်။ အင်အား အထူးနည်းပါးကြသူတွေအ... တော့ တစ်နှစ်တိတိ အချိန်မှန်သောက်ပေးခြင်းအ... ခန္ဓာကိုယ်ကို အားအင်ပြည့်ဖြိုးကာ လန်းဆန်းပေါ့ပါး... ပါတယ်။ အသက်အရွယ်ကြီးပေမယ့်လည်း လူငယ်... လို လန်းဆန်းနေပါလိမ့်မယ်။ တကယ်တော့ ပရန္နဝါပင်... ရသာယနဆေးဖြစ်တာကြောင့် အသက်ရှည်ဆေးအ... သတ်မှတ်နိုင်ပါတယ်။

ပရန္နဝါ ပါဝင်သော ဆေးဝါးများကို အမျိုးသား... အထူးသဖြင့် စားသုံးလေ့ရှိကြပါတယ်။ လိင်ပိုင်းဆို... အင်္ဂါအစိတ်အပိုင်းများကို သန်မာကြံ့ခိုင်စေနိုင်ပါတယ်။ ... ကိုယ်အတွက် အဓိက လိုအပ်တဲ့ သုက်ဓာတ်များကို ပွား... စေနိုင်ပါတယ်။ အထူးသဖြင့် ပန်းသေ ပန်းညှိုးရောဂါ... အတွက် အထူးအားထားသင့်ပါတယ်။ အမြဲစားသုံး... ဟာ အမြဲတမ်း ရွှင်လန်း၍ အိမ်ထောင်ရေးသုခကို ... နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပရန္နဝါဟင်းတစ်ခွက်

လတ်ဆတ်သန့်ရှင်းတဲ့ ပရန္နဝါရွက်နဲ့ ငါးပြက်ကို ဟင်းလျာအဖြစ် ချက်စားပေးခြင်းအားဖြင့် ပန်းနာ ရင်ကျပ်ရောဂါနဲ့ ရင်ဘတ်နာကျင်မှုများအတွက် စားသုံးပေးနိုင်ပါတယ်။

ကြော်ချက်စားခြင်း၊ တို့မြှုပ်စားခြင်း၊ ဟင်းချို၊ ဟင်းခါးချက်သောက်ပေးခြင်း၊ သား ငါးများနဲ့ ချက်စားပေးလေ့ရှိပါတယ်။ ဤသို့ စားသုံးခြင်းအားဖြင့် ပရန္နဝါ ဆေးဖက်ဝင်အနှိသင်များကို ရရှိစေနိုင်ပါတယ်။

## ကျန်းမာလိုသူတိုင်းအတွက်

လတ်ဆတ်သော ပရန္နဝါ ပဥ္စင်းပါးကို အလေးချိန်အတိုင်းအတာတစ်ခုအဖြစ် အခြောက်လှန်းပြီး အမှုန့်ပြုပါ။ ထိုအမှုန့်ထဲတွင် သဘာဝအတိုင်း ရရှိစေနိုင်တဲ့ ပျားရည်၊ ထောပတ်တို့ကို ရောစပ်၍ တေဆေးကဲ့သို့ ဖော်စပ်ပြီး အလုံ သန့်ရှင်းသော ပုလင်းနဲ့ ထည့်ထားပါ။ ဤဆေးမှာ ဆေးကုန်ကြမ်းသုံးမျိုးရဲ့ ဆေးဝါးအာနိသင်များ ပါဝင်တဲ့ ပေါင်းစပ်ဆေးဖြစ်ပါတယ်။ ဆေးညွှန်းအဖြစ် ဆေးတစ်ခွက်ပမာဏမှာ လက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြစ်ပါတယ်။ ဆေးကို နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် စားပေးခြင်းဖြင့် အောက်ပါ ရောဂါတွေကို ပျောက်ကင်းစေနိုင်ပါတယ်။ အထူးပြောလိုသည်မှာ ဆေးပိုမိုထက်မြက်စေရန် ဆေးသောက်ပြီး နွားနို့စစ်စစ်တစ်ခွက်ကို ထပ်မံသောက်ပေးရန် လိုအပ်ပါတယ်။

လက်ကပ်ခြင်း၊ ခြေကပ်ခြင်း၊ ထုံကျဉ်ချည့်နဲ့ခြင်း၊ ထုံရောဂါ၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ ကိုယ်လက်ယောင်ခြင်း၊ သွေးအားနည်းခြင်း၊ သုက်အားနည်းခြင်း၊ ကာမအားကုန်ခန်းခြင်း၊ အရေပြားတွန့်လာခြင်း၊ မျက်စိမှုန်ခြင်း၊ အိုမင်းခြင်း၊ အင်အားကုန်ခန်းခြင်း၊ ဆံပင်ဖြူလာခြင်း၊ လေနဲ့ဆက်သော ရောဂါ၊ နှလုံးနဲ့ ပတ်သက်သော ရောဂါ၊ အူရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ရေဖျဉ်းရောဂါ၊ သလိပ်၊ မြင်းသရိုက်ရောဂါ၊ ကိုယ်ဖောရောင်ရောဂါ၊ ခံတွင်းပျက်ခြင်း၊ အရေပြားတွင် အနာဖြစ်ခြင်း၊ အဖျားရောဂါတို့မှာ သက်သာစေနိုင်ပါတယ်။

## ဝမ်းနာရောဂါနဲ့ ချောင်းခြောက်ရောဂါ

သန့်စင်ပြီး အမှုန့်ပြုထားသော ပရန္နဝါအမြစ်မှုန့်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ အိမ်သုံး သကြားမှုန့်တစ်ဇွန်းကို ရောနှော၍ စားသုံးနိုင်ပါတယ်။ နောက်တစ်နည်းကတော့ ပရန္နဝါအမြစ်မှုန့်ကို လျက်ဆားကဲ့သို့ မကြာခဏ လျက်ပေးလျှင် ပန်းနာရောဂါကို အကျိုးထူးစေပါတယ်။

## အစာလည်း ဆေး

ယနေ့ ၂၁ရာစုခေတ်မှာ အသုံးများတဲ့ ဝေါဟာရတစ်ရပ်ကတော့ အစာလည်း ဆေးပင်ဖြစ်ပါတယ်။ ပရန္နဝါရွက် လတ်လတ်ဆတ်ဆတ်ကို ငါးပနော်အကင်နဲ့ ကြော်ချက်အဖြစ် စားသုံးခြင်း၊ ဟင်းချိုချက်သောက်ပေးခြင်းဖြင့် အောက်ပါ ရောဂါတွေအတွက် ဆေးဖက်ဝင်စေနိုင်ပါတယ်။

မြင်းသရိုက်ရောဂါ၊ နှလုံးနဲ့ ပတ်သက်တဲ့ ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အူရောင်ရောဂါ၊ ကိုယ်ဖောကိုယ်ရောင်ရောဂါ၊ ရေဖျဉ်းရောဂါ၊ လေနာ၊ နားသလိပ်နာ၊ အစာမကြေတဲ့ရောဂါတွေပဲ ဖြစ်ပါတယ်။

## ကိုယ်တစ်ခြမ်းသေရောဂါ

လေဖြတ်၊ လေငန်း၊ ကိုယ်တစ်ခြမ်းသေရောဂါဝေဒနာများအနေနဲ့ ဟင်းလျာအဖြစ် မကြာခဏ စားသုံးသင့်တဲ့ ဟင်းလျာမှာ လတ်ဆတ်တဲ့ ပရန္နဝါရွက်ကို ငါးကြင်းသားနဲ့ ချက်စားပေးခြင်းပင် ဖြစ်ပါတယ်။

## ဆီးလမ်းကြောင်းနဲ့ မျိုးပွားအင်္ဂါစုရောဂါများ

အထက်ပါ ခေါင်းစဉ်ဝေါဟာရမှာ ကျယ်ပြန့်ပါတယ်။ ဆီးပူခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးအိမ်ကိုက်ခဲခြင်း၊ ဆီးလမ်းကြောင်းအတွင်းတွင် အနာဖြစ်ခြင်းနဲ့ အင်အားကုန်ခန်းခြင်း၊ နွမ်းလျခြင်း၊ ခံတွင်းအရသာ မတွေ့ခြင်း၊ သွေးအားနည်းပါးခြင်း၊ ကာမဆန္ဒပျောက်ကွယ်ခြင်း၊ ပန်းသေပန်းညှိုးရောဂါတွေပဲ ဖြစ်ကြပါတယ်။ ဒီလိုရောဂါလက္ခဏာတွေကို ဖယ်ရှားပေးနိုင်စေရန်အတွက် အသုံးပြုနိုင်တဲ့ သောက်ဆေးတစ်လက်မှာ လတ်ဆတ်သန့်ရှင်း ဆေးကြောထားတဲ့ ပရန္နဝါရွက်သတ္တုရည်ကို လက်ဖက်ရည်ဇွန်းလေးဇွန်း နွားနို့စစ်စစ်၊ ဒါမှမဟုတ်ရင် ဆိတ်နို့စစ်စစ် တစ်ဖန် ခွက်နဲ့ ရောစပ်ပြီး ဆေးတစ်ခွက်စာပမာဏအဖြစ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးရန်ပင် ဖြစ်ပါတယ်□

အာရောဂျံ ပရမံ လာဘံ

* * *

ကျော်တန်ဒေး



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၅ တေး ၆ ကြာ ၇ နေ ၈ ဟု

ဂမ္ဘီရ ဆန်းကြယ်

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

အကြီးအကဲတွေရဲ့ ကူညီမစမှု၊ စောင်မမှုကို ခံရချိန်။ ကောင်းပါတယ်။ ဒါပေမယ့် အနေအထိုင် အပြော ဆင်ခြင်ရမယ့်အချိန်။ အစစ ထိန်းထိန်းသိမ်းသိမ်း လုပ်ရမယ့်အချိန်။ အလုပ်ကိစ္စမှာ ပုံမှန်ပဲ လည်ပတ်နေ ပြဿနာအထွေအထူး မရှိ၊ မိသားစုကိစ္စတွေမှာလည်း ပုံမှန်ပဲ လည်ပတ်နေမယ်။ အစားအသောက်ကောင်းတွေ စား လက်ဆောင်ပစ္စည်းကောင်းတချို့ ရမယ်။ ရွှေထည်ပစ္စည်းထွက်တတ်တယ်။ ငယ်ရွယ်သူတွေ အချစ်ရေးကိစ္စ စိတ် ဖြစ်စရာ ကြုံမယ်။ အပြောအဆို အနေအထိုင် ဆင်ခြင်ပါ။ ကျန်းမာရေးမှာ ခြေထောက်ကိုက်ခဲတတ်တယ်။ ငွေ တယ်။ ငွေထွက်မယ်။ ကြံဖန်ပြီး ငွေထွက်မယ်။ စနစ်တကျ စစ်စီပြီးသုံးပါ။ ဒီလမှာ ကိုယ်လုပ်သလောက် အရာ တတ်ချိန်ပါ။ အစစ စိတ်ရှည်သည်းခံပါ။ ကုသိုလ်ကောင်းမှုတွေ များများလုပ်ပေးပါ။

ယတြာ။ ။ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ တံမြက်စည်းလှဲကာ သန့်ရှင်းရေးလုပ်ပြီး ကုသိုလ်ယူပါ။ တိုင်း လုပ်ပါ။ နေ့စဉ် သမ္ဗုဒ္ဓေ (၇)ခေါက် ပူဇော်ပါ။ ကုသိုလ်ကံတွေ ပွင့်လန်းလာပါ ဒီလထဲမှာ (၁၊ ၆၊ ၀) ဂဏန်းတွေ ကောင်းကျိုးထူးမယ်။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

ကံဇာတာ အထူးကောင်းနေပြီ။ မထင်မှတ်တဲ့ ငွေဝင်မယ်။ ထပ်ကာထပ်ကာ ဝင်မယ်။ အလုပ်ကိစ္စတွေ အဆင်ပြေမယ်။ ကြီးပိုင်းက ချီးမြှင့်တာတွေ ခံရမယ်။ အလုပ်ကိစ္စမှာ နာမည်ကောင်းရမယ်။ စကားအပြောအဆို ချိုသာပါ။ အထူးချိုသာပါ။ ကားအပြောအဆို ရိုင်းပျရင် မထင်မှတ်တဲ့ ပြဿနာလေးတွေ ဝင်လာတတ်တယ်။ ကျန်းမာရေး ကောင်းမယ်။ ငယ်ရွယ်သူ တွေ အချစ်ရေး အဆင်ပြေမယ်။ လေနုံနစ်ဖက်နင်းသလို အနေအထားတွေ ကြုံမယ်။ အိမ်တွင်းရေး အဆင်ပြေမယ်။ ပေမယ့် အိမ်မှာ နေရတာ မပျော်သလိုဖြစ်နေမယ်။ အိမ်ကို တစ်အိမ်လုံး တရော်ကင်ပွန်း အမွှေးနံ့သာတွေနဲ့ ဖျန်းပက်ပြီး တ်ဖွင့်ပေးပါ။ ရွှေထည်ပစ္စည်းတွေ ကျပျောက်တတ်တယ်။ သတိထားပါ။ ဒီအချိန်မှာ အရမ်းကာရော လောဘကြီးတာ တွေ မလုပ်မိပါစေနှင့်။ လောဘကြီးတဲ့ စိတ်ကြောင့် လူလိမ်ခံရတတ်ပါတယ်။ သတိထားပါ။ ဘာပဲဖြစ်ဖြစ် အစစ ဆင်ပြေသွားမှာပါ။

ယတြာ။ ။ ရေထဲက သတ္တဝါလေးတွေကို အစာကျွေးပါ။ လိပ်စာ၊ ငါးစာကျွေးပြီး ကုသိုလ်ယူပါ။ ပြီးတော့ ဒီလထဲမှာ ဘုန်းတော်ကြီးတွေကို ဆွမ်းလောင်းလှူပါ။ ကျကျနနလောင်းလှူပြီး ကုသိုလ်ယူလိုက်ပါ။

## အင်္ဂါသားသမီးများ

ကုသိုလ်ကံကောင်းနေတဲ့ လ။ ငွေဝင်မယ်။ ငွေအထူးဝင်မယ်။ အလှူအတန်း ကုသိုလ်ကောင်းမှုတွေ ပြုနိုင်မယ်။ လုပ်ကိစ္စ အဆင်ပြေမယ်။ ဒါပေမယ့် အလုပ်မှာ အဆင်မပြေမှုလေးတွေတော့ ကြုံမယ်။ အိမ်တွင်းရေး အဆင်မပြေတာ တွေ ကြုံမယ်။ မပြောစလောက်တဲ့ ကိစ္စလေးတွေပါ။ အစစ စိတ်ရှည် သည်းခံပါ။ ငယ်ရွယ်သူတွေ အချစ်ရေး ဆင်ပြေမယ်။ အချစ်ရေး စိတ်ချမ်းသာရမယ်။ ဒီလထဲမှာ ကျန်းမာရေး ဂရုစိုက်ပါ။ ကျန်းမာရေးအညံ့ကြုံမယ်။ အထူးသဖြင့် ားများမယ်။ ဒီလထဲမှာ ကိုယ့်အိမ်အနီးဝန်းကျင်မှာ မင်္ဂလာရှိတဲ့ ပွဲလမ်းကိစ္စတွေ ကြုံမယ်။ ကောင်းတယ်။ ထီကံပွင့်နေတဲ့ လပါ။ ထီထိုးပါ။

ယတြာ။ ။ အိမ်ဘုရားမှာပဲ ဖြစ်စေ၊ ဘုရားသွား ကျောင်းတက်လုပ်တာပဲ ဖြစ်စေ၊ နှင်းဆီပန်းတွေ ဝေနေအောင် ပူဇော်ပါ။ (၂၊ ၁၊ ၇)ဂဏန်းတွေနဲ့ ထီကံစမ်းပါ။ ဒီလထဲမှာ ဂုဏ်တော်ကိုးပါးကို အထူးပွားထုံပြီး ကုသိုလ်ကံ မြှင့်တင်ပေးပါ။

## ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဝိုးရိမ်စိတ်တွေကို ပယ်ထားရမယ့်အချိန်။ ဟိုဟိုသည်သည်တွေးပြီး ပူပန်နေမိတာမျိုးတွေကို ဖယ်လိုက်ပါ။ ကိုယ့်ကိုယ် ယုံကြည်စိတ် မွေးပါ။ အထူးသဖြင့် ဘာသာရေးကို အားပြုပါ။ ဘုရားကို အထူးကြည်ညိုသဒ္ဓါစိတ်ဖြင့် ယုံကြည် ကပ်ပါ။ အကြံအစည်တွေ ပျက်ပြားသွားတတ်တဲ့ ကာလ။ ယုံကြည်စိတ်တွေ ပြိုပျက်သွားတတ်တဲ့ ကာလ။ စွပ်စွဲ တ်ပြောဆိုတာတွေ ခံရတတ်တဲ့ ကာလ။ အိမ်တွင်းရေး အဆင်မပြေမှုလေးတွေ ကြုံတတ်တယ်။ အလုပ်ကိစ္စတွေ င်ပြေမယ်။ အဲဒီလို ရှုပ်ထွေးနေတဲ့ကြားက အောင်မြင်မှုတွေလည်း ရလာဦးမယ်။ ကျန်းမာရေးကောင်းမယ်။ ပြဿနာ အထူး မဖြစ်နိုင်ပါဘူး။ ငွေတော့ အလွန်ကုန်မယ်။ ငယ်ရွယ်သူတွေ အချစ်ရေး ညံ့တယ်။ ဒီလထဲမှာ ဘေးစကား ကား လုံးဝ နားမယောင်မိပါစေနှင့်။

ယတြာ။ ။ ငှက်လွှတ်ပါ။ မကြာခဏလွှတ်ပါ။ သမ္ဗုဒ္ဓေဂါထာတော်ကြီးဖြင့် နေ့စဉ် ဘုရားရှိခိုးပါ။ (၁၊ ၇၊ ၆) ဂဏန်းတွေကို သုံးစွဲနိုင်ပါတယ်။ ကားစီးတာ၊ ကားမောင်းတာတွေ ဂရုစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ➤ကြာသပတေးသားသမီးများ

ပျော်ပျော်နေ။ လွတ်လပ်ပေါ့ပါးစွာနေ။ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်အောင် လေ့လာ။ ခေတ်မီမီ တွေး... ကံဇာတာ ကောင်းနေပြီ။ အထူးကောင်းနေပြီ။ ဘဝတက်လမ်း အခွင့်ထူးတွေ ပေါ်လာပြီ။ ဘာမဆို ရဲရဲရင့်ရင့် စွန့်စွန့်စား... လုပ်ပေတော့။ ငွေဝင်မယ်။ အလုပ်ကိစ္စတွေ အဆင်ပြေမယ်။ ရွှေဝင်မယ်။ ငယ်ရွယ်သူတွေ အချစ်ရေး အဆင်ပြေမယ်... အထူးပျော်ရွှင် ကြည်နူးရတတ်တဲ့ ကာလ။ လူရှုပ်လူပွေတွေနဲ့လည်း ပတ်သက် ယှက်နွယ်ရတတ်တဲ့အတွက် လူပေါင်းမ... အောင်တော့ သတိထား။ အစားမများစေနဲ့။ သွားနာတတ်။ သွေးသားမသန့်တဲ့ ကိစ္စမျိုးတွေလည်း ကြုံတတ်။ တစ်... သတိပေးပါရစေ။ အပျော်မလွန်ပါစေနဲ့။ ဘဝတက်လမ်း ပွင့်နေပါပြီ။

**ယတြာ။** ။ ရေကုသိုလ်ပြုပါ။ ဘုရားမှာ ရွှေကပ်လှူပါ။ ပူဇော်ပါ။ (၂၊ ၃၊ ၇) ဂဏန်းတွေ ဆောင်။ ပဌာ... (၂၄)ပစ္စည်းကို အထူးပူဇော်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤သောကြာသားသမီးများ

မထင်မှတ်တာတွေ ထပ်ကာထပ်ကာ ကြုံတတ်ချိန်ပါ။ ကံဇာတာ မြင့်မားနေပါတယ်။ ငွေဝင်မယ်။ ငွေကို ချွေတာ... စီးပွားရေးကို ဦးစားပေးရမယ့်အချိန်။ ငွေစုပါ။ ငွေကို ပစ်စလက်ခတ်ပြုမူရင် စိတ်သောက ဖြစ်ရတတ်တယ်။ ငွေ... တန်ဖိုးထားရမယ့် အချိန်ပါ။ တန်ခိုးသြဇာ မြင့်မားနေတယ်။ အလုပ်အကိုင် အဆင်ပြေမယ်။ ထိပေါက်တတ်တဲ့ ကာလ... စကားပြော ချိုသာပါ။ အိမ်တွင်းရေး အဆင်ပြေမယ်။ ငယ်ရွယ်သူတွေ အချစ်ရေးကံ ကောင်းနေတယ်။ အလည်လွန်... အိမ်ထောင်ကျတတ်ချိန်ပါ။ သတိပြုပါ။ ကျန်းမာရေးကိုတော့ နည်းနည်းဂရုစိုက်ပါ။ သွေးပေါင်ကျမယ်။ အစားမှား... ဘာပဲဖြစ်ဖြစ် ကံဇာတာကောင်းနေပါတယ်။

**ယတြာ။** ။ ထီးနီ (၁၀)လက်ကို ဘုရားတစ်ဆူမှာ လှူပြီး ကျကျနန ဘုရားဝတ်ပြုလိုက်ပါ။ မကြာခဏ... ဆောင်ရွက်ပါ။ (၅၊ ၆၊ ၀)ဂဏန်းတွေ ဆောင်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤စနေသားသမီးများ

စိတ်ဒွိဟဖြစ်စရာတွေ ကြုံတတ်ချိန်။ စိတ်ကို အထူးတည်ငြိမ်အောင် ထားပါ။ သူတစ်ပါး စကားတွေကို နားမယော... မိပါစေနဲ့။ လက်ရှိအိမ်ထက် ပိုကောင်းတဲ့အိမ် ပိုင်ဆိုင်ခွင့် ရတတ်ချိန်ပါ။ ငွေဝင်မယ်။ ငွေကုန်လည်း များမယ်။ အိမ်တွင်း... မှာ သားသမီးတစ်ဦးဦးအတွက် စိတ်ဖိစီးရတာမျိုးတွေ ကြုံမယ်။ စိတ်ကို လျှော့ချထားပါ။ ခေါင်းကိုက်တတ်တ... ကျန်းမာရေး ဂရုစိုက်ပါ။ ငယ်ရွယ်သူတွေ အချစ်ရေး ညံ့တယ်။ လိမ်လည်လှည့်ဖြားမှု ခံရတတ်တယ်။ အလုပ်ကိစ္စက... ကောင်းနေပါတယ်။ အထူးသတိပြုစရာက ဒီအချိန်မှာ ပတ်ဝန်းကျင်က စကားတွေကို နားမယောင်မိဖို့ပါပဲ။ စိတ်... အထူးတည်ငြိမ်အောင် ထားပြီး ကိုယ်လုပ်စရာရှိတာ လုပ်နေပါ။

**ယတြာ။** ။ စနေသားသမီးများ ဒီလမှာ ကုသိုလ်ကောင်းမှုတွေ ဖိလုပ်ပါ။ မုချ ထူးခြားမယ်။ အထူးသ... နံ့နက်စောစောတစ်ကြိမ်၊ ညဦးပိုင်းတစ်ကြိမ် ဘုရားရှိခိုးပါ။ ပြီးတော့ ဒီလထဲမှာ လမ်းမှာ ခွေးစာကျွေး... ကုသိုလ်ယူပါ။ (၄၊ ၆၊ ၃)ဂဏန်းတွေ ဆောင်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

အားလုံးသတ္တဝါ ချမ်းသ...
*အောင်အာတိတ် အောင်နိုင်...*
(၀၉-၇၃၀-၂၅၇၇၁ / ၀၁-၅၅၉-...)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ နိဝင်ဘာလအတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

## ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ …လိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အထောက်အပံ့ဖြစ်ပါလိမ့်မယ်။

"အောင်မြင်မှုကို မျှော်လင့်ခြင်းသည် အံ့ဩလောက်အောင် စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည့် ခံစားမှုဖြစ်သည်။"

*(အလမ်ကာမီချယ်)*


### ၂၀၁၃၊ နိဝင်ဘာလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ဂ၊ ၉၊ ၁၀၊ ၁၇၊ ၁ဂ၊ ၁၉၊ ၂၇၊ ၂ဂ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၂၉၊ ၃၀ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၂၄ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၅၊ ၂၆ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာရက်အလိုက် စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်း …သည်။ အသုံးအစွဲပြုပုံကို ယခင်လများတွင် ရှာဖွေဖတ်ရှုပါ။ ဉာဏ်လွှာပြီး လိုသလို အသုံးချနိုင်ပါတယ်။ ခရီးသွားရာ …နာမှုခြင်း၊ အကြံအစည်ပြုရာ မျက်နှာမှုခြင်း၊ ငွေကြေးဆိုင်ရာ၊ အလုပ်လျှောက်ထားခြင်း၊ အငြင်းအခုံ စကားပြောဆို… ရန်သူအား စကားပြောခြင်း၊ ချစ်သူကို စိတ်ကောက်ပြေရန် ချော့ခြင်းကအစ အသုံးပြုနိုင်သည်။ အဓိကမှာ စန်းပွင့် …အရပ်ကို မျက်နှာမူ ရွက်ဆောင်ရခြင်းပင် ဖြစ်သည်။

စန်းဂြိုဟ်သည် မိဿ၊ သိဟ်၊ ဓနုတွင် အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် ရှိပါက တောင်အရပ် …ပွင့်ပြီး မေထုန်၊ တူ၊ ကုမ်တွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် ရှိလျှင် မြောက်အရပ် …ပွင့်သည်။

### ထီကံ




ဤဇာတာသည် သူဌေးလောင်းရွှေမည့် ထီဖွင့်နေ့ ကောဇာ ဇာတာဖြစ်သည်။ (၃၊ ၀၊ ၁)ဂဏန်းများပါအောင် ထိုး… အာရုံပြု အဓိဋ္ဌာန်ဂဏန်းမှာ (၅၊ ၆)ဂဏန်းဖြစ်သည်။ ထီမဖွင့်ခင် တစ်ပတ်လောက်မှစ၍ အလှူခံ ပုံးများတွင် …ကြေးလှူဒါန်းပါ။ ပုံသကူစွန့်ပါ။

မဟာဘုတ် ဇာတာအရ အထွန်းဖွားများ၊ သိုက်ဖွားများ၊ ရာဇဖွားများ၊ အဓိပတိဖွားများ ငှက်ကို အစာကျွေးပါ။ ဘင်္ဂဖွား၊ ပုတိဖွား၊ မရဏဖွားများ ခွေးကို အစာကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အဆောင်ရတနာ

ဤလတွင် ဥဿဖရားကို တစ်လလုံး အဆောင်ပြုပါ။ ဘေးအန္တရာယ်ကင်းဝေးနိုင်ပါမည်။ လုပ်ငန်းအကြံအစည် အဆင်ပြေမှု ရှိပြီး ချစ်ခင်သူ ပေါလိမ့်မည်။ အနုပညာရှင်များ အထူးဝတ်ဆင်သင့်သည်။

## အထူးဂါထာမန္တန်ရွတ်ပွားရန်

ဤလတွင် "မဟာဝေဒဗ္ဗမန္တန်"ကို ရွတ်ပွားသင့်သည်။ ၁၀-၁၁-၂၀၁၃ ညနေ ၅နာရီမှ ည ၉နာရီအတွင်းနှင့် ... ၁၁-၂၀၁၃ မနက် ၄နာရီ ၃၀မိနစ်မှ နေ့လယ် ၂နာရီထိအတွင်း လည်းကောင်း၊ အဓိဋ္ဌာန်ထား၍ အထူးရွတ်ပွားသင့်သည်။ ဖြစ်နိုင်လျှင် ရွှေသန့်လျက်အစီအရင်များလည်း လုပ်နိုင်သည်။ ၁၅-၁၁-၂၀၁၃ တန်ဆောင်မုန်းလပြည့်၊ တနင်္ဂနွေနေ့... စီရင်နိုင်သည်။

တနင်္ဂနွေ - အုန်းသား၊
တနင်္လာ - ကံ့ကော်သား၊
အင်္ဂါ - ဆီးသား၊
ဗုဒ္ဓဟူး - လင်းလွန်းသား၊
ကြာသပတေး - ပေါက်သား၊
သောကြာ - သီဟိုဠ်၊
စနေ - ထိန်သားတို့ဖြင့် စီမံနိုင်သည်။

ဂုဏ်တော်ကိုးပါး၊ ဒိဝါတပတိဂါထာ၊ စိန္တာမဏိဂါထာ၊ မဟာဝေဒဗ္ဗ မန္တန်တော်များ ရွတ်ပွားလျက် စီမံနိုင်သည်။ ပြီးနောက် ဆောင်ထားပါ။ တစ်နှစ်တာအတွင်း ရန်ကာခြင်း၊ ဘေးကင်းခြင်း၊ ဩဇာရှိခြင်း၊ ကျော်စောခြင်း၊ ဟိတ်ကောင်းခြင်း နှင့် အတိုက်အခံများကို ကာကွယ်နိုင်သော အကျိုးရမည်။

စားသောက်ဆိုင်များ၊ အလှပြင်ဆိုင်များ၊ ရွှေဆိုင်များ၊ ကားပစ္စည်းအရောင်းအဝယ်ဆိုင်များ၊ အုတ်၊ သဲ၊ ကျောက် ထုံး အရောင်းအဝယ်ဆိုင်များ နေအိမ်ဘုရားကျောင်းဆောင်တွင် လက်ဖက်ဆွမ်း ကပ်လှူပေးပါ။ ပုံ့သကူစွန့်ပါ။

အိမ်ပွဲစား၊ ကားပွဲစား၊ စိန်ပွဲစား၊ ရွှေပွဲစားနှင့် ပွဲစားမှန်သမျှ နေအိမ်ရှိ ဘုရားတွင် ဖလားထဲ ရေအပြည့်ထည့် နှစ်သက်ရာ ပန်းပွင့်များ ရေပေါ်ထည့်ပြီး ဘုရားရှင်နှင့် ရှင်သီဝလိ ရဟန္တာကြီးအား တစ်ပွဲစီ ပြင်ပြီး သဒ္ဓါအပြည့်ဖြင့် လှူပါ။ ပဌာန်းရွတ်ပါ။ တစ်လလုံး လုပ်ပါ။

တက္ကစီမောင်းသူများ၊ သင်္ဘောမောင်းသူများ၊ ဆိုက်ကားနင်းသူများ နေအိမ်ဘုရားတွင် သပြေပန်းများကို တစ်လ ... ဝေဆာနေအောင် ထိုးလှူထားပါ။ ငှက်များ၊ ခွေးများကို အစာကျွေးပါ။

လက်ဖက်ရည်ဆိုင်ဖွင့်သူများ ရွက်လုပန်းများကို ဝေဆာနေအောင် သပြေပန်းများဖြင့် တွဲ၍ လှူဒါန်းပါ။ ဒိဝါတပတိ ဂါထာကို တတ်နိုင်သရွေ့ နေ့စဉ်ရွတ်ပါ။

## အကြံပြုချက်

ဤလထဲတွင်...

တနင်္ဂနွေသားသမီးများ - ဒုက္ခိတများကို ဒါနပြုပါ။
တနင်္လာသားသမီးများ - လူသွားလမ်းတွင် အုတ်(၆)လုံး ခင်းပါ။
အင်္ဂါသားသမီးများ - ငါးကန်မှ ငါးများကို အစာကျွေးပါ။
ဗုဒ္ဓဟူးသားသမီးများ - တိရစ္ဆာန်ရုံရှိ ဆိတ်များကို အစာကျွေးပါ။
ကြာသပတေးသားသမီးများ - လိပ်များကို အစာကျွေးပါ။
သောကြာသားသမီးများ - ဘုန်းကြီးကျောင်းမှ မြက်များ နုတ်ပေးပါ။
စနေသားသမီးများ - ဘုရား၊ ကျောင်း၊ ကန်တွင် ရှိသော အိမ်သာ၊ ကုဋီတို့ကို သန့်ရှင်းရေးလုပ်...

ခုနစ်ရက်သားသမီးများအားလုံး ဤလအတွင်း ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုး၊ သိမ်တို့တွင် တံမြက်စည်းလှည်း၍ သန့်ရှင်းရေးလုပ်ပေးပါ။

ဓေဋ္ဌာရာ ဆရာ...



www.burmeseclassic.com



မြမြလှိုင်

www.burmeseclassic.com

ရှိုက်ကြီးတငင်ငိုနေသော မသိန်းချစ်၏ အနားတွင် ဖွားမြင့် ထိုင်နေသည်။ သမီးဖြစ်သူကို မငိုရန် တားလည်း မတားချင်။ ဆက်ပြီးလည်း မငိုစေချင်။ သမီးမျက်နှာလေးကို ကြည့်လိုက်သည်။ ငိုရလွန်း၍ မျက်စိနှစ်လုံးမှ မျက်ခွံများ မို့အစ်မောက်နေပြီ။ မသိန်းချစ်သည် ယခုမှ အသက်အစိတ်ကျော်စသာ ရှိသေးသည်။ ဖွားမြင့်က ငါးဆယ်ကျော်၊ ခြောက်ဆယ်တွင်း ရှိသည်။ မြို့နေလူတန်းစားတွေအဖို့ အသက်ခြောက်ဆယ်ဆိုသော်လည်း အရွယ်မအို၊ စိတ်ပျို ကိုယ်နုစွာဖြင့် တင့်တယ်စွာ ပြင်ဆင် ဝတ်စားတတ်ကြ၍ ဇရာရုပ်ကို ဟန်လုပ်ကာ ဖုံးထားကြသည်။ ယခု ဖွားမြင့်မှာမူ ခြောက်ဆယ်တွင်း ချဉ်းနင်းဝင်ရောက်လာ၍ ဇရာ၏ နိမိတ်က ထင်ထင်ရှားရှားပြလာသည်။ ဆံဖြူ သွားကျိုး၊ ပါးရေတွန့်ကာ ခါးပင် ကိုင်းနေပြီ။

မသိန်းချစ်၏ အနားတွင် အသက် ၄နှစ်အရွယ် လူမမယ်ကလေးငယ် ယောကျ်ားလေးက ငိုနေသည်။ မသိန်းချစ်၏ မျက်နှာကို မော့ကြည့်နေသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဝတ်ထားသော အင်္ကျီလေးမှာ အရောင်မရှိ၊ ခပ်နွမ်းနွမ်းပင်။ အောက်ပိုင်းတွင် မည်သည့်အရာမှ ဝတ်ထားခြင်း မရှိပေ။

မသိန်းချစ်သည် မျက်နှာမှ မျက်ရည်စများကို လက်တစ်ဖက်ဖြင့် သိမ်းကာ သုတ်လိုက်သည်။ အသားက ဖြူသော်လည်း ဘဝဒဏ်က နေထိပန်းလို နွမ်းကာ အသားရောင်မှာ ဝင်းဝင်းပပ မလှနိုင်တော့ပေ။ အပျိုစင်ဘဝက သွယ်သွယ်လျလျ ခန္ဓာကိုယ်မှာ ယခုတော့ ပိန်ပိန်ပါးပါးဖြစ်နေပြီ။ ရွှန်းလဲ့တောက်ပခဲ့သော မျက်လုံးအစုံတို့သည် အတိတ်မှာ ကျန်ခဲ့ပြီ။ ယခုအချိန်တွင် မှိုင်းညို့ ရီဝေကာ မျက်ရည်များကြားမှ ပတ်ဝန်းကျင်ကို ဝေဝါးစွာ ကြည့်နေရသည်။

"ကျွန်မ သူ့ကို အတန်တန်ပြောပါတယ် အမေရယ်၊ မသွားပါနဲ့လို့ . . . ဟင့် . . . ဟင့် . . . ၊ သူ ကျွန်မ ပြောတာကို နားမထောင်ဘူး။ ခုတော့ . . . ခုတော့ . . ."

စကားကိုပင် ဆက်၍ မပြောနိုင်တော့ဘဲ မသိန်းချစ် ဆက်၍ငိုနေသည်။

ဖွားမြင့်၏ မျက်လုံးအစုံတွင်လည်း မျက်ရည်တို့နှင့် ပြည့်နှက်နေသည်။ သမီးနှင့် သမက်ကို အားကိုးတွယ်တာခဲ့သော သူ့ဘဝ၊ ဇရာ၏ နေဝင်ချိန်ကို စောင့်နေရသူ။ ယခုတော့ ဘယ်အမှုကို ဘယ်လိုပြုပြီး ဘယ်သူ့ကို အားကိုးရမည်ကို မသိတော့ပေ။

ရှိုက်ငိုရလွန်းလို့ လှိုက်ဖိုကာ ခုန်နေသောရင်ကို လက်နှင့် ဖိရင်း မသိန်းချစ်တစ်ယောက် ခင်ပွန်းသည် မြသောင်းကို သတိရနေမိသည်။

သိန်းချစ်နှင့် မြသောင်းမှာ တစ်ရွာတည်းသားတွေ မဟုတ်ပေ။ သိန်းချစ်သည် လောပြင်ရွာသူ။ မြသောင်းက ဝါးပိုးကုန်းရွာသားဖြစ်သည်။ လောပြင်နှင့် ဝါးပိုးကုန်းရွာသည် ခရီး သုံးမိုင်ခန့် ဝေးသည်။ လောပြင်သည် အိမ်ခြေပေါင်း တစ်ထောင်နီးပါးရှိသော ရွာကြီးဖြစ်သည်။ တံငါလုပ်ငန်းနှင့် အသက်မွေးကြသော ပင်လယ်ပျော်များဖြစ်သည်။

ဝါးပိုးကုန်းသည်လည်း အိမ်ခြေလေးငါးခြောက်အိမ်ရှိသော ရွာဖြစ်သည်။ တံငါအလုပ်နှင့် လယ်လုပ်ကြသူတွေ ရှိသည်။ မြသောင်းသည် တံငါလုပ်သားဖြစ်သည်။ သိန်းချစ်နှင့် အိမ် ထောင်ကျသည်မှာ သုံးနှစ်ရှိပြီ။ သမီး လေးတစ်ယောက်ရသည်။ မြသောင်းက တစ်ကောင်ကြွက်၊ မိဘမဲ့။ ထို့ကြောင့် သိန်းချစ်၏ အမေကို သူ့အမေလို သဘောထားပြီး လုပ်ကျွေးသမှုပြုသည်။ ဖွားမြင့်ကလည်း မြသောင်းအား သမက် ရယ်လို့ သဘောမထား။ သား တစ်ယောက်လိုပင် အားကိုးသည်။

"သိန်းချစ် . . . ဒီတစ်ခါ ပင်လယ် ထဲကို ထွက်ရင် ဂါးကို ငါဦးစီးရမှာ"

ဂါးသည် ငါးဖမ်းစက်လှေဖြစ် သည်။ မြသောင်းတို့အလုပ်သည် ကမ်း မမြင် လမ်းမမြင် ပင်လယ်ရေပြင်ကြီး အတွင်း၌ အသက်ကို ဖက်ရှက်လောက် ပင် တန်ဖိုးမထားနိုင်တော့ဘဲ သက်စွန့် ဆံဖျား ငါး၊ သားများကို ရှာဖွေရသော အလုပ်ဖြစ်သည်။ ငါးဖမ်းရာသီအချိန် ရောက်၍ မြသောင်းတို့ ငါးဖမ်းထွက် တိုင်း အိမ်တွင် ကျန်ရစ်သော မိသား မှာ အသက်ရှူမဝအောင် ရင်မောနေ သည်။ ဂါးသည် မော်တော်စက် တပ် ဆင်ထားသော ငါးဖမ်းလှေ သမ္ဗန်ကြီး ဖြစ်သည်။ အကြောင်းသင့်၍ ပင်လယ် တွင် ငါးဖမ်းအမိများလျှင် နေ့ချင်းပြန် လာနိုင်သော်လည်း ရာသီဥတုကြောင့် အကြောင်းမသင့်လျှင် ဆယ့်လေး ရက်ခန့် ကြာတတ်လေသည်။

ဂါးမော်တော်တစ်စင်းလျှင် ဦးစီး တစ်ယောက်နှင့် နောက်လိုက် ခြောက် ယောက်၊ ခုနစ်ယောက်ခန့် ပါသည်။ တချို့က ဂါးဦးစီးဟု ခေါ်သလို၊ တချို့ က ပဲ့စီးဟု ခေါ်ကြသည်။

"ငါးလုပ်ငန်းအတွက် ကြိုတင်ငွေ ယူလိုက်တယ်။ အဲဒါ အမေနဲ့ မင်း သားအမိ လိုရာသုံးဖို့ပဲ"

ထိုစကားတို့သည် သိန်း အတွက် မြသောင်း၏ နောက်ဆုံး

www.burmeseclassic.com

...ပြောသွားသော စကားများဖြစ်လိမ့်မည်
...မတွေးခဲ့ပေ။ မြသောင်းတို့ ဂါးထွက်
သွားပြီး လေးငါးရက်အကြာတွင်
ဂါးလှေပြန်လာသည်။ မြသောင်း
ပါမလာခဲ့။

"ပင်လယ်ထဲမှာ မုန်တိုင်းမိတာ
မြသောင်းကို ရှာမတွေ့ဘူး။ လှေပေါ်က
... ခုန်ချသွားတာကို အားလုံးမြင်ကြ
တယ်"

ထိုသတင်းကို ကြားသည်နှင့်
သိန်းချစ်ခမျာ ရင်ထုပြီး အော်ဟစ်
...သည်။ တစ်ရက် နှစ်ရက်စောင့်သော်
...သည်း မြသောင်း၏ အရိပ်ရောင်ကို
မမြင်ရ။ မတွေ့ရ။

ရေလုပ်သားများ စုဝေးနေထိုင်
...သော တံငါရွာမှာ မိုးရာသီဆိုလျှင်
မုန်တိုင်းထန်သည်။ ဒီရေကြမ်းသည်။
...ခါတစ်ရံ လှိုင်းလုံးကြီးများက ရိုက်
...သည်။ ကြမ်းတမ်းစွာ ရိုက်ခတ်
...သော လှိုင်းလုံးကြီးအောက်တွင်
... ကျွဲ နွား လူတို့ စတေးခံခဲ့ရသည်
... နည်းတော့ပြီး ရင်ထဲမှ မျက်ရည်
... မကုန်သေး။ အားပါးတရ ရှိုက်ကာ
... ငိုနေမိသည်။

"သမီးရယ်··· အိပ်ပါတော့၊ ငါ့
သမီးလေး ငိုရတာ မောရောပေါ့"

◆◆◆

အမေ စိတ်ဆင်းရဲမှာကို စိုးရိမ်
...သော အိပ်ရာထဲသို့ ဝင်ခဲ့ရသည်။ ရင်
... တိုးခွေကာ အိပ်နေသော သမီး
...၏ မျက်နှာကို ကြည့်ပြီး သိန်းချစ်
...မှ ရှိုက်ငိုမိပြန်သည်။ အချိန်မှာ
... သနာရီကျော်လောက် ရှိပြီ။ လ
...ကျော် ၅ရက်ဖြစ်သော်လည်း လ
...လေးတစ်ပိုင်းတစ်စကို တွေ့နိုင်
... ပင်လယ်ပြင်မှ တိုက်ခတ်လာ
...လေမှာ သိန်းချစ်၏ ရင်ကို မအေး
... လုံးမလှ၊ အပူလုံးကြွလျက်သာ



ရှိသည်။

အိပ်၍မပျော်။ အနားတွင် အိပ်
နေရှာသည့် သမီးလေးကို အိပ်ရာမှ
နိုးမည်စိုး၍ အသာဖယ်ပြီး သိန်းချစ်
အိပ်ရာထဲမှ ထလာသည်။ ဘုရားစင်
အောက်တွင် အိပ်ပျော်နေသော အမေ့
ကို ခြင်ထောင်အပြင်မှ မြင်ရသည်။
အိမ်ရှေ့လှေကားတွင် ထိုင်ပြီး တိမ်မည်း
ညိုတို့ အုံ့ဆိုင်းနေသော မလင်း
တစ်ချက်၊ လင်းတစ်ချက် လရောင်ကို
မော့ကာကြည့်ပြီး အလင်းရောင်ကို
ရှာမိသည်။ အိမ်တိုင်ကို မှီကာ
မြသောင်းကို တမ်းတ သတိရပြီး
မျက်ရည်ကျမိနေသည်။

ထိုင်နေရာမှ ထလာသည်။
လမ်းလျှောက်ရသည်မှာ လေထဲတွင်
ပေါ့ပါးနေသည်။ ပင်လယ်ပြင်မှ တိုက်
ခတ်လာသော လေကို ထိတွေ့သည်။
ခန္ဓာကိုယ်တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်
ခံစားရသည်။

"ရှဲ···ရှဲ···ရှဲ···"

ပင်လယ်လေ၏ အရှိန်ကြောင့်
ကုန်းစပ်နားတွင် ပေါက်နေသော ဓနိပင်
မှ ဓနိရွက်တို့ ရွက်ချင်းရိုက်သံ ယှက်သံ
ကို ကြားရသည်။ လရောင်က တဖြည်း
ဖြည်းမှေးမှိန်လာသည်။ အမှောင်ထုသာ
စိုးမိုးလာသည်။

"သိန်းချစ်"

နောက်နားဆီမှ ခေါ်သံကို ကြား
လိုက်ရသည်။

"သိန်းချစ်···သိန်းချစ်ရေ···"

တကယ်ကြားလိုက်ရသည့်
မြသောင်း၏ ခေါ်သံဖြစ်သည်။ ပီပီသသ
ကို ကြားရသည်။ သိန်းချစ်တစ်ကိုယ်
လုံး ရေခဲရေနှင့် ဖျန်းပက်လိုက်သလို
အေးစိမ့်စိမ့်ကြီး ခံစားရသည်။

"သိန်းချစ်ရေ··· ငါ ဒီမှာဟေ့"

နောက်ထပ် အသံကို ကြားရ
သည်။ အနားတွင် လာပြီး ခေါ်သလိုလို
ကြားရသည်။

"သိန်းချစ်··· ငါ မင်းအနားမှာ
ရောက်နေတာ"

ရေခဲတုံးလို အေးစက်နေသော
အရာဝတ္ထုတစ်ခုက သိန်းချစ်၏ အနား
သို့ ကပ်လာသလို ထင်ရသည်။

"ရှင်···ရှင်···ကိုမြသောင်းလား
ဟင်၊ ဟုတ်လား···ကိုမြသောင်းလား"

"အေး ဟုတ်တယ်။ ငါ မင်းကို
စိတ်မချလို့ ပြန်လာတာ"

"ရှင်···ရှင်···ဂါးလှေပေါ်က
ပြုတ်ကျသွားတယ်ဆို"

"ဟားဟားဟား···ပြုတ်ကျတာ
မဟုတ်ဘူး၊ သူတို့ မသမာတဲ့ အလုပ်
တွေ လုပ်တာကို ငါသိသွားလို့ ငါ့ကို
တွန်းချကြတာ"

"ဒါဆို···ဒါဆို···ရှင်···ရှင်က
ဘာဖြစ်သွားလဲ"

"သိန်းချစ်···သိန်းချစ်၊ ငါ့ကို
ကယ်ပါ မိန်းမရယ်။ ငါလေ အစာလည်း
မစားရ၊ အဝတ်အစားလည်း မရှိ၊

www.burmeseclassic.com

အရမ်းကို ဒုက္ခရောက်နေတယ်။ အခု ငါ့မှာ နေစရာမရှိဘူး။ ဟိုရေအောက် နက်ထဲမှာ လူနီကြီးက ဖမ်းခေါ်ထား တယ်။ သူ့ကို မနည်းတောင်းပန်ပြီး ငါလာခဲ့တာ"

"ရှင်က အခု ဘယ်မှာလဲ"

"သိန်းချစ်...မင်း ငါ့ကို မကြည့် ချင်ပါနဲ့။ ငါ့ရုပ်က ပြလို့ မကောင်းဘူး"

"ကိုယ့်ယောက်ျားပဲရှင်"

စကားသံ တိတ်သွားသည်။ နာခေါင်းထဲတွင် ပုပ်အဲ့အဲ့အနံ့ကို ရလာသည်။ ပင်လယ်လေကလည်း အဆက်မပြတ် တိုက်နေသည်။ သိန်းချစ်၏ ခန္ဓာကိုယ်ဘေးနားမှ တစ်ခုခု တိုးဝင်ဖြတ်ပြေးသွားသလို ခံစားလိုက်ရသည်။

"ဝေါ...ဝေါ...ဝေါ"

ပင်လယ်ပြင်မှ လှိုင်းထန်လာသလိုပင်။ သိန်းချစ်၏ ရှေ့တွင် မပီမသ ဝိုးတဝါး အရိပ်မည်းမည်းကြီးတစ်ခု။ တိမ်အစင်း ၊ လအကွေးတွင် ခဏ ကလေးမြင်လိုက်ရသည်က ဆံပင် စုတ်ဖွားနှင့် အဝတ်မည်းကြီး ခြုံထား သော ခေါင်းပိုင်းတစ်ခုဖြစ်သည်။ ခန္ဓာ ကိုယ်အောက်ပိုင်းကိုမူ မမြင်ရပေ။

"သိန်းချစ်...သိန်းချစ် ငါသွား ရပြီ။ ငါ့အတွက် အလှူတစ်ခုခုလုပ်ပြီး ငါ့နာမည်ကို ခေါ်၍ အမျှဝေပေးပါ"

"စိတ်ချပါ။ စိတ်ချပါ။ ရှင့်ကို ဒုက္ခပေးတဲ့သူတွေကိုလည်း ရှင်ကိုယ် တိုင် ဖမ်းပေး။ ကျွန်မလည်း ရှင့် အတွက် တတ်နိုင်သလောက် အလှူ လုပ်ပြီး အမျှဝေပေးပါမယ်"

"ငါသွားပြီ သိန်းချစ်ရေ"

အသံသြသြ ရှတတနှင့် ကြား လိုက်ရပြီး သိန်းချစ်၏ မျက်စိရှေ့တွင် ပင် ရေပြင်ပေါ်မှ ဆံပင်စုတ်ဖွား ခေါင်း ပြတ်ကြီး ရွေ့လျားသွားသည်ကို မြင် လိုက်ရသည်။

"ဟင့်...ဟင့်...ဟင့်"

"ဟဲ့...သမီး။ သိန်းချစ်...သိ ချစ် ထ...ထ၊ အိပ်ရာထဲ သွား။ အ လေ့ကကာက ငိုသံကြားလို့ အ ထ လာကြည့်တာ၊ ဘယ်နှယ့် တိုင် မှီပြီး အိပ်နေတာလဲ။ ကဲ - ထ... လေတွေကလည်း အရမ်းတိုက် တယ်။ တော်ကြာ ဖျားနေဦးမယ်"

အမေ့အသံကြောင့် လန့်နိုးသ ဖြစ်သွားသည်။ မှောင်မဲနေသော ပင်လယ်ပြင်ရှိရာသို့ လှမ်းမျှော်ကြ လိုက်သည်။ သိန်းချစ်၏ မျက်လုံ တွင် တရိပ်ရိပ်ပြေးသွားသော ခေါ စုတ်ဖွားနှင့် အဝတ်မည်းကြီး ခြုံ ထားသည်ကို တွေ့နေရသလိုပင်။

* * *

ဖြိုး

" အာစရိယဂုဏ် အတတ် ဝန္ဒာမိ "

**ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)**

**ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)**

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွား အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေ ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင် နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ် အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါ (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင် ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေဧည့်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်း ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ထင်ရှား ခေါင်းလောင်းများ

သတိုးဖြိုး



လော့လာမှတ်သားမိသမျှတွေက ခေါင်းလောင်းတွေနှင့် ပတ်သက်ပြီး ဒီတစ်ပတ် ပြန်လည်ဝေမျှချင်ပါတယ်။ ကမ္ဘာ့ အကြီးဆုံး ခေါင်းလောင်းတွေနဲ့ ပတ်သက်ပြီး ပြောကြ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံက ဓမ္မစေတီ ခေါင်းလောင်းက ပထမ အထင်ရှားဆုံးနဲ့ တတိယ အကြီး ခေါင်းလောင်းကတော့ "မမင်းဖြူ မှန်မှန်ပြော"လို့ ကျွန်တော်တို့ သိထားတဲ့ မင်းကွန်းခေါင်းလောင်းတော်ကြီး ဖြစ်ပါတယ်။

ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းစာရင်းဝင် ကြီးငါးကြီး ခေါင်းလောင်းတော်များနဲ့ ပတ်သက်တာလေးတွေကို ရေးပြချင်ပါတယ်။


**ဓမ္မစေတီခေါင်းလောင်း**

ဓမ္မစေတီမင်းလက်ထက်မှာ သွန်းလုပ်ခဲ့တဲ့ ခေါင်းလောင်းဖြစ်ပါတယ်။ မှတ်တမ်းများအရ ကမ္ဘာပေါ်မှာ အကြီးဆုံး ခေါင်းလောင်းအဖြစ် စာရင်းဝင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစေတီခေါင်းလောင်းဖြစ်ပေါ်လာပုံကတော့ ဓမ္မစေတီမင်းဟာ သူ့ရဲ့ အမတ်ကြီး လေးဦးကို လူဦးရေစာရင်းကောက်ခိုင်းပါတယ်။ အမတ်ကြီး လေးဦးဟာ လူဦးရေစာရင်းသာမကဘဲ၊ အိမ်တိုင်းမှ ကြေးသတ္တုတွေကိုပါ တစ်ပါတည်းကောက်ခံပါတယ်။ ဒါကို ဓမ္မစေတီမင်း သိတော့ အမတ်လေးဦးကို အပြစ်ပေးပြီး ကြေးများကို ပြည်သူများထံ ပြန်ပေးစေခဲ့ပါတယ်။ ကြေးစင်တန်ချိန် တစ်သန်းရှစ်သိန်းရခဲ့တယ်လို့ ဆိုပါတယ်။ ပိုင်ရှင်တွေက ပြန်မယူတော့ဘဲ မင်းကြီးလိုရာသုံးဖို့ ကြည်ကြည်ဖြူဖြူပေးလာတော့ အမတ်ကြီးဗညားအိမ်ကို အကြီးအမှူးခန့်ပြီး ခေါင်းလောင်းတော်ကို သွန်းလုပ်စေခဲ့ပါတယ်။

အမတ်ကြီး ဗညားအိမ်ကလည်း ဆရာတွေ အခါပေးတဲ့အတိုင်း တပေါင်းလဆန်း ၈ရက်(ကြာသပတေး)နေ့မှာ စတင်သွန်းလုပ်ပါတယ်။ အဲဒီနေရာမှာ လောကဉာဏလို့ အမည်ရတဲ့ ဗေဒင်ဆရာကြီးက "ခေါင်းလောင်းတော်ကြီးဟာ အပြစ်အနာအဆာမရှိ ချောမောစွာ ပြီးမြောက်ပါလိမ့်မယ်။ ဒါပေမယ့် အသံမြည်မှာ မဟုတ်ဘူး"လို့ လျှောက်တင်တယ်။

ဘာကြောင့် ဒီလိုဖြစ်ရတာလဲလို့ ဆရာများကို မေးတဲ့အခါမှာ နက္ခတ်ခြောက်လုံးဖြစ်တယ်။ မိကျောင်းနက္ခတ်ဖြစ်သဖြင့် မိကျောင်းမှာ လျှာမရှိ၍ အသံမမြည်နိုင်ချေလို့ ဓမ္မစေတီမင်းကြီးကို လျှောက်တင် ရှင်းပြတယ်။

ဒါကြောင့်ပဲ ဓမ္မစေတီမင်းကြီးက ခေါင်းလောင်းတော်ကြီးကို "အဝိန္ဒသော်"လို့ ဘွဲ့တော်ပေးပြီး ရွှေတိဂုံဘုရားရင်ပြင်မှာ ချိတ်ဆွဲထားစေခဲ့တယ်။


ဓမ္မစေတီခေါင်းလောင်းတော်ကြီးဟာ အေဒီ ၁၅ ... က သွန်းလုပ်ခဲ့တာဖြစ်လို့ ကမ္ဘာ့အကြီးဆုံး ခေါင်းလော... ရှေးအကျဆုံး ခေါင်းလောင်းတော်ကြီး ဖြစ်တယ်။

ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ... ကျွန်တော်တို့တွေအားလုံး ဓမ္မစေတီခေါင်းလောင်းရှိခဲ့ဖူး... ကိုပဲ သိရပြီး မျက်မြင်ကိုယ်တွေ့ မမြင်ကြရပါဘူး။ ဘာ... လို့လဲဆိုတော့ ပေါ်တူဂီလူမျိုး ဖိလစ်ဒိဘရစ်တို သန်လျ... ကို ကြီးစိုးစဉ်အခါက အမြောက်သွန်းလုပ်ဖို့ဆိုပြီး ရွှေတိ... ရင်ပြင်ကနေ သန်လျင်ကို ဖောင်ဖွဲ့ပြီး ဖြုတ်ယူ သယ်ဆော... ခဲ့လို့ပဲ ဖြစ်ပါတယ်။ ခေါင်းလောင်းကြီးကို သယ်ယူစဉ်မှာ... ဒေါပုံမြစ်ကို အကူးမှာ ရေထဲကျပြီး နစ်မြုပ်နေခဲ့တာ။ ဒီနေ့... အထိဆို နှစ်ပေါင်း ၄၀၀ နီးပါးရှိခဲ့ပြီ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် ဓမ္မစေတီခေါင်းလောင်းတော်... ကြီးကို ဆယ်ယူဖို့ ကြိုးစားခဲ့ကြတာ။ ဒီနေ့ ဒီအချိန်အထိ... အထ,မမြောက်သေးပါဘူး။

## ရုရှားက ကြေးသွန်းခေါင်းလောင်းကြီး


ကမ္ဘာပေါ်မှာ ဒုတိယ အကြီးမားဆုံး ကြေးသွန်းခေါ... လောင်းကြီးပါ။ ရုရှားနိုင်ငံ၊ မော်စကိုမြို့ပေါ်က ကရင်မ... နန်းတော်ထဲမှာ ရှိပါတယ်။ ခေါင်းလောင်းအမည်က ဆာ... (T Sar Kolokol) ဖြစ်ပါတယ်။ ခေါင်းလောင်းကြီး... လက်မှုပညာရှင် ၂၀၀ ကျော်နဲ့ သွန်းလောင်းခဲ့တာ ဖြစ်...





www.burmeseclassic.com

www.burmeseclassic.com




တယ်။

အမြင့် ၁၉ ပေ ၃လက်မ၊ အဝန်း ၆၀ပေ ၉လက်မ၊ ထုကတော့ ၂ပေရှိပါတယ်။ တန်ချိန်အားဖြင့် တန် ၁၈၀ လေးချိန်ရှိပြီး ရှိးရှင်း အကြည်မြဆုံး အသံထွက်တဲ့ င်းလောင်းကြီးပါ။

ခေါင်းလောင်းကြီးကို ၁၇၃၃-၃၅ တွင် သွန်းလောင်း ကြတာပါ။ ခေါင်းလောင်းသွန်းလောင်းစဉ်က တစ်နေရာပဲ့ ပြီး၊ ပဲ့သွားသည့် အစသည်ပင် အမြင့် ၇ပေ၊ အကျယ် ပေရှိပြီး အလေးချိန် ၁၁ တန်ရှိတယ်လို့ ဆိုပါတယ်။

## င်းကွန်းခေါင်းလောင်းတော်ကြီး

မြန်မာနိုင်ငံမှာ မျက်မြင်၊ လက်ရှိ ရှိတဲ့အထဲမှာ ကြီးဆုံး ခေါင်းလောင်းကြီး ဖြစ်ပါတယ်။ ဘိုးတော်ဘုရား က်ထက်က သွန်းလုပ်ခဲ့ပါတယ်။ ကုန်းဘောင်ခေတ် လင်မှတ်တမ်းအရ ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း က်နေ့မှာ သွန်းလုပ်တယ်လို့ အဆိုရှိပါတယ်။

ခေါင်းလောင်းကြီးရဲ့ အတိုင်းအတာများကတော့ အချင်း ၃၁တောင် ၄သစ်(၁၆ပေ၊ ၁·၄လက်မ)၊ လုံး ၃၃တောင် ၁မိုက် ၄သစ်(၅၀ပေ ၁ ·၄လက်မ)၊



စောက် ၁၃တောင် ၁မိုက် ၄သစ် (၂၀ပေ ၃လက်မ)ရှိပါ တယ်။

အင်္ဂလိပ်တွေကတော့ မင်းကွန်းခေါင်းလောင်းကြီး ဟာ တန် ၈၀ ခန့်ရှိတယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။

ကျွန်တော် သိထားတာ "မင်းဖြူ မှန်မှန်ပြော"ဆိုတဲ့ အတိုင်းဆိုရင် ခေါင်းလောင်းကြီးရဲ့ ကြေးပိဿာ အလေးချိန် မှာ (၅၅၅၅၅)ရှိပါတယ်။ တန်ဖွဲ့ကြည့်မယ်ဆိုရင် (၉၀·၅၂) တန်ရှိကြောင်း သိရပါတယ်။


## ဂျပန်ပြည်က ခေါင်းလောင်းကြီး

ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာ ခေါင်းလောင်းကြီး ရှိနေပါ တယ်။ "ချီယွန်အင်"ကျောင်းတော်ဝင်းအတွင်းမှာ ရှိနေတာ ပါ။ ၁၆၃၃ ခုနှစ်မှာ သွန်းလုပ်ပြီး အလေးချိန်အားဖြင့်တော့ ၆၇ တန်ရှိပါတယ်။

ခေါင်းလောင်းကြီးကို အသံထွက်အောင် တီးခတ်ဖို့ ရဟန်းတော် ၁၇ပါး လိုအပ်တယ်လို့ ပြောဆိုကြပါတယ်။

## တရုတ်ပြည်က ခေါင်းလောင်းကြီး


မင်မင်းဆက်(၁၃၆၈-၁၆၄၄)လက်ထက်က သွန်းလုပ် ခဲ့တဲ့ ခေါင်းလောင်းကြီးပါ။ ရွှန်ဂဲ(လ်)လို့ အမည်ရှိပြီး တရုတ်ပြည်အရှေ့ပိုင်း၊ ရှန်ဒေါင်းပြည်နယ်၊ ဂျီနန်းမြို့မှာ သွန်း လုပ်ခဲ့တာပါ။






www.burmeseclassic.com

www.burmeseclassic.com





အခုအခါမှာတော့
ဂျင်းမြို့ကို ပြောင်းရွှေ့
တယ်။ ကြေးသွန်းခေါင်းလော
ကြီးရဲ့ အလေးချိန်က
တန်ချိန် ၄၅တန်၊ အမြင့်
·၇၅)မီတာ၊ အခန်းက (
မီတာရှိပြီး (၀·၂၂)မီတာ
ရှိခဲ့ပါတယ်။

ခေါင်းလောင်းကြီးရဲ့
တွင်းအပြင် မျက်နှာစာ
ဗုဒ္ဓကျမ်းဂန်လာ သုတ္တန်
တရတ်အက္ခရာ (၂၂၇,၀၀
ထွင်းထု ပူဇော်ထားပါတယ်

* * *



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝေယံဦး

# ရောဂါနဲ့ဆေးတည့်လို့ပေးမယ်

စာရေးသူသည် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၊ တပင်ရွှေထီး (၂)လမ်းက ကျောင်းဆရာမလေး ဒေါ်ဝေဝေခိုင်တို့အိမ်သို့ အလည်သွားရောက်ခဲ့ပါသည်။ ဆရာမ ဒေါ်ဝေဝေခိုင်ဟု ဒေါ်တပ်ထားသော်လည်း အသက် ၂၅နှစ်ဝန်းကျင်လောက်သာရှိ၍ စာရေးသူက သမီးဟု ခေါ်ဆိုပါသည်။ စာရေးသူ ရောက်သွားသောအခါ ဒေါ်ယဉ်နှင့် သမီး ဝေဝေခိုင်တို့က နှုတ်ဆက် ကြိုဆိုရင်း လက်ဖက်သုပ်ဖြင့် ဧည့်ခံကြပါသည်။

"ဒီလက်ဖက်က ဆိုးဆေးပါလား"

"ဟာ···ဒါတော့ မသိဘူး ဆရာရဲ့ စားလို့တော့ကောင်းတယ်"

"အေး၊ ကောင်းနေ၊ တော်ကြာ ရောဂါရနေမှဖြင့်···"

"လူတွေကတော့ ဒီလိုပဲ ဝယ်စားနေကြတာပဲ။ ဒီခေတ်က ဆိုးဆေးတွေ မကင်းဘူး။ ထန်းလျက်ဆိုလည်း ဖြူဆွတ်နေတာပဲ။ နဂိုက အညိုရောင်ကို ချွတ်ထားတယ်။ သကြားဆိုလည်း နဂိုက ညိုတိုတိုနဲ့၊ အခု သကြားတွေက ဖြူဖွေးနေတာပဲ။ ချွတ်ဆေးတွေ သုံးထားတာကိုး။ ဒီခေတ်သက်သတ်လွတ်စားလည်း မလွတ်ဘူး။ အဲဒါကြောင့် ရောဂါတွေက တစ်မျိုးပြီး တစ်မျိုး ထူးခြားနေတာ ကြည့်တော့၊ အဲဒါတွေ မစားရင် ဘာစားမလဲ၊ ကျွန်မလည်း ဈေးထဲသွားရင် ဘာဝယ်လို့ ဘာစားရမှန်း မသိအောင်ပဲ"

"အင်း···ဒါလည်း ဟုတ်တာပဲ"

"ဒီခေတ်က လူတွေအကြိုက် လိုက်လုပ်ပေးသလို ဖြစ်နေတယ် ဆရာရဲ့"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အသီးဆိုလည်း ကြီးမှ၊ အရွက်ဆိုလည်း ကြီးပြီး ခပ်ဖားဖားမျိုးမှ ကြိုက်တာလေ။ သခွားသီး၊ ကြက်ဟင်းခါးသီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ မုန်ညင်း၊ ဆလပ် စတာတွေဆိုလည်း ကြီးမှ၊ ထွားမှ၊ လန်းမှ မဟုတ်လား။ ဒီနွေမှာ ပေါ်တဲ့ ဖရဲသီး၊ သခွားချိုသီးဆို ကြီးလိုက်တာ လွန်ပါရော ဆရာရယ်"

"ဆရာတို့ခေတ်က ဖရဲသီး၊ သခွားချိုသီးဆိုတာ ကြီးပါတယ်။ ဒီလောက်ကြီးပြီး ထွားတာမျိုးတော့ မဟုတ်ဘူး။ အင်း···တိုးတက်တဲ့ ခေတ်ရေစီးကြောင်းလို့ ပြောရမလားပဲ"

"ဓာတ်ဆေး၊ ဆိုးဆေး၊ ချွတ်ဆေးလွတ်တဲ့ အစားအစာကို ရှာဖို့ မလွယ်ပါဘူး။ ဘယ်တတ်နိုင်မှာလဲ ဆရာရယ်။ မစားလို့လည်း မဖြစ်၊ စားရတာပဲ။ ကျွန်မကတော့ စားပြီး အစာဖျက်ဆေး၊ အစာကြေဆေးတော့ စားပါတယ်"

"ဆရာလည်း ဆေးကျမ်းလေးတွေ ရေးပါလား"

"ဟာ···သမီးကလဲ၊ ဆေးကျမ်းရေးဖို့နေနေသာသာ၊ ဘာဖြစ်ရင် ဘာလုပ်ရမယ်ဆိုတာ သိဖို့ မဂ္ဂဇင်းစာအုပ်တွေထဲက တိုင်းရင်းဆေးအကြောင်း မှတ်စုအဖြစ် မှတ်ထားရတယ်"

"ဘယ်လောက်ကြာပြီလဲ"

"ကြာဆို အနှစ် ၁၀နှစ်လောက် ရှိတော့မယ်"

"ဒါဆို သမီးအကြံပေးမယ်။ အဲဒီ တိုင်းရင်းဆေးတွေထဲက ဘယ်ရောဂါဖြစ်ရင် ဘယ်လိုကုရတယ်၊ ဘယ်ဟာတွေ စားရတယ် စသည်ဖြင့် စာဖတ်ပရိသတ်ကို တင်ပြပေးပါလား။ အယ်ဒီတာလည်း သဘောကျမယ်၊ စာဖတ်ပရိသတ်လည်း သဘောကျမယ်၊ ဆရာ ရေးသင့်တယ်"

"စဉ်းစားဦးမယ် သမီး"

"မစဉ်းစားနဲ့တော့၊ ရေးသာရေး။ ပဲခူးမြို့က ဆရာမ ဒေါ်ဝေဝေခိုင်က အကြံပေးလို့ ရေးရတာပါလို့ ထည့်ရေးပေး ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းတိုက်ခန်းသို့ ပြန်ရောက်သောအခါ ဆရာမ ဒေါ်ဝေဝေခိုင် အကြံပေးချက်အရ စာရေးသူ လေ့လာမိသမျှ တိုင်းရင်းဆေးပညာအချို့ကို ဂုဏ်ရှိရဆန်းကြယ် စာဖတ်သူများအား တင်ပြလိုက်ရပါသည်။

◈◈◈

www.burmeseclassic.com

**သွေးတိုး၊ လေငန်းရောဂါဖြစ်လျှင်** အပြာရောင် ဗေဒါပွင့်ကို ဆီချက်နှံ့ သုပ်စားပါ။

**အစာမှား၊ ရေချိုးမှားလျှင်** ကွမ်းရွက်ပြုတ်ရည်ထဲသို့ ဟင်းနုနွယ်ဆူးပေါက်၊ ဆားအနည်းငယ်ထည့်၍ သောက်ပါ။

**အူကျရောဂါဖြစ်လျှင်** ကြိတ်မှန်ရွက်ယိုဆေးကို စားပါ။

**အကြောတက်ရောဂါဖြစ်လျှင်** ကြိတ်မှန်ရွက်သုပ်ကို မှန်မှန်စားပါ။

**လေငန်းရောဂါဖြစ်လျှင်** ရှောက်မြစ်ကို အရက်ဦးရည်နှင့် သွေးလိမ်းပေးပါ။

တစ်နည်း ဆေးပရုတ်နှင့် ရှောက်ရွက်တို့ကို ကြိတ်ပြီး အရက်မီးတောက်နှင့် လိမ်းပေးလျှင် သွေးကြော လေကြော ပွင့်စေပါသည်။ လမ်းလျှောက်ပါ။ အစားဆင်ခြင်ပါ။

**ငါးမျက်စိဖြစ်လျှင်** ငါးမျက်စေ့ပေါက်သော နေရာ၌ ငါးရိုးသွေး၍ တစ်နေ့ နှစ်ကြိမ် သုံးကြိမ်လိမ်းပေးပါ။ ငါးကြီးရိုး၊ ငါးအစိမ်းရိုးဆိုလျှင် ပိုကောင်းပါသည်။

**နာစေးလျှင်** ချင်းတက်အစိုကို ရေဆေး၍ ထောင်းပြီး ရသော သတ္တုရည်ကို ဟင်းသောက်ဇွန်း တစ်ဇွန်းစာလောက် သောက်ပေးပါ။ သောက်သောအခါ ပျားရည်စစ်စစ် ဆတူရောသောက်လျှင် ပိုကောင်းပါသည်။

**ဆီးချို၊ သွေးချိုဖြစ်လျှင်** ကန်စွန်းပနီရွက်(ကန်စွန်းရိုးနီနီ)ကို နူးအောင် ပြုတ်ပြီး ကတ်ကြေးနှင့် ပါးပါးညှပ်၍ နှမ်း၊ ကြက်သွန်ကြော်၊ ပဲမှုန့်တို့နှင့်အတူ ဆီ၊ ဆား အနေတော်ထည့်ပါ။ ပြီးလျှင် သံပရာသီးကို တစ်ခြမ်းညှစ်ထည့်ပြီး ကန်စွန်းရွက်သုပ်အဖြစ် ရေနွေးကြမ်းနှင့် ဖြစ်စေ၊ ထမင်းနှင့်ဖြစ်စေ နေ့စဉ်စားသုံးပေးပါ။

**ကြိုးထိုးရောဂါဖြစ်လျှင်** ဇာတိဖိုလ်သီးအဆန်ကို ကျောက်ပျဉ်တွင် ရေဖြင့် သွေးပြီး ဟင်းသောက် စတီးဇွန်း တစ်ဝက်လောက် ရသောအခါ ကြွေဇွန်းထဲသို့ မိနစ် ၂၀ ကြာအောင် ထားပြီးမှ လျက်ပါ။ (ကြွေဇွန်းမရလျှင် ကြေးဇွန်း၊ ကြေးခွက်ရလည်း အသုံးပြုနိုင်ပါသည်။)

**နားလေး၊ နားထိုင်း၊ နားမကောင်းဖြစ်လျှင်** ကွမ်းရွက်ကို ဒင်္ဂါးဝိုင်းသာသာ ဆုပ်ယူပြီးလျှင် ညအခါမှာ နားတွင်းသို့ ထည့်ပေးပါ။

**ခြေကွဲနာရောဂါဖြစ်လျှင်** ညောင်ပင်ကြီးတွေ၌ နို့နှစ်ထွေးထွေးလို အစေးဆိုတာ ရှိပါတယ်။ ထိုညောင်စေးကို ခြေကွဲသော နေရာမှာ သုတ်လိမ်းပေးပါ။ ညနေ၊ ညပိုင်း သုတ်လိမ်းလျှင် ပို၍အဆင်ပြေပါသည်။

**နေ့စဉ် အစာအဆိပ်ဖြေလိုလျှင်** ကျွန်တော် နေ့စဉ်စားသောအစာတွင် တက်စာ၊ ခိုက်စာများ ပါ က အဆိပ်တတ် ပျံ့နှံ့စေပါတယ်။ လွယ်လွယ်လေး ထန်းလျက်နှစ်ခဲ စားလိုက်ပါ။

**အသည်းရောဂါ၊ ဆီးချို၊ ဘီပိုးရောဂါမျိုး** တောင်ဆီးဖြူအခေါက်၊ အသား တစ်ဆယ်သားကို သုံး တစ်ခွက်တင် ကျိုပါ။ ပြီးလျှင် သောက်နိုင်သလော သောက်ပေးပါ။ များများသောက်က ရောဂါပျောက်စေ သည်။

**အနာပွီး( ခေါင်းမှာ ပေါက်သော ဘုလုံးကြီးများ ဖြစ်လျှင်** ကျောက်မီးသွေးကို သွေးပြီး လိမ်းပေးပါ။

**ငှက်ဖျားရောဂါဖြစ်လျှင်** ကျကျဖျော်ထားသော ကော်ဖီတွင် သံပရာရည်ထည့်ပြီး မှန်မှန်သောက်ပါ။ (ကော် မှုန့်စစ်စစ်သုံးရမည်။)

**နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လျှင်** ရေနွေး ကို မတ်ခွက်အတွင်းထည့်၍ သံပရာသီးတစ်လုံးကို အ လိုက်ထည့်၊ မတ်ခွက်အဖုံးအုပ်ပြီး သံပရာနွမ်းချိန် သောက်ပါ။ အသက်ရှူကျပ်၊ အသက်ရှိုက်ပြီး ရှူနေရသူ အထူးသက်သာစေပါသည်။

**သွေးကျရောဂါကြောင့် ခေါင်းမူးဝေနာဖြစ်လျှင်** ခရမ်းချဉ်သီးကို လေးစိတ်စိတ်ပြီး သကြားနှင့် တို့စား ချက်ချင်းသက်သာစေပါသည်။

**လေထိုးလေအောင့်ရောဂါဖြစ်လျှင်** မန်ကျည်း မှည့်အနှစ် ငါးကျပ်သား၊ နနွင်းမှုန့် တစ်ကျပ်သားကို အောင် နယ်ဖတ်ပြီး လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် စား ပါ။

**သွေးစုနာဖြစ်လျှင်** ဖောက်ထုံး၊ ပရုပ်ဆီ၊ ဆား ရောစပ်၍ လိမ်းပေးပါ။


**အသက်အရွယ်ရလာပြီး မူးဝေ မောပန်း ညော ညာကိုက်ခဲလေ့ရှိလျှင်** ဆီးဖြူသီးကို မကျက်တကျက်ပြု ပြီး အစေ့ထုတ်၍ အသားကို ထောင်းပါ။ ထို့နောက် ရက်ကျော်လျှင် နံနက်၊ နေ့၊ ညတို့တွင် တစ်ဇွန်းစီ သော ပေးပါ။

* * *

ဆရာ

www.burmeseclassic.com

www.burmeseclassic.com



# လပြည့်ည တစ်ညမှာ...

ညနေခင်း၏ ဆည်းဆာချိန်ကို အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံသွားလေပြီ။ လပြည့်ည လမင်းကြီးကတော့ ယခုမှ ထွန်းလင်းဖို့ အားယူနေသည်။ ကျေးရွာအိမ်များ၏ မီးဘူးလေး

www.burmeseclassic.com

www.burmeseclassic.com

များကတော့ လမင်းကြီးထက် ဦးစွာ ထွန်းလင်းကုန်ကြလေပြီ။ ပြာသိုလ ဆောင်းရဲ့ အအေးဓာတ်ကတော့ ယခင် နှစ်များထက်ပို၍ အေးလှပါတယ်။

အဲဒီအချိန်မှာ ဖိုးတီးနှင့် အောင်ပု တို့ သူငယ်ချင်းနှစ်ယောက်ကတော့ တစ်ဖက်ရွာက နောင်ဘိုရွာ ဘုရားပွဲ ကို မြန်မြန်ချီတက်ခဲ့ကြတယ်။ ဘုရား ပွဲက ဇာတ်ဆိုင်းသံကလည်း ဖိုးတီးတို့ နှစ်ယောက်ရဲ့ ခြေလှမ်းတွေကို ပိုသွက် စေနေသလိုပါပဲ။

ကျွန်တော်တို့ရွာရဲ့ အရှေ့ဘက် မှာ ရှိတဲ့ နောင်ဘိုရွာဟာ နှစ်စဉ် ဆောင်းတွင်းကာလဖြစ်တဲ့ နတ်တော်၊ ပြာသိုလတွေမှာ ဘုရားပွဲ ကျင်းပလေ့ ရှိပါတယ်။ ဘုရားပွဲက အမြဲတမ်း ၅ရက် ကနေ ၇ရက်အထိ ကြာလေ့ရှိတယ်။ နောင်ဘိုရွာက အခြားရွာတွေဖြစ်တဲ့ လယ်တော်ရွာ၊ ဘုရားဖြူရွာ၊ လွယ်မော ရွာ၊ မြေနီကုန်းရွာ၊ ကြာအင်းရွာ စတဲ့ ရွာတွေနှင့် ဆက်စပ်နေတယ်။ ဘုရား ပွဲကို အဲဒီရွာက လူတွေအားလုံးနီးပါး လာရောက်ကြတော့ ဘုရားပွဲက မစည် ဘဲ နေပါ့မလား။ တောရွာဆိုတော့ ပွဲ ကြိုက်တဲ့သူတွေချည်းပါပဲ။ ရွာထဲက အဘွားကြီးတွေဆိုရင် အိပ်ယာလိပ် တွေ၊ ဖျာတွေနှင့် ဇာတ်ကြည့်သွားကြ တာ ညနေတိုင်း ဆိုပါတော့။ သူ့အရပ် နှင့် သူဆိုတော့ ပျော်စရာတစ်ခုပါပဲ။

ဒီနှစ် ဇာတ်ပွဲက တောအကြိုက် (ကျွန်တော်တို့ရွာအကြိုက်) ရွှေမင်း သားဇာတ်ပါ။ ရွှေမင်းသားဇာတ်က မင်းသား၊ မင်းသမီးတွေကလည်း ချော၊ အကလည်း ကောင်းဆိုတော့ ဘေးရွာ က ပွဲကြိုက်သူ ပျိုပျိုအိုအိုတွေအတွက် တော့ ဟန်ကြလို့ပေါ့။ ဇာတ် စ,ကပြီ ဆိုကတည်းက အားပေးလိုက်တာ မိုး လင်းတဲ့အထိပဲ ဆိုပါတော့။ ညတိုင်း သွားပြီး အားပေးလိုက်ကြတာ မမော နိုင်အောင်ပဲ။

ရွာက ကာလသားတချို့နှင့် အမျိုးသားကြီးတွေ အများစုကတော့ ဇာတ်ကြည့်ဖို့ ပွဲကို သွားကြတာ မဟုတ်ပါဘူး။ ပွဲမှာ ရှိတဲ့ လောင်းကစား ဝိုင်းမျိုးစုံမှာ ပါဝင်ဆင်နွှဲဖို့ ပွဲကို သွား ကြတာပါ။ လူတွေကို သွက်သွက်ခါ အောင် အကျိုးယုတ်စေတဲ့ လောင်း ကစားတစ်ခုကတော့ လေးကောင်ဂျင် ဝိုင်းပါပဲ။ (ယခုတွင်မူ ထိုသို့ လောင်း ကစားပွဲများ လုပ်ခွင့်မရှိတော့ပါ။ နောင် ဘိုရွာ ဘုရားပွဲမှာလည်း ပ,ပျောက် သွားခဲ့လေပြီ။) ဂျင်ဝိုင်းမှာဆိုရင် လူက တိုးလို့ကို မပေါက်ပါဘူး။ ဂျင်ဝိုင်း သုံးဝိုင်းရှိတာတောင် သုံးဝိုင်းစလုံး လူ ပြည့်လို့ပါပဲ။ အဲဒီ ဂျင်ဝိုင်းကို ရောက် သွားကြတဲ့သူတွေဟာဆိုရင် ပါသမျှ ငွေကုန်သည့်အပြင် ဆိုင်ကယ်ပါလျှင် ဆိုင်ကယ်ပေါင်ပြီး ထိုး၊ ရွှေပါလျှင် ရွှေ ပေါင်ပြီး ထိုးတဲ့အထိ သွေးနားထင် တက်တတ်ကြတယ်။

နိုင်တဲ့သူတွေလည်း ရှိတယ်ဆို ပေမယ့် အများစုကတော့ ပြုတ်ပြုတ် ပြန်းဆိုသလို ကုန်သွားကြတဲ့သူတွေ ချည်းပါပဲ။ အဲဒီတုန်းက ရွာသားတွေ ဆိုရင် တစ်မိုးလုံး ရုန်းကန်ရှာဖွေထား သမျှ ဘုရားပွဲမှာ ကုန်သွားကြတဲ့သူ တွေချည်းပါပဲ။ ရင်နာစရာကောင်းတဲ့ လောင်းကစားပွဲကို သူတို့တွေကတော့ အပျော်ပွဲလို့ ယူဆခဲ့ကြတယ် ထင်ပါ တယ်။

ဒီလို လောင်းကစားမှာ ဝါသနာ ပါတာကတော့ ကျွန်တော်တို့ရွာမှာဆို ရင် ဖိုးတီးနှင့် အောင်ပုကို ဘယ်သူမှ မမီပါဘူး။ အခုလည်း ဘုရားပွဲကို အစောကြီး ချီတက်သွားကြလေရဲ့။ ညနေစာတောင် စားသွားကြဟန် မတူ ပါဘူး။ ပွဲရောက်လာပြီဆို ဖိုးတီးနှင့် အောင်ပုတို့အဖို့ ထမင်းမေ့ ဟင်းမေ့ပါ ပဲ။

ဖိုးတီးက ရွာမှာ အတော်ကြွယ် တဲ့သူပါ။ အသက်ကတော့ သုံးဆယ် စွန်းရုံပဲ ရှိသေးတယ်။ တစ်ရွာတည်းနေ မြဝိုင်းနှင့် အိမ်ထောင်ကျပြီး သား တစ်ယောက်၊ သမီးတစ်ယောက်ထွန်း ကားတယ်။ လယ်ယာ ခြံမြေတွေ မြောက်မြားစွာ ပိုင်ဆိုင်တော့ ကျေးရွာ အတိုင်းအတာအရဆိုရင် ကြွယ်ဝသူ ပေါ့။ ဖိုးတီးက အလုပ်ကို နေ့ညမနား ကြိုးစားလုပ်ကိုင်တတ်တဲ့ လူတော် တစ်ယောက်ပါ။ ဒါပေမယ့် လောင်း ကစားမှာ ဝါသနာထုံတဲ့ အကျင့်ဆိုး ကြီးကြောင့် ဖိုးတီးမှာ ထိုက်သင့် သလောက် မချမ်းသာခဲ့ရပါဘူး။

တစ်နှစ်ပတ်လုံး ရှာထားတဲ့ ငွေ တွေဟာ ဘုရားပွဲမှာ ကုန်သွားတတ် တယ်။ ဒါကြောင့် ဘုရားပွဲလာလျှင် အများနည်းတူ မပျော်ရွှင်နိုင်သူကတော့ ဖိုးတီးရဲ့ မိန်းမ မြဝိုင်းပါပဲ။ ဘုရား ရောက်လာတာနှင့် စုဆောင်းထားတဲ့ ရွှေတိုရွှေစတွေကို ဖိုးတီး မမြင်အောင် သိမ်းရတာ မမောနိုင်အောင်ပါပဲ။ မသိမ်း လို့လည်း မရပါဘူး။ ဖိုးတီးက လောင်းကစားမှာ ရှုံးလာပြီဆိုရင် ဘာမှ မြင်တတ်သူ မဟုတ်ပါဘူး။ တွေ့ရာ ရောင်း၊ ပေါင်ပြီး ထိုးတော့တာပဲ။ တစ်နှစ်အတွက်ဆိုရင် မြဝိုင်းမှာ ရှိတဲ့ လက်ဝတ်လက်စားတွေ အကုန်ရောင်း ပြီး ထိုးလိုက်တာ ဖတ်ဖတ်ခါအောင် ရှုံးပါလေရော။ လယ်၊ ခြံတွေကို မရောင်းလိုက်တာဘဲ ဖိုးတီးကို မြဝိုင်း ကျေးဇူးတင်ရမလိုပင်။

အောင်ပုကတော့ ဖိုးတီးနှင့် လုပ်ပြီး ရှုံးလည်း အတူတူ၊ နိုင်လည်း အတူတူပါတဲ့၊ ငွေတွေကို နှစ်ယော

www.burmeseclassic.com

...ား ညှိနှိုင်းပြီး ထိုးတတ်တယ်။ ဒါ ...ကြောင့်လည်း တကယ့်ကို ရှေ့သွား ...နောက်လိုက်ညီတဲ့ သူငယ်ချင်းနှစ် ...ယောက်ပါ။

အောင်ပုက ဖိုးတီးရဲ့ အိမ်မှာ ...ရင်ငှားသဘောမျိုး နေတဲ့ ဖိုးတီးရဲ့ ...ယ်ပေါင်းသူငယ်ချင်း လူပျိုကြီး ...စ်ကိုယ်တည်းသမားပါ။ မိဘတွေက ...ည်း အောင်ပု ငယ်ငယ်ကတည်းက ...ုံးပါးသွားတော့ ဖိုးတီးရဲ့ မိဘတွေက ... ကျွေးမွေးစောင့်ရှောက်ထားကြတယ်။ ...တီးကိုလည်း အတော်သံယောဇဉ် ...ယ်တဲ့သူဆိုတော့ ဖိုးတီး အိမ်ထောင် ...သွားတောင် ဖိုးတီးရဲ့ အိမ်မှာ လိုက် ...နေလေရဲ့။ ဖိုးတီးကလည်း အောင်ပု ...ို အတော်ချစ်ရှာပါတယ်။

သူငယ်ချင်းနှစ်ယောက် ဘုရား ...ကို သွားနေရင်း လပြည့်ညရဲ့ လမင်း ...ကြီးတောင် စတင်ထွက်ပေါ်စ ပြုနေ ...ပြီ။ ဘုရားပွဲနှင့် ကျွန်တော်တို့ရွာ ... နာရီဝက်ကျော်ကျော် လမ်း ...လျှောက်ရတယ်။ လပြည့်ည လမင်း ...ကြီးရဲ့ အလင်းရောင်က ထွက်လာစပဲ ...သေးတဲ့အတွက် ပြာသိုဆောင်းလရဲ့ ...နှင်းခွေတွေကိုတော့ ထိုးဖောက်နိုင် ...မ်း မရှိနိုင်သေးပါဘူး။

◆◆◆

ဖိုးတီးတို့နှစ်ယောက် ဘုရားပွဲကို ...တက်လာကြရင်း ရွာအစွန်က သရဲ ...ခြောက်တဲ့ ညောင်ပင်အိုကြီးဆီ ရောက် ...လာကြတယ်။ ဒီညောင်ပင်အိုကြီးက ...သရဲခြောက်တယ်ဆိုတာ ကျွန်တော်တို့ ...ရွာက လူတွေအားလုံး သိကြတယ်။ ...ပေမယ့် ဒီညောင်ပင်စောင့် တစ္ဆေက ...ဘာကိုတော့ မခြောက်လှန့်တတ် ...ဘူး။ အရက်မူးလာတဲ့သူတွေကိုတော့ ...ခြောက်လှန့်တတ်တယ် ဆိုပဲ။ အထူး ...ပြင့်တော့ ညောင်ပင်စောင့် တစ္ဆေကြီးက သူ့ညောင်ပင်ကြီးရဲ့ အနီး တစ်ဝိုက်မှာ အပေါ့အလေးစွန့်တာ မကြိုက်ဘူး။ ညစ်ညမ်း ကြမ်းတမ်းတဲ့ စကားပြောဆိုတာလည်း မကြိုက်ဘူး။ ဒီညောင်ပင်စောင့် တစ္ဆေကြီး ခြောက်လှန့်ရင် လိပ်ပြာလွင့်ပြီး သေတဲ့အထိ ဖြစ်နိုင်တယ်လို့ ကိုယ်တိုင်ကြုံဖူးတဲ့ ရှေးလူကြီးတွေက ပြောပြကြတယ်။

ဖိုးတီးတို့နှစ်ယောက်က အရက်ကလေးလည်း သောက်လာကြတော့ လမ်းလျှောက်ရတာ သွက်နေသလို၊ စကားသံတွေကလည်း သာမန်ထက် ပိုကျယ်နေသလိုပါပဲ။ ညောင်ပင်ကြီးရဲ့ အောက် ရောက်လာတော့ ဖိုးတီးတို့ နှစ်ယောက် ညောင်ပင်စောင့် တစ္ဆေကြီးကို စ,ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။ ဒါကြောင့် ဖိုးတီးက အရင်စပြီး...

"အောင်ပုရေ...ရှေးလူကြီးတွေ ပြောပြတာ ဒီညောင်ပင်အိုကြီးမှာ သရဲရှိတယ် ဆိုပဲကွ"

"အင်း...ဟုတ်တယ် ဖိုးတီးရ။ သရဲက သရဲထီးတဲ့ကွ။ အရပ်ပုပုဝဝနှင့် အတော်ရုပ်ဆိုးတယ် ဆိုပဲ။ နောက်ပြီး လျှာထိုးဦးထုပ်လည်း ဆောင်းထားသေးတယ်တဲ့ကွ"

"ဟုတ်လား။ ငါကြားဖူးတယ်ကွ။ သရဲဦးထုပ်ဆောင်းပြီး ဂျင်ထိုးရင် အထဲမှာ ဘာအကောင်ကျတယ်ဆိုတာ မြင်ရတယ်တဲ့"

ဖိုးတီးရဲ့ အရက်မူးကာ ထွေရာလေးပါးလျှောက်ပြောသော စကားကို အောင်ပုက သဘောကျကာ ထောက်ခံလိုက်တယ်။

"ဟုတ်တယ် ဖိုးတီး။ ငါလည်း ကြားဖူးတယ်ကွ။ သရဲထီးတွေ့လို့ ဦးထုပ်လုပြီး ဂျင်သွားထိုးရင်တော့ ဂျင်ဝိုင်းက ငွေအားလုံး ငါတို့ သိမ်းလာလို့ ရတယ်ကွ၊ ဟဲဟဲ..."

"ဒီလိုမဟုတ်ရင်လည်း ဦးထုပ်ကို ခဏငှားပြီး အပြန်မှ အပျိုချောလေးတစ်ယောက် ခေါ်လာပေးမယ်ဆိုရင်လည်း သရဲထီးက လက်ခံမှာပါကွ။ ဟားဟားဟား..."

"ဟား...ဟား...ဒါဆို သရဲထီးက သရဲနှာဘူးကြီးပေါ့၊ ဟဲဟဲ..."

"ဟုတ်မယ်...ဟုတ်မယ်၊ ဟားဟားဟား"

ဖိုးတီးတို့နှစ်ယောက်ရဲ့ ရယ်မောသံသည် ညောင်ပင်ကြီးအောက်တွင် ဆူညံသွားတာပဲ။ နှစ်ဦးသား သဘောကျစွာ ရယ်မောလို့အပြီးမှာတော့ ဖိုးတီးက...

"လာပါ အောင်ပုရာ၊ မင်းရဲ့ သရဲကြီး ငါတို့ကို စိတ်တိုနေပါဦးမယ်။ ပိုက်ဆံထည့်ထားတဲ့ လွယ်အိတ်ကို သေချာလွယ်။ ခုချိန်လောက်ဆို ဂျင်ဝိုင်းမှာ လူစည်နေလောက်ပြီကွ။ အချိန်မရှိဘူး။ သွားမယ်... သွားမယ်"

"အေး၊ မင်းပြောတာ ဟုတ်တယ် ဖိုးတီး။ ကဲ - ညောင်ပင်စောင့် သရဲကြီးရေ အပြန်မှပဲ အပျိုချောချောလေး ခေါ်လာပေးမယ်။ အခုတော့ သွားလိုက်ဦးမယ်ဟေ့၊ ဟားဟားဟား..."

နှစ်ဦးသား ညောင်ပင်ကြီးကို နောက်ပြန်လှည့်ကြည့်ကာ အော်ပြီး မိနစ် ၂၀လောက် လျှောက်ရဦးမည့်ပွဲကို အမြန်ရောက်ရန် ဒယီးဒယိုင် ခြေလှမ်းတွေနှင့် သုတ်ခြေတင်ခဲ့တော့တယ်။

◆◆◆

ဒီတစ်ခါ ကြက်ကွာ၊ ရှော့..."

ဖိုးတီးက ပါးစပ်က ပြောပြီး လက်က ငွေထောင်တန် ၅ရွက်ကို ကြက်ဖယားကွက်ထဲ ပစ်ချလိုက်တယ်။ ဂျင်ဒိုင်က အားလုံးထိုးပြီး

www.burmeseclassic.com

ငြိမ်သွားတဲ့အခါ ဂျင်သီးအုပ်ထားတဲ့ အဖုံးကို ဖွင့်ဖို့ ပြင်တော့ ဖိုးတီးနှင့် အောင်ပုတို့ရင်တွေ တဒိန်းဒိန်းခုန်နေတယ်။ ရောက်ကတည်းက နိုင်လိုက်၊ ရှုံးလိုက်နှင့် ကစားနေလိုက်တာ ညဉ့်တောင် အတော်နက်လာပြီ။ အခုလတ်တလော အရှုံးအလှည့်က များနေတော့ အောင်ပု လွယ်ထားတဲ့ ပိုက်ဆံအိတ်ကလည်း ပြားချပ်သွားပြီ။

ဂျင်ဒိုင်က အဖုံးဖွင့်လိုက်တဲ့အခါ ကျတဲ့ အကောင်က ဝက်ဖြစ်နေတော့ ဖိုးတီး တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ပြီး အောင်ပုဘက် လှည့်ကာ-

"အောင်ပု‥ငွေကျန်သေးလား"

ဟု မေးလိုက်တယ်။

"မကျန်တော့ဘူးကွ။ တစ်သောင်းပဲ ကျန်တယ်။ ဘယ်လိုလုပ်ကြမလဲ"

"တစ်သောင်းကို တစ်လှည့်တည်း ထိုးလိုက်မယ်ကွာ။ ကုန်သွားလည်း ဘာဖြစ်လဲ၊ အိမ်ပြန်ပြီး မြဝိုင်းရဲ့ လက်ဝတ်လက်စားတွေ ယူပြီး ပေါင်ထိုးတာပေါ့။ အမြဲတမ်း ဒိုင် မပိုက်နိုင်ပါဘူးကွ၊ ဟဲဟဲဟဲ‥‥"

ဖိုးတီးက ငွေ ဘယ်လောက်ရှုံးရှုံး အပြုံးမပျက်ဘူး။ သူတို့ ယူလာတာ ငွေသုံးသိန်းတောင် ကျော်ပါသေးတယ်။ ဆိုင်ကယ်ဝယ်စီးရင် တစ်စီးဖိုးပေါ့။ ဒါပေမယ့် ဖိုးတီးတို့က ဆိုင်ကယ်ဖိုး လောက်ရင်းရင် ကားဖိုးလောက် ရမယ်လို့ ယူဆထားတာလေ။

အခုတစ်ခါ လက်ကျန်ငွေ တစ်သောင်းကို ဖားထိုးလိုက်ပြန်တယ်။ ဖိုးတီးတို့ ကံဆိုးပါတယ်။ အရင်အလှည့်က ထိုးလိုက်တဲ့ ကြက်ကျသွားလေရဲ့။ ဖိုးတီးတို့နှစ်ယောက်မှာ ငွေတစ်ကျပ်မှ မရှိတော့ဘူး။ အများတကာလို တစ်ထောင်၊ နှစ်ထောင်တည်းလည်း ဖိုးတီးတို့က ထိုးလို့အားမရနိုင်။ အနည်းဆုံး သုံးထောင်လောက်တော့ ထိုးမှ ကျေနပ်သူတွေပါ။

နှစ်ဦးသား ငွေကုန်သွားပြီမို့ အိမ်တစ်ခေါက်ပြန်ဖို့ ပြင်ဆင်ကြတယ်။ လူအုပ်ကြားထဲက ထွက်လာလိုက်မှ နှစ်ဦးသား အတော်ချမ်းမှန်း သတိထားမိတော့တယ်။ နှစ်ဦးသား အင်္ကျီဇစ်ကို အထက်ထိရောက်အောင် ဆွဲတင်ပြီး လက်ပိုက်ကာ ပြန်လာကြတယ်။

ဖိုးတီးတို့နှစ်ယောက် ပွဲဈေးက ထွက်လာတဲ့အချိန်က ၁၂နာရီတောင် ကျော်နေပြီ။ ဇာတ်ရုံမှာတော့ လူငယ်အကြိုက် စတိတ်ရှိုးတောင် ထွက်နေကြပြီ။ လူအများစုကတော့ မီးပုံတွေဘေးမှာ ဟိုတစ်စု၊ ဒီတစ်စု။ လပြည့်ည လမင်းကြီးတောင် ကောင်းကယ်အလယ် မကျချင်တော့။ အနောက်ဘက်ကို အနည်းငယ် စောင်းရွဲ့နေပြီ။

နှစ်ဦးသား အအေးဒဏ်ကြောင့် အရက်ရှိန်များပင် ပြေလာကြပြီ။ ညသန်းခေါင်ယံအချိန် နှစ်ဦးသား စကားမပြောဘဲ အတွေးကိုယ်စီဖြင့် ပြန်လာခဲ့ကြတယ်။ ဒီလိုနှင့် တဖြည်းဖြည်း ရွာအဝင်က ညောင်ပင်အိုကြီးဆီ ရောက်လာခဲ့ကြတာပေါ့။

♦♦♦

ဖိုးတီးတို့နှစ်ယောက် ညောင်ပင်ကြီးအောက်ကို ရောက်တဲ့အချိန်မှာတော့ မည်းမည်းသဏ္ဍာန် အရာဝတ္ထုကြီးတစ်ခုက သစ်ပင်ပေါ်ကနေ ဘုတ်ခနဲ ကျလာတာမို့ နှစ်ဦးသား လှမ်းနေတဲ့ ခြေလှမ်းတွေ တွန့်သွားပြီး ကြက်သီးဖြန်းဖြန်းထကုန်ကြတယ်။ အဲဒီနောက် နှစ်ဦးသား မျက်လုံးကို အသာပွတ်ပြီး ကြည့်လိုက်တော့ မည်းမည်းလုံးလုံးသဏ္ဍာန် အရာဝတ္ထုကြီးဟာ လူ့သဏ္ဍာန်ကို ချက်ချင်း

ပြောင်းလဲသွားတယ်။ သစ်ရွက်အ
အကြားက ထိုးဖောက်ဖြာကျနေ
လရောင်ကြောင့် လူ့သဏ္ဍာန်အ
အသေအချာမြင်လိုက်ရတယ်။
ထိုသူမှာ ပုပုဝဝနှင့် လူ
ဦးထုပ်ဆောင်းထားတော့ ညောင်
စောင့် တစ္ဆေများ ဖြစ်နေမလား
ဖိုးတီးတို့နှစ်ယောက် အတွေးဝင်
ပြီး ပြေးဖို့ ခြေလှမ်းပြင်ချိန်မှာ ထို
ဖိုးတီးတို့နှစ်ယောက်ရဲ့ လည်က
အင်္ကျီကို ဆွဲပြီး လွှင့်ပစ်လိုက်
ကြောင့် နှစ်ယောက်စလုံး အဝေး
လွင့်စဉ်ထွက်သွားတယ်။ ထို
လက်က အမွှေးအမျှင်တွေရဲ့ အ
အတွေ့ကြောင့် ညောင်ပင်စောင့် တ
ဆိုတာ သူတို့နှစ်ယောက်စလုံး သိ
ပြီး ကြက်သီးဖြန်းဖြန်းထသွားပြန်
အဲဒီနောက်မှာတော့ လှ
သတ္တိအခံရှိတဲ့ ဖိုးတီးက‥‥
"မကြောက်နဲ့ အောင်ပု။
မကလို့ ဘာပဲဖြစ်နေဖြစ်နေ
နှစ်ယောက်ပဲ၊ ပြန်ချမယ်"
ဆိုပြီး နှစ်ယောက်သား
ကြတယ်။ အရက်ရှိန်ကြောင့်
နှစ်ယောက်သား သွေးရဲနေကြ
ထင်ပါရဲ့။
သရဲကတော့ သူတို့နှစ်ယော
ကို လက်ပိုက်ပြီး တဟားဟား
နေတယ်။ အဲဒီနောက် ဖိုး
နှစ်ယောက် သရဲကို ကိုယ်တ
သူတစ်လှည့် သတ်ပြတ်ကြ
ဖိုးတီးတို့ ဘယ်လိုပဲ ခုခံခုခံ
လက်သီးတစ်ချက် ထိုးလိုက်
သူတို့နှစ်ယောက်စလုံး တစ်လံ
ကို လွှင့်စဉ်သွားတယ်။ ဖိုးတီးတို့
ကြီးကို ပြန်ထိုးလိုက်ရင်လည်း
ကြီးရဲ့ ခန္ဓာကိုယ်ကို မထိ
သလို ခံစားရတယ်။ တစ္ဆေကြီး

www.burmeseclassic.com

www.burmeseclassic.com

တို့ကို စကားတော့ မပြောပါဘူး။ ဒါပေ
မယ့် သူတို့ကို အရမ်းမုန်းတီးနေတယ်
ဆိုတာကိုတော့ တချွေကြီးရဲ့ အမူအရာ
ကို ကြည့်ပြီး သိနိုင်တယ်။ သူတို့ ပွဲ
အသွားတုန်းက စခဲ့တာကို တချွေကြီး
က ကျေနပ်ပုံ မတူပါဘူး။

ဖိုးတီးတို့နှစ်ယောက် ဘယ်လိုပဲ
တချွေကြီးကို ခုခံ လုံ့ဝ မနိုင်ပါဘူး။
ဒီလိုနှင့် တဖြည်းဖြည်း သူတို့ မော
လိုက်လာပြီး နဖူးက ချွေးတွေတောင်
တဒီးဒီးကျလာတယ်။ ရာသီဥတုက
အေးနေပေမယ့် ဖိုးတီးတို့နှစ်ယောက်
လုံး ချွေးတွေ ရွှဲလို့ပါ။ တဖြည်းဖြည်း
မောပန်းလာမှုနှင့်အတူ အသက်ရှူပါ
ကျပ်လာတယ်။ စိတ်ကလည်း
ကြောက်စိတ်တွေ ဝင်လာပြီး ကူပါဦး၊
ကယ်ပါဦးလို့ အော်တော့တာပေါ့။

အဲဒီအချိန်မှာ ဘုရားပွဲက ပြန်
လာတဲ့ ဂေါပက လူကြီး ဦးထွန်းအောင်
နှင့် ရွာကာလသား သုံးယောက်
ညောင်ပင်ကြီးဆီ ရောက်ရှိလာပြီး လ
ညောင်အောက်မှာ အကူအညီအော်
အောင်းကာ လက်သီးလက်မောင်းတန်း
လိုက်၊ အဝေးကို လွှင့်စဉ်သွားလိုက်
ဖြစ်နေတဲ့ ဖိုးတီးနှင့် အောင်ပုကို တွေ့
လိုက်ရတယ်။ တစ်ယောက်ယောက်
နဲ့ အပြင်းအထန် တိုက်ခိုက်နေကြပုံ
ပေမယ့် သူတို့နှင့် တိုက်ခိုက်နေတဲ့
သူကိုတော့ မတွေ့ရပါဘူး။ ဖိုးတီးတို့
နှစ်ယောက်တည်းသာ သိုင်းကွက်ဖမ်း
လိုက်၊ အော်ကာ အကူအညီတောင်း
လိုက် အဝေးကို လွှင့်စဉ်လိုက် ဖြစ်နေ
တာကို တွေ့နေရတယ်။

ထိုအချင်းအရာကို ဦးထွန်း
အောင်တို့ အံ့ဩစွာ ရပ်ကြည့်နေရာမှ
ဦးထွန်းအောင်က တစ်စုံတစ်ခုကို
သတိရသွားပေါက်သွားပြီး အတူပါလာ
သော ကာလသား သုံးယောက်ကို -

"မင်းတို့မှာ ရေပါကြလား"

"ဟုတ်၊ ပါပါတယ် ဦးထွန်း
အောင်"

"အေး၊ ပါရင် ငါ့ကို အမြန်ပေး"

ကာလသား တိုးမောင်က ဦးထွန်း
အောင်ရဲ့ တုန်ယင်နေသော လက်ထဲ
ကို အသင့်ပါလာသော ရေသန့်ဘူးကို
ထည့်ပေးလိုက်တယ်။ ဦးထွန်းအောင်
က ခပ်မြန်မြန်ပဲ ရေမန်း,မန်းပြီး ရေ
ကို ဖိုးတီးတို့နှစ်ယောက်ဆီ လှမ်းပက်
ပေးလိုက်တယ်။ အဲဒီအချိန်မှာ ဖိုးတီး
တို့နှစ်ယောက် ပက်လက်လှန်အနေ
အထားမှ လဲကျသွားပြီး ဟောဟဲရှိုက်
ကာ မောနေတော့တယ်။ အဲဒီနောက်
နှစ်ယောက်သား ပတ်ဝန်းကျင်မှ
တစ်ခုခုကို ရှာနေသလို၊ ချွေးများ
တဒီးဒီးကျပြီး ကတုန်ကယင်နှင့်
ဆတ်ဆတ်တုန်အောင် လန့်နေတယ်။
ဦးထွန်းအောင်တို့ကို တွေ့မှ အားကိုး
တကြီးနှင့် ပြေးဖက်ကြတော့တယ်။

နှစ်ယောက်သား မောပန်းပြီး
လမ်းတောင် မလျှောက်နိုင်ဘဲ လန့်နေ
ကြတာကြောင့် ဦးထွန်းအောင်တို့ကပဲ
ရွာအရောက် ထမ်းပြန်ပေးလာရတယ်။
ရွာရောက်တော့ ရွာဦးကျောင်း ဆရာ
တော်ကို နှိုးပြီး အကျိုးအကြောင်းပြော
ပြတော့ ရွာဦးကျောင်းဆရာတော်က
ပဌာန်းရေတိုက်လိုက်မှပဲ အကြောက်
အနည်းငယ် ပြေလျော့သွားကြတယ်။

♦♦♦

နောက်နေ့မှာတော့ နှစ်ယောက်
သား အပြင်းဖျား ဖျားလိုက်တာ
၁၀ရက်ကြာတယ်။ သူတို့နှစ်ယောက်ရဲ့
ခန္ဓာကိုယ်မှာတော့ ကွမ်းသီးလုံးလောက်
အရွယ် အညိုကွက်တွေ နေရာလပ်မရှိ
အောင် ပြန့်လို့ပါ။

ဖိုးတီးနှင့် အောင်ပုတို့ အဖျား
သက်သာမှ အကျိုးအကြောင်း အလုံး
စုံ မေးပြီး နှစ်ဦးစလုံးကို ဆရာတော်
က ကိုရင်ကြီး ဝတ်ပေးလိုက်တယ်။
တစ်လတိတိဝတ်ဖို့လည်း မိန့်ကြားခဲ့
တယ်။ ဖိုးတီးနှင့် အောင်ပုတို့ ပြောပြ
တာကတော့ . . .

"ကျုပ်တို့ ညောင်ပင်စောင့်
တချွေကြီးကို နှုတ်နှင့် ပြစ်မှား စော်
ကားခဲ့လို့ တချွေကြီးက မခံနိုင်ဘဲ
ကျုပ်တို့ကို ရန်လုပ်ပြီး သတ်ပုတ်တာ
ပဲဗျ။ တော်သေးတာပေါ့ဗျာ။ ဦးထွန်း
အောင်တို့ ရောက်လာပြီး ရေမန်းနဲ့
ပက်လိုက်မှ သရဲကြီးက လွှင့်စဉ်ပြီး
ပျောက်သွားတာ။ နို့မို့ဆိုရင် ကျုပ်တို့
နှစ်ယောက်တော့ မတွေ့ရဲ့စရာပဲ။ ကျုပ်
တို့က အစက တချွေ သရဲဆိုတာ
ပုံပြင်တွေ၊ စာအုပ်တွေထဲမှာပဲ ရှိတယ်
ထင်ထားတာ။ အခုလို ကိုယ်တိုင်ကြုံ
မှပဲ ယုံတော့တယ်ဗျာ။ ကျုပ်တို့တော့
ပြန်ပြောရင်း ကြက်သီးထပြီး ခြေဖျား
လက်ဖျားတောင် အေးချင်လာပြီ။
အချိန်ဘယ်လောက်ကြာမှ ပြောပြော
ကြောက်စိတ်က ပြေမယ်မထင်ဘူးဗျ"

♦♦♦

အဲဒီအချိန်မှ စပြီး ကျွန်တော်တို့
လယ်တော်ရွာသားအားလုံး အဲဒီ
ညောင်ပင်အိုကြီးဆီ မသွားရဲကြတော့
ဘူး။ နောင်ဘိုရွာကို သွားရင်လည်း
ညောင်ပင်ကြီးအောက်က ဖြတ်မသွား
ဘဲ ကွင်းသွားကြတာ ယနေ့အထိပါပဲ။
အဲဒီ တချွေကြီးရှိတဲ့ ညောင်ပင်အိုကြီး
ကတော့ ယနေ့ထိ ရှိနေဆဲပါ။

လပြည့်ညတစ်ညမှာ ဖြစ်ပျက်ခဲ့
တဲ့ ဖိုးတီးနှင့် အောင်ပုတို့ရဲ့ ဇာတ်လမ်း
ကိုလည်း အခုထိ ရွာမှာ ပြောလို့
မဆုံးနိုင်ကြသေးပါဘူး . . . .

* *. *

ညီလေးငယ်(လယ်တော်)



www.burmeseclassic.com

www.burmeseclassic.com





# ၂၀၁၃၊ နိုဝင်ဘာလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ နိုဝင်ဘာလ၏ ကောင်းကင်ထက်၌ တူရာသီရောက် တနင်္ဂနွေဂြိုဟ် နိုဝင်ဘာ ၁၇ရက်နေ့တွင် ဗြိစ္ဆာရာသီ သို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး သိဟ်ရာသီမှ အင်္ဂါဂြိုဟ် နိုဝင်ဘာ ၂၇ရက်နေ့၌ ကန်ရာသီသို့ ပြောင်းရွှေ့ရပ်တည် မည်။ တူရာသီမှ ဖောက်ပြန်နေသော ဗုဒ္ဓဟူးဂြိုဟ် နိုဝင်ဘာ ၁၁ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ အတည် ပြန်သွားပါမည်။ မေထုန်ရာသီတွင် တည်ရှိနေသော ကြာသပတေးဂြိုဟ် နိုဝင်ဘာ ၈ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်း အတွင်း ဖောက်ပြန်၍ သွားလာပါမည်။ နိုဝင်ဘာ ၁ရက်နေ့တွင် ဗြိစ္ဆာရာသီမှ သောကြာဂြိုဟ် ဓနုရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၌ ဖောက်ပြန်၍ ရပ်တည်နေပါလိမ့်မည်။ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၌ နိုဝင်ဘာ ၁၄ရက်နေ့၌ အတည့်ပြန်သွားပြီး ပလူတိုဂြိုဟ် ဓနုရာသီအတွင်း တည်ရှိနေပါလိမ့်မည်။ နိုဝင်ဘာ ၂ရက်နေ့ မြန်မာစံတော်ချိန် သန်းလွဲ ၀နာရီ ၅၄မိနစ်တွင် ဗုဒ္ဓဟူးဂြိုဟ် နေနှင့် ကမ္ဘာကြားမှ ဖြတ်သန်းပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သော ဖြစ်စဉ် ဖြစ်ပေါ်လာမည်။ နိုဝင်ဘာ ၃ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ ၄နာရီ ၃၄မိနစ်၌ အနောက်လောင်ဂျီတွဒ် ၁ ဒီဂရီ ၂၀ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၅၀မိနစ်တွင် နေအပြည့်ကြတ်မှု ဖြစ်စဉ် စတင်ပြီး ည ၇နာရီ ၈မိနစ် အနောက်လောင်ဂျီတွဒ် ၁၃ ဒီဂရီ ၄၇မိနစ်နှင့် မြောက်လတ္တီတွဒ် ၀၄ ဒီဂရီ ၂၃မိနစ်၌ ဖမ်းလယ်ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ည ၉နာရီ ၅၈မိနစ်၌ အရှေ့လောင်ဂျီတွဒ် ၃၃ ဒီဂရီ ၅၀မိနစ်နှင့် တောင်လတ္တီတွဒ် ၀၀ ဒီဂရီ ၀၈ မိနစ်၌ ဖြစ်စဉ် ပြီး ပါမည်။ ဖြစ်စဉ်အား မြန်မာမှ မမြင်တွေ့နိုင်ပါ။ ယူဂန်ဒါနိုင်ငံ ဂုလု(Gulu)မြို့မှ နေအပြည့်ကြတ်ခြင်းအား မြင်တွေ့ မည်။ နေအပြည့်ကြတ်ချိန် ၁မိနစ် ၄၀ စက္ကန့် ကြာမြင့်ပါမည်။ ဖြစ်စဉ်အား အမေရိကန်အရှေ့ပိုင်း၊ တောင် ဥရောပဒေသ များ၊ အာဖရိက ဒေသများမှ မြင်တွေ့ လေ့လာနိုင်ပါမည်။ နိုဝင်ဘာ ၅ရက်နေ့ မြန်မာစံတော်ချိန်နံနက် ၇နာရီ ၅၂မိနစ် အလင်းအား ၃ရာခိုင်နှုန်းခန့်ရှိသော လမင်းကို ဗြိစ္ဆာရာသီ ကြယ်စုမှ Star Graffias ကြယ်မှ နီးကပ်စွာ ထွင်းဖောက် သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ယင်းဖြစ်စဉ်အား မြန်မာ့မိုးကောင်းကင်၌ မြင်တွေ့ လေ့လာခွင့် မရရှိနိုင်ပါ။ နိုဝင်ဘာ ၇ရက်နေ့၊ မြန်မာစံတော်ချိန် နေ့လယ် ၁၂နာရီ ၈ မိနစ်၌ စနေဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းထဲ ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ဘာ ၂၆ရက်၊ နံနက် ၁၀နာရီ ၈မိနစ်တွင် ဗုဒ္ဓဟူးနှင့် စနေဂြိုဟ်များ တူရာသီ၌ ဒုတိယအကြိမ် ပြန်လည်၍ ပူးယှဉ် စစ်ထိုးပါမည်။ အရှေ့လောင်ဂျီတွဒ် ၁၀၅ ဒီဂရီ ၀၀မိနစ်နှင့် တောင်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅မိနစ်၊ အိန္ဒိယ သမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ မြန်မာနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်အနီး၌ ဖြစ်သည့်အတွက် နိုင်ငံအတွင်း ဘဏ္ဍာရေးနှင့် အခွန်ကိစ္စများအတွက် ကြီးမားသော အတိုက်အခံ ပဋိပက္ခဖြစ်စဉ်များ ဖြစ်ပေါ်မည်။ ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်အဆင့်ထိ ရောက်ရှိနိုင်ပြီး လေပြင်းလေပွေ၊ လေဆင်နှာမောင်း တိုက်ခတ်သော ဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ ဖြစ်စဉ်မဖြစ်ပေါ်မီ နံနက် ၅နာရီမှ အရုဏ်တက်ချိန်အတွင်း အရှေ့ဘက် မိုးကောင်းကင်၌ လေ့လာနိုင်သည်။ ဖြစ်စဉ်တွင် စနေဂြိုဟ်မှ အလင်းရောင် ပိုမိုတောက်ပပြီး ဗုဒ္ဓဟူးဂြိုဟ်၏ အပေါ်ဘက် မြောက်ဘက် အရပ်တွင် တည်ရှိသည့်အတွက် စနေဂြိုဟ် စစ်နိုင်သည်။ စနေသားသမီး မကာရ၊ မေထုန်နှင့် ကန်ရာသီဖွားများ ကံကောင်းသော အခွင့်အရေးများ ထူးခြားစွာ တွေ့ကြုံမည်။ နိုဝင်ဘာ ၂၉ရက်နေ့ မြန်မာစံတော်ချိန် ည ၁၁နာရီ ၃၇မိနစ်၌ အလင်း ၁၃ ရာခိုင်နှုန်းခန့်ရှိသော လမင်းအား ကန်ရာသီရှိ စိတြနက္ခတ်ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂျီတွဒ် ၁၂၃ ဒီဂရီ ၅၈မိနစ်နှင့် တောင်လတ္တီတွဒ် ၁၀ ဒီဂရီ ၂၂မိနစ်ရှိ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်စဉ် ဖြစ်ပွားပါမည်။




ယူဂန်ဒါနိုင်ငံ ဂုလု(Gulu)မြို့မှ နေအပြည့်ကြတ်ခြင်းအား မြင်တွေ့ရမည့်ပုံ



ဗုဒ္ဓဟူးဂြိုဟ် ကမ္ဘာနှင့် နေကြားထဲ၊ ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ နိုဝင်ဘာလ ၁၂ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

ARIES



မိဿလဂ်

လူမှုရေးကိစ္စ အများအပြား ဆောင်ရွက်လုပ်ကိုင်ရပြီး ငွေကုန်ကြေးကျများပြားသော ကာလဖြစ်သည်။ ခရီးသွားလိုစိတ် များပြားနေတတ်ပြီး နိုင်ငံရပ်ခြားခရီးစဉ်နှင့် ခရီးဝေးသွားလာမှုများ တွေ့ကြုံပေါ်ပေါက်နိုင်သည်။ ကြံစည်တွေးခေါ် ဆုံးဖြတ်မှုများ တည့်မတ် မှန်ကန်နေသည့်အတွက် တိုးတက် အောင်မြင်သည့် လမ်းကြောင်းထက် ရပ်တည်နိုင်မည်။ မိသားစုဌ္ဌ အိမ် ခြံ မြေ ယာဉ်ကိစ္စရပ်များ တွေ့ကြုံတတ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းတွင် ကံကောင်း ကြီးပွားမှုများ တွေ့ကြုံရတတ်၍ ကောင်းသော နေရာဌာနများ၌ မိမိအတွက် အကျိုးရှိမည်။ လူမှုရေးပိုင်း မျက်နှာပွင့်လန်းသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များအတွက် လုပ်ငန်းအတွက် နေရာဒေသသစ်များ၌ တိုးချဲ့ ဆောင်ရွက်ရန် အခွင့်အရေးများ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးအတွက် ပင်ပန်းမှု များပြားသော်လည်း အကျိုးရှိ အောင်မြင်မည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်၏ သွေးသားစပ်ကွင်းများကြား ပြန်လည်ဖြေရှင်းရန် အခက်ကြုံနေတတ်သည်။ ချစ်သူများ အဆက်အသွယ်များ ပြတ်တောက်၍ တစ်ဦးနှင့် တစ်ဦး ခွဲခွာ နေထိုင်ရမည့် ကာလဖြစ်သည်။


TAURUS



ပြိဿလဂ်

မိမိဆောင်ရွက်သည့် ကိစ္စများ၌ စိတ်ပင်ပန်းဖိစီးမှု များပြား၍ အဆင်မပြေဖြစ်ရမှုများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ အခြားသူတို့၏ အရေးကိစ္စများတွင် ဝင်ရောက်ကူညီ ဆက်သွယ်ပေးမှုကြောင့် ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်တွေ့ကြုံရမည်။ အောက်လက်နှင့် ပတ်သက်သည့် လုပ်ငန်းပိုင်း အတိုက်အခံ ပြဿနာရပ်များ ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရမည်။ စီးပွားရှာဖွေမှုတွင် အတိုက်အခံယှဉ်တွဲ၍ ငွေကြေး ကံကောင်းမှုများ တွေ့ကြုံပေါ်ပေါက်လာမည်။ ထိုပေါက်သကဲ့သို့ ငွေကြေးအများအပြား ရရှိတတ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းတွင် ရာထူးဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မား၍ ငွေကြေး စီးပွားဥစ္စာ ရှာဖွေရ လွယ်ကူမည်။ လုပ်ငန်းရှင်များ အကျိုးရှိ ကြီးပွားသော်လည်း အလုပ်အတွက် ခေါင်းစားနေမည်။ ပညာသင်ကြားသူများ ကျန်းမာရေးအညံ့ကြုံ၍ ပညာရေးပိုင်း သောကများရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးကိစ္စအဝဝအတွက် ပင်ပန်းမှုများ ယှဉ်တွဲနေတတ်သည်။ချစ်သူများ ကတောက်ကဆ အတိုက်အခံ ပြဿနာများပြားမည့် ကာလဖြစ်သည်။

GEMINI



မေထုန်လဂ်

ငွေကြေးအစုလိုက် အပုံလိုက် ရရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး ထီးကံစမ်းသင့်သော ကာလဖြစ်သည်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာ ထင်ရှားမြင့်မားပြီး စီးပွားရှာဖွေမှုအတွက် မိမိကံ မြင့်မားသော ကာလဖြစ်သည်။ အလုပ်တွင် စိတ်ပင်ပန်းမှုများ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ အတိုက်အခံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းကိစ္စရပ်များ ထူးခြားစွာ တိုးတက် အောင်မြင်မည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းမှ ငွေကြေးအထောက်အပံ့ အကူအညီကောင်းများ ရယူရရှိမည့်ကာလဖြစ်သည်။ အစားအသောက်များယွင်းမှုကြောင့် ကျန်းမာရေးအညံ့ကိစ္စများ တွေ့ကြုံပေါ်ပေါက်တတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် မိမိမျှော်မှန်းထားသလောက် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကြောင့် ပညာရေးပိုင်း ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သည့် မိသားစုဘဝနေ့ရက်များ ဖန်တီး တည်ဆောက်ခွင့် ရရှိမည်။ ချစ်သူများ မမျှော်လင့်ထားသည့် ခွဲခွာလက်ပြ နှုတ်ဆက်ရမည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာတတ်သည်။

CANCER



ကရကဋ်လဂ်

ကံဇာတာ မြင့်မားတိုးတက်သော ကာလဖြစ်သော်လည်း အနှောင့်အယှက် အခက်အခဲအချို့ မိမိနှင့် ယှဉ်တွဲနေဦးမည်။ ငွေကို ရေလို သုံးနိုင်သော အခွင့်အရေးများ ပေါ်ပေါက်လာတတ်သည်။ အခွင့်အလမ်း ပေါင်းများစွာရရှိပြီး လုပ်ငန်းတွင် ထူးခြားစွာ ထင်ပေါ် ကျော်စောမည်။ အောင်မြင်မှုအခွင့်အလမ်းများ မိမိနှင့် နီးကပ်သော အခြေအနေတွင် ရောက်ရှိနေပြီး အများ၏ လက်ခံ ယုံကြည်မှု နိုင်နိုင်မာမာ ရရှိနေချိန်ဖြစ်သည်။ တိုးတက်သော လမ်းမများထက် လုပ်ငန်းကြီးများ တိုးချဲ့ စီမံအုပ်ချုပ်ခွင့်ရရှိမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ရာထူး ဘုန်းကံအရှိန်အဝါ ထူးခြားစွာ မြင့်မားသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ အရာရာအတွက် တိုးတက်အောင်မြင်မှုများ ထူးခြားစွာ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ ပညာသင်ယူနေသူများ အတိုက်အခံ အပြိုင်အဆိုင်ပေါ်များမှုကြောင့် ပင်ပင်ပန်းပန်း ကြိုးစားရမည်။ အိမ်ထောင်ရှင်များ ပြည့်စုံ အောင်မြင်သော မိသားစုရပ်ဝန်းထက် အရာရာချောမွေ့ အဆင်ပြေမည်။ ချစ်သူများ ချစ်ခြင်းမေတ္တာတရား၏ ငြိမ်းချမ်းသော အရိပ်အောက် ခိုလှုံခွင့်ရရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

LEO



**သိဟ်လင်္ဂ**

ပင်ပန်းမှုများပြားပြီး လုပ်ငန်းတွင် ကောင်းသော အဆက်အသွယ်များ တွေ့ကြုံပေါ်ပေါက်တတ်သည်။ မိမိဆောင်ရွက်သော လုပ်ငန်းကိစ္စများတွင် အတိုက်အခံများပြားပြီး မိသားစုဖြင့် ပဋိပက္ခများ တွေ့ကြုံပေါ်ပေါက်နိုင်သည်။ တရားမဝင် ငွေကြေးအကျိုးအမြတ်များ ရရှိတတ်ပြီး နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်၍ စီးပွားရေးကိစ္စများ၌ အကျိုးရှိမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ မိမိလုပ်ငန်းကိစ္စများအတွက် အကောင်းဆုံး အခွင့်အရေးအခြေအနေများ ဖန်တီး တည်ဆောက်နိုင်မည်။ အထက်အကြီးအကဲ ဆရာသမားများထံမှ အကူအညီကောင်းများ ရရှိမည်။ လုပ်ငန်းရှင်များ အလုပ်အတွက် ငွေကြေးအကျိုးရှိမှုကံကောင်းမွန်သော်လည်း အဖတ်မတင်ဖြစ်ရသော ကာလဖြစ်သည်။ပညာသင်ကြားသူများ ပညာရေးပိုင်း ပင်ပန်းမှုဖြင့် ယှဉ်တွဲ၍ မိမိရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်နှင့် ပတ်သက်၍ ငွေကြေးကံကောင်းမှုများ တွေ့ကြုံတတ်သည်။ ချစ်သူများ မောင်နှမသားချင်းအရေးကိစ္စပြဿနာများ တွေ့ကြုံရင်ဆိုင် ဖြေရှင်းရမည်။

---

VIRGO



**ကန်လင်္ဂ**

လူမှုရေးအရှုပ်အရှင်း ပြဿနာများကြား ဒုက္ခရောက်ရတတ်သည်။ မိမိဆောင်ရွက် ကြိုးပမ်းမှုများအတွက် ကံကြမ္မာမှ မျက်နှာသာ မပေးသော ကာလဖြစ်သည်။ အခက်အခဲတိုက်ပွဲများကြား စိတ်ရှည် သည်းခံ၍ အခြေအနေသစ်များအတွက် လေ့လာစောင့်ကြည့်သင့်သော ကာလဖြစ်သည်။ လုပ်ငန်းတွင် အကြီးအကဲများ၏ အထင်မြင်လွဲမှားမှုများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ ဝမ်းနှင့် ပတ်သက်သော ကျန်းမာရေးအညံ့နှင့် ဦးခေါင်းပိုင်းဆိုင်ရာ ကိုက်ခဲမှုများ တွေ့ကြုံတတ်သည်။ ခရီးသွားလာမှုနှင့် ယာဉ်အန္တရာယ်များ သတိပြုပါ။ မိသားစု၌ အိမ်ခြံမြေတို့နှင့် ပတ်သက်၍ ငွေကြေးပိုင်း နစ်နာဆုံးရှုံးမှုများ တွေ့ကြုံတတ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းပိုင်း အနှောင့်အယှက်များကြောင့် နေရာဌာနအပြောင်းအရွှေ့များ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ လုပ်ငန်းရှင်များ အလုပ်အတွက်၊ ငွေကြေးကိစ္စများအတွက် အဆင်မပြေမှုများပြားနေမည်။ ပညာသင်ကြားသူများ ပညာရေးပိုင်းစိတ်လေလွင့်မှုများပြားတတ်သည်။အိမ်ထောင်ရှင်များနှင့် ချစ်သူများအတွက် ပြင်းထန်သော ပဋိပက္ခတိုက်ပွဲများကြား နာကြည်း မုန်းတီးမှုများ မွေးဖွားလာတတ်သည်။

---

LIBRA



**တူလင်္ဂ**

စိတ်ပန်းမှုများကြား ငြီးငွေ့ စိတ်ပျက်သော စိတ်ဓာတ်ပြိုလဲမှုများအတွက် စိတ်ဓာတ်ကြံ့ခိုင်ရန် လိုအပ်သည်။ မိမိဆောင်ရွက်ကြိုးပမ်းမှုများတွင် ခင်မင်ရင်းနှီးသူများ၏ အတိုက်အခံပြုခြင်း ခံရတတ်သည်။ ကျန်းမာရေးအညံ့နှင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ခွဲစိတ်မှုများ ခံယူရတတ်သော ကာလဖြစ်သည်။ မိမိကြံစည်ဆုံးဖြတ် သုံးသပ်ချက်များ လွဲချော်များယွင်းနေတတ်ပြီး လုပ်ငန်းပိုင်း ဆုံးရှုံးပျက်စီးမှုများ ရင်ဆိုင်ရတတ်သည်။ လူမှုရေးထိုးနှက်မှုများအောက် မိမိဂုဏ်သတင်းပိုင်း ထိခိုက်ကျဆင်းတတ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းကိစ္စများအတွက် အကျိုးခံစားခွင့် နည်းပါးမည့်ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာများကြောင့် လုပ်ငန်းပိုင်းကြီးမားသည့်ဆုံးရှုံးမှုများ တွေ့ကြုံနိုင်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် စိတ်ပါဝင်စားမှု အားနည်းမှုကြောင့် ရည်မှန်းချက်များ လွဲချော်နေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးအခက်အခဲများကြောင့် သောကများရမည်။ ချစ်သူအတွက် ပင်ပန်းပေးဆပ်ရ ကြိုးစားမှု ရလဒ်များအတွက် အကျိုးခံစားခွင့်များ ရရှိမည်။

---

SCORPIO



**ဗြိစ္ဆာလင်္ဂ**

လုပ်ငန်းပိုင်း အခက်အခဲကြီးများ ရင်ဆိုင်ရသော်လည်း မိမိကို ကူညီစောင့်ရှောက်သူများကြောင့် အဆုံးသတ်၌ လွတ်မြောက် အောင်မြင်မည်။ ဘာသာရေးကိစ္စများနှင့် မိသားစု၌ အလှူမင်္ဂလာကိစ္စများ ထူးထူးခြားခြား ဆောင်ရွက်လုပ်ကိုင်ရတတ်သည်။ တရားမဝင် ငွေကြေးအကျိုးရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ မိမိဆောင်ရွက်နေသော လုပ်ငန်းတာဝန်များတွင် အတိုက်အခံယှဉ်၍ အောင်မြင်သော အခြေအနေသစ်တစ်ရပ် ဖန်တီးတည်ဆောက်နိုင်မည်။ မိမိသုံးစွဲသော အသုံးအဆောင် ပစ္စည်းကောင်းများ ပျောက်ရပျက်စီး ဆုံးရှုံးတတ်သည်။ ရုတ်တရက် ထိခိုက်မှုနှင့် ပြင်းထန်သော ကျန်းမာရေးအညံ့ဖြစ်စဉ်များ သတိပြုပါ။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ အလုပ်တွင် စိတ်ဖိစီးမှုအခက်အခဲများ မကြာခဏ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ ဆုံးရှုံးမှုအချို့ တွေ့ကြုံသော်လည်း အခွင့်အရေးကောင်းများ ဖန်တီးပုံဖော်ခွင့် ရရှိမည်။ ပညာရေးတွင် စိတ်လေလွင့်မှု များနေတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးပိုင်း အတိုက်အခံများ ရင်ဆိုင်ကျော်ဖြတ်ရပြီး ချစ်သူများ သံသယ စွပ်စွဲချက်များအပေါ် ပြန်လည်ချေပရန် အခက်တွေ့နေတတ်သည်။

www.burmeseclassic.com

SAGITTARIUS



**ဓနုလဂ်**

ငွေကြေးကံ ကောင်းမွန်သောကာလဖြစ်ပြီး ပါးနပ်လိမ္မာစွာဖြင့် မိမိလိုအင်ဆန္ဒများကို ဖန်တီးခွင့် မည်။ မိမိ၏ လုပ်ငန်းတွင် အလိုအလျောက် ဘုန်းကံအရှိန်အဝါမြင့်မားလာမည်။ အကြီးအ မိဘဆရာသမားများ၏ စောင့်ရှောက်မှုကြောင့် ထူးခြားသည့် ပြောင်းလဲမှုများ ရင်ဆိုင်ဖြတ်ကျော်ရ မိသားစုတွင် အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ အကျိုးအမြတ်ရရှိနိုင်သည်။ အတိုက်အ အနှောင့်အယှက်များ အောင်မြင်ပြီး စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုများ လက်ဝယ်သို့ ရောက်ရှိလာ ထိပါက်တတ်သော ကာလဖြစ်သည့်အတွက် ကြာသပတေး၊ စနေနေ့များ ထီကံစမ်းပေးပါ။ လုပ် ရှင်များ အကျိုးအမြတ်ထူးခြားစွာ ရရှိနိုင်ပြီး ဘဝကံမြင့်မားတိုးတက်လာမည်။ ပညာသင်ကြားနေသူ ဘာပဲလုပ်လုပ် ကံထနေမည်။ အိမ်ထောင်ရှင်များ အေးချမ်းသာယာမှုများ မွေးဖွားရှင်သန်ချိန်ဖြ ချစ်သူများ ထာဝရချစ်ခြင်းလမ်းမများထက် ရင်ခုန်သံများ စည်းချက်ကိုက်ညီနေမည်။

---

CAPRICORN



**မကာရလဂ်**

ကံဇာတာ ဆက်လက်မြင့်မားတိုးတက်မည်။ လုပ်ငန်းတွင် တွေးခေါ် ယူဆချက်များ တည့်မတ်မှန် နေသည့်အတွက် အခွင့်အရေးကောင်းများ ရရှိမည်။ အတိုက်အခံများ ဖြတ်ကျော်ရသော်လည်း အောင်မြင်မှုများ ဆွတ်ခူးရယူခွင့် ရှိနေသည်။ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်၍ နိုင်ငံ ငွေကြေးအကျိုးအမြတ်များ ရရှိနိုင်သည်။ ထီပေါက်နိုင်သော ကာလဖြစ်ပြီး စနေသားသမီးများ စပ်တူစပ်ဖက် ထီကံစမ်းပေးပါ။ လူမှုရေးကိစ္စများ ဆောင်ရွက်မှုများပြား၍ မျက်နှာပွင့်လန်း ကာလဖြစ်သည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးပေးကံ ကောင်းမွန်သော်လည်း အတိုက်အခံ ကြောင့် ပြဿနာများ ဖြေရှင်းရမည်။ ပညာသင်ကြားနေသူများ မိမိ၏ပညာရေးကိစ္စများ၌ ကံဇာ အထွဋ်အထိပ်သို့ ရောက်ရှိချိန်။ အိမ်ထောင်ရှင်များ ငွေကြေး၊ စီးပွားဥစ္စာတိုးတက်ချိန်ဖြစ်ခြင်းကြေ အိမ်ထောင်ရေး အဆင်ပြေမည်။ ချစ်သူများ အတိုက်အခံများပြားမည့် အချိန်ကာလ။

---

AQUARIUS



**ကုမ်လဂ်**

ကံဇာတာအရှိန်အဟုန် အထူးတိုးတက်အောင်မြင်လာမည်။ အံ့သြလောက်သော ပြောင်းလဲမှု မိမိနှင့် မိသားစုလက်ဝယ်သို့ ရောက်ရှိလာမည်။ ပြည့်စုံကြွယ်ဝမှုအမျိုးမျိုး ဖန်တီးရယူခွင့်ရှိ ငွေကြေးချိတ်ပုံသူများပင် လက်ဖျား ငွေသီးတတ်သော ကာလဖြစ်သည်။ မိမိမျှော်မှန်းသည်ထ ပိုမိုသာလွန်သည့် အကျိုးအမြတ်ရရှိမှုများ ရင်ဆိုင်ဖြတ်ကျော်ရမည်။ ထီဆုကြီးများ ပေါက်တတ် ကြာသပတေး၊ သောကြာ၊ စနေနေ့များ၌ ထီကံစမ်းပေးပါ။ မိမိနေထိုင်သော ပတ်ဝန်းကျင်တ ဘုန်းကံသြဇာကြီးမြင့်၍ အောင်မြင်မှုများ ဖွံ့ဖြိုးလာမည်။ လုပ်ငန်းရှင်များ ယုံကြည်မှုအားအင်အ ဖြင့် လုပ်ငန်းများ ဖန်တီး ပုံဖော်သင့်သည်။ ပညာသင်ကြားနေသူများ ကြိုးစားအားထုတ်သလော အကျိုးခံစားခွင့်များ ရရှိမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်နှင့် ပတ်သက်၍ ကံကော ကြီးပွားမည်။ ချစ်သူများ အဖက်ဖက်မှ အဆင်ပြေမည့် ရွှေရောင် အနာဂတ်နေ့ရက်များ ရယူပိုင်ဆိုင် ရရှိချိန်။

---

PISCES



**မိန်လဂ်**


အတိုက်အခံများပြားမည့် အချိန်ကာလ။ ဆုံးဖြတ်ယူဆချက်များ လွဲချော် မှားယွင်းနေတတ်သည် လုပ်ငန်းတွင် စိတ်ပင်ပန်း၊ လူပင်ပန်းမှု ယှဉ်တွဲ၍ အခွင့်အရေးကောင်းများ ဖန်တီးပုံဖော်နိုင်မည် ကျန်းမာရေးအညံ့နှင့် မတော်တဆ ထိခိုက်မှုအန္တရာယ်များ သတိပြုပါ။ မိသားစုကျန်းမာရေး များကြောင့် ငွေကုန်ကြေးကျ များပြားသောကာလဖြစ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူ ကံဇာတာအညံ့ကြုံတတ်ပြီး လူမှုရေးပြဿနာများကြောင့် ဂုဏ်သိက္ခာကျဆင်းတတ်သည်။ အော လက်ငယ်သားများဖြင့် အဆင်မပြေမှုများ တွေ့ကြုံရင်ဆိုင်ရမည့် အချိန်ကာလ။ လုပ်ငန်းရှင် စိတ်သောကများပြားပြီး လိမ်လည်လှည့်ဖြားသူများဖြင့် တွေ့ကြုံရတတ်သည်။ ပညာသင်ကြား အတိုက်အခံများကြားမှ အောင်မြင်မှုများ ရရှိသောကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ် ဖက်ဖြင့် ပြင်းထန်သော အနှောင့်အယှက်ပြဿနာများ ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းတတ်သည် ချစ်သူထံမှ အရင်ထက်ပိုမိုသော ချစ်ခြင်းမေတ္တာတရားများ ရယူပိုင်ဆိုင်ခွင့်ရရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ နိုဝင်ဘာလ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့ မွေးဖွားချိန်ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့ သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ မနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက် ခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီး သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့ နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လက် အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် (၁၂)လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃ မှ မေ ၁၃အတွင်း နံနက် (၅း၄၅)နာရီမှ (၇း၄၅) နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉း၄၅)နာရီမှ (၁၁း၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန် လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် တည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရသာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီး အတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် တစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများ ဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်း ခြင်း လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဥ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်■

*ဦးဝေယျာကို (B.Sc)(D.S.A)*

နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှာ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၈ : ၂၀ | ၁၈ : ၅၃ | ၁၉ : ၅၈ | ၂၀ : ၂၈ | ၂၂ : ၂၀ | ၂၂ : ၄၉ | ၀၀ : ၁၂ | ၀၀ : ၄၄ | ၀၀ : ၅၉ | ၀၁ : ၃၃ | ၀၄ : ၄၇ | ၀၅ : ၂၀ |
| ၂ | ၁၈ : ၁၇ | ၁၈ : ၄၉ | ၁၉ : ၅၅ | ၂၀ : ၂၄ | ၂၂ : ၁၆ | ၂၂ : ၄၅ | ၀၀ : ၀၈ | ၀၀ : ၄၀ | ၀၀ : ၅၅ | ၀၁ : ၂၉ | ၀၄ : ၄၃ | ၀၅ : ၁၇ |
| ၃ | ၁၈ : ၁၃ | ၁၈ : ၄၅ | ၁၉ : ၅၁ | ၂၀ : ၂၀ | ၂၂ : ၁၂ | ၂၂ : ၄၁ | ၀၀ : ၀၀ | ၀၀ : ၃၆ | ၀၀ : ၅၁ | ၀၁ : ၂၅ | ၀၄ : ၃၉ | ၀၅ : ၁၃ |
| ၄ | ၁၈ : ၀၉ | ၁၈ : ၄၁ | ၁၉ : ၄၇ | ၂၀ : ၁၆ | ၂၂ : ၀၈ | ၂၂ : ၃၈ | ၂၃ : ၅၆ | ၀၀ : ၃၂ | ၀၀ : ၄၇ | ၀၁ : ၂၁ | ၀၄ : ၃၅ | ၀၅ : ၀၉ |
| ၅ | ၁၈ : ၀၅ | ၁၈ : ၃၇ | ၁၉ : ၄၃ | ၂၀ : ၁၂ | ၂၂ : ၀၄ | ၂၂ : ၃၄ | ၂၃ : ၅၂ | ၀၀ : ၂၈ | ၀၀ : ၄၄ | ၀၁ : ၁၇ | ၀၄ : ၃၁ | ၀၅ : ၀၅ |
| ၆ | ၁၈ : ၀၁ | ၁၈ : ၃၃ | ၁၉ : ၃၉ | ၂၀ : ၀၉ | ၂၂ : ၀၀ | ၂၂ : ၃၀ | ၂၃ : ၄၈ | ၀၀ : ၂၄ | ၀၀ : ၄၀ | ၀၁ : ၁၃ | ၀၄ : ၂၈ | ၀၅ : ၀၁ |
| ၇ | ၁၇ : ၅၇ | ၁၈ : ၂၉ | ၁၉ : ၃၅ | ၂၀ : ၀၅ | ၂၁ : ၅၆ | ၂၂ : ၂၆ | ၂၃ : ၄၄ | ၀၀ : ၂၀ | ၀၀ : ၃၆ | ၀၁ : ၀၉ | ၀၄ : ၂၄ | ၀၄ : ၅၇ |
| ၈ | ၁၇ : ၅၃ | ၁၈ : ၂၅ | ၁၉ : ၃၁ | ၂၀ : ၀၁ | ၂၁ : ၅၂ | ၂၂ : ၂၂ | ၂၃ : ၄၀ | ၀၀ : ၁၆ | ၀၀ : ၃၂ | ၀၁ : ၀၅ | ၀၄ : ၂၀ | ၀၄ : ၅၃ |
| ၉ | ၁၇ : ၅၀ | ၁၈ : ၂၁ | ၁၉ : ၂၇ | ၁၉ : ၅၇ | ၂၁ : ၄၈ | ၂၂ : ၁၈ | ၂၃ : ၃၆ | ၀၀ : ၁၂ | ၀၀ : ၂၈ | ၀၁ : ၀၁ | ၀၄ : ၁၆ | ၀၄ : ၅၀ |
| ၁၀ | ၁၇ : ၄၆ | ၁၈ : ၁၇ | ၁၉ : ၂၃ | ၁၉ : ၅၃ | ၂၁ : ၄၄ | ၂၂ : ၁၄ | ၂၃ : ၃၂ | ၀၀ : ၀၈ | ၀၀ : ၂၄ | ၀၀ : ၅၇ | ၀၄ : ၁၂ | ၀၄ : ၄၆ |
| ၁၁ | ၁၇ : ၄၂ | ၁၈ : ၁၃ | ၁၉ : ၁၉ | ၁၉ : ၄၉ | ၂၁ : ၄၀ | ၂၂ : ၁၀ | ၂၃ : ၂၈ | ၀၀ : ၀၀ | ၀၀ : ၂၀ | ၀၀ : ၅၃ | ၀၄ : ၀၈ | ၀၄ : ၄၂ |
| ၁၂ | ၁၇ : ၃၈ | ၁၈ : ၀၉ | ၁၉ : ၁၅ | ၁၉ : ၄၅ | ၂၁ : ၃၆ | ၂၂ : ၀၆ | ၂၃ : ၂၄ | ၂၃ : ၅၇ | ၀၀ : ၁၆ | ၀၀ : ၄၉ | ၀၄ : ၀၄ | ၀၄ : ၃၈ |
| ၁၃ | ၁၇ : ၃၄ | ၁၈ : ၀၅ | ၁၉ : ၁၁ | ၁၉ : ၄၁ | ၂၁ : ၃၂ | ၂၂ : ၀၂ | ၂၃ : ၂၀ | ၂၃ : ၅၃ | ၀၀ : ၁၂ | ၀၀ : ၄၅ | ၀၄ : ၀၀ | ၀၄ : ၃၄ |
| ၁၄ | ၁၇ : ၃၀ | ၁၈ : ၀၁ | ၁၉ : ၀၇ | ၁၉ : ၃၇ | ၂၁ : ၂၈ | ၂၁ : ၅၈ | ၂၃ : ၁၇ | ၂၃ : ၄၉ | ၀၀ : ၀၈ | ၀၀ : ၄၁ | ၀၃ : ၅၆ | ၀၄ : ၃၀ |
| ၁၅ | ၁၇ : ၂၆ | ၁၇ : ၅၈ | ၁၉ : ၀၃ | ၁၉ : ၃၃ | ၂၁ : ၂၄ | ၂၁ : ၅၄ | ၂၃ : ၁၃ | ၂၃ : ၄၅ | ၀၀ : ၀၀ | ၀၀ : ၃၇ | ၀၃ : ၅၂ | ၀၄ : ၂၆ |
| ၁၆ | ၁၇ : ၂၂ | ၁၇ : ၅၄ | ၁၈ : ၅၉ | ၁၉ : ၂၉ | ၂၁ : ၂၁ | ၂၁ : ၅၀ | ၂၃ : ၀၉ | ၂၃ : ၄၁ | ၂၃ : ၅၆ | ၀၀ : ၃၄ | ၀၃ : ၄၈ | ၀၄ : ၂၂ |
| ၁၇ | ၁၇ : ၁၈ | ၁၇ : ၅၀ | ၁၈ : ၅၆ | ၁၉ : ၂၅ | ၂၁ : ၁၇ | ၂၁ : ၄၆ | ၂၃ : ၀၅ | ၂၃ : ၃၇ | ၂၃ : ၅၂ | ၀၀ : ၃၀ | ၀၃ : ၄၄ | ၀၄ : ၁၈ |
| ၁၈ | ၁၇ : ၁၄ | ၁၇ : ၄၆ | ၁၈ : ၅၂ | ၁၉ : ၂၁ | ၂၁ : ၁၃ | ၂၁ : ၄၃ | ၂၃ : ၀၁ | ၂၃ : ၃၃ | ၂၃ : ၄၈ | ၀၀ : ၂၆ | ၀၃ : ၄၀ | ၀၄ : ၁၄ |
| ၁၉ | ၁၇ : ၁၀ | ၁၇ : ၄၂ | ၁၈ : ၄၈ | ၁၉ : ၁၇ | ၂၁ : ၀၉ | ၂၁ : ၃၉ | ၂၂ : ၅၇ | ၂၃ : ၂၉ | ၂၃ : ၄၅ | ၀၀ : ၂၂ | ၀၃ : ၃၆ | ၀၄ : ၁၀ |
| ၂၀ | ၁၇ : ၀၆ | ၁၇ : ၃၈ | ၁၈ : ၄၄ | ၁၉ : ၁၄ | ၂၁ : ၀၅ | ၂၁ : ၃၅ | ၂၂ : ၅၃ | ၂၃ : ၂၅ | ၂၃ : ၄၁ | ၀၀ : ၁၈ | ၀၃ : ၃၂ | ၀၄ : ၀၆ |
| ၂၁ | ၁၇ : ၀၂ | ၁၇ : ၃၄ | ၁၈ : ၄၀ | ၁၉ : ၁၀ | ၂၁ : ၀၁ | ၂၁ : ၃၁ | ၂၂ : ၄၉ | ၂၃ : ၂၁ | ၂၃ : ၃၇ | ၀၀ : ၁၄ | ၀၃ : ၂၉ | ၀၄ : ၀၂ |
| ၂၂ | ၁၆ : ၅၈ | ၁၇ : ၃၀ | ၁၈ : ၃၆ | ၁၉ : ၀၆ | ၂၀ : ၅၇ | ၂၁ : ၂၇ | ၂၂ : ၄၅ | ၂၃ : ၁၇ | ၂၃ : ၃၃ | ၀၀ : ၁၀ | ၀၃ : ၂၅ | ၀၃ : ၅၈ |
| ၂၃ | ၁၆ : ၅၄ | ၁၇ : ၂၆ | ၁၈ : ၃၂ | ၁၉ : ၀၂ | ၂၀ : ၅၃ | ၂၁ : ၂၃ | ၂၂ : ၄၁ | ၂၃ : ၁၃ | ၂၃ : ၂၉ | ၀၀ : ၀၆ | ၀၃ : ၂၁ | ၀၃ : ၅၄ |
| ၂၄ | ၁၆ : ၅၀ | ၁၇ : ၂၂ | ၁၈ : ၂၈ | ၁၈ : ၅၈ | ၂၀ : ၄၉ | ၂၁ : ၁၉ | ၂၂ : ၃၇ | ၂၃ : ၀၉ | ၂၃ : ၂၅ | ၂၃ : ၅၈ | ၀၃ : ၁၇ | ၀၃ : ၅၁ |
| ၂၅ | ၁၆ : ၄၇ | ၁၇ : ၁၈ | ၁၈ : ၂၄ | ၁၈ : ၅၄ | ၂၀ : ၄၅ | ၂၁ : ၁၅ | ၂၂ : ၃၃ | ၂၃ : ၀၅ | ၂၃ : ၂၁ | ၂၃ : ၅၄ | ၀၃ : ၁၃ | ၀၃ : ၄၇ |
| ၂၆ | ၁၆ : ၄၃ | ၁၇ : ၁၄ | ၁၈ : ၂၀ | ၁၈ : ၅၀ | ၂၀ : ၄၁ | ၂၁ : ၁၁ | ၂၂ : ၂၉ | ၂၃ : ၀၂ | ၂၃ : ၁၇ | ၂၃ : ၅၀ | ၀၃ : ၀၉ | ၀၃ : ၄၃ |
| ၂၇ | ၁၆ : ၃၉ | ၁၇ : ၁၀ | ၁၈ : ၁၆ | ၁၈ : ၄၆ | ၂၀ : ၃၇ | ၂၁ : ၀၇ | ၂၂ : ၂၅ | ၂၂ : ၅၈ | ၂၃ : ၁၃ | ၂၃ : ၄၆ | ၀၃ : ၀၅ | ၀၃ : ၃၉ |
| ၂၈ | ၁၆ : ၃၅ | ၁၇ : ၀၆ | ၁၈ : ၁၂ | ၁၈ : ၄၂ | ၂၀ : ၃၃ | ၂၁ : ၀၃ | ၂၂ : ၂၂ | ၂၂ : ၅၄ | ၂၃ : ၀၉ | ၂၃ : ၄၂ | ၀၃ : ၀၁ | ၀၃ : ၃၅ |
| ၂၉ | ၁၆ : ၃၁ | ၁၇ : ၀၃ | ၁၈ : ၀၈ | ၁၈ : ၃၈ | ၂၀ : ၂၉ | ၂၀ : ၅၉ | ၂၂ : ၁၈ | ၂၂ : ၅၀ | ၂၃ : ၀၅ | ၂၃ : ၃၈ | ၀၂ : ၅၇ | ၀၃ : ၃၁ |
| ၃၀ | ၁၆ : ၂၇ | ၁၆ : ၅၉ | ၁၈ : ၀၄ | ၁၈ : ၃၄ | ၂၀ : ၂၅ | ၂၀ : ၅၅ | ၂၂ : ၁၄ | ၂၂ : ၄၆ | ၂၃ : ၀၁ | ၂၃ : ၃၅ | ၀၂ : ၅၃ | ၀၃ : [illegible] |



www.burmeseclassic.com


www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၆ : ၀၇ | ၀၆ : ၃၉ | ၀၇ : ၁၆ | ၀၇ : ၄၆ | ၁၀ : ၃၆ | ၁၁ : ၀၆ | ၁၀ : ၃၈ | ၁၁ : ၀၈ | ၁၃ : ၀၈ | ၁၃ : ၄၁ | ၁၆ : ၁၁ | [illegible] |
| ၂ | ၀၆ : ၀၃ | ၀၆ : ၃၅ | ၀၇ : ၁၂ | ၀၇ : ၄၂ | ၁၀ : ၃၁ | ၁၁ : ၀၁ | ၁၀ : ၃၄ | ၁၁ : ၀၄ | ၁၃ : ၀၄ | ၁၃ : ၃၇ | ၁၆ : ၀၇ | [illegible] |
| ၃ | ၀၅ : ၅၉ | ၀၆ : ၃၁ | ၀၇ : ၀၈ | ၀၇ : ၃၈ | ၁၀ : ၂၈ | ၁၀ : ၅၈ | ၁၀ : ၃၀ | ၁၁ : ၀၀ | ၁၃ : ၀၀ | ၁၃ : ၃၃ | ၁၆ : ၀၃ | [illegible] |
| ၄ | ၀၅ : ၅၅ | ၀၆ : ၂၇ | ၀၇ : ၀၄ | ၀၇ : ၃၅ | ၁၀ : ၂၄ | ၁၀ : ၅၄ | ၁၀ : ၂၆ | ၁၀ : ၅၆ | ၁၂ : ၅၆ | ၁၃ : ၃၀ | ၁၆ : ၀၀ | [illegible] |
| ၅ | ၀၅ : ၅၁ | ၀၆ : ၂၃ | ၀၇ : ၀၀ | ၀၇ : ၃၁ | ၁၀ : ၂၀ | ၁၀ : ၅၁ | ၁၀ : ၂၂ | ၁၀ : ၅၂ | ၁၂ : ၅၂ | ၁၃ : ၂၆ | ၁၅ : ၅၆ | [illegible] |
| ၆ | ၀၅ : ၄၇ | ၀၆ : ၁၉ | ၀၆ : ၅၆ | ၀၇ : ၂၇ | ၁၀ : ၁၇ | ၁၀ : ၄၇ | ၁၀ : ၁၈ | ၁၀ : ၄၈ | ၁၂ : ၄၈ | ၁၃ : ၂၂ | ၁၅ : ၅၂ | [illegible] |
| ၇ | ၀၅ : ၄၃ | ၀၆ : ၁၅ | ၀၆ : ၅၂ | ၀၇ : ၂၃ | ၁၀ : ၁၃ | ၁၀ : ၄၃ | ၁၀ : ၁၄ | ၁၀ : ၄၄ | ၁၂ : ၄၄ | ၁၃ : ၁၈ | ၁၅ : ၄၈ | [illegible] |
| ၈ | ၀၅ : ၃၉ | ၀၆ : ၁၁ | ၀၆ : ၄၈ | ၀၇ : ၁၉ | ၁၀ : ၀၉ | ၁၀ : ၃၉ | ၁၀ : ၁၀ | ၁၀ : ၄၀ | ၁၂ : ၄၀ | ၁၃ : ၁၄ | ၁၅ : ၄၄ | [illegible] |
| ၉ | ၀၅ : ၃၅ | ၀၆ : ၀၇ | ၀၆ : ၄၄ | ၀၇ : ၁၅ | ၁၀ : ၀၅ | ၁၀ : ၃၅ | ၁၀ : ၀၆ | ၁၀ : ၃၆ | ၁၂ : ၃၆ | ၁၃ : ၁၀ | ၁၅ : ၄၀ | [illegible] |
| ၁၀ | ၀၅ : ၃၁ | ၀၆ : ၀၃ | ၀၆ : ၄၀ | ၀၇ : ၁၁ | ၁၀ : ၀၁ | ၁၀ : ၃၁ | ၁၀ : ၀၂ | ၁၀ : ၃၂ | ၁၂ : ၃၃ | ၁၃ : ၀၆ | ၁၅ : ၃၆ | [illegible] |
| ၁၁ | ၀၅ : ၂၇ | ၀၆ : ၀၀ | ၀၆ : ၃၇ | ၀၇ : ၀၇ | ၀၉ : ၅၇ | ၁၀ : ၂၇ | ၀၉ : ၅၈ | ၁၀ : ၂၈ | ၁၂ : ၂၉ | ၁၃ : ၀၂ | ၁၅ : ၃၂ | [illegible] |
| ၁၂ | ၀၅ : ၂၄ | ၀၅ : ၅၆ | ၀၆ : ၃၃ | ၀၇ : ၀၃ | ၀၉ : ၅၃ | ၁၀ : ၂၃ | ၀၉ : ၅၄ | ၁၀ : ၂၄ | ၁၂ : ၂၅ | ၁၂ : ၅၈ | ၁၅ : ၂၈ | [illegible] |
| ၁၃ | ၀၅ : ၂၀ | ၀၅ : ၅၂ | ၀၆ : ၂၉ | ၀၆ : ၅၉ | ၀၉ : ၄၉ | ၁၀ : ၁၉ | ၀၉ : ၅၀ | ၁၀ : ၂၀ | ၁၂ : ၂၀ | ၁၂ : ၅၄ | ၁၅ : ၂၄ | [illegible] |
| ၁၄ | ၀၅ : ၁၆ | ၀၅ : ၄၈ | ၀၆ : ၂၅ | ၀၆ : ၅၅ | ၀၉ : ၄၅ | ၁၀ : ၁၅ | ၀၉ : ၄၇ | ၁၀ : ၁၇ | ၁၂ : ၁၇ | ၁၂ : ၅၀ | ၁၅ : ၂၀ | [illegible] |
| ၁၅ | ၀၅ : ၁၂ | ၀၅ : ၄၄ | ၀၆ : ၂၁ | ၀၆ : ၅၁ | ၀၉ : ၄၁ | ၁၀ : ၁၁ | ၀၉ : ၄၃ | ၁၀ : ၁၃ | ၁၂ : ၁၃ | ၁၂ : ၄၆ | ၁၅ : ၁၆ | [illegible] |
| ၁၆ | ၀၅ : ၀၈ | ၀၅ : ၄၀ | ၀၆ : ၁၇ | ၀၆ : ၄၇ | ၀၉ : ၃၇ | ၁၀ : ၀၇ | ၀၉ : ၃၉ | ၁၀ : ၀၉ | ၁၂ : ၀၉ | ၁၂ : ၄၂ | ၁၅ : ၁၂ | [illegible] |
| ၁၇ | ၀၅ : ၀၄ | ၀၅ : ၃၆ | ၀၆ : ၁၃ | ၀၆ : ၄၃ | ၀၉ : ၃၃ | ၁၀ : ၀၃ | ၀၉ : ၃၅ | ၁၀ : ၀၅ | ၁၂ : ၀၅ | ၁၂ : ၃၈ | ၁၅ : ၀၈ | [illegible] |
| ၁၈ | ၀၅ : ၀၀ | ၀၅ : ၃၂ | ၀၆ : ၀၉ | ၀၆ : ၃၉ | ၀၉ : ၂၉ | ၀၉ : ၅၉ | ၀၉ : ၃၁ | ၁၀ : ၀၁ | ၁၂ : ၀၁ | ၁၂ : ၃၅ | ၁၅ : ၀၄ | [illegible] |
| ၁၉ | ၀၄ : ၅၆ | ၀၅ : ၂၈ | ၀၆ : ၀၅ | ၀၆ : ၃၆ | ၀၉ : ၂၅ | ၀၉ : ၅၆ | ၀၉ : ၂၇ | ၀၉ : ၅၇ | ၁၁ : ၅၇ | ၁၂ : ၃၁ | ၁၅ : ၀၀ | [illegible] |
| ၂၀ | ၀၄ : ၅၂ | ၀၅ : ၂၄ | ၀၆ : ၀၁ | ၀၆ : ၃၂ | ၀၉ : ၂၂ | ၀၉ : ၅၂ | ၀၉ : ၂၃ | ၀၉ : ၅၃ | ၁၁ : ၅၃ | ၁၂ : ၂၇ | ၁၄ : ၅၇ | [illegible] |
| ၂၁ | ၀၄ : ၄၈ | ၀၅ : ၂၀ | ၀၅ : ၅၇ | ၀၆ : ၂၈ | ၀၉ : ၁၈ | ၀၉ : ၄၈ | ၀၉ : ၁၉ | ၀၉ : ၄၉ | ၁၁ : ၄၉ | ၁၂ : ၂၃ | ၁၄ : ၅၃ | [illegible] |
| ၂၂ | ၀၄ : ၄၄ | ၀၅ : ၁၆ | ၀၅ : ၅၃ | ၀၆ : ၂၄ | ၀၉ : ၁၄ | ၀၉ : ၄၄ | ၀၉ : ၁၅ | ၀၉ : ၄၅ | ၁၁ : ၄၅ | ၁၂ : ၁၉ | ၁၄ : ၄၉ | [illegible] |
| ၂၃ | ၀၄ : ၄၀ | ၀၅ : ၁၂ | ၀၅ : ၄၉ | ၀၆ : ၂၀ | ၀၉ : ၁၀ | ၀၉ : ၄၀ | ၀၉ : ၁၁ | ၀၉ : ၄၁ | ၁၁ : ၄၁ | ၁၂ : ၁၅ | ၁၄ : ၄၅ | [illegible] |
| ၂၄ | ၀၄ : ၃၆ | ၀၅ : ၀၈ | ၀၅ : ၄၅ | ၀၆ : ၁၆ | ၀၉ : ၀၆ | ၀၉ : ၃၆ | ၀၉ : ၀၇ | ၀၉ : ၃၇ | ၁၁ : ၃၇ | ၁၂ : ၁၁ | ၁၄ : ၄၁ | [illegible] |
| ၂၅ | ၀၄ : ၃၂ | ၀၅ : ၀၄ | ၀၅ : ၄၁ | ၀၆ : ၁၂ | ၀၉ : ၀၂ | ၀၉ : ၃၂ | ၀၉ : ၀၃ | ၀၉ : ၃၃ | ၁၁ : ၃၄ | ၁၂ : ၀၇ | ၁၄ : ၃၇ | [illegible] |
| ၂၆ | ၀၄ : ၂၉ | ၀၅ : ၀၁ | ၀၅ : ၃၈ | ၀၆ : ၀၈ | ၀၈ : ၅၈ | ၀၉ : ၂၈ | ၀၈ : ၅၉ | ၀၉ : ၂၉ | ၁၁ : ၃၀ | ၁၂ : ၀၃ | ၁၄ : ၃၃ | [illegible] |
| ၂၇ | ၀၄ : ၂၅ | ၀၄ : ၅၇ | ၀၅ : ၃၄ | ၀၆ : ၀၄ | ၀၈ : ၅၄ | ၀၉ : ၂၄ | ၀၈ : ၅၅ | ၀၉ : ၂၆ | ၁၁ : ၂၆ | ၁၁ : ၅၉ | ၁၄ : ၂၉ | [illegible] |
| ၂၈ | ၀၄ : ၂၀ | ၀၄ : ၅၃ | ၀၅ : ၃၀ | ၀၆ : ၀၀ | ၀၈ : ၅၀ | ၀၉ : ၂၀ | ၀၈ : ၅၁ | ၀၉ : ၂၂ | ၁၁ : ၂၂ | ၁၁ : ၅၅ | ၁၄ : ၂၅ | [illegible] |
| ၂၉ | ၀၄ : ၁၇ | ၀၄ : ၄၉ | ၀၅ : ၂၆ | ၀၅ : ၅၆ | ၀၈ : ၄၆ | ၀၉ : ၁၆ | ၀၈ : ၄၈ | ၀၉ : ၁၈ | ၁၁ : ၁၈ | ၁၁ : ၅၁ | ၁၄ : ၂၁ | [illegible] |
| ၃၀ | ၀၄ : ၁၃ | ၀၄ : ၄၅ | ၀၅ : ၂၂ | ၀၅ : ၅၂ | ၀၈ : ၄၂ | ၀၉ : ၁၂ | ၀၈ : ၄၄ | ၀၉ : ၁၄ | ၁၁ : ၁၄ | ၁၁ : ၄၇ | ၁၄ : ၁၇ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

■

သူများတွေကို ပြောရင် စကားရှာပြီး ကြွားတယ်၊ မဖြစ်နိုင်တာတွေ ပြောတယ် ထင်ကြမှာစိုးလွန်းလို့ ပြောမပြဖူးပါဘူး သမီးရယ်။ လူတွေကလည်း အခက်သားမဟုတ်လား။ ကိုယ်မကြုံဘူးတာဆို မယုံချင်ကြဘူး။ ကိုယ်မမြင်ဘူးတာဆို လောကမှာ မရှိဘူး၊ ကိုယ် မကြားဘူးတာဆို မဖြစ်နိုင်ဘူးရယ်လို့ ထင်မြင် ယူဆတတ်ကြတာကိုး။ ဒါကလည်း သဘာဝပါပဲလေ။ လူအမျိုးမျိုး စိတ်အထွေထွေပေါ့ကွယ်။ ဥစ္စာစောင့် တကယ်ရှိတယ်, မရှိဘူးကိုတော့ သမီးလည်း ငြင်းမယ် မထင်ပါဘူး။ ဖေဖေကတော့ ဖေဖေကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်တွေကြောင့် ရှိတယ်လို့ သတ်မှတ်ချင်တယ်။

ဥစ္စာစောင့်ဆိုတာ အမှန်တော့လည်း ပရလောကသားတစ်မျိုးပါပဲ။ ဒါပေမယ့် သူတို့မှာ လုလုပပ ဖန်ဆင်းနိုင်တဲ့ အစွမ်းသတ္တိရှိတယ် ထင်ရဲ့။ ဖေဖေတွေ့ဖူးသမျှတော့ ရုပ်အဆင်း ကြောက်မက်ဖွယ်ရာ တစ်ခါမှ မမြင်ဖူးဘူး။ တွေ့ခဲ့စဉ်တိုင်း ချောချောလှလှ တွေချည်းပဲ။

ကဲ - ဖေဖေကြုံဖူးခဲ့တဲ့ အဖြစ်အပျက်တွေထဲက လယ်ထဲမှာ ကြုံခဲ့တဲ့ အကြောင်းကို ငါ့သမီးကို ပြောပြမယ်။ သမီးအတွက်တော့ ဇာတ်လမ်းက အဆန်းအပြားကြီးဟုတ်မယ် မထင်ပေမယ့် တကယ်ကြုံခဲ့ရတဲ့ ဖေဖေ့အတွက်တော့ အံ့သြဘနန်း အံ့မခန်းပါပဲကွယ်။ ကဲ - သေသေချာချာ နားထောင်နော်။

***

ကိုခင်မောင် လယ်ကွင်းထဲ ရောက်တော့ ညနေစောင်းလုပြီ။ လယ်သမားတွေလည်း နွားတွေ၊ ထွန်တွေ သိမ်း၍ပြီးလို့ ညနေစာစား၊ အဖန်ရည်ပင် သောက်နေလောက်ပြီ။ ကိုခင်မောင်လည်း အဖေ့လယ်ကွင်းဆီသို့ နီးရာ လယ်ကွက်တွေကြားမှ ဖြတ်ကာ ဖြတ်ကာ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ အဖေတော့ နောက်ကျ၍ ဆူပူနေလေပြီလား။ စိတ်တိုနေလေပြီလား မသိ။

ကိုခင်မောင်၏ ဖခင်က ကိုခင်မောင်ကို မိမိအလုပ်တွေ ဝိုင်းကူလုပ်စေရန်အတွက် ရွာမှ လယ်ကွင်းဆီသို့ ဆင်းလာခိုင်းလိုက်ခြင်းဖြစ်သည်။ ကိုခင်မောင်လည်း ဖခင်ကို ကြောက်၍သာ ဆင်းလာခဲ့ရသည်။ လယ်သမားသားသမီးဖြစ်သော်လည်း လယ်လုပ်ချင်သူ မဟုတ်။ ကိုခင်မောင် ဖြစ်ချင်သည်က အစိုးရအရာရှိကြီးဖြစ်သည်။ မိမိတို့ရွာသို့ တစ်လတစ်ခါ စပါးထွက်နှုန်းတိုး, မတိုး လာရောက်စစ်ဆေး လေ့လာတတ်သော စိုက်ပျိုးရေးလူကြီးများကဲ့သို့ အရာရှိကြီး ဖြစ်လိုသောကြောင့် ထိုခေတ် ထိုအခါက ရှားပါးလှစွာသော ဆယ်တန်းအောင် ကျောင်းသားထဲတွင် ကိုခင်မောင် ပါနိုင်စေရန် စာကို ကြိုးစားခဲ့၏။ ယခုများတော့ ကိုခင်မောင် ဆန္ဒပြည့်ဝရန် နီးစပ်နေပြီ။ ကိုခင်မောင် ဆယ်တန်းအောင်ခဲ့ပြီ။ မြို့တွင် ကျောင်းသွားတက်ရန် ဖခင်ကို တောင်းဆိုရတော့မည်။ အဘွားက ခွင့်ပြုသောကြောင့် အဖေ ခွင့်မပြုလျှင် အဘွားကို တိုက်တွန်းခိုင်းရမည်ဟု စိတ်ထဲ၌ တွေးတောကြံဆနေရင်း လမ်းတိုကန်သင်း အတိုင်း ခပ်သွက်သွက်လျှောက်လာလိုက်သည်။

အဖေ့လယ်ကွက်နားသို့ မရောက်ခင်တွင် ကောက်ရိုးပုံကုန်းကို ကျော်ဖြတ်သွားရမည်ဖြစ်၏။ ယခုချိန်ခါ၌ ကောက်ရိုးပုံကုန်းနားတွင် လူသူလေးပါးရှိလိမ့်မည် မထင်။ ကောက်ရိုးပုံ ကုန်းရာဝဇဝင်ကလည်း လူအများ၏ စိတ်အာရုံကို ဆွဲကိုင်လှုပ်ခါနိုင်လောက် သည့်အထိ အထင်ကရ ရှိခဲ့၏။ ကောက်ရိုးပုံဟူသည်မှာ အမှန်တော့ ကောက်ရိုးတွေ ပုံထားသောကုန်းတစ်ခု ဖြစ်သည်ကြောင့် ကောက်ရိုးပုံကုန်းဟု ခပ်လွယ်လွယ်မှည့်ခေါ်ခဲ့ကြခြင်းဖြစ် သည်။ ယခင်က ထိုနေရာသည် မြေ ကွက်လပ်တစ်ခုဖြစ်သော်လည်း လယ် ထွန်၍ မရ၊ ထွန်ယက်စိုက်ပျိုး၍ မရ တစ်စုံတစ်ခုနှင့် ငြိငြိနေခြင်းကြောင့် ကျော်သွား။ ကွက်သွားရာမှနေ မြေ ကွက်လပ်တစ်ခုအဖြစ် ဖြစ်တည်နေရာ ထိုမြေကွက်လပ်တွင် ကောက်ရိုးများ လာပုံထားကြရင်း ကောက်ရိုးပုံကုန်း ဖြစ်ခဲ့ရဟန်တူသည်။

ထိုကောက်ရိုးပုံကုန်းအနီးတွင် ထိန်ပင်ကြီးတစ်ပင်ရှိ၏။ ထိုကောက်ရိုး ပုံကုန်းနှင့် ထိန်ပင်ကြီးသည် ဆက်စပ်မှု ရှိသည်ဟု ဆိုရပေလိမ့်မည်။ အဘယ့် ကြောင့်ဆိုသော် ရွာသူရွာသားအချို့က ထိုကောက်ရိုးပုံကုန်းနှင့် ထိန်ပင်ကြီးကို ယှဉ်တွဲလျက် ကြောက်ရွံ့နေကြသော ကြောင့်ဖြစ်သည်။ ဘာကြောင့် ကြောက် ရွံ့နေရတာလဲဟု မေးလာခဲ့လျှင် ညအခါ ၌ ထိုထိန်ပင်ကြီးပေါ်မှ အကောင်မည်း မည်းကြီးတစ်ကောင် ဆင်းလာကာ ကောက်ရိုးပုံပေါ်တွင် ထိုင်နေတတ်သည် ကို ရွာသားအချို့ တွေ့ မြင်ဖူးသော ကြောင့် ကြောက်ရွံ့နေကြခြင်းဖြစ်လေ သည်။ သို့ကြောင့်လည်း လူအများက ကောက်ရိုးပုံကုန်းနားသို့ ညနေ နေဝင် တရောအချိန်မှစ၍ နံနက်အရုဏ်တက် ချိန်အထိ သွားရောက်ခြင်း မပြုတတ် ကြ။ ယခုများတော့ ကိုခင်မောင်က ခပ်တည်တည်ပင် ကောက်ရိုးပုံကုန်းနား က ဖြတ်လျှောက်ခဲ့လေပြီ။

www.burmeseclassic.com

ကိုခင်မောင်မှာ ခေတ်ပညာတတ် သူငယ်တစ်ဦးဖြစ်တာကြောင့် သရဲ ဘန်ကို မယုံကြည်။ လူအများ ပြော ပြောနေသော ကောက်ရိုးပုံကုန်းနှင့် ထိန်ပင်ကြီးအကြောင်းကို လည်း အလေးအနက်သဘောမထားခဲ့။ ယုန် ဆင် ကြောင်ထင်ဖြစ်ခြင်းဟူ၍သာ သတ်မှတ်ထားခဲ့သည်။ ယခုလည်း ထိန် ပင်ကြီးနားရောက်တော့ ဘာမည်းမည်း ကောင်မှ မတွေ့ရ။ ကိုခင်မောင် ပိုမို သေချာစေရန် ထိန်ပင်ပေါ် မော့ကြည့် သည်။ ထိန်ပင်၏ တစ်ဖက် မြေကွက် လပ်ဆီသို့လည်း လှမ်းကြည့်သည်။ ဘာကိုမျှ မတွေ့ရ။ ကိုခင်မောင် မဲ့ပြုံး လေးတစ်ချက် ပြုံးလိုက်မိရင်း အဘိုး ၏ စကားကိုလည်း မယုံမရဲ နားထဲ ကြားယောင်မိသည်။

"ဟိတ်ကောင် ခင်မောင် . . . ကောက်ရိုးပုံကုန်းနား လျှောက် လျှောက်မသွားနဲ့ကွ။ အဲဒီနားမှာ ဥစ္စာ စောင့်သိုက် ရှိတယ်။ တော်နေကြာ ကို လိပ်ပြာနတ်သွားလိမ့်မယ် သား။ မင်းက ကြောက်တတ်တဲ့ ကောင်လည်း မဟုတ်ဘူး။ လုန့်လို့ လိုက်လို့ကလည်း မရတော့ အခက် မသွားနဲ့ကွာ၊ ငါ့စကား နားထောင်"

အဘိုးက ထိုသို့ပြောတော့လည်း ကိုခင်မောင် ယုံရတော့မလိုလို။ ကိုခင် အဘိုးက သမထလိုင်း အားထုတ် သူတစ်ဦးဖြစ်၍ ဘယ်နေရာတွင် သတ္တဝါတွေ ရှိနေသည်ဟု ထုတ် ပြောဆိုနိုင်လောက်သည်အထိ မြောက်နေသူဖြစ်၏။ သို့သော် ကိုခင်မောင်က သူတစ်ပါး မှုနှင့် ယုံကြည်လုသူ မဟုတ်။ တွင် ဥစ္စာစောင့်သိုက် အမှန်ရှိ ကို ပြမှာပေါ့ဟု တွေးကာ



စိန်ခေါ်ချင်ချင်ဖြစ်နေမိသည်။ ကြာကြာ ရပ်ကြည့်နေဖို့ရာ အချိန်က မရ။ အဖေ ဆူမည်စိုး၍ လယ်ကွက်များကြားမှ လယ်တဲဆီသို့ ခပ်သွက်သွက် ဆက်လျှောက်ခဲ့တော့သည်။

♦♦♦

ညဉ့်၏ ရင်ခွင်တွင် ဖိုးလမင်းသည် မေးတင် မေးစက်လျက် ပြည့်ပြည့်ဝိုင်း ဝိုင်းကြီး ထိန်ထိန်သာနေသည်။ တဲထဲ တွင် ပူအိုက်လှသောကြောင့် နွားတင်း ကုပ်ဘေး နွားစာခွက်ထဲတွင် လာ ရောက် လှဲအိပ်ရင်း ကိုခင်မောင် မိုး ကောင်းကင်ကြီးကို ငေးကြည့်နေမိ သည်။ မိုးကောင်းကင်ကြီးသည် ပြာမွဲမွဲ အဆင်းရောင်ဖြင့် ဝင်းဝါဝါ လမင်းလေး ကို ထွေးပွေ့ထားသည်။ ကိုခင်မောင် ကောင်းကင်ကို ငေးကြည့်ရင်း ဟိုအကြောင်း ဒီအကြောင်း စဉ်းစားနေ မိသည်။

"ဥစ္စာစောင့်ဆိုတာ တကယ်ရှိ လား။ အဘိုးပြောတာ တကယ်ဟုတ် မဟုတ် ငါ ဘယ်လိုလုပ် သိနိုင်မလဲ။ ဥစ္စာစောင့်ဆိုတာ ဘယ်လိုမျိုးပါလိမ့်။ ငါလည်း တစ်ခါမှ မမြင်ဘူးပါလား။ အဘိုးပြောသလို ငါလည်း ကျင့်ကြံနေ ရဲ့သားနဲ့ ဘာဖြစ်လို့ မမြင်ရတာလဲ"

စသည်ဖြင့် တွေးတောနေရင်း သိချင်ဇောဖြင့် စိတ်ထဲတွင် ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"အကယ်၍ ကောက်ရိုးပုံကုန်း နားတွင် ဥစ္စာစောင့်သိုက် အမှန်ရှိလျှင် ကျွန်ုပ်ကို ဤနေ့ည ပြသပါ"

ဟူ၍ ရေရွတ် တိုင်တည်ပြီး နောက် ကိုခင်မောင်၏ မျက်လုံးတွေ အိပ်မွေ့ချခံရသူကဲ့သို့ တဖြည်းဖြည်း မှေးစင်းလာလေသည်။ အဲသည့်နောက် တော့ မေးခနဲ အိပ်ပျော်သွားတော့၏။

♦♦♦

"လူလေး . . . လူလေး၊ ထ . . . ထ"

နံဘေးမှ ခပ်တိုးတိုးခေါ်ငင်လျက် ကိုခင်မောင်၏ လက်မောင်းကို ပုတ် ခတ် နှိုးလိုက်၍ ကိုခင်မောင် နိုးလာ တော့ ကိုခင်မောင်၏ နံဘေးတွင် မုတ်ဆိတ်ကျင်စွယ်ဖြူတွေနှင့် ဝတ်ဖြူ စင်ကြယ် အဘိုးအိုတစ်ယောက်။ ကိုခင်မောင် ထိုအဘိုးအိုကို တအံ့တသြ ကြည့်လိုက်မိသည်။

"လူလေး . . . လာလေ၊ အဘိုး နောက်ကို လိုက်ခဲ့"

အဘိုးအိုက ထိုသို့ပြောပြီး ရေမှု ညင်သာစွာ ထွက်ခွာသွားသဖြင့် ကိုခင် မောင်လည်း ခပ်သွက်သွက်လိုက်ပါ သွားမိသည်။ ဘယ်က အဘိုးအိုလဲ။ ဘာကိစ္စ ကိုခင်မောင့်ကို ခေါ်ငင်သွား ရတာလဲ ဆိုတာကို ကိုခင်မောင် မသိ။ မေးကြည့်ဖို့လည်း သတိမရ၊ အချိန် တန်တော့ သိရမှာပေါ့ဟုသာ တွေးရင်း အဘိုးအို မျက်ခြေပြတ်သွားမည်စိုး၍ ခပ်သွက်သွက်လိုက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ရင်း လျှောက်ရင်းနှင့် ကောက်ရိုးပုံကန်းအနီး ထိန်ပင်ကြီးနားသို့ ရောက်လာခဲ့သည်။ အနီးဝန်းကျင်သို့ ဝေ့ဝဲကြည့်မိတော့ လမင်း၏ အလင်းရောင်မှတစ်ပါး အခြားအလင်းရောင် မရှိသဖြင့် မှောင်မိုက် တိတ်ဆိတ်နေသလို ခံစားရ၏။ လူသူလေးပါးကိုလည်း မတွေ့မြင်ရသဖြင့် ကိုခိုင်မောင်အားငယ်ချင်သလိုလို။ အို… ဒီအခြေအနေကျမှ အားငယ်နေရင် ငါညံ့မှာပေါ့ဟု ကိုယ့်ကိုယ်ကို အားပေးလျက် အဘိုးနောက်ကို ငွဲမလျှော့တမ်း လိုက်လာခဲ့သည်။ အဘိုးအိုက ထိန်ပင်ကြီးအောက်ရောက်တော့ ခဏရပ်ကာ ကိုခိုင်မောင့်ဘက် လှည့်ကြည့်ပြီး…

"ငါ့မြေးက မြင်ဖူးချင်တယ်၊ သိချင်တယ်လို့ တောင်းဆိုလို့ အဘိုးတို့က ပြရတာပါ။ လူတကာကိုတော့ ဘယ်ပြပါ့မလဲ။ ငါ့မြေးက သီလသမာဓိလည်း ရှိတဲ့သူ၊ အကျင့်စရဏအားလည်း အတန်အသင့် ပေါက်ရောက်တဲ့သူမို့လို့သာ ငါ့မြေးကို ပြဖို့ အဘိုးတို့ ဆုံးဖြတ်ခဲ့တာပါ။ ကဲ - အဘိုးတို့သိုက်က ဒီမှာပဲ။ ဝင်ကြရအောင်။ အထဲက ပစ္စည်းတွေက အရိုမတွေ့ယျ မြတ်စွာဘုရားကို ရည်စူးလှူဒါန်းထားတဲ့ ပစ္စည်းတွေဖြစ်တဲ့အကြောင်း အဘိုး အခုကတည်းက ငါ့မြေးကို သတိပေးလိုက်ပါရစေကွယ်"

အဘိုးအိုက ထိုသို့ဆို၍ ကိုခိုင်မောင်ခမျာ ယုံရမလို၊ မယုံရမလို ဖြစ်သွားမိသည်။ မိမိ အိပ်မက်မက်နေခြင်းများလား။ နို့ပေမယ့် ယခုပုံစံက အိပ်မက်မက်သည်နှင့် မတူ။ ရုပ်ကိုထားရစ်လျက် နာမ်ချည်း ခရီးထွက်လာရသော ပုံစံမျိုးဖြစ်သဖြင့် အဖြစ်မှန်ဟု ယူဆ၍ရသည်။ ထိုကိစ္စမျိုးကိုတော့ လူတိုင်း သဘောပေါက် နားလည်လိမ့်မည်မဟုတ်။ မည်သို့ပင်ဖြစ်စေ၊ ယခု အထဲဝင်ရအောင်ဟု အဘိုးအိုက ဆိုနေသော်လည်း ရှေ့တည့်တည့်ဆီသို့ ကြည့်လိုက်တော့ အထဲသို့ ဝင်စရာ တံခါးမပြောနှင့်၊ တံခါးနှင့် တူတဲ့ အရာပင် မရှိ။ လယ်ကွင်းကြီးကိုသာ တွေ့မြင်နေရ၍…

"အဘိုး… ဘယ်အထဲကို ဝင်ရမှာလဲ။ တံခါး ဘယ်မှာရှိလို့လဲ"

ဟု မေးမည့်ဆဲဆဲတွင် ရုတ်တရက်ဆိုသလို မြူခိုးမြူငွေ့တွေ ပေါ်လာကာ၊ ထိုမြူခိုးများ လွင့်ပြယ်သွားသည့်အခါ အုတ်တိုက်အပေါက်ဝတစ်ခုကို တွေ့မြင်လိုက်ရ၍ ကိုခိုင်မောင် အလွန်အမင်း အံ့အားသင့်သွားရသည်။

"ကဲ - လာ၊ ငါ့မြေး"

ရုတ်ခြည်းပေါ်လာတဲ့ ဝင်ပေါက်

"

ရုတ်ခြည်းပေါ်လာတဲ့
ဝင်ပေါက်ကို
ငေးကြောင်ကြည့်နေမိသော
ကိုခိုင်မောင်၏ လက်ကို ဆွဲကာ
အဘိုးအိုက တံခါးအတွင်းသို့
ဝင်ရောက်သွားသည်။
အတွင်းတွင်
အုတ်တိုက်ခန်းတစ်ခန်းကို တွေ့ရ၏။
အခန်းသည် အင်မတန်
ခမ်းနားလှပသော
ညီ့ခန်းကြီးတစ်ခန်းပုံသဏ္ဌာန်နှင့်
တူ၍ ကိုခိုင်မောင်
အံ့ဩဘနန်းဖြစ်ရပြန်သည်

"

ကို ငေးကြောင်ကြည့်နေမိသော ကိုခိုင်မောင်၏ လက်ကို ဆွဲကာ အဘိုးအိုက တံခါးအတွင်းသို့ ဝင်ရောက်သွားသည်။ အတွင်းတွင် အုတ်တိုက်ခန်းတစ်ခန်းကို တွေ့ရ၏။ အခန်းသည် အင်မတန် ခမ်းနားလှပသော ညီ့ခန်းကြီးတစ်ခန်းပုံသဏ္ဌာန်နှင့် တူ၍ ကိုခိုင်မောင် အံ့ဩဘနန်းဖြစ်ရပြန်သည်။ အခန်းထဲတွင် ကျောက်စိမ်းပန်းအိုးများကို ထောင့်နေရာများ၌ ထားရှိပြီး အ… ထဲတွင် ရတနာပန်းခက် ပန်းနွယ်များကို ထိုးစိုက်ထားသည်မှာ အလွန်မျက်… ပသာဒဖြစ်စရာကောင်းလှ၏။ အခန်း… ထဲတွင် သစ်သားပွတ်လုံး ထိုင်ခုံများ… သင့်တော်ရာ နေရာများတွင် သပ်သပ်… ရပ်ရပ် စီစီရီရီ နေရာချထားသည်… အခန်းထဲတွင် ဘာရနံ့ဟု ကိုခိုင်မောင် မခွဲခြားနိုင်သော အမွှေးနံ့သာတစ်မျိုး… ပျံ့လွင့် သင်းထုံနေသည်။ ကိုခိုင်မောင် ငေးမောကြည့်ရှုနေစဉ်တွင် အဘိုးအို… နောက်တစ်ခန်းသို့ ဆက်လက်လျှောက်… လှမ်းသွား၍ ကိုခိုင်မောင်လည်း… အခန်းတွင် ကြာမြင့်စွာ မနေတော့… နောက်တစ်ခန်းသို့ လိုက်ပါသွားရ… သည်။

နောက်အခန်းတစ်ခန်းတွင်… ဝင်ရောက်သွားတော့ စောစော… အခန်းလောက် လှပတင့်တယ်… သော်လည်း၊ ထိုအခန်းကျပြန်… ကျက်သရေအလွန်ရှိသည်ဟု ခံ… သည်။ အဘယ်ကြောင့်ဆိုသော် အ… ထောင့်တိုင်းတွင် ရှေးဟောင်း… ထိုင်ခုံကြီးတစ်လုံးစီကို ချ… အခန်းအလယ်တွင် အလွန်သ… ကြည့်ညိုဖွယ်ကောင်းသော ရွှေ… တော်တစ်ဆူကို ရွှေပလ္လင်… ကိန်းဝပ်စံပယ် အပူဇော်ခံ… ကြောင့်ဖြစ်၏။ ကိုခိုင်မောင် …

www.burmeseclassic.com

တော်ရှေ့တွင် ဒူးတုပ်လျက် ထိုင်ချလိုက်ပြီး မြတ်စွာဘုရားကို ထိခြင်းငါးပါးဖြင့် ကန်တော့ ရှိခိုးလိုက်သည်။ အဘိုးအိုက ကိုခင်မောင်ကို အပြုံးဖြင့် စောင့်နေပြီး ကိုခင်မောင် ဘုရားရှိခိုးပြီးမှ နောက်တစ်ခန်းကို လိုက်ပြပြန်သည်။

နောက်တစ်ခန်းမှာ ခပ်မှောင်မှောင်အခန်းတစ်ခန်းဖြစ်သော်လည်း အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် အလွန်မွှေးကြိုင်သော အမွှေးနံ့သာတွေက နှာခေါင်းတွင်းသို့ တိုးဝှေ့ဝင်ရောက်လာသည်။ ကိုခင်မောင် အခန်းတွင်းသို့ သေချာကြည့်လိုက်တော့ အခန်းထဲတွင် သေတ္တာတွေကို ထပ်ကာထပ်ကာ စီရီထား၏။ သေတ္တာထဲတွင် ဘာတွေ ရှိသည်ကို ကိုခင်မောင် မမြင်တွေ့ရပေမယ့် အမွှေးနံ့ကို ရရှိနေခြင်းကြောင့် ထိုသေတ္တာထဲတွင် စန္ဒကူး၊ ရှင်မတောင်၊ ကရမက် စသကဲ့သို့သော အမွှေးနံ့သာများ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိတာ အဘိုးအိုကို ကြည့်လိုက်မိတော့ အဘိုးအိုက ကိုခင်မောင်၏ မနောစိတ်ကို ကြားသိနေသည့်အလား ခေါင်းညိတ်ပြသည်။ ထို့နောက် နောက်တစ်ခန်းသို့ ကူးခဲ့ကြပြန်သည်။

အခန်းတွင်းသို့ အဘိုးအိုက ရှေ့မှ ဝင်သွားသဖြင့် ကိုခင်မောင်က နောက်မှ ဝင်အလာတွင် မည်းမည်းအကောင်ကြီးတစ်ကောင်ကို ဝုန်းခနဲ တွေ့လိုက်ရ၍ တော်ရုံလူဆိုလျှင် သွေးပျက် ချောက်ချားစွာ အော်ဟစ်မိလိုက်မည်မှာ မလွဲ။ ကိုခင်မောင်ပင် ...တ်ခနဲဖြစ်သွားမိသော်လည်း ထိုသတ္တဝါကြီးကို မကြောက်မရွံ့ စိုက်ကြည့်နေလိုက်မိတော့ အဘိုးအိုက -

"ဟဲ့ . . . ယက္ခ၊ ဧည့်သည်ကို ဒီလို မဆက်ဆံရဘူးလေ။ ဖယ်ပေး...လိုက်"

ဟု ဝင်ရောက် ပြောဆိုလိုက်ရာ ထိုယက္ခဆိုသော သတ္တဝါမည်းမည်းကြီးမှာ အနောက်သို့ ခပ်ယို့ယို့ဆုတ်သွားသည်။ အခန်းထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် မျက်စိကျိန်းစပ်လုနီးနီး ရွှေငွေရတနာ ကျောက်သံ ပတ္တမြားများကို တွေ့လိုက်ရ၏။ ရွှေထည် ငွေထည်များမှနေ ရွှေခွက်ငွေခွက်များအထိ အမျိုးမျိုးအစားစားကို တွေ့မြင်ရပေမယ့် ဘုရားကို ရည်စူး လှူဒါန်းထားသော ပစ္စည်းများ ဖြစ်သည်ကြောင့် ကိုခင်မောင် စိတ်နှင့်ပင် မပြစ်မှား။ ထိုပစ္စည်းများကို တွေ့ရသည့်အခါမှ စောစောက ယက္ခဆိုသူမှာ ဤကျောက်သံပတ္တမြားများ ထားရှိရာ အခန်းကို စောင့်ကြပ်ကာကွယ်နေရသူ ဖြစ်လိမ့်မည်ဟု စိတ်ထဲက တွေးထင်လိုက်မိသည်။

"
ဟုတ်တယ် ငါ့မြေးရဲ့။
ယက္ခက ဒီက အစောင့်အရှောက်ပေါ့။
အဘိုးကတော့
ဒီသိုက်ရဲ့ သိုက်ချုပ်ဘိုးဘိုးကြီးကွယ့်။
ဟိုမှာ လာနေတဲ့ သမီးတွေကတော့
ဒီသိုက်က ဥစ္စာစောင့်မလေးတွေပေါ့။
ဥစ္စာစောင့် ယောကျ်ားလေး
နှစ်ယောက်ရှိသေးတယ်။
သူတို့က သိုက်ပြောင်းဖို့
ပြင်ဆင်နေရလို့
အခု မရှိကြဘူး
"

"ဟုတ်တယ် ငါ့မြေးရဲ့၊ ယက္ခက ဒီက အစောင့်အရှောက်ပေါ့။ အဘိုးကတော့ ဒီသိုက်ရဲ့ သိုက်ချုပ်ဘိုးဘိုးကြီးကွယ်။ ဟိုမှာ လာနေတဲ့ သမီးတွေကတော့ ဒီသိုက်က ဥစ္စာစောင့်မလေးတွေပေါ့။ ဥစ္စာစောင့် ယောကျ်ားလေး နှစ်ယောက်ရှိသေးတယ်။ သူတို့က သိုက်ပြောင်းဖို့ ပြင်ဆင်နေရလို့ အခု မရှိကြဘူး"

အဘိုးအိုက ထိုသို့ပြော၍ ညွှန်ပြရာ ခပ်လှမ်းလှမ်းဆီသို့ လှည့်ကြည့်မိတော့ ဝင်းဝါဖြူညက်သော အသားအရေနှင့် မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးကောင်းကောင်း၊ ဆံပင်ရှည်ရှည်နှင့် ရွှေမြန်မာ ထိုင်မသိမ်းဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမချောလေး သုံးဦးကို တွေ့မြင်ရ၏။ ဤမျှ ချောမောလှပသော မိန်းကလေးများမှာ ဥစ္စာစောင့်မများ ဖြစ်သည်ဟု သိရပြန်သဖြင့် ကိုခင်မောင် အံ့သြပြီးရင် အံ့သြရပြန်သည်။

"ကဲ - ငါ့မြေး သိချင်တယ်ဆိုလို့ အဘိုးတို့ ဒိဋ္ဌပြပြီးခဲ့ပြီ။ ဒီလို ရွှေငွေရတနာတွေကို မြင်တွေ့ရပေမယ့် စိတ်နဲ့တောင် မပြစ်မှားတဲ့ ငါ့မြေးလို လူမျိုးက အရှားသား။ လူတွေက လောဘသားကောင်တွေရယ်လေ။ ဥစ္စာစောင့်သိုက်ရှိမှန်းသာ သိသွားရင် သိုက်တူးချင်၊ ဖော်ချင်ကြမှာစိုးလို့ ယက္ခကို ဒီအနီးတစ်ပိုက်မှာ ခြောက်လှန့်ခိုင်းထားရတာသာ ကြည့်တော့။ ဘုရားပစ္စည်းမှန်းသိလျက်နဲ့ တစ်တာစာ ကောင်းစားချင်ကြတဲ့ တစ်နပ်စား လောဘသားတွေ။ ကဲ . . ကဲ၊ အရက်မတက်ခင် ပြန်ကြတာပေါ့။ ငါ့မြေးလည်း ယုံကြည်ပြီမဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဒီလိုဆိုရင်ဖြင့် သွားကြရအောင်"

အဘိုးအို ထိုသို့ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် အလာတုန်းကကဲ့သို့ ဖြည်းဖြည်းချင်း မသွားရတော့ဘဲ ဖြတ်ခနဲဆို ကိုခင်မောင် အိပ်စက်နေရာ နွားတင်းကုပ်ဘေး နွားစာခွက်အနီးသို့ ရောက်ရှိသွားသည်။ နွားစာခွက်ထဲတွင် ကိုခင်မောင်၏ ရုပ်ခန္ဓာသည် လဲလျောင်းငြိမ်သက်လျက် ရှိသည်။ ထိုသို့ ကိုယ့်ခန္ဓာကို ကိုယ်မြင်လိုက်ရတော့ ကိုခင်မောင် အသည်းယားသလိုလို၊ ကြက်သီးထသလိုလို ဖြစ်သွားသည့်အခိုက် အဘိုးအိုက ကိုခင်မောင့်ပခုံးကို ခပ်ကြမ်းကြမ်းတွန်းချလိုက်ရာ ကိုခင်မောင် မိုက်ခနဲဖြစ်သွားကာ ခန္ဓာကိုယ်ပေါ်သို့ ပစ်လဲကျသွားတော့သည်။

◆◆◆

ကိုခင်မောင် နိုးလာတော့ လင်းကြက်တွန်နေပြီ။ စောစောက အဖြစ်အပျက်တွေကို အများအား ပြောပြလျှင် ကိုခင်မောင် စိတ်စွဲကာ အိပ်မက်မက်နေခြင်းဟူ၍သာ ထင်ကောင်း ထင်ကြလိမ့်မည်။ သို့ပေမယ့် အိပ်မက်မက်ခဲခြင်းမဟုတ်ဘဲ အမှန်တကယ်ဖြစ်ပျက်ခဲ့သည်ဆိုတာကိုတော့ ကိုခင်မောင် အသိဆုံး။ နို့ပေမယ့် သက်သေပြစရာ တစ်စုံတစ်ရာမရှိ။ သို့ကြောင့်လည်း အရှုံးအပေါ်ဟု အသတ်မှတ်မခံလိုသဖြင့် မည်သူ့ကိုမှ ပြောမပြခဲ့။ ကိုခင်မောင်နှင့် အရင်းနီးဆုံးလည်း ဖြစ်၊ ကိုခင်မောင်ထက် စရဏအားကောင်းသူ အဘိုးဖြစ်သူအား ပြောပြမိတော့-

"အယ် . . . ဒီကောင်လေး၊ တောက်တီးတောက်တဲ့၊ တယ် နှုတ်သရမ်း လက်တည့်စမ်းသကိုး။ တော်ကြာနေ နင့်ကို ခင်ပြီး ချစ်ပြီး သိုက်တံခါးပိတ် ခေါ်ထားလိုက်ကာမှ ဒုက္ခ



များမယ်။ တော်သေးတာပေါ့ဟယ်၊ ပြန်ပို့ပေးပေလို့"

ဟူ၍ ကိုခင်မောင့်ကို ဆူဆဲမာန်မဲလေသည်။ အဘိုးဆူတော့လည်း ကိုခင်မောင်က သူ့ဝသီအတိုင်း ခပ်ပြုံးပြုံးနှင့် ထေ့လုံးလေးတစ်လုံးပြောလိုက်သည်က . . .

"ခေါ်ထားလိုက်တော့ ကျွန်တော်က ပျော်ပျော်ကြီး နေပြီးသား။ ဘယ့်နှယ် ဥစ္စာစောင့်မလေးတွေ ချောချက်ဗျာ၊ မွှေးနေတာပဲ။ သူတို့ကို မြင်တော့ ရွာက ကွမ်းတောင်ကိုင်ကိုတောင် လှည့်မကြည့်ချင်တော့ဘူး"

"ဩော် . . . ဒီကလေးနှယ်၊ ဘုမသိ ဘမသိနဲ့ လျှောက်နှုတ်သရမ်းပြန်ပြီ။ အဲဒါက ဖန်ဆင်းထားတာကွဲ့။ သူတို့ရုပ်ရည်အစစ်က ပရလောကသားတွေပဲ။ ဘယ် ခုလို ချောမောတင့်တယ်ပါ့မလဲ။ ဒါပေမယ့် သူတို့မှာ ဖန်ဆင်းနိုင်တဲ့ တန်ခိုးရှိလေတော့ လှအောင်၊ ချောအောင် ဖန်ဆင်းထားတာပေါ့။ ဒီလို

သူတို့ရဲ့ ရုပ်ရည်လေးကြောင့် တ[illegible] ယောက်ျားသားတွေများ သူတို့နဲ့ နေ[illegible] လွန်းလို့ လူ့ဘဝကနေ သိုက်စောင့်[illegible] ကို ချက်ချင်းလက်ငင်း ပြောင်းသွား[illegible] တဲ့ ဝိညာဉ်အနှုတ်ခံရတဲ့ အဖြစ်အပျ[illegible] တွေက ပုံပြင်မဟုတ်ဘဲ တကယ်[illegible] တာကွဲ့။ လူတွေက အဘိုးတို့လို မ[illegible] နိုင်၊ မသိနိုင်တော့ ဘယ်ယုံကြည်[illegible] ပါ့မလဲ။ ကဲ - ငါ့မြေး ခင်မောင်လည်[illegible] နောင်ကို ဒီလိုမျိုး မယုံမကြည် မပြော[illegible] ရဘူး၊ မဆိုရဘူးနော်။ ဒီတစ်ခါ တော်[illegible] တည့်သွားပေမယ့် နောင်ဆိုတာ ပြော[illegible] မရဘူး။ မတော်မတည့်ဖြစ်သွား[illegible] မင်းအမေ ရင်ကျိုးရလိမ့်မယ်၊ သိလား[illegible] ကဲ - နက်ဖြန် ရွာသာ ပြန်တော[illegible] မင်းလည်း ဒီမှာ နေချင်တာမှ မဟုတ်[illegible] တာ။ မင်းအမေကို ငါပြောလိုက်မယ်[illegible]

"ဟုတ်ကဲ့ အဘိုး၊ ကျွန်တော်[illegible] အဘိုးစကား နားထောင်ပါ့မယ်"

အဘိုးက ရှည်လျားစွာ ပြော[illegible] ဆုံးမပြီးနောက် ဆေးတံကြီး ကိုက်[illegible] စိပ်ပုတီးကို လက်မှာ ပတ်ပြီး တဲပေ[illegible] ဆင်းသွားသည်။ ကိုခင်မောင်လည်[illegible] အဘိုးရဲ့ စကားတွေကို ပြန်လည်ကြ[illegible] ယောင်ရင်း ကြက်သီးတဖြန်းဖြန်း[illegible] ကာ နောင် ထိုသို့ မပြုမူ၊ မပြော[illegible] တော့ဟု စိတ်နှလုံး ဒုံးဒုံးချ[illegible] ဆုံးဖြတ်လိုက်မိပါတော့သည်။

စေတနာရှေ့ထားလျက်[illegible]

* * *

ဂါဦးနှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်အောက်မှာ အစာစား

## လိုရာဆန္ဒပြည့်စေသား

**ဂမ္ဘီရ ဆရာလှမျိုး (B.Sc)**

မြန်မာ့ရိုးရာ လက်ဆန်းဗေဒင်ဟု ခေါ်သော (မဟာ ...တ်၊ အင်္ဂဝိဇ္ဇာ၊ သုံးတန်ပေါ်နီစ်၊ ဆန်းကျမ်း) ပညာရပ်တို့ ...ည့် အဟောအပြောပညာ၌ မှန်ကန်တိကျမှု ရှိသလို၊ ...ကြာကိစ္စဆောင်ရွက်ရာတွင်လည်း လွယ်ကူအစွမ်းထက် ...ပေသည်။

ကျွန်ုပ် စာရေးသူသည် ၁၉၉၇ ခုနှစ်မှစ၍ ထိုပညာ ...များကို စတင်လေ့လာခဲ့ပါသည်။ လက်တွေ့ ဟောပြော ...ဆောင်ရွက်ခဲ့သည်မှာ ၁၀နှစ်ကျော်ကာလရှိပေပြီ။ ဆောင်ရွက် ...အားလုံး ရာနှုန်းပြည့် အောင်မြင်သည်ဟု မဆိုနိုင်ပေ။ ...ရင်း ပြောရင်း လက်တွေ့ အောင်မြင်မှု ရှိတာတွေကို ...တမ်းတင်ထားပါသည်။ ဆက်လက်၍လည်း သုတေသန ...ဆဲ၊ ကျမ်းစာအုပ်များ ဖတ်မှတ်လေ့လာနေရဆဲ ဖြစ် ...ည်။ ထိုသို့ လေ့လာဆောင်ရွက်ခြင်းဖြင့် တစ်စုံတစ်ဦး ... ယတြာဆောင်ရွက်ခိုင်းလိုက်ရာ "အဆင်ပြေတယ် ... ဆရာပေးတဲ့ ယတြာ အောင်မြင်တယ်" စသည်ဖြင့် ...ကြားရလျှင် ကျေနပ်ပီတိဖြစ်နေရပါသည်။

ကျွန်ုပ်အနေဖြင့် နေအိမ် "ကြံ့တိုင်းအောင် ဟောခန်း" တွင် နဝင်းစီးယတြာ ဆောင်ရွက်ပေးသည်။ ဆရာကိုယ်တိုင် လိုအပ်သော ပစ္စည်းဝယ်၊ ဆောင်ရွက်ပေးရသဖြင့် ထိုက်တန် သော ဥာဏ်ပူဇော်ခယူကာ ဆောင်ရွက်ပေးပါသည်။ ကာယကံရှင်အား ဆောင်ရွက်ခိုင်းရမည့် ယတြာအမျိုးမျိုး အကြံပြု လမ်းညွှန်ပေးရာတွင် ယတြာကြေး မယူပါ။ ဆန်း ကျမ်း၊ သုံးတန်ပေါ်နီစ်ပညာအရ ကာယကံရှင်အား ဆောင် ရွက်ခိုင်းရသော ဓာတ်ဆင်ဓာတ်ရိုက်ပညာအမျိုးမျိုးမှ အစွမ်း ထက် ယတြာတစ်ခုမှာ တန်းစီး + တိုင်ထိပ် ကောင်းကျိုးပြု ယတြာဖြစ်ပါသည်။

ထို တန်းစီးတိုင်ထိပ်ယတြာ မဖော်ပြမီ မိမိတို့ဂြိုဟ် သက်ရောက်အရ မည်သည့်ဂြိုဟ်သက္ကတ်နေသည်ကို ကြိုတင်သိထားဖို့ လိုပါသည်။ ကျွန်ုပ်ရေးသားထုတ်ဝေထား သော ၆အုပ်မြောက် "ဂြိုဟ်ရှစ်ခွင်သက္ကတ်ဗေဒင်နှင့် ယတြာ များ" စာအုပ်တွင်လည်း ဖော်ပြထားပါသည်။ ရန်ကုန်-မန္တလေး စာအုပ်ဆိုင်တွင် ဝယ်ယူရရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိအသက်ကို ၈ဖြင့် စား၊ အကြွင်းကို မွေးနံ့ရှိရာ ဂြိုဟ်ခွင်မှ လက်ယာရစ် ရေတွက်ပါ။ ရောက်ရာ ဂြိုဟ်ခွင်သည် သက်ရောက်(သက္ခတ်)ဖြစ်သည်။

ဥပမာ - တနင်္ဂနွေသား၊ အသက် (၄၃)နှစ်

၄၃ ÷ ၈ = ၃ကြွင်း

မွေးနံ → အင်္ဂါသက်ရောက်

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | - | ၄ |
| ၈ | ၅ | ၇ |

↱ ၇ တိုင်ထိပ်
၆
↳ ၅ တန်းစီး

အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်သော ခုနစ်နေ့သားသမီးများအားလုံး ၅၇၊ ၇၅အတွဲ ဆောင်ရွက်ရမည်။ ၅တေး-ပျဉ်းမပင်အောက်မှာ စနေနံ ထန်းသီး၊ နာနတ်သီး၊ နှမ်း ထန်းလျက်၊ ထောပတ်ပါသော မုန့်စားရမည်။ စနေနံတစ်ခုခုစားရမည်ဟု ဆိုလိုသည်။ အကယ်၍ တိုင်ထိပ် စနေနံ သစ်ပင်အောက်မှာ စားပါက ၅တေးနံ ပေါင်မုန့် ပဲ၊ ပြောင်းဖူး၊ ဘိန်းမုန့် စသည့် ၅တေးနံ အစားအစာတစ်မျိုးမျိုး စားရမည်။ ထိုမှတစ်ဖန် မျက်နှာမူရာ အရပ်တည့်လိုသော တန်းစီးအပင်အောက်မှာ ထိုင်ပါက တိုင်ထိပ်-စနေထောင့်အရပ်ကို မျက်နှာမူ၍ စား။ တိုင်ထိပ်အပင်အောက်မှာ စားပါက တန်းစီးအရပ်မျက်နှာ ၅တေး-အနောက်အရပ် မျက်နှာမူ စားရပါမည်။ ဤသစ်ပင်အောက် အစာစားရာတွင် ထိုင်၍ ဖြစ်စေ၊ မတ်တတ်ရပ်ဖြစ်စေ၊ စား၍ရသည်။ အချို့လည်း ဖိနပ်ချွတ် အရပ်မျက်နှာ ဂြိုဟ်စောင့် နတ်မင်းကို မေတ္တာပို့သပြီး စားသင့်ပါသည်။ အနောက်အရပ် မျက်နှာမူပါက အနောက်အရပ်ရှိ ကြာသပတေးဂြိုဟ်စောင့် နတ်မင်းကြီးနှင့် ဆွေတော်မျိုးတော်တွေ ကျန်းမာချမ်းသာကြပါစေ စသည်ဖြင့် မေတ္တာပို့ပြီး စားပါက ပို၍ကောင်းလေ၏။

ထိုတန်းစီး၊ တိုင်ထိပ်အပင်အောက်မှာ အစာစားရသောယတြာသည် အကြံအစည်အောင်မြင်ခြင်း၊ အလုပ်အကိုင် စီးပွားရေးကိစ္စ အဆင်ပြေခြင်း၊ အမှုပြဿနာပြေလည်ပြီး ဂြိုဟ်အညှဲ့အခိုက်များ ပ,ပျောက်စေသည်။ အကြွေးတောင်း၊ အလုပ်ကိစ္စ စကားပြော၊ အမှုကိစ္စ ရုံးချိန်းသွားခြင်းများ ဤယတြာကို ပြုလုပ်ဆောင်ရွက်သွားသင့်ပါသည်။

ခုနစ်နေ့သားသမီးများ တနင်္ဂနွေသက်ရောက်ဖြစ်နေပါက တန်းစီး ၄၊ တိုင်ထိပ် ၆ဖြစ်၍ ရွှက်လုပင်၊ ဝါးပင်၊ ရဲယိုပင်၊ လင်းလွန်းပင်အောက်မှာ သီဟိုဠ်စေ့၊ သရက်သီး၊ သကြားလုံး တစ်ခုခုစားသုံးပါ။ သောကြာနံ-သီဟိုဠ်ပင် အောက်ဆိုပါက ၄ဟူးနံ-ရောက်ယို၊ လိမ္မော်သီး၊ လက်ဖက် လက်ဖက်ရည် တစ်ခုခုစားသွားရမည်။

တနင်္လာသက်ရောက်ဖြစ်ပါက တန်းစီး ၇၊ တိုင်ထိပ် ၂ဖြစ်သောကြောင့် စနေနံ - ထန်းပင်၊ ဒန်းပင်၊ ထိန်ပင် တမာပင် တစ်ပင်ပင်အောက်မှာ တနင်္လာနံ - ကြံသကာ ကြံ၊ ကျောက်ကျော၊ ကြက်ကြော်၊ ငါးကြော်၊ ကောက်ညှင်း ပေါင်း၊ ကြက်သွန်ကြော် တစ်ခုခုစားပါ။ တနင်္လာ တန်းစီးပင် ကြံပင်၊ ကျည်းပင်၊ ကုက္ကိုပင်၊ ကံ့ကော်ပင်၊ ငွေချီပင် တစ်ပင်ပင်အောက်မှာ စနေနံအစားအစာ တစ်ခုခုစားပါ။

အင်္ဂါ + ဗုဒ္ဓဟူးသက်ရောက်အထက်တွင် ဖော်ပြခဲ့ ဖြစ်ပါသည်။

စနေသက်ရောက်တွင် တိုင်ထိပ် ၁နွေ၊ တန်းစီး ဖြစ်သောကြောင့် တန်းစီးအပင် သီဟိုဠ်ပင်အောက်မှာ တနင်္ဂနွေနံ အုန်းသီးစိပ်၊ အုန်းယို၊ အာလူးကြော် တစ်ခု စားပါ။ တိုင်ထိပ်အပင် အုန်းပင်၊ ဩဇာပင်၊ အင်ပင်၊ ဉ ပင်၊ မဒူပင် တစ်ပင်ပင်အောက်မှာ သောကြာနံအစားအစာ တစ်ခုခုစားပြီး လိုရာဆန္ဒ ဆုတောင်းပါ။

ကြာသပတေးနံ သက်ရောက်တွင် တန်းစီး ၁နွေ တိုင်ထိပ်အင်္ဂါ ၃ဖြစ်သောကြောင့် တန်းစီး ၁နွေအပင်အောက် မှာ အင်္ဂါနံ - စမူဆာ၊ ဆီထမင်း၊ ဆီးသီး၊ ဆား၊ ဆ ဆီးယို တစ်ခုခုစားပါ။ တိုင်ထိပ်အပင် ဆီးပင်၊ စိန်ပန်းပင် ညောင်ပင်၊ ဆီးဖြူပင် စသည့် အင်္ဂါနံအပင် တစ်ပင်ပင် အောက်မှာ ၁နွေနံအစားအစာ တစ်ခုခုစားပါ။

ရာဟုသက်ရောက်တွင် တန်းစီး ၂၊ တိုင်ထိပ် တနင်္လာတန်းစီးပင် (ကြံပင်၊ ကံ့ကော်ပင်၊ ကုက္ကို ကျည်းပင်၊ ခရေပင်)တစ်ပင်ပင်အောက်မှာ ဗုဒ္ဓဟူးနံ (လ ဖက်အသား၊ လက်ဖက်ရည်၊ လိမ္မော်သီး၊ ရောက်ယို၊ မုန့်၊ ရေမုန့်၊ လမုန့်) တစ်ခုခုစားပါ။

သောကြာသက်ရောက်တွင် အင်္ဂါ ၃ တန်းစီး၊ ၅တေး တိုင်ထိပ်ဖြစ်သောကြောင့် အင်္ဂါတန်းစီးပင် တစ်ပင်ပင်အောက် မှာ ၅တေးနံ အစားအစာစား၊ ၅တေးတိုင်ထိပ်ပင်အောက်မှာ အင်္ဂါနံအစားအစာ တစ်ခုခုစားပါ။

**အရပ်မျက်နှာများမှာ -**

| | |
|---|---|
| တနင်္ဂနွေ | - အရှေ့မြောက်အရပ် |
| တနင်္လာ | - အရှေ့ |
| အင်္ဂါ | - အရှေ့တောင် |
| ဗုဒ္ဓဟူး | - တောင်၊ စနေ၊ အနောက် တော |

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေး - အနောက်၊

သောကြာ - မြောက်အရပ်တို့ ဖြစ်ပါသည်။

ပြုလုပ်ရမည့်နေ့မှာ တန်းစီး၊ တိုင်ထိပ်နေ့ရက်မှာ ပြုလုပ်ပါ။ စာဖတ်ပရိသတ်များ သဘောပေါက်စေရန် ဥပမာ တစ်ခု ရေးသားဖော်ပြပေးလိုက်ပါသည်။

အသက် ၄၄နှစ် ၄ဟူး သားသမီး

၄၄ ÷ ၈ = ၄ကြွင်း

| | | | |
|---|---|---|---|
| | ၁ | ၂ | ၃ |
| | ၆ | | ၄ မွေးနံ |
| ရာဟု | ၈ | ၅ | ၇ |

၄ တိုင်ထိပ်
၃
၂ တန်းစီး
၁
၇
၆
၅

ရာဟု သက်ရောက်ဖြစ်သည်။

တန်းစီး၊ တိုင်ထိပ် ၂-၄ ဖြစ်သည်။

ထို့ကြောင့် တနင်္လာနံ တန်းစီးပင်အောက်သို့ တနင်္လာ၊ ဗုဒ္ဓဟူးနေ့ တစ်ရက်ရက်သွားပါ။ နံနက်စောစောသွားရမည်။ ကံ့ကော်ပင်အောက် ရောက်သောအခါ တောင်အရပ်သို့ မျက်နှာမူ၍ ဗုဒ္ဓဟူးနံအစားအစာ (လက်ဖက်အသား(စတီ)၊ လက်ဖက်ရည်၊ လိမ္မော်သီး၊ ရှောက်ယို၊ ဝေဖာ၊ လမုန့်၊ ရေခဲမုန့်၊ ရေမုန့်၊ ရှောက်သီး၊ ဆေးပြား၊ လျက်ဆား)တစ်ခုခုကို စားပါ။ မစားမီ တောင်အရပ်ရှိ ဗုဒ္ဓဟူးဂြိုဟ်စောင့်နတ်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တွေကို မေတ္တာပို့ပါ။ ရက္ခစိုးနတ်မင်းကြီးအား မေတ္တာပို့ပြီးမှ စားပါ။ လိုရာဆန္ဒ ဆုတောင်းလေ။ အကြောင်းကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။ အရေးကိစ္စရှိပါက လုပ်ဖြစ်အောင် လုပ်သွားပါ။ လိုရာဆန္ဒ ပြည့်ဝမှာ သေချာပါသည်။ ရှေးဆရာကြီးများ၊ ပညာရှင်များအား ကျေးဇူးတင်ပါသည်။ နောက်ပိုင်းဆရာကြီးတွေလည်း သင်ပေး၊ ပညာပေးကြသည်။

ဆန်းကျမ်းပညာ၊ သုံးတန်ပေါ် နှိစ်ပညာရပ်တွင် တန်းစီး၊ တိုင်ထိပ်ကို အဆောင်ကောင်း၊ နေ့ကောင်းရက်မြတ်အဖြစ် ဆောင်ရွက်ကြပါသည်။ စာရေးသူထံ ရောက်ရှိလာသူ သုံးလေးငါးဦး ထိုတန်းစီး၊ တိုင်ထိပ်၊ ကိန်းဂဏန်း နံပါတ်တွဲ ထီထိုး၍ ထီပေါက်သွားကြသည်။ ဥပမာ- ရာဟုသက်ရောက်တွင် ၂အစ ၄အဆုံး၊ ၄အစ ၂အဆုံး ထိုးခိုင်းသည်။ အကျိုးပေး ဂဏန်း ၂၄၈ ဟု ပေါက်လိုက်သည်။ ဉာဏ်ရှိသလို အသုံးချတတ်သူများ ငွေများစွာ ရရှိသွားကြပါသည်။ သစ်ပင်အောက်မှာ အစာစား၊ လိုရာဆန္ဒ ပြည့်စေသားဟု ဆိုလိုက်ရပါတော့သည်။

သဗ္ဗေသဒိရာ အနိစ္စာ

* * *

ဂမ္ဘီရဗေဒရာလှမျိုး(B.Sc)

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

# ပွဲကြီးပွဲကောင်း မြွေပွေးအကြောင်းနှင့် ကင်ဆာအန္တရာယ် ကြိုတင်ကာကွယ်

ရောမြေ ကျော်ဝေ

"မင်းဇလွန်ရွာ"၏ အင်းမကြီးချောင်းအနီးစပ်များတွင် "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော စာဆိုနှင့်အညီ ဆေးဖက်ဝင်သော အပင်ငယ်များ ပေါက်ရောက်နေကြသည်ကို အများအပြားတွေ့ရှိရပါသည်။ ထိုချောင်းကမ်းစပ်နံဘေးတွင် ကလေးတစ်သိုက် ဆော့ကစားကြသလို၊ လူကြီးတစ်သိုက်ကလည်း ဆေးပင်များကို လိုက်နှုတ်နေကြသည်။

မိုးအကုန် ဆောင်းအကူးပေမို့ လေပြည်လေညင်းများကလည်း တစ်ချက်တစ်ချက် ဝေ့ယမ်းတိုက်ခတ်လိုက်ချိန်တွင် အသည်းထဲထိ အေးစိမ့်သွားမတတ်ပင် ခံစားရလေသည်။ နံနက် ဂနာရီအချိန်ဆိုသော်လည်း နှင်းက မကွဲသေးပေ။ စာရေးသူတို့ မိသားတစ်စုသည် ဇနီးသည်၏ မိဘရပ်ထံဖြစ်သော မင်းဇလွန်ရွာကလေးသို့ အလည်အပတ်ရောက်ရှိခဲ့ပါသည်။ မင်းဇလွန်ဟု အမည်တွင်သော ရွာကလေးသည် အိမ်ခြေများများစားစားမရှိပါ။ စုစုပေါင်း ၁၀အိမ်ခန့်သာ ရှိပါသည်။ ကိုယ် ပိုင်ဆိုင်သော လယ်ကွက်များ၏ ဘေးတွင် ယာယီတဲများ ဆောက်ပြီး နေထိုင်ကြရာမှစ၍ နွေ မိုး ဆောင်း ဥတုသုံးရာသီထိ နေထိုင်ကြသူများ ရှိကြသဖြင့် တစ်စတစ်စဖြင့် ရွာတွင် စည်ပါသည်။ ဒူးယား၊ လက်ပံစု၊ သပြုပင်၊ အိုင်ကြီးဟူသော ရွာများနှင့်လည်း နီးပါသည်။ နေအိမ်စုတိုင်းတွင် အိမ်မွေးတိရစ္ဆာန် နွားနှင့် ခွေးများသည် အိမ်တိုင်း ရှိကြသလို၊ ဝါသနာပါသူအချို့က ကြက်၊ ဘဲ၊ ဝက်များကိုလည်း မွေးမြူကြပါသည်။

မင်းဇလွန်အင်းကြီး၏ ရေကို တောင်သူလယ်သမားများ အသုံးပြုကြသလို၊ ကျွဲနွား တိရစ္ဆာန်များကလည်း အသုံးပြုကြပါသည်။ နွေ မိုး ဆောင်း ဥတုသုံးရာသီစလုံး ရေပိုးရေမွှားများ ရှာစားကြသူများ ရှိကြသလို၊ ငှက်ထောင်၊ ပိုက်တားသူများလည်း ရှိကြသည်။ အင်းဇောင်းတွင် တဲထိုး၍ နေသူတို့အဖို့ ဟင်းစားက အခက်အခဲမရှိပေ။ စာရေးသူသည် ရုံးမှ ခွင့်ရက်ရှည် လုပ်သက်ခွင့် ၁၀ရက်ကို ယူပြီး ယောက္ခမ၊ ယောက်ဖများ၏ အင်းဇောင်းဘေး လယ်တဲတွင် ဇနီး၊ သားတို့နှင့်အတူ ၁၀ရက်တာ အနားယူပြီး အချိန်ကုန်ခဲ့ပါသည်။

ဒီအင်း၊ ဒီချောင်းက ဆောင်းရာသီတွင် အပန်းဖြေ အနားယူရန်အတွက် အတူးသင့်လျော်ပါသည်။ ဟိုတက်ကမ်း၊ ဒီဘက်ကမ်းကို သွားရာတွင် "ပိန်းကောမ"ဟူသော ကုက္ကိုတုံးကို ထွင်းထားသော လှေကြီးက အသုံးဝင်ပါသည်။ အင်း၏ အလယ်တွင် ကြာနီ၊ ကြာဖြူ၊ ကြာပြာများက အကန့် လိုက် ပေါက်နေကြသဖြင့် ဘုရားပန်းအတွက် အခက်အ မရှိလှပါ။ ယောက်ဖငယ် မောင်ပံသုက ငါးထောင် ပိုက်တ သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သလို၊ ယောက် ကြီး ကိုချစ်ခိုင်ကတော့ လယ်ထဲဆင်း ကောက်ရိတ်ရ တာဝန်က အမောတကောဖြစ်သည်။ အကောင်ရှည်တွေ လည်း ကြေခက်ရသလို၊ ဘယ်ကြည့်၊ ညာကြည့်၊ အော ကြည့်ဟူသော ကြည့်သုံးကြည့်နှင့်အညီ ကောက်ပင်ရိတ် တုန်းမှာပဲ ခြေဖဝါးနဲ့ တစ်တောင်ကွာ ညာဘက်ဘေး မြွေပွေးမြီးတိုခြောက်ကြီးတစ်ကောင် အရှည်တစ်တောင့် လုံးပတ် ခြေကျင်းဝတ်လောက်ရှိတဲ့ မြွေနားပင်းကြီး အသာရပ်ပြီး ကိုချစ်ခိုင်ရဲ့ ခြေဖမိုးကို ခဲဖို့ ကြိုးစားနေတုန်း သတိဝီရိယနဲ့ ကောက်ရိတ်နေတဲ့ ကိုချစ်ခိုင်က သူ့အနား မရောက်ခင် တစ်တောင်အကွာလောက်မှာ ကြိုတင် လိုက်ရတော့ အနီးမှာ ရှိတဲ့ ပုစွန်ကျစ်စာခဲနဲ့ ခေါင်းကို ပြီး ကန့်သင်းရိုးပေါ်ကို တင်ထားလိုက်၏။ အကွက်ဆ နှစ်ချို့ မြွေပွေးကြီးကို လူတိုင်း တွေ့လိုက်ရတော့ တအံ့တ ဖြစ်ကြသည်။ ခင်မောင်ဌေးက ဤသို့ ပြော၏။

"အစ်ကိုကြီးက သိပ်ကံကောင်းတာပဲဗျာ။ ဒီကွင်း မြွေပေါတယ်။ လူက ဦးနိုင်မှ ဒီကောင်ကြီးတွေ ခဲမိ ဆေးမမီဘူး။ အကွက်ဆက်က ပိုပြီးအဆိပ်ပြင်းတယ်"

ဟု ပြောသောအခါ ကိုချစ်ခိုင်သည် ခင်မောင်ဌေး အတန်ငယ် စိုက်ကြည့်ပြီး…

"မင်းကို ဘယ်သူက ပြောလို့ သိတာလဲ"

ဟု မေးသောအခါ လက်ပံစုရွာသား ကိုစိန်ဖေ က…

"ဟကောင် ချစ်ခိုင်ကြီးကလဲ…၊ ဘယ်သူက ပြေ ရမှာတုန်းကွ။ မင်းညီက လူလည်ပဲ။ ရွာရိုးကိုးပေါက်လျှေ လည်နေတဲ့ ကောင်ပဲ။ သူက တို့ရွာထဲက ဆရာမှူးနဲ့ အ ကျတယ်လေ။ မြွေဆရာ ဆရာမှူးက သူ့ကို ပြောပြမှာပေ

ဟု ပြောသည်။ ခင်မောင်ဌေးက…

"ကိုစိန်ဖေကြီးကလဲဗျာ၊ ကျွန်တော်က ဆရာမှူး ခင်တာတော့ မှန်ပါတယ်။ မြွေအကြောင်းကို လုံးစေ့ပတ် တော့ နားမလည်ပါဘူး။ မြွေအကြောင်းကို လုံးစေ့ပတ် နားလည်တာ ဟောဟို ကုက္ကိုပင်ရိပ်အောက်မှာ ထိုင်နေ ကိုစိန်သန်းနဲ့ ကိုချစ်ခင်ကြီးကို မေးကြည့်ပေါ့။ အ ပြောပြပါလိမ့်မယ်"ဟု ညွှန်လိုက်သည်။

ထိုအခါ ကိုစိန်ဖေသည် မြွေသေကောင်ကို ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးနားသို့ ယူသွားသောအခါ မြွေကို ကြောက်တတ်သော စိန်သန်းနှင့် ချစ်ခင်ကြီးက စိန်ဖေကို ဆွဲရေးတိုင်းထွားပြီး တစ်ချိုးတည်း ထွက်ပြေးရာ လက်ပံစုရွာသို့ပင် ရောက်လေသည်။ ကျန် ကောက်ရိတ်သားအဖွဲ့များကလည်း စိန်ဖေ၊ ချစ်ခိုင်နှင့် ခင်မောင်ဌေးတို့နည်းတူ တဝါးဝါး တဟားဟားဖြင့် ပွဲကျ၍နေလေတော့သည်။

ကိုချစ်ခိုင် ယူလာသော မြွေသေကောင်ကို ခင်မောင်ဌေးသည် ခေါင်းကို ဖြတ်ပြီး မြေကြီး ကျင်းနက်နက်တူးပြီး မြှုပ်လေသည်။ အရေခွံဆုတ်၍ ဗိုက်ခွဲပြီး ကလီစာများကို ဖယ်ရှင်းကာ ရေစင်အောင် ဆေးလိုက်သည်။ ပြီးလျှင် အခွေလိုက် နီးဖြင့် ချည်ပြီး ဒန်အိုးထဲတွင် ဆားထည့်၍ ထင်းမီးဖြင့် ပြုတ်သည်။ ကျက်သောအခါ အသားများကို ကုန်စင်အောင် နွှာပြီး အရိုးတို့ကို ကျင်းတူး၍ မြှုပ်သည်။ နွှာပြီးသား အသားတို့ကို ချင်း၊ ကြက်သွန်ဖြူနီတို့ဖြင့် အရောင်တင်မှုန့်ဖြူး၍ ဆီသတ်ပြီး မဆလာအနည်းငယ် ထည့်၍ ကြော်သည်။ ကြက်သားနှင့်မခြား စား၍ကောင်းပါသည်။ ထိုအချိန်က ၁၉၇၇ ခုနှစ်က ဖြစ်၍ မြွေပွေးသား စားကောင်းရမှန်း မသိကြသေးပါ။ လင်းမြွေကိုသာ အမိအရလိုက်ရှာသူကများပါသည်။ လင်းမြွေနှင့် ကြက်ကို လဲပြီး စားသူများလည်း ရှိကြပါသည်။

ယခု ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် ကင်ဆာရောဂါ ကာကွယ်သော ဆေးအမယ်ထဲတွင် မြွေပွေးသားသည် ထိပ်တန်းက ပါဝင်နေပါသဖြင့် စာရေးသူ တာဝန်ဖြင့် ရထားသွားလာရသော မိုးဥတု၊ ဆောင်းဥတုများတွင် လယ်ကွက်များနှင့် ကွင်းစားကျက်များတွင် မြွေဖမ်း ခရမ်းရောင် မီးချောင်းများကို တွေ့မြင်ရသောအခါ မျက်စိထဲတွင် မူးနောက်နောက်ဖြစ်မိသဖြင့် ထိုမီးချောင်းကို စူးစိုက်ပြီး ဆက်လက်မကြည့်ရဲပါ။ မျက်လုံးစူးစိုက်သည့် မီးချောင်းကို ဘက်ထရီဖြင့် ထွန်းပြီး မြွေဖမ်းကြရာတွင် မြွေဆိုးများအတွက် ကပ်ဆိုက်သည်ဟု ဆိုရပေမည်။ ရထားစက်ခေါင်းပေါ်တွင် တာဝန်ဖြင့် ခရီးသွားလာရင်း သူငယ်ချင်း စက်ခေါင်းမှူး ကိုဝင်းမောင်ကို မေးကြည့်သောအခါ ကိုဝင်းမောင်မှ မြွေဖမ်းသည့် မီးချောင်းဟု ပြောပြပါသည်။ ဒု-စက်ခေါင်းမောင်း မောင်ကျော်တင့်ကလည်း ဤကဲ့သို့ ပြောပြပါသည်။ (ကျွန်တော်တို့ ဒီဇယ်ရထားစက်ခေါင်းကြီးနှင့် တွဲများကလည်း တရိပ်ရိပ်ဖြင့် ပြေးလွှားနေသောအချိန်တွင် ဖြစ်ပါသည်။)

"ဒီမြွေတွေကို တရုတ်ပြည်က ဝယ်တယ်လို့တော့ ကြားတာပဲ။ တရုတ်ပြည် ဟိုတယ်တွေမှာ စားကောင်းသောက်ဖွယ်တစ်ခုဖြစ်သလို အစာလည်း ဆေး၊ ဆေးလည်း အစာအဖြစ် လူတော်တော်များများ စားကြလို့ ကင်ဆာရောဂါဝေဒနာပျောက်သူများလည်း မနည်းတော့ဘူးတဲ့။ ကျွန်တော် စာစောင်တစ်ခုထဲမှာ ဖတ်လိုက်ရတယ်။ ကျွန်တော်တို့ တောရွာတွေမှာ မိုးအခါ ရေကြီးရင် မြွေပွေး၊ မြွေဟောက်တွေ ပေါပေါရကြပါတယ်။ ဒါပေမယ့် ဈေးကတော့ မပေါဘူး။ တစ်ကောင်ကို တစ်ထောင်အထက်မှာ ရှိပါတယ်။ မြွေပွေးနဲ့ မြွေဟောက်ကို ခေါင်းဖြတ်ပြီး ရောင်းကြပါတယ်။ မြွေပွေးကို အရေခွံ မဆုတ်ဘဲ မီးမြှိုက်ပြီး ချက်စားရင် ပိုပြီးတော့ ဆေးဖက်ဝင်တယ်လို့ ဆိုကြပါတယ်။ ဟိုတစ်ချိန်က ကရင်လူမျိုးတွေ အစားများကြပါတယ်။ အခုတော့ တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ လူမျိုးပေါင်းစုံက ရောဂါပျောက်ချင်တဲ့ ဇောနဲ့ စားကြတာပါ။ အမှန်မှာ ကင်ဆာရောဂါမဖြစ်ခင်ကြိုတင် ကာကွယ်တဲ့အနေနဲ့ စားသင့်တာပါ။ ရောဂါဖြစ်ပြီး အမြစ်များ ပွားပြီးနေတဲ့ ဝေဒနာရှင်အတွက်ကတော့ သက်သာရုံပဲ ရှိမယ်။ မထူးခြားပါဘူး။ ရှင်းရှင်းပြောရရင် မဖြစ်ခင် ကြိုတင် ကာကွယ်တဲ့အနေနဲ့ စားရင်တော့ အကျိုးသက်ရောက်မှု ရှိပါတယ်။ ကျွန်တော်လည်း ဆေးပညာပါရဂူ ဆရာဝန်ကြီးတစ်ယောက်က ပြောပြလို့ သိခဲ့ရတာပါ"

ဟု မောင်ကျော်တင့်က ရထားသွားရင်း ပြောပြသဖြင့် သိခဲ့ရပါသည်။

စာရေးသူတို့ နေထိုင်သော ဟင်္သာတမြို့၏ ကနောင်စုတိုက်ကျောင်းဈေးတစ်နေရာတွင် မိုးရာသီ၊ ဆောင်းရာသီများတွင် မြွေပွေး၊ မြွေဟောက်များကို ခေါင်းဖြတ်၍ ချိတ်ဆွဲပြီး ရောင်းချကြပါသည်။ နှစ်သက်သူအချို့ကလည်း ဝယ်စားကြပါသည်။ ပွဲကြီးပွဲကောင်းတစ်ခုသဖွယ် ဝိုင်းအုံ၍ ကြည့်သူများနှင့် စည်ကားကြပါသည်။ စာရေးသူက မိတ်ဆွေကြီး ကိုကြည်စိုးကို ဤကဲ့သို့ ပြောလိုက်ပါသည်။

"မောင်ကြည်စိုးရေ…ငါတော့ ဆောင်းပါးရေးဖို့ ကုန်ကြမ်းရပြီကွာ"

ဟု ဆိုသောအခါ မောင်ကြည်စိုးက…

"ဘာအကြောင်းများများလဲ အစ်ကို။ ခေါင်းစီးလေးလည်း ပြောပြပါဦး"ဟု ဆိုသည်။

"ဒီလိုကွ။ ငါ တစ်ချိန်က လယ်ထဲမှာ ငါတို့မိသားစုတွေ အလည်သွားတဲ့ အကြောင်းနဲ့ အခု ဒီဈေးထဲမှာ မြွေတွေ တွေ့တဲ့အကြောင်းကို စပ်ဟပ်ပြီး ခေါင်းစီးကို ငါ ဒီလိုရေးချင်တယ်ကွာ။ "ပွဲကြီး ပွဲကောင်း အကောင်ရှည်တို့အကြောင်း"လို့ဆိုရင် ကောင်းမလားလို့"

ဟု ဆိုသောအခါ မောင်ကြည်စိုးက…

"အစ်ကိုရေးရင် မြွေအများစုထက် ဆေးဖက်ဝင်တဲ့ မြွေပွေးအကြောင်းကို ဦးစားပေးပြီး ရေးပေါ့ အစ်ကို"ဟု ဆိုသောအခါ စာရေးသူကလည်း ဤကဲ့သို့ "ပွဲကြီးပွဲကောင်း မြွေပွေးအကြောင်း"ဟု ခေါင်းစီးတပ်၍ ရေးသားလိုက်ရပါတော့သည်။□

* * *

ရောမြေ ကျော်စေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

■

နှစ်တွေ နှောင်းခဲ့၍လားတော့ မသိ။ ဗန်းမော်မြို့ကြီးကား အသွင်အပြင် အမြင်တွေအားလုံး ပြောင်းလဲသွားလေပြီ။ ယခင်တိုက်တာအဆောက်အအုံများ အလွန်နည်း၍ သစ်လုံးကြီးတွေဖြင့် ဆောက်ထားကြသည့် နှစ်ထပ်ပျဉ်ထောင်ပျဉ်ခင်း၊ ရေနံဝနေလေသော အိမ်မည်းမည်းကြီးတွေကား ယခုလုံးဝမရှိတော့။ အသွေးအရောင်လှပသည့် ခေတ်မီသော တိုက်တာအဆောက်အအုံများအဖြစ်သို့ ပြောင်းလဲသွားလေပြီကော။

မပြောင်းလဲနိုင်သည်မှာ ကားလမ်းမကြီးတွေနှင့် လမ်းသွယ်ကလေးများသာ။ ထို ရွှေ့ပြောင်းမရလေသော လမ်းတွေသည် ယခင်ကလို မြေလမ်း၊ ကျောက်ကြမ်းခင်း လမ်းတွေတော့ မဟုတ်။ လမ်းပခုံး တိုးချဲ့ထားသလို၊ ကတ္တရာ၊ ကျောက်ချော၊ ကွန်ကရစ်လမ်းတွေ ဖြစ်နေလေ၏။ လူနေမှုအဆင့်မြင့်လာသည်မှာ စီးပွားရေးကောင်းမွန်၍ အဆင့်မြင့်မြင့် တင့်တင့်တည်တည်ဖြစ်လာခဲ့သည်ကိုဖြင့် ငြင်း၍ မရတော့ပါ။

တရုတ်ပြည်မှ ဆိုင်ကယ်နှင့် ကားပစ္စည်း၊ အထည်အလိပ်၊ အိုးခွက်ပန်းကန်၊ လျှပ်စစ်ပစ္စည်းတွေ အချိန်မရွေး ဝင်ရောက်နေခြင်းကြောင့် စီးပွားဖြစ်ကြသည်သာ။ တရုတ်ပြည်မှ ထုတ်သောအထည်နှင့် လျှပ်စစ်ပစ္စည်းများကား အသစ်စက်စက် ဝင်ရောက်ခဲ့သော ရန်ကုန်-မန္တလေး လမ်းဘေးတို့တွင် ရောင်းသော ဘေထုပ်ဆိုသည်မှာ အပေါ်ပတ်ရစ် ပစ္စည်းအဝတ်အထည် အစုလို မဟုတ်၊ ဗန်းမော်အခေါ်အဝေါ်မှာကား ဖျာခင်းဈေးဟု ခေါ်၏။ လမ်းဘေးတွင် ဖျာကြီးတွေ ခင်းပြီး ပစ္စည်းအသစ်စက်စက်တွေကို ရောင်းခြင်းဖြစ်သည်။

"ညီလေး...ငါ တရုတ်ကင်းဘတ် ဝယ်ဦးမယ်ကွာ"

"ဝယ်တာပအေး၊ ပေါမှပေါ"

"အေး၊ မနက်ဖြန် လမ်းလျှောက်ဖို့ ဦးလေးရဲ့"

ဖျာခင်းအထည်ဆိုင် ဝင်ရောက်ကာ စိတ်ကြိုက် တရုတ်ကင်းဘတ်ဖိနပ်ရှာဖွေ ဝယ်ယူနေစဉ်မှာပင် ကျွန်တော့်အပါးသို့ ဘေးချင်းယှဉ် ဝင်ရောက်လာသည့် လူတစ်ဦး။

"ဗျော်...ဆရာကျော် ထင်တာပ"

"ဗျာ...၊ ကျွန်တော် ကျော်မင်း။ ဩော်...ဟုတ်ကဲ့ ဆရာကျော်ပါ"

"ဗျော်...မတွေ့ရတာ ကြာတာပအေး။ နှစ်တော်တော်ကြာတာပ။ ကျွန်တော် နောင်မြို့ရွာသား ညီမောင်ပအေး။ ဟိုတုန်းက ကာလသားခေါင်းပ"

"ဩော်...ဟာဗျာ ကိုညီမောင်ကြီး၊ ဝမ်းသာလိုက်တာဗျာ။ အရမ်းဝမ်းသာတာပဲ။ ခု ဘယ်မှာနေလဲ"

"နောင်မြို့မှာပဲ နေတာပ။ မိန်းမရလို့ ကလေး ၄ယောက်ပအေး"

"ဟ...မြန်လှချည်လား ကိုညီမောင်ကြီးရဲ့ ဟားဟားဟား..."

"ဗျော်...ဆရာကျော်၊ ဘယ်မှာနေတာပ"

"ကျွန်တော် ရန်ကုန်မှာ နေပါတယ်။ တပ်က ထွက်ပြီးကတည်းက ရန်ကုန်ပြန်သွားခဲ့တာပါ"

"ဟူး...ဒါကြောင့် မတွေ့ကြတာပနော့။ ခု အလည်လာတာပ"

"ဟုတ်တယ်။ ဒါ ကျွန်တော့်ညီလေး။ ကန်တော်မှာ နေတယ်ဗျ။ ညီလေး အစိုး... ဒါက နောင်မြို့ရွာက ကိုညီမောင်။ တို့တစ်တွေ နောင်မြို့မှာ တောပစ်ထွက်တော့ သူ့အိမ်မှာပဲ တည်းကြ၊ သူကိုယ်တိုင် တောပစ်လိုက်ပေးတယ်လေ"

"ဝမ်းသာတာပ။ ကျွန်တော့်ကို တွေ့ရင် ခေါ်ဗျာ။ ကန်တော်ရောက်ရင်လည်း စိုင်းတင်ဝင်းဆို လူတိုင်းသိတာပနော့။ လာလည်ပါဗျာ"

"ဟုတ်...ဟုတ်၊ နောင်မြို့ရောက်လည်း ဝင်တာပအေး"

ကျွန်တော်တို့ သုံးယောက်သား အနီးတွင် ရှိသော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ပြီး ရှေးဖြစ် နောက်ကြောင်းတွေ ပြန်ပြောင်း သတိတရပြောနေမိပါသည်။

နောင်မြို့ရွာသည် ဧရာဝတီမြစ် ကျဉ်းကျောက်တွင်းအောက် ကပ်နေသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနဖူးမှာ တည်ရှိပြီး အုန်းပင်တွေ စီရီတန်းနေသော ရွာဖြစ်သည်။

"ကိုညီမောင်၊ ဟိုဗျာ... ကျွန်တော်တို့နဲ့ တောပစ်တိုင်း လိုက်တဲ့ ကိုတင်မောင်ကြီးတို့၊ ညီလေး ပေါလှတို့ရော နေကောင်းကြရဲ့လားဗျာ။ သတိရလိုက်တာဗျာ"

"ဗျော်...တင်မောင်ကြီး ဆုံးတာကြာတာပ။ ၁၀နှစ်ကျော်တာပနော့။ အသေဆိုးတာပ"

"ဗျာ...အသေဆိုးတယ် ဆိုတာက..."

"ဗျော်... တင်မောင်ကြီးက ကြက်တည်တာပ။ ဟိုး ငယ်ငယ်ကတည်းက ဝါသနာပနော့။ အရက်ကလည်း ကြိုက်မှ ကြိုက်ပအေး။ မောင်နမတောင်မှာ ကြက်သွားတည်တာပ"

"တော်တော်ဝေးတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

“ဝေးတာပ။ မနက်သွား ညပြန် ပနော့။ သူ့တည်ကြည်ကလည်း ကောင်းမှကောင်း။ တစ်ခါတည်း လေးငါး ဆယ်ကောင်ပအေး။ အစ်မတော်ရဲ့ တောင်မှာ ကြက်ပေါတာ။ မောင်တော် ရဲ့တောင်မှာ ကြက်ပေါပေမယ့် တည် လို့ မရ။ မောင်က ကြက်သမား၊ သူ့ ကြက်တွေ တစ်ကောင်မှ အပါမခံပ”

နောင်မြို့ရွာ၏ အနောက်မြောက် တွင် ရှိသော မောင်နှမတောင်ကား ရှေးပဝေသဏီကပင် ရှိခဲ့၏။ ယနေ့ လည်း တည်ရှိ၏။ မောင်နှမနှစ်ယောက် အနက် အစ်မဖြစ်သူက ဒိုးကစားတာ ဝါသနာပါသလို၊ မောင်ဖြစ်သူကတော့ ကြက်တိုက်ဝါသနာအလွန်ပါ၏။

ကိုတင်မောင်ကြီးသည် သူ၏ ညီဝမ်းကွဲတော်စပ်သူ ပေါလုနှင့်အတူ ကြက်တည်ထွက်ခဲ့ကြ၏။ သူ၏ တည် ကြက် ရွှေနီသည် အလွန်ပါးနပ်သော၊ အသံသာသော၊ တစ်ဖန် အသံမာသော ကြက်တိန်ညင်တစ်ကောင်ဖြစ်၏။ ကြက်မအုပ်ကို ဆွဲဆောင်ရာတွင် အသံ သာ၏။ တစ်ဖန် တောကြက်ဖတွေကို ဖြင့် အသံမာမာ၊ အသံပြတ်ပြတ်ဖြင့် စိန်ခေါ်တတ်သည်။ ကိုတင်မောင်ကြီး ၏ စကားကိုလည်း နားလည်သည့်လား မသိ၊ အလွန်တန်ဖိုးရှိသော တည် ကြက်ဖြစ်လေသည်။

◆◆◆

“ပေါလုပ”

“ဟုတ်…ဟုတ်”

“တို့ ဒီနေ့ အစ်မတောင်မှာ မတည်ဘူး၊ မောင်တော်တောင်မှာ တက်မယ်နော့”

“ရော်…မောင်က မကြိုက်၊ အစ်မတော်ပဲ သွားတာပ”

“နင် အ,တာပ။ မောင်တော်ရဲ့ တောင်မှာ ကြက်ဖများတာပအေး။ အဖ များများရတော့ ကောင်းတာပဆိုး”

“ဒါဆို ကိုကြီး အရက်မသောက် နဲ့နော်။ အရက်သောက်တာ မောင် မကြိုက်ပအေး”

“ငါသိတာပအေး”

နှစ်ယောက်သား စကားတပြော ပြောနှင့် မောင်နှမတောင်နှစ်လုံးဘက် ထွက်ခဲ့ရင်းမှ လမ်းခွဲအရောက် အစ်မ တောင်ဘက်လမ်းသို့ မတက်ဘဲ မောင်၏ တောင်ခြေသို့ စတင်ဝင်ရောက် ခဲ့၏။ တောထဲ ဝင်သည်နှင့်…

“အော်အီးအီး…အွတ်”

“အော်အီးအီး…အွတ်”

“ကတော်…ကတော်… ကတော်”

တောကြက်အသံတွေ ညံနေ၏။ ကိုတင်မောင်ကြီး ဝမ်းသာမဆုံး။ သူ့ ရင်ခွင်မှာ ပိုက်ထားသော သူ၏ ရွှေနီ ကား အသံတွေ နားထောင်ရင်း လိုက် ပါလာ၏။ ကြက်သံတွေ ညံနေသလို၊ ကြက်ချေးအနံ့တွေမှာလည်း စူးစူးရှရှ တော်တော်အနံ့ဆိုသော်လည်း ဇွဲက မလျှော့။ ဆက်လက် တောတိုးစမြဲ။ တောသည် အောက်ခြေရှုပ်၍ ကြက် တည်ရန် အခက်အခဲရှိသဖြင့် နေရာ ရွေးရလေပြီ။

“ကိုကြီး… ဟောဟို တောင် ခွေးပင်အောက်မှာဆို ကောင်းမှာပနော့”

“အေး၊ ကောင်းတယ်။ ကဲ - ညွှတ်တွေ ထုတ်ကွာ”

ပြောပြောဆိုဆို ပေါလု၏ လွယ် အိတ်ထဲမှ ညွှတ်တွေ ထုတ်ကာ တည် ကြည်၏ ဘေးပတ်ပတ်လည်တွင် ညွှတ်တွေ ချလိုက်ပြီးနောက် ကိုတင် မောင်ကြီးသည် သူ၏ ကျေးဇူးရှင် ရွှေနီ ဆိုသော ရဲရဲတောက် နီရဲနေလေသော ရွှေနီအား ညွှတ်အလယ်တွင် နေရာချ ပြီးနောက် သူတို့နှစ်ယောက် ချုံထဲ ဝင်လိုက်၏။ ချုံထဲ နေရာယူပြီးသော ကိုတင်မောင်ကြီး အချက်ပေးလိုက် သည်။ လက်သီးဖွဖွဆုပ်ကာ သူ၏ နှုတ်မှ အသံထွက်လိုက်သည်။

“ပြွတ်…ပြွတ်…ပြွတ်…”

ထိုအသံကြားသည်နှင့် ရွှေနီ တစ်ကောင် ဦးခေါင်းထောင်လျက် တောင်ပံနှစ်ဖက် ရိုက်ခတ်ကာ ပထမ ဆုံးသော အသံမာမာ၊ အသံပြတ်ပြတ် ထွက်လာလေပြီ။

“ဖောင်း…ဖောင်း…ဖောင်း”

“အော်…အီးအီးအွတ်…”

“အော်…အီးအီးအွတ်…”

“ဖောင်း…ဖောင်း…ဖောင်း”

“အော်…အီးအီးအွတ်…”

တွန်သံမာမာ အသံပြတ်ပြတ်ဖြ တောင်ပံရိုက်သံနှင့်အတူ တောထဲတွင် ရှိနေသော တောကြက်ဖတွေအား စိန် ခေါ်လေပြီ။ စိန်ခေါ်သံ ညံနေ၏။ တော ထဲမှလည်း တောကြက်ဖတွေမှာ နယ် မြေကျူးကျော်ခဲ့သော ရွှေနီအား အန်တုကာ တောင်ပံရိုက်သံ၊ တွန်သံ တွေကား ကြောက်ခမန်းလိလိပင် ဝိုင်းပတ်လာကြလေပြီ။ အကောင် မတွေ့ရသော်လည်း အသံတွေကဖြ ပဲ့တင်ထပ်လျက်…

“ရော်…အသံတွေ ညံနေတာ ပနော့”

“အေး၊ ငါပြောတာပ။ ဒီမှာ အများကြီးရမှာပအေး။ ညွှတ်တွေ ရဲ့လား ပေါလု”

“နိုင်တာပ။ ညွှတ်နှစ်ဖုံတောင် ထောင်ထားတာပအေး”

“ကောင်းတာပ၊ ဟင်…”

“ဘာလဲဟ”

“အသံတွေ ဝိုင်းနေ အကောင်မထွက်၊ ဘာဖြစ်ပအေး”

“ရော်…ဘာသံတွေပအေး



www.burmeseclassic.com

www.burmeseclassic.com

ကြက်သံတွေပါ ပျောက်တာပ"

"တောတိုးသံထင်တာပ"

အသံကြီးမှာ နံနက် ၈နာရီခန့်သာ ရှိသေး၏။ ကြောက်မက်ဖွယ်တစ်တောလုံး ဆူညံလာသော်လည်း ကောင်းကင်ပြင်မှာ ကြည်ကြည်သာသာ လင်းလင်းလက်လက် နေရောင်ပင် ထွက်လာပြီ။

"ဝေါင်း...၊ ဟား...ကျားသံပ"

"ဝေါက်...ဟော...ချေဟောက်သံ"

"ရော်...ရော်...ဟိုမှာ...ဟိုမှာ"

"ကွတ်...ကွတ်...ကွတ်..."

ရွှေနီဆိုသော သတ္တိကောင်းသည့် တည်ကြက်သည် ကြောက်ရွံ့လျက် အတင်းရုန်းနေ၏။ သခင်အား ရှာနေစဉ် စောစောက ကျားသံနှင့် ချေသံတို့အဆုံး ပြေးလွှားသံတွေ ပေါ်ပေါက်လာသည်တွင်...

"ပေါလု... ငါ ရွှေနီသွားဖမ်းမယ်"

"ကောင်းတာပ၊ ရွှေနီ သိပ်ကြောက်နေပြီ"

"တောက်...၊ ဒီတော ဒီတောင် စောစောစီးစီး ဒုက္ခပေးတာပအေး"

ကိုတင်မောင်ကြီး ပြောပြောဆိုဆို ချုံထဲမှ ထွက်ပြီး သူ၏ တည်ကြက်ရွှေနီထံ အပြေးသွားစဉ် သူ၏ ခြေထောက်တွေ ညွှတ်ကို ဝင်တိုးသည်တွင် မှောက်လျက်လဲကျသွားသော်လည်း ရွှေနီထံသို့ အရောက်သွားကာ ရွှေနီအား ပွေ့ဖက်ရင်း ခါးမှာ ပါသော သူ၏ ဓားဖြင့် ညွှတ်ကြိုးတွေလည်း ဖြတ်နေ...

"တော်တော်ယုတ်မာတဲ့ တောင်၊ ဒီအကောင် ကြက်သမားပအေး နင် ဒုက္ခပေးတာပ။ တွေ့ချင်တာပ။ ခွေး



ကောင် တောင်ပိုင်၊ သတ္တိရှိရင် ထွက်ခဲ့စမ်း။ မောင်နမတောင်က မောင်ဆိုတဲ့ ငတိ၊ ထင်ထင်ရှားရှားထွက်လာခဲ့တာပအေး၊ တောက်...ထွက်ခဲ့စမ်း"

"ရော်...ကိုကြီး ဘာတွေ ပြောတာပ။ ကိုကြီး မြန်မြန်လာတာပ။ ပြန်ကြတာပအေး"

"မပြန်ဘူး။ ငါ မကျေနပ်ဘူးကွ။ ဟေ့...တောင်စောင့် နတ်ဆိုး၊ ငါက လူသားကွ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း"

ပေါလုသည် သူ၏ အစ်ကိုကြီးထံ ပြေးသွားရင်း ညွှတ်တွေ ဖြတ်၏။ ညွှတ်တွေ ဖြတ်ပြီး ကိုတင်မောင်ကြီး လက်ကို ဆွဲကာ ပြန်ရန် တောင်းပန်စဉ် ကိုတင်မောင်ကြီးတစ်ယောက် တောင်ပိုင်မင်းသားအား ဆဲရေးတိုင်းထွာရင်း သူ့လွယ်အိတ်ထဲမှ အရက်ပုလင်းထုတ်ကာ ဆို့ထားသော ဖော့ဆို့ကို ဖွင့်ပြီး ပုလင်းလိုက် မော့သည်တွင်...

"ရော်...ကိုကြီး...ကိုကြီး၊ အရက်မသောက်ရဆိုတာ ကိုကြီး သိတာပ၊ မသောက်ပါနဲ့"

"သောက်ရုံမကဘူးကွ၊ ဒီအရက်တွေပါ ဒီတောင်စောင့် သရဲကောင်ကို အရက်လောင်းပြီး မီးရှို့တာပအေး။ ဟားဟားဟား..."

"ရော်...ခက်တာပ၊ တောင်ပိုင်မင်းသားကြီးကို တောင်းပန်တာပ"

"မင်း ဘာဖြစ်တာလဲ။ သရဲကို တောင်းပန်စရာ လိုသလား။ ခွေးကောင်၊ နင့်ပါ မီးရှို့သတ်ချင်တာပ၊ ဟင်း...အား...အင့်"

တောကြီးတစ်တောလုံး၊ တောင်ကြီးတစ်တောင်လုံး စောစောကလို ကြက်တွန်သံလည်း လုံးဝ မကြားရ၊ ခွေးဟောင်သံ၊ ကျားဟိန်းသံတို့လည်း လုံးဝ ပျောက်ကွယ်သွားလေပြီ။ ပေါလုသည် သူ့အစ်ကို ကိုတင်မောင်ကြီးအား အတင်းဆွဲခေါ်ကာ ပြန်ခဲ့ရ၏။ ပေါလု ကြောက်ရွံ့ ထိတ်လန့်မှုတွေနှင့် အသက်ပင် ပါသွားမတတ်။ ရွာရောက်တော့ ကိုညိုမောင်မှအစ ရွာသားတွေ၊ ရွာလူကြီးတွေအထိ သိရှိသွားလေ၏။

"ရော်...တစ်ရွာလုံး သိတာပနော့၊ တွေ့လား၊ လူကြမ်းတော့ နတ်ကြမ်း မခံနိုင်ပအေး...ဟားဟားဟား။ တင်မောင်ကြီးကို လာမစမ်းနဲ့၊ ကြောက်တတ်ရင် လူမလုပ်ပအေး၊ ဟားဟားဟား..."

◆◆◆

"ပဥ္စင်းသုတ"

"ဘုရား"

"ရွာလူကြီးတွေ သွားခေါ်ခဲ့၊ ဟိုရွာကာလသားခေါင်း ညိုမောင်ပါ ခေါ်ခဲ့"

ဦးပဥ္စင်း သုတသည် ရွာသို့

www.burmeseclassic.com

ခပ်သွက်သွက်ထွက်ကာ ရွာလူကြီးတွေကို ခေါ်၏။ ကိုညိုမောင်လည်း ပါလေသည်။ ဆရာတော်ထံ ရောက်သည်နှင့် ဆရာတော်မှာ စိတ်လေးနေပုံလည်း ရ၏။ သို့သော် မပြောမပြီး၊ မတီးမမြည်မို့ စတင်ပြောရလေပြီ။

"ရွာလူကြီးတွေ ခေါ်ရတာပ။ ကျုပ် ညက အိပ်မက်မက်တာပ။ အင်း...မိုးလင်းလုပနော့။ အိပ်မက်လား၊ တကယ့်အဖြစ်လား မဝေခွဲတတ်ပ။ မက်တာက ဒီလိုပအေး"

♦♦♦

ဒ "ဆရာတော်ဘုရား... တပည့်တော်ကို ဝင်ခွင့်ပြုပါ ဘုရား"

"ဘယ်သူပါလိမ့်၊ ဝင်တာပလေ"

"တပည့်တော်က မောင်နမတောင်မှ မောင်ဖြစ်သူ မင်းသားလေးပါဘုရား။ ဒီရွာထဲက လူတစ်ယောက် တပည့်တော်ရဲ့ တောင်ပေါ်ကို လာပြီး ကြက်တည်ပါတယ်။ တပည့်တော်ရဲ့ ရုံရွှေတော်များက ခွင့်မပြုဘဲ ခြောက်လှန့်လွှတ်တာကို ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာပြီး တောင်ပေါ်မှာ အရက်သောက်ပြီး မီးတိုက်တာပ။ တပည့်တော်က အစ်မတော် ရောက်နေခိုက်မို့ တပည့်တော်ရဲ့ ငယ်သား ရုံရွှေတော်တွေ ဒေါသဖြစ်ပြီး နတ်ကျားလက်နဲ့ ပုတ်တာ အဲဒီလူမိုက်ရဲ့ ကျောပြင်မှာ ဒဏ်ရာပြင်းသွားတာပဲ။ တပည့်တော် စိတ်မကောင်းပါဘူး။ ဒီလူသားအတွက် အမြန်သက်န်းစည်းပေးလိုက်ပါ ဘုရား"

"ဘယ်လိုကြောင့် သက်န်းစည်းရမှာလဲ အသင်မင်းသား"

"မှန်လှပါ။ သူ့အသက် ဒီတစ်ရက်ပဲ ရှိပါတော့တယ်။ သက်န်းစည်းပြီးမှ သေရွာရောက်ရင် ငရဲမရောက်အောင်၊ မကျွတ်မလွတ်မဖြစ်အောင်ပါ ဘုရား။ တပည့်တော်လည်း အရဏ်လာပြီမို့ ပြန်ခွင့်ပြုတော်မူပါဘုရား။ သက်န်းစည်းဖြစ်အောင် စည်းပေးပါ ဘုရား"

♦♦♦

"ဟူး...ကျုပ်နားမှာ ခုချိန်ထိ ကြားနေတယ်။ ကဲ - ညိုမောင်၊ နင့်သူငယ်ချင်း တင်မောင်ကြီး ဘယ်လိုနေလဲ"

"မနေ့ကတော့ မူးနေတာပ။ ဒီမနက်တော့ မသိသေး။ မတွေ့သေးပါဘုရား"

"ကဲကဲ - ရွာလူကြီးတွေ တင်မောင်ကြီးရဲ့ ကျောပြင်မှာ ဒဏ်ရာရှိ၊ မရှိ ကြည့်ကြ၊ ရှိရင် ကျောင်းခေါ်ခဲ့။ ဒီမှာ သက်န်းတွေ ရှိတာပ။ သက်န်းစည်းပေးတာပအေး"

ရွာလူကြီးများ ကျောင်းမှ ရွာထဲသို့ အမြန်လာကာ တင်မောင်ကြီးအိမ်ရောက်တော့ တင်မောင်ကြီး အိပ်ရာမှ မထနိုင်၊ တစ်ခါတစ်ခါ ကယောင်ကတမ်းတွေ ပြောနေ၏။ သို့အတွက် သူ၏ နောက်ကျောအား ကြည့်လိုက်ရာ...

"ရော်..ငါ့နောက်ကျော နာတာပ"

"သူကြီးပ"

"အေး၊ ကဲ - တင်မောင်ကြီးကို တွဲ၊ ကျောင်းပို့တာပ"

တင်မောင်ကြီး၏ အိမ်သူအိမ်သားများအား အကျိုးအကြောင်းပြောကာ ဆရာတော်ကျောင်းရောက်လျှင် သက်န်းစည်းပေးပြီးနောက် ကျောင်းတွင် စောင့်ကြည့်နေသည့်အခိုက်...

"ဝေါဝေါဝေါ...ဟူးဟူးဟူး...ဝုန်းဝုန်းဝုန်း..."

လေပြင်းတွေ တိုက်ခတ်ပြီးနောက် တင်မောင်ကြီးတစ်ယောက် နောက်ဆုံး အော်ဟစ်သံကား ကြောက်ခမန်းလိလိ။ ကြားရသူများပင် စိတ်မချမ်းမြေ့ကြ။

"ရော်...နာတာပအေး၊ ဆရာတော်ဘုရား ... ကယ်တော်မူပါ အား ... မှားတာပအေး၊ တောင်းပန်တာပ။ အား...အား...အ...အ"

♦♦♦

"အင်း . . .ဆရာကျော်ပနော့ တင်မောင်ကြီးဘဝ ကျွတ်သွားအောင် မင်းသားက ကူညီတာပ။ သက်န်းနဲ့ ကာဆီးလို့ပနော့။ သက်န်းနဲ့ မကာရင် ကြောက်စရာပ။ မင်းသားတောင်မှာ မကောင်းဆိုးဝါးဖြစ်ပြီး အနှိပ်အစက်ခံရမှာပအေး။ ကြောက်စရာပနော့။ မကောင်းမှု ပြုမိသူနောက်မှာ မကောင်းဆိုးဝါးတွေက အမိုလိုက်ပြီး ဒုက္ခလှလှကြီးပေးမှာ သေချာတာပ"

"ဟုတ်တာပေါ့။ ဒါကြောင့် မကောင်းမှု ကျူးလွန်သူအတွက် ဆိတ်ကွယ်ရာ၊ နားခိုရာ မရှိပါဘူး။ စိတ်မကောင်းလိုက်တာဗျာ။ ကျွန်တော်တို့ တောပစ်ခဲ့စဉ်ကလည်း တောတွေ တောင်တွေမှာ အစောင့်တွေ ရှိတယ် ဆိုတာ အမြဲသတိထားပြီး ဘယ်တော့မှ မစော်ကားဘူး။ ဒါကြောင့်လည်း အန္တရာယ်ဆိုးဆိုးဝါးဝါးနဲ့ မကြုံရပါဘူးဗျာ။ ဟူး...ဘဝခြားပေမယ့် အကြင်နာတရားရှိတဲ့ မင်းသားလေးကို ကျေးဇူးတင်ရပြီပဲဗျာ"

* * *

မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com

# စိတ်မွှင့် ဟာဘ်မွှင့် အောင်စိတ်အလင်းတိုင် ပူဇော်နည်း

သစ္စာဝါဒီ ဆရာ မြတ်စောလင်း



ကျွန်ုပ်သည် မိဘအမွေဖြစ်သော တိုင်းရင်းဆေးနှင့် ဗေဒင်ပညာရပ်ကို စီးပွားရေးလုပ်ငန်းရပ်တစ်ခုအဖြစ် ကိုင်ချင်ခဲ့သော်လည်း ကျွန်ုပ်သာလျှင် မိဘအမွေ ခံ၍ ပညာရပ်များ မ,ပပျောက်အောင် ထိန်းသိမ်းရင်း ရင်နှီ့ သောက်စိုလိုကြသော တပည့်များကို ဖြန့်ဝေရန် ၏ ဖခင်နှင့်အတူ ကျွန်ုပ်အား ပညာပေးခဲ့သော ဆရာ မှာကြားထားချက်များကြောင့် ကျွန်ုပ်သည် မိမိတတ်သိ ထားသော ပညာရပ်များကို စာစောင်၊ မဂ္ဂဇင်း တို့တွင် ပညာပေး ဆောင်းပါးများ ရေးသားခဲ့မိ၏။ ရေးသားခဲ့မိခြင်းကပင် ဆက်၍ ဆက်၍ ကျွန်ုပ်အား ဆရာဘဝမှ ရုန်းမထွက်နိုင်အောင် နှောင်ကြိုးများ ဖွဲ့ ၏။ လုပ်ငန်း သံယောဇဉ်၊ တပည့် သံယောဇဉ်တို့ သည်း ပို၍ ခိုင်မာလာ၏။

ကျွန်ုပ်ရေးသည့် ဆောင်းပါးများကို ဖတ်ကာ ခုနစ်ရက်သားသမီးတို့သည် ကျွန်ုပ်ထံသို့ နေ့စဉ်မပြတ် ရောက်ရှိလာကြ၏။ ရောက်လာကြသော ခုနစ်ရက်သားသမီးတို့တွင် ဘဝမျိုးစုံ၊ လူတန်းစားမျိုးစုံ၊ ပြဿနာမျိုးစုံတို့ ပါဝင်လာကြ၏။ ထိုသို့လျှင် သူတို့ တင်ပြလာသော အကြောင်းမျိုးစုံတို့ကို နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျိုက္ကဆံဘုရားအရှေ့ မုခ်ရှိ ကျွန်ုပ်၏ ဗေဒင်ခန်းတွင် ဒိုင်ခံ ဖြေရှင်းပေးနေရ၏။

"ဟူး . . . မောလိုက်တာ ဆရာရယ်။ ဆရာ့ကို တွေ့ချင်လွန်းလို့ နယ်ကတောင် လိုက်လာရတာ။ ရန်ကုန်ကို တော့ ရောက်ဖူးပါရဲ့။ ဒါပေမယ့် ကျိုက္ကစံဘုရားကို မရောက် ဘူးတော့ မေးလိုက်ရတာ။ (၈၀)ကားက အရှေ့ဘက်မုခ် ရောက်မှန်းမသိတော့ ဂိတ်ဆုံးအထိ ပါသွားလို့။ ၁၀၅ ပြန်စီး မြောက်ဘက်မုခ်ဆင်းပြီး အခု ဘုရားပေါ်က ဖြတ်လာရ

www.burmeseclassic.com

တယ်။ တော်ပါသေးရဲ့ ဆရာနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ ရပေလို့။ ဘယ်နေ့ပိတ်မှန်းလည်း မသိနဲ့ လာခဲ့ရတာ ဆရာရဲ့"

"နာမည်တယ်လိုခေါ်လဲ ပြောပါဦး။ နယ်က လာရတာဆိုတော့ ဘယ်နယ်ကလဲ"

"ဒေါ်ခင်တင့်ပါ ဆရာ၊ ကျွန်မ--------ကပါ"

"ဆရာ အင်္ဂါနေ့က လွဲပြီး ကျန်ရက်တွေ အချိန်ပြည့်ရှိပါတယ်။ အင်္ဂါနေ့တစ်ရက်တော့ မဂ္ဂဇင်းတိုက်တွေနဲ့ ကိစ္စရှိတာလေး သွားရတာပေါ့ ဒေါ်ခင်တင့်ရယ်။ ကဲ - ဆိုပါဦး၊ လာရင်းအကြောင်းက···"

"အင်း··· ဖြစ်ချင်တာတွေကတော့ အများကြီးပါပဲ ဆရာရယ်။ တိုက်လည်း ရောင်းချင်တယ်။ ကားလည်း ရောင်းချင်တယ်။ ကွန်ပျူတာလည်း ရောင်းချင်တယ်။ ပြောမကောင်း ဆိုမကောင်းတဲ့ သားနဲ့ ချွေးမလည်း ပြေကောင်းချင်တယ်။ ကျွန်မ ကျူရှင်ပြတဲ့ လုပ်ငန်းလည်း သိပ်မကောင်းလို့ လုပ်ငန်းကောင်းချင်တယ်။ ဒီသမီး နိုင်ငံခြားသွားဖို့ကိစ္စလည်း အဆင်ပြေချင်တယ် ဆရာ။ ပြီးတော့ အမျိုးသားက ဝန်ထမ်းဆိုတော့ ရာထူးလည်း မြဲချင်တယ်၊ ရာထူးလည်း တိုးချင်တယ်"

"ဒါပဲလား၊ ဘာကျန်သေးလဲ"

ကျွန်ုပ်က ဒေါ်ခင်တင့်အား ပြုံးစေ့စေ့ မျက်နှာဖြင့် မေးလိုက်ရာ ဒေါ်ခင်တင့်နှင့် အတူပါလာသော မြမြမိုးသည် ရက်စနိုးမျက်နှာဖြင့် အားတုံ့အားနာဖြစ်နေဟန် ရှိ၏။ ဟုတ်ပါ့ အမေကလည်း ဖြစ်ချင်တာတွေ များလိုက်တာ ဆိုသော သဘောဖြင့် သူ့မိခင်အား ကြည့်နေ၏။

"ဆန္ဒတွေ များလွန်းလှချည်လားလို့တော့ မထင်ပါနဲ့ ဆရာရယ်။ ကျွန်မတို့ ဆရာ့စာဖတ်ပရိသတ်ဆိုတော့ အရာခပ်သိမ်း ဆရာ့ကိုပဲ အားကိုးတယ်။ ပြီးတော့ နယ်က လာရတာမို့ ကိစ္စတစ်ခုအတွက် တစ်ခေါက်လာရတဲ့ အလုပ်က သိပ်မလွယ်ဘူးလေ။ ဒါကြောင့် နောက်ဆုံးမှာ ကျွန်မတို့ အိမ်တွင်းဖြစ်ပျက်သမျှတွေကို ဆရာရင်း၊ တပည့်ရင်းဆိုတဲ့ စိတ်ဓာတ်နဲ့ တင်ပြတာပါ ဆရာ။ တတ်နိုင်သမျှ အစွမ်းကုန် ကူညီပေးပါ ဆရာ။ ကျွန်မ ပညာကို တန်ဖိုးထားတတ်ပါတယ်။ ဆရာ့ကို ဉာဏ်ပူဇော်ခမှုအနေနဲ့ ဒါလေးတော့ လက်ခံပါ ဆရာ။ နည်းတယ် များတယ်တော့ သဘောမထားပါနဲ့ ဆရာ"

"ရပါတယ်လေ။ အားကိုးလို့ အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး နယ်ကတောင် လာရတာဆိုတော့ ဆရာ ကူညီပေးပါ့မယ်။ တနင်္ဂနွေနေ့ လာယူပေါ့။ မနက်ဖြန် စနေနေ့ အဝင်နက္ခတ်၊ နှစ်ဖက်မြင် နက္ခတ်ကြုံတယ်။ ပြီး... အင်္ဂါ-စနေ-ထက်လေ-ဆေးဝါးလို့ ဆိုတယ်။ အောင်... နေမွန်းတည့် - နံလာနေထွက်ဝင်၊ ဆွေပြည်တက်... ရွေလှသုံးချက်လုံးလို့ ဆိုထားလေတော့ ဒေါ်ခင်တင့်ကို ... ရမယ့် အစီအမံတွေအားလုံးကို မနက်ဖြန် စနေနေ့ပြီးအော... ဆရာ ဆောင်ရွက်ထားလိုက်ပါမယ်။ လမ်းညွှန်မှတ်... ရေးစရာရှိတာတွေလည်း ဆရာ့ဟောခန်းက စာရေးကို ... ခိုင်းထားလိုက်မယ်"

ကျွန်ုပ်သည် ဒေါ်ခင်တင့်အား တနင်္ဂနွေနေ့သို့ ချိန်း... လိုက်ပြီး သူမနောက်တွင် စောင့်နေသော ပရိသတ်များ... ဆက်လက်၍ လမ်းညွှန်ဟောကြားပေးလိုက်ရ၏။ စနေ... တွင် နေ့စဉ် နံနက် ၅နာရီခန့်မှ စတင်၍ နေ့စဉ် ဆောင်ရွ... စရာ ဘာသာရေး၊ အကျင့်စရဏတို့ကို ဆောင်ရွက်... ဒေါ်ခင်တင့်အား ပေးစရာရှိသည့် အစီအမံ ယတြာပစ္စည်း... များကို စီမံခြင်းနှင့် စာကြမ်းရေးသားခြင်းများကို ကျွန်ုပ်... တပည့်ဟောခန်း အကူစာရေး မောင်ဇော်ထက် ရောက်မလာ... ခင်မှာပင် ပြီးအောင် ဆောင်ရွက်ထားလိုက်၏။

## ဒေါ်ခင်တင့်အား ပေးရန် ယတြာအစီအမံ လမ်းညွှန်ချက်များ

ပထမဆုံး လိုအပ်ချက်မှာ မိမိဆောင်ရွက်လိုသော... ကိစ္စတစ်ခုအတွက် မြေစလောင်းဖုံးအသစ်တစ်ချပ်ဖြစ်ရမည်... ထိုမြေစလောင်းဖုံးကို သောက်ရေဖြင့် သုံးကြိမ် ရေဆေး... ၍ မကောင်းသည့် အနိဋ္ဌသဘောများ ကင်းစင်အောင်... ဆောင်ရွက်ပါ။ ပြီးလျှင် ခဲတံဖြင့် စလောင်းဖုံး၏ အတွ... မျက်နှာတွင်···

(၁) ဘုရားကို အာရုံပြု၍ "ဗ"အက္ခရာကို ရေး...

(၂) တရားကို အာရုံပြု၍ "မ"အက္ခရာကို ရေး...

(၃) သံဃာတော်(ရဟန္တာမြတ်)ကို အာရုံပြု၍ "..." အက္ခရာကို ရေးပါ။

ထို့အတူ ဖယောင်းတိုင်တစ်တိုင်ပေါ်၌လည်း သ... ဂုဏ်သုံးပါးကို ရေးပါ။ (ဖယောင်းတိုင် အောက်ခြေမှစ၍ ... သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာ... ဟု ရေးပါ။) ရေးသောအခါ ဘုရားခန်းတွင် ထိုင်၍ ငါးပါးသီ... ခံယူပြီးမှ ရေးပါ။ ရေချိုး၊ ကိုယ်လက်သန့်စင်ပြီးမှ ရေး... စီမံပြုလုပ်လျှင် ပို၍ကောင်းပါသည်။ မိမိမွေးနေ့ ... တွင် ပြုလုပ်ရပါမည်။ မိမိမွေးနေ့မှစ၍ ညဉ့်ဦးယံပျက် ...

www.burmeseclassic.com

ကိုင်တိုင် ပြုလုပ်ရမည်။ ထိုသို့ မီးထွန်းညှိ ပူဇော်နေသော အခါ (ဗ၊ ဓ၊ သ အက္ခရာများ ရေးထားသော စလောင်းဖုံး ပေါ်တွင် သရဏဂုံသုံးပါးရေးထားသော ဖယောင်းတိုင်အား ထွန်းညှိပူဇော်ရန် ဖြစ်သည်)တွင် မိမိတို့နှင့် သက်ဆိုင်သော အကြောင်းအရာကို တိုင်တည်၍ မေတ္တာပို့ခြင်း၊ အမျှဝေ ခြင်း၊ ဆုတောင်းခြင်းကိစ္စတို့ကို ပြုလုပ်ရမည်။

ဥပမာ -

"ကျွန်တော် မောင်စိုးလွင်၊ အိမ်အမှတ်(   )၊ ကမ်း နားလမ်း၊ ဒေးဝန်းရပ်၊ မန္တလေးတွင် နေသော အသက် ၃၀ရှိ အင်္ဂါသားသည် ကျွန်တော့်အား ရာထူးတိုးတက်ရန် ဤသရဏဂုံအလင်းတိုင်ကို ထွန်းညှိပူဇော်ပါသည်။ အလင်း တိုင်နှင့်တကွ ပန်း၊ ရေချမ်းတို့ကိုလည်း ပွင့်တော်မူပြီးသော ဘုရားများနှင့် အသီတိ ရှစ်ကျိပ်ကုန်သော ရဟန္တာအရှင်မြတ် တို့အား ရည်စူး၍ လည်းကောင်း၊ ဆိုင်ရာ လူကြီးမင်းတို့အား လည်းကောင်း၊ ကျွန်တော်၏ ကိုယ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရပ်စောင့်နတ်၊ ရုံးစောင့်နတ်နှင့် ဌာနဆိုင်ရာတစ်ခုလုံးမှ တာဝန်ရှိသူများအတွက်ပါ ရည်မှန်း၍ ကျွန်ုပ်က လှူဒါန်းခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်တို့အား အမျှပေး ဝေပါ၏။ အမျှယူကြပါကုန်လော့။ အားလုံး ကြားကြားသမျှ အမျှ...အမျှ...အမျှ..."

ဟူ၍ အမျှသုံးကြိမ်ပေးဝေပြီး ဆုတောင်းခြင်းကို ပြု လုပ်ရပါမည်။

မိမိဖြစ်ချင်သော ရက်အတွင်း ဖြစ်မြောက်ရန်ကိုလည်း ထည့်သွင်း ဆုတောင်းရမည်။  ဖယောင်းတိုင်တစ်ဝက်မျှ ကုန်သွားသည်အထိ ဆုတောင်းရပါမည်။ ကိုးရက်ပြည့်သော နေ့က် ၃နာရီနှင့် ၄နာရီ ကြားကာလတွင် မိမိအိမ်မှ သီရိ အရပ်ကျသော လမ်းခြား၊ ရေခြားနေရာသို့ သွား၍ စွန့်ပစ်ရ မည်။ စွန့်ပစ်သောအခါ စလောင်းဖုံးကို ပေါက်ခွဲပစ်ရမည်။ ပေါက်ခွဲသောအခါ အောက်ပါ ဂါထာတော်ကို ရွတ်ဖတ်၍ ပြုလုပ်ရပါမည်။

"ဇယျံပတ္တော ဇိနောဝိရော၊ အပရာဇိတော သောသန္တိမံ ဇယျံဒေတု တေဇယျံတု၊ ဇယျမင်္ဂလံ"

"အရှင်ဘုရား...အောင်မြင်ခဲ့သော တန်ခိုးဂုဏ်တို့ကို အမှီးစုံ မှန်းဆ၍ တမ်းတကာ ဆုတောင်းလိုက်ပါ၏ မြတ်စွာ ဘုရား။ အောင်ရန်အတိတ်၊ အောင်နိမိတ်နှင့် အောင်ဘိသိက် သွင်း၍ အောင်ဟိတ်ကျင်း၍ အောင်ခြင်းမင်္ဂလာအပြာပြာကို အောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်အား ရာဟုလာသား ပမာထား၍ သနား ငဲ့ညှာ ပေးသနားတော်မူလိုက်ပါ! အောင်တော်မူ မြတ်စွာ ဘုရား"

ထိုကဲ့သို့ မိမိတို့၏ အမည်၊ အသက်၊ လိပ်စာနှင့် ဖြစ်ချင်သည့် အကြောင်းအရာတို့ကို ပြည့်စုံစွာ ပြောဆိုလျက် ပြုလုပ်ရပါမည်။ စလောင်းဖုံးတစ်ခု၊ ဖယောင်း ၉တိုင်သည် ဖြစ်ချင်သော ကိစ္စတစ်ခုအတွက်သာ ဖြစ်သည်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ငွေကြေးကိစ္စ၊ အလုပ်အကိုင်၊ ရာထူး၊ နိုင်ငံခြား၊ လူမှုရေး၊ သားသမီးရေး၊ မှုခင်းတရား တဘောင်၊ အချစ်ရေး၊ အိမ်ထောင်ရေး စသည်ဖြင့် အရေး ကိစ္စတစ်ခုစီအတွက် ခွဲခြား၍ လုပ်ကိုင် ဆောင်ရွက်ရပါမည်။ တစ်ခုတည်း၊ တစ်ပေါင်းတည်း မလုပ်ရပါ။

လုပ်ကိုင်သောအခါ သက်ဆိုင်သော အကြောင်းကိစ္စ တို့နှင့် ပတ်သက်သော စကားလုံးများကို ပြည့်စုံစွာ ရေးသား ထားရပါမည်။ ထိုရေးသားထားသည့်အတိုင်း ၉ရက် ပုံစံတူ ရွတ်ဖတ်တိုင်တည် မေတ္တာပို့ခြင်းကို ပြုလုပ်ရမည် ဖြစ်သည်။ ယုံကြည်ခြင်း၊ တိကျမှန်ကန်ပြည့်စုံခြင်း၊ မပျက်မကွက်၊ အဓိဋ္ဌာန် ၉ရက်တိုင် တစ်သဝေမတိမ်း ပြုလုပ်သွားပါက မုချမသွေ အောင်မြင်စေနိုင်သော ကျင့်စဉ် ယတြာ အောင်ဓာတ်ဖွင့် လာဘ်ပွင့်အလင်းတိုင် ထွန်းညှိပူဇော်နည်း ပင် ဖြစ်ပေသတည်း။

ဒေါ်ခင်တင့်ကဲ့သို့သော ကျွန်ုပ်၏ စာဖတ် ပရိသတ် များသည်လည်း အလိုဆန္ဒဟူသမျှ ပြည့်ဝနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ ယုံကြည်မှုနှင့် တိတိကျကျ ဆောင်ရွက်ခဲ့ လျှင် သင်၏ လိုရာဆန္ဒဟူသမျှတို့သည် မလွဲမသွေ အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်လိမ့်မည်မှာ မလွဲပါ။

* * *

သစ္စာဝါဒီဆရာမြတ်စောလင်း



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

ကြော်ငြာနှုန်းထားမျ

| | | | | |
|---|---|---|---|---|
| နောက်ကျောဖုံး | (၄ - ရောင်) | - | ၇" × ၁၀" | ၁၅၀,၀၀၀ ကျပ် |
| အရှေ့မျက်နှာဖုံးအတွင်း | (၄ - ရောင်) | - | ၇" × ၁၀" | ၁၀၀,၀၀၀ ကျပ် |
| နောက်ကျောဖုံးအတွင်းဘက် | (၄ - ရောင်) | - | ၇" × ၁၀" | ၈၀,၀၀၀ ကျပ် |
| အတွင်းတစ်မျက်နှာ | (၄ - ရောင်) | - | ၇" × ၁၀" | ၆၀,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ တစ်မျက်နှာ | (၁ - ရောင်) | - | ၇" × ၁၀" | ၁၅,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ မျက်နှာဝက် | (၁ - ရောင်) | - | ၅ . ၆" × ၄ . ၅" | ၈,၀၀၀ ကျပ် |

ဒီဇိုင်းပေးပြီး ဖလင်ကူးလိုပါလျှင် ဖြူ/ မဲအတွက် ဖလင်ကူးခ ပေးစရာမလိုပါ။

၄ ရောင်အတွက် ဖလင်ကူးခ သီးသန့်ပေးရမည်။

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အ
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၀။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ကပ္ပတိန် အဲဖရက်ဒရေးဖက်စ်အား စွပ်စွဲသောအမှုသည် စတင်ကတည်းက မှားယွင်းနေခဲ့၏။ ပဲရစ်မြို့ရှိ ဂျာမန် သံရုံးတွင် တံမြက်စည်းလှဲ၊ ကြမ်းတိုက်အလုပ် လုပ်သော အမျိုးသမီးအား ပိုက်ဆံပေး၍ ဂျာမန် သံရုံးဝန်ထမ်းများ၏ အမှိုက်ခြင်းထဲမှ တွန့်ကြေနေသော စာရွက်များအား ပြင်သစ်တန်ပြန်ထောက်လှမ်းရေးအဖွဲ့ကို ပေးရန် စေခိုင်းထားခဲ့၏။

၁၈၉၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့တွင် မဒမ်ဘက်စတိန်းသည် ပြင်သစ်ပြည် နှစ်ခြမ်းကွဲပြီး ပြည်တွင်းစစ်ဖြစ်အောင် ဖန်တီးစာတစ်စောင်ကို စာရွက်အဟောင်းခြင်းထဲမှ ရှာတွေ့ခဲ့၏။ သူမမှာလည်း ကမ္ဘာ့သမိုင်းတွင် ကျော်ကြားသွားခဲ့၏။ ထိုစာတွင် ပြင်သစ် စစ်တပ်နှင့် ပတ်သက်သော သတင်းအချက်အလက်ငါးခု ရေးထား၏။ အမည်မသိသော ထိုစာကို ရေးသူသည် ထိုသတင်းကို ဂျာမန်များအား ငွေဖြင့် ရောင်းစားခဲ့ကြောင်း သိရ၏။

ထိုစာကို လက်မှတ်ရေးထိုးမထားပေ။ ထိုစာတွင် ပါသော စစ်သတင်းများလည်း အရေးမကြီးပေ။ ထိုစာအရ ပြင်သစ် စစ်တပ်မှ အရာရှိတစ်ဦးသည် ရန်သူ ဂျာမန်များကို သတင်းပေး လုပ်ခဲ့ကြောင်း၊ ယခင်ကတည်းက လုပ်နေကြောင်း သိရ၏။ တရားခံကို ရှာဖွေသော ပြင်သစ်ထောက်လှမ်းရေးအဖွဲ့၏ အာရုံသည် ကပ္ပတိန် အဲဖရက်အရေးဖတ်စ်အပေါ်သို့ ကျရောက်သွား၏။

ဒရေးဖတ်စ်မှာ ဂျူးလူမျိုးတစ်ယောက်ဖြစ်၏။ အဲလ်ဆက်ရှိ အထည်စက်ရုံပိုင်ရှင် မိဘများ၏ သားဖြစ်သဖြင့် ကြွယ်ဝချမ်းသာ၏။ စစ်တပ်တွင် ထင်ရှားသူဖြစ်၏။ ပြင်သစ်စစ်တပ်အရာရှိများမှာ အဆင့်အတန်းမြင့်သော မိဘများမှ ဆင်းသက်လာသူများဖြစ်၏။ ဂျူးလူမျိုးတစ်ယောက်သည် ပြင်သစ် စစ်တပ်တွင် ဗိုလ်ကြီးအဆင့်ထိ ရာထူးမရတတ်ပေ။

ဒရေးဖတ်စ်မှာ ဂျူးလူမျိုးဖြစ်ခြင်းနှင့် လျှို့ဝှက်ချက်မှာ လက်နက်ကြီးရောင်းချခြင်းနှင့် ပတ်သက်နေသောကြောင့် သူ့အား ဤကဲ့သို့ စွပ်စွဲခြင်းဖြစ်၏။ ဒရေးဖတ်စ်မှာ အမြောက်တပ်မှ အရာရှိဖြစ်သည်။ ဒရိုင်ဖတ်စ်၏ လက်ရေးသည် မေးမိုန်နေသော စာရွက်ပေါ်မှ လက်ရေးနှင့် တူနေသောကြောင့် သူ့အား ဖမ်းလိုက်ကြ၏။

ဒီဇင်ဘာတွင် ပြုလုပ်သော စစ်ခုံရုံးဖြင့် စစ်ဆေးခြင်းမှာ ဟန်ပြသာ ဖြစ်၏။ လက်ရေး ပါရဂူ အမ်ဂေါဘတ်အား စာရွက်ပေါ်မှ လက်ရေးနှင့် ဒရေးဖတ်စ်၏ လက်ရေးကို နှိုင်းယှဉ် စစ်ဆေးခိုင်း၏။ လက်ရေးချင်း မတူကြောင်း သူက ပြတ်သားစွာ ပြောပြ၏။ စုံထောက်များ မကျေနပ်ဘဲ ဖြစ်သွား၏။ ထို့ကြောင့် ဆူရက်အဖွဲ့၏ အတိုင်ပင်ခံ အယ်လ်ဖွန်ဆီဘာတီလွန်ကို ခေါ်ပြကြ၏။ ဘာတီလွန်မှာ စုံစမ်းထောက်လှမ်းရေး နည်းလမ်းသစ်များကို တီထွင်ခဲ့သူဖြစ်သော်လည်း လက်ရေး ပါရဂူမဟုတ်ပေ။ ဒရေးဖတ်စ်အား သံသယရှိကြောင်း ကြိုတင်ပြောထားသည့်အပြင် ဂျူးလူမျိုးဖြစ်နေသောကြောင့် လက်ရေးချင်း တူကြောင်း ဘာတီလွန်က ပြော၏။

အမှုမှာ သိပ်မခိုင်လုံသော သဲလွန်စပေါ်တွင် မူတည်နေ၏။ လူတစ်ယောက်က အမည်မသိသော ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ဖြစ်သော ဒရေးဖတ်စ်သည် သစ္စာဖောက်ဖြစ်သည်ဟု သူ့အား ပြောပြခဲ့ကြောင်း သက်သေခံ၏။ တစ်ယောက်ကမူ သစ္စာဖောက်မှုနဲ့ အစွပ်စွဲခံရတဲ့အခါမှာ ဂျူးလူမျိုးဟာ မျက်နှာတစ်ခုလုံး သွေးမရှိသလို ဖြစ်သွားတတ်တယ်ဟု သက်သေခံသည်။ ထောက်လှမ်းရေးအဖွဲ့မှ ဒုတိယအကြီးအကဲ မေဂျာဟင်နရီက မမှန်ကန်သော သက်သေခံ စာရွက်ကို တရားသူကြီးအား တင်ပြသောအခါ ဒရေးဖတ်စ်မှာ အကျဉ်းအကျပ်တွေ့သွားရ၏။

အပြစ်ရှိကြောင်း တွေ့ရှိရသဖြင့် ဒရေးဖတ်စ်အား ထောင်ဒဏ်တစ်သက် အပြစ်ပေးလိုက်၏။ အခမ်းအနားဖြင့် တပ်မှ ထုတ်ပယ်ရန်လည်း အမိန့်ချမှတ်လိုက်၏။

၁၈၉၅ ခု၊ ဇန်နဝါရီလ ၄ရက်နေ့တွင် အကျဉ်းသားအား စစ်တက္ကသိုလ်စစ်ရေးပြကွင်းသို့ ခေါ်ဆောင်သွား၏။ ထိုနေရာတွင် စစ်တပ်များက သူ့အား တစ်ဖက်ဖွင့်၍ ဝန်းရံထား၏။ သူ့ယူနီဖောင်းတွင် တပ်ဆင်ထားသော အရာရှိရာထူးတံဆိပ်ကို ဖြုတ်လိုက်၏။ သူ့ကိုင်သော ဓားကို ချိုး၍ မြေကြီးပေါ်သို့ ဟန်ပါပါ ပစ်ချလိုက်၏။ ထို့နောက် ယူနီဖောင်းအစုတ်နှင့် ဦးထုပ်ဆောင်းထားသော ဒရေးဖတ်စ်အား တန်းစီရပ်ထားသော တပ်ဖွဲ့များဆီသို့ လှည့်လည်သွားရ၏။ စစ်သားများက သူ့ကို လှောင်ပြောင်ကြ၏။ အမှု စတင်စစ်ဆေးစဉ်ကပင် သူ့တွင် အပြစ်မရှိကြောင်း ငြင်းဆို၏။ ယခုလည်း ရက်စရာကောင်းသော အဖြစ်အပျက်ကို ရင်ဆိုင်ရင်း "ကျွန်ုပ်မှာ အပြစ်မရှိပါဘူး"ဟု ခြေလှမ်းရင်း အော်သွား၏။

ထို့နောက် သူ့ကို တစ္ဆေကျွန်းသို့ ပို့လိုက်၏။ တစ္ဆေကျွန်းမှာ နာမည်ဆိုးဖြင့် ကျော်စောသော အပြစ်ဒဏ်ခံ

www.burmeseclassic.com

www.burmeseclassic.com

ရသူများအား ပို့သည့်ကျွန်းဖြစ်သည်။ ကာရင်နီတွင် ရှိသော ပြင်သစ် ကိုလိုနီဖြစ်၏။ ဂီယာနာကျွန်းစုတွင် ပါဝင်သည်။ အစောင့်အရှောက် ထူထပ်စွာ ချထားသော အကျဉ်းထောင်ထဲတွင် တစ်ယောက်တည်း နေရမည်ဖြစ်၏။ သူ အသတ်မခံရသည်မှာ ကံကောင်းသည်ဟု အချို့က ပြောကြ၏။

သို့သော ဒရေးဖတ်စ်၏ မိသားစုနှင့် စစ်ရုံးမှ ရှိးသားဖြောင့်မတ်သော ဒုတိယ ဗိုလ်မှူးကြီးတစ်ယောက်က ကန့်ကွက်နေကြဆဲ ဖြစ်၏။ ထိုဗိုလ်မှူးကြီးမှာ ဂျော့ပစ်ကပ် ဖြစ်သည်။ ၁၈၉၅ ခုနှစ်တွင် ဂျော့ပစ်ကပ်သည် တန်ပြန်ထောက်လှမ်းရေးဌာန၏ အကြီးအကဲဖြစ်လာ၏။ ဂျာမဏီ သံရုံးနှင့် လျှို့ဝှက်ဆက်သွယ်မှု ယခုတိုင် ရှိနေသေးသည်ကို ပစ်ကပ် သိရှိခဲ့၏။ ထို့နောက် အခြားစာရွက်တစ်ရွက်ကို ကြားဖြတ်ပြီး ရယူနိုင်ခဲ့၏။ ထိုစာရွက်ပေါ်တွင် အီစတာဟာဇီ ဆိုသော အရာရှိ၏ အမည်ကို တွေ့ရ၏။ ပစ်ကပ်သည် သံသယရှိသော အရာရှိ၏ လက်ရေးနှင့် နှိုင်းယှဉ်ကြည့်သောအခါ တူညီနေကြောင်း တွေ့ရသဖြင့် အံ့အားသင့်သွား၏။ ထိုစာရွက်ကို ကြည့်ပြီးနောက် ဒရေးဖတ်စ်တွင် အပြစ်မရှိကြောင်း သူသိလာ၏။ အီစတာဟာဇီမှာ ယခင်ကတည်း သံသယဖြစ်ခြင်း ခံရပြီး ကြွေးမြီပင်းခိုက်နေသူဖြစ်သည်။ ထိုအမှုတစ်ခုလုံးတွင် အပြစ်ရှိသူမှာ သူဖြစ်သည်။

ပစ်ကပ်သည် ထိုအကြောင်းကို အထက်မှ အရာရှိများကို တင်ပြလိုက်၏။ သူတို့က ဂရုမစိုက်သဖြင့် သူ အံ့ဩသွား၏။

"ဂျူးတစ်ယောက် တစ္ဆေကျွန်းမှာ ရောက်နေတာ မင်းနဲ့ ဘာဆိုင်သလဲ"

ဗိုလ်ချုပ်ကြီး ဂွန်ဆီက သူ့ကို မေးသည်။

"ဒါပေမယ့် သူ့မှာ အပြစ်မရှိဘူးဆိုရင်…"

"ဒါကို မင်း မပြောရင် ဘယ်သူမှ သိမှာမဟုတ်ဘူး"

ပစ်ကပ်က မပြောပါဟု ကတိမပေးပေ။ ၁၈၉၆ ခု၊ နိုဝင်ဘာလတွင် သူ့အား စစ်ရုံးမှ တူနီးရှားသို့ ပြောင်းရွှေ့လိုက်၏။ ထိုဒေသမှာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသဖြင့် သူသေအောင် ပို့လိုက်ခြင်းလည်း ဖြစ်၏။

◆◆◆

ပစ်ကပ်သည် မြောက်အာဖရိကတိုက်တွင် မသေခဲ့ပေ။ ဒရေးဖတ်စ် မိသားစုကမူ အမှုကို ပြန်စစ်ဆေးရန် အဆက်မပြတ် တောင်းဆိုခဲ့၏။ သူတို့ကလည်း အပြစ်ရှိသူမှာ အီစတာဟာဇီဖြစ်ကြောင်း ပြောကြ၏။ ထိုကိစ္စမှာ တဖြည်းဖြည်း လူသိများလာပြီး ပါလီမန်တွင် မေးခွန်းထုတ်သည်အထိ ဖြစ်လာ၏။ လီဖီဂါရို သတင်းစာတွင် အီစတာဟာဇီ၏ စာနှစ်စောင်ကို ဖော်ပြသောအခါ၊ ထိုကိစ္စသည် လူသိရှင်ကြားဖြစ်သွား၏။ စာထဲတွင် အီစတာဟာဇီက ပြင်သစ် စစ်တပ်ကို သူ မုန်းတီးကြောင်း ပွင့်ပွင့်လင်းလင်း ရေးထား၏။

လူထု၏ ဆန္ဒကို လိုက်လျောသည့်အနေဖြင့် အီစတာဟာဇီအား စစ်ခုံရုံးတင် စစ်ဆေးခဲ့၏။ သို့တိုင်အောင် လက်ရေး ပါရဂူများက ဒရေးဖတ်စ်သည် သူ့လက်ရေးကို အီစတာဟာဇီ၏ လက်ရေးနှင့် တူအောင် ဖျက်ရေးထားသည်ဟု ပြောကြသေး၏။

၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလတွင် အီစတာဟာဇီအား သစ္စာဖောက်မှုဖြင့် စွဲချက်တင်ထားခြင်းမှ လွှတ်လိုက်၏။ ပစ်ကပ်အား ပဲရီသို့ ပြန်ခေါ်ယူပြီး အီစတာဟာဇီအပေါ် မမှန်ကန်သော သက်သေခံ တင်ပြမှုဖြင့် ထောင်ချလိုက်၏။

ဤတွင် နာမည်ကျော် စာရေးဆရာ အင်မလီဇိုလာသည် အကျော်ကြားဆုံးသော ကြေညာချက်ကို အချက်အလက်ပြည့်စုံစွာဖြင့် သတင်းစာတွင် ရေးသားဖော်ပြခဲ့၏။ L'Aurore သတင်းစာ၏ ရှေ့မျက်နှာဖုံး စာမျက်နှာတွင် J'accuse ခေါင်းစဉ်ဖြင့် ရေးသားခဲ့၏။ အင်မလီဇိုလာသည် ဒရေးဖတ်စ်အမှုတွင် နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများ၏ အမည်စာရင်းကို ဖော်ပြလိုက်၏။ ထိုစာရင်းတွင် အစိုးရဝန်ထမ်းများသာမက၊ စစ်တပ်မှ ဗိုလ်ချုပ်ကြီးနှင့် အောက်အဆင့်များ ပါဝင်၏။ ထိုအခါ အင်မလီဇိုလာအား အသရေဖျက်မှုဖြင့် တရားစွဲတော့၏။ သူ့အား ဒဏ်ငွေနှင့် ထောင်ဒဏ်တစ်နှစ် အပြစ်ပေး၏။ အင်မလီဇိုလာက အယူခံ နှစ်ကြိမ်ဝင်၏။ မျှော်လင့်ချက်မရှိမှန်း သိသောအခါ ရေလက်ကြားကို ဖြတ်၍ အင်္ဂလန်နိုင်ငံသို့ ထွက်ပြေးခဲ့၏။ သူ၏ တိုက်ပွဲကို အင်္ဂလန်မှ ဆက်လက်ဝင်ခဲ့၏။

ပြင်သစ် တစ်နိုင်ငံလုံးမှာ ဒရေးဖတ်စ်အမှုကို စိတ်ဝင်စားလာကြ၏။ တစ္ဆေကျွန်းပေါ်မှ ကံကြမ္မာကို လူအများစုက မေ့ပျောက်စ ပြုလာချိန်တွင် တိုက်ပွဲများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ယခင်ကတည်းက လက်ဝဲ၊ လက်ျာ နိုင်ငံရေးပါတီအချင်းချင်း တိုက်ခိုက်မှုများ ပေါ်ပေါက်လာ၏။ ဒရေးဖတ်စ် မိသားစုမှာ ရီပတ်ဘလီကန်များ၊ ဘုန်းကြီးများကို ဆန့်ကျင်သူများ၊ ပရိုတက်စတင့်ဘာသာဝင်များ၊ ဖရီမေဆင့်ဂိုဏ်းသားများ၊ ဂျူးများ

www.burmeseclassic.com

ဖြစ်နေသောကြောင့် ဖြစ်၏။

စစ်တပ်ထဲတွင် ဒရေးဖတ်စ် ဆန့်ကျင်သူများ ပေါ်ပေါက်လာခဲ့၏။ ဘုရင်စနစ်ကို လိုလားသူများ၊ ကက် သလစ်ဘာသာဝင်များ၊ ဆီးမိုက်အနွယ် ဆန့်ကျင်သူများကလည်း သူတို့ကို မလိုလားပေ။ မိသားစုတစ်စုတည်းမှာ ပင် စိတ်ဝမ်းကွဲလာကြ၏။ နှစ်ရှည်လ များ ခင်မင်လာသော မိတ်ဆွေများ အချင်းချင်း ခင်မင်မှု ရပ်စဲသွား၏။ ဝတ္ထုရေးဆရာ မာဆယ်ပရုသည် ဂျူး လူမျိုးများနှင့် ဒရေးဖတ်စ် မိသားစု အတွက် တိုက်ပွဲဝင်ခဲ့၏။ သူဖခင်မှာ အပေါင်းအသင်းများသော ဆရာဝန် တစ်ယောက်ဖြစ်ပြီး ဒရေးဖတ်စ် မိသားစုကို ဆန့်ကျင်၏။ သူသည် အစိုးရဝန်ကြီးများ၏ မိတ်ဆွေဖြစ်သည်။ မာဆယ်က အသိပညာရှင်များကို စုစည်း၍ ဒရေးဖတ်စ် မိသားစုကိုယ်စား အသနားခံစာ တင်သောအခါ သူဖခင် က သူ့ကို ရက်သတ္တတစ်ပတ်ကြာ အောင် စကားမပြောဘဲ နေ၏။

ထိုအတောအတွင်းမှာပင် စစ်ရုံး သည် ဒရေးဖတ်စ်၏ အမှုနှင့် ပတ်သက် သော သက်သေခံ စာရွက်စာတမ်းများ ကို အသေးစိတ် ပြန်လည်စစ်ဆေးခဲ့ ၏။ ယခုအခါ ပြည့်စုံသော ကိုယ်ရေး ရာဇဝင်ကို စုဆောင်းမိလေပြီ။ ထိုအခါ ကျမှ သက်သေခံ စာရွက်စာတမ်းများ အားလုံးသည် အတုဖြစ်ကြောင်း သိရ တော့၏။ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူး ဟင်နရီသည် ထို မမှန်ကန် သော စာရွက်စာတမ်းများဖြင့် ကပ္ပတိန် ဒရေးဖတ်စ်အား တရားစွဲခဲ့ခြင်းဖြစ် ကြောင်း သိလာ၏။

၁၈၉၈ ခု ဩဂုတ်လတွင် စစ် ရုံးသည် ဟင်နရီ၏ လုပ်ကြံမှုကို သိရှိ သဖြင့် သူ့အား ဖမ်းရန် အမိန့်ထုတ် လိုက်၏။ ဟင်နရီသည် သူ၏ မကောင်း ကြံစည်မှုကို ဝန်ခံပြီး နောက်တစ်နေ့ တွင် သူ့လည်ပင်းကို သင်တုန်းဓားဖြင့် လှီးဖြတ်၍ အဆုံးစီရင်သွားတော့၏။ သူ့ အခြေမလှတော့ကြောင်း သိသဖြင့် အက်စတာဟာဇီသည်လည်း တိုင်းပြည်မှ ထွက်ပြေးသွားတော့၏။

♦♦♦

ဒရေးဖတ်စ်သည် တစ္ဆေကျွန်း တွင် ၄နှစ်နေခဲ့ရပြီးနောက် ၁၈၉၉ ခု၊ ဇွန်လတွင် ပြင်သစ်နိုင်ငံသို့ ပြန်ရောက် လာ၏။ သူ့အား ထောက်ခံသူများက တောင်းဆိုသဖြင့် အစိုးရက သူ့အမှုကို ပြန်စစ်ဆေးခဲ့သည်။ အမှုစစ်ဆေးနေစဉ် အတောအတွင်း အဓိကရုဏ်းများ ပေါ် ပေါက်ခဲ့၏။ တရားခံ ရှေ့နေ လိုဘာရီ အား သတ်ဖြတ်ရန် ကြိုးစားမှုများ ပေါ် ပေါက်ခဲ့၏။ တိုင်းပြည်၏ ကံကြမ္မာ သည် အပြစ်ဒဏ်ချမှတ်မည့် တရားသူ ကြီး ၇ယောက်၏ အပေါ်တွင် မူတည် နေတော့၏။ နောက်ဆုံးတွင် ဒရေးဖတ်စ် အား Extenuating Cicunstance အတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ထောင်ဒဏ် ၁၀နှစ် အပြစ်ပေးလိုက်၏။

ထိုဆုံးဖြတ်ချက်မှာ အကျိုး အကြောင်း ဆီလျော်ခြင်း မရှိပေ။ တရားသူကြီးများသည် စစ်တပ်၏ ဂုဏ် သိက္ခာမကျစေအောင်နှင့် တိုင်းပြည် တွင် ရန်းရင်းဆန်ခတ်မှုများ မဖြစ်ပေါ် အောင် ထိန်းလိုက်ခြင်းသာ ဖြစ်၏။ အမှုစစ်ပြီး ၁၀ရက်အကြာ ၁၈၉၉ ခု၊ စက်တင်ဘာလ ၁၉ရက်နေ့တွင် ဒရေး ဖတ်စ်အား သမ္မတ လောဘက်၏ အမိန့်ဖြင့် ထောင်မှ လွှတ်ပေးလိုက်၏။

ဒရေးဖတ်စ်အား ထောင်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သဖြင့် အငြင်းပွားစရာဖြစ်ခဲ့၏။ တစ်နည်းအား ဖြင့် အပြစ်ရှိကြောင်း သဘောတူရာ ရောက်နေ၏။ ဒရေးဖတ်စ်အနေဖြင့် ... အပြစ်မရှိကြောင်း ဆက်လက်တို... ဝင်ရမည်ဖြစ်၏။ ထို့ကြောင့် သူ တို... ပွဲဝင်ခဲ့၏။

၁၉၀၆ ခုနှစ်တွင် ရင်နီးစ် တ... စီရင်ချက်ကို လုံးဝ ပယ်ဖျက်လို... သဖြင့် ဒရေးဖတ်စ်မှာ အပြစ်မှ လုံး... လျားလျားလွတ်ခဲ့၏။ စစ်တပ်သို့ ပြ... ဝင်ပြီး မေဂျာအဆင့် ရခဲ့၏။ ပထ... ကမ္ဘာစစ်တွင် ရဲရင့်စွာ တိုက်ပွဲဝင်ခဲ့... ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် Legi... of Honour တပ်ဖွဲ့၏ တပ်ရင်း... တာဝန်ယူခဲ့၏။

"မေဂျာဂျင်နရယ်မက်ဖွန်ရှ... ဝါဇာကိုပင်"သည်တစ်ချိန်က ပဲရစ်... ဂျာမန်သံရုံးတွင် စပိုင်အကြီးအကဲ... ခဲ့၏။ အက်စတာဟာဇီသည် သူ့အ... အရေးကြီးသော စာရွက်စာတ... (၁၆၂)ရွက် ပေးခဲ့၏။ ထိုသစ္စာဖော... အား ဂျာမန်အစိုးရသည် တစ်လလျှ... မတ်ငွေ ၁၂၀၀၀ ပေးခဲ့၏။ ရှွပ်တ... ကိုပင်သည် ထိုအချိန်က ဘာမှမပြော... ဘဲ နေခဲ့၏။ ပြင်သစ် စစ်တပ်... အရှုပ်အထွေးပြဿနာ ပေါ်ပေါက်... မှာ ဂျာမန်အတွက် ကျေနပ်စရာ... လေသည်။ ဂျာမန်ဇစ်သံမှူးသ... ဘာလင်မြို့ ဆေးရုံပေါ်တွင် သေဆုံး... နီးတွင် ထိုအကြောင်းကို ဖွင့်ပြော... သူ့ဇနီးသည် တတွတ်တွတ်ပြော... သော သူ့မခင်ပွန်း၏ စကားသံ... ကြားရ၏။

"ပြင်သစ်မိတ်ဆွေတို့...ကျ... ပြောတာ နားထောင်ပါ။ ဒရေးဖတ်... အပြစ်မရှိပါဘူး။ အပြစ်ကင်းပါတယ်... ဒီကိစ္စဟာ ရှုပ်ထွေးပွေလီပြီး မှားယွ... နေပါတယ်။ ဒရေးဖတ်စ်ဟာ အ... ကင်းပါတယ်"ဟူ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ နိုဝင်ဘာလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်း ရှိသည်။ ကား၊ ကျောက်မျက်ရတနာ၊ ငွေ၊ ကြေးထည်ပစ္စည်း . . . စသည့် တနင်္လာနံပစ္စည်း အရောင်းအဝယ် အဆင်ပြေမည်။ မည်သည့်အလုပ်မဆို အတိုက်အခံ အပြိုင်အဆိုင်ပေါ်ပြီးမှ အဆင်ပြေ အောင်မြင်မည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ကွဲကွာနေသော ချစ်သူ၊ ရင်းနှီးသော မိတ်ဆွေ မိသားစုတို့နှင့် ပြန်လည်ဆုံတွေ့ရမည်။ ပညာရေးကိစ္စ အခက်အခဲကြုံမည်။ ငွေ၊ လုံ့လစိုက် ကြိုးစားမှ အောင်မြင်မည်။ စက်ပစ္စည်းပျက်/ထွက်ကိန်း ရှိသည်။ မိသားစု၊ လုပ်ငန်းတွင်း ရန်အနှောင့်အယှက် ပြဿနာကြုံရတတ်သည်။ အစာမကြေ လေရောဂါ ခံစားရတတ်သည်။ တနင်္ဂနွေ+ဗုဒ္ဓဟူးအမည်တွဲများ ကျန်းမာရေး အထူးဂရုစိုက်ပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံ့ထောင့်တွင် တံခွန်လုံးအဖြူရောင် (၉)လက်လှူပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ် စိပ်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

အကြံအစည်၊ ရည်ရွယ်ချက် အောင်မြင်မည်။ လာဘ်လာဘများ ဝင်လာမည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရမည်။ ငွေရင်းနှီးမြှုပ်နှံရသော လုပ်ငန်းကြီး ပြုလုပ်ရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ပြုလုပ်ရမည်။ သီ၊ ထီး၊ နာရီ၊ ဖိနပ် . . . စသည့် စနေနံပစ္စည်းများ အရောင်းအဝယ် အဆင်ပြေမည်။ အကျိုးအမြတ်ခံစားရမည်။ သားသမီး လက်အောက်ငယ်သားအတွက် စိတ်ညစ်ရမည်။ မိသားစု၊ အုပ်စုအပေါ် စိတ်ရှည်သည်းခံစွာ နေထိုင်ပြုမူ ဆက်ဆံပါ။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ တနင်္လာ+အင်္ဂါအမည်တွဲများ ကျန်းမာရေးအထူးဂရုစိုက်ပါ။ ထီဝါသနာပါက ၂အစ ၃အဆုံး၊ ၇အစ ၂အဆုံး အောင်ဘာလေထီ (သို့မဟုတ်) ကြိုက်နှစ်သက်ရာထီ ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တွင် နန်းကြီးသုပ်၊ ချင်းသုပ်၊ ဒိန်ချဉ်၊ နို့+ကိတ်မုန့် တစ်မျိုးမျိုး ဘုရားကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ဝင်ပြီးပစ္စည်း ပြန်ထွက်ခြင်း၊ ထွက်ပြီးပစ္စည်း ပြန်ဝင်ခြင်းတို့ ကြုံတွေ့ရမည်။ ကြွေးမြီဟောင်း ပြန်ရခြင်း၊ မြှုပ်နေသော ငွေအရင်းအနှီးပြန်ပေါ်ခြင်း ဖြစ်မည်။ စပ်တူရှယ်ယာလုပ်ကိုင်ရမည်။ အိုးအိမ်၊ နေရာဌာန ပြောင်းရွှေ့ရမည်။ စိမ်းထမ်းများ အထက်လူကြီးနှင့် အဆင်မပြေ ဖြစ်နေတတ်သည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ နိုင်ငံခြားသင်္ဘော ထိုက်ခြင်းကိစ္စ အဆင်ပြေမည်။ ရေ၊ လေနှင့် ပတ်သက်သော ပစ္စည်း၊ ဗုဒ္ဓဟူးနံပစ္စည်း ထွက်မည်။ ရေခဲသေတ္တာ၊ ပန်ကာ၊ အိမ်ယာကွန်း၊ တီဗွီ၊ အဝတ်လျှော်စက်များ ပျက်/ထွက်ကိန်း ရှိသည်။ သားသမီး၊ လက်အောက်ငယ်သား အိမ်မှ ထွက်သွားရတတ်သည်။ ထီဝါသနာပါက (၂၇၀)ပါသော ထီလက်မှတ်ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - သပြေ (၁၀)ညွန့်၊ ဖယောင်းတိုင် (၃)တိုင်၊ ဆွမ်းတစ်ပွဲလှူပြီး သမ္ဗုဒ္ဓေဂါထာ (၃၆)ခေါက် ရွတ်ဆိုပြီး အခက်အခဲကိစ္စ ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ့ အကျွရာ

(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ•••

ဤလတွင် မိမိပြုလုပ်နေကျ လုပ်ငန်းများ ပုံမှန်ပြုလုပ်နေခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဝန်ထမ်းဆိုပါက အထက်လူကြီး၏ အမိန့်နာခံ၊ စည်းကမ်းဥပဒေ လိုက်နာဆောင်ရွက်ပါ။ စီးပွားရေးတွင် ကိုယ်ပိုင်တစ်ဦးတည်းမလုပ်ဘဲ တနင်္လာ၊ စနေသားသမီးတို့နှင့် ပူးတွဲ ပေါင်းစည်းလုပ်ကိုင်ပါက အကျိုးကျေးဇူး ခံစားရရှိနိုင်သည်။ ဆွေမျိုးသားချင်းထံမှ အကူအညီရမည်။ အရက်၊ လောင်းကစား၊ အပျော်အပါးကိစ္စ အထူးရှောင်ပါ။ ယုဉ်ပြိုင်စိတ်၊ အနိုင်ယူလိုစိတ်တွေ ထိန်းပါ။ လူငယ်များ ချစ်သူအသစ်တွေ့မည်။ တရားဝင် လက်ထပ်မင်္ဂလာပြုလျှင် ကောင်းသည်။ မိမိအိမ်ရှေ့ ခေါင်းရင်းတွင် အလှူမင်္ဂလာနိမိတ်တွေ့ပါက ကောင်းသော နိမိတ်ဟု မှတ်ယူပါ။ ဦးခေါင်း၊ ဝမ်းဗိုက်ပိုင်းဆိုင်ရာ ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မိမိမွေးနေ့တိုင်း ကွဲ့ကော်၊ ကြံ၊ ငွေပန်း၊ ကျည်းရွက် တနင်္လာနံ့တစ်မျိုးမျိုး (၁၅)ညွန့်လှူပေးပါ၊ တစ်ပတ်တစ်ကြိမ် အသစ်လဲပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ကြာသပတေးနံ့အကျွရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ•••

ဤလတွင် စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများ အဆင်ပြေမည်။ ပညာရေး၊ သင်တန်းကျူရှင်၊ နည်းပြ၊ စာအုပ်နှင့် စာရေးကိရိယာအရောင်းအဝယ်မှ အမြတ်အစွန်းရရှိမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ မိဘသဘောတူသူနှင့် လက်ထပ်ရမည်။ အပျော်ခရီးထွက်ခြင်း လုံးဝ မကောင်းပါ။ အရက်၊ အုန်းရည်၊ လောင်းကစားကိစ္စ အထူးရှောင်ပါ။ အိမ်ထောင်ဖက်နှင့် ယာယီ ခွဲခွာနေရသည်။ အမျိုးသား ခရီးဝေးထွက်ခြင်း လုပ်ငန်းပြောင်းရွှေ့ခြင်း ကြုံမည်။ လူမှုရေးဖောက်ပြန်နေတတ်သည်။ လူငယ်များ အပေါင်းအသင်း သတိထားပါ။ မိန်းမငယ်များ ချစ်သူခေါ်ရာ၊ ချစ်သူအလို မလိုက်သင့်ပေ။ ကျန်းမာရေးအတွက် ဝက်သား၊ အုန်းသီးစပ်သော အစားအစာများကို ရှောင်ပါ။ ထိဝါသနာပါက (၂၇၉)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တွင် ကြံသကာ၊ ကျောက်ကျော၊ ကိတ်မုန့်၊ ကောက်ညှင်းပေါင်း တစ်ခုခု ဘုရားကပ်လှူပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## သောကြာနံ့အကျွရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ•••

ဤလတွင် အိုးအိမ်၊ အလုပ်နေရာဌာန အပြောင်းအရွှေ့ ကြုံမည်။ ဝန်ထမ်းဆိုပါက ရာထူးတိုး၊ နေရာကောင်း ပြောင်းရမည်။ မပြောင်းချင်လျှင် ပြောင်းဖူးလှူ၍ ဓာတ်ဆင်ထားပါ။ ကွဲကွာနေသော ဆွေမျိုး၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ရမည်။ လူငယ်များ ခရီးသွားရင်း ချစ်သူတွေ့မည်။ တနင်္လာနှင့် စနေသားသမီးတို့ထံမှ အကူအညီရမည်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနေ့နံ့များ ရှောင်ပါ၊ အနီးကပ်ရန်၊ အနှောင့်အယှက် အထူးသတိထားပါ။ ပညာအတွေးအခေါ် ဆုံးဖြတ်ချက်မှားတတ်သည်။ ရွှေ၊ ငါး၊ လျှပ်စစ်ပစ္စည်း•••စသည့် ဗုဒ္ဓဟူးနံ့ပစ္စည်းများ ထွက်မည်။ အနီရောင်၊ အဝါရောင်၊ ရွှေဝါရောင်များ ယာယီရှောင်ထားပါ။ စီးပွားရေးလုပ်ငန်း ကြိုးစားဆောင်ရွက်လျှင် အောင်မြင်မည်။ ထီဝါသနာပါက (၂၇၅)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံ့ထောင့်တွင် ထီးဖြူ (၇)လက်၊ ထန်း၊ ဒါန်း တစ်မျိုးမျိုး (၇)ညွန့် လှူပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## စနေနံ့အကျွရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ•••

ဤလတွင် ငွေအစုလိုက် ဝင်မည်။ အကြံအစည် အောင်မြင်မည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ လူမျိုးခြား၊ နိုင်ငံခြား ဘာသာခြားနှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်ရမည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ မြုပ်နေသော ငွေအရင်းအနှီး ပြန်ပေါ်လာမည်။ သင်္ဘောသားလုပ်ငန်း၊ ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေမည်။ ဝင်ငွေတိုးတက်လာမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ပညာရေးကိစ္စ အခက်အခဲကြုံတွေ့ရမည်။ လူငယ်များ လုပ်ငန်းခွင်စာမေးပွဲ ဖြေဆို သင်တန်းတက်ရမည်၊ လျှောက်ထားသော အလုပ်ရမည်။ ထီဝါသနာပါက (၂၆၇)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နဂါးရုံဘုရားတစ်ဆူတွင် နွားနို့ ကိတ်မုန့်၊ ထန်းလျက်၊ ပေါက်ပေါက် လှူဒါန်းပြီး လိုရာဆုတောင်းပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ခန္ဓာအသားလှုပ်နိမိတ်

အောင်ဘုန်းမြင့်(ကချင်မြေ)



လူမျိုးဘာသာတိုင်းက ကိုယ်ခန္ဓာအသားလှုပ်ခြင်းကို အထူးပြု၍ အတိတ်နိမိတ်တစ်ခုအဖြစ် ယုံကြည် မှတ်ယူတတ်ကြ၏။ အသားလှုပ် နိမိတ်ကို အတိတ်စိမ်းကောက်၍ ရှေ့ဖြစ်လာမည့် အနာဂတ် ကံကြမ္မာများကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်၍ ကြိုတင်ဟောဆိုမှု ပြုခဲ့သည်မှာ စာပေမပေါ်ထွန်းမီကတည်းက ဖြစ်လေသည်။

အသားလှုပ် နိမိတ်အချို့ကို ကောင်းသည့်ဘက်က ကောက်ယူ ဟောဆိုတတ်ကြပြီး၊ အချို့ကို မကောင်းသော ဆိုးကျိုးဘက်က အနက်ဖွင့်ဆိုကြ၏။ လူမျိုးဒေသ တစ်ခုနှင့်တစ်ခု အဓိပ္ပာယ်အနက် ကောက်ယူပုံချင်း တူညီသည်လည်း ရှိ၏။ မတူညီသည်လည်း ရှိ၏။ အချို့၌ ခပ်ဆင်ဆင်တူသည်လည်း ရှိတတ်ပါသည်။

ခေတ်မီ ဆေးပညာအဆိုအရ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ကို ... သွေးသား သွားလာလည်ပတ်မှု၏ မမှန်ပေ... ... ချို့ယွင်းမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရခြင်း ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင် ဆိုစေကာမူ၊ အသားလှုပ်ခြင်းနှင့် ကြုံရသူတိုင်းသည် ဖြစ်ပေါ်လာမည့် နိမိတ်အကြောင်း သိလိုကြသူချည်း ဖြစ်ကြလေ၏။

သို့ဖြစ်သောကြောင့် ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းလှုပ်လျှင် မည်သို့ ဖြစ်လာတတ်သည်ဟူသော နိမိတ်အဟောများကို ဝါသနာရှင်၊ ပညာရှင်အဆင့်ဆင့်တို့မှ မှတ်သားထားသည်ကို စုစည်းတင်ပြရပါသည်။

◈◈◈

## ဦးခေါင်းပိုင်းလှုပ်အဟော

ဦးခေါင်းထိပ်လှုပ်လျှင် အလုပ်အကြံအစည် ခရီးလမ်း အောင်မြင်နိုင်မည်။ ဉာဏ်ပညာကို အခြေခံရသော အလုပ်အကိုင်မျိုးနှင့် လုပ်ကိုင် စားသောက်ရသူဖြစ်လာလိမ့်မည်။

ညာဘက် နဖူးလှုပ်သော မဖြစ်မနေ ခရီးသွားလာရတတ်ပြီး ဘယ်ဘက် နဖူးလှုပ်ပါက သွားမည့်ခရီး ယာယီ ရွှေ့ဆိုင်းရလိမ့်မည်။ နဖူးအလယ်တည့်တည့်လှုပ်ပါမူ ငွေအကုန်အကျများတတ်ပါသည်။ နောက်စေ့လှုပ်ခြင်းဖြစ်က မမျှော်လင့်ထားသော ခရီးတစ်ခုသွားရမည်။ အကြွေးများ ပေးဆပ်ရတတ်သည်။ ငွေကုန်ကြေးကျ များမည်။

ညာဘက် မျက်လုံးလှုပ်သော် ရပ်ဝေး ရပ်နည်းမှ သတင်းကောင်း ကြားရလိမ့်မည်။ ကြိုးစား ဆောင်ရွက်နေသည့်ကိစ္စ အောင်မြင်မည်။ ကူညီမည့်သူ ပေါ်တတ်သည်။ ဘယ်ဘက် မျက်လုံးလှုပ်သော် ချစ်သူ ကြင်သူနှင့် စကားများရတတ်သည်။ အလွန်ရင်းနှီးသည့် မိတ်ဆွေတစ်ဦးဦးနှင့် အဆင်မပြေ လမ်းခွဲရတတ်သည်။

ညာဘက် အထက်မျက်ခမ်းလှုပ်ပါက ရည်မှန်းချက် အကြံအောင်မည်။ ဝမ်းသာစရာ သတင်းကောင်း ကြားရမည်။ ဆုလာဘ်ကောင်း ဝင်တတ်သည်။ ညာဘက် အောက်မျက်ခမ်းလှုပ်သည်ရှိသော် အစွပ်အစွဲခံရတတ်သည်။ ပတ်ဝန်းကျင်နှင့် စကားများရတတ်သည်။ တရော်ကင်ပွန်းနှင့် ခေါင်းလျှော် ယတြာပြုပါ။

ဘယ်ဘက် အထက်မျက်ခမ်းလှုပ်သော် မျှော်လင့်မထားသူထံမှ အကူအညီကောင်း ရမည်။ ထီကံပွင့်တတ်သည်၊ ဘယ်ဘက် အောက်မျက်ခမ်းလှုပ်ပါမူ ချစ်သူ အိမ်ထောင်ဖက်နှင့် စကားများရတတ်သည်။ သူတစ်ပါးအတွက် ငွေအကုန်အကျများမည်။ ငွေကြေးအသုံးအစွဲများပြီး သောကပွေတတ်သည်။ ရေဒါနပြု ယတြာချေပါ။

ညာဘက်ပါးလှုပ်ပါက သူတစ်ပါးလက်ထဲ ရောက်ရှိနေသော ငွေကြေးနှင့် ပစ္စည်းများ လက်ဝယ် ပြန်လည်ရရှိနိုင်မည်။ ငွေအကူအညီရမည်။ ရောင်းကုန်ပစ္စည်း အမြတ်ေ… မည်။ ဘယ်ဘက်ပါးလှုပ်ပါမူ ရောဂါဘယဝင်ရောက် နိုင်… တတ်သည်။ မိသားစု နာဖျားမကျန်း ဖြစ်လိမ့်မည်။ အ… သောက နှောင့်ယှက်ခံရတတ်သည်။ ဆေးလှူဒါန်းရပါမည်…

အပေါ်နှုတ်ခမ်းလှုပ်လျှင် အလုပ်အကြံ အပြောအ… စူးရှ အောင်မြင်မည်။ စီးပွားလာဘ်လာဘ တိုးတက်အော… မြင်နိုင်မည်။ အောက်နှုတ်ခမ်းလှုပ်သည်ရှိသော် အကြံအစ… အပြောအဆို ကြန့်ကြာတတ်သည်။ ကုန်းတိုက် ကုန်းချ… ခံရတတ်သည်။ စကားများ ရန်ဖြစ်တတ်သည်။ မွေးနံအညွှ… ပန်း ဘုရားကပ်လှူ ဆုတောင်းပါ။

လျှာလှုပ်ပါက စကားအငြင်းအခုန်ဖြစ်ရလိမ့်မည်… အငြင်းပွားစရာကိစ္စ ကြုံရလိမ့်မည်။ အတွင်းလူများက သ… ဖောက်ခြင်း ခံရလိမ့်မည်။ အပေါ်သွား လှုပ်သည်ရှိသေ… သားသမီးထွန်းကားလိမ့်မည်။ လူကောင်းဝင်လာတတ်သည်… အောက်သွားလှုပ်ပါမူ အထင်အမြင်လွဲခံရတတ်သည်… နာမည်ဂုဏ်သတင်း ကျဆင်းတတ်သည်။ မိမိတို့အဝ… ဟောင်းထဲမှ အင်္ကျီတစ်ထည်၊ ပုဆိုး၊ ထဘီ တစ်ထည်… ဖိနပ်တစ်ရံကို မရှိဆင်းရဲသားများအား ပေးကမ်း စွန့်ကြဲ… မည်။

မေးစေ့လှုပ်ပါက ချစ်သူခင်သူများနှင့် လမ်းခွဲသစကာ… ပြောရတတ်၏။ မျှော်လင့်မထားဘဲ ချစ်သူထံမှ မုန်းစကာ… ကြားရတတ်၏။ ဘုရားအောင်မြေနင်း၍ မကောင်းဟူသမျှ… ပယ်ပျောက်စေကြောင်း ဆုတောင်းပတ္ထနာပြုပါ။ ညာဘက်… နားလှုပ်လျှင် သတင်းကောင်း ကြားရလိမ့်မည်။ ဘယ်ဘက်… နားလှုပ်ပါက တစ်ပါးသူများ၏ အတင်းအဖျင်းပြောခံရတ… သည်။

## ခန္ဓာကိုယ်လှုပ်အဟော

ကျောပြင်အသားလှုပ်သော် တာဝန်သစ် ထမ်းဆော… ရကိန်းကြုံမည်။ ခရီးကောင်း သွားလာရမည်။ ဂုဏ်သတင်… နာမည်ကျော်ကြားမည်။ အပူဇော်ခံရသူ ဖြစ်ရလိမ့်မည်။

ညာဘက် ရင်အုံလှုပ်ပါက ချစ်သူ ဖူးစာရှင် ပေါ်တ… သည်။ ချစ်သူ (သို့) အိမ်ထောင်ဖက်၏ ကြင်နာယုယ… ရရှိမည်။ မေတ္တာရေး၌ စန်းပွင့်ပြီး အိမ်ထောင်ရေး သာယ… လိမ့်မည်။ ဘယ်ဘက် ရင်အုံလှုပ်သည်ရှိသော် ချစ်သူ… (သို့) အိမ်ထောင်ဖက်နှင့် အသေးအဖွဲကိစ္စကြောင့် စ… အတိုအရှည်များရတတ်သည်။ ခွန်းကြီးခွန်းငယ်ဖြစ်… မည်။

ညာဘက် ပခုံးသားလှုပ်လျှင် နေရာကောင်း၊ ဌာ…



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသို့ ပြောင်းရွှေ့ရမည်။ ရာထူးတာဝန် ခန့်တက်တတ်သည်။ ကံကောင်းမည်။ ဘယ်ဘက် ပခုံးလှုပ်သော် အလုပ်အကိုင် အကြံပျက်တတ်၏။ အထင်လွဲခံရတတ်ပြီး အထက်ပုဂ္ဂိုလ်အကြီးအကဲနှင့် အဆင်မပြေ ဖြစ်တတ်၏။ မွေးနံ့ဘုရားထောင့်တွင် ရွှေချပေးခြင်းဖြင့် အဆင်ပြေသွားပါလိမ့်မည်။

ညာဘက် ရင်သားလှုပ်ပါက ချစ်သူ ဖူးစာရှင် မရှိသူများဖြစ်လျှင် ဖူးစာရှင်တွေ့မည်။ အိမ်ထောင် မပြုသေးသူများ အိမ်ထောင်ပြုရကိန်း ကြုံမည်။ ဘယ်ဘက် ရင်သားလှုပ်သည်ဖြစ်ပါမူ ချစ်သူထံမှ သတင်းစကားကောင်း ကြားသိရမည်။ အိမ်ထောင်ရှိသူများအဖို့ သားကောင်းလုလင်၊ သမီးကောင်းရတနာ ထွန်းကားတတ်သည်။

ချက်အထက် ဗိုက်သားလှုပ်သည်ရှိသော် သူတစ်ပါး၏ စွပ်စွဲခံရတတ်သည်။ အပျို လူပျိုများဖြစ်က ချစ်သူနှင့် ယယ်ကျွံ အချစ်မှားတတ်၏။ အရာရာ၌ ဆင်ခြင် သတိတရားထား၍ နေထိုင်ရမည့် ကာလဖြစ်သည်။

ခါးလှုပ်သည်ဖြစ်ပါမူ မိမိတို့အပေါ် မှီခိုမည့်သူ ပေါ်တတ်သည်။ ရပ်ဝေး ရေခြား ခရီးရှည်သွားလာရလိမ့်မည်။ အလုပ်အကိုင်တာဝန်ကြောင့် ချစ်သူ အိမ်ထောင်ဖက်နှင့် (သို့) မိဘဆွေမျိုးသားချင်းများနှင့် ယာယီခွဲခွာ၍ နေထိုင်ရတတ်၏။ အိုးအိမ်အလုပ်နေရာဌာန အပြောင်းအလဲကြုံရတတ်သည်။

ညာဘက် တင်ပါးဆုံအသားလှုပ်သော် အံ့ပုန်းနောက်ပိုးအချစ်မျိုး ပေါ်ပေါက်တတ်၏။ တိတ်တိတ်ပုန်းခိုးပွင့်၍ ချစ်သူများ အချစ်ပွားတတ်၏။ ဘယ်ဘက် တင်ပါးဆုံသားလှုပ်သည်ရှိသော် အချစ်ရေး၌ သစ္စာဖောက်ခံရတတ်သည်။ မမျှော်လင့်ဘဲ သူတစ်ပါးနှင့် သာယာမှု ရယူတတ်၏။ အချစ်ရေး လွဲမှားမှု ကြုံရတတ်ပါသည်။ အလုပ်အကြံလုပ်ငန်းသစ် ပေါ်တတ်သည်။

## ခြေလက်လှုပ်အဟော

ညာဘက် လက်မောင်းလှုပ်ပါက ပျော်ရွှင်မှုအပေါင်းနှင့် ကြုံရမည်။ လုပ်ငန်းအောင်မြင်၍ စီးပွားတက်မည်။ မင်းအစိုးရ၏ ဂုဏ်ထူးဘွဲ့ထူး ချီးမြှင့်မြောက်စားခံရမည်။ ဘယ်ဘက် လက်မောင်းလှုပ်သည်ရှိသော် အလုပ်လျှောက်ထားလျှင် အလုပ်ရမည်။ ရာထူးရာခံ တက်မည်။ စာမေးပွဲများအောင်မြင်နိုင်မည်။

ညာဘက် တံတောင်လှုပ်သည်ဖြစ်ပါက အကြံအောင်မည်။ အလုပ်ကောင်း ရရှိမည်။ ဘယ်ဘက် တံတောင်လှုပ်သည်ဖြစ်မူ အနှောင့်အယှက် အဟန့်အတားကြုံရတတ်သည်။ ညောင်ထောက်၊ တံတားပြုပြင်၊ လမ်းရှင်း၊ လမ်းခင်းပြုပါ။ တိရစ္ဆာန်များကို အစာကျွေး၍ ကောင်းမှု အိန္ဒကုသိုလ်ပြုလုပ်ပေးရမည်။ ရန်မဖြစ်၊ စကားမများအောင် နေထိုင်ပါ။

ဘယ်-ညာ လက်ဝါးလှုပ်သော် ငွေဝင်တတ်သည်။ ထီပေါက်အကြွေး ရရှိတတ်သည်။ တစ်နည်းနည်းဖြင့် ငွေရပေါက် ကြုံတတ်သည်။ ညာဘက် လက်မ လှုပ်ပါက အလုပ်ခရီးအကြံ အောင်မည်။ ဝမ်းသာစရာနှင့် ကြုံရမည်။ ဘယ်ဘက် လက်မ လှုပ်ပါမူ ပစ္စည်းပျောက်ဆုံးတတ်၏။ အတားအဆီးကြုံရတတ်သည်။ တိရစ္ဆာန်အား ဘေးမဲ့ လွှတ်ပေးပါ။

ညာဘက် လက်ဖမိုးလှုပ်လျှင် အကြံအောင်မည်။ အချစ်ရေး စန်းပွင့်၊ ကံကောင်းတတ်သည်။ ဘယ်ဘက် လက်ဖမိုးလှုပ်ပါက အပူသောက ဝင်တတ်သည်။ လက်ဝတ်ရတနာများ ပျောက်ရတတ်သည်။ ခရီးအကြံ ပျက်တတ်သည်။ နေ့နံ့ဂြိုဟ်တိုင်ဘုရားတွင် ရေမွှေးနံ့သာစပ်၍ ရေသက်စေ့ သပ္ပာယ်လှူဒါန်း ဆုတောင်းမေတ္တာပို့ပေးပါ။

ညာဘက်ပေါင်လှုပ်သည်ရှိသော် အချစ်မေတ္တာရေးကြောင့် အပူသောက ဝင်တတ်လေသည်။ ဘယ်ဘက်ပေါင်လှုပ်ပါမူ ချစ်သူနှင့် ထိတွေ့ကိန်း ကြုံရတတ်၏။ ညာဘက် ခြေသလုံးလှုပ်ပါက ခရီးတို၊ ခရီးရှည်၊ ခရီးကောင်း သွားရလိမ့်မည်။ ဘယ်ဘက်ခြေသလုံးလှုပ်ပါမူ အချည်းနှီး ခရီးသွားရတတ်၏။ ညာဘက် ခြေဖမိုးလှုပ်ပါက ခရီးလမ်း ကြန့်ကြာလိမ့်မည်။ ဘယ်ဘက် ခြေဖမိုးလှုပ်သော် မဖြစ်မနေ ခရီးမိုးသွားရတတ်၏။ သွားသည့်ခရီး ခရီးကောင်းဖြစ်ပါလိမ့်မည်။

ညာခြေမ လှုပ်လျှင် အကြံအစည် အောင်မြင်မည်။ ဘယ်ခြေမ လှုပ်ပါမူ အန္တရာယ်ကြုံတတ်၏။ အန္တရာယ်ကင်းပရိတ်တရားရွတ်ဆိုပြီးမှ အလုပ်ခရီး စတင်သင့်သည်။ ညာဘက် ခြေဖဝါးလှုပ်က လုပ်ငန်းစီးပွား အောင်မြင်မည်။ ဘယ်ဘက် ခြေဖဝါးလှုပ်သော် ရပ်ဝေးခရီးသွားရတတ်သည်။ ယောက်ျားအင်္ဂါလှုပ်ပါက စန်းပွင့်မည်။ မိန်းမအင်္ဂါလှုပ်ပါမူ သားသမီးထွန်းကားလိမ့်မည်ဟူ၍ ဖြစ်ပါသတည်း။

* * *

အောင်ဘုန်းမြင့်

(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ကြက်သွန်နီဥနှင့် ဆေးအသုံးဝင်ပုံ

ကျော်စွာဟိန်း (ရွှေလျော်ကား)

မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် ကြက်သွန်နီမရှိလျှင် ပြည့်စုံသော မီးဖိုချောင်မဖြစ်နိုင်ပေ။ ကြက်သွန်နီပါမှ အရသာလည်း ရှိ အာဟာရဓာတ်လည်း ပြည့်ဝမည်။ အိမ်ရှင်ဖိုး အိမ်ရှင်မတို့ အမြတ်တနိုး တန်ဖိုးထားကြသည်မှာ ကြက်သွန်နီဖြစ်သည်။ ကြက်သွန်နီမပါလျှင် ဟင်းအရသာမရှိသလို ခံစားကြရသည်။

ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက ကြက်သွန်နီကို ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့ အမည်အမျိုးမျိုးနှင့် သုံးစွဲခဲ့ကြကြောင်း သိရှိရပါသည်။ သက္ကတဆေးကျမ်း ဆရာနရဟာရိပဏ္ဍာတက ကြက်သွန်နီကို သုံးမျိုးခွဲခြားပြပါသည်။ ဥအမြုရောင်ရှိသော ကြက်သွန်နီမျိုး၊ နနွင်းရောင်ကဲ့သို့ဝါသော ကြက်သွန်နီမျိုး၊ အနီရောင်ရှိသော ကြက်သွန်နီမျိုးဟူ၍ ဖြစ်ပါသည်။

မြန်မာအမည် ကြက်သွန်နီ၊ ရုက္ခဗေဒအမည် (Alliumcepa) ဝမ်းမျိုးရင်းဖြစ်သည်။ ပင်ငယ် ပင်ပျော့မျိုးဖြစ်သည်။ ကြက်သွန်နီဥသည် မြေဝှပ်ပင်စည်ဖြစ်၍ ပါးလွှာသော အခွံအနီရောင် (သို့မဟုတ်) အဖြူခွံပါးလေးများ ဖုံးအုပ်ထားသည်။ ကြက်သွန်နီဥကြီးများသည် ဥတစ်လုံးမှ... အချို့မှာ အတက်ပွားဥများဖြစ်သည်။ ကြက်သွန်နီအရွက်... မှာ အခေါင်းပွဖြစ်၍ ကြက်သွန်နီပင်သည် တစ်ပေခွဲခန့်အ... မြင့်သော အပင်မျိုးဖြစ်သည်။ အရွက်သည် အပေါ်သို့ ထော... ၍ထွက်၏။ အရွက်များ၏ အလယ်မှ ဖူးတံထွက်၍ ထိ... အဖြူပွင့်လေးများ ပွင့်တတ်သည်။ ကြက်သွန်နီပွင့်မျာ... အဆုပ်လိုက် ပွင့်တတ်၏။ ကြက်သွန်နီဥတွင် ဗီတာမ... အေဓာတ်၊ ဗီတာမင် စီဓာတ်၊ ဗီတာမင် ဘီဓာတ်တို့ မျာ... ပါဝင်နေကြောင်း သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိရသည်... နေရောင်ခြည်ကို ကောင်းစွာ ရရှိပြီး လောင်းရိပ်ကင်းသော... နန်းတင် မြေနုမျိုးတွင် စိုက်ပျိုးလျှင် ပိုမိုကောင်းမွန် ဖြစ်ထွ... ပါသည်။

မြန်မာတိုင်းရင်းဆေးကျမ်းများအလိုအရ ကြက်သွ... သည် ချို၏။ စပ်၏။ အနည်းငယ်ပူ၏။ လေ၊ သည်... အဖျား၊ ချောင်းဆိုးနာတို့ကို နိုင်၏။ ဆီးရွှင်၏။ နှ... အော့အန်ရောဂါတို့ကို ပျောက်စေ၏။ ခွန်အားကို ဖြစ်စေ... သုက်အားကို ပွားများစေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်နီကို အသား၊ ငါးများနှင့် ရောချက်လျှင် လည်းကောင်း၊ ဟင်းသီးဟင်းရွက်များနှင့် ရောချက်လျှင် လည်းကောင်း၊ အစိမ်းလိုက်သော် လည်းကောင်း၊ အကွင်းလိုက် လှီးကာ ရှောက်၊ သံပရာရည်ညှစ်၍ လည်းကောင်း စားသုံးကြ၏။ ဤသို့ စားသုံးသူများသည် အသားအရေ စင်ကြယ်၍ အရောင်အဆင်းကောင်းလာခြင်း၊ စိတ်ကြည်လင်၍ အသိဉာဏ်ထက်မြက်ခြင်း၊ အသက်ရှည် အရွယ်တင်ကာ ကာမသတ္တိအား ကောင်းလာတတ်ခြင်း စသော အကျိုးကျေးဇူးများကို ခံစားရစေ၏။

ကြက်သွန်နီကို ထမင်းနှင့် အမြဲသုံးဆောင်ပါက ကျန်းမာဝဖြိုး၊ နလုံးကြံ့ခိုင်၊ ရင့်ရော်နည်းပါး၊ မောပန်းမရှိ အလုပ်မှာ ဇွဲရှိစေပါသည်။ ကြက်သွန်နီကို အစိမ်းစားခြင်းဖြင့် ကောင်းစွာ အိပ်ပျော်ပြီး ဆီးကောင်းစေသည်။ ရေဖော ဖောခြင်း၊ သလိပ်ကြောင့် ဖောရောင်ခြင်းတို့ကို ပျောက်ကင်းစေသည်။

ဆီးတစ်စက်စက်ကျသော ရောဂါ၌ ကြက်သွန်နီကို ပြုတ်သောက်ရ၏။ မီးဖုတ်ထားသော ကြက်သွန်နီတစ်လုံးကို ဆီးအိမ်ပေါ်မှာ နွေးနွေးကပ်ပေးခဲ့သော် ကလေးများ ဆီးချုပ်ခြင်း ပျောက်ကင်း၏။ ဆီးကြောင့်ဖြစ်သော ဖောရောင်ခြင်းနှင့် ကျောက်တည်ရောဂါတို့၌ ကြက်သွန်နီကို ထုထောင်းအရည်ညှစ်ပြီး ရှာလပတ်ရည်လုပ်၍သောက်လျှင် ပျောက်ကင်းကြောင်း တွေ့ရပါသည်။

ဝမ်းသွားလျှင် ကြက်သွန်နီ ရှာလပတ်ရည်ကို သောက်သော် ပျောက်ကင်း၏။ ကလေးများ ဗိုက်နာ၍ တငိုငို တဂျီဂျီ ဖြစ်ခဲ့သော် ကြက်သွန်နီအရည် အနည်းငယ်ကို တိုက်လျှင် ပျောက်ကင်း၏။

သွေးပါသော မြင်းသရိုက်ရောဂါနှင့် လိပ်ခေါင်းထွက်ရောဂါတို့၌ လတ်ဆတ်သော ကြက်သွန်နီအရည် အောင်စဝက်ခန့်တွင် သကြား သင့်စွာထည့်၍ တစ်နေ့ တစ်ကြိမ် နေ့အခါ တိုက်ကျွေးပါ။ သွေးပါသော မြင်းသရိုက်ရောဂါတွင် အကောင်းဆုံးဖြစ်သည်။

သတိလစ် မေ့မြောနေသူအား ကြက်သွန်နီကို ထုထောင်း၍ ထွက်လာသောအနံ့ကို နှာဝတွင် ထား၍ရှူစေခြင်း၊ နှာခေါင်းဝတွင် ကပ်ထားပေးခြင်း၊ နှာခေါင်းအတွင်းသို့ အရည် နှစ်စက်သုံးစက်မျှ ထည့်ပေးခြင်းဖြင့် သတိမေ့ ဝက်ရူးပြန်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။

ကြက်သွန်နီဥကို အစိမ်းအတိုင်းစားလျှင် မိန်းမတို့၏ ဥတုသွေးကို တိုးပွားစေ၏။ မိခင်တို့၏ နို့ချိုကို ပိုမိုထွက်စေ၏။ ဥတုသွေးလာရက်နီးသောအချိန်၌ တစ်ရက်၊ နှစ်ရက် ကြိုတင်စားထားခဲ့သော် ဥတုသွေးမကျန်ဘဲ ကုန်စင်အောင် ဆင်းစေ၏။

ကြက်သွန်နီဥနှင့် ကြက်သွန်နီစေ့သည် ဆာလောင်မွတ်သိပ်ခြင်းနှင့် ကာမသတ္တိ နှစ်မျိုးလုံးတို့တွင် အားဆေး ဖြစ်စေ၏။

ဆေးရုံ ဆေးခန်းနှင့် ဝေးသူတို့ လေဖြန်းလျှင် ကြက်သွန်နီ ၇ဥ၊ ထန်းနို့ပြာ၊ ကျပ်ခိုး၊ ရှိန်းခိုတို့ကို ညီမျှစွာကြိတ်၊ ရေနှင့် နယ်ပြီး နိပ်နယ်ဆွဲပေးပါ။

ကြက်မျက်သင့်၍ ညအခါ မမြင်ရသော ရောဂါကို ကြက်သွန်နီအရည်တွင် ဆားအနည်းငယ်ထည့်၍ မျက်စဉ်းခတ်ပေးပါ။

နားကိုက်ရောဂါရှိသူများ ကြက်သွန်နီကို မီးအုံး အရည် နွေးနွေးပြုပြီး နားထဲထည့်သော် နားကိုက်ပျောက်၏။ နားပြည်ယိုလျှင် ကြက်သွန်နီကို အရည်ညှစ်၍ နားထဲသို့ တစ်နေ့ သုံးကြိမ်ထည့်ပါ။

ခွေးဆိပ်၊ ကင်းမြီးကောက်ဆိပ် စသော အဆိပ်ရှိ သတ္တဝါတို့ ကိုက်သည့် ဒဏ်ရာကို ကြက်သွန်နီကို ဆားနှင့် လှီးဖြတ်၍ အစေးထွက်လာလျှင် ထိပ်ဝကို ကွမ်းစားထုံး သုတ်၍ ကိုက်သည့် ဒဏ်ရာတွင် ပွတ်ပေးခဲ့သော်၊ အရည်ညှစ်၍ လိမ်းပေးခဲ့သော် ပျောက်ကင်း၏။ ကြက်သွန်နီကို ထုထောင်း၍ ထုတ်ယူထားသောအရည်၌ သတ္တဝါတို့၏ အဆိပ်ကို နိုင်သော အစွမ်းရှိ၏။ ကြက်သွန်နီရှိသော နေရာသို့ အဆိပ်ရှိ သတ္တဝါ(မြွေ)တို့ မလာကြဟု ယူဆကြ၏။

အသက်ရှူလမ်းကြောင်းရောဂါနှင့် အဆုတ်တွင် သလိပ်ပိတ်ဆို့နေသော် ကြက်သွန်နီဖြင့် ကုသကြ၏။ ကြက်သွန်နီတွင် ပါရှိသော ပူစပ်သော အဆီသည် သွေးကြောတို့မှတစ်ဆင့် အဆုတ်ထဲသို့ ရောက်ရှိသွားသောအခါ သလိပ်များကို ထုတ်ပစ်ခြင်းကြောင့် လူနာမှာ သက်သာပျောက်ကင်းစေပါသည်။ အိန္ဒိယနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ တိုင်းရင်းဆေး ကုထုံးများတွင် ကြက်သွန်နီကို အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါ၌ ကုသကြကြောင်း သိရှိရပါသည်။□

***

ကျော်စွာဟိန်း (ရွှေလှော်ကား)



www.burmeseclassic.com

www.burmeseclassic.com



# သန်လျင်ချမ်းမြေ့အောင်

www.burmeseclassic.com

www.burmeseclassic.com

“ယမ်းတိုက်ကုန်းမှာ သွားပြီး ဝိညာဉ်တွေကို ရှာပေးပါလို့ သွားတောင်ရင် ကောင်းမလား”

“မင်းအကြံ မဆိုးဘူး။ ငါတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဘဝ။ သူများတွေလို ချမ်းသာချင်လိုက်တာ”

“ငါတို့ သူတို့ဆီသွားပြီး တောင်းရင် မကောင်းဘူးလား”

မောင်မြက အားရပါးရပြော၏။

“ဟေ့ကောင်တွေ... မင်းတို့ ဘာတွေပြောဆိုနေကြတာလဲ”

ဘကြီးညိုက ဆေးလိပ်တိုကို ဖွာရှိုက်ရင်း မေးသည်။

“ဘကြီးညို... ကျွန်တော်တို့ ယမ်းတိုက်ကုန်းအကြောင်း ပြောနေတာ”

“ဟေ... ယမ်းတိုက်ကုန်းသွားပြီး ဘာလုပ်မလို့လဲ”

“ရွှေသွားတောင်းမလို့”

“ဟေ...”

ဘကြီးညို မျက်လုံးပြူးကျယ်သွားသည်။

“ယမ်းတိုက်ကုန်းအကြောင်း မင်းတို့ ဘာသိသလဲ”

“ဘကြီးညိုသိရင် ပြောပြပါလား”

“ဟိုးလွန်ခဲ့တဲ့ နှစ် ၇၀ ကျော်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို ဘယ်တော့မှ မေ့လို့ မရပါဘူး”

ဘကြီးညိုသည် အတိတ်၏ စာမျက်နှာပေါ်သို့ ရောက်ရှိသွားတော့သည်။

◆◆◆

ယမ်းတိုက်ကုန်း၏ သမိုင်းကို ပြန်ပြောရလျှင် ဤကုန်းသည် သစ်စက်သွားသောလမ်းမှာ ယမ်းတိုက်ကုန်းရှိသည်။ ထိုကုန်းသည် မြင့်မတ်၍ ဂျပန်ခေတ်ကာလ၌ တိုက်ကြီးဆောက်လုပ်ကာ ကျည်ဆန်တွေ ထားသည့်နေရာ ဖြစ်သည်။ “ယမ်းတိုက်ကုန်း”ဟု ဘာကြောင့် အမည်တွင်ရသလဲဆိုတော့ ယမ်းတွေထားသ၍ “ယမ်းတိုက်ကုန်း”ဟု ခေါ်ခြင်းဖြစ်သည်။ သို့ လူအချို့က “တိုက်နီ”ဟုလည်း ခေါ်သည်။ ဂျပန်များသည် တိုက်နီမှာ နေထိုင်သည်။ တိုက်နီက နှစ်ထပ်တိုက်။

မြန်မာနှင့် ဂျပန် စစ်ဖြစ်သောအခါ ဂျပန်တွေ ဆောက်ထားသော ရဲတိုက်ကြီးသည် ဗုံးဒဏ်ကြောင့် မီးလောင်၍ ပျက်စီးသွားရ၏။ ရဲတိုက်ကြီးထဲမှာ နေသော ဂျပန်လေးငါးယောက်သည်လည်း ဗုံးဒဏ်ကြောင့် သေပွဲဝင်ခဲ့ရသည်။ စစ်ပြီးဆုံးသွားသောအခါ တိုက်ပျက်မှာ သစ်ပင်တွေ ပေါက်နေသည်။

နှစ်ကြာလာသောအခါ တိုက်ပျက်ကြီးမှာလည်း တစ်စတစ်စ အက်ကြောင်းလိုက်ကာ ပြိုကျသွားသဖြင့် လူတွေက တိုက်ကြီးကို ရှင်းလင်းခဲ့သည်။ ထိုအခါ ဘာမှမရှိတော့ဘဲ ကုန်းကမူသဖွယ် ကျန်ရစ်ခဲ့လေပြီ။ မကျွတ်မလွတ် ပုဂ္ဂိုလ်များကလည်း ရှိသည်။ ဂျပန်ခေတ်ကာလ၌ သေဆုံးသွားသူရဲ့ ဝိညာဉ်များက ရဲတိုက်ကြီးမှာ ရှိနေ၏။

ရဲတိုက်ကြီးထဲမှ မကျွတ်မလွတ်သော ဝိညာဉ်များ၏ အသံများကို အနီးဝန်းကျင်ရှိသူများမှ ကြားရသည်။ သို့သော်လည်း နှစ်ကြာလာသောအခါ ရဲတိုက်မရှိတော့ဘဲ ဟင်းလင်းပြင်ကြီး ဖြစ်သွားသည်။ သို့သော် ဉစ္စာစောင့် သိုက်ရှိသည် သိုက်ကုန်းဟုလည်း ပြောလို့ရသည်။ တချို့လူတွေက ယမ်းတိုက်ကုန်းနားမှာ အိမ်စောင့်နေကြသည်။ ညရောက်လျှင် အသံအမျိုးမျိုး ကြားရသည်ဟု ဆိုသည်။ လပြည့်လကွယ်နေ့ရောက်လျှင် ရိပ်ခနဲ ရိပ်ခနဲ တွေ့မြင်ရသလို၊ ခွေးအူသံများလည်း အဆက်မပြတ် ကြားရသည်။ လေနှင့်အတူ ပါလာသော ရေမွှေးနံ့ စပယ်နံ့ ပေါင်ဒါနံ့ အစရှိသည့် အမွှေးအကြိုင်များ မွှေးပျံ့လျှက်ရှိသည်။ တကယ်တော့ ဒီအမွှေးများက သူတို့ရှိကြောင်းကို ပြသခြင်းဖြစ်ပေသည်။

◆◆◆

“အဘညို... ဆက်ပြောလေ”

အောင်သိန်းက စိတ်ဝင်စားစွာ မေးမြန်းလိုက်၏။

“ဖြစ်ပုံက ဒီလိုကွ။ ငါ့သူငယ်ချင်း ထွန်းမောင်က ဆိုက်ကားနင်းတယ်။ မိသားစု စားဝတ်နေရေးက ကြီးမားလှတယ်။ သူက အိမ်မှာ အကြီးဆုံးဖြစ်တော့ ဆိုက်ကားနင်းတဲ့ အလုပ်ကိုပဲ ဇောက်ချပြီး လုပ်ခဲ့တယ်။ အရက်မသောက်၊ ဖဲမရိုက်ဘဲ ရိုးရိုးသားသား လုပ်ကိုင်ကျွေးမွေးတဲ့သူဆိုလည်း မမှားဘူးပေါ့။ တစ်နေ့တော့ ည ၁၀နာရီလောက် ရှိမယ်၊ ကမ်းနား ကျောက်ပုံဆိပ်မှာ သူ့ဆိုက်ကား ဂိတ်ထိုးထားတယ်။ အဲဒီမှာ အမျိုးသမီးတစ်ယောက် ရောက်လာပြီး...

“ဆိုက်ကား အားလား”

“အားပါတယ်၊ ဘယ်သွားမလို့လဲ”

“ယမ်းတိုက်ကုန်းသွားမလို့”

“ငွေနှစ်ထောင်ပေးရမယ်”

“ပေးမယ်”

ဟု အမျိုးသမီးက ပြောပြောဆိုဆို ဆိုက်ကားပေါ်မှာ ထိုင်လိုက်၏။ ထွန်းမောင်သည် ဆိုက်ကားနင်းပြီး ထွက်လာခဲ့၏။ ထွန်းမောင်သည် ဆိုက်ကားနင်းရင်း အမျိုးသမီးမျက်နှာကို ကြည့်သော်လည်း သဲသဲကွဲကွဲ မမြင်ရ၊

www.burmeseclassic.com



"ဆိုက်ကားဆရာ…ကျွန်မကို ဘာမှ မမေးနဲ့"

အမျိုးသမီးက စကားကို အပြတ်ပြောလိုက်၏။ ထွန်းမောင်လည်း ဆိုက်ကားကို သဲသဲမဲမဲ နင်းလိုက်၏။ မကြာမီ ယမ်းတိုက်ကုန်းနားသို့ ရောက်ရှိလာသောအခါ ထွန်းမောင်သည် ဆိုက်ကားကို ရပ်လိုက်၏။ အမျိုးသမီးသည် ဆိုက်ကားပေါ်မှ ဆင်း၍…

"ရော့၊ ဆိုက်ကားခ ငွေနှစ်သောင်း"

ပေးပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

ထွန်းမောင်သည် အမျိုးသမီးသွားလေရာသို့ ကြည့်လိုက်သော့အခါ မရှိတော့ချေ။ ထွန်းမောင် ခေါင်းနပန်းကြီးသွားပြီး ကြက်သီးမွေးညင်းများ ဖြန်းခနဲထကာ ကြောက်လန့်တကြား ဆိုက်ကားပေါ် တက်ကာ တစ်ချိုးတည်း ပြေးတော့သည်။ ထို့နောက် ထွန်းမောင် သုံးလေးရက် ကြောက်ဖျား ဖျားတော့သည်။

ထိုအမျိုးသမီး ပေးခဲ့သော ငွေနှစ်ထောင်ကိုလည်း မသုံးရဲချေ။ ထိုပိုက်ဆံထဲမှာ ချဲဂဏန်းပါသည်။ မထိုးရဲပေ။ ထိုငွေနှစ်ထောင်ကို သူငယ်ချင်းတစ်ယောက်အား ပေးလိုက်သည်။ ထိုလူက ပိုက်ဆံမှာ ရေးထားခဲ့သည့် ဂဏန်းကို ချဲထိုးလိုက်ရာ ငါးရာဖိုးပေါက်သွားခဲ့သည်။

တကယ်တော့ ဥစ္စာစောင့်က ထွန်းမောင်ကို ပေးခြင်းဖြစ်သည်။ ထွန်းမောင်နှင့် မထိုက်၍ ထွန်းမောင် မရခဲ့ပါ။

"ကဲ - ဇာတ်လမ်းက အဲဒါပဲ။ ငါလည်း တရေးစခန်းသွားလိုက်ဦးမယ်။ မင်းတို့ ယမ်းတိုက်ကုန်းကို မသွားနဲ့နော်"

> "
> ဆိုင်ရာ ပုဂ္ဂိုလ်များ . . .
> ကျွန်ုပ်တို့မှာ
> အလွန် ဆင်းရဲပါတယ်။
> ပိညာဥ်များအတွက်
> လှူဒါန်းပေးပါမည်။
> ရွှေ၊ ဒါမှမဟုတ်
> နှစ်လုံး၊ ချဲဂဏန်းများ ပေးပါ။
> ဒါမှ မပေးရင်လည်း
> အိပ်မက်ထဲမှာ
> ထီ ဂဏန်းပေးပါ
> "

"ဟုတ်ကဲ့ ဘကြီးညို"

အဘညိုက ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

"အဘညိုပြောတာ ဖြစ်နိုင်တယ်"

"ဒါက ဟိုတုန်းကပါကွာ၊ မယုံနဲ့။ ငါကတော့ အယုံအကြည်မရှိဘူး။ အဘညိုပြောတဲ့ စကားက မသေချာပါဘူး။ သူက အသက်ကြီးပြီး ပြောချင်ရာ ပြောတာပဲ ဖြစ်ရမယ်"

ထင်လင်းဟိန်းက စီးကရက်ကို ဖွာရှိုက်ရင်း ပြောသည်။

◆◆◆

တစ်နေ့တော့ အောင်ပြည့်နှင့် ထင်လင်းဟိန်းတို့နှစ်ယောက် တိုင်ပင်ကြသည်။

"ထင်လင်း… ငါတို့ဘဝ[…] ကြမ်းတမ်းတယ်။ တစ်နေ့လုပ်[…] တစ်နေ့စားရတဲ့ ဘဝ"

"မင်းက ဒါ ဆန်းလို့လား"

"မဆန်းပါဘူး။ ဒါပေမယ့် ငါ[…] ချမ်းသာချင်တာ"

"မင်းက ဘာလုပ်မလို့လဲ"

"ဒီလိုကွာ၊ ငါတို့ ယမ်းတိုက်ကုန်းကို သွားပြီး ဥစ္စာစောင့်တွေဆီ[…] နှလုံး၊ ချဲ သွားတောင်းရအောင်"

"သွားလေ၊ ဘယ်အချိန်သွား[…] လဲ"

"ည တစ်နာရီသွားမယ်"

နှစ်ယောက်စလုံး သဘော[…] လိုက်ကြသည်။

◆◆◆

နောက်တစ်နေ့ည တစ်နာ[…] အချိန်တွင် အောင်ပြည့်နှင့် ထင်လင်း[…] ဟိန်းတို့နှစ်ယောက်သည် ယမ်းတိုက်[…] ကုန်းသို့ ထွက်လာခဲ့ကြသည်။ မကြာ[…] ယမ်းတိုက်ကုန်းသို့ ရောက်ရှိခဲ့ကြသည်[…] ပတ်ဝန်းကျင်တစ်ခုလုံး အိပ်မောကျ[…] ချိန်ဖြစ်သည်။ ပုရစ်သံ၊ မြွေတွန်[…] ဖားအော်သံများက အဆက်မပြတ်။

"ကျွီ…ကျွီ…ကျွီ…"

"ဟာ…ဘာသံလဲ မသိဘူး"

ထင်လင်းဟိန်းက အောင်ပြည့်[…] ဘက်သို့ လှည့်၍ပြောသည်။ လက်[…] တွင် ပါရှိသော လက်နှိပ်ဓာတ်မီးဖြ[…] ဟိုထိုး သည်ထိုး ထိုးကြည့်သော်လည်[…] ဘာမှ မတွေ့ရ။

"ကျွီ…ကျွီ…ကျွီ…"

"ဟော…ကြားရပြန်ပြီ"

"ဖလပ်…ဖလပ်…"

"ဝူး…ဝူး…ဝူး…"

"အူး…အူး…အူး…"

"အသံတွေက တစ်[…] တစ်မျိုးနဲ့ ငါတော့ ကြောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com

အောင်ပြည့်က အသံတွေ တုန်ယင်ကာ ပြောသည်။ ကြက်သီးမွေးညင်းများ ဖြန်းခနဲ ဖြန်းခနဲ ထသွားသည်။

"ဟေ့ကောင် အောင်ပြည့်၊ မင်းယောက်ျားပဲ၊ ဘာကြောက်စရာရှိလို့လဲ။ အားတင်းထားစမ်းပါကွာ"

ထင်လင်းဟိန်းက အောင်ပြည့်ကို အားပေးစကားပြောသည်။

"အသံအမျိုးမျိုးပေးတော့ ငါကြောက်တာပေါ့။ တစ်ခါမှလည်း အတွေ့အကြုံမှ မရှိတာ"

"ငါကရော ရှိလို့လား။ ယောက်ျားပဲ။ ဘာမှကြောက်စရာ မရှိဘူး။ ကဲ- မင်း ဘာမှမပြောနဲ့ ငါပြောမယ်။ ဆိုင်ရာပုဂ္ဂိုလ်များ . . . ကျွန်ုပ်တို့မှာ အလွန်ဆင်းရဲပါတယ်။ ဝိညာဉ်များအတွက် လှူဒါန်းပေးပါမည်။ ရွှေ ဒါမှမဟုတ် နှစ်လုံး၊ ချဲဂဏန်းများ ပေးပါ။ ဒါမှမပေးရင်လည်း အိပ်မက်ထဲမှာ ထီဂဏန်းပေးပါ"

ဟု ထင်လင်းဟိန်းက တိုင်တည်ပြောဆိုလိုက်သည်။

"ရှီ . . . ရှီ . . . ရှီ . . ."

မြွေတွန်သံ ကြားရသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ မြွေသုံးလေးကောင်သည် ပါးပျဉ်းခွက်ထားသည်။

"ဟာ . . . မြွေတွေ ပါးပျဉ်းခွက်နေပြီ၊ ငါကြောက်တယ်ကွ။ လာ၊ ပြန်မယ်"

အောင်ပြည့်က ထင်လင်းဟိန်းလက်ကို အတင်းဆွဲ၍ အိမ်သို့ ပြန်လာခဲ့ကြသည်။

✦✦✦

နောက်နှစ်ရက်အကြာတွင် ထင်လင်းဟိန်းသည် အောင်ပြည့်အိမ်သို့ ရောက်လာသည်။

"အောင်ပြည့် . . . ယမ်းတိုက်ကုန်းသွားမယ်"

"မလိုက်ဘူးကွာ"

အောင်ပြည့်က ချက်ချင်း ငြင်းပယ်လိုက်သည်။

"မင်း မလိုက်လို့ မရဘူး၊ ငါတို့ ချမ်းသာပြီကွ"

"ဘာကို ပွတာလဲ"

"ဒီလိုကွ၊ ငါ့ကို အဘိုးကြီးတစ်ယောက်က အိပ်မက်ထဲမှာ မင်းတို့ကို ရွှေပေးမယ်၊ လာတဲ့။ ဘယ်သူမှ ခေါ်မလာခဲ့နဲ့၊ မင်းတို့နှစ်ယောက်ပဲ လာရမယ်တဲ့"

"အချိန်က ဘယ်အချိန်လဲ"

"ည တစ်နာရီတိတိ။ မင်းလိုက်ခဲ့နော်"

"အေးပါကွာ"

"ဘယ်သူ့ကိုမှ ဒီအကြောင်းတွေ မပြောနဲ့။ ပြောလိုက်ရင် တို့ရမယ့် ပစ္စည်းတွေ ဆုံးရှုံးသွားလိမ့်မယ်"

"အေးပါကွာ။ ငါ ဘယ်သူ့ကိုမှ



မပြောပါဘူး။ ငါတို့ ချမ်းသာဖို့က အဓိကပဲလေ"

ည တစ်နာရီအချိန်တွင် အောင်ပြည့်နှင့် ထင်လင်းဟိန်းတို့နှစ်ယောက်စလုံး ဒုတိယအကြိမ်မြောက် ယမ်းတိုက်ကုန်းသို့ လာခဲ့ကြသည်။ ထိုနေရာတွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ တူးရမည့်နေရာသည် ညောင်ပင်ကြီးအောက်တွင် ဖြစ်သည်။

"ကဲ - အောင်ပြည့်၊ ဒီနေရာမှာပဲ တူးလို့ အဘိုးအိုက ပြောတယ်။ ကဲ - တူးကွာ"

ထင်လင်းဟိန်းက အောင်ပြည့်ကို ပြောသည်။ အောင်ပြည့်က မြေကြီးကို သုံးလေးချက်တူးနေစဉ် အပေါ်မှ . . .

"ဝုန်း . . . ဝုန်း . . ."

သစ်ပင်သည် လေမတိုက်ဘဲ တဝုန်းဝုန်းဖြစ်နေသည်။

"ဘာဖြစ်တာလဲ မသိဘူး"

အောင်ပြည့်က မြေကြီးကို တူးဆွရင်း ပြောသည်။

"ငါလည်း မသိဘူး"

ထိုစဉ်တွင် နီနီရဲရဲ မီးလုံးကြီးနှစ်လုံးက ကောင်းကင်ပေါ် တက်သွားလိုက်၊ အောက်ပြန်ဆင်းလိုက်နှင့် နှစ်ယောက်စလုံး ခေါင်းနပန်းကြီးသွားသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။ ထင်လင်းဟိန်းက . . .

"မဟုတ်တော့ဘူးဟေ့၊ ပြေး . . . ပြေး"

နှစ်ယောက်သား တစ်ချိုးတည်း ထွက်ပြေးလာခဲ့တော့သည်။

ထိုအချိန်မှစ၍ သူတို့နှစ်ယောက်စလုံး ထိုနေရာသို့ လုံးဝ မသွားရဲတော့ပေ။

* * *


သန်လျင်ချမ်းမြေ့အောင်

www.burmeseclassic.com

လွန်ခဲ့သော ၁၀နှစ်ကျော်ကာလက စာရေးသူသည် လောကီပညာ၊ ဓာတ်ဆင်ဓာတ်ရိုက်ပညာများ သင်ကြားခဲ့ပါသည်။ အင်္ဂဝိဇ္ဇာပညာနှင့် ဓာတ်ဆင်ဓာတ်ရိုက်ပညာတို့ ဆက်စပ်၍နေသည်။ ထိုမှတစ်ဆင့် အဆင်မြင့် နဝင်းစီး ပညာကို သင်ယူရသည်။ ဓာတ်ရိုက်ဓာတ်ဆင်ပညာကို စာတွေ့၊ လက်တွေ့ သင်ယူခဲ့ရပါသည်။

တစ်ချိန်တွင် အာမခံငွေကြေးကိစ္စ ပြဿနာပေါ်လာသည်။ ကျောင်းဆရာဘဝက ဖြစ်သည်။ ငွေပိုငွေလျှံကလေး ရအောင် ကြားထဲက အာမခံ၍ ငွေချေးထားခြင်း ဆောင်ရွက်ပေးခဲ့သည်။ အမှန်တကယ် ငွေချေးသူက ပြန်ဆပ်သော်လည်း ရင်းနှီးသော မိတ်ဆွေက ကြားဖြတ် သုံးလိုက်သည်။ ရပ်ကွက်ရုံးမှ တောင်းရသည်။ နှစ်လ သုံးလပေးပြီး ဆက်မပေးတော့

# ခရီးသွား၊ အမှုကိစ္စ အစစအရာရာ အဆင်ပြေ တို့၊ စတု နင်းကြမ်းပြုလေ



အောင်ကောင်းမြ (သာကေတ)

www.burmeseclassic.com

www.burmeseclassic.com

သည်။ ရပ်ကွက်ရုံးမှတစ်ဆင့် ဒေါ်ပုံတရားရုံးသို့ ရောက်သွားသည်။ တရားရင်ဆိုင်ရမည်ဖြစ်သောကြောင့် ဗိုလ်တထောင် ဆရာ ဦးအောင်ကြင်ထံ မေးမြန်းအကူအညီတောင်းရသည်။ ဆရာမှ ရုံးချိန်းသွားတိုင်း တြိ/ စတုနင်းသွားဟု အကြံပေးသည်။

ထို့ကြောင့် မိမိမွေးနံ၏ တြိ/စတု ထန်းစည်းနှင့် သီဟိုဠ်နည်းကို ယူသွားပြီး ရုံးရှေ့ရောက်ခါနီး သစ်ပင်အောက်မှာ နင်းပြီး သွားသည်။ အိမ်မှာလည်း မိမိမွေးနံ့အညွှန့်ကို တစ်ပတ်တစ်ခါ တင်ထားသည်။ အမိဋ္ဌာန်ပုတီးလည်း စိပ်သည်။ အပတ်စဉ် (သို့မဟုတ်) ရုံးချိန်းရှိတိုင်း တြိ/စတု မပျက်မကွက် မမေ့မလျော့ နင်းသွားသည်။ အမှုမှာ တစ်နှစ်တာ ကြာသွားသည်။ တရားသူကြီးနှစ်ဦး ပြောင်းသွားသည်။

မိမိလုပ်နေတဲ့ ယတြာတွေကို စိတ်ကုန်လာသည်။ ဆရာ့ထံ တစ်ခေါက်ထပ်သွားမေးသည်။ တရားသူကြီး အမိန့်ချသည်အထိ ဆက်လုပ်ပါ။ နောက်ဆုံးမှ အဖြေပေါ်မည်။ ဇွဲမလျှော့ပါနှင့်ဟု ပြောသည်။ နောက်ဆုံး အမိန့်ချသောအခါ မိမိအမှု နိုင်သည်။ အမှုနိုင်သောကြောင့် တရားရုံး ကုန်ကျစရိတ်ပါ ပြန်ရသည်။ တစ်ကြိမ်တည်း မရသော်လည်း သုံးကြိမ်ခွဲပြီး အကုန်ပြန်ရသည်။ တြိ-စတု ပညာခန်းကို စိတ်ဝင်စားသွားသည်။

မည်သည့်ခရီးသွားသွား၊ အမှုကိစ္စ၊ အကြွေးကိစ္စ၊ စာမေးပွဲကိစ္စ စသည့် အပြင်ထွက် ဆောင်ရွက်ရမည့်ကိစ္စတိုင်း တြိ/စတုနင်းကာ ထွက်ခွာသွားပါဟု အင်္ဂဝိဇ္ဇာပညာက ဖွင့်ဆိုထားသည်။ သင်တန်းတက်စဉ်က နံတော်စဉ် ဟောကိန်း သင်ရသည်။ မ၊ သိ၊ ကြ၊လျှင်၊ တွေး၊ ဆ၊ ဦး။ သန်၊ ဘွား၊ တော၊ ပွင့်၊ စက်၊ ရ၊ သင့် ဆိုသော လင်္ကာစာသား အတိုကောက် မှတ်သားရသည်။ အလွန်မှန်သော ဟောကွက်ဖြစ်သည်။ စနေ္ဓာဟူသော တနင်္လာတိုင် သင်ရသောအခါ တြိ-စတုအကြောင်း သင်ကြားခဲ့ရသည်။

၆ ခရီး၊ (မွေးနံ)
၃
၀ စနေ္ဓာအခါ
―
၂ စတု (မြင်း)
―
၅
၁
၄ တြိ (လူ)

သောကြာသား သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းသည် မွေးနံ့ နဝင်းရောက်သော ကာလတွင် မြင်းကို စီး၊ မောင်စံအမတ်ကို ခေါ်ကာ တောထွက်တော်မူသည်။ ခဏ္ဍကမြင်းသည် ၅တေး(စတု)၊ မောင်စံအမတ်သည် (တြိ)၊ နင်းကြမ်းပြု ထွက်ခွာတော်မူပါသည်။ အင်္ဂဝိဇ္ဇာပညာရပ် တြိ-စတုနှင့် အုံညွှန့်ယှဉ် တိုက်ဆိုင်လျက် ရှိပါသည်။ ဘုရားလောင်းအနေဖြင့် လောကီပညာဆိုသည်မှာ အသေးအမွှားကိစ္စဖြစ်ပါသည်။ ဆပွတ် စနေ(မာရ်နတ်) နှောင့်ယှက်သည်။ ဆပွတ်သည် အနှောင့်အယှက်ဟု မှတ်ပါ။ အိမ်ထောင်နေရာဖွာန (ခနွေ) ခိုက်ကို စွန့်ခွာတော်မူခဲ့လေသည်။

တြိ-စတု ပညာရပ်တွင် ရေးကျမ်းတို့မှာ တြိ-စတု အတွဲလိုက် ဖော်ပြထားသည်။ ဥပမာ - ၄ဟူးသားအတွက် (၆+၇) သနပ်ရွက်များကို နင်းပါဟု ဆိုထားပါသည်။ ဤနည်းလည်း မမှားပါ။ ခရီးသွားတိုင်း တြိ-စတုနင်းသွားပါက လမ်းခရီး အန္တရာယ် မကြုံတွေ့နိုင်ပေ။ စာရေးသူအနေဖြင့် တြိ-စတု တစ်ခုစီ ဆောင်ရွက်သည်။ နဝင်းယတြာချေသောအခါ တြိ-စတုကို ရှေ့မှာထား၊ ချည်မန်းကွင်းချွတ်ပြီး ဘယ်-ညာနင်းကာ ထွက်သွားခိုင်းလိုက်သည်။ နောက်ပြန်လှည့်မကြည့်ရပေ။ (ချည်မန်းကွင်းထုံးသောအခါ ဘုရားဂုဏ်တော် မရွတ်ဆိုရင် ဆရာကြီးများမှ အထူးသတိပေးသည်။ ပုဏ္ဏားဗေဒင်ဆရာတစ်ယောက် မဂ္ဂဇင်းတွင် ချည်မန်းကွင်းထုံးသောအခါ ဘုရားဂုဏ်တော်ရွတ်ဆို ထုံးပါဟု ရေးထားသည်။ အန္တရာယ်ရှိ၍ ထိုသို့ မပြုလုပ်ရန် ဆရာမှ သတိပေး ရေးခိုင်းပါသည်။) အဘ မင်းသိခ်၏ တပည့်များပင် အယူအဆနစ်မျိုးကွဲနေကြသည်။ စာရေးသူအနေဖြင့် အပေါ်မှ အောက်သို့ ချွတ်ရသဖြင့် ခြေနှင့် ကျော်ရသောကြောင့် ဘုရားဂုဏ်တော်၊ ဂါထာ မရွတ်ဆိုသင့်ကြောင်း အကြံပေးလိုပါသည်။

တြိ-စတုကို တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသော ကျောင်းသူ၊ ကျောင်းသားတွေကိုလည်း ပြုလုပ်ခိုင်းသည်။ စာရေးသူ၏ သားပင် နေ့စဉ်နင်းသွားပြီး၊ နောက်ဆုံးနေ့ နင်းမသွားခဲ့ပေ။ တိုက်ဆိုင်စွာဖြင့် နောက်ဆုံးဘာသာ ဘိုင်အိုကျသွားသည်။ ထို့ကြောင့် အစအဆုံး ယုံကြည်စွာ ပြုလုပ်ပါဟု တိုက်တွန်းလိုပါသည်။

တြိ-စတုနင်းပြီး အလုပ်စာမေးပွဲဖြေ၍ အောင်မြင်သူ၊ အကြွေးသွားတောင်း၍ အဆင်ပြေသူ စသည်ဖြင့် အစစအရာရာ အဆင်ပြေသူတွေ အများကြီးရှိသည်။ တစ်ကြိမ်မဖြစ်ရုံနှင့် ဇွဲမလျှော့ပါနဲ့။ လမ်းပေါ်မှာ ချနင်းတာ ရက်စရာမလိုပေ။ နင်းပြီး ထားခဲ့ပါ။ အိမ်ထဲ ပြန်သယ်၍ မရပေ။

www.burmeseclassic.com

ယယ်ရှယ်သူ၊ အလုပ်သမား၊ မိသားစုဝင် တစ်ဦးဦးမှ ကောက်ယူ၍ အမှိုက်ပုံးထဲ ထည့်ပေးနိုင်သည်။ တံမြက်စည်းလှည်းထုတ်ပစ်၍ ရသည်။ စာရေးသူဆိုလျှင် လမ်းပေါ်မှာ နင်းပြီး စွန့်ထားခဲ့သည်။ လမ်းဘေးမှာ ချနင်းပြီး ထွက်ခွာသွားလျှင် မည်သည့်ခရီးမဆို အဆင်ပြေပါသည်။

| နေ့သားသမီး | တြိ | စတု |
|---|---|---|
| တနင်္ဂနွေသားသမီး | ဇော်စိမ်း | ရွက်လှ |
| တနင်္လာသားသမီး | ရွက်လှ | ပျဉ်းမ |
| အင်္ဂါသားသမီး | ပျဉ်းမ | သီဟိုဠ် |
| ဗုဒ္ဓဟူးသားသမီး | သီဟိုဠ် | ထန်း |
| ကြာသပတေးသားသမီး | ထန်း | အုန်း |
| သောကြာသားသမီး | အုန်း | ကံ့ကော် |
| စနေသားသမီး | ကံ့ကော် | ဇော်စိမ်း |

ဘနေ့သားသမီးမွေးနံတိုင်

၅
၂
၆ နေ့
၁ စတု (ရွက်လှ)
၄
၀
၃ တြိ (ဇော်စိမ်း)

တြိ-စတု ဘယ်-ညာပြုဟု ဆိုထားသော်လည်း စတုမှာ ဘယ်၊ တြိမှာ ညာဘက်ထား နင်းရပါမည်။

တနင်္ဂနွေသားသမီးတစ်ဦးသည် ရွက်လှ ၁၇ရွက် တစ်စည်း၊ ဇော်စိမ်း ၈ရွက်တစ်စည်း ပြုလုပ်ပြီး ရွက်လှစည်းကို ဘယ်၊ ဇော်စိမ်းစည်းကို ညာတွင် ချ၍ ဘယ်-ညာနှစ်ခုပေါင်း ၇ချက် နင်းရပါမည်။ ၃+၄ကို တနင်္ဂနွေစောင်းလျားဟူ၍လည်း ခေါ်သည်။ ဇီဇဝါ၊ စောင်းလျား၊ ဆလပ်၊ ဇလပ်၊ ရွက်များ ချနင်းနိုင်သည်။ ဘယ်မှ စနင်းပြီး ညာဖြင့် လှမ်းထွက်သွားပါ။


အချို့ တြိ-စတု ရပ်တုထု၍ ဆောင်ကြသည်။ ရှင်သီဝလိစာအုပ်တွင် တြိ-စတု တွဲထု၍ ဆောင်ရသည်ဟုပြထားသည်။ စာရေးသူအနေဖြင့် တြိ-စတုအဆောင် မပြုလုပ်ဖူး၍ ကောင်း၊ မကောင်း မပြောနိုင်ပါ။ အိမ်မှ ထွက်သွားသူ ပြန်လာအောင် တြိ-စတုကိုင်း တစ်တောင် အိမ်လှေကားအတက်အဆင်းမှာ စိုက်ထောင်ထား၍ ရသည်။ ခြေငြိမ်အောင် တြိ-စတု ဓာတ်ဆင်ထားနိုင်သည်။ နဝင်းယကြာခြေဖူးသူများ အထူးပြောစရာ မလိုပေ။ သားသမီး ခင်ပွန်း ခြေမျှားပြီး ဓာတ်လမ်းရှုပ်ထွေးနေပါက အကျီ+ဘောင်းဘီ အောက်တွင် တြိ-စတုဓာတ်ဆင်နိုင်သည်။ အပေါ်မှ အမြဲ အညွှန့်တွဲဆင်ထားပေးရသည်။ တြိ-စတုအတွဲထား နည်းလည်း ရှိသည်။ အကျီနှင့် ဓာတ်ပုံအောက်တွင် တြိ စတုထည့်ထားပြီး အပေါ်မှ မွေးနံတိုင်၏ နဝင်းတွဲ အရွက်ကို ငြိုပ်သက်အလိုက် တင်ထားပေးပါ။ တစ်နေ တွင် ငြိမ်အောင် ထားပါ။ သုံးပတ်ခန့် ထားပြီး စွန့်ရ စွန့်ပြီးလျှင် ဆောင်ပန်း၊ နင်းကြမ်းဖြင့် ရှင်းရသည်။ ထာဝရထား၍ မရပေ။ အချိန်အတိုင်းအတာတစ်ခု ထားရမည်။

အာရုံကြောရောဂါ၊ ခြေလက် မသန်၊ လေဖြန်း ထောက်ကျဉ်၊ ထုံကျဉ်နာ စသည်တို့အတွက် တြိ အရွက်အား ခြေဖဝါးကို ပွတ်တိုက်ပေးပါ။ ဘယ်ခြေဖဝါး (စတုအရွက်)၊ ညာခြေဖဝါးကို(တြိအရွက်) တစ်ရွက် အပေါ်အောက် သုံးကြိမ်စီ ခွဲချ ပွတ်တိုက် အကြောပွင့် ရမည်။ အရွက်များကို တစ်ကြိမ်ပြုလုပ်ပြီးပါက အမှိုက် တွင် စွန့်ပါ။ တစ်နေ့ တစ်ကြိမ်သာ ပြုလုပ်ပေးလျှင် တစ် ကြာသောအခါ လေဖြတ်သူပင် လမ်းထလျှောက်နိုင်

ရောဂါဆိုသည်မှာ ဖြစ်ခါစ ကုသရ လွယ်ကူသ ရောဂါရင့်လျှင် ကုသရ ခက်သည်။ တြိ-စတုနင်း၍ အ အခက်ကို ဘုရားလှူပြီး လိုရာဆန္ဒ ဆုတောင်းနိုင်သ

* * *

အောင်ကော





www.burmeseclassic.com

www.burmeseclassic.com

# ဒူလာသွေးဝမ်းဖြစ်သော်

## အောင်ကျော်ဖြိုး (ဇေယျဝတီ)

ကျွန်တော်တို့ ယောက်ျားအများစု၌ ဖြစ်တတ်သော ရောဂါကို ပြပါဆိုလျှင် ဒူလာရောဂါဖြစ်ပါသည်။ ဒူလာသွေးဝမ်းဖြစ်သောအခါ အလွန်ကြောက်စရာကောင်းလှပါသည်။ အလွန်ကြောက်စရာကောင်းလှသော ဒူလာသွေးဝမ်းရောဂါ ပျောက်ကင်းစေသောနည်းကို ၂၀၀၇ ခုနှစ်၊ ကျောက်ကြီးမြို့ ကြံအဝယ်ဗိုင်တွင် တာဝန်ကျစဉ်က ကရင်အမျိုးသား "စောဖားကြာ"ထံမှ ဤဆေးနည်းကို ကျွန်တော် ရရှိခဲ့ဖူးပါသည်။

ဖော်ပြပါ ဆေးနည်းအတိုင်း ဖော်စားပါက ထိုရောဂါဆိုးကြီး ပ,ပျောက်သွားမည်ဖြစ်ပါသည်။

ကာသစ်ပင်၏ အခေါက်ကို ခွာပြီး ရေစင်စင်ဆေးပါ။ ၎င်းကို ဆန်ဆေးရည်နှင့် ကျောက်ပျဉ်သန့်သန့်ပေါ်တွင် ခပ်ပျစ်ပျစ်ဖြစ်အောင် သွေးလိုက်ပါ။ ခပ်ပျစ်ပျစ်အနေအထား ရောက်လျှင် ပျားရည်စစ်စစ်ဖြင့် ဖော်ပါ။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် မှန်မှန်သောက်ပါ။ ဒူလာ သွေးဝမ်းရောဂါပျောက်ကင်းသွားပါမည်။

"မသိသူ ကျော်သွား၊ သိသူ ဖော်စား"ဆိုသည့်အတိုင်း ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များ သိရှိအသုံးပြုနိုင်ရန် စေတနာကောင်းဖြင့် ကြေညာမောင်းခတ်လိုက်ရကြောင်းပါခင်ဗျား။□

* * *

အောင်ကျော်ဖြိုး (ဇေယျဝတီ)

(ကျောက်ကြီးမြို့မှ တောင်သူ စောဖားကြာအား ဤစာစုဖြင့် မှတ်တမ်းတင်အပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# စိတ်မဝင်ခဲ့သော..........

ကျော်မိုးလွင်(ဝါးခယ်မ)

ညက ဖေဒင်ဆောင်းပါးတစ်ပုဒ်နှင့် ဝတ္ထုတိုတစ်ပုဒ် ရေးကာ ညဉ့်နက်သွားခဲ့သည်။

အိပ်မောကျနေချိန် ဖြစ်၏။

အိမ်ရှေ့ဆီမှ ကျွန်ုပ်အမည်ခေါ်သံ ကြားလိုက်ရသည်။

"ဆရာမိုး…ဆရာမိုး"

အသက်အရွယ်က စကားပြောလေပြီ။

ငယ်စဉ်က ဆင်အော်တောင် မနိုးနိုင်သော ကျွန်ုပ်၊ ထိုအော်ခေါ်သံကြီးကြောင့် လန့်နိုးသွားခဲ့ပါသည်။ ကျွ… နေ၍ မရတော့၊ အိပ်နေရာမှ လူးလဲထကာ အသံရှင်အာ… ထွက်တွေ့လိုက်ရတော့သည်။

အသံရှင်ကား ကျွန်ုပ်တို့ အရပ်ထဲက လူပျိုသိုး… ကိုဖိုးညို ဖြစ်နေတော့၏။

"စောစောစီးစီးဗျာ၊ ဘာ့ယ်သူများလဲလို့"

ကျွန်ုပ်က ခပ်ဖြီးဖြီးမျက်နှာနှင့် ကြိုနေသော ကိုဖိုးညို…



www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းပြောကာ မျက်နှာသစ်ရန် လုပ်ရတော့သည်။

"ကဲ - ဆို၊ လာပုံ ထူးလှတယ်။ ဘာမေးမလို့လဲ"

မျက်နှာသစ်ပြီးနောက် ဧည့်ခန်းတွင် ထိုင်နေသော ကိုဖိုးညို့နှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ကာ မေးလိုက်ရသည်။

ကိုဖိုးညို့မှာ ဂေါ်မစွံ လူပျိုကြီးဖြစ်၏။ နှစ်စဉ် သူစွံ့၊ မစွံ ကျွန်ုပ်နှင့် မေးနေကျဖြစ်သည်။ ရုပ်ရည်က မချောသော်လည်း ခန့်ခန့်ထည်ထည်ရှိပါသည်။ စီးပွားရေးမှာ အလယ်အလတ်ရှိသူ ဖြစ်ပါ၏။

"ဆရာမိုး… လက်ဖက်ရည်ဆိုင်မှာ စကားပြောမယ်ဗျာ။ ဆရာမိုးကိုလည်း ဂုဏ်ပြုချင်လို့ပါ"

ကပ်စေးနဲ လူပျိုကြီး၏ စကားကြောင့် ကျွန်ုပ် အံ့သြသွားမိပါတော့သည်။

ယင်းပုဂ္ဂိုလ် အိမ်ထောင်မကျရခြင်းအကြောင်းတွင် ကပ်စေးနဲခြင်းသည် တစ်ကြောင်းပါဝင်ကြောင်း ကျွန်ုပ် သိထားခဲ့ပါသည်။

ဝါးခယ်မမြို့ရှိ "မိုးပုလဲ"လက်ဖက်ရည်ဆိုင်သို့ ကိုဖိုးညို့က ကျွန်ုပ်အား ခေါ်သွားခဲ့ပါသည်။

ဆိုင်ရှင် ကူးကူးကို လက်ဖက်ရည်နှစ်ပွဲ လှမ်းမှာလိုက်သည်။ ပြီးမှ ကျွန်ုပ်အား ဂုဏ်ပြုရခြင်းအကြောင်းကို ပြောပါလေတော့၏။

◈◈◈

"ဆရာမိုးက ကျွန်တော့်အသက် ၄၅နှစ်မှာ အိမ်ထောင်ကျမယ်လို့ ပြောတယ်လေ။ အခု ကျွန်တော် မိန်းမရတော့မလို့ဗျ"

ကိုဖိုးညို့ လေးငါးလ ပျောက်ချက်သား ကောင်းနေသည်မှာ ဒါကြောင့်ပင် ဖြစ်နိုင်၏။

"ဝမ်းသာတယ်ဗျာ။ မသာယပ်တောင် ကမ်းဖို့ မပူနဲ့ ချုပ် တာဝန်ယူတယ်ဗျာ"

"ဆရာမိုးကတော့ လုပ်ချလိုက်ပြီဗျာ"

ပြောင်ပြောပြီးမှ သူ့ကို ကျွန်ုပ် အားနာသွားမိရတော့ ၏ (ဟာသဉာဏ်ရှိသည်မှာ မကောင်းပါ။)

ထိုနေ့က လူပျိုကြီး တိုက်သည့် လက်ဖက်ရည်မှာ ပိုးတစ်ဝက်၊ ချဉ်တစ်ဝက် ဖြစ်နေပါလေတော့၏။

◈◈◈

မေ့မေ့ပျောက်ပျောက် ဖြစ်နေသော တစ်နေ့တွင် ကျွန်ုပ်ထံသို့ အမင်္ဂလာသတင်းက ရောက်လာခဲ့သည်။

လူပျိုကြီး ကိုဖိုးညို့ ဆေးရုံရောက်နေပါသတဲ့။

ကျွန်ုပ် ပြောင်မိသော စကား။

အမှန်တကယ်ပဲ ဖြစ်ပွားသွားခဲ့လေပြီလား။

ဆေးရုံကို အပြေးအလွှားသွားရပါတော့သည်။

ကိုဖိုးညို့ ဘာမှမဖြစ်ပါစေနဲ့။

လမ်းမှာ ဆုတောင်းရသည်က အခါခါ။

အမှန်က ကျွန်ုပ်ဟောချက်မှာ ကျန်သွားသည့် အကွက်တစ်ကွက် ကိုဖိုးညို့ သိမသွားခြင်းဖြစ်၍ ဤသို့ ကြုံရခြင်း ဖြစ်ပါတော့သည်။

လူတစ်ဦး စွံ့၊ မစွံ တွက်နည်းမှာ ရှေးက ပညာရှင်များ၏ လက်ာနှင့် မှတ်တမ်းတင်သွားသည်မှာ ဤသို့ဖြစ်ပါသည်။

အသက်တည်ထောက်၊

ခြောက်ခမြှောက်ထား၊ ဆယ့်နှစ်စားက

ဆ,နဝနှင့် သုညကြွင်းမူ၊ ထိုသူသည်နှစ်

စင်စစ်မှန်ဖြား၊ ယောက်ျားကား မယား၊

မိန်းမကား လင်၊ ရှင်ကား ရွှေကျောင်း၊

မင်းကောင်းပြည်ကြီး ရွှေထီးရတနာ၊

သမီးကညာရတို့ရာ၏ မရပါသော်

ဘေးရောဂါများအံ့တည်း-တဲ့။

လူပျိုကြီး ကိုဖိုးညို့ (၄၅နှစ်)ကို တွက်ကြည့်ရာတွင် ဤသို့ တွေ့ပါ၏။

၄၅ × ၆ = ၂၇၀

၂၇၀ ÷ ၁၂ = ၂၂ = ၆ ကြွင်း

ဆ (၆)

နဝ (၉)

သုည (၀) တွင် ကိုဖိုးညို့မှာ (၆)ကြွင်းပါသည်။

သို့သော်လည်း အကြောင်းတစ်ခုကြောင့် အိမ်ထောင်ရေး ပျက်ပြယ်သွားကြောင်း နောက်ပိုင်းမှ ကျွန်ုပ်သိခဲ့ရပါတော့သည်။

ရှေးထုံးမပယ်သော ကျွန်ုပ်ကား ဆရာ၊ ဆရာများ၏ ထူးခြားသော ပညာရပ်များကို လိုက်၍ မဆုံးရှိရပါတော့သည်။

လေးစားစွာဖြင့်


* * *

ကျော်မိုးလွင်(ဝါးခယ်မ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်သောနေ့၏ နေ့လယ် တစ်နာရီခန့်အချိန်တွင် သူငယ် ဇနီးမောင်နှံနှစ်ဦး ကျွန်တော့်ထံသို့ ရောက်ရှိလာသည်။ ကျွန်တော်က လွတ်နေသော ရှေ့ဆက်တီခုံများတွင် ထိုင်ဖို့ လောကဝတ် ပြုလိုက်သည်။ သူတို့ ဇနီးမောင်နှံကို ကျွန်တော် သိပ်တော့ မမှတ်မိ။ ဗေဒင်မေးလာသည့် ဝေနေယျထဲကပင် ဖြစ်လိမ့်မည်ဟုတော့ ထင်သည်။

"ကျွန်တော့်နာမည်က မောင်စိုးအောင်ပါ။ သူက ကျွန်တော့်ဇနီး မသင်းသင်းချိုပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော်တို့လင်မယားနှစ်ယောက် ဆရာကြီးဆီမှာ ဗေဒင်လာမေးခဲ့ဖူးပါတယ်"

လူများစွာနှင့် ဆက်ဆံ တွေ့ကြုံနေရသူမို့ ဝိုးတဝါး ဖြစ်နေဟန်ရှိသည့် ကျွန်တော့်အား လူငယ်က သူ့ကိုယ်သူ မိတ်ဆက်၍ ယခင်ကလည်း ရောက်ဖူးကြောင်း ပြောသည်။ ထိုသည်တော့မှ မောင်စိုးအောင်တို့လင်မယား ဆိုင်ကယ်ပြင် ဆိုင်နှင့် အပိုပစ္စည်းအရောင်းဆိုင် ဖွင့်ဖို့ လာဖူးကြောင်း အမှတ်ရလိုက်သည်။

"မောင်စိုးအောင်တို့ဆိုင်က အဆင်ပြေတယ် မဟုတ်လား။ ဒီခေတ်က လူတိုင်းလိုလို ဆိုင်ကယ်စီးနေတဲ့ ခေတ်ဆိုတော့"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်။ ကျွန်တော်တို့ အောင်မြင်မှုအတွက် ဆရာကြီးကို ကန်တော့ဖို့နဲ့ ကျွန်တော့်အမှားအတွက် ဆရာကြီးကို တောင်းပန်ချင်တာနဲ့ လာခဲ့ကြတာပါ"

"မောင်စိုးအောင်က ဘာများ အမှားပြုမိလို့ တောင်းပန်ရမှာပါလိမ့်"

"ဒီလိုပါ ဆရာကြီး။ ကျွန်တော် ဆိုင်ဖွင့်ဖို့ တိုင်ပင်တော့ ဆရာကြီးက အိမ်မှာပဲ ဆိုင်ဖွင့်ပါ။ အခြားနေရာမှာ သွားဖွင့်ရင် အနောက်အရပ်ဘက် မျက်နှာမူတဲ့ ဆိုင်ကို ငှားနဲ့၊ မဖွင့်နဲ့၊ အဆင်မပြေဘူးလို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် ဆရာကြီးစကားကို ကျွန်တော် အလေးအနက်မထားမိဘူး။ နားမထောင်ခဲ့ပါဘူး။ အယုံအကြည်လည်း မရှိခဲ့ပါဘူး။ ဆိုင်ခန်းနေရာက လူစည်ကားတဲ့ ဈေးနဲ့ နီးတာရယ်၊ စပေါ်ကလည်း မများ၊ ဆိုင်ခန်းငှားခလည်း သက်သာတာရယ် အစမ်းသဘော ခြောက်လငှားဖြစ်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အနောက်ဘက်ကို ဆိုင်မျက်နှာမူတာ မကောင်းဘူးလို့ သတိတော့ ပေးပါတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကို ယုံကြည်လွန်းတာနဲ့ မစိုးရိမ်ပါနဲ့ကွာ၊ လူသာ ပဓာနပါ။ ငါ အောင်မြင်ရမယ်ကွလို့ ပြောပြီး လုပ်ခဲ့တာပါ။

ပထမအစ လမှာ အပြင်ရော အရောင်းပါ ကောင်း သလိုလိုနဲ့ ရှိပြီး၊ နောက်လတွေမှာ ပြင်တာလည်း နည်း၊ ရောင်းအားလည်း ကျသွားလိုက်တာ ဆိုင်လခတောင် အိတ်စိုက်လာရတယ်။ ကျွန်တော်က မိတ်မရသေးလို့ တဖြည်းဖြည်းတော့ အောင်မြင်လာရမယ်လို့ ယုံကြည်ပြီး ဆိုင်ကို ဆက်ဖွင့်ပါတယ်။ အဲဒီမှာပဲ ခိုးဘီး ပြင်ဖို့ လာအပ်တာ လက်ခံမိလို့ ရုံးရောက် ဂါတ်ရောက်ဖြစ်၊ တရားရုံးသွားပြီး အမှုရင်ဆိုင်ရနဲ့ ဆိုင်က ဖွင့်တဲ့အခါ ဖွင့်၊ ပိတ်တဲ့အခါ ပိတ် ဖြစ်သွားပါတယ်။

အမှုအခင်းလည်း ပြတ်ရော ငွေကုန် လူပန်း၊ စိတ်ဓာတ်ကျပြီး လူလည်း ရောဂါရတော့တာပါပဲ။ ကျွန်တော် ဆေးရုံတက်ရလို့ ဆိုင်ကိုလည်း မဖွင့်ဘဲ ပိတ်ထားရတယ်။ ကျွန်တော် ဆေးရုံက မဆင်းခင်ဘဲ မိန်းမက ဆိုင်မှာရှိတဲ့ ပစ္စည်းတွေကို အိမ်ရွှေ့ပြီး ဆိုင်ကို ပိုင်ရှင်လက်ထဲ ပြန်အပ်လိုက်ပါတယ်။ ကျွန်တော် ဆေးရုံက ဆင်းတော့ နားနားနေနေ အိမ်မှာပဲ ဆိုင်ဖွင့်တာ အဆင်ပြေပါတယ်။ အခုဆိုရင် တော်တော်လေး အဆင်ပြေနေပါပြီ။

အစကသာ ဆရာကြီးစကား နားထောင်ပြီး တခြားတစ်နေရာမှာ သွားမဖွင့်ဖြစ်ခဲ့ရင် အကောင်းသားလို့ နောင်တရမိခဲ့ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး"


မောင်စိုးအောင် စကားအဆုံးတွင် အသင့်ယူလာသည့် လက်ဆောင်ပစ္စည်းများဖြင့် သူတို့ဇနီးမောင်နှံက လက်အုပ်ချီ ကန်တော့သည်။

ကျွန်တော်က မောင်စိုးအောင်အား အပြစ်မမြင်၊ အပြစ်မတင်ပါကြောင်း။ လူငယ်ဆိုသည်မှာ များသောအားဖြင့် လက်တွေ့ကျမှု၊ ကိုယ်တွေ့ကြုံမှ ယုံတတ်ကြောင်း။ ယခု မောင်စိုးအောင်အနေဖြင့် လအနည်းငယ်အတွင်း ဆက်တိုက်လိုပင် တွေ့ကြုံရသည့်ကိစ္စများကြောင့် ယုံကြည်မှု ရှိလာခြင်းဖြစ်ကြောင်း။ အကယ်၍ အသေးအဖွဲ ကသိကအောက်ကိစ္စရပ်လေးများသာ ဖြစ်ခဲ့ ကြုံခဲ့ရင် သတိဖြစ်ချင်မှ ဖြစ်ဦးမည်ဖြစ်ကြောင်း၊ တစ်ချိန် သည့်ထက်ပိုသည့် ပြဿနာများ ကြုံချင် ကြုံနိုင်သေးကြောင်းကို ပြောပြရသည်။

◈◈◈

သည့်နောက် ဘုမ္မိအရပ်၊ အရပ်ခိုက်ခြင်းနှင့် ပတ်သက်၍ သတိထားနိုင်စေရန် အနည်းငယ် အကျယ်ချဲ့၍ ပြောပြ

www.burmeseclassic.com



ဖြစ်သည်။

မောင်စိုးအောင်ရေ… မင်းက အင်္ဂါသားမို့ မင်းရဲ့ ဘုမ္မိအရပ်က အနောက်စူးစူး ကြာသပတေးထောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီးက မင်းကို အနောက်အရပ် မျက်နှာမူတဲ့ ဆိုင်ကို မဖွားဖို့၊ မဖွင့်ဖို့ ပြောခဲ့တာပါ။ ဖွင့်ခဲ့ရင် အလုပ်အကိုင် အဆင်မပြေနိုင်ဘူးလို့ ပြောခဲ့တာပါ။

ဘယ်နေ့သားသမီးမဆို၊ မိမိနှင့် ဘုမ္မိကျတဲ့ အရပ်ကို သတိထားပြီး ရှောင်သင့်ပါတယ်။ ဘုမ္မိအရပ်ကို မျက်နှာမူပြီး အမြဲနေမယ့် နေအိမ်အဆောက်အအုံ မဆောက်သင့်ဘူး။ အရောင်းအဝယ်ပြုဖို့ ကုန်တိုက်၊ ဈေးဆိုင်၊ ပစ္စည်းသိုလှောင်ရုံတွေလည်း မထားသင့်ဘူး။ ရေတွင်းရေကန်၊ ကျောင်းဘုရား စတဲ့ ထာဝရ ကုသိုလ်အလှူပြုခြင်းကိုလည်း အဲဒီအရပ်မှာ မပြုသင့်ဘူး။ ကုသိုလ်တော့ ရမယ်၊ အခိုက်မလွတ်လို့ စိတ်ချမ်းမြေ့မှု မဖြစ်နိုင်ဘူး။ အဲဒီ ဘုမ္မိအရပ်ဘက်ကို လရည်နှစ်များ စီးပွားရှာဖွေဖို့ မသွားသင့်ဘူး။ အဲဒီအရပ်ဒေသဘက်ကို သွားခြင်းဖြင့် အညံ့နှစ်နဲ့ ကြုံရင် အသက်အန္တရာယ်ရှိတတ်တယ်။

ဘုမ္မိအရပ်ကို တစ်နည်းအားဖြင့်လည်း သင်္ချိုင်းအရပ်လို့ ခေါ်ပါတယ်။ ဘုမ္မိအရပ်က အိမ်သာဆောက်ခြင်း၊ အမှိုက်များ ထားခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်းတို့သာ ပြုအပ်တဲ့ နေရာပါ။ မိမိရဲ့ ဘုမ္မိကျတဲ့ အရပ်ဒေသကို သွားဖြစ်၊ ရောက်ဖြစ်ခဲ့ရင် မကျန်းမာခြင်း၊ ခိုက်ရန်ဒေါသဖြစ်ပွားခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ အမှုအခင်းဖြစ်ခြင်းတို့ ကြုံရ

တတ်ပါတယ်။ အလွန်သတိထားသင့်တဲ့ အရပ်ဖြစ်ပါတ…

ဟု ရှင်းပြရပါသည်။

ဇနီးမောင်နှံ နှစ်ဦးစလုံး ကျွန်တော့်အပြောကို စိ… ဝင်တစား နားထောင်နေရာမှ မိန်းကလေးက မေးသည်…

"သမီးရဲ့ ဘုမ္မိအရပ်ကရော ဘယ်အရပ်ပါလဲ ဆ… ကြီး"

"သမီးက သောကြာသမီးဖြစ်လို့ အင်္ဂါထောင့် အ… တောင်အရပ်ဟာ သမီးရဲ့ ဘုမ္မိအရပ်ပါပဲ။ ဘယ်နေ့ သား… မဆို မွေးနံရဲ့ လေးခွင်မြောက်ကျတဲ့ အရပ်ဟာ ဘုမ္မိအ… ပါ။ ခုနစ်ရက်သားသမီးတွေရဲ့ ဘုမ္မိအရပ်တွေကို ပြော… မယ်။

(၁) တနင်္ဂနွေသားသမီးရဲ့ ဘုမ္မိအရပ်က တောင်… (ဗုဒ္ဓဟူးထောင့်)၊

(၂) တနင်္လာသားသမီးရဲ့ ဘုမ္မိအရပ်က အနောက် တော… (စနေထောင့်)၊

(၃) အင်္ဂါသားသမီးရဲ့ ဘုမ္မိအရပ်က အနောက်… (ကြာသပတေးထောင့်)၊

(၄) ဗုဒ္ဓဟူးသားသမီးရဲ့ ဘုမ္မိအရပ်က အနောက်မြော… (ရာဟုထောင့်)၊

(၅) ကြာသပတေးသားသမီးရဲ့ ဘုမ္မိအရပ်က အရှေ့မြော… (တနင်္ဂနွေထောင့်)၊

(၆) သောကြာသားသမီးရဲ့ ဘုမ္မိအရပ်က အရှေ့တော… (အင်္ဂါထောင့်)၊

(၇) စနေသားသမီးရဲ့ ဘုမ္မိအရပ်က မြောက်… (သောကြာထောင့်)အရပ်တို့ ဖြစ်ပါတယ်"

ကျွန်တော့်စကားအဆုံးတွင် အမျိုးသမီး ညှေ့… နှစ်ဦးရောက်ရှိလာ၍ သူတို့ဇနီးမောင်နှံလည်း ကျွန်… အား နှုတ်ဆက်ပြီး ထပြန်သွားကြပါသည်။ ဂမ္ဘီရဆန်း… စာဖတ်ပရိသတ်များနှင့် ကျွန်တော်၏ ဗေဒင် ဝေနေယ… အတွက်လည်း သိအပ်၊ သတိချပ်သင့်သည့် ဘုမ္မိအ… စေတနာဖြင့် ရေးသားတင်ပြအပ်ပါသည်။


စေတနာမှန်လျှင် ကံကောင်း…

* * *

မောင်တင်ကြွယ်…

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"ဆရာကြီး...ဆရာကြီးမိုး"

အလုပ်ကိစ္စတစ်ခုဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမပေါ် လမ်းလျှောက်သွားနေစဉ် နောက်ဘက်မှ ခေါ်သံကြားလိုက်ရသည်။ ခေါ်သံနှင့်အတူ တစ်စုံတစ်ယောက်က နောက်ဘက်မှ လက်ကို လှမ်းဆွဲလိုက်သည်။ ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်သည်။ တစ်ချိန်က တပ်ထဲတွင် အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသော တပည့်ဖြစ်သူ ဝင်းလှိုင်ကို တွေ့လိုက်ရသည်။ သူနှင့်အတူ ရှစ်နှစ်ကျော်အရွယ် မိန်းကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။

"ခေါ်လိုက်ရတာ ဆရာကြီး မိုးရယ်။ ဘာတွေ တွေးနေတာလဲ။ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်တွေးနေတာ ထင်တယ်။ ဆရာကြီး စာတွေ ရေးနေတုန်း မဟုတ်လား။ ဆရာကြီးရဲ့ ဝတ္ထုတွေ၊ ကဗျာတွေ ဖတ်ရပါတယ်။ အငြိမ်းစားယူပြီးမှ ဆရာကြီးရဲ့ စာတွေ ပိုဖတ်ရတယ်"

"အေး၊ ရေးနေတုန်းပဲ။ မင်းပြောသလို အငြိမ်းစားယူပြီးမှ ပိုရေးနိုင်တာ မှန်တာပေါ့။ ဟိုတုန်းက တာဝန်တွေက တစ်ဖက်ရှိနေတော့ သိပ်မရေးနိုင်ခဲ့ဘူး။ ဒါနဲ့ သူတို့က..."

"သူက ကျွန်တော့်ဇနီးပါ။ ဒီကလေးက ကျွန်တော့်သမီး"

"ဩော်... မင်းက မိန်းမရနေပြီ ကလေးတောင် ဒီအရွယ်ရောက်နေမှ ကိုး။ ငါက မင်း အသည်းကွဲပြီး လူပျိုကြီးလုပ်မယ် ထင်ခဲ့တာ။ ခုတော့ ငါထင်ထားတာနဲ့ တလွဲဖြစ်နေပါလား။ အေးလေ၊ ငါ ပရိမိုးရှင်းရပြီး ဗျာနပြောင်းသွားကတည်းက မင်းတို့နဲ့ အဆက်အသွယ်ပြတ်ခဲ့တာကိုး။ မင်းတောင် အသက်မငယ်တော့ပါလား"

တပ်ထဲတွင် တာဝန်ထမ်းဆောင်စဉ်က ဝင်းလှိုင်မှာ ကျွန်တော်နှင့် တစ်ရုံးတည်း၊ တစ်ဌာနတည်း ကျွန်တော့်လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ရိုးသား၍ အလုပ်ကို လေးစားသူ၊ ကြိုးစားသူဖြစ်သည်။ အသောက်အစားမရှိဘဲ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူလည်း ဖြစ်သည်။ ထိုအကြောင်းများကြောင့် ကျွန်တော့်တပည့်များအနက် ဝင်းလှိုင်ကို ပို၍ချစ်ခင် သံယောဇဉ်ဖြစ်ရသည်။ ကျွန်တော် တပ်ထဲရှိစဉ် ဝင်းလှိုင်က လူပျိုလူလွတ်ဖြစ်သည်။ လူပျိုများ ရိပ်သာတွင် နေထိုင်ရသည်။ အိမ်ထောင်သည်လိုင်းမှ ကျွန်တော့်နေအိမ်သည် ဝင်းလှိုင်၏ စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။ ဝင်းလှိုင်က သူ့ဇနီးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

"ဒါ ကိုယ်ပြောပြောနေတဲ့ ကိုယ်တို့ ရုံးအုပ်ချုပ် ဆရာကြီးပါ။ ကိုယ်ရေတပ်ထဲရောက်လို့ အခြေခံသင်တန်း တပ်ကြပ်ကြီး၊ စာရေးသင်တန်းတွေ ပြီးတာနဲ့ ဆရာကြီးရုံးမှာ တာဝန်ကျခဲ့တာ။ အဲဒီအချိန်ကတည်းက ဆရာကြီးဟာ ဝတ္ထုတွေ၊ ကဗျာတွေ ရေးနေခဲ့တာ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကိုဝင်းလှိုင်က ဆရာကြီးအကြောင်း မကြာခဏပြောပြောနေတာ။ လူချင်းတော့ ခုမှ တွေ့ဖူးတာ"

ကျွန်တော်က ဝင်းလှိုင်မျက်နှာကို ကြည့်ပြီး ပြန်ပြောလိုက်သည်။

"မောင်ကောင် ဝင်းလှိုင်... ငါ့အကြောင်းတွေတော့ ပြောတယ်။ စွယ်ကတော့ရွာသူအကြောင်းရော မင်းဇနီးကို ပြောပြမထားဘူးလား"

"ယုံနိုင်စရာအဖြစ်မှ မဟုတ်တာ... ယုံမှာမဟုတ်လို့ ကျွန်တော် မပြော... ပါဘူး"

"နှစ်တွေ ကြာခဲ့ပေမယ့် စွ... ကတော့ရွာသူ မစိန်မြင့်နဲ့ မင်းရဲ့ ဇာ... လမ်းကို ငါ ဒီနေ့အထိ မမေ့သေးပါ... ငါကိုယ်တိုင် မကြုံခဲ့ရင်လည်း ယုံ... မဟုတ်ဘူး။ ပြောရင်း ကြက်သီးတော... ထလာတယ်"

"ဆရာ တပည့်တွေ ဘာ... အကြောင်းပြောနေကြတာလဲ။ ကြက်သီး... ထတာရော၊ စွယ်ကတော့ရွာသူ... စုံနေတာပဲ။ ကျွန်မ စိတ်ဝင်စားလို့... ဆရာကြီးတပည့် မပြောပေမယ့် ကြ... တုန်း အဲဒီဇာတ်လမ်း ကျွန်မကို ပြော... ပါလား ဆရာကြီး"

"ဘယ်လိုလဲ ဝင်းလှိုင်၊ မင်းတို့... ဇာတ်လမ်း ငါပြောပြလိုက်ရမလား"

"ကျွန်တော်ပြောရင် သူယုံ... မဟုတ်လို့ ကျွန်တော် မပြောခဲ့တာ... ဆရာကြီးကိုယ်တိုင်ကြုံခဲ့ရသူပဲ၊ ပြော... ပြလို့ ရပါတယ်"

"အေး၊ ဒါဆို ပြောပြမယ်။ လမ်း... ပေါ်မှာ စကားပြောလို့ မကောင်းဘူး... လာ၊ လက်ဖက်ရည်ဆိုင်ထဲမှာ ပြော... ကြတာပေါ့"

"ကောင်းပါတယ်။ ဆရာကြီး... လက်ဖက်ရည်၊ မုန့်နဲ့ ဧည့်ခံပါရစေ"

ဝင်းလှိုင်တို့ မိသားစုနှင့်အတူ... နီးရာ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြ... သည်။ ဝင်းလှိုင်ကပင် လက်ဖက်ရည်... မုန့်များ မှာလိုက်သည်။

"ကဲပါ၊ ပြောမယ်ဆိုတဲ့ စွယ်... ကတော့ရွာသူဇာတ်လမ်း ပြောပါတော့"

ဝင်းလှိုင်၏ ဇနီးက သိချင်... ဖြင့် ကျွန်တော့်ကို ပြောလိုက်သည်...

"အေး၊ ပြောပါ့မယ်။ ဟိုး လွန်...



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ၁၉၈၀ ခုနှစ်ကျော်က အဖြစ်တွေပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကျော်က ကြုံခဲ့ရတာပါ။ အဲဒီ စွယ်ကတော့ရွာသူ မစိန်မြင့်နဲ့ ဝင်းလှိုင် ပတ်သက်ဆက်နွယ်ခဲ့တဲ့ ဇာတ်လမ်းက ဒီလိုကွဲ့"

◆◆◆

၁၉၈၁ ခုနှစ်ကာလဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိသည့် ဆိပ်ကြီးခနောင်တိုသန်လျင်တွင် တာဝန်ထမ်းဆောင်နေသည့်ကာလဖြစ်သည်။ ထိုအချိန်က ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် မြစ်မီးရောင်၊ ရွှေဝါမြေ လုပ်အားပေးပွဲများ ဆောင်ရွက်နေသောအချိန်ဖြစ်သည်။ လယ်ယာဦးကြီးများကို ကူညီရာတွင် တပ်မတော်သားများ ပါဝင်ရသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မြစ်မီးရောင် လုပ်အားပေးကာလမှာ နွေဦးကျ စပါး စတင်စိုက်ပျိုးသောကာလဖြစ်ပြီး၊ ရွှေဝါမြေ လုပ်အားပေးကာလမှာ စပါးရိတ်သိမ်း၊ ခြွေလှေ့ရသော နွေဦးကာလဖြစ်သည်။

ကျွန်တော်တို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ လုပ်အားပေးတပ်ခွဲ နှစ်ခွဲသည် ရွှေဝါမြေ လုပ်အားပေးတာဝန်ထမ်းဆောင်ရန် ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့ ယာဉ်တန်း ဦးတည်ရာနယ်မှာ ခရမ်း-သုံးခွအလွန် ပိန်းကန်နှင့် စွယ်ကတော့ရွာများသို့ ဖြစ်သည်။ ပိန်းကန်ရွာတွင် တပ်ခွဲတစ်ခွဲ၊ စွယ်ကတော့ရွာတွင် တပ်ခွဲတစ်ခွဲ တာဝန်ယူရမည်ဖြစ်သည်။ ကျွန်တော်တို့ တပ်ခွဲမှာ စွယ်ကတော့ရွာတွင် တာဝန်ကျသည်။ နံနက် ၁၀နာရီကျော်အချိန်တွင် ကျွန်တော်တို့တပ်ခွဲ စွယ်ကတော့ရွာသို့ ရောက်ရှိခဲ့သည်။

ရွာခံ လူကြီးများက တဲကြီးများ အဆင်သင့် ဆောက်လုပ်ပေးထားကြသည်။ ကျွန်တော်တို့တပ်ခွဲတွင် တပ်စုသုံးစုပါသည်။ တပ်စုတစ်စုလျှင် တဲတစ်လုံးကျစီဖြစ်သည်။ ကျွန်တော်က တပ်ခွဲရုံးတာဝန်ခံဖြစ်၍ တဲသုံးလုံးအနက် အလယ်တဲတွင် နေရာယူခဲ့သည်။ တဲတစ်လုံးတွင် လူ ၃၀ ကျော်ဆံ့သည်။ တာလပတ်များ မိုးထားပြီး ကောက်ရိုးများ ခင်းထားပေးသည်။ တဲအလယ်တွင် လူသွားလမ်း သုံးပေအကျယ်ခန့် ရှိသည်။ တစ်ဖက်စီတွင် စစ်သည် ၁၅ဦးကို နေရာယူစေသည်။ ကျွန်တော်တို့ နေရာယူ ပြင်ဆင်နေစဉ်မှာပင် စွယ်ကတော့ရွာမှ လူကြီးသုံးလေးဦး လှည်းတစ်စီးဖြင့် ရောက်လာသည်။ ကျွန်တော့်တပ်ခွဲရုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

"ဒီက ရဲဘော်တွေအတွက် မုန့်ဟင်းခါး လာပို့တာပါ"

"အားနာစရာဖြစ်နေပြီ၊ ကျွန်တော်တို့မှာ ရိက္ခာတွေ ပါလာပါတယ်။ ကျွန်တော်တို့ ရောက်လာမှာ သိလို့ မုန့်ဟင်းခါးလုပ်ထားတာလား"

တပ်ခွဲမှူးက ရွာခံ ဦးကြီးများကို မေးလိုက်သည်။ ဦးကြီးတစ်ဦးက -

"သီးခြားလုပ်တာ မဟုတ်ပါဘူး။ အသုဘရက်လည်အိမ်က ပို့ခိုင်းလိုက်တာပါ။ သူတို့ ဒါနအတွက် အားပေးလိုက်ကြပါဦး။ အသုဘရက်လည်ရက်နဲ့ တိုက်ဆိုင်နေလို့ပါ"

"ဩော်…ဒါဆိုလည်း ကျေးဇူးပါပဲ။ ရဲဘော်တွေ အိုးတွေ ဝိုင်းချကြပါဦး"

နွားလှည်းပေါ်မှ မုန့်ဟင်းခါးဟင်းရည်အိုးကြီးများ၊ မုန့်ဖတ်တောင်းများကို ကျွန်တော်တို့ ဝိုင်းဝန်းကူညီချပေးလိုက်သည်။ တပ်စုအလိုက် ဝေငှပေးလိုက်သည်။

ကျွန်တော့်မှာ တပ်ခွဲရုံး အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေရသဖြင့် ရုံးအကူအဖြစ် တပ်သား ဝင်းလှိုင်ကို ခေါ်ယူထားလိုက်သည်။ ထိုနေ့ညနေ ၆နာရီတွင် တပ်ခွဲမှူးက တန်းစီ လူစစ်ပါသည်။ ပြီးနောက် စည်းကမ်းချက်များ၊ ရှောင်ရန် ဆောင်ရန်များ ဖတ်ပြပါသည်။ အထူးသဖြင့် အရက်မသောက်ရ၊ လုပ်ငန်းခွင် ဝင်ရောက်စဉ် မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေရေး၊ ရပ်ရွာအတွင်းသို့ အကြောင်းမဲ့ မသွားရောက်ရေးတို့ကို မှာကြားသည်။ ညဘက်တွင် ရွာအလိုက်၊ လယ်အလိုက် လူကြီးများ (သူတို့အခေါ် လယ်ဆည်ခေါင်းများ) ရောက်လာကြသည်။ မနက်ဖြန် လုပ်အားပေးအတွက် လိုအပ်သည့် လုပ်အားပေးအရေအတွက် လာရောက်ညှိနှိုင်းခြင်းဖြစ်သည်။ နောက်တစ်နေ့နံနက် ၅နာရီမှစ၍ ရဲဘော်များ တစ်သုတ်ပြီး တစ်သုတ် သတ်မှတ်နေရာများသို့ ထွက်ခွာသွားကြသည်။ ညနေ ၆နာရီအရောက် တပ်ခွဲရုံးသို့ ရောက်ရှိ သတင်းပို့ရမည်ဖြစ်သည်။ ကျွန်တော့်တာဝန်မှာ တပ်စိပ်အလိုက်၊ တပ်စုအလိုက်၊ တပ်ခွဲအလိုက် တစ်နေ့တာ လုပ်အားပေး ဆောင်ရွက်ချက်များကို စုပေါင်းပြီး အထက်ဌာနချုပ်သို့ တင်ပြရသည်။ ထိုတာဝန်များအပြင် ရိက္ခာထုတ်ပေးခြင်း၊ နံနက်စာ ထမင်း၊ လက်ဖက်ရည် စီမံခန့်ခွဲခြင်း တာဝန်များပါ ဆောင်ရွက်ရသဖြင့် တပ်သား ဝင်းလှိုင်ကို ကျွန်တော့်တပ်ခွဲရုံးတွင် ထားရှိခြင်းဖြစ်သည်။ ညဘက် ၆နာရီ တစ်ကြိမ်နှင့် ၉နာရီ တစ်ကြိမ် တန်းစီ လူစစ်ရပါသည်။ လုပ်အားပေး ကာလမှာ နှစ်ပတ်သာ ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်မတော်(ရေ)တပ်ခွဲမှ နှစ်ပတ်ပြီးသည်နှင့် ကြည်းနှင့် လေတပ်ခွဲများ

www.burmeseclassic.com

ကို ရောက်လာကြဦးမည်ဖြစ်ကြောင်း သိရသည်။

ညနေ ၆နာရီ တန်းစီ လူစစ်ပြီးသည်နှင့် ဝင်းလှိုင် ပျောက်,ပျောက်သွားသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ ည ၉နာရီ လူစစ်ချိန်အမီ ပြန်ရောက်လာမှုဖြစ်သည်။

"ဟေ့ကောင် ဝင်းလှိုင်၊ ငါ့အလုပ်တွေ ဝိုင်းကူပေးဖို့ မင်းကို တပ်ခွဲရုံးခေါ်ထားတာ။ ၆နာရီ တန်းစီပြီးတာနဲ့ ပျောက်သွားတော့တာပဲ။ ဘယ်သွားနေတာလဲ"

"ကျွန်တော့်တာဝန် ကျွန်တော် သိပါတယ်။ ခုည ပြီးအောင် လုပ်ပါ့မယ်"

"ပြီးအောင် လုပ်တာက ဟုတ်ပါပြီ။ မင်း ဘယ်သွားနေတာလဲ"

"ဘယ်ကိုမှ မဟုတ်ပါဘူး။ ရွာထိပ်က ခရေပင်အောက် လေညှင်းခံသွားတာပါ။ ကန်ကို ဖြတ်ပြီး တိုက်လာတဲ့ လေပြည်က အေးနေတာပဲ"

"မင်း ဆင်ခြေပေးတတ်နေပြီလား။ ဘာပြဿနာမှ မကြားချင်ဘူးနော်"

"စိတ်ချပါ ဆရာကြီး။ ဘာပြဿနာမှ မဖြစ်စေရပါဘူး"

ညနေ ၆နာရီနောက်ပိုင်း စစ်တုရင်၊ ချက်စ်၊ တမ်ပူလာ၊ ကျားကွက် စသည်ဖြင့် ကစားခွင့် ပြုထားပါသည်။ တမ်ပူလာ ကစားနည်းများ ကျွန်တော်တို့ ရေတပ်သားများ အများဆုံး ကစားကြသည့် ကစားနည်းတစ်မျိုးဖြစ်သည်။ ဤသို့ ကစားခွင့်ပြုထားရခြင်းမှာ စစ်သည်များ ရွာထဲသို့ မသွားရန် စည်းထားခြင်းဖြစ်သည်။ သို့သော် ဝင်းလှိုင်မှာမူ ၆နာရီ တန်းစီပြီးသည်နှင့် ထုံးစံအတိုင်း ပျောက်သွားပါတော့သည်။ ည ၉နာရီအမီ ပြန်လာပြီး အလုပ်များ



သိမ်းကျုံးလုပ်ပါတော့သည်။ ည ၁၀နာရီ မီးပိတ် အိပ်ချိန်ဖြစ်သည်။ မီးစက်ဖြင့် မီးထွန်းထားသဖြင့် မီးစက်ပိတ်သည်နှင့် စခန်းတစ်ခုလုံး မှောင်မည်းသွားတော့သည်။ ဝင်းလှိုင်မှာ ကျွန်တော့်အနီးတွင် အိပ်သူဖြစ်သည်။ အိပ်ရာဝင်ချိန်တွင် ကျွန်တော်မေးလိုက်သည်။

"မင်း ညတိုင်း ပျောက်,ပျောက်သွားတယ်။ ကိုးနာရီမှ ပြန်လာတယ်။ ဘယ်သွားနေတာလဲ။ ငါ့ကို မှန်မှန်ပြောစမ်း"

"ကျွန်တော် ရွာထဲ မသွားပါဘူး။ ရွာထိပ်က ခရေပင်အောက်ကို သွားတာပါ"

"ဟုတ်ပါပြီ၊ နေ့တိုင်းသွားနေတာပဲ။ ဘာကြောင့် မသွားရ မနေနိုင်ဖြစ်နေရတာလဲ"

"ကျွန်တော်ပြောပါ့မယ်။ ကျွန်တော် စွယ်ကတော့ရွာက ကောင်မလေးတစ်ယောက်နဲ့ ရင်းနှီးနေလို့ပါ"

"ဘာပြောတယ်၊ ရောက်တာမှ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ဒီရွာက မိန်းကလေးနဲ့ ပတ်သက်နေပြီလား မင်းတို့ ဘယ်အခြေအနေရောက်နေ[...] လဲ"

"သမီးရည်းစားဖြစ်နေပါပြီ ဆရာ[...] ကြီး"

"ဟေ . . . မြန်လှချည်လား[...] တပ်ခွဲမှူးသိရင်တော့ မလွယ်ဘူး[...] နေပါဦး၊ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"ကျွန်တော်ရောက်ပြီး နော[...] တစ်ရက်မှာ သူနဲ့ တွေ့တာ။ ကျွန်တော်[...] ခရေပင်အောက် ထိုင်နေတုန်း [...] ရောက်လာတယ်။ စကားပြောကြ[...] နဲ့ ရင်းနှီးသွားကြတာ"

"တော်တော့ကွာ။ မိန်းကလေး[...] တွေနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ မှာထား[...] တယ်မဟုတ်လား"

"ကျွန်တော်သိပါတယ်။ [...] ပြဿနာမှ မဖြစ်စေရပါဘူး"

"ရွာထဲက အဲဒီ ကောင်မလေး[...] အိမ်ကိုရော သွားသေးလား။ သူက [...] ကို မခေါ်ဘူးလား"

"ရွာထဲ မသွားပါဘူး။ သူလည်း မခေါ်ပါဘူး"

"ရွာထဲ မသွားနဲ့နော်၊ ပြဿ[...] တ[...]သွားမယ်"

"ရွာထဲ မသွားပါဘူး။ အဲဒီ ခရေ[...] ပင်အောက်မှာပဲ တွေ့ကြတာ။ ကျွန်[...] တော် သူ့ကို မတွေ့ရရင် မနေနိုင်တော့[...] ဘူး ဖြစ်နေပြီ။ ကျွန်တော့်ကို[...] ကျွန်တော်လည်း အံ့ဩမိတယ်။ ကျွန်[...] တော် သူ့ကို စွဲလမ်းနေမိပြီ ဆရာကြီး"

"ကောင်မလေးက တော်တော်[...] ချောလား။ နာမည် ဘယ်လိုခေါ်[...]"

"တော်တော်ချောတယ်။ ညို[...] လေးပါ။ နာမည်က မစိန်မြင့်တဲ့ ဆရာ[...] ကြီး"

"မင်း တကယ်မယူနိုင်[...] မစမ်းလေနဲ့။ တကယ် [...]



www.burmeseclassic.com

www.burmeseclassic.com

အဆက်ဖြတ်လိုက်တော့။ တကယ်ယူနိုင်ရင် လက်ထပ်ဖို့ ဖွင့်ပြောလိုက်ကွာ"

"သူခွင့်ပြုရင် ကျွန်တော် သူ့ကို လက်ထပ်မှာပါ"

"ဒါဆိုလည်း လက်ထပ်ချင်ကြောင်း ဖွင့်ပြောလိုက်တော့"

"မနက်ဖြန်ညတွေ့ရင် ကျွန်တော် ဖွင့်ပြောလိုက်တော့မယ်"

BURMESE CLASSIC .com

♦♦♦

နောက်တစ်နေ့ ညနေ ၆နာရီ တန်းစီပြီးချိန်တွင် ဝင်းလှိုင် ပျောက်သွားပြန်သည်။ ၆နာရီမှ ၉နာရီထိ အချိန်သည် လုပ်အားပေး စစ်သည်များ နှစ်သက်ရာ ကစားနည်းဖြင့် ကစားခွင့်ရချိန်ဖြစ်သည်။ ဝင်းလှိုင် တဲအတွင်း မရှိသည်ကို မည်သူမျှ သတိမပြုမိကြပေ။ ည ၉နာရီမှ ဝင်းလှိုင် ပြန်ရောက်လာသည်။ ဝင်းလှိုင်မျက်နှာမှာ မှို့ရသော မျက်နှာမျိုးဖြစ်နေသည်ကို ကျွန်တော် သတိထားမိသည်။ အိပ်ရာဝင်ချိန်တွင် ကျွန်တော်မေးလိုက်သည်။

"ဟေ့ကောင်··· ဘယ်လိုလဲ၊ ကောင်မလေးက ဘာပြန်ဖြေလဲ"

"သူ့ကို လက်ထပ်ချင်ရင် သူ့မိဘတွေဆီမှာ လာပြောပါတဲ့"

"တကယ်သေချာတယ်နော်"

"တကယ်သေချာပါတယ် ဆရာကြီး"

"မနက်ဖြန်ညနေ မင်း သူ့ဆီသွားဦးမယ်မဟုတ်လား"

"ဆရာကြီး သိပါတယ်။ ကျွန်တော် သူ့ကို မတွေ့ရရင် မနေနိုင်ဖြစ်နေတာ"

"ငါပါ လိုက်ခဲ့မယ်။ မင်း လက်ထပ်မယ့် အမျိုးသမီး ဘယ်လိုရုပ်ရည်မျိုးလဲဆိုတာ သိချင်တယ်။ ပြီးတော့ မိဘမျိုးရိုးလည်း သိချင်တယ်။ ရွာထဲက သူ့မိဘတွေရဲ့ နေရာလည်း သိချင်တယ်"

"ကောင်းတယ် ဆရာကြီး။ ဒါဆို မနက်ဖြန်ည လိုက်ခဲ့ပေါ့"

နောက်တစ်နေ့ တန်းစီ လူစစ်ပြီးချိန်တွင် ဝင်းလှိုင်နှင့်အတူ ကျွန်တော် လိုက်သွားခဲ့သည်။ မိနစ်အနည်းငယ်သာ လမ်းလျှောက်ရသည်။ ရေကန်တစ်ခု အနီးတွင် ကြီးမားသော ခရေပင်ကြီးတစ်ပင်တွေ့ရသည်။

"ဒီနေရာပဲ ဆရာကြီး။ အသေအချာချိန်းထားတာ။ သူ မကြာခင် ရောက်လာမယ်။ သူက ဘယ်တော့မှ ကြိုပြီး ရောက်မနေဘူး။ ကျွန်တော် ရောက်လာပြီးမှ ပေါ်လာတတ်တာ"

"ငါက ခဏလေးတွေ့ရရင် ရပါပြီ၊ သူ့မိဘတွေနေရာ သိရရင် တော်ပြီ"

"သူ ကျိန်းသေလာမှာပါ"

ဝင်းလှိုင်က ကျိန်းသေလာမည်ဟု ပြောခဲ့သော်လည်း ည ရှစ်နာရီကျော်သည်အထိ ထိုမိန်းကလေး ပေါ်မလာခဲ့ပါ။

"ဘယ်လိုလဲ ဝင်းလှိုင်၊ မင်းကောင်မလေး ခုထက်ထိ ပေါ်မလာပါလား။ ဟုတ်ရဲ့လားကွာ။ ငါပါလာလို့ ရှက်ပြီး မလာတော့တာ ထင်တယ်။ ကိုးနာရီ လူစစ်ရဦးမယ်။ ငါသွားတော့မယ်"

"ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ မသိဘူး။ ဆရာကြီး သွားနှင့်ပါ။ ၉နာရီ တန်စီးအမီ ကျွန်တော်ပြန်လာပါ့မယ်"

"အေး၊ ကောင်းပြီ၊ မင်းကောင်မလေးလာရင် မိဘအမည်နဲ့ လိပ်စာ အတိအကျမေးခဲ့"

"ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး"

ဝင်းလှိုင်ကို ထားရစ်ခဲ့ကာ ကျွန်တော် စခန်းသို့ ပြန်လာခဲ့သည်။ အခြားအလုပ်များ လုပ်နေသော်လည်း စိတ်က ခရေပင်အောက် ရောက်နေသည်။ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်နေသည်။ ကျွန်တော် နာရီကြည့်လိုက်သည်။ ၉နာရီပင် ထိုးတော့မည်။ တန်းစီကွင်းတွင် ရဲဘော်များ စုရုံးရောက်ရှိနေကြပြီဖြစ်သည်။ ၉နာရီထိုး၍ တန်းစီ ခရာမှုတ်သံ ကြားရသည်။ ထိုစဉ်မှာပင် ဝင်းလှိုင် အပြေးရောက်လာသည်။ ကျွန်တော့်ကို လက်မ ထောင်ပြလိုက်ပြီး သူ့တပ်စုထဲ ဝင်သွားပြီး တန်းစီသည်။ တန်းပြီးချိန်တွင် နောက်တစ်နေ့ မနက် သွားရမည့်နေရာ၊ လုပ်ကွက်များကို အသိပေး ဖတ်ပြရသည်။ အားလုံးပြီး၍ တန်းဖြုတ်ပြီးသည်နှင့် ကျွန်တော် ဝင်းလှိုင်ကို မေးလိုက်သည်။

"ဟေ့ကောင် ဘယ်လိုလဲ၊ မင်းကောင်မလေး လာရဲ့လား။ တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါတယ်။ ဆရာကြီး ပြန်သွားပြီးတာနဲ့ သူရောက်လာတယ်"

"သူ့မိဘတွေရဲ့ နေရပ်လိပ်စာနဲ့ နာမည်တွေရော သိခဲ့ရဲ့လား"

"သူနေတဲ့အိမ် ကျွန်တော့်ကို ညွှန်ပြခဲ့တာပါ။ သူ့နာမည်သာ မေးပါတဲ့။ စွယ်ကတော့ရွာလယ်လမ်းမကြီး ထိပ်မှာ နေတာတဲ့။ လူတိုင်း ဘယ်သူ့မေးမေး သိပါတယ်တဲ့"

"အင်း··· မင်းအတွက် ခုမှ စိတ်အေးရတော့တယ်။ မဟုတ်တဲ့ မိန်းမနဲ့ တွေ့မှာ စိုးလို့ပါကွာ။ စခန်းသိမ်းဖို့ နှစ်ရက်ပဲ လိုတော့တယ်။ ပစ္စည်းတွေ သိမ်းဖို့ ငါ့ကို ကူဦး။ သူ့ဆီက အဖြေရပြီးပြီပဲ။ တို့ တပ်ပြန်ရောက်ပြီးမှ အဆင်ပြေသလို စီစဉ်ပေးမယ်။ မင်း သူ့ဆီ မသွားနဲ့တော့"

စခန်းသိမ်းမည့်ကိစ္စများဖြင့် ကျွန်တော်တို့ အလုပ်ရှုပ်နေကြသည်။ ညဘက်တွင် ခရေပင်ကြီးဆီ မသွားရ၍ ဝင်းလှိုင်မှာ ဂနာမငြိမ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖင်တကြွကြွဖြစ်နေသည်။ မနက်ဖြန် မနက် မိခင်တပ်သို့ ပြန်ရတော့မည် ဖြစ်သည်။ ဝင်းလှိုင်မှာ တစ်ညလုံး မအိပ်ဘဲ လူးလိမ့်နေသည်ကို သတိထားမိသည်။ ကျွန်တော်တို့ စခန်းသိမ်းမည့် နံနက်စောစောတွင် ကျေးရွာလူကြီးများ ရောက်လာသည်။ ကျွန်တော်တို့ကို ဂုဏ်ပြုလာရောက်နှုတ်ဆက်ခြင်းဖြစ်သည်။ တပ်ရင်းမှ မော်တော်ယာဉ်များ မရောက်လာသေး၍ စောင့်ဆိုင်းနေကြချိန်ဖြစ်သည်။

"ဟေ့ကောင်···လဒမိုင်မှိုင်မနေနဲ့။ မင်းကို နာရီဝက် အချိန်ပေးမယ်။ ကောင်မလေးကို သွားပြီး နှုတ်ဆက်လိုက်"

"မသွားတော့ပါဘူး ဆရာကြီး"

"ဘာဖြစ်လို့လဲကွ။ မင်းပဲ မတွေ့ရ မနေနိုင်ဘူးဆို"

"သူမှာထားတယ်။ နေ့ခင်းဘက် သူ့ဆီ မလာနဲ့တဲ့။ ညဘက် မှောင်မှ သူ့ကို တွေ့နိုင်မယ်လို့ ပြောထားလို့ပါ"

"အဆန်းပါပဲလား။ မင်းကောင်မလေးက ရှက်တတ်တယ် ထင်ပါရဲ့"

ထိုအခိုက်မှာပင် တပ်မှ ကားကြီးများ ရောက်ရှိလာသည်။ တီအီးကားကြီးများဖြစ်သည်။ တပ်စုသုံးစုအတွက် ကားကြီးသုံးစီးရောက်လာသည်။ အားလုံး နေရာယူပြီးသည်နှင့် ကျွန်တော်တို့ ရွှေဝါမြေလုပ်အားပေးအဖွဲ့ စွယ်ကတော့ရွာမှ နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

ကျောက်တန်း-သန်လျင်လမ်းမပေါ်အရောက်တွင် ပိန်းကန်ရွာမှ ပြန်လာသော လုပ်အားပေးအဖွဲ့ ကားများကို တွေ့ရသည်။ ကျွန်တော်တို့ကို စောင့်ဆိုင်းနေပုံရသည်။ ကျွန်တော်တို့ ရောက်မှ ပေါင်းစုပြီး ထွက်ခွာလာသည်။ ထိုနေ့မှာ စနေနေ့ဖြစ်သည်။ ထိုအချိန်က စနေနေ့ နေ့ဝက်သာ ရုံးပိတ်သည့် စနစ်ကျင့်သုံးသော ကာလဖြစ်သည်။ မနက်ဖြန် တနင်္ဂနွေနေ့ တစ်ရက်သာ အနားရမည်။ ပင်ပန်းခဲ့သဖြင့် ထိုညက ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သည်။ မနက်ဖြန် ရုံးပိတ်ရက်ဖြစ်၍ စိတ်ချလက်ချ အိပ်လိုက်ခြင်းဖြစ်သည်။

◆◆◆

နံနက်စောစော ကျွန်တော့်အိမ်တံခါးလာခေါက်သံ ကြားလိုက်ရသည်။ ၅နာရီသာသာအချိန်ပင် ရှိသေးသည်။

"ဆရာကြီး···ဆရာကြီးထပါဦး။ သတင်းပို့စရာရှိလို့ပါ"

ခေါ်သံကြောင့် ကျွန်တော် အိမ်တံခါးဖွင့်ပေးလိုက်သည်။ လူပျိုဆောင်မှ ဝင်းလှိုင်၏ သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရသည်။

"စောစောစီးစီးကွာ၊ ဘာကိစ္စလဲ"

"ဆရာကြီးတပည့် ဝင်းလှိုင် ဆေးခန်းတင်ထားတယ်။ ညဉ့်နက်နေလို့ ခုမှ လာသတင်းပို့တာပါ"

"ဟေ··ဟုတ်လား၊ ဘာဒဏ်ရာရလို့ ဆေးခန်းပို့ရတာလဲ။ ဒီကောင် အရက်လည်း သောက်တတ်တာ မဟုတ်ဘူး"

"ညဉ့်နက်သန်းခေါင်လောက်မှာ ဒီကောင် ထ,အော်လို့ ကျွန်တော်တို့ တစ်ဆောင်လုံး နိုးသွားကြတယ်။ စွယ်ကတော့ရွာက သူ့ရည်းစား လိုက်လာတယ်ဆိုပြီး အဆောင်ပတ်ပတ်လည် လိုက်ရှာနေတာ။ ကျွန်တော်တို့လည်း ဒီကောင် စိတ်မမှန်တော့ဘူးဆိုပြီး ဆေးခန်းပို့လိုက်တာ။ စိတ်ငြိမ်ဆေးနဲ့ အိပ်ဆေးတွေ တိုက်ထားတယ်လို့ သိရတယ်"

"တော်တော်အစွဲအလမ်းကြီးတဲ့ အကောင်ပဲ။ အေးအေး၊ ငါ အခုပဲ ဆေးခန်းလိုက်ခဲ့မယ်။ ကျွန်တော်
ကပျာကယာ မျက်နှာသစ်လိုက်
တပ်တွင်း ဆေးခန်းသို့ လိုက်သွားသည်
ဝင်းလှိုင်ကို လူနာခုတင်ထက်
တွေ့လိုက်ရသည်။

"စွယ်ကတော့ရွာက မင်းရည်း
လိုက်လာတယ်ဆို ဖြစ်နိုင်ပါ့မလား
ကို ပြောပါဦး"

"ညက ကျွန်တော် အိပ်ပျော်
တုန်း စွယ်ကတော့ရွာက မိန်း
ကျွန်တော့်ကို အိပ်မက်ပေးခဲ့တယ်
ကျွန်တော့်ကို သတိရ စွဲလမ်းပြီး လိုက်
လာတာတဲ့။ အဆောင်အထိ လိုက်လာ
တာ။ တစ်ယောက်ယောက်
ကျွန်တော့်ကို လှုပ်နှိုးလိုက်သလို
ကျွန်တော်နိုးလာတော့ ခြင်ထောင်
အပြင်ဘက်မှာ လူရိပ်လိုလိုတွေ့လိုက်
တယ်။ ဒါနဲ့ ကျွန်တော်လည်း အဆောင်
မီးတွေ ဖွင့်ပြီး လိုက်ရှာတာ။ ဘာ
မတွေ့တော့ဘူး။ သူငယ်ချင်းတွေ
နိုးပြီး အဆောင်ပတ်ပတ်လည် လိုက်
ရှာခဲ့ကြတယ်။ နောက်ဆုံး သူတို့က
ဒီကောင် စိတ်မမှန်တော့ဘူးဆိုပြီး
ဆေးခန်းပို့ခဲ့ကြတယ်"

"ဩော်···ဝင်းလှိုင်···ဝင်းလှိုင်
စွယ်ကတော့ရွာသူနဲ့ တွေ့ပြီးမှ ဘယ်
လိုဖြစ်ရတာလဲ။ မင်း စွယ်ကတော့
ကောင်မလေးကို စွဲလမ်းပြီး အိပ်မက်
မက်တာ ဖြစ်မယ်"

"သူ့ကို စွဲလမ်း သတိရနေတာ
အမှန်ပဲ။ ညနေစောင်းလာတာနဲ့
ကျွန်တော် မနေနိုင်တော့ဘူး။ ကျွန်
တော် ဘာဆက်လုပ်ရမလဲ"

"လောလောဆယ် ခဏသည်းခံ
လိုက်ဦး။ နှစ်ပတ်လောက် အလုပ်
ထားခဲ့ရတော့ ရုံးမှာ လုပ်စရာတွေ ရှိ
သေးတယ်။ ပြီးတော့ မင်းနဲ့ ငါ
စွယ်ကတော့ရွာ သွားကြမယ်။ သူမိ

www.burmeseclassic.com

နဲ့ တွေ့ပြီး နားဖောက်ပေးမယ်။ လိုအပ်တဲ့ ထောက်ခံချက်တွေ ယူထားဖို့ ပြောခဲ့မယ်။ ပြန်လာတော့ တပ်မှူးကို တင်ပြပြီး လက်ထပ်ခွင့်တင်ပေါ့"

"ဟာ··· ဝမ်းသာလိုက်တာ။ ဆရာကြီး တကယ်ပြောတာနော်"

"အေးပါ၊ လာမယ့် အပတ် တနင်္ဂနွေနေ့ သွားကြမယ်"

တနင်္လာနေ့မှစ၍ ရုံးလုပ်ငန်းများနှင့် လုံးလည်ချာလည်လိုက်နေသဖြင့် ဝင်းလှိုင်ကိစ္စကို သတိမထား၊ အမှတ်မရခဲ့ပါ။ စနေနေ့ နေ့ဝက် ရုံးဆင်းချိန်တွင်···

"ဆရာကြီး··· မနက်ဖြန် စွယ်ကတော့ သွားကြမှာနော်။ စောစောသွားမှ နေ့ချင်းပြန်ဖို့ မီမယ်"

"အေးပါ၊ သွားပါ့မယ်။ မင်းက ဒီခရီးစဉ်တွေကိုတောင် သိနေပါလား"

"လိုရမယ်ရ မေးမြန်းစုံစမ်းထားသို့ပါ"

"တနင်္ဂနွေနေ့ ရုံးပိတ်ရက် နံနက်စောစော မိုးပင် မလင်းသေးပါ။ ဝင်းလှိုင် ကျွန်တော့်အိမ်သို့ ရောက်လာသည်။ ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက် ရေတပ် လေ့ကျင့်ရေးဌာနချုပ်မှ နံနက်စောစော သန်လျင်ဈေးသို့ ပြေးသည့် ဈေးကားဖြင့် လိုက်လာသည်။ ကျိုက်ခေါက်ဘုရားတွင် ဆင်းပြီး ခမ်း-သုံးခွဘက်သို့ သွားသည့်ကားကို ပြောင်း၍စီးရသည်။ ကားလမ်းဆုံး၍ ဆိုက်ကားဖြင့် လိုက်ခဲ့ကြသည်။ နံနက် ဆယ်နာရီကျော်မှ စွယ်ကတော့ရွာသို့ ရောက်ခဲ့ကြသည်။ ရွာသို့ ရောက်ပြီး ဝင်းလှိုင်ရည်းစားပြောသည့် လမ်းညွှန်အတိုင်း မေးမြန်း၍ စွယ်ကတော့ရွာ အလယ်လမ်းမသို့ ဝင်ခဲ့ကြသည်။ အသင့်တွေ့သော လူရွယ်တစ်ဦးကို မေးမြန်းလိုက်သည်။

"ဪ···မစိန်မြင့်ရဲ့ အိမ်လား၊ ရွာလယ်လမ်းမကြီးထိပ်ဆုံးအိမ်ပဲ။ ကျွန်တော်လိုက်ပို့ပေးမယ်။ ဒီနေ့တောင် သူတို့အိမ်မှာ အလှူရှိတယ်"

"ကျွန်တော်တို့ မစိန်မြင့်အိမ်ရှေ့ အရောက် ခြံထဲတွင် လူများ စည်ကားနေသည်ကို တွေ့ရသည်။

"ဗျို့···ဦးစိန်မောင်၊ ဒေါ်တင်မြင့်တို့···ဒီမှာ မြို့က ဧည့်သည်တွေ လာတယ်"

လိုက်ပို့ပေးသူ လူရွယ်က အော်ခေါ်လိုက်သဖြင့် အိမ်ပေါ်မှ ဦးစိန်မောင်နှင့် ဒေါ်တင်မြင့်တို့ ဆင်းလာကြသည်။

"လာပါ၊ အိမ်ပေါ် တက်ပါ။ ဒီနေ့ အိမ်မှာ အလှူလုပ်တာနဲ့ အတော်ပဲ။ ဘယ်က လာကြတာလဲ၊ ဘာကိစ္စများ ရှိလို့ပါလဲ"

ဦးစိန်မောင်က ကျွန်တော်တို့ကို နေရာပေးရင်း ပြောလိုက်သည်။

"ဒီက ဆရာကို မြင်ဖူးတယ်လို့ ထင်နေတာ။ တစ်လောက ရွှေဝါမြေ



လုပ်အားပေးနဲ့ ရွာကို ရောက်လာတဲ့ ရေတပ်က ဆရာမဟုတ်လား။ ဆရာတို့ လုပ်အားပေး စရောက်တဲ့နေ့က သမီး ရက်လည်အလှူနဲ့ တိုက်ဆိုင်နေလို့ မုန့်ဟင်းခါးတွေတောင် လှည်းနဲ့ သွားပို့ခဲ့သေးတယ်။ ဒီနေ့ ဆွမ်းကျွေးအလှူရှိတာ သိလို့ လာခဲ့တာလား"

"ဆွမ်းကျွေးအလှူလာတာ မဟုတ်ပါဘူး။ သူက ကျွန်တော့်တပည့်ပါ။ ရွှေဝါမြေ လုပ်အားပေးလာတုန်းက ပါလာတယ်။ အဲဒီကာလမှာပဲ ဦးသမီး မစိန်မြင့်နဲ့ တွေ့ဆုံပြီး မေတ္တာမျှခဲ့ကြတယ်။ အဲဒါ ဦးသမီး မစိန်မြင့်က လူကြီးမိဘတွေဆီ လာပြောပြီး နားဖောက်ပါဆိုလို့ လာခဲ့ကြတာ။ ဦးတို့ သဘောတူမယ်ဆိုရင်···"

ကျွန်တော့်စကားမဆုံးမီ ဦးစိန်မောင်က စကားဖြတ်ပြောလိုက်သည်။

"ဘာ···ဘာပြောတယ်။ ကျုပ်မှာ သမီးနှစ်ယောက်ရှိတာ။ အကြီးမက အိမ်ထောင်ကျပြီး ကလေးတောင်ရနေပြီ။ အငယ်မ မစိန်မြင့်က ပိုးထိလို့ ဆုံးသွားတာ တစ်လရှိသွားပြီ၊ ဒီနေ့ သူဆုံးတာ တစ်လပြည့်လို့ လပတ်အလှူလုပ်နေတာ။ ရွှေဝါမြေလုပ်အားပေး ရဲဘော်တွေ ရွာကို ရောက်လာတဲ့နေ့က သမီးရက်လည်တဲ့ နေ့ပဲ။ ဘယ်လိုဖြစ်တာလဲ။ သမီး မစိန်မြင့်က မိဘတွေဆီ တောင်းရမ်း နားဖောက်ဖို့ ပြောလိုက်တယ် ဟုတ်လား။ ဘုရား··ဘုရား လုပ်ကြပါဦး"

ဦးစိန်မောင်စကားကြောင့် ဆွမ်းကျွေးအလှူရောက်နေသူများ စားလက်စ ထမင်းဝိုင်းအား ထားပစ်ခဲ့ကာ ကျွန်တော်တို့အနီး ဝိုင်းအုံရောက်ရှိလာကြသည်။

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ ရဲဘော်တို့ ရောက်တဲ့နေ့က သမီး

www.burmeseclassic.com

ပိုးထိလို့ ဆုံးသွားတာ ရက်လည်တဲ့နေ့ ဖြစ်နေပြီ။ ဒီရဲဘော်လေးက သမီးနဲ့ ဘယ်မှာ တွေ့ခဲ့ကြတာလဲ"

"ကျွန်တော် ရွာထိပ်က ခရေပင် အောက်မှာ ထိုင်နေတုန်း မစိန်မြင့် ရောက်လာတာ။ အဲဒီ ခရေပင်အောက် မှာ သူနဲ့ စတွေ့ခဲ့တာ"

"ရွာထိပ်က ခရေပင်ကြီး . . . ဟုတ်လား။ သမီး မစိန်မြင့်က ခရေပန်း သီပ်ကြိုက်တာ။ ခရေပန်းအကောက် သွားရင်း အပင်အောက်မှာပဲ ပိုးထိခဲ့ တာ။ သမီးနဲ့ တွေ့ခဲ့တာ သေချာရဲ့လား။ သမီးရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြပါ လား"

"အသားညိုညို၊ အရပ်မြင့်မြင့်၊ ဆံပင်တွေက တော်တော်ရှည်တာ။ ကျွန်တော်နဲ့တွေ့တိုင်း ဆံပင်တွေက ဖားလျားချထားတတ်တယ်။ သူ့အသက် က ဆယ့်ရှစ်နှစ်လို့ ပြောပါတယ်။ ဒီက ဦးတို့၊ ဒေါ်ဒေါ်တို့အမည်နဲ့ လိပ်စာကို လည်း သူပဲ ပြောပြခဲ့တာ"

ဝင်းလှိုင်၏ ပြောစကားကြောင့် နံ့ဘေးမှ လူများအားလုံး အံ့ဩမှင်တက် မိကုန်ကြသည်။

"ဒီသူငယ်ပြောတာတွေ အားလုံး အမှန်ပါပဲ။ မယုံနိုင်စရာပဲ၊ ရဲဘော်လေး နဲ့ တွေ့တဲ့အချိန်မှာ သူဆုံးတာ တစ်ပတ်ကျော်ကျော်ရှိခဲ့ပြီ။ ပြီးတော့ သူက ညနေစောင်းဆို အဲဒီ ခရေပင် အောက်ကို သွားနေကျပဲကွဲ့"

"ကျွန်တော် ဘယ်လိုမှ မယုံနိုင် တော့ဘူး။ ကျွန်တော် ရူးတော့မယ် ထင်ပါရဲ့"

"ကဲ - သူငယ်ယုံအောင် သက်သေပြမယ်၊ ဦးနဲ့ လိုက်ခဲ့ပါ"

ဦးစိန်မောင် ဦးဆောင်ရာနောက် သို့ ကျွန်တော်နှင့် ဝင်းလှိုင်တို့ လိုက် သွားကြသည်။ မကြာမီ ရွာထိပ် ရောက် ဘေးရှိ ခရေပင်ကြီးအောက်သို့ ရောက် ခဲ့ကြသည်။

"သမီး ပိုးထိတာ ဒီနေရာပဲ။ သူငယ်နဲ့ တွေ့ကြတာ ဒီနေရာပဲလား"

"ဟုတ်ပါတယ်။ နေ့တိုင်းလိုလို သူနဲ့ တွေ့နေကျ နေရာပါ"

"ကဲပါ။ လိုက်ခဲ့ကြပါဦး"

ရေကန်ကို ကွေ့ပတ်ပြီး လာခဲ့ ကြရာ ရေကန်အလွန်တွင် သင်္ချိုင်းကို တွေ့ရသည်။ သင်္ချိုင်းထဲ ရောက်လာပြီး အုတ်ဂူတစ်ခုရှေ့တွင် ဦးစိန်မောင် ရပ် တန့်လိုက်သည်။ ပြီးနောက် ငိုသံပါကြီး နှင့် ပြောလိုက်သည်။

"ဒါ သမီးအုတ်ဂူပဲ။ အင်္ဂတေ ခြောက်ရုံရှိသေးတယ်။ ငါ့တူ ယုံပြီလား။ စိတ်လျှော့လိုက်တော့"

ကျွန်တော်တို့ အုတ်ဂူအသစ် တစ်ခုကို တွေ့ရသည်။ အုတ်ဂူထိပ် ဘက်တွင် မစိန်မြင့်၊ အသက် ၁၈နှစ် ဟု စာတန်းရေးထားသည်။ ထိုအခိုက် လေပြည်အလာတွင် ခရေပန်းအနံ့ရ လိုက်သည်။ မနီးမဝေး ရေကန်ထိပ်ရှိ ခရေပင်ဆီမှ ရနံ့လား၊ အုတ်ဂူပေါ် တင် ထားသော ခရေပန်းကုံးမှ ရနံ့လား ဆို သည်ကို မဝေခွဲတတ်တော့ပါ။

◆◆◆

စကားပြောချိန် ကြာသွား၍ ကျွန်တော့်ရှေ့ရှိ လက်ဖက်ရည်များ အေးနေပြီဖြစ်သည်။

"လက်ဖက်ရည်တွေ အေးကုန် ပြီထင်တယ်၊ သောက်လိုက်ပါဦး။ ဆရာ ကြီးပြောမှ ကိုဝင်းလှိုင်ရဲ့ အတိတ်က ဇာတ်လမ်းကို သိရတာ။ ဆရာကြီး ပြောခဲ့တာတွေ အမှန်ပဲလား ကိုဝင်း လှိုင်"

သဇင်က သူ့ယောက်ျားကို မေး လိုက်သည်။

"ဘယ်လိုမှ မယုံနိုင်စရာ အဖြစ် တွေမို့ သဇင့်ကို မပြောခဲ့တာပါ။ ဆရာ ကြီး ပြောတာတွေအားလုံး အမှန်တွေ ပါပဲ"

"အဲဒီတုန်းက ဒီကောင် ဝင်းလှိုင် ရူးကြောင်ကြောင်ဖြစ်ခဲ့သေးတယ်"

"စွယ်ကတော့ရွာသူ မစိန်မြင့်ရဲ့ ဝိညာဉ်နဲ့ တွေ့ခဲ့တာ ထင်တယ်။ သူ လည်း ကိုဝင်းလှိုင်ကို စွဲလမ်းစိတ်နဲ့ လူ့ပျိုရိပ်သာအထိ လိုက်လာတာ ဖြစ် မှာပေါ့"

"ဘယ်လိုပြောရမှန်းတောင် မသိ တော့ပါဘူး။ တကယ့်ကို မယုံနိုင်ဖွယ် အဖြစ်တွေမို့ ထားလိုက်ပါတော့။ ဒါနဲ့ ကြုံတုန်း ပြောပါရစေ၊ ကျွန်တော့်အပေါ် တပည့်တစ်ယောက်လိုသာမက၊ သား ရင်းချာလို သွန်သင်ဆုံးမ စောင့် ရှောက်ခဲ့တဲ့ ဆရာကြီးရဲ့ ကျေးဇူးတွေ ကို ကျွန်တော် မမေ့ပါဘူး။ အေးအေး ဆေးဆေး ဆရာကြီးဆီ လာပြီး ကန် တော့ပါဦးမယ်။ ဆရာကြီး လိပ်စာပေး ခဲ့ပါနော်"

အသင့်ပါလာသော ကျွန်တော် လိပ်စာကဒ်ပြားနောက်ကျောဘက်တွင် လက်မှတ်ရေးထိုး၊ ရက်စွဲထည့်ပြီး ဝင်းလှိုင်ကို ပေးလိုက်သည်။

"လက်ဖက်ရည်တိုက်တာ ကျေးဇူးပဲ။ အငြိမ်းစားဆိုတော့ အိမ်မှာ ရှိပါတယ်။ ကြုံရင် ဝင်သာလာခဲ့ကြ သွားပြီ"

တပည့် မောင်ဝင်းလှိုင်ကို နှုတ် ဆက်ပြီး ထွက်လာသော ကျွန်တော့် အတွေးဝယ် စွယ်ကတော့ရွာရဲ့ အပြ များက တရစ်ဝဲဝဲပြန်ပေါ်လာသည်။

* * *

မောင်မောင်မိုးအေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးထွန်းမြင့် (အာယုဗ္ဗေဒ)

# မြန်မာ့ကွမ်းရွက်ကုထုံးများ

ကွမ်းရွက်သည် ဝမ်းမီးကို တောက်စေ၏။ ဆီး၊ ဝမ်းကို ရှင်စေ၏။ အဆိပ်ကို ပယ်စေတတ်၏။ ချွေးကို ထွက်စေ၏။ လေသလိပ်ကို နိုင်၏။ နှလုံးကို အကျိုးပြု၏။ ချောင်းဆိုး၊ ပန်းနာ၊ အနာပေါက်၊ မျက်စိရောဂါတို့ကို ပျောက်ကင်းစေ၏။ သလိပ်ဒေါသကို ဖျက်ဆီးစေတတ်၏။ အပုပ်ချောင်းဆိုးခြင်းနှင့် အစာအိမ်၏ အပုပ်အနံ့ကြောင့် ဖြစ်သော သလိပ်ပုပ်ချောင်းဆိုးခြင်းတွင် အိမ်သုံးဆားဖြင့် ကွမ်းရွက်ကို ထုပ်၍ ငုံကာ အနည်းငယ်စီ မျို့ချပေးခြင်းဖြင့် သလိပ်ပုပ်ကိုလည်း ထွက်စေ၏။

BURMESE CLASSIC .com

## ကလေးငယ်များအတွက် ကွမ်းရွက်ကုထုံး

ကလေးငယ်များအတွက် ဝမ်းမသွား၍ ဝမ်းချုပ်ခြင်းကို ခံစားရပါက ကွမ်းအစ်အတွင်းမှ ကွမ်းရွက်အရိုးကို ချိုး၍ နှမ်းဆီစစ်စစ်ကို သုတ်၍ ဝမ်းချုပ်နေသည့် ကလေးသူငယ်၏ ဝမ်းချုဆေးအဖြစ် စအိုဝအတွင်းသို့ ထည့်ပေးထားပါ။ ကွမ်းရွက်၏ အာနိသင်ကြောင့် ကလေးသူငယ်မှာ မကြာမီ ဝမ်းကို သွားစေနိုင်ပါသည်။

ကလေးသူငယ်များ မကြာခဏ နှာစေးရာတွင် အိမ်တွင်း ကုသဆေးအဖြစ် ကွမ်းရွက်ကို ဆေးပါးအဖြစ် အသုံးပြုနိုင်ပါသည်။ မီးနွေးနွေးပြထားသော ကွမ်းရွက်ကို အနှန်းဆီဆွတ်၍ ကလေးငယ်၏ ငယ်ထိပ်တည့်တည့်တွင် ကပ်ထားပေးပါ။ ဤကုထုံးသည် ကလေးငယ်၏ နှာစေးခြင်းကို အလွယ်တကူ ကုသနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကွမ်းရွက်နှင့် ချင်းကြက်ညှာရောဂါကုထုံး

ဤပေါင်းစပ်ဆေးကို ဆောင်ရွက်ရာတွင် စာဖတ်ပရိသတ်များထံသို့ ဆေးတစ်မျိုးချင်း၏ အာနိသင်ကို တင်ပြလိုပါသည်။ သဘာဝ ချင်းစိမ်းသည် ခန္ဓာကိုယ်တွင်းသို့ စုပ်ရောက်ရှိနေသော အဆိပ်အတောက်တို့ကို ပျက်ပြယ်စေနိုင်သော သဘာဝ ဆေးဖက်ဝင်အပင်လည်း ဖြစ်ပါသည်။ ဆေးကျမ်းများ၏ အဆိုမှာ ချင်း၏ ဂုဏ်သတ္တိများမှာ ချို၏၊ ပူ၏၊ ခါး၏ဆိုသော အရသာသုံးမျိုးပါရှိပါသည်။ အစာကို ကြေလွယ်၏။ ဝမ်းမီးကို တောက်စေ၏။ နှုတ်ကို မြိန်စေသည်။ အသံပျက်၊ လေနာ၊ လေသလိပ်၊ သည်းခြေနာကို နိုင်စေသည်။ ရင်ဘတ်နှင့် ဝမ်းဗိုက်နာခြင်းတို့ကို နိုင်နင်းစေသည်။ အဆီဓာတ်များကို လျှော့ချပေးနိုင်သည်။

ကွမ်းရွက်၏ စွမ်းရည်သတ္တိများကိုလည်း တိုင်းရင်းဆေးများအဆိုကို ကောက်နုတ်ဖော်ပြရလျှင် ကွမ်းရွက်စိမ်းကို ထုထောင်း၍ ရရှိသောအရည်ကို မြန်မာ့ဆေးပညာဝေါဟာရ အရ သတ္တုရည်ဟု သုံးနှုန်းရေးသား ဖော်ပြလေ့ရှိပါသည်။ အဆိုပါ သတ္တုရည်သည် ခန္ဓာကိုယ်အသက်ရှည်ရေး၊ ကျန်းမာရေးအတွက် အသက်ရှုလမ်းကြောင်းမှ လေကို ကောင်းစွာ မှန်မှန်ရှူရှိုက်နိုင်မှသာလျှင် အသက်နှင့် ခန္ဓာကိုယ် ဒွန်တွဲလျက် ရပ်တည်နေနိုင်ပေလိမ့်မည်။ ကွမ်းရွက်သတ္တုရည်သည် အဆုတ်နှင့် အသက်ရှုလမ်းကြောင်းတွင် ပိတ်ဆို့နေတတ်သော ချွဲသလိပ်များနှင့် ကူးစက်တတ်သော ပိုးရပ်စ်ပိုးများကို သေကြေစေရာ၌ လည်းကောင်း၊ ချွဲကို ပျော်စေရာ၌ လည်းကောင်း၊ အထူးပင် အစွမ်းပြလေ့ရှိသည်မှာ ကွမ်းရွက်ပင် ဖြစ်သည်။

ချင်းစိမ်းကို ပြုတ်ဆေးရည်စနစ်အတိုင်း ပြုတ်၍ ရရှိသော ဆေးရည်တွင် ကွမ်းရွက်သတ္တုရည်ကို ဆတူရောစပ်ကာ ပြုတ်ဆေးရည်ကို ကလေးသူငယ်တို့၏ အသက်အရွယ် အလိုက် တိုက်ကျွေးပေးနိုင်ပါသည်။ သာမန်အားဖြင့် ကလေးငယ်တစ်ဦးအတွက် ဆေးချိန်ပမာဏမှာ လက်ဖက်ရည်ဇွန်း တစ်ဝက်မှ တစ်ဇွန်းအထိ တိုက်ပေးနိုင်ပါသည်။

## ငှက်ဖျားနှင့် အဖျားရောဂါကုသနည်း

ရာသီဥတုကြောင့် အဖျားရောဂါတို့အတွက် လွယ်ကူ သော ကွမ်းရွက်ဆေးကို အသုံးပြုလျက် ကျန်းမာမှုကို ဆော ရောက်နိုင်ကြပါသည်။ ငှက်ဖျားနှင့် အဖျားရောဂါတို့ကို ကုသ ရာတွင် ပါဝင်သော ဆေးဖက်ဝင်များမှာ ကွမ်းရွက်ခြော တစ်ကျပ်သား၊ ငရုတ်ကောင်းတစ်ကျပ်သား၊ ချင်းခြော တစ်ကျပ်သား၊ နနွင်းတက်တစ်ကျပ်သား၊ ကျပ်ခိုးတစ်ကျ သား၊ မဖောက်ထုံး နှစ်ကျပ်သားတို့ကို ရောစပ်ပါ။ ကောင်း သမစေရန် ရောစပ်ပြီး အမှုန့်ပြု၍ လေလုံသော ပုလင်းတွ ထည့်ထားပါ။ အသုံးပြုလိုသော အချိန်အတွင်းမှာ ဆေးမှု ၅ရွေးမှ ၁၀ရွေးခန့်အထိ အမှုန့်ကို ဆေးတစ်ခွက်စာပြု ကွမ်းရွက်ပြုတ်ရည်ဖြင့် တိုက်ကျွေးပေးနိုင်ပါသည်။ နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် တစ်နေ့ သုံးကြိမ် သောက်ဆေးအဖြစ် အသုံးပြုရပေသည် ဆေးသောက်ပြီးတိုင်း အနွေးထည်ကို ဝတ်ဆင်ထားပေး မည်။ ရေငတ်တိုင်း ရေကျက်အေးကို အနည်းငယ်စီ သော ပေးရမည်။ အသားစွပ်ပြုတ်ရည်ကို ကြက်သွန်ဖြူ ချင်း ငရုတ်ကောင်းဖြင့် ချက်၍ လူနာ ကိုယ်ခံအား တက်စေ တိုက်ကျွေးပေးနိုင်ပါသည်။ အဖျားကို လျှော့ချပေးစေနိုင်သော အစားအစာ၊ ဓာတ်စာများကို ကျွေးပေးသင့်ပါသည်။ ဖျားနာ အားရှိစေရန် နို့ရည်တိုက်ကျွေးခြင်းကို လုံးဝ ရှောင်ကြဉ်သ ပါသည်။ မြန်မာလက်ဖက်ရည်ကြမ်းကိုလည်း ရေငတ်တိုင် သောက်ပေးနိုင်ပါသည်။

ကွမ်းရွက်သည် ငန်းဖမ်းအဖျား၊ စိတ်ဝေဒနာ၊ ဆီး ရောဂါ၊ တုပ်ကွေး၊ မူးဝေခြင်း၊ ဇက်ကြောတက်၊ မျက်ရိုးကိုက် မျက်စိနာ၊ ကြက်မျက်သင့်ရောဂါ၊ ကလေးရောဂါ၊ ဂရင်ဂျီ ခြေကွဲ၊ ချောင်းဆိုး၊ အသံဝင်၊ အခိုးပွင့်ဆေး အစရှိသည့် ရောဂါများနှင့် ရောဂါကုသရာတို့တွင် များစွာအသုံးဝင်သော ဆေးဖက်ဝင် ကွမ်းရွက်ကို ရေးသားတင်ပြလိုက်ရပါသည်

* * *

ဆရာ ဦးထွန်းမြင့်(အာယုဗ္ဗေ

www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

သင်၏ ဝီရိယ၊ ဇွဲ၊ သတ္တိစွမ်းရည်များကြောင့် အခက်အခဲ မဟာတံတိုင်းကြီးများကို ကျော်ဖြတ်နိုင်လိမ့်မည်။ ထူးဆန်းအံ့ဩဖွယ် စီးပွားရေးကိစ္စရပ်များ ကြုံတွေ့မည်။ စီးပွားရေး တိုးတက်ကိန်းရှိသည်။ မရှုယ်ဘဲ စော်ကဲမင်းဖြစ် ဆိုသကဲ့သို့ ရတ်တရက် တိုးတက်ကိန်း၊ ထီပေါက်ကိန်း၊ အမွေရကိန်းများ ကြုံမည်။ စက်မှုလက်မှုလုပ်ငန်းများဖြင့် တိုးတက်ကိန်းမြင်၏။ ရပ်ဝေးဒေသ၊ နိုင်ငံရပ်ခြားနှင့် အကျိုးပေး၏။ အိမ်၊ ခြံ၊ မြေကိစ္စ စကားပြောဆို အောင်မြင်မည်။ လုပ်ငန်းမှန်သမျှ၊ လုပ်သမျှ ကြိုတင်တွက်ဆ မျှော်မှန်းထားသည်ထက် အကျိုးခံစားရရှိမည်။ ကျန်းမာရေးသင့်သည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၆)အစ (၁)အဆုံး၊ (၇)အစ (၁)အဆုံး။
ယတြာ - အောင်သင့် အောင်ထိုက်သော အောင်မြင်မှုများစွာ ရရှိစေရန် အောင်သပြေလှူပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

"တောက်ပမည့်မီးခဲ အရှိန်နှင့် ရဲရဲ"ဖြစ်နေမည်။ သင်၏ ကြိုးပမ်းမှု စွမ်းပကားမှု အောင်မြင်မှု ဆုလာဘ်ကို ရလိမ့်မည်။ ခေတ္တခဏတွေ့ရသော အခက်အခဲများကို စိတ်ရှည်ရှည် ကျော်ဖြတ်နိုင်ရန် အရေးကြီး၏။ အိုးအိမ်ခြံမြေကိစ္စ၊ လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စ၊ အမွေကိစ္စတို့ကြောင့် စကားအခြေအတင်ပြောရကိန်းမြင်၏။ ကျန်းမာရေးအတွက် ဘာသာရေးအဓိဋ္ဌာန်တစ်ခု ပြုလုပ်ကြည့်ပါ။

BURMESE CLASSIC .com

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၆)အဆုံး၊ (၀)အစ (၃)အဆုံး။
ယတြာ - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး ရေမွှေးနှင်းဆီများ ကပ်လှူ ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

အပြိုင်အဆိုင်ကြားမှ ရည်ရွယ်ချက်များ ထူးထူးချွန်ချွန် အောင်မြင်မည့် ကာလ။ သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းရတတ်သည့် ကြိုးစားအားထုတ်မှု ရလဒ်က သင့်ကို ကြိုဆိုနေလိမ့်မည်။ စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းများအတွက် အကြံဉာဏ်ကောင်းများ ရရှိမည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ချေးငှားမှုကိစ္စကြောင့် စကားအခြေအတင်ပြောဆိုရတတ်သည်။ ထို့ကြောင့် သေချာတိကျရန် အထူးလိုအပ်ပါသည်။ မထင်မှတ်ထားသူတစ်ဦး၊ လက်အောက်ငယ်သားတစ်ဦးကြောင့် ခိုက်ရန်ဖြစ်ရတတ်သည်။ လူကြီးမိဘ ကျန်းမာရေးကို အချိန်ပေးကာ ဂရုစိုက် စောင့်ရှောက်ရတတ်သည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၇)အစ (၁)အဆုံး။
ယတြာ - လူကြီးမိဘ အသက်ဂုဏ်ဝါကြီးသူများကို တရားစာအုပ်နှင့် တရားခွေများ ပေးလှ

www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

"လူမစွမ်း နတ်မ,ချိန်" ဖြစ်သောကြောင့် အောင်မြင်မှုတိုင်းက သင့်အတွက် ဖြစ်နေတတ်၏။ ကူညီ... ပံ့ပိုးသူ၊ လမ်းညွှန်သူများနှင့် ကြုံမည်။ ဆရာသမားအကြီးအကဲကြောင့် သင့်ရည်ရွယ်ချက်မ... အကောင်အထည်ဖော်ခွင့် ကြုံမည်။ မိတ်ဆွေအပေါင်းအသင်းများကြောင့် စကားအရှုပ်အရှင်း ဖြေ... ရတတ်သည်။ အလိမ္မာသုံး၍ ပေါင်းသင်းတတ်ပါစေ။ တစ်ခါတစ်ရံမှာ ထူးထူးခြားခြား အထီးကျန်... ဆန် နေထိုင်လိုသည်။ ကျန်းမာရေးအနေဖြင့် ရောဂါထွေထွေထူးထူး ကြီးကြီးမားမား မခံစားရနိုင်သေ... လည်း လေထိုး၊ လေအောင့် ဝေဒနာမျိုး ခံစားရနိုင်သည်။

**ထီးထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၂)အဆုံး၊ (၃)အစ (၄)အဆုံး။
**ယတြာ** - အိမ်ရှိဘုရားမှာ နံနက်စောစော သီလခံယူပြီး ပဋ္ဌာန်းဒေသနာတော်မြတ် ကို ရွတ်ဖတ်ပူဇော်...

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

အပြိုင်အဆိုင်များကြားမှာ ဘဝရှင်သန်နေရချိန်။ ကြိုးစားအားထုတ်မှု ဆုလာဘ်က သင့်ကို ကြို... နေလိမ့်မည်။ အထက်လူကြီး၊ သြဇာရှိသော ပုဂ္ဂိုလ်တို့ ကူညီမည်။ ပညာအားကောင်းနေသော ကာလတစ်ခုပါ။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်သင်တန်းတစ်ခုတက်ခွင့် ကြုံမည်။ ဆန်းသ... တီထွင်သော လုပ်ငန်းရပ်များကြောင့် အောင်မြင်မည်။ မျှော်လင့်ချက်များ အောင်မြင်မည်။ ကျန်းမာ... ရေးအတွက် သွားနှင့် ခံတွင်းကို သန့်သန့်ရှင်းရှင်းထားပါ။ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့... သတိပြုကာ ဆင်ခြင်ပါ။

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၄)အဆုံး၊ (၈)အစ (၅)အဆုံး။
**ယတြာ** - အောင်မြင်မှုအပေါင်း ကြာရှည် ခညောင်းစေရန် မိတ်ဆွေအပေါင်းကို ကြာခံကြော်ကျွေးမွေး... ဒါနပြုပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ဘဝအောင်ပန်းပွင့်ချိန်ပါ။ အတွေးအခေါ် စိတ်ကူးကောင်းတစ်ခုကြောင့် ပြောင်းလဲကိန်း၊ တိုးတက်... ကိန်း ရှိနေသည်။ ဘဝဆိုသည်မှာ သိပ်မြန်၏။ "ရင်လောက်တင်မှ ဒူးလောက်ကျန်တတ်သော... ကြောင့် အရမ်းကြိုးစားပါ။ ဇွဲရှိရှိ မကြိုးစားလျှင် ရည်ရွယ်ချက်တို့ မအောင်မြင်နိုင်ပေ။ အ... အရာရာ စေ့စေ့စပ်စပ် လုပ်ဆောင်သွားပါ။ သင့်ရည်ရွယ်ချက်၊ လုပ်ငန်းအောင်မြင်မှုကို စောင့်ကြည့်... နေသော မနာလိုသူအချို့ ရှိနေသည်ကို သတိပြုပါ။ ကျန်းမာရေးအတွက် "ဝမ်းတစ်လုံးကောင်း... ခေါင်းတစ်လုံး မခဲ"ဆိုသောကြောင့် ဝမ်းချုပ်မခံသင့်ပေ။ ကြေခဲသောအစာကို ရှောင်ပါ။

**ထီးထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၁)အဆုံး၊ (၂)အစ (၈)အဆုံး။
**ယတြာ** - ဥပုသ်နေ့တွင် သံဃာတော်များကို ဆွမ်းလောင်းလှူပြီး ဒါနကုသိုလ်အမှုကို လုပ်ဆောင်...

www.burmeseclassic.com

www.burmeseclassic.com

တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းများကြောင့် သင့်ဘဝ အဆင်ပြေသော အခြေအနေတစ်ခုသို့ ရောက်မည်။ စီးပွားရေးလုပ်ငန်းသစ်များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းသစ် တိုးချဲ့ခြင်းများ ကြုံရတတ်၏။ ဉာဏ်ကောင်းသလောက် အကျိုးဖြစ်ထွန်းနိုင်သည်။ မိတ်ဆွေအပေါင်းအသင်းများ တတ်သည်ကို သတိပြုစေချင်ပါသည်။ သင့်ပတ်ဝန်းကျင်ရှိ နီးကပ်လွန်းသူတစ်ဦးကြောင့် ငွေကြေးပြဿနာဖြေရှင်းရတတ်သည်။ ဇိမ်ခံ ပစ္စည်း၊ ခေတ်မီလှပသော ပစ္စည်းမျိုး လက်ဆောင်ရမည်။ ကျန်းမာရေးအတွက် အနာနှင့် ဆေး တွေ့မည်။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၂)အစ (၇)အဆုံး။
ယတြာ - ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် အဝါရောင်ပန်းများ ကပ်လှူ ပူဇော်ပါ။

ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ဝန်းကျင်သစ်၊ နေရာသစ်၊ အတွေးသစ် စသော အသစ်အသစ်သော အကြောင်းအရာများစွာနှင့် ဆုံရမည့် ကာလတစ်ခုပါ။ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို ဆည်းပူးခွင့်ရပေလိမ့်မည်။ မွေးရပ်မြေကို စွန့်၍ နေရာအသစ်တွင် အခြေချ လုပ်ကိုင်ရန် အကြောင်းထူးများ ဖန်လာမည်။ ဖြစ်သင့်သည်ထက် ဖြစ်ချင်သည်ကို လုပ်ဆောင်နေမိမည်။ "ဟိုကွေ့ရောက် ဟိုတက်နှင့်လှော်၊ ဒီကွေ့ရောက် ဒီတက်နှင့် လှော်"တတ်ရန် လိုသည်။ ကျန်းမာရေးအတွက် ရေခဲမုန့် ရေခဲပါသော အစားအသောက်ကို ရှောင်ပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၃)အဆုံး၊ (၈)အစ (၅)အဆုံး။
ယတြာ - ခင်မင်ရင်းနှီးသော မိတ်ဆွေများကို ကြာဆံချက် ကျွေးမွေး ဒါနပြုပါ။

ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

မွန်းကျပ်သိပ်သည်းမှုများကြောင့် ဘဝ၏ လွတ်လပ်မှု ဟင်းလင်းပြင် ထွက်ပေါက်ကို ရှာဖွေလိုမည်။ ဒေါသသည် မိုက်မဲမှုနှင့် စတင်ပြီး နောင်တရမှုနှင့် ပြီးဆုံး နိဂုံးချုပ်တတ်၏။ အမွေကိစ္စ၊ မြေကိစ္စ၊ ငွေကိစ္စကြောင့် ရင်းနှီးထားသူတို့နှင့် စကားပြောဆိုမှု အခြေအတင်ဖြစ်ရတတ်သည်။ ပြောင်းရွှေ့မှုကို နှစ်သက်လိုလားနေမည်။ အလုပ်ဌာန၊ အိမ်နေရာ၊ ကျောင်း ပြောင်းရွှေ့ကိန်းပေါ်မည်။ မရောက်ဘူးသော ဒေသတစ်ခုသို့ စီးပွားရေးကိစ္စရပ်ကြောင့် ခရီးသွားလာမှု ရုတ်တရက် ကြုံမည်။ သင့်အား အထင်လွဲ မုန်းတီးနေသူတစ်ဦးက လာရောက်တောင်းပန် ကျေအေးမှုမျိုးကို ထူးထူးခြားခြားကြုံရမည်။ ကျန်းမာရေးအတွက် အစာကို သင့်တင့်မျှတရုံသာ စားပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၃)အဆုံး၊ (၈)အစ (၅)အဆုံး။
ယတြာ - ဆန္ဒနှင့် ဘဝတစ်ထပ်တည်းကျစေရန် ဘာသာရေးဆိုင်ရာ အဓိဋ္ဌာန် တစ်ခုပြုလုပ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

မွန်းတည့် နေရောင်အောက်မှာ အောင်ပန်းပွင့်ချိန်ပါ။ အပြိုင်အဆိုင်ကြားမှ ရည်ရွယ်ချက်များ အော မြင်မည်။ ဆန့်ကျင်ဘက် ဖြစ်နေသူတစ်ဦးထံမှ ကူညီမှု၊ ပံ့ပိုးမှု၊ လမ်းညွှန်မှုများကို မမျှော်လ ရရှိတတ်သည်။ ဟောင်းနွမ်းနေသော ကိစ္စရပ်များကို ဖြီးဖွေ့ပြီး သစ်လွင်သော လုပ်ငန်း၊ ရည် ချက်များကို လုပ်ဆောင်လိုမည်။ အကြံသစ်၊ ဉာဏ်သစ်၊ မိတ်ဆွေသစ်ကြောင့် အောင်မြင်မှု ဆက်တိုက်ကြုံမှာ မလွဲနိုင်ပါ။ စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များ အောင်မြင်ရန် အလွန်ကော သော အကြံဉာဏ်များစွာရမည်။ ကျန်းမာရေးအတွက် အကောင်းမြင်၊ အပြုံတွေးသော စိတ် မွေးမြူပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၂)အစ (၇)အဆုံး။
ယတြာ - ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် အဝါရောင်ပန်းများ ကပ်လှူ၍ ပူဇော်ပါ။

## ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

မိတ်ဆွေ၏ ဖန်တီးနိုင်မှု စွမ်းအားကို သူနေရာနှင့်သူ အသုံးချတတ်၍ အောင်မြင်ကိန်း ကြ ချောတိုင်ထိပ်က အလံကို ယူရသကဲ့သို့ သင့်လုပ်ဆောင်မှုများက သိပ်ကို အသည်းယားစရာကော နေမည်။ အပြိုင်အဆိုင်များစွာကြားမှ ခက်ခက်ခဲခဲ ကြိုးစားနေရလိမ့်မည်။ သင့် ငွေ၊ ဝီရိယ အကြံဉာဏ်ကောင်းမွန်မှုကြောင့် အောင်မြင်မှု သရဖူဆောင်းရပေလိမ့်မည်။ စေ့စပ်သေချာစွာ အရာရာကို ဆောင်ရွက်သွားပါ။ သင့်ကံတရားကို သင်ကိုယ်တိုင် ဖန်တီးခွင့်ရမည်။ ကျန်းမာ အတွက် အရက်၊ ဆေးလိပ်တို့ကို ရှောင်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၄)အစ (၁)အဆုံး၊ (၂)အစ (၁)အဆုံး။
ယတြာ - မွေးနေ့မှာ အိမ်ရှိ ဘုရားတွင် သီလခံယူပြီး လက်ဖက်နှင့် ရွက်လှ လှူဒါန်းပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

အောင်မြင်မှု သောင်ကမ်းကို လှမ်းမြင်နေရချိန်။ အောင်မြင်မှု ချီးကျူးလက်ခုပ်သံများကို သင်ကြ ပါလိမ့်မည်။ မည်သည့်လုပ်ငန်းကိစ္စမှာမဆို တစ်ကြိမ်တည်းလုပ်ကိုင်ရုံဖြင့် အောင်မြင်မှု မရတတ် ထပ်ကာထပ်ကာ ကြိုးစားဆောင်ရွက်ရတတ်၏။ တွေ့ကြုံရသော အခက်အခဲကို ကျွေ့ရှောင်သွား က အောင်မြင်မှုပန်းတိုင်နှင့် ဝေးသွားတတ်ပါသည်။ ဆန့်ကျင်ဘက် လိင်များ၏ လမ်းညွှန်မှု၊ ကူညီ များကို ထူးခြားစွာ ရရှိတတ်သည်။ ကျန်းမာရေးအတွက် တရားထိုင်၊ တရားမှတ်ပါ။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၂)အဆုံး၊ (၂)အစ (၇)အဆုံး။
ယတြာ - အောင်သင့် အောင်ထိုက်သော မင်္ဂလာအပေါင်း ခညောင်းစေရန် အောင်သပြေပန်းများ ကာ ကုသိုလ်ယူပါ။

*****



www.burmeseclassic.com